

# ဦးလှသိန်းထွန်း

ဓမ္မာစရိယ၊ B.A (Geography), H.G.P

# ဘာမထိ မဟာအာဇာနည်
# သာကီမျိုးဟေ့ ဒို့ဗမာ

GRAPHIC DESIGN : NAY WINN AUNG 09 787878 154

ဦးလှသိန်းထွန်း
ဓမ္မာစရိယ၊ B.A(Geography), H.G.P

# ဘာမထိ မဟာအာဇာနည်
# သာကီမျိုးဟေ့ ဒို့ဗမာ





ဘာမထိ မဟာအာဇာနည်

# သာကီမျိုးဟော့ ဒို့ဗမာ

ဦးလှသိန်းထွန်း
ဓမ္မာစရိယ၊ B.A (Geography), H.G.P


# သစ်ရိပ် ဝါးရိပ်ထက်
# ဆွေရိပ် မျိုးရိပ်က ပိုအေးမြပါသည်

ဝိဋ္ဋူဘသည် သာကီဝင်တို့အပေါ် ပြင်းပြသော ရန်ငြိုးအာဃာတစိတ်ဖြင့် လူမျိုးတုံးစစ်ပွဲ ဆင်နွှဲရန် စစ်တပ်ကြီးဖြင့် ကပိလဝတ္ထုသို့ ချီတက်လာသည်။ ဆွေတော်မျိုးတော်တို့၏ အသက်အန္တရာယ်ကို ကာကွယ်ရန် ဘုရားရှင်သည် ကြိုတင်ကြွလာတော်မူသည်။ ဝိဋ္ဋူဘသည် ကောသလတိုင်းဘက်တွင် ပေါက်သော အရိပ်ကောင်းလှသည့် ညောင်ပင်ကြီးအောက်တွင် စခန်းချပြီး သာကီဝင်နယ်မြေတွင် ပေါက်နေသည့် အရိပ်ကျဲကျဲဇီးပင်အောက်တွင် သီတင်းသုံး နေတော်မူသော ဘုရားရှင်ကို ဖူးတွေ့ရသဖြင့် ဘုရားရှင်ထံ လာရောက်ပြီး အောက်ပါအတိုင်း လျှောက်ထားသည်။

ဝိဋ္ဋူဘ။ ။ ဘုန်းတော်ကြီးလှသောဗုဒ္ဓရှင်တော်မြတ်ဘုရား ဤဇီးပင်ရိပ်သည် ပူပါသည် ဘုရား၊ ကောသလနယ်မြေဘက်ရှိ ညောင်ပင်ကြီးသည် အရိပ်ကောင်းလှပြီး အေးမြလှပါသည်ဘုရား၊ တပည့်တော်တို့ရဲ့ညောင်ပင်ရိပ်အောက်သို့ ကြွရောက် သီတင်းသုံးတော်မူပါဘုရား၊

ဘုရားရှင်။ ။ ဝိဋ္ဋူဘ ရှိပါစေ။ ဤဇီးပင်ရိပ်သည် ညောင်ပင်ရိပ်လောက် အရိပ် မကောင်းလှသော်လည်း ဤဇီးပင်တည်ရှိရာနေရာသည် ဆွေတော်မျိုးတော်တို့၏ နယ်မြေဖြစ်ပါသည်။ သစ်ရိပ် ဝါးရိပ်ထက် ဆွေရိပ် မျိုးရိပ်က ပိုအေးမြပါသည်။ မိမိလူမျိုးတို့ရှိရာ မိမိနယ်ပယ်မှာပင် အေးချမ်းစွာ သီတင်းသုံးပါမည် ဟု မိန့်တော်မူလိုက်လေသည်။


ကပိလဝတ်
2012


AFGHANISTAN
KABUL
ISLAMABAD
PAKISTAN
JAMMU AND KASHMIR
SRINAGAR
CHINA
HIMACHAL PRADESH
PANJAB
SHIMLA
CHANDIGARH
UTTARANCHAL
DEHRADUN
HARYANA
DELHI
NEPAL
KATHMANDU
UTTAR PRADESH
RAJASTHAN
JAIPUR
BIHAR
PATNA
SHU TAN
ASSAM
MEGHALAYA
BANGLADESH
DHAKA
MADHYA PRADESH
BHOPAL
GANDHI NAGAR
GUJARAT
CHHAT TISGARH
RAIPUR
JHARKHAND
RANCHI
WEST BENGAL
ORISSA
MAHARASHTRA
MUMBAI
HYDERABAD
ANDHRA PRADESH
ARABIAN SEA
PANAJI
KARNATAKA
BANGALORE
CHENNAI
BAY OF BENGAL
TAMILNADU
ဘင်္ဂလားပင်လယ်အော်
အိန္ဒိယသမုဒ္ဒရာ
SRILANKA
COLOMBO
INDIAN OCEAN

# သင်သေသွားသော်

ဩော် ....
လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ၊ နာရ၊ သေရဦးမည်
မုန်ပေသည်တည့်၊
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏၊
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏၊
သင်ဦးချ၍
အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက်၊ ကျန်စေသတည်း။ ။

**ဆရာဇော်ဂျီ**

အိုးဝေ မဂ္ဂဇင်း၊ အတွဲ (၅)
အမှတ် (၁)၊ ဒီဇင်ဘာ၊ ၁၉၃၅

## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ၁၃၈၀ ခုနှစ်၊ နတ်တော်လ (ဒီဇင်ဘာလ၊ ၂၀၁၈။)

**ထုတ်ဝေသူ**

ဦးစောရန်နိုင်ထွန်း၊ မြင်းခြံစာပေ - (၀၀၃၉၈)

အမှတ်(၂၅၆)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်။

**ပုံနှိပ်သူ**

ဒေါ်ယဉ်ယဉ်ကြည်၊ မြင်းခြံပုံနှိပ်တိုက် - (၀၀၄၄၉)

အမှတ်(၂၅၆)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်။

**အုပ်ရေ**

၂၀၀၀

**တန်ဖိုး**

၄၀၀၀ိ / -

........ **ဖြန့်ချိရေး** .......

ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်း

အမှတ်(၉၀)၊ အဆောင်(၄)၊ ပထမထပ်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၃၈၂၉၃၅၊ ၀၉ - ၇၈၅၃၈၂၉၃၅၊

၀၉ - ၅၀၇၉၆၇၄

၀၉ - ၅၀၁၅၄၄၆၊ ၀၉ - ၅၁၃၆၃၈၅။

# ဓမ္မဒါန အလှူရှင်

ဤ "ဘာမထိ မဟာအာဇာနည်၊ သာကီမျိုးဟော့ ဒို့ဗမာ" စာအုပ် ဖြစ်မြောက်ရေးအတွက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးအောင်ကြည်၊ ဒေါ်ခင်စန်း သားသမီးများနှင့် မြေးများဖြစ်သော မအိန္ဒြာမြတ်နိုးကို၊ မခင်မြတ်မြတ်စံ၊ မောင်မင်းစစ်ပိုင် ဓနမြေကုမ္ပဏီ မိသားစုမှ ငွေကျပ် ( ၃၅ )သိန်း (ကျပ် သုံးဆယ့်ငါးသိန်း) မှတည်၍ အမျိုး၊ ဘာသာ၊ သာသနာ အတွက် ဓမ္မဒါနအဖြစ် လှူဒါန်းခဲ့ကြပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် မျိုးချစ်ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြအပ်ပါသည်။

ဤစာအုပ်မှ ရရှိသော အလှူငွေများဖြင့် အမျိုးဘာသာ၊ သာသနာ ရေရှည်တည်တံ့စေရန်၊ အခြားစာအုပ်များကိုလည်း ဆက်လက်ရိုက်နှိပ် ထုတ် ဝေသွားမည် ဖြစ်ပါသည်။

ကျမ်းပြုပုဂ္ဂိုလ်
ဦးလှသိန်းထွန်း
ဓမ္မာစရိယ BA (Geography) HGP
၁၃၈၀–ခုနှစ်၊ တော်သလင်းလပြည့်နေ့
(၉.၉. ၂၀၁၈)

# သကျနိုင်ငံတော်ကပိလဝတ္ထုတူးဖော်တွေ့ရှိချက်များ



# TILAURAKOT


## ***Evaluating and interpreting the urban morphology of Tilaurakot***

**Map the archaeological and natural features of the site and conduct geophysical survey of different areas of the site in order to define the location and nature of subsurface archaeological material**





0
500
Metres



Legend
Exterior Road
Site Fence
Ramparts
Protection Markers
2018_Trench

(iii)








Re-excavating Debala Mitra
BRICK-FORTIFICATION
MUD-RAMPART
PRE-FORTIFICATION
CUTTING LINE
NATURAL SOIL
Durham
University





(vi)










# Kushan Empire
## (30-230 CE)



**Kanishka c. 127-163 CE**





(ix)

















**Discovery of a hoard of silver punch-marked coins at the monastery - January 17th 2015**






Durham University



## Tilaurakot
## Geoarchaeology and the urban history record



SMT stratigraphy with OSL dating locations

**Geoarchaeology starts with stratigraphy**

**Key objectives**

- Dating sediments – and site chronologies
- Soils and site formation processes
  - Pre-urban environments
  - Contrasting Sacred v. Secular platforms
  - Water management infrastructures, creation and abandonment

## Tilaurakot: Dating Sediments
### 21 Samples Dated : 15 in progress

| | | |
|---|---|---|
| Urban Beginnings | Palisade post-holes<br>SMT post-holes | **720 - 560 BC**<br>**760 - 430 BC** |
| Active urban development | SMT Structure Platforms<br>Rampart Construction<br>Central Pond<br>Monastery Walls | **320 BC – AD 400**<br>**410 BC**<br>**230 - 130 BC**<br>**470 – 350 BC (early)**<br>**AD 10– 70 (late)** |
| | External site monuments (Kudan) | **Estimate AD 3rd C – 7th** |
| Urban Abandonment and Continuity indicators | Central Pond (siltation)<br>Monastery walls (abandonment)<br>SMT platform (continuity) | **AD 180**<br>**AD 680**<br><br>**AD 950** |

## TLK Coins



Figure 13.1. Image of each of the coins from the UNESCO excavations at Tilaurakot (1999 and 2013-2015).

## Sealings and Inscriptions



Reads 'negamaye' and speaks about a trade station, nigama, to which it belongs (Harry Falk).



Reads 'of Bhogomitra'. The sealing looks to be Satavahana with pre-Kushan script. The sealing can be stylistically dated to the 1st century BCE (Harry Falk).



Reads 'pa-ka-śa'. Based on its stratigraphic position it looks to be Asokan Brahmi (Harry Falk).





# TRAINING

## *Tilaurakot Field Laboratory*

**Offer training focused on archaeological investigation during field operations for Masters level students and teachers from Nepal's Tribhuvan University and postgraduate students from Lumbini Buddhist University as well as archaeological staff of both the Department of Archaeology and the Lumbini Development Trust**

**(in the field and during evening seminars)**

United Nations Educational, Scientific and Cultural Organization · UNESCO Chair on Archaeological Ethics and Practice in Cultural Heritage, Durham University, United Kingdom · Durham University






**ISC 2015**



## ကပ္ပိလဝတ္ထုတွင် တွေ့ရှိရသော ပြူပုတီးစေ့များ




EYE BEADS(PUY BEADS)



CARNELIAN BEADS (PYU BEADS)

## ကပိလဝတ္ထုတွင် တွေ့ရှိရသော ပြုပုတီးစေ့များ



## မြန်မာနှင့်တူသော နေပါရီလူမျိုးများ၏ ဓာတ်ပုံများ










1986.


Candy
Selfie






















CreativeD



# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ငွေအား, လူအား, ပညာအား, စေတနာမေတ္တာအားဖြင့် အားပေးကူညီခဲ့ကြသည့် အောက်ပါပုဂ္ဂိုလ်များအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရပါသည်။

ရှေးဦးစွာ ငယ်စဉ်တောင်ကျေး ကလေးဘဝကမွေးကျွေးပြုစု မွေးမြူခဲ့ကြသည့် မိခင်ဘခင်ကျေးဇူးရှင်နှင့်ညီအစ်ကို မောင်နှမ ဆွေမျိုးဉာတကာတို့အားငှင်း၊ ပညာသင်ချိန်တွင် လောကီအတတ်ပညာ, လောကုတ္တရာအတတ်ပညာများကို စေတနာ ကရုဏာ မေတ္တာအပြည့်အဝဖြင့် သင်ကြားပို့ချပေးခဲ့ကြသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာပညာရှင် ဆရာသခင် ကျေးဇူးရှင်အပေါင်းတို့အားငှင်း၊ အကူအညီများစွာပေးခဲ့သည့် ဦးအောင်ကြည်၊ ဒေါ်ခင်စန်း (ဓနမြေကုမ္ပဏီ) မိသားစုများအားငှင်း၊ မြင်းခြံပုံနှိပ်တိုက် ဦးထွန်းအောင်ကျော် ဇနီး ဒေါ်ယဉ်ယဉ်ကြည်၊ သမီးမသန့်သန့်ထွန်း မိသားစုများအားငှင်း၊ ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များအားငှင်း၊

ရှေးဟောင်းသုတေသနပညာ, သမိုင်းပညာ, ယဉ်ကျေးမှုပညာရပ်များနှင့်ပတ်သက်၍ အကူအညီပေးခဲ့ကြသည့် ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ တမ္ပဝတီဦးဝင်းမောင်, ဆရာဦးချစ်စံဝင်း, ဆရာဦးဘုန်း တင့်ကျော်၊ Graphic Designer ဆရာဦးမျိုးဆွေသန်း (ခေါ်) ဆရာကျောင်း , ဆရာဦးအောင်ကျော်ဆန်း (ဘက်စုံပညာထူးချွန်ဆုများနှင့် စာပေဆုများရှင်) စသောပညာရှင်ကြီးများအားငှင်း၊ မျက်နှာဖုံးဒီဇိုင်းကို စိတ်ရှည်ပြည့်စုံစွာ ဆွဲပေးခဲ့သည့် ဒီဇိုင်းပညာရှင် ဦးနေဝင်းအောင် အားငှင်း ၊ International Mahabodhi Pali Institute, Ven. Dr.Sandalankara Vikkhuk Alias, Dr.U Sandamuni, (Director and Chief Monk) Sujata By-Pass Road

(Opp.Block) P.O. Bodh Gaya-824231, Dist. Gaya, Bihar State, India, Tel; 0091-631-2201208, Mobile No;0091-9934669185, E-mail; usandamuni@yahoo.com, Amazing Land Travel & Tours co.ltd ဒေါ်နန္ဒာဝင်း (မန်နေဂျင်းဒါရိုက်တာ) အမှတ် (၁၇A) အခန်း (၂A) ဒုထပ်၊ အနောက် ရွှေဂုံတိုင်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၃၀၄၂၂၅။ ၀၉၅၅၀၀၁၃၁ စသော ပုဂ္ဂိုလ်များနှင့် ပညာရှင် အသီးသီးတို့အား ၄င်း အထူးကျေးဇူးတင်ပါသည်။

အထူးသဖြင့် စာအုပ်များကို ရေးသားပြုစုရာတွင် အထောက် အကူပြုခဲ့၊ အကူအညီပေးခဲ့၊ အားပေးထောက်ခံကာ နားလည်မှု အပြည့်အဝပေးခဲ့ကြသည့်

–ဇနီးသည် ဒေါ်မမလေး၊

–သမီးကြီး ဒေါ်သန္တာပပဝင်း၊ ဦးလင်းခိုင်၊ မရွှန်းလပြည့်လင်း၊ မောင်ဟိန်းအာကာလင်း၊

–သမီးလတ် ဒေါ်မြတ်ကလျာပပဝင်း၊

–သမီးငယ် ဒေါ်ဟေမာန်ပပဝင်း၊ ဦးမင်းသိန်းဦး၊ မောင်မင်းမြတ်ကောင်းကင်၊

–တစ်ဦးတည်းသောသား ဦးစည်သူမင်းမင်းထွန်း၊

–သမီးငယ် ဒေါ်ရတနာပပဝင်း၊ ဒေါက်တာမျိုးဟိန်း၊ မောင်ခန့်ကိုကိုဟိန်း၊

–သမီးထွေး ဒေါ်ဝင့်ဝါပပဝင်း နှင့်

လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရောင်းရင်းအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရပါသည်။ စာရေးသူ၏ ဘာသာရေး စာအုပ်စာပေများကို အားပေးဖတ်ရှုကြသော ဓမ္မမိတ်ဆွေများကိုလည်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါသည်။ အမျိုးဘာသာ၊ သာသနာတော်မြတ်ကြီးအတွက် ဆက်လက်, လက်တွဲမပျက် အားပေးကြပါဦး။

အထူးသဖြင့် ဗုဒ္ဓနှင့်ပတ်သက်၍ "ဗုဒ္ဓ နှင့် မြန်မာလူမျိုး" စာအုပ်

နှင့် "သာကီမျိုးဟော့ ဒို့ဗမာ" စာအုပ်တို့သည် အကြောင်းအရာချင်း ဆက်စပ်နေပါသည်။ ဤစာအုပ်တွင် အချက်အလက်အသစ်တို့ကို ရှာဖွေတင်ပြခဲ့သော်လည်း အချက်အလက်ဟောင်းတို့မှာ ပထမစာအုပ်တွင် ပိုပြည့်စုံပါသည်။ စာအုပ်နှစ်အုပ်ကို ဆက်စပ်ဖတ်ရှုပါလျှင် ပိုပြည့်စုံနိုင်သဖြင့် (၂)အုပ်တွဲ၍ ဖတ်ရှုသုံးသပ်ကြပါရန်လည်း တိုက်တွန်းအပ်ပါသည်။ ဗုဒ္ဓအကြောင်းကို တလေးတစား ဖတ်ရှုကြည်ညိုကြသဖြင့် အားလုံးကို အထူးကျေးဇူး ကြည်နူးသာဓုခေါ် ဂုဏ်ပြုရ ပါသည်။

အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

**ဦးလှသိန်းထွန်း**
**မေ့ွာစရိယ၊** B.A (Geography) H.G.P

# သုတေသီများနှင့် မိတ်ဆက်ခြင်း

စာရေးသူသည် ဤစာအုပ်ကို ရေးသားရာ၌ အထူးသတိထား၍ ပြုစုခဲ့ရပါသည်။ ပညာရှင်မျိုးစုံနှင့် တွေ့ဆုံဆွေးနွေးသုံးသပ်ပြီးမှ ရေးသားခဲ့ပါသည်။ ပညာရှင်များသာကမ ကိုးကွယ်မှုဘာသာဝင်များ၊ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် အမှားအယွင်းမပါရှိစေရန် ပညာရှင်များနှင့် အကြိမ်ကြိမ်သုံးသပ်ရပါသည်။(တက္ကသိုလ်ဘုန်းနိုင်၏သား) ပြုစုရေးရာ ကျွမ်းကျင်သော ဆရာဦးဘုန်းတင့်ကျော် နှင့် (ပြုသုတေသနအဖွဲ့) နှင့် ပုဂံယဉ်ကျေးမှုရေးရာကို ကမ္ဘာထိ ထိုးဖောက်အောင်မြင်မှုရရှိစေရန် အားကုန်ထုတ် ကြိုးပမ်းနေသော ဆရာကျော်င်း (ဒီဖိုင်း မျိုးဆွေသန်း) နှင့် (ပညာရှင်အဖွဲ့) တို့ကို အားပြုလေ့လာအကူအညီရယူခဲ့ရပါသည်။ ဆရာတို့၏ ကွင်းဆင်းတွေ့ရှိမှုတို့ကို ကောက်ချက်ချကြည့်လျှင် စိတ်ချရသော အဖြေတစ်ရပ်ကို တွေ့ရပါသည်။

ဤလောကတွင် ကမ္ဘာသူ ကမ္ဘာသားတို့ ကိုးကွယ်နေသော ဘာသာဝါဒကြီးအားလုံးကို လေ့လာလျှင် ဗုဒ္ဓဘာသာသည်သာ လူသားမျိုးနွယ်မှ ဖြစ်ပွားပွင့်ထွန်းလာသော ဘာသာဝါဒကြီးဖြစ်ပါသည်။ လူသားဘုရားဖြစ်၍ လူသားမျိုးနွယ်၊ နိုင်ငံ၊ လူမျိုး၊ သမိုင်း၊ လူမှုရေး၊ လူနေဘဝစသည်တို့ကို အစုံအလင် လေ့လာတွေ့ရှိနိုင်ပါသည်။

ဗုဒ္ဓရှင်တော်ဂေါတမသည် သကျလူမျိုးများထဲမှ သာကီဝင်တစ်ဦး ဖြစ်ပါသည်။ ဗုဒ္ဓကို လေ့လာလျှင် ဇာတိ၊ ပဝတ္တိ နှစ်ပိုင်းခွဲ၍ လေ့လာရပါသည်။ မွေးဇာတိအရသက်တော် ၂၉ နှစ်ထိ ကပိလဝတ္ထုတွင် နေထိုင်ခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ ဘဝရှေ့ပိုင်းကို လေ့လာတော့မည်ဆိုလျှင် ကပိလဝတ္ထုသည် သမိုင်းခြေရာကျန်ရစ်သည့်နေရာဖြစ်ပါသည်။ ကပိလဝတ္ထု၏ ရှေးဟောင်း

သမိုင်းသည် ဗုဒ္ဓ၏ ဘဝမှန်ကို ဖော်ပြသည့်နေရာမြတ်တစ်နေရာဖြစ်ပါသည်။ ပဝတ္တိရေးရာအဖြစ် ဗုဒ္ဓသည် ၂၉ နှစ်မှ သက်တော် ၈၀ထိ အိန္ဒိယနိုင်ငံတွင် သာသနာဖြန့်ခဲ့ပါသည်။ ဗုဒ္ဓဖြစ်ပြီးချိန် ပဝတ္တိအကြောင်းအရာအားလုံးသည် အိန္ဒိယ မဇ္ဈိမဒေသတွင် တည်ရှိနေပါသည်။ ဤစာအုပ်တွင် ဗုဒ္ဓ၏ ဇာတိ+ပဝတ္တိ နှစ်ခုစလုံးကို လေ့လာတင်ပြထားပါသည်။ ဗုဒ္ဓသမိုင်းအရ ကပိလဝတ္ထုနှင့် အိန္ဒိယသည် နေရာမြတ်များ ဖြစ်ပါသည်။

သာကီဝင်တို့၏ သမိုင်းကို ပိဋကစာပေ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ မဟာဝင်ဗုဒ္ဓဝင်စာပေတို့တွင် အပြည့်အစုံ ပါရှိပါသည်။ မြန်မာ့သမိုင်း ရာဇဝင် ဗုဒ္ဓဝင် ဘုရားသမိုင်း၊ ဂဏ္ဍိ၊ ပျို့၊ လင်္ကာ၊ ကဗျာ၊ အဲ-အန်-ရတု အနုသုခုမ စာပေ၊ ဇာတ်သဘင်၊ မြန်မာ့အမျိုးသားယဉ်ကျေးမှု တစ်ရပ်လုံးတွင် ပါရှိနေပါသည်။ ထိုစာပေတို့အပြင် ယခုအခါ ပရိုင်းမိတ်မှစ၍ ရှေးဟောင်းမြို့ပြ သုတေသနပြုမှုတို့ကို စနစ်တကျ လေ့လာဖော်ထုတ်နိုင်သဖြင့် ပြူ ဗြဟ္မာ သက္က မြန်မာတို့သည် လူမျိုးတစ်မျိုးတည်း ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဆရာကျောင်း၊ ဆရာဘုန်းတင့်ကျော် စသည့် ပညာရှင်တို့ကြောင့် ကပိလဝတ္ထုမြို့ပြမြေပုံကို သိရှိလာရပါသည်။ ဆရာတို့တွေ့ရှိချက်ကို ခြုံငုံသုံးသပ်ကြည့်လျှင်-

၁။ ကပိလဝတ္ထုမြေအောက်တူးဖော်ကြည့်ရာ သိဒ္ဓတ္ထ၏ နန်းတော်ရာ။

၂။ ဝိဋ္ဋူဘသတ်ခဲ့သည့် သာကီဝင်မင်းသား (၁၈) ဦး၏ အရိုးစု အရိုးအိုးတို့တွင် အရိုးများ ဗြဟ္မီအက္ခရာစာတမ်းများတွေ့ရသည်။ ဗြဟ္မီအက္ခရာမှာ ပြူခေတ်သုံး အက္ခရာ ဖြစ်သည်။

၃။ ပုတီးစေ့များကို တွေ့ရသည်။ ပြူ ပုတီးစေ့များဖြစ်ကြောင်း ခိုင်လုံသဖြင့် ကပိလဝတ္ထု သာကီဝင်တို့သည် ပြူလူမျိုးဖြစ်ကြောင်း ခိုင်လုံသွားလေတော့သည်။

ဦးလှသိန်းထွန်း

## ဆရာကြီးဦးဘုန်းတင့်ကျော် သမိုင်းပညာရှင် သဘောထားအမြင်

မြန်မာလူမျိုးသမိုင်း မြန်မာနိုင်ငံသမိုင်းနှင့် ပတ်သက်၍ သုတေသနများ အဆက်မပြတ်လုပ်၍ ဖော်ထုတ်ရန်များစွာ လိုအပ်လျက် ရှိပါသည်။ ရှေးဆရာတို့ ရေးသားခဲ့သော နိုင်ငံလူမျိုး သမိုင်းစာတမ်းများနှင့် ပတ်သက်၍ အထောက်အထားခိုင် မခိုင်၊ မှားမှန်ရှိ မရှိ၊ စသည်တို့ကို သုတေသနအသစ်ပြုလုပ်မှ တွေ့နိုင်ပေမည်။ သမိုင်းကွင်းဆက်မှန်ကန်စွာ ဆက်နိုင်ရန် လိုပါသည်။

ပညာရှင်ဟူသော ပုဂ္ဂိုလ်တစ်ယောက်ကို အယုံလွန် အကြည်ညိုလွန် အထင်ကြီးလွန်၍ သုတေသနအသစ် မလုပ် မစစ်ဆေးခဲ့သော် မှားယွင်းနေပါက လွန်စွာ အကျိုးမဲ့ဖြစ်တတ်ပါသည်။ ဘက်လိုက်မှု ကင်းသောလူ, အမှားကင်းသောလူသည်ကား ရှာ မှ ရှားလှပါသည်။

ဤကမ္ဘာတွင် ပညာရပ်အသီးသီး ဖွံ့ဖြိုးတိုးတက်နေသည်မှာ သုတေသနအသစ် အဆက်မပြတ်ပြုလုပ်ခဲ့သဖြင့် ပြုပြင်နိုင်၊ အယူအဆမှန်တို့ကို ထုတ်ဖော်နိုင်ခြင်းကြောင့် ဖြစ်လေသည်။ သူများပြောတိုင်း မျက်စိမှိတ် မယုံဘဲ လေ့လာစစ်ဆေးနိုင်လေလေ အမှန်တရားပေါ်ထွက်လေလေဖြစ်ပါသည်။ သမိုင်းပညာသည်ကား ပြည်တွင်း ပြည်ပခေတ်ပြိုင် အထောက်အထား ပြည့်စုံမှန်ကန် ကွင်းဆက်မိမှသာ အမှန်သမိုင်း သမိုင်းအမှန်ဟု လက်ခံမှုပြုကြပါသည်။ အထောက်အထားမရှိပါက သမိုင်းမရှိပါ။ No evidence No History. အထောက်အထားမပြနိုင်သော ရာဇဝင်စာ (Cronicle) သက်သက်က ပြောသော အချက်အလက်အခြင်းအရာတို့ကို သမိုင်းအမှန် အမှန်သမိုင်းဟု လက်မခံကြပါ။

ဤစာအုပ်တွင် ဆရာဦးလှသိန်းထွန်းသည် မြန်မာနိုင်ငံ သမိုင်းဖြစ်စဉ်

များကို ရှေးဟောင်း သုတေသနတွေ့ရှိချက်များ၊ လက်တွေ့ကွင်းဆင်း တူးဖော်တွေ့ရှိချက်များ၊ ရှေးဟောင်း ဗမာကျောက်စာများတွင် ဖော်ပြထားသော တကောင်းခေတ်တို့၏ ရှေ့တွင် ပြူခေတ်ကြီး၊ (၆) ခေတ် ထွန်းကားခဲ့ကြောင်း ဖော်ပြမှုအရ တကောင်း အဘိရာဇာ၊ ဓဇရာဇာတို့ထက်ပိုစောကြောင်း ပြူခေတ် (၆)ခေတ် နှင့် တကောင်းခေတ် (၃)ခေတ်တို့၏ ခေတ်ပြိုင် သမိုင်းဝင် အထောက် အထားများကို ရေးသားဖော်ပြထားပါသည်။

ပြည်ပအထောက်အထားအဖြစ်၊ ရှေးတရုတ် နန်းတော်မှတ်တမ်းတို့တွင် ဘီစီ (၂) ရာစုမှ အေဒီ (၁၅) ရာစုအထိ ကာလတစ်လျှောက် လူမျိုးတစ်မျိုးတည်း နိုင်ငံတစ်နိုင်ငံတည်းကို ဗြဟ္မာဟုလည်းကောင်း ပြူဟုလည်းကောင်း မဲန်မာဟုလည်းကောင်း၊ အမည်သုံးမျိုးဖြင့် ဖော်ပြမှတ်တမ်းတင်ထားခြင်းကြောင့် ဤစာအုပ်တွင် ဖော်ပြထားချက်သည့် မှန်ကန်ကြောင်းကို၊ ခေတ်ပြိုင် အထောက်အထားများနှင့် လေ့လာကြည့်ရှုသူတို့အဖို့ ငြင်းပယ်စရာမရှိ၊ လက်မခံနိုင်စရာမရှိဟု ယူဆရပါသည်။

တရုတ်တို့မှတ်တမ်းတင်ခဲ့သော ဗြဟ္မာ–ပြူ–မြန်မာဟူသော လူမျိုးနှင့် နိုင်ငံကို မဇ္ဈိမ အိန္ဒိယတိုက်သားတို့ကလည်း၊ သရေခေတ္တရာခေတ်မှ ယနေ့ ခေတ်အထိတိုင် ဗြဟ္မာလူမျိုး ဗြဟ္မာနိုင်ငံ ဗြဟ္မာဒေသ ဗြဟ္မာဝတ္ထုဟု သိရှိ ခေါ်ဝေါ်နေခြင်းကြောင့်၊ ဗမာသည် မြန်မာ, ဗြဟ္မာ, ပြူ, လူတစ်မျိုးတည်း နိုင်ငံ တစ်နိုင်ငံတည်း ဖြစ်ကြောင်း သိမှတ်ရပါမည်။

ကျွန်တော်သည် ၂၀၀၃ နှစ် အောက်တိုဘာလ ၃ ရက်နေ့ တက္ကသိုလ်များသမိုင်း သုတေသန ဦးစီးဌာန မြန်မာသမိုင်းပြုစုရေးအဖွဲ့၊ ယခင် (မြန်မာသမိုင်း ကော်မရှင်အဖွဲ့) ရန်ကုန်တက္ကသိုလ် အမရဆောင်စာတမ်းဖတ်ပွဲ ခန်းမတွင် **"ကျမ်းကိုးများ ရှေးမြန်မာကျောက်စာများနှင့် ကွဲလွဲမှားယွင်းနေသော ဂျီအိပ်ချ်လုစ်၏ မြန်မာ့သမိုင်း အယူအဆ စာတမ်း"**ကို ဖတ်ခဲ့ပါသည်။ သမိုင်းပညာရှင်ကြီး ဆရာကြီးဒေါက်တာသန်းထွန်းနှင့် ဆရာဆရာမ ပညာ ရှင်များ ရှေ့မှောက်တွင် ဖြစ်ပါသည်။ ဒေါက်တာသန်းထွန်းက သဘာပတိ အဖြစ် ဆောင်ရွက်ပါသည်။

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက် တက္ကသိုလ်များ သမိုင်း သုတေသန ဦးစီးဌာန စာတမ်းဖတ်ခန်းမ အမရဆောင်တွင် ဆရာကြီး ဒေါက်တာသန်းထွန်း သဘာပတိအဖြစ် ဆောင်ရွက်ပြီး နောက်တစ်ကြိမ် စာတမ်း၌ **"မြန်မာဟူသော ပြူရာဇဝင်ဆိုင်ရာစကားကို ရှေးပြူဗမာ ကျောက်စာများနှင့် နှိုင်းယှဉ်"** လေ့လာကြည့်ခြင်းကို တင်သွင်းခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀ ကျော် ကာလထဲက မြန်မာနိုင်ငံတွင် မြန်မာလူမျိုးဖြစ်သော ဗြဟ္မာ ပြူ မြန်မာအမည်ကွဲရှိခဲ့သော မြန်မာလူမျိုးတို့ နေထိုင်ခဲ့ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြခဲ့ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက ထိုအယူအဆကို ကောင်းစွာလက်ခံခဲ့ပြီး စာတမ်းဖတ်ပြီးနောက် ...

"စာတမ်းရှင်ဦးကျော်ဇင် (ကလောင်အမည် ဘုန်းတင့်ကျော်)ရဲ့ ကြိုးစား အားထုတ်မှုကြောင့် **"ကျွန်တော်တို့ ပျောက်ဆုံးနေတဲ့ ပြူလူမျိုးကို ပြန်ရှာတွေ့ပါပြီ"**ဟု သဘာပတိ နိဂုံးစကားပြောကြားပြီး၊ ပြူသည် မြန်မာလူမျိုးဖြစ်ကြောင်း လက်ခံထောက်ခံခဲ့ပါသည်။

## သာကီဝင် ပုတီးစေ့များ နှင့် ပြူပုတီးစေ့များ

ကိုလိုနီခေတ်မှ စ၍ ပြူဟူသော အမည်ကို သရေခေတ္တရာသား တို့ အတွက် ယာယီအမည်အဖြစ် ဗလက်ဒင်(ပါမောက္ခ၊ ဘာသာစကား၊ လန်ဒန်တက္ကသိုလ်) က သုံးစွဲခေါ်ဆိုရာမှ ယနေ့ခေတ်တွင် ပြူဟူသောအမည်ဖြင့် ခေါ်ဆိုနေကြသော သရေခေတ္တရာ သားတို့မှာ၊ ပြူခေါ်ဗြဟ္မာဗမာ မြန်မာများ ဖြစ်ကြကြောင်း ခေတ်ပြိုင်အထောက်အထားများအရ တွေ့မြင်ရပါသည်။

သရေခေတ္တရာ နိုင်ငံနှင့်လူမျိုးကို ရှေးအိန္ဒိယသားနှင့် ရှေးဘင်္ဂလားသားတို့က ဗြဟ္မာဒေ့ရှ်(ဗြဟ္မာနိုင်ငံ)ဗြဟ္မာလူမျိုးဟု သိရှိခေါ်ဆိုခဲ့ကြကြောင်း ဆရာကြီးတော်စိန်ခို(ဌာနမှူး၊ ရှေးဟောင်းသုတေသနဌာန၊ ကိုလိုနီခေတ်မြန်မာနိုင်ငံ)နှင့် ဆရာကြီး ဒဗလျူအက်စ်ဒေဆိုင်း(ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)(၁၉၄၆–၄၇ ခုနှစ်)တို့က ဖော်ထုတ်တင်ပြခဲ့ကြသည်။

ခေတ်ပြိုင် ရှေး တရုတ်တို့က သရေခေတ္တရာနိုင်ငံနှင့် လူမျိုး၊ ပုဂံနိုင်ငံနှင့်

လူမျိုးတို့ကို ပြူခေါ် ဗြဟ္မာ၊ ပြူခေါ်မြန်မာများ ဖြစ်ကြကြောင်း သိရှိ ခေါ်ဆို မှတ်တမ်းတင်ခဲ့ကြသည်။

သရေခေတ္တရာ ခင်ဘကုန်းခေါ် စေတီကုန်း ဌာပနာတိုက်အတွင်းမှ ၁၉၂၆-၂၇ ခုနှစ်တွင် တွေ့ရှိခဲ့သော ငွေဖောဓိကြုတ်ကြီး၏ အခြေနားပတ်ပယည် ရေးသားထားသော ရှေးစာ၌ ''ပုဗရမိ(ပြူဗြဟ္မာ)''ဟု ရေးထိုး ဖော်ပြပါရှိသည်။ သရေခေတ္တရာ ဘုရားထောင်၊ ဘုရင့်ကျောက်အရိုးအိုးစာတွင် ''ဗြဟ္မာ တော်ဗံး(ဗြဟ္မာမင်း)''ဟု ရေးထိုးဖော်ပြသည်။

ဗြဟ္မာ ဗမာ လူမျိုး အမည်နှင့် နတ် ဗြဟ္မာအမည်တို့ကို ခေါ်ဆိုသော ''ဗြဟ္မာ''ဟူသော ဝေါဟာရကို ပုဂံခေတ် ''သက်စိုးတောင်'' ကျောက်စာနှင့် အချို့သော ကျောက်စာများတွင် ''မြုဟ္မာ''ဟုလည်းကောင်း၊ ပုဂံခေတ် အမတ်ကြီး ဣန္ဒပစ္စယ ကျောက်စာနှင့် ပုဂံခေတ် မြတ်ကြီးစွာ သိမ်ကျောင်း ကျောက်စာတို့တွင် ''မြုံမှာ''ဟုလည်းကောင်း၊ ပုဂံလေးမျက်နှာဘုရား ကျောက်စာ ရုံအမှတ်၃- ကျောက်စာတွင် ''ဗရမ်''ဟုလည်းကောင်း၊ ရာဇသင်္ကြန် မျောက်သား ကျောက်စာတွင် ''ပြုမ်မှာ''ဟု လည်းကောင်း၊ မင်းမတ်ကြီး သုံးယောက်နှမကျောက်စာနှင့် မြတ်ကြီး ပိကုန်ထေကျောက်စာတို့တွင် ''ပြုမှာ'' ဟုလည်းကောင်း ရေးထိုး ဖော်ပြခဲ့ကြပါသည်။ ''ပြုမ်မှာ''(အသံထွက်- ပရုမ်မှာ)၏ အတိုကောက်သည် ''ပရုမ်''ဖြစ်ပြီး၊ သရေခေတ္တရာကို ''ပရုမ်''ဟု ခေါ်ကြသည်။ ''ပြုမှာ''၏ အတိုကောက်သည် ''ပြု''ဖြစ်သည်။ ပြု လူမျိုး, ပြူ လူမျိုး, ပျူ လူမျိုးဟူသည်မှာ ပြုမှာ-ပြုမ်မှာ-မြုံမ်မှာ-မြုဟ္မာ- ဗြဟ္မာလူမျိုးဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ပုဂံခေတ် သုဇာတာ ဃနာန္ဒဆွမ်းကပ် ဗမာကျောက်စာတွင် ပုဂံမင်းကြီး ကို ''ပုတသိန်းမင်း (ပြူတသိန်းမင်း)''ဟု ရေးထိုးခဲ့သည်။ ပုဂံဗမာမင်းကြီးသည် ပြူမင်းကြီး၊ ပြူလူမျိုး ဖြစ်ကြောင်း ပုဂံခေတ်ရေထိုး ဖော်ပြစာ ဖြစ်သည်။

ပုဂံခေတ် နရပတိစည်သူမင်းလက်ထက်ရေး ပါဠိသဒ္ဒါကျမ်းကြီးတွင် ပုဂံနိုင်ငံကို ''မရမ္မ''ဟု ရေးသား ဖော်ပြခဲ့သည်။ ပုဂံခေတ် ဗမာကျောက်စာ အချို့တွင် ဗြဟ္မာလူမျိုးနှင့်နိုင်ငံကို ''မြန်မာ''ဟု ရေးထိုးခဲ့ကြသည်။

အထက်ပါ ပြည်တွင်းနှင့်ပြည်ပ ခေတ်ပြိုင်အထောက်အထားများအရ

သရေခေတ္တရာသားများနှင့် ပုဂံသားများသည် ပြဟ္မာ ဗမာ ခေါ် မရမ္မ–မြန်မာခေါ် ပြူ–ပျူ ခေါ် လူမျိုးဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်လျက် ရှိပါသည်။

တကောင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း ပုဂံမြို့ဟောင်း ယဉ်ကျေးမှုများသည် ပြဟ္မာခေါ်–ပြူခေါ်–မြန်မာ့ယဉ်ကျေးမှု (Civilization)များ ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်တွေ့ ရှေးဟောင်း ပစ္စည်း အထောက်အထားများအရ ပေါ်ပေါက်လျက် ရှိပါသည်။

ယင်းမြို့ဟောင်းများ၏ မြေပေါ်မြေအောက်တွေ့ ရှေးဟောင်း ပစ္စည်းများထဲတွင် ပုတီးစေ့များ အများအပြား ပါရှိသည်။ တကောင်းနှင့် သရေခေတ္တရာမြို့ဟောင်းများတွေ့ ပုတီးစေ့များကို ပြူပုတီးစေ့ဟု ခေါ်တွင် နေကြပါသည်။ ယင်း ပြူပုတီးစေ့များမှာ ပြဟ္မာ–ဗမာ ပုတီးစေ့များသာ ဖြစ်ကြပါ သည်။

မြန်မာနိုင်ငံတကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ပြဟ္မာခေါ်ပြူမြို့ဟောင်းကြီးများတွင် တွေ့ရှိသော ပြဟ္မာခေါ် ပြူ ပုတီးစေ့ ဒီဇိုင်းပုံစံအချို့နှင့် ကပ္ပိလဝတ် သာကီဝင်မြို့ဟောင်းကြီးတွေ့ သာကီဝင် ပုတီးစေ့ ဒီဇိုင်းပုံစံများ ထပ်တူ ဆင်တူကြောင်း လေ့လာ တွေ့မြင်ရပါသည်။ ဤကဲ့သို့ ကပ္ပိလဝတ်တွေ့ စောင်းလျားသီးပုံ ပုတီးစေ့များ၊ ပုံတိုပုတီးစေ့များ၊ ပုံရှည်ပုတီး စေ့များ၊ မွှန်ရှည်ပုံ ပုတီးစေ့များ၊ မွှန်တိုပုံ ပုတီးစေ့များ၊ သလင်းကျောက် ပုတီးစေ့များသည်၊ တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်း ကြီးများတွေ့ ပြဟ္မာခေါ် ပြူပုတီးစေ့များနှင့် ဒီဇိုင်းပုံစံ ထပ်တူ ဆင်တူ တွေ့မြင် ရခြင်းတို့ကလည်း ကပ္ပိလဝတ် သာကီဝင်များနှင့် တကောင်း သရေခေတ္တရာ ပြဟ္မာခေါ် ပြူများအကြားတွင် လူမျိုးချင်း ဆက်နွယ်မှု ယဉ်ကျေးမှု ဆင်တူမှု တို့ကို သက်သေပြလျက် ရှိပါသည်။

သမိုင်းသုတေသနစာတမ်းများ ပြုစုဖတ်ကြားနိုင်ရန် ကျေးမွေးစောင့် ရှောက်ပြုစုပျိုးထောင်ပေးခဲ့သည့် ကျေးဇူးရှင် ဖခင်ကြီး ဦးခင်မောင်တင့် **(ပါမောက္ခချုပ် (ငြိမ်း) ခေါ် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်)**နှင့် မိခင်ကြီး ဒေါ်နီနီခင်တို့ကလည်း သာကီဝင်လူမျိုးတို့သည် တကောင်းမင်း ဆက်ကို ဆက်လက်တည်ထောင်ကြသည့် ပြူလူမျိုးများဖြစ်ကြောင်း လက်ခံခဲ့

ပါသည်။

ပါဠိစာပေ အထောက်အထား မြောက်များစွာကို ကိုးကား၍ အာဂမယုတ္တိ သဘာဝယုတ္တိ သမိုင်းကွင်းဆက်မှန်ဖြင့် တင်ပြထားသော ပျူ-မြန်မာ-မြဟ္မာ-သကျ တို့သည် လူမျိုးတစ်မျိုးတည်း တစ်နိုင်ငံတည်းသားများ ဖြစ်ကြောင်း လက်ခံပါသည်။ ဂုဏ်လည်း ယူရပါသည်။

ဘုန်းတင့်ကျော်

## ဦးမျိုးဆွေသန်း၏ တွေ့ရှိချက်

ဆရာကြီးဦးလှသိန်းထွန်း ရေးသားပြုစုသော "ဘာမထိ မဟာအာဇာနည် သာကီမျိုးဟော့ ဒို့ဗမာ" စာအုပ်တွင် ပြူ၊ သာကီဝင်မင်းများနှင့် ယနေ့မြန်မာလူမျိုးတို့၏ ဆင်းသက် ဆက်နွယ်ပုံတို့ကို ဆက်စပ်ဖော်ပြထားပေသည်။ ဆရာကြီးက စာပေအကိုးအကားများဖြင့် ရေးသားထားသော ဤစာအုပ်အတွက် သာကီဝင်မင်းတွေရဲ့အကြောင်းတွေနဲ့ ပတ်သက်၍ ကျနော်တို့ ကွင်းဆင်းပြီး သုတေသနပြုထားတဲ့ တွေ့ရှိချက်နဲ့ အမြင်များကို ဆရာကြီး စာအုပ်အတွက် အထောက်အထားတစ်ခုအဖြစ် တင်ပြချင်ပါတယ်။

မနှစ်က ၂၀၁၇ ဩဂုတ်လအတွင်းကပေါ့၊ ကဒ္ဒမန္ဒုကို WORKSHOP တစ်ခုအတွက် သွားရပါတယ်။ အရှေ့တောင်အာရှ အမွေအနှစ်တွေကို သဘာဝဘေးရန်တွေကနေ ဘယ်လိုကာကွယ်ရမလဲဆိုတဲ့ WORKSHOP ဖြစ်ပါတယ်။ အဲဒီ WORKSHOP ပြီးတော့ လုမ္ဗိနီ ပဏ္ဍိတာရာမက ဆရာတော် (ဂျာမန်လူမျိုး)နဲ့ သီလရင်ဆရာကြီးဒေါ်မနိကတို့ က ဖိတ်တယ်။ အဲဒီနေရာက ဘုရားဖွားတော်မူတဲ့နေရာနဲ့ အနီးဆုံးပါဘဲ။ လုမ္ဗိနီကို ၅ မိနစ်လောက် လမ်းလျှောက်ရင်ရတယ်။ နောက်တော့ အဲဒီဆရာတော်က အဲဒီ WORKSHOPရဲ့ နောက်ဆုံးနေ့မှာပဲ သာကီဝင်မင်းတွေနဲ့ နန်းတော်အကြောင်း သူ့ရဲ့နောက်ဆုံး PRESENTATION လုပ်တယ်။ အဲဒါက ကပိလဝတ်တူးဖော်မှုအစီရင်ခံစာ သူကိုယ်တိုင်တူးခဲ့တဲ့ အကြောင်းတွေ ရှင်းပြတယ်။ အဲဒီအထောက်အထား FILE တွေပေးတယ်။ ညကျ ပဏ္ဍိတာရာမဆရာတော်က မနက်ကို ကပိလဝတ်ကို သွားမယ်လို့ ပြောပါတယ်။ သွားတဲ့လမ်းမှာ ဆရာတော်က ကပိလဝတ်ရဲ့အကြောင်း သိရှိထားတာတွေကို လမ်းမှာရှင်းပြတယ်။ ညတုန်းကလဲ ဒါတွေ

ကို လက်တွေ့ ပုံတွေနဲ့ အတိအကျ ရှင်းပြထားပြီးဖြစ်ပါတယ်။ ဆိုလိုချင်တာက ဗုဒ္ဓသမိုင်းက စာပေအထောက်အထားအရ ခိုင်မာသလို ရှေးဟောင်းသုတေသန အထောက်အထားအရလည်း ခိုင်မာတယ်ဆိုတာကို သူကပြချင်တာပါ။ အဲဒါကို နားလည်စေချင်တယ်။

နောက်တစ်နေ့ကျ ဆရာတော်ကိုယ်တိုင်လိုက်ပြတယ်။ ကပိလဝတ်နန်းတော်နဲ့လုမ္ဗိနီကြားထဲက ဒိုဟာနီဆိုတဲ့အရပ်ဟာ သကျမင်းတွေကို ဝိဋ္ဋူဘသုတ်သင်ခဲ့တဲ့နေရာပေါ့။ အဲဒီနေရာကိုလည်းရောက်တယ်။ အဲဒီလမ်းခရီးတစ်လျှောက်မှာပဲ သိဒ္ဓတ္တမင်းသား လေးအတတ် ပြတော့ မြားကျတဲ့နေရာကို ရောက်တယ်။

ဝိဋ္ဋူဘက သကျမင်းတွေကို သုတ်သင်တဲ့ ဒိုဟာနီအရပ်နဲ့ လုမ္ဗနီနဲ့ ကြားထဲမှာ နောက်တစ်နေရာရှိသေးတယ်။ ဒါကဘာလဲဆိုတော့ အသောကကျောက်တိုင်ပေါ့။ မြတ်ဗုဒ္ဓနဲ့ဆက်စပ်တဲ့ နေရာတွေက လုမ္ဗိနီအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့ရဲ့အောက်မှာရှိတယ်။ ခုနက သကျမင်းတွေရဲ့ အရိုးအိုးနေရာက ကြာပန်းပုံတွေဖေါ်ထားတဲ့ အုတ်ရိုးတန်းတံတိုင်းတွေရဲ့ နောက်မှာရှိတယ်။ အဲဒီ အုတ်ရိုးတန်းတွေရဲ့နောက်မှာ သကျမင်းတွေရဲ့ အရိုးအိုးတွေ ဝှက်ထားတာတွေ့ရတယ်။ ရှေးဟောင်း သုတေသနက ဖော်လိုက်တော့ သကျမင်းစစ်စစ်ဖြစ်တယ်တဲ့၊ အမည်နောက်မှာ ကုမာရတွေပါတယ်။ သူတို့အမည်နဲ့ အရိုးအိုးဆယ့်ရှစ်လုံးရတယ်။ နောက်လည်းကျန်သေးတယ်။ သို့သော် အဲဒီတူးလက်စနေရာကို ဒီအတိုင်းပဲရပ်ထားတယ်။ နီပေါအစိုးရထံလည်း ခွင့်ပြုချက် ထပ်ယူရအုံးမယ်။ **ဒါပေမဲ့ အထောက်အထားက လုံလောက်နေတော့ အဲဒီ "ဒိုဟာနီနေရာ" ဟာ သကျမင်းတွေကို ဝိဋ္ဋူဘသုတ်သင်ခဲ့တဲ့နေရာ မှန်တယ်လို့ ပညာရှင်တွေအားလုံးက ဆုံးဖြတ်ကြတယ်။**

နောက် ကပိလဝတ်နန်းတော်ရောက်သွားတော့လည်း၊ ရောက်ရောက်ခြင်းပဲ ဆိုင်တန်းကလူတွေက မြန်မာလားတဲ့။ သူ့အသံက မြန်မာသံကြီးနဲ့ နှုတ်ဆက်တယ်။ ပီသလိုက်တာ။ အိန္ဒိယမှာဖြစ်ဖြစ် ဘယ်နိုင်ငံမှာဖြစ်ဖြစ် မြန်မာသံပီပီနဲ့ နှုတ်ဆက်ဖို့ ဆိုတာ မလွယ်ဘူး။ ဆိုလိုတာက အသံတူနေ

တယ်။ မြန်မာလားတဲ့။ ဟုတ်တယ်လို့ ဖြေတော့၊ ဆက်ပြီး ညီလေး ညီမလေး၊ မောင်လေး၊ ညီမ၊ အကိုကြီး၊ တစ်ကျပ်၊ နှစ်ကျပ်၊ သုံးကျပ်၊ လေးကျပ်၊ ငါးကျပ် ဆက်တိုက်ရွတ်ပြတယ်။ သူဘာကြောင့် ရွတ်ပြမှန်းမသိဘူး။ ဈေးရောင်းချင်တာလည်း မဟုတ်ဘူး။ လက်ဘက်ရည်လားလို့မေးတော့ ဟုတ်တယ်တဲ့။ တိုက်မလားဆိုတော့ တိုက်မယ်တဲ့။ အဲသည်လောက် နားလည်တယ်။

"အဲဒါ သိဒ္ဓတ္ထ ၂၉နှစ် နေသွားတဲ့ နေရာပဲ" တဲ့။ အဲလို ပီပီသသကြီး ပြောတယ်။ ဟုတ်ပါပြီလို့ လေ့လာလိုက်ဦးမယ်လို့ နှုတ်ဆက်ပြီးဝင်သွားခဲ့တယ်၊ မြန်မာတွေ ပြောနေတဲ့အတိုင်းပဲ။ ကျနော် တော်တော်အံ့သြမိတယ်။ မြန်မာပြည်ကြီးနဲ့ မိုင်ပေါင်းရာထောင်များစွာ ဝေးကွာပြီး, ရေခြား, မြေခြား, နိုင်ငံရပ်ခြား, လူမျိုးခြားတွေက မြန်မာသံပီပီသသ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ အသံအလေးအပေါ့၊ လေယူလေသိမ်း၊ တိတိကျကျ၊ မှန်မှန်ကန်ကန် ပြောဆိုတတ်သည်မှာ သာမန်ကိစ္စမဖြစ်နိုင်၊ ပင်ရင်းလူမျိုး၊ သွေးသား၊ အာလျှာ ရေမြေ တစ်ထပ်တည်း တူညီခဲ့သည့် လူမျိုးတူ ဖြစ်နေ၍သာ ဤမျှ ဝေါဟာရ အသံ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ တူညီခြင်း ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ လေ့လာမိသည်။

နီပေါနိုင်ငံတွင် နေပါလိ, နေဝါရီ, ဂေါ်ရခါး စသည့် လူမျိုးစုများ နေထိုင်ကြသည်။ နေပါလိမှာ ကုလားရုပ်သွင် အသားမဲမဲ ဟိန္ဒူဘာသာကို ကိုးကွယ်ကြသည်။ လူများစုဖြစ်သည်။ နေဝါရီမှာ သကျသာကီဝင်လူမျိုးမှ ဆင်းသက်လာသူများဖြစ်သည်။ ရုပ်ရည်သွင်ပြင်မှာ မြန်မာလူမျိုးတို့နှင့် ချွတ်စွပ်တူသည်။ စကားသံမှာလည်း မြန်မာလူမျိုးတို့နှင့် ချွတ်စွပ်တူသည်။ စကားသံမှာလည်း မြန်မာစကားသံများ၊ မြန်မာဝေါဟာရများက များပါသည်။ ဘုရားလူမျိုးဟု ခေါ်ကြသည်။ နေဝါရီလူမျိုးတို့မှာ ယခုအခါ လူဦးရေနည်းပါသည်။ သကျလူမျိုးတို့ ရုပ်ရည်အသံ၊ ဝေါဟာရတို့မှာ ယခုအချိန်ထိ မြန်မာတို့နှင့် တူညီတုန်းရှိသေးခြင်းကြောင့် လွန်ခဲ့သောနှစ်ပေါင်း (၃၀၀၀) ကျော်ကမှ အားလုံးသော သကျ–မြန်မာတို့မှာ ပြူလူမျိုးများသာ ဖြစ်ကြမည်မှာ သေချာသည်ဟု ယုံကြည်ပါသည်။ သကျ မြန်မာတို့မှာ ရှေးခေတ် ပြူလူမျိုးများ ဖြစ်ကြောင်း သေချာပါသည်။ ထို့ကြောင့် ရုပ်ရည် အသွင်သဏ္ဌာန် ဟန်ပန်

အမူအရာ ဝေါဟာရ အသံ အားလုံးတူညီကြပါသည်။ ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

အဲဒီ သိဒ္ဓတ္ထ ၂၉ နှစ်လုံးနေခဲ့တဲ့ ကပ္ပိလဝတ် နန်းတော်အလည်မှာ သူတောထွက်ခဲ့တဲ့ နန်းတော်တောင်တံခါးကို ရောက်ခဲ့တယ်။ နီပေါအစိုးရက ထိန်းသိမ်းထားတာ တော်တော်ကောင်းတယ် ပေါ့။ သူတို့က နားလည်တယ်။ ဗုဒ္ဓဘာသာတွေရဲ့ အထွတ်အမြတ်နေရာဆိုတာ နားလည်တယ်။ ကမ္ဘာ့အမွေအနှစ်လည်း လျှောက်ပေးထားတယ်။ ကပ္ပိလဝတ် တောင်တံခါးနဲ့ မြောက်တံခါး။ တောင်တံခါးကတော့ သစ္စာရှာဖို့ မြင်းစီးထွက်တဲ့ နေရာပေါ့။ အဲဒီနေရာအထိရောက်အောင် သိဒ္ဓတ္ထလျှောက်ခဲ့တဲ့လမ်းအတိုင်း လူတွေလျှောက်လို့ရတယ်။ အပေါ်ကနေပြီးတော့ သစ်သားတွေနဲ့ ဖုံးကာ အုပ်မိုးပေးထားတယ်။ အောက်ကအုတ်ရိုးက ရှေးဟောင်းလမ်းပဲ။ အဲဒီအပေါ်ကနေပြီးတော့ နိုင်ငံတကာခရီးသွားတွေ လျှောက်နိုင်တယ်။ အပေါ်ကနေ သစ်သားတွေ အုပ်ထားတယ်။ လျှောက်ပြီးရင် တောင်ဘက်က တောထွက်တဲ့ တံခါးမှာ လက်တန်ကမြို့ရိုးထဲကိုဝိုက်ဝင်သွားတယ်။ ဆက်ပြော ရမယ်ဆိုရင် မြန်မာနိုင်ငံမှာ တူးဖော်ရရှိခဲ့တဲ့ သရေခေတ္တရာတို့ ဟန်လင်းတို့ ဗိဿနိုးတို့က မြို့ဝင်တံခါးတွေလည်းဒီလိုပါပဲ။ လက်တန်တွေက မြို့ရိုးထဲကို ဝိုက်ပြီးဝင်သွားတယ်။ သိဒ္ဓတ္ထတောထွက်ခဲ့တဲ့ နန်းတော်တောင်တံခါးလည်း အဲဒီအတိုင်းပဲ။ တစ်ထပ်ထဲပဲ။ အဲလိုအထဲကို ဝိုက်ဝင်ထားတာ မြို့တံခါး တည်ဆောက်ပုံချင်းတူပါတယ်။ အဲဒီပန္နက်က တူတယ်။ အဲဒါ အသေအချာပဲ။

အဲဒီမှာတွေ့ အုတ်ရိုးတွေ အုတ်တွေက ကျနော့်အဖို့ကတော့ ပထမဆုံးအကြိမ် BC (ဘီစီ)ထဲက အုတ်ကို မြင်ဖူးတာပဲ။ ကိုယ်ဆီမှာတော့ AD(အေဒီ) ထဲက ပစ္စည်းပေါ့လေ။ ဟိုမှာက ကပ္ပိလဝတ်နန်းတော်က အုတ်ရိုးဆိုတော့ ဘီစီထဲကပေါ့။ ဒါပေမဲ့ ပြူမှာတွေ့တဲ့ အုတ်ရိုးတွေနဲ့တူတယ် အုတ်ချပ်တွေလည်း အတူတူပဲ။ ပါးလွှာပြီး တစ်တောင်လောက်ရှိတဲ့ အုတ်ချပ်တွေပေါ့။ အုတ်သုံးစွဲပုံချင်းတူတယ်။ အဲဒီတော့ အတိအကျပဲ။ ကျနော်ဓာတ်ပုံလည်း ရိုက်လာတယ်။ သေသေချာချာကြည့်တော့ ဒါလေးတွေက ပြားပြားကပ်ကပ်လေးတွေ။ အဆင့်ဆင့်လေးတွေ စီထားတယ်။ ပြီးတော့ အုတ်ရိုးက အထဲကို ဝိုက်ဝင်သွားတာလည်း အတူတူပဲ။ ဒါပေမယ့် အဲဒီမှာက အင်ပါယာကြီးတစ်ခု

ဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီကထက် နည်းနည်းလေး ပိုခမ်းနားတယ်။ အဝင်ဝလည်း ပိုကျယ်တယ်ပေါ့။ ကျွန်တော်တို့နိုင်ငံက ဟန်လင်းတို့ သရေခေတ္တရာတို့ကတော့ နည်းနည်းလေး ပိုကျဉ်းပြီးတော့ narrow ဖြစ်တာပေါ့။ စောက်နက်ပြီး အထဲကို ပိုဝိုက်ဝင်သွားတယ်။ ဟိုက ဝိုက်ဝင်သွားပေမယ့် ပိုကျယ်တယ်။ မြို့ရိုးတည်ဆောက်ပုံရော၊ တံခါးတည်ဆောက်ပုံရောတူတယ်။

အဲဒီနေရာကနေ လှမ်းကြည့်ရင် သံဇကာလေးတွေ ကာထားပြီးတော့ ဒါကနေရဋ္ဌရာမြစ်ကမ်း၊ ဒီမှာက ကဏ္ဍကမြင်း ရင်ကွဲသေတဲ့နေရာလို့ ပြထားတယ်။ ဒါတွေကလည်း ယူနက်စကိုက အသိအမှတ်ပြုထားတဲ့ နေရာတွေပဲ။

နောက်အဲဒီကနေပြီး လုမ္ဗိနီကို ပြန်လာတယ်ပေါ့။ လုမ္ဗိနီနဲ့ ကပ္ပိလဝတ်ကြားက ကားနဲ့သွားကြည့်တော့ တစ်နာရီခွဲပဲကြာတယ်။ မယ်တော် မာယာလာခဲ့တဲ့လမ်းပေါ့။ သဘာဝကျတယ်ပေါ့။ ဆင်တွေ မြင်းတွေနဲ့ သူလာမှာပဲလာပြီးတော့ လုမ္ဗိနီဥယျာဉ်ကြီးထဲမှာ နားခိုတယ်ပေါ့။

နောက်တစ်နေ့ကျတော့ ဒေဝဒဟ ကိုသွားတယ်။

ကပိလဝတ်တူးဖော်မှုမှာ အချက်အလက်အများကြီးတွေ့တဲ့အထဲမှာတော့ ဗမာနဲ့ဆင်တူတာတွေဟာ တော်တော်များများကိုတူတယ်။ တူတယ်ဆိုတာ ဒင်္ဂါးတွေရတယ်။ နောက်တစ်ခါ ရွံ့နဲ့ မီးဖုတ်ထားတဲ့တံဆိပ်တုံးတွေ တွေ့ရတယ်။ Seal တွေပေါ့။ အဲဒီတံဆိပ်တုံးတွေထဲမှာတော့ ရေးထားတဲ့စာတွေက နဂါးမြေတို့ နိဂါမတို့ အဲလိုမျိုးတွေပါတယ်။ နဂါးမြေဆိုတာကြီးက တော်တော်ကို တည့်တည့်ကြီးဖြစ်နေတယ်။ အခြား အနုပညာ လက်ရာတွေအဖြစ် အိုးခြမ်းပဲ့တွေ တွေ့တယ်။ အင်္ဂတေလည်းပါနေတယ် ဆိုတော့ ပန်းပွင့်ကလေးတွေ ဘာလေးတွေကတော့ အခု ပုဂံမှာတွေ့နေရတဲ့ အဖတ်လေးလေးဖတ်နဲ့ အပွင့်လေးတွေနဲ့တူတယ်။ အဲဒီကလာတယ်တောင် ထင်ပါတယ်။ မှော်ကန် ပြတိုက်ထဲမှာလေ။ ရွှေညောင်ပင်ကုန်းကရတဲ့ ကျောက်ပလ္လင်ကြီးမှာ ထွင်းထားတဲ့ ပန်းပွင့်တွေနဲ့ အတူတူပါပဲ။ မြန်မာနိုင်ငံမှာကြတော့ အဲဒီပန်းတွေက အခုထက်ထိသုံးနေတုန်းပဲ။ ပုဂံမှာလည်း အဲဒါတွေ ဆက်သုံးတာပဲ။ ယနေ့အထိကို နှစ်ပေါင်းများစွာ ပန်းချီဆရာတွေ သုံးနေတုန်းပါပဲ။ ရွှေတောင်ရဟန္တာပြျူသိမ်ကြီးမှာလည်း ပွင့်ဖတ်တွေ ပိုများပြီး ကြာပွင့်ပုံစံပန်းတွေ

ခင်းထားတာတွေ့ရပါတယ်။

နောက်ပြီး သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ တကောင်း၊ အကုန်လုံး တောက်လျှောက်မြို့ရိုးမှာ၊ စေတီတွေမှာ၊ အရိုးအိုးတွေ နောက်ဆုံး သရေခေတ္တရာနန်းတော်ကုန်း လက်ကျန် အုတ်ရိုးတွေမှာ တွေ့ရတဲ့ ပြဟ္မီ အက္ခရာဟာ ဒိုဟာနီမှာ သကျမင်းသားတွေရဲ့ အရိုးအိုးမှာ တွေ့ရတဲ့ အက္ခရာ တွေနဲ့ အတူတူဖြစ်နေတာကို တွေ့ရပါတယ်။

လုမ္ဗနီပတ်ဝန်းကျင်မှာ တွေ့ရတဲ့ လက်ရာတွေကို လေ့လာကြည့်မယ် ဆိုရင် ပြူတွေရဲ့လက်ရာနဲ့ တူနေတယ်ဆိုတာ တွေ့ရပါတယ်။ **ဒါကြောင့် ပြူ၊ ပြဟ္မာ၊ သကျ၊ မြန်မာဆိုတာဟာ အတူတူပဲဆိုတာ အခိုင်အမာပဲ ဖြစ် ပါတယ်။**

**ဦးမျိုးဆွေသန်း (ဆရာကျောင်း) ( Graphic Designer)**

## ဘာမထိ မဟာ အာဇာနည် သာကီမျိုးဟော့ ဒီ့ဗမာ
## (သို့မဟုတ်)
## ကပ္ပိလဝတ္ထုရှာပုံတော်

Lumbini Beckons စာအုပ်၏ မူလစာရေးသူမှာ နေပါလ်နိုင်ငံသား ဘစန်တာဘီဒါရီ Basanta Bidari ဖြစ်သည်။ ၂၀၀၉ ခုနှစ် ဤစာအုပ်ကို ပြုစုနေချိန်တွင်သူသည် လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့ Lumbini Development Trust ၏ ရှေးဟောင်းသုတေသနအရာရှိချုပ် Chief Archaeoloqist တာဝန်ကို ယူထားသူဖြစ်သည်။ လုမ္ဗိနီဥယျာဉ်အတွင်းတွင် လုမ္ဗိနီ ဖွံ့ဖြိုးရေး အဖွဲ့၊ နေပါလ်နိုင်ငံရှေးဟောင်းသုတေသနဌာနနှင့် ဗြိတိန်နိုင်ငံ ဒါရ်ဟင်မ် တက္ကသိုလ်ရှေးဟောင်းသုတေသနအဖွဲ့မှ ဒေါက်တာရောဘင် ကွန်နင်ဟမ် ဦးဆောင်သောအဖွဲ့တို့ ရှေးဟောင်းစေတီပုထိုး ကျောင်းတော်ရာ နေရာဟောင်း တပိုက်ကို တူးဖော်၍ မြေသားစစ်ဆေးမှုများ ပြုလုပ်နေကြပါသည်။

လွန်ခဲ့သော ၇/၈ နှစ်ခန့်မှ စ၍ ဂျပန်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် လုမ္ဗိနီဘက်စုံ စီမံကိန်းနှင့် ပတ်သက်သောလုပ်ငန်းများကို ပဏ္ဍိတာရာမ လုမ္ဗိနီအပြည်ပြည်ဆိုင်ရာရိပ်သာ၏ နာယကဆရာတော် အရှင်ဝိဝေကာနန္ဒနှင့် ဆရာလေးဒေါ်ဘဒ္ဒမဏိကာတို့ ပါဝင်ကူညီကြသည်။ Lumbini Beckons ကို ဘာသာပြန်ရန် လုမ္ဗိနီရွှေကျောင်းတွင် သီတင်းသုံးသောဆရာတော် ဦးကဝိဇနှင့် ဆရာတော် ဦးဇနကတို့ ကူညီမှုကြောင့် စာအုပ်ထုတ်ဝေဖြစ်ခဲ့ပါသည်။ "ဖိတ်ခေါ်ပါသည် မွေးရပ်ဌာနီ" ဟု အမည်ပေးထားပါသည်။

အသောကမင်းတရား၏ ဆရာရဟန်းအရှင်ဥပဂုတ္တ၏ ညွှန်ပြချက် အရ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ရာနေရာကို အတိအကျသိခဲ့ရပြီး marker stone ကျောက်တိုင်နှင့် မှတ်သားခဲ့ပါသည်။ ၁၉၅၆ ခုနှစ်မှ ဘုရင်မဟိန္ဒြာနှင့် ကုလသမဂ္ဂ အတွင်း ဝန်ချုပ်ဟောင်း ဦးသန့်တို့ ဦးဆောင်မှုဖြင့် ဂျပန်ဗိသုကာ ပညာရှင် ကြီး ဒေါက်တာကင်ဇိုးတန်ဘေ ရေးဆွဲသော လုမ္ဗိနီ စီမံကိန်းကြီးအရ ကျောင်း များ၊ ကမ္မဋ္ဌာန်းရိပ်သာများ ဆောက်လုပ်၍ ဗုဒ္ဓဘာသာ ပြန်လည်ရှင်သန်အောင် ကြိုးပမ်းခဲ့ကြပါသည်။

စာရေးသူတို့သည် ကပ္ပိလဝတ္ထုမြို့ဟောင်းရှိသမိုင်းကြောင်းနှင့် စကား ရုပ်ရည် စသည်တို့ကို မှန်ကန်စွာ သိရှိရန်အတွက် ဆရာလေး ဒေါ်ဘဒ္ဒမထေရီကာ ဆရာလေး မဝိသိဋ္ဌာဏီ (နီပေါနိုင်ငံသူ)နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ တက္ကသိုလ်မှ နီပေါနိုင်ငံသို့ သာသနာပြုရန် ၂၀၁၅ ခုနှစ် (၂) လပိုင်းမှ ၂၀၁၇ ခုနှစ် (၂) လပိုင်းထိ ကြွရောက်ခဲ့သော ပါဠိဌာနလက်ထောက်ကထိက ဆရာ တော် ဦးကဝိဇေတို့နှင့် ဆွေးနွေးရေးသားခဲ့ပါသည်။

နီပေါနိုင်ငံတွင် နေဝါရီ နေပါလီ ဂေါ်ရခါး စသည့် လူမျိုးနွယ်များ ရှိရာမှ သကျသာကီဝင်လူမျိုးတို့မှာ ယနေ့ခေတ်ဝေါဟာရအရ နေဝါရီ ဟု ခေါ်ကြပါသည်။ နေဝါရီမှာ နေပါလီ ကုလားများနှင့် ရုပ်ရည် ဘာသာရေး စကားသံ ယဉ်ကျေးမှု စသည်တို့ ကွဲပြားကြပါသည်။ အသားအရေ မည်းကြ ပါသည်။ နေဝါရီမှာ ဗုဒ္ဓဘာသာနီပေါများ ဖြစ်ကြပါသည်။ နေဝါရီတို့မှာ သကျ လူမျိုးများဖြစ်သဖြင့် **နေဝါရီ** စကားနောက်တွင် **နေဝါရီ ဆာကျီယ** ဟု ခေါ်ဝေါ်ကြပါသည်။ နေဝါရီ ဆာကျီယတို့သည် ရုပ်ရည်သန့်ကြပါသည်။ မြန်မာ လူမျိုးဖြစ်သော ပြူလူမျိုးတို့မှ ဆင်းသက်လာကြသူများဖြစ်သဖြင့် မြန်မာတို့ နှင့် တူကြပါသည်။ ဓာတ်ပုံများကို လေ့လာကြည့်ပါ။ အားလုံး မြန်မာပုံများ ဖြစ်နေကြပါသည်။ ဒါ့ကြောင့် မြန်မာ, သကျ, နေဝါရီ, ဆာကျီယ ,တို့သည် အားလုံး မြန်မာ ပြူများဖြစ်ကြောင်း သေချာပါသည်။ ရာထူးရှိကြသူ ချမ်းသာ သူများ အဆင့်မြင့်သူများသည် နေဝါရီဆာကျီယများဖြစ်ကြပါသည်။

ထို့ကြောင့် ကပ္ပိလဝတ္ထုရှာပုံတော်အရ ရုပ်ဝတ္ထုများသာမက ရုပ်ရည် စကားလုံး ဝါကျ တည်ဆောက်ပုံ, ဝေါဟာရ, ဓလေ့ထုံးစံ, စသည်တို့အရ

**ဦးလှသိန်းထွန်း**

ဗုဒ္ဓရှင်တော်၏ သာကီဝင်လူမျိုးသည် မြန်မာနိုင်ငံမှ ခရီးဆက်ခဲ့သော ပြူ, ပြဟ္မာ, သက္ကျ, မြန်မာ, နေဝါရီ, ဆာကျီယ, အတူတူပင်ဖြစ်လေသည်။

**စာရေးသူ**

# ဘာမထိ မဟာအာဇာနည်
# သာကီမျိုးဟော့ ဒို့ဗမာ

## မာတိကာ


| အစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ကျမ်းဦးမှတ်ဖွယ် | ၁ |
| | **ပထမပိုင်း** | |
| ၁။ | မြန်မာဘူမိသွင်ပြင် | ၁၇ |
| ၂။ | မြန်မာ့သမိုင်း အမြင်ကြည်လင်ရန်လို | ၁၈ |
| ၃။ | ပြူသမိုင်းသည် မြန်မာ့သမိုင်းဦးခေါင်းပိုင်း | ၂၀ |
| ၄။ | မြန်မာ့လူ့ဘောင်၏ ရှေ့ဆောင် ပြူတို့အကြောင်း ကြိုတင်သိထားမှ | ၂၂ |
| ၅။ | ရှေးခေတ်ပြူလူမျိုးတို့အကြောင်း အကျဉ်းချုပ် | ၂၄ |
| ၆။ | တရုတ်ထန်မင်းဆက်မှတ်တမ်း | ၂၄ |

၇။ ပြူလက်အောက်ခံနိုင်ငံ ၁၈ နိုင်ငံမှာ ၂၅
၈။ သရေခေတ္တရာသည်
ယနေ့မြန်မာနိုင်ငံတမျှ ကျယ်ပြန့်ခဲ့သည် ၂၆
၉။ အတိတ်အကြောင်းကို သိရန်လိုသည် ၂၆
၁၀။ မြန်မာ့ဘူမိဖြစ်စဉ်အကျဉ်း ၂၇
၁၁။ စတုတ္ထကပ် ၂၉

## ဒုတိယပိုင်း

၁၂။ ပရိုင်းမိတ်တွေ့ရှိချက်အရ လူသားအစ မြန်မာက ၃၅
စတုတ္ထကပ်တွင် လူသားတို့ စတင်ဖြစ်ပေါ်လာသည်
၁၃။ လူသားမျိုးနွယ်အစ လေ့လာကြခြင်း ၃၇
၁၄။ မြန်မာ့ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ၃၈
၁၅။ လူသားအစ မြန်မာက ၃၉
၁၆။ ကမ္ဘာ့အလယ် ဂုဏ်ယူဖွယ် ၄၁
၁၇။ မြန်မာပြင်သစ် ပရိုင်းမိတ်ပူးပေါင်းရှာဖွေတွေ့ရှိချက်များ ၄၁
၁၈။ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် စတီဗင်ဒူးရော့မှတ်ချက် ၄၂
၁၉။ မြန်မာဂျပန်လေ့လာရေးမှ တွေ့ရှိချက်များ ၄၂
၂၀။ ပုံတောင်မှ စိန်ခေါ်ပါသည်။ ၄၃
၂၁။ ပညာရှင်တို့ မှတ်တမ်းတင်ခဲ့သည့် ရှေးဦးလူသားများ ၄၄

## တတိယပိုင်း

၂၂။ မြန်မာ့မြေမှ အဦးဆုံးလူသားများ ၄၇
၂၃။ မြန်မာလူ ၄၈
၂၄။ ခေတ်ပြိုင်သီခြား မြန်မာမျိုးရင်း ၄၉

၂၅။ ကျောက်ခေတ်ကာလ အညာသားယဉ်ကျေးမှု ၅၁
၂၆။ ရေခဲခေတ် ၅၂
၂၇။ မိုးစွေကာလ ၅၄
၂၈။ ပြဒါးလင်းဂူ ၅၅
၂၉။ မြန်မာ့တိုင်းရင်းသားများသာဟု အဖြေထုတ်၍ရပါပြီ ၅၇
၃၀။ ကြေးခေတ်သံခေတ် ၆၁
၃၁။ ကျောက်ခေတ်နှောင်း ကြေးခေတ်သံခေတ်မှ ကျယ်ပြန့် လာသော ပြူခေတ် ၆၆
၃၂။ တိဘက်မြန်မာအနွယ်ဝင်တို့ တိုးဝင်လာကြခြင်း ၆၇
၃၃။ မွန်ဂိုလွိုက်လူမျိုးနွယ်ကြီးမှ ခွဲထွက်ကြခြင်း ၆၉
၃၄။ ရှေးဦး မြန်မာအညာသား ပြူလူမျိုးများ ၇၀

## စတုတ္ထပိုင်း

၃၅။ ပြူမြို့ပြနိုင်ငံများ ထူထောင်ကြခြင်း ၇၄
၃၆။ တကောင်းမြို့ပြခေတ်ထက် ပို၍ရှေးကျသော ပြူခေတ်ဟောင်း ၇၅
၃၇။ တကောင်းနိုင်ငံတော် မင်းဆက် ၁၃၉၃ပါးရှိခဲ့ ၇၈
၃၈။ ပြူလူမျိုးတို့ အာရှတောင်ပိုင်းပြန့်နှံ့သွားခြင်း ၇၉
၃၉။ **သရေခေတ္တရာခေတ် ပြူမြို့ပြနိုင်ငံတော်** ၈၄
၄၀။ ပြူမြို့ပြနိုင်ငံများ ကျယ်ပြန့်လာခြင်း ၈၅
၄၁။ တံရုက်မှတ်တမ်းများနှင့် ပြူအကြောင်း ၈၆
၄၂။ သရေခေတ္တရာမှတ်တမ်း ၈၆
၄၃။ ခေတ်ပြိုင်အခြားနိုင်ငံများဖော်ပြချက် ၉၂
၄၄။ **ပြူလက်အောက်ခံနိုင်ငံပေါင်း ၁၈ နိုင်ငံ** ၉၂

၄၅။ သရေခေတ္တရာကို စနစ်တကျ တည်ဆောက်ခဲ့ ၉၃

## ပဥ္စမပိုင်း

၄၆။ မြန်မာနိုင်ငံအနှံ့သို့ ပြူမြို့ပြနိုင်ငံများ ကျယ်ပြန့်သွားခြင်း ၁၀၁
၄၇။ ပြူလူမျိုးတို့၏ ဟံသာန ရရ (ဟန်လင်း)မြို့တော် ၁၀၁
၄၈။ ဗိဿနိုးပြူမြို့တော် ၁၀၈
၄၉။ မြန်မာပြူတို့ တီထွင်ဉာဏ်ကောင်းကြသည် ၁၁၁
၅၀။ ပင်လယ်ပြူ(မိုင်းမော)မြို့ဟောင်း ၁၁၇

## ဆဋ္ဌမပိုင်း

၅၁။ ဗြဟ္မာနိုင်ငံတော်ခေတ် ၁၂၅
၅၂။ ရှေ့နောက်နှစ်ပိုင်း
၅၃။ မြန်မာကို ကိုးကွယ်ရာ ဗြဟ္မာလူမျိုးဟု
အဘယ့်ကြောင့် ခေါ်ခဲ့ရ ပါသနည်း။ ၁၂၈
၅၄။ မဇ္ဈိမဒေသသားတို့မှတ်တမ်း ၁၂၉
၅၅။ ဗိဿနိုးမြို့ဟု ဘာကြောင့် အမည်ရခဲ့ပါသနည်း ၁၃၁
၅၆။ အိန္ဒိယကို ဗြဟ္မာဟု ဘာကြောင့်မခေါ်ရသနည်း ၁၃၁
၅၇။ အိန္ဒိယသားတို့ နတ်ဗြဟ္မာအစွဲကြီးလှသည် ၁၃၃
၅၈။ ဗြဟ္မာဟူသော ဝေါဟာရ၏ အဓိပ္ပါယ် ၁၃၅
၅၉။ ပိဋကတ်စာပေများ၏ ဖွင့်ဆိုချက် ၁၃၅
၆၀။ ဗြဟ္မာခေါ် မြန်မာတို့သည် ရှေးဦးလူသား လူသားအစ ၁၃၆
မိဘများဟု အဓိပ္ပါယ်လား

## သတ္တမပိုင်း


၆၁။ နိုင်ငံပြင်ပသို့ ပြူသက္ကတို့ ပြည်သစ်တည်ထွက်ခွာကြခြင်း ၁၃၉
၆၂။ ပြူသက္ကတို့ သာဝတ္ထိသို့ ထွက်ခွာကြခြင်း ၁၄၀
၆၃။ သက္က–သကျ သာကီဝင်ပြူလူမျိုးတို့၏သကျနိုင်ငံတော် ၁၄၂
၆၄။ သကျတို့၏ ထွက်ခွာရာမူလဌာနသည်
ဗာရာဏသီ မဟုတ် ၁၄၃
၆၅။ သကျမျိုးပျက်မည်စိုး၍ မောင်နှမချင်းလက်ဆက်ကြခြင်း ၁၄၄
၆၆။ ဒေဝဒဟာသကျမင်းမျိုး ၁၄၆
၆၇။ ကပိလဝတ်မင်းဆက် ၁၄၆
၆၈။ သကျ လူမျိုးသည် အိန္ဒိယနိုင်ငံသားမဟုတ်ပါ ၁၄၉
၆၉။ သက္ကအမည်က ပြောသော သာကီဝင်တို့၏ ဘဝဖြစ်စဉ် ၁၅၁
၇၀။ ထူးခြားဆန်းကြယ်လှသည့် သက္ကသိကြား နာမည်လား ၁၅၃
၇၁။ သာကီဝင်အမည်မှည့်ခေါ်ကြခြင်း ၁၅၄
၇၂။ ထူးခြားလှသည့် သဘာဝအမွေကို
မြန်မာတို့ ၂ မျိုးရခဲ့သည်။ ၁၅၅
၇၃။ မြန်မာအတွက် ဘာကြောင့် အကောင်းဆုံးသစ်နှင့်
အကောင်းဆုံး ပတ္တမြား ရတနာပေးရသနည်း ၁၅၈
၇၄။ ပတ္တမြား ကျောက်မျက်ရတနာဘုရင်ကိုလည်း
ထပ်ဆင့် အမွေပေးခဲ့ပြန် ၁၅၉
၇၅။ သဘာဝနှင့် နိယာမ ၁၆၀
၇၆။ ကံ ရတနာရှိမှ ရတနာစုမည် ၁၆၂

အဋ္ဌမပိုင်း


၇၇။ သာကီဝင်တို့မြို့ပြပြည်ရွာ အာဏာထူထောင်ကြခြင်း ၁၆၅
၇၈။ သွေးက စကားပြောသဖြင့် တိဗက်တို့ မြန်မာကို အထူး ချစ်ခင်ကြသည်။ ၁၆၇
၇၉။ သာကီဝင်တို့ သက္ကတိုင်းသို့ ဆက်လက်ထွက်ခွာခဲ့ကြခြင်း ၁၆၈
၈၀။ စုဝေး ညီမူရာ လွှတ်တော်ခေါ်ယူခြင်း
သန္ဓာဂါရဟု မှည့်ခေါ်ခြင်း ၁၆၉
၈၁။ သန္ဓာဂါရလွှတ်တော် ကိုယ်စားလှယ် ၁၇၀
၈၂။ နိုင်ငံတော်၏ အဓိက မူကြီးသုံးရပ်ကို သတ်မှတ်ကြခြင်း ၁၇၁
၈၃။ (၁) အာဒိစ္စဝံသ မိမိတို့ ယဉ်ကျေးမှုကို အပြည့်အဝ လိုက်နာရမည်။ ၁၇၂
(၂) ခတ္တိယ မြေပဟူသမျှ သကျလူမျိုးပိုင်သာ ဖြစ်ရမည် ၁၇၃
၈၄။ မြေပေါ်မြေအောက်ရတနာများသည် နိုင်ငံတော်၏ တန်ဘိုး ၁၇၇
၈၅။ နိုင်ငံပိုင်မြစ်ချောင်းရေများကိုလည်း စနစ်တကျသုံးရမည် ၁၇၈
၈၆။ (၃) အသမ္ဘိန္နလူမျိုးခြားသွေးရော သွေးနှောမပြုလုပ်ရ ၁၇၉
၈၇။ ဒရာဗီဒီယန် ၁၇၉
၈၈။ အာရီယန် လူမျိုးများ ၁၈၀
၈၉။ စက္ကဝတ္တိ စကြဝဠေးမင်းကြီးများ စစ်ရထားပိုင်ရှင်များ ၁၈၁
၉၀။ ဗြာဟ္မဏပညာရှင်များက အာရီယန်အုပ်ချုပ်ရေးခိုင်မြဲစေရန် ဘာသာရေးအသွင် တီထွင်ကြခြင်း ၁၈၂
၉၁။ ဖန်ဆင်းရှင် မဟာဗြဟ္မာကြီး၏ လူကို ဇာတ်ခွဲခြားဖန်ဆင်းခြင်း ၁၈၄

၉၂။ ဇာတ်ခွဲခြားမှု အမြစ်စွဲသွားခြင်း ၁၈၄
၉၃။ အတ္တဝါဒအမြစ်စွဲ ခိုင်မြဲခြင်း ၁၈၆
၉၄။ ယဇ်ပူဇော်ခြင်းသည် ရန်သူကို ချေမှုန်းသောစနစ် ၁၈၆
၉၅။ သက်ဦးဆံပိုင် ပဒေသရာဇ်ကြီးများဖြစ်လာကြသည်။ ၁၉၀
၉၆။ တက္ကသိုလ်ကြီးများ တည်ထောင်ခြင်း ၁၉၀
၉၇။ အာဏာအရှိဆုံး အုပ်ချုပ်ရေးဘွဲ့ဝေါဟာရများ ၁၉၂
၉၈။ ဘုရားရှင်သည် သာကီဝင်တို့ကို မဟာရာဇာသုံးခဲ့သည် ၁၉၃
၉၉။ ကောသလဘုရင်ကြီးက ဘုရားရှင်ကို
ခတ္တိယဟုခေါ်ခဲ့ခြင်း မှာဘုရင်ဖြစ်၍ ဖြစ် ၁၉၄
၁၀၀။ လူမျိုးခြားနှင့် သွေးမရောစေရန် အသမ္ဘိန္နမှုကြီးချမှတ်ရ ၁၉၅
၁၀၁။ မဇ္ဈိမဒေသ တိုင်းကြီး သောဠသ (၁၆)တိုင်း ၁၉၆
၁၀၂။ ဘုရားဟော အိန္ဒိယ၏ တိုင်းကြီးသောဠသ ၁၉၈


## နဝမပိုင်း


၁၀၃။ သကျသက္ကသာကီဝင်နိုင်ငံတော် တည်ထောင်ကြခြင်း ၁၉၉
၁၀၄။ သမ္မတနိုင်ငံတော် စနစ်ကြေငြာ၍ သမ္မတတင်မြှောက်ခြင်း ၂၀၀
၁၀၅။ သာကီဝင်တို့၏ ဘာသာရေးသည် ဟိန္ဒူဝါဒမဟုတ် ၂၀၁
၁၀၆။ သာကီဝင်မှန်သမျှ ငါးပါးသီလ လုံခြုံရမည် ၂၀၄
၁၀၇။ သာကီဝင်တို့၏ အုပ်ချုပ်ရေးစနစ် အိန္ဒိယနှင့် မတူချေ ၂၀၅
၁၀၈။ လေးတော်တင်ပွဲ ၂၀၅
၁၀၉။ ရန်သူများကို ဆီးကာပုတ်ချသရပဋိဗာဟန ၂၀၇
၁၁၀။ လူမျိုးတစ်မျိုးကို တည်ထောင်ရာ၌ ကံ ဉာဏ် ဝီရိယ
ပါဝင်ရသည် ၂၁၀
၁၁၁။ လောကကြီးကို ရုပ်နာမ်စုံတို့ဖြင့် ဖန်တီးထားသဖြင့်

ရုပ်နာမ်စုံလေ့လာမှ မှန်မည် ၂၁၂

၁၁၂။ လူတိုင်း အသိဉာဏ်ရှိသူတိုင်း ဗုဒ္ဓ အဘိဓမ္မသဘာဝဓမ္မကို လေ့လာထားမှ အမြင်မှန်ပါမည် ၂၁၄

၁၁၃။ သက္ကတိုင်းကို မည်သည့်အချိန်လောက်က တည်ခဲ့ပါသနည်း ၂၁၉

၁၁၄။ ပိဋကစာပေလာ သာကီဝင်နယ်မြေဇရိယာ ၂၂၁

၁၁၅။ သာကီဝင်လူမျိုးတို့၏ ရုပ်ရည်သဏ္ဌာန်သွင်ပြင် ၂၂၃


## ဒသမပိုင်း


၁၁၆။ သကျ္ယထွတ်ဖျားမင်းတြားမှ လောကထွတ်ထား မြတ်ဘုရားဖြစ်တော်မူခြင်း ၂၂၉

၁၁၇။ အဘိရာဇာ သာကီဝင်မင်းကြီး ၂၂၉

၁၁၈။ ဒုတိယသကျနိုင်ငံတော် ၂၃၁

၁၁၉။ သုဒ္ဓေါဒနမင်းကြီးလက်ထက် ဘုရာအလောင်းသန္ဓေ ယူခဲ့သည်။ ၂၃၁

၁၂၀။ သာကီဝင်အဘိရာဇာသည် ပြူမြန်မာစစ်ဖြစ်သည် ၂၃၂

၁၂၁။ သိဒ္ဓတ္ထမင်းသားလေး ဖွားမြင်တော်မူခြင်း ၂၃၃

၁၂၂။ သက္ကရာဇ်အရ သကျနှင့်မြန်မာတစ်မျိုးတည်းပါ ၂၃၃

၁၂၃။ မယ်တော်မာယာ နတ်ရွာစံ၍ နတ်သားဖြစ်တော်မူခြင်း ၂၃၄

၁၂၄။ လေးတော်တင်ပွဲကျင်းပခြင်း ၂၃၅

၁၂၅။ မဟာသမ္မတခတ္တိယမဟာရာဇာအဖြစ် စိုးစံတော်မူခြင်း ၂၃၇

၁၂၆။ စကြဝတေးမင်းအာဏာကို ပယ်ချတော်မူခဲ့ခြင်း ၂၃၉

၁၂၇။ ရွှေနန်းစည်းစိမ်ကို စံတော်မူခြင်း ၂၄၀

၁၂၈။ သိဒ္ဓတ္ထမင်းသားဘုရင်ဖြစ်ကြောင်း နိုင်လုံသောသက်သေ ၂၄၁

၁၂၉။ သာကီဝင်တို့ စနစ်မှာ သမ္မတစနစ်ဖြစ်၍ ပြောင်းခဲ့ရ ၂၄၃

၁၃၀။ ဘုရားဖြစ်တော်မူပြီ ၂၄၄

၁၃၁။ မဇ္ဈိမဒေသတွင် ဘုရားအလောင်း ပဋိသန္ဓေယူရန် ဘာ့ကြောင့် မရွေးခဲ့သနည်း ၂၄၅

၁၃၂။ ဗုဒ္ဓကောလာဟလ ၂၄၆

၁၃၃။ ကာလကို ကြည့်ရှုခြင်း ၂၄၇

၁၃၄။ ဒီပ ကျွန်း နှင့် ဒေသဘုရားဖြစ်ဖို့ရန်နယ်မြေ ၂၄၈

၁၃၅။ ကုလအရ ဘယ်လူမျိုးမှာ ဘုရားအလောင်း ပဋိသန္ဓေယူရပါမည်နည်း ၂၄၉

၁၃၆။ ဇာတ်ခွဲခြားမှုစနစ် ပြင်းထန်လှသဖြင့် ငြင်းဆန်ခဲ့ရသည် ၂၅၁

၁၃၇။ ယဇ်ပူဇော်မှုပြင်းထန်သဖြင့် ပဋိသန္ဓေမယူခဲ့ပေ ၂၅၂

၁၃၈။ မဇ္ဈိမဒေသတွင် သန္ဓေယူတော်မမူဘဲ ဘာ့ကြောင့် သာသနာဖြန့်ခဲ့ပါသနည်း ၂၅၂

၁၃၉။ ဇာတိ နှင့် ပဝတ္တိ ခွဲခြားသိရမည် ၂၅၃

၁၄၀။ ကြောင်းကျိုးရှိမှ သဗ္ဗညုဗုဒ္ဓ ၂၅၄

၁၄၁။ သာသနာပြုရန်ဘာ့ကြောင့် မဇ္ဈိမဒေသကို ရွေးချယ်ခဲ့ပါသနည်း။ ၂၅၅

၁၄၂။ (၁)လူဦးရေများပြားလွန်းသဖြင့် သာသနာပြုရန် ရွေးချယ်ခဲ့သည် ၂၅၆

၁၄၃။ (၂)အသိဉာဏ်ရှိသူများပြား လွန်းလှသဖြင့် မဇ္ဈိမဒေသတွင် ဗုဒ္ဓပွင့်တော်မူခဲ့သည် ၂၅၈

၁၄၄။ (၃) ဥစ္စာဓနပြည့်ဝသူပေါများ၍ မဇ္ဈိမဒေသ၌ ဘုရားပွင့်ခဲ့သည် ၂၆၁

၁၄၅။ မဇ္ဈိမဒေသဖြစ်သည့် အိန္ဒိယနိုင်ငံ၌

ဗုဒ္ဓသာသနာပြန်လည် ထွန်းကားပါစေ ၂၆၂
၁၄၆။ အိန္ဒိယသည် ဗုဒ္ဓ၏ ပဝတ္တိကာလ ၂၆၃
၁၄၇။ မင်းပုဏ္ဏားတို့ထဲတွင် သာကီဝင်မင်းများသည် အမြတ်ဆုံး ၂၆၆
၁၄၈။ သကျသာကီဝင်မျိုးသည် ဥစ္စာကုလအမြတ်ဆုံးလူမျိုး ၂၆၇


## ကောဒသမပိုင်း


၁၄၉။ သာကီဝင်တို့၏ ဘဝဆည်းဆာအောင်ပွဲများ ၂၆၉
၁၅၀။ မဇ္ဈိမဒေသဆိုတာ အမြတ်ဆုံးဟု အယူစွဲပြင်းထန် ၂၆၉
၁၅၁။ သကျသည် အာရိယန်တို့၏ ရန်သူမဟုတ် မိတ်ဆွေပါ ၂၇၁
၁၅၂။ သကျဆိုတာ ဣက္ခ ဇာတ်နိမ့်ဟု ဟိန္ဒူတို့က ယူဆခဲ့ ၂၇၂
၁၅၃။ သာကီဝင်ဗုဒ္ဓသည် မဇ္ဈိမဒေသကို သစ္စာ မေတ္တာဖြင့် အနိုင်ယူခဲ့ ၂၇၅
၁၅၄။ မေတ္တာစွမ်းအားကြောင့် နတ် နဂါး ဘီလူးများကိုပင် အောင်မြင်ခဲ့ခြင်း ၂၇၇
၁၅၅။ ဗုဒ္ဓဘုရားဖြစ်၍ ဘီလူး နဂါး နတ် ဗြဟ္မာများကို အောင်ပွဲ အလီလီရခဲ့ ၂၇၉
၁၅၆။ အောင်ပွဲမှူး အနန္တဇိနမြတ်ဗုဒ္ဓ ၂၈၀
၁၅၇။ သာကီဝင်တို့ သကျနိုင်ငံကို အပြီးတိုင် စွန့်လွှတ်ခဲ့ခြင်း ၂၈၂
၁၅၈။ သာကီဝင်လူမျိုးတို့ တာဝန်ပြီးဆုံးပြီ ၂၈၈
၁၅၉။ သာကီဝင်ဗုဒ္ဓချုတ်တော်မူ၍ ကျွတ်တန်းဝင်သမျှ ၂၈၉
၁၆၀။ သာကီဝင် မြတ်ဗုဒ္ဓ၏ သာသနာ့တာဝန်ကို သာကီဝင် မြန်မာတို့ဆက်ထမ်းရမည် ၂၉၁
၁၆၁။ ဘုရားရှင်၌ လူမျိုးစွဲဒေသစွဲ ကင်းတော်မူသည် ၂၉၂
၁၆၂။ ဗုဒ္ဓဘာသာ၏ အဓိကတရားလေးပါး ၂၉၃

၁၆၃။ ဘုရားရှင်သည် ဘာကြောင့် သာကီဝင်မင်းမျိုး၌ ဖြစ်ခဲ့ရပါသနည်း ၂၉၉

## ဒွါဒသမပိုင်း

၁၆၄။ ဘာမထိ မဟာအာဇာနည် သာကီမျိုးဟော့ ဒို့ဗမာ ၃၀၅
၁၆၅။ ဘာမထိ မဟာအာဇာနည် ၃၁၀
၁၆၆။ သာကီမျိုးဟော့ ၃၁၁
၁၆၇။ သကျပုတ္တ ၃၁၂
၁၆၈။ သာကီဝင်တို့ တကောင်းမင်းဆက်ကို တည်ထောင်ကြခြင်း ၃၁၃
၁၆၉။ မြန်မာအစ တကောင်းက ၃၁၇
၁၇၀။ ဒုတိယတကောင်းမင်းဆက် ၃၁၉
၁၇၁။ နှစ်ပေါင်း ၆၀၀၀ လောက်က မြန်မာ့မြို့ဟောင်း တကောင်းသက်သေ ၃၂၀
၁၇၂။ တကောင်းအဘိရာဇာကိုကြောက်သောနယ်ချဲ့ ၃၂၁
၁၇၃။ မြန်မာနှင့်တကောင်းကို အစဖျောက်ခဲ့ခြင်း ၃၂၂
၁၇၄။ မိုင်းမောမြို့ဟောင်းကြောင့် သူတို့အဆိုပျက်ခဲ့ပြီ ၃၂၃
၁၇၅။ မြစေတီကျောက်စာ ၃၂၃
၁၇၆။ ကိုလိုနီတို့ တကောင်းပျောက်အောင်လုပ်ခဲ့ ၃၂၄
၁၇၇။ သာကီဝင်တို့ ဘာကြောင့်မြန်မာပြည်သို့ အပြီးပြန်ခဲ့သနည်း ၃၂၅
၁၇၈။ ဗုဒ္ဓသာသနာအတွက် မြန်မာပြည်သည် ပင်မကျောရိုးမဏ္ဍိုင် ၃၂၈
၁၇၉။ သာသနာ့တာဝန်ကြီးကို မြန်မာသာ ထမ်းရွက်နိုင်သည် ၃၃၀

၁၈၀။ သင်္ဂါယနာတင်၍ သာသနာတော်ကို အစွမ်းကုန်ကိုးကွယ်ခဲ့၃၃၄

၁၈၁။ ဆဋ္ဌသံဂါယနာ ၃၃၅

၁၈၂။ တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး ၃၃၆

၁၈၃။ ပိဋကသုံးပုံ ၃၃၇

၁၈၄။ မြန်မာပြည်တိုင်းကြီးဆယ်တိုင်း ၃၃၉

၁၈၅။ သာကီဝင်နှင့် မြန်မာတို့လူမျိုးတူဖြစ်သည်ဟူသော
ခိုင်လုံသော သက်သေများ ၃၄၁

၁၈၆။ ရုပ်ရည် အသွင်အပြင် အသံတူညီကြသည် ၃၄၂

၁၈၇။ အထူးအခွင့်အရေးပေးအပ်ခဲ့သည် ၃၄၄

၁၈၈။ ရခိုင်သက္ကရာဇ်က ပြောသော သမိုင်းမှန် ၃၄၆

၁၈၉။ အမည်မှည့်ပုံ စနစ်ချင်းတူညီသည် ၃၄၈

၁၉၀။ ပါဠိသံထွက်အရ သကျမြန်မာတူသည် ၃၄၉

၁၉၁။ ဗုဒ္ဓသာသနိကပဋ္ဌဝီဝင်ကျမ်းပြုဆရာတော်ကြီး အဆိုအမိန့် ၃၄၉

၁၉၂။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ရေးသားချက် ၃၄၉

၁၉၃။ ဂေါတမပူရမ်ကျမ်း အလာ ၃၅၀

၁၉၄။ ရာဇဝံသဂဏ္ဌာပဒတ္ထ ဘာဝနီကျမ်းအဆို ၃၅၀

၁၉၅။ သာကီဝင်တို့သာ မဇ္ဈိမဒေသသားများဖြစ်လျှင် ၃၅၀

၁၉၆။ ပါဠိစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုများ ၃၅၀

၁၉၇။ လက်ရှိအချိန်ထိ နေဝါရီနှင့် မြန်မာတူညီကြသည် ၃၅၁

၁၉၈။ လူမှန်ပုဂ္ဂိုလ်မှန် ကိုးကွယ်တတ်ကြပါစေ ၃၅၂

၁၉၉။ ဆုတောင်းမင်္ဂလာ နိဂုံးပတ္တနာ ၃၅၄

၂၀၀။ စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၃၅၅

၂၀၁။ မှီငြမ်းကိုးကား စာအုပ်များစာရင်း ၃၅၆
စာအုပ်အလှူရှင်များစာရင်း

# ကျမ်းဦးမှတ်ဖွယ်

စာရေးသူသည် ဤစာအုပ်ကို ရေးသားတင်ပြနိုင်ရန်အတွက် အချိန်ကာလများစွာ အသုံးပြုခဲ့ရပါသည်။ ဤစာအုပ်ကို လောကီစာပေ ဘာသာရပ်မျိုးစုံနှင့် လောကုတ္တရာစာပေ ဘာသာရပ်မျိုးစုံကို စနစ်တကျ လေ့လာသုံးသပ်ပြီးမှ ရေးသားရသဖြင့် လွန်စွာပင်ပန်းခဲ့ပါသည်။ ပင်ပန်းသော်လည်း လွန်စွာကျေနပ်ပါသည်။ ပင်ပန်းသော်လည်း ကြည်နူးဝမ်းသာရှိရပါသည်။

စာရေးသူသည် ငယ်စဉ်ကာလ သာမဏေဘဝဖြင့် ပါဠိစာပေကို လေ့လာခဲ့ပါသည်။ လောကုတ္တရာ စာပေလောကတွင် အတော်ဆုံး အကျော်ဆုံးဟု ကျော်ကြားလှသော ဒဿမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး တည်ထောင်ဖွင့်လှစ်သည့် မြောင်းမြမြို့ ပဏ္ဍောတာရုံ ပါဠိ တက္ကသိုလ်ကျောင်းတိုက်၌ ပိဋကစာပေတတ်ကျွမ်းလှသည့် ဆရာကောင်းများထံတွင် စာသင်ခဲ့ရပါသည်။ အစိုးရ ပထမပြန်စာမေးပွဲတွင် ငယ်လတ်ကြီး ဓမ္မာ စရိယ စာမေးပွဲများကို ပါဠိဘာသာဖြင့် အောင်မြင်ခဲ့ပါသည်။ လောကုတ္တရာစာပေများကို သင်ယူရသဖြင့် ဘုရားရှင်အပေါ် လွန်စွာ ကြည်ညိုခဲ့ရပါသည်။ ဘုရားရှင်၏ ဓမ္မဒေသနာ ပိဋကစာပေတို့သည်လည်း လုံးဝပြည့်စုံ တိကျမှန်ကန်လှကြောင်း သံသယမရှိ ယုံကြည်ခဲ့ပါသည်။

ဗုဒ္ဓဘာသာစာပေတို့သည် ပရမတ္ထသစ္စာ ထာဝရမှန်ကန်မှုကို ပေးသောစာပေတို့ ဖြစ်ပါသည်။ ထို ဓမ္မစာပေတို့ကို သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် သုံးသပ်ဟောပြထားသဖြင့် လွဲချော်မှားယွင်းသည်ဟု မရှိနိုင်ကြောင်း တထစ်ချ လက်ခံထားပါသည်။ ဗုဒ္ဓကို အသက်နှင့်ထပ်တူ ယုံကြည်သဖြင့် ဗုဒ္ဓ၏ ဆွေတော်မျိုးတော် ပါရမီရှင်တို့ကိုလည်း အလိုလို လေးစားပြီး ကြည်ညို

ပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာတွင် ကြောင်းကျိုးဆက်စပ်မှု မရှိဘဲ ဖြစ်ပေါ်လာရသည်ဟု မရှိပါ။ ဖြစ်သမျှ အကောင်းအဆိုး မှန်သမျှသည် သံသရာ ခရီးရှည်ကြီးတွင် မိမိပြုလုပ်ခဲ့သော ကံတရားကြောင့် အကျိုးပေး ဖြစ်ပေါ်နေရခြင်းသာ ဖြစ်ပါသည်။ ဗုဒ္ဓဖြစ်ရေးအတွက် ပါရမီကုသိုလ်ကံများစွာကို ဆည်းပူးခဲ့ရပါသည်။ ထို့အတူ ဗုဒ္ဓနှင့် ဆက်စပ်သောသူများ (ဆွေမျိုး မိတ်ဆွေ သာဝက) ဖြစ်ရန်လည်း ကုသိုလ်များစွာ ဖြည့်ဆည်းရမည် မုချပါ။

ဗုဒ္ဓစာပေတွင် ပါဝင်သော လောကနှင့် စပ်ဆိုင်သော အကြောင်းအရာတို့ကို လေ့လာရသောအခါ ခေတ်ပညာနှင့် ရေးသားထားသော လောကီစာပေများနှင့် ကွဲလွဲနေသည့်အရာများကို သိလာရပါသည်။ လောကီစာပေဘာသာရပ်တို့မှာလည်း ကမ္ဘာအရပ်ရပ်ရှိ ပညာရှင်တို့ အသိအမှတ်ပြုထားသော လောကအမြင်ခေတ်အမြင်ဖြစ်၍ ငြင်းပယ်၍ မရသည့်အရာများလည်း ရှိပါသည်။ ကမ္ဘာ့လူဦးရေ အများစုက လက်ခံထားသော ဘာသာရပ်များဖြစ်၍ ပေါင်းစပ် ညှိနှိုင်း အဖြေရှာရန်လိုအပ်လာပါသည်။ ထို့ကြောင့် စာရေးသူသည် ခေတ်ပညာများကို သင်ယူရန် ကြိုးစားခဲ့ပြန်ပါသည်။

ကံအားလျော်စွာ ပင် တက္ကသိုလ်ဝင်တန်း အောင်မြင်သောအခါ ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်သို့ ဆက်လက်ပညာသင်ရန် တက်ရောက်ခဲ့ပါသည်။ တက္ကသိုလ်တွင် ပထဝီဝင် အဓိကဘာသာရပ်ကို သင်ယူခဲ့ပါသည်။ ပထမနှစ်တွင် သမိုင်းဒဿနိက ဝိဇ္ဇာပညာရပ်များကို သင်ယူခဲ့ပါသည်။ ဒုတိယနှစ်တွင် ရုက္ခဗေဒ သတ္တဗေဒ ရူပဓာတု သိပ္ပံဘာသာရပ်များကို သင်ယူခဲ့ပါသည်။ တတိယနှစ်တွင် ဘူမိဗေဒ ဘာသာရပ်ကို သင်ယူပါသည်။ နောက်ဆုံးနှစ်တွင် ပထဝီဝင် ဘာသာရပ်ကို ရှုဒေါင့်မျိုးစုံက သင်ယူပါသည်။ တက္ကသိုလ်တွင် ပညာသင်ယူစဉ် ပါမောက္ခများ ကထိကများနှင့်တွေ့ဆုံ၍ သိလိုသမျှကို အတွင်းကျကျ ဆွေးနွေးခဲ့ပါသည်။ စာကြည့်တိုက်ကြီးသို့ နေ့စဉ်သွား၍ သိကောင်းစရာ ပညာရပ်မျိုးစုံကို အင်္ဂလိပ် မြန်မာမွှေနှောက် ဖတ်ရှုလေ့လာခဲ့ပါသည်။ ဤသို့ဖြင့် ခေတ်ပညာတတ်များ တတ်သိထားသည့် လောကီပညာရပ်များကို ကျေနပ်အားရ လောက်သည်အထိ သင်ယူခဲ့ မေးမြန်းခဲ့ စုံစမ်းခဲ့ စူးစမ်းခဲ့ ဖတ်ခဲ့ မှတ်ခဲ့ပါသည်။ တက္ကသိုလ်တက်သည်မှာ သိလိုရာရာကို သိရှိလေ့လာရန် ရည်ရွယ်

ချက်ထားခဲ့သဖြင့် မိမိသိလိုသော ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်တို့ကို ဆရာနည်းကျ စနစ်တကျ လေ့လာနိုင်ခဲ့သည်ဟု ဆိုရပါတော့မည်။

ထို့နောက် လူ့လောကတွင် သိသင့်သိထိုက်သော ဥပဒေပညာ တိုင်းရင်းဆေးပညာ နိုင်ငံရေး ပညာရပ်တို့ကို လေ့လာပြီး သာသနာရေးဌာနတွင် ဝန်ထမ်းလုပ်ပါသည်။ ဝန်ထမ်းဘဝတွင် ပိဋကစာပေတို့ကို အနီးကပ်လေ့လာခွင့် ရေးသားခွင့် သင်ကြားခွင့် သင်ပြခွင့် ဟောပြောခွင့်တို့ကို ရပြန်ပါသည်။ နေ့စဉ် အချိန်တချိန်ပေး၍ ပိဋကသုံးပုံ အဋ္ဌကထာ ဋီကာ စာပေမျိုးစုံတို့ကို ဖတ်ရှုခဲ့ရာ ပိဋကသုံးပုံကို နှစ်ခေါက်မျှထိ အားပါးတရ လေ့လာနိုင်ခဲ့ပါသည်။ ထို့နောက် ပညာရှင်ဆရာကြီးများ ဖြစ်ကြသော ဆရာကြီးဦးစပ်ထွန်းမှတ်ဝင်း ဆရာကြီးဦးရွှေအောင်၊ ဆရာကြီးဦးထွန်းလှိုင်၊ ဆရာကြီး ဓမ္မာစရိယဦးဖြေလှိုင်၊ ဆရာကြီး ဦးအေးနိုင်၊ ဆရာကြီးဦးကျော်ထွန်း၊ ဆရာကြီးဦးဗိုလ်မောင်၊ ဆရာကြီးဦးအောင်ခိုင်၊ ဆရာကြီးဦးမောင်မောင်လေး၊ ဆရာကြီးဦးသောင်းလွင်စသော ပညာရှင်ကြီးတို့နှင့် တစ်စားပွဲတည်းထိုင်၍ ဆွေးနွေးရ၊ မေးမြန်းရ၊ ညှိနှိုင်းရသဖြင့် ပညာဗဟုသုတများစွာရခဲ့ပါသည်။

နိုင်ငံခြား ရဟန်းတော်များဖြစ်သည့် သီရိလင်္ကာ, ကိုရီးယား, တရုတ်, ဘင်္ဂလာဒေ့ရှ်, လာအို, ရုရှ တို့ကို စာသင်ပေးရပြန်သဖြင့် နိုင်ငံတကာဗဟုသုတများ ရခဲ့ပြန်ပါသည်။ ဆရာဦးအောင်သိန်းညွန့် ဆရာတက္ကသိုလ်သျှင်သီရိ (ဦးကိုကိုမြိုင်) စသူတို့နှင့် လုပ်ဖော်ကိုင်ဘက်အဖြစ် လက်တွဲ အတွေ့အကြုံ ဖလှယ်ခွင့်ရပြန်သဖြင့် အသိပညာ တိုးတက်ခဲ့ပြန်ပါသည်။

ထိုသို့သော အတွေ့အကြုံများကို အသုံးပြု၍ လူ့လောကအတွက် သာသနာတော်အတွက် အရေးပါပြီး အကျိုးရှိမည့် စာအုပ်စာပေများကို ပြုစုရပါတော့သည်။ ဗုဒ္ဓဘာသာတရားတော် ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ အင်္ဂလိပ် ပါဠိ မြန်မာ ဗုဒ္ဓဘာသာဝေါဟာရ အဘိဓာန်၊ သာ ထွန်းပြန့် ဓမ္မစာစောင်၊ ကပ္ပိယကောင်းတစ်ယောက်၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တမဏ္ဍိုင်ပညာ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲတို့ကို စုပေါင်းပြုစုပြီးနောက် ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုပြဿနာ၊ ဗုဒ္ဓအဘိဓမ္မာနှင့် စကြဝဠာသိစရာ၊ ကမ္ဘာ့အကောင်းဆုံးဘာသာ၊ မြတ်ဗုဒ္ဓအဘိဓမ္မာနှင့်

တာဝတီသာ၊ ကံကောင်းလေစွ ဗုဒ္ဓဘာသာဘဝ၊ ဗုဒ္ဓနှင့် မြန်မာလူမျိုး၊ စိစစ်ဝေဖန် သမိုင်းမှန်၊ မြန်မာစစ်စစ် မင်းကျန်ရစ်၊ လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ ဆရာတော်ဦးဗုဓ်၊ မဟာဂန္ဓာရုံဆရာတော်၊ မဟာဝိသုဒ္ဓါရုံဆရာတော်၊ စံကင်းဆရာတော်၊ မြောင်းမြဆရာတော်၊ ရွှေဟင်္သာဆရာတော်၊ ရွှေကျင်ဆရာတော်၊ ရွှေစေတီဆရာတော်၊ ကုသိန္နာရုံဆရာတော် စသော စာအုပ်များကို ပြုစုထုတ်ဝေခဲ့ပါသည်။

စာရေးသူသည် ဗုဒ္ဓနှင့် မြန်မာလူမျိုးစာအုပ်ကို ရေးသားခဲ့ရာ ဝါသနာတူ စိတ်ရင်းတူကြသော ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) တမ္ဗဝတီ ဦးဝင်းမောင် စသော သမိုင်းပညာရှင်တို့နှင့် ရင်းနှီးရပြန်ပါသည်။ စာတမ်းဖတ်ပွဲကျင်းပရာမှ သမိုင်းဆရာတို့နှင့် ထပ်မံတွေ့ရပြန်ပါသည်။ ရှေးဟောင်းသုတေသန ပညာရှင်တို့နှင့် တွေ့ပြီး မြန်မာနိုင်ငံတော်ပြူခေတ်အကြောင်းကို ထပ်မံသိရှိခွင့်ရခဲ့ပြန်ပါသည်။

ယခုအခါမှာမူ စာရေးသူသည် ငယ်စဉ်ကာလမှ ယနေ့ထိ နှစ်ပေါင်းများစွာ လေ့လာထားသော ဗုဒ္ဓနှင့် ပတ်သက်သော ပါဠိစာပေ၊ သမိုင်းစာပေ၊ ရာဇဝင်တို့ကို စုစည်းပြီး ပြင်ဆင်ထားပါသည်။ ပိုမိုပြည့်စုံစေရန် အထောက်အထားများစွာ ပါရှိသော ဆရာချစ်စံဝင်း၏ ပျူစာအုပ်ကြီးမျိုးကို လေ့လာပါတော့သည်။ ပျူစာအုပ်ကြီးသည် စာရေးသူရေးလိုသော မြန်မာ့သမိုင်းကို များစွာအထောက်အကူပြုပါသည်။ ပျူစာအုပ်ကြီးကို ရေးသားပြုစုသော ပညာရှင်ဆရာကြီး ဦးချစ်စံဝင်းကို ကျေးဇူးအထူးတင်ပါသည်။ ယခုစာအုပ်တွင် ပါဝင်သော ပျူရှေးဟောင်းမြို့ပြအကြောင်းအရာများသည် ဆရာကြီးဦးချစ်စံဝင်း၏ လေ့လာတွေ့ရှိထားမှုများနှင့် ပညာရှင်အသီးသီး တွေ့ရှိမှုများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ စာရေးသူသည် ရှေးဟောင်းမြို့ပြမြို့တော်များကို ကွင်းဆင်း၍ ပစ္စည်းပစ္စယ ရှာဖွေဖော်ထုတ်ခြင်းထက် ရှေးဟောင်းမြို့ပြနိုင်ငံတွင်တွေ့ရသော ပျူတို့၏ ရှေးဟောင်းလက်ရာများ တွေ့ရပုံ၊ သက်တန့်တည်နေရာ, ခေတ်ကာလအခြေအနေများကိုသာ အဓိကထား၍ ရယူခဲ့ပါသည်။ ရှေးဟောင်းမြို့ပြသမိုင်းပညာရှင်တို့ တွေ့ရှိမှု အခြေအနေနှင့် သက်တန်းများကို ယူ၍ သာကီဝင်တို့၏ အကြောင်းကို အကျယ်ချဲ့ ဆက်စပ်တင်

ပြခြင်းသာ ဖြစ်ပါသည်။ **ခေတ်တွေ့ရှိမှုနှင့် ဗုဒ္ဓစာပေပါရှိမှုတို့ကို ယထာဘူတကျကျ မဖျို့မ ပဋိပဒါကျကျ ဘက်လိုက်မှုမရှိ သုံးသပ်ခဲ့ပါသည်။**

ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်တို့၏ တွေ့ရှိချက်များသည် သူတို့တွေ့ရှိသောအရာဝတ္ထုများ၏ သက်တန်းလက်ရာ အခြေအနေများပေါ်မူတည် သုံးသပ်ကြပါသည်။ သူတို့မှာ ပညာရှင်များဖြစ်၍ ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တန်းကိုသာ သိပ္ပံနည်းကျတွက်ချက်ကြမည်ဖြစ်ပါသည်။ မှန်လည်း မှန်ပါသည်။ ရုပ်ဝတ္ထုမှာ မျက်မြင်သက်သေဖြစ်၍ အလိုရှိသည့်အခါတိုင်း ကြည့်ရှု၍ ရပါသည်။ ဤသည်မှာ ရုပ်၏သဘာဝဖြစ်ပါသည်။ ရုပ်ဝတ္ထုမည်သည် ဒြပ်ရှိသဖြင့် ကိုင်တွယ်စမ်းသပ်၍ ရနိုင်ပါသည်။ ရုပ်သဘာဝသက်တန်းရှိပါသည်။

သို့သော် ရုပ်နာမ်တွဲစပ်နေသော သက်ရှိလူ၏ သဘာဝ အမှန်တရားကိုဖော်ထုတ်ရာ၌ **ရုပ်ကိုအဓိကအခြေခံထားပြီး စိတ်စေတသိက် ကံတရားများကို ထည့်သွင်းတွက်ချက်မှသာ အဖြေမှန် ရနိုင်ပါသည်။** တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းသည် လူသားတစ်ဦးဖြစ်ပါက ထိုလူသားကို **ဖွဲ့စည်းထားသော ရုပ်တရား နာမ်တရား ကံတရားများ၏ စွမ်းအားကိုလည်း ထည့်သွင်း စဉ်းစားရပါမည်။ သို့မှ ပြည့်စုံသော လူ့ဘဝ ဖြစ်စဉ်ကို ရရှိမည် ဖြစ်ပါသည်။**

မြန်မာပြည်မှာတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းအရ လူတစ်ယောက်၏ အရိုးသည် ရုပ်သဘာဝအရ ယခုအခါ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေပါသည်။ သိပ္ပံသဘောအရ ထိုရုပ်ကြွင်း၏သက်တန်းစသည်ကို တွက်ချက်၍ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ ဟု အဖြေထုတ်လျှင် လုံလောက်ပြီ မှန်ပြီဖြစ်သော်လည်း ရုပ်နာမ်သဘာဝအရ ထိုရုပ်ကြွင်း၏ဘဝဖြစ်စဉ်ကို ဆက်လက်ဖော်ထုတ်ရပါဦးမည်။ ထို့ကြောင့် ရုပ်ကြွင်း၏ ရုပ်သဘာဝကို ဆက်လက်ရှာဖွေရာမှ ပရိုင်းမိတ်လူတူရုပ်ကြွင်းများ၊ ထို့နောက် ရှေးဦးလူများ၊ ထို့နောက် ကမ္ဘာဦးလူများ၊ ထို့နောက် နွယ်ခွေလူများ၊ ထို့နောက် မြန်မာလူများ၊ ထို့နောက် အညာသားကြီးများ၊ ထိုနောက် ပြဒါးလင်ဂူ စသည်တို့၌နေကြသော ဂူနေလူများ၊ ထို့နောက် ရေခဲလွှမ်းသောခေတ်၊ ထို့နောက် မိုးခွေကာလ၊ ထို့နောက် ဂူများမှ

ထွက်၍ မြေပြင်သို့ခြေတင်ကြသူများ၊ ထို့နောက် ကျောက်ခေတ်လူများ၊ ထို့နောက် မြေပြင်တလျှောက်နယ်သစ်ရှာထွက်ကြသူများ၊ ထို့နောက် ကြေးခေတ်၊ ထို့နောက် သံခေတ်၊ ထို့နောက် မြို့ပြပြည်ရွာ အပြိုင်တည်ဆောက်၍ ယဉ်ကျေးမှုစတင်ထွန်းကားလာသောအချိန် စသည်တို့ကို သူတို့သုံးစွဲခဲ့သော ရုပ်ဝတ္ထုများ တည်ဆောက်ခဲ့သောအချိန်ကာလများ၊ လက်ရာများ၊ ပုတီးစေ့များ၊ လက်စဉ်းရာအုတ်များ၊ အိုးအမျိုးမျိုး၊ လက်နက်အမျိုးမျိုးများ ဓလေ့ထုံးစံများကို ဆက်စပ်ပြီး တွက်ချက်သတ်မှတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ပြူလူမျိုးတို့သည် ဂူနေဘဝမှ ထွက်ခွာကြပြီး မြေပြင်တွင် လှည့်လည်ကြ မြန်မာပြည်အနှံ့မြို့ပြများ တည်ဆောက်ကြကာ နေထိုင်ကြသည်။ ထိုလူမျိုးကို အညာသားများဟု ခေါ်တွင်ကြပုံ၊ မိမိအိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်လူမျိုးများက ဗြဟ္မာလူမျိုးခေါ်ခဲ့ကြပုံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကလည်း ဗြဟ္မာလူမျိုးခေါ်ခဲ့ကြပုံ၊ အိန္ဒိယမြောက်ပိုင်းသားများကလည်း ဗြဟ္မာလူမျိုးခေါ်ခဲ့ကြပုံ ထိုလူမျိုးတို့သည် တကောင်းမြို့ပြနိုင်ငံတော်ကို တည်ဆောက်ခဲ့ပုံ၊ နောက်ထပ် သုတေသနပြုမှုအရ တကောင်းမြို့မြို့ဟောင်း သည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင်ရှေးဦးတည်ထောင်ခဲ့ပုံ၊ ယခုအခါ တကောင်းမြို့ဟောင်းမှာ ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိပုံ၊ ထိုသို့ ဖြစ်ရသည်မှာ ဧရာဝတီမြစ်ကြီး မြစ်ကြောင်းပြောင်းလဲစီးဆင်းခဲ့၍ ဖြစ်ပုံ၊ မြစ် ကြောင်းပြောင်းမှုကို ဘူမိဗေဒသဘောအရ တွက်ချက်သောအခါ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ လောက်က ပြောင်းခဲ့ပုံ၊ ထို့ကြောင့် ပြူလူမျိုး ဗြဟ္မာလူမျိုး တို့ ရှေးဦးတည်ထောင်ခဲ့သော ပြူမြို့ပြတကောင်းမှာ သက်တမ်းနှစ်ပေါင်း ၆၀၀၀ မကကြာခဲ့ပုံ စသည်တို့ကို ရှေးဟောင်းသမိုင်း သုတေသီပညာရှင်တို့၏ ကျေးဇူးကြောင့်သိခဲ့ရပါသည်။

ထို့နောက် တကောင်းနိုင်ငံတော်သည် သမိုင်းကွင်းဆက် မြန်မာပြည်တွင် ခေတ္တပျောက်ကွယ်နေခဲ့ပြီး သက္ကသကျလူမျိုးဟူသောအမည်ဖြင့် ဟိမဝန္တာတောင်ခြေတွင် သကျနိုင်ငံတော်ဟူ၍ ပေါ်ထွန်းလာခဲ့ပါသည်။ သကျနိုင်ငံတော်သည် နှစ်ပေါင်းထောင်နှင့်ချီ၍ တည်ရှိခဲ့ပြီး ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့်နှစ်တွင် ဝိဋ္ဋူဘဘေးကြောင့် တကောင်းသို့ အပြီးပြန်လာခဲ့ပုံ၊

တကောင်းရောက်လာသောအခါ တကောင်းမင်းဆက်ကို ဆက်လက်တည်ဆောက်ပြီး မြန်မာလူမျိုးတို့နှင့်ပေါင်းကာ မြန်မာလူမျိုးဖြစ်သွားပုံတို့ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ပိဋကစာပေနှင့် မြန်မာ့ရှေးဟောင်းရာဇဝင်ကျမ်းတို့ကို အဓိကထားလေ့လာရပါသည်။

သကျအမည်ခံသော မြန်မာလူမျိုးတို့ထဲမှ ဗုဒ္ဓရှင်တော် ပွင့်ပေါ်တော်မူလာခဲ့သည်ဟူသော အယူအဆနှင့် ပတ်သက်၍ ဘုရားရှင်သည် အိန္ဒိယနိုင်ငံတွင် ပွင့်ခဲ့သည်။ သာသနာတော် ဖြန့်ဝေခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓသည် အိန္ဒိယနိုင်ငံသားဖြစ်သည်ဟူ အယူအဆကို ရှေးခေတ်ပညာရှင်တို့က ယူဆလက်ခံခဲ့ပါသည်။ ထိုအယူအဆကို တကမ္ဘာလုံးနီးပါးက အမှန်ဟု ယူဆခဲ့ပါသည်။ သို့သော်လည်း နောက်ပိုင်းတွင် တွေ့ရှိရသော ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းဖြစ်စဉ်များကို ဆက်စပ်လေ့လာသောအခါ ဗုဒ္ဓမြတ်စွာသည် ယခု နီပေါနိုင်ငံတွင် သကျနိုင်ငံတည်ထောင်ပြီး သကျလူမျိုး သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာတို့မှာ မွေးဖွားခဲ့သည်။ သက်တော် ၂၉နှစ်ထိ ကပိလဝတ္ထုတွင် ထီးနန်းစိုးစံခဲ့သည်။ ထို့ကြောင့် **ဗုဒ္ဓ၏ ဇာတိဖြစ်စဉ်သည် သကျနိုင်ငံဖြစ်ပြီး၊ ဘုရားဖြစ်ပြီးနောက် သာသနာပြုရာ ပဝတ္တိကာလဖြစ်စဉ်**သည် အိန္ဒိယဖြစ်သည်ဟု ခွဲခြားသိမှတ်ကြသည်။ ထိုဖြစ်စဉ်သည် ဘုရားရှင်၏ တစ်ဘဝတည်းကိုသာကြည့်၍ ခွဲခြားခြင်းဖြစ်သည်။

ထိုသူတို့သည် ဗုဒ္ဓကိုလည်း တန်ဘိုးမထားကြပေ။ ပို၍ ဆိုးသည်မှာ ဗုဒ္ဓ၏ ဆွေတော်မျိုးတော် သာကီဝင်တို့၏ တန်ဘိုးကို နားလည်မှုမရှိခြင်းပင်ဖြစ်သည်။ ဗုဒ္ဓပွင့်ရာ နယ်မြေသည် ဟိန္ဒူဂုဏ်ဒလွှမ်းမိုးရာ အိန္ဒိယမြေဖြစ်သည်။ အိန္ဒိယမြေ၌ ဗုဒ္ဓသည် အနတ္တဒေသနာတော်ကို ဟောပြပြီး သာသနာပြုခဲ့သည်။ ဟိန္ဒူတို့က မကျေ နပ်ခဲ့ပေ။

ထိုသူတို့သည် သာကီဝင်လူမျိုးတို့ကို မင်းမျိုးဖြစ်သည်ဟုပင် လက်မခံလိုကြ။ သာကီဝင်လူမျိုးသကျဗုဒ္ဓကို လူတို့အမြတ်တနိုး ကိုးကွယ်ကြသည်ကို မရှုစိမ့်ကြ။ သကျနိုင်ငံသည် အိန္ဒိယနိုင်ငံကြီး၏ နံရံကပ်နိုင်ငံပေါက်စလေးဖြစ်သည်။ သာကီဝင်လူမျိုးသည် တောသူတောင်သား ဆင်းရဲသားဆင်ကျောင်းသူများဖြစ်သည်။ ကုလ္လဗ္ဗ ဇာတ်နိမ့်လူရိုင်းများဖြစ်သည်။ အဘိရာဇာ

လက်ထက်တွင် တစ်ကြိမ်၊ ဇေရာဇာလက်ထက်တွင် တစ်ကြိမ် အိန္ဒိယသား တို့နှင့် ယှဉ်ပြိုင်ရာ စစ်ရှုံး၍ ခြေဦးတည်ရာထွက်ပြေးခဲ့ရသည့် အရှုံးသမား များသာ ဖြစ်သည်။ ယခုထို လူမျိုးပျောက်ကွယ်သွားပြီ၊ သူတို့ သမိုင်းမရှိတော့ဟု နှိမ်နှိမ်ချချ တွေးခေါ်မှတ်ယူကြပြီး သူတို့စာပေများတွင် ရေးခဲ့ကြသည်။

အဆိုးဆုံးမှာ ဗုဒ္ဓဝင်ကို ယုံတမ်းပုံပြင်ဖြစ်အောင် ဖန်တီးခဲ့ကြသည်။ သကျသာကီဝင်လူမျိုးကို အထင်ကြီးမှုလုံးဝမရှိ၊ လေးစားမှု လုံးဝမရှိ၊ ဗြာဟ္မဏ ဘာသာ၏ ရန်သူဖြစ်သည်ဟု အမြဲတမ်းအပုတ်ချကာ သာသနာတော် ကွယ် ပျောက်ရေး ဗုဒ္ဓဘာသာကွယ်ပျောက်ရေးအတွက် ဗုဒ္ဓဘာသာခေါင်းဆောင် ရဟန်းတော်များကို သတ်ဖြတ်နှိပ်စက် နလံမထူအောင်လုပ်ခဲ့ကြသည်။ နှစ် ပေါင်း ၈၀၀ အတွင်း ဟိန္ဒူများနှင့် မွတ်ဆလင်လူရမ်းကား လူယုတ်မာတို့ ၏ ပတ်စက်သော ရက်စက်မှုကြောင့် ဗုဒ္ဓဘာသာရဟန်းတော်များ ၅ ကုဋေ လောက် ဇက်ဖြတ်သတ်ဖြတ်ခံခဲ့ရသည်။ ရဟန်းတော်များနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူ လူများကို ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းပစ်ပြီး ဗုဒ္ဓဘာသာစေတီ ပုထိုးများ ဗုဒ္ဓရုပ်ပွားတော်များ သာသနိက အဆောက်အဦးများကို ဖြိုဖျက်ကာ လမ်းခင်း တံတားဆောက် အိမ်ဆောက်ခဲ့ကြသည်။

ခေတ်သစ် သိပ္ပံပညာရှင်များ၏ကျေးဇူးကြောင့် ရှေးဟောင်း မနုဿဗေဒ ရှေးဟောင်းမြို့ပြတူးဖော်တွေ့ရှိမှုများကို သိလာရပါသည်။ လွန်ခဲ့သော နှစ် သန်းပေါင်း ၄၀ က လူတူပရိုင်းမိတ်များမှစ၍ မျက်မှောက်ခေတ်ထိ ဖော်ထုတ် နိုင်ခဲ့ပါပြီ။ လူသားလောကကြီးကို မည်သည့် ဘုရားရှင်, မည်သည့် တန်ခိုး ရှင်, မည်သည့် နတ်ပြဟ္မာ, မည်သည့် ထာဝရဘုရား, မည်သည့်တမန် တော်, မည်သည့်ဝိညာဉ်တော်, မည်သည့် အနန္တတန်ခိုးရှင်, မှ ဖန်ဆင်းခဲ့ သည်ကို မတွေ့ရပါ။ လူသားတို့သည် အဆင့်ဆင့် ဆင့်ကဲပြောင်းလဲတိုး တက်ဖြစ်ပေါ်လာခြင်းသာ တွေ့ရပါသည်။ မည်သည့်ဖန်ဆင်းရှင်၏ ဖန်ဆင်း မှုမျိုးကိုမှ မတွေ့ရပါ။ အကယ်၍ ဖန်ဆင်းရှင် တန်ခိုးရှင် အနန္တတန်ခိုးရှင်တို့၏ အစွမ်းသတ္တိသာဆိုလျှင် ဤကဲ့သို့ ဖြစ်စဉ်အဆင့်ဆင့် ပြောင်းလဲနေရမည် မဟုတ်ပါ။ တစ်ခါတည်း အသိဉာဏ်ရင့်ကျက်သော ခေတ်သစ်လူသား **Modern Man** အဖြစ် ရောက်ရှိရမည်ဖြစ်ပါသည်။ ခေတ်သစ်လူသား

ဘဝရောက်ရှိရန် တကယ်တော့ အဆင့်ဆင့်ပြောင်းခဲ့ရပါသည်။ ကျောက်ခေတ် တလျှောက် ကျောက် ကြမ်းခေတ် ကျောက်ခေတ်လယ် ကျောက်ချောခေတ် နှစ်ပရိစ္ဆေဒထောင် သောင်းချီ၍ ကြာခဲ့ပါသည်။ ဖန်ဆင်းရှင် တန်ခိုးရှင်တို့ ဖန်ဆင်း၍သာ လူသား များ ဖြစ်ခဲ့သည်။ လူ့လောကကြီးများ ဖြစ်ခဲ့သည်ဆိုလျှင် ဘာကြောင့်ထိုမျှ ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ နေခဲ့ရပါမည်နည်း။ နေ့ချင်း ညချင်း ခေတ်သစ် လူဘဝရောက်ခဲ့ရမည် မဟုတ်ပါလော။ ခေတ်သစ်လူဘဝ ရောက်ရန် ယခုမှာမူ အနည်းဆုံး နှစ် ၁ သန်းမှ ၁ သောင်းထိ ရှန်းကန် လှုပ်ရှား ကျောက်ခေတ်လူသားဘဝ လူကြမ်းဘဝကြမ်းကြီးကို ဖြတ်သန်း ခဲ့ရပါသည်။

လူ့အဖြစ်သည် ရခဲလှသည်ဟူသော ဒေသနာတော်နှင့် ကိုက်ညီနေ ပါသည်။ အနန္တတန်ခိုးရှင်ဘုရားရှင်တို့ ဖန်ဆင်းခြင်းကြောင့် လူဖြစ်လာရ သည် ဟူသော စကားသည် တကယ့်လူ့လောက ဖြစ်စဉ်နှင့် ကွဲလွဲနေပါ သည်။ ပုံပြင်ကို အမှန်ထင်ကိုးကွယ်နေကြသည့် ဖန်ဆင်းရှင်ကို ကိုးကွယ် သော ဉာဏ်ကြီးရှင် လူသားတို့ စဉ်းစားကြစေလိုပါသည်။ ပုံပြောကောင်း အသိဉာဏ်မဲ့သူတို့၏ စကားကိုယုံ၍ လိုက်နာလျှင် သံသရာဝယ်နစ်နာပါ လိမ့်မည်။ တကယ့်လူ့ဖြစ်စဉ်နှင့် မကိုက်ညီသော အပြောကောင်း အဟော ကောင်းသည့် ဖန်ဆင်းရှင်ဝါဒကို ပယ်ရမည်သာတည်း။

ဖန်ဆင်းရှင်ကိုးကွယ်သောသူတို့သည် သူတို့ဘုရားကို လူ မဟုတ်သော သူများဟု သတ်မှတ်ခဲ့သည်။ လူမဟုတ်သူများဆိုသဖြင့် နတ်ဗြဟ္မာ ဝိညာဏ်တော် အရှင်မြတ် အနန္တတန်ခိုးရှင်များဟု ဖော်ပြကြ ပါသည်။ ထိုအနန္တတန်ခိုးရှင်များကို မည်သူက ဖန်ဆင်းပါသနည်း။ သို့ မဟုတ် ထိုအနန္တတန်ခိုးရှင် တို့၏ ဘဝဖြစ်စဉ်ကား အဘယ်ပါနည်း ဟု မေးရန်လိုလာပါသည်။ လူဖြစ်ရန်ပင် အဆင့်ဆင့်ပြောင်းလဲခဲ့ရသည် ကို သိပ္ပံပညာရှင်တို့ ဖော်ထုတ်ချက်အရ သိရပါပြီ။ ထိုလူတို့၏ ကိုးကွယ် ရာ ဘုရားသခင်၏ ဘဝဖြစ်စဉ်ကား အဘယ်ပါနည်း၊ ရှိကိုရှိရပါမည်။ ဖြစ်စဉ်မရှိသောအရာဟူ၍ လောကဌ် မရှိပါ။ အရာဝတ္ထုတိုင်း ဖြစ်စဉ်ရှိ ရပါမည်။ ဖြစ်စဉ်မရှိပါဟုဆိုလျှင် ထိုအရာသည်လည်း မရှိပါဟုသာ

ဆုံးဖြတ်ရပါမည်။ လူ့လောကဖြစ်စဉ်သည် လူ့လောကတွင်သာ သန္ဓေတည်ရပါမည်။ လူသားတို့နှင့် ဆက်ဆံရပါမည်။ လူသားတို့၏ ကောင်းဆိုးနှစ်တန်ကို လူသားတို့နှင့်သာ မျှဝေခံစားရပါမည်။ ထိုဘုရားသည် လူသားလောကနှင့် ကင်းကွာလျှင် လူသားတို့နှင့်မဆက်ဆံလျှင် လူသားတို့နေရာ မြေကမ္ဘာမှကျော်၍ ကောင်းကင်ကမ္ဘာနှင့်သာ ဆက်ဆံလျှင် ဖြစ်စဉ်မှန်ထက် ဒဏ္ဍာရီဆန်၊ ပုံပြင်ဆန် ယုံတမ်းစကားဆန် သဘာဝလွန် ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့် လူသားအကျိုးပြုဘုရားသည် လူသားဆန်ရန် လူသားသာ ဖြစ်ရပါမည်။

ဖန်ဆင်းရှင် ကိုးကွယ်သူတို့သည် လူသားကို အထင်သေးတတ်ကြပါသည်။ လူသားထက်လက်တွေ့မဆန်သော နတ်ပြဟ္မာဝိညာဏ်တော် အရှင်မြတ်တို့က ပို၍ ကြီးမြတ်ကြသည်ဟု သတ်မှတ်ကြပါသည်။ ထို့ကြောင့် လူသားက ဘုရားဖြစ်သည်ဟုဆိုလျှင် အထင်သေးကြပါသည်။ ဟိန္ဒူများက ပြာဟ္မဏများကို မဟာပြဟ္မာကြီး၏ ပါးစပ်မှ မွေးဖွားသည်ဟု သဘာဝလွန် အယူအဆကို လက်ခံကြပါသည်။

လောကကြီးနှင့် သတ္တဝါများကို ဓာတ်ကြီး လေးပါး သဘာဝတရားတို့ဖြင့် တည်ဆောက်ထားပါသည်။ လူသတ္တဝါနှင့် လောကဓာတ်စကြဝဠာသည် သဘာဝအတိုင်း တည်ရှိရပါသည်။ လူသားတစ်ဦးကို လူသားမိဘနှစ်ဦး ဆက်ဆံမှုမှ ဖြစ်ပေါ်လာရန် သဘာဝတရားက အဆင့်ဆင့် စီမံပေးထားပါသည်။ မည်သည့်လူသားမှ သဘာဝကပေးသည့် မိခင်ဝမ်းမှ လွဲ၍ မမွေးဖွားနိုင်ပါ။ မွေးဖွားသည်ဟု ဆိုလာလျှင် ဦးနှောက်မရှိသည့် သဘာဝလွန် စိတ်ကူးယဉ်သမားသာ ဖြစ်ပေမည်။

သဘာဝတရားသည် ဓာတ်ကြီးလေးပါးကို အခြေခံ၍ သက်မဲ့လောက အပင်လောက သတ္တလောကတို့ကို ဖန်ဆင်းခဲ့ပါသည်။ သက်မဲ့လောကကို ဥတုဇရုပ်တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အပင်လောကကို ဗီဇနိယာမ ဥတုနိယာမ အာဟာရနိယာမတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ထိုနိယာမတို့ ကွဲလျှင် ကွဲသလောက် အပင်လောကမျိုးကွဲပါသည်။

သတ္တလောကကိုမူ ကမ္မနိယာမ မိမိပြုလုပ်သည့်ကံအလို ဓမ္မနိယာမ

လောကီ လောကုတ္တရာ သဘာဝဓမ္မအလိုက် ဗီဇနိယာမ ကံအလိုက် ဒုဂ္ဂတိ သုဂတိဘုံမျိုးစေ့ ပဋိသန္ဓေအလိုက်၊ အာဟာရနိယာမ ဖြစ်လေရာဘဝ လူနတ်အလိုက် အာဟာရ နှုးကြမ်းအလိုက်ကွဲပုံ၊ စိတ္တနိယာမ မိမိ၏ စိတ်အလိုက်ကွဲပုံ၊ ဥတုနိယာမ အရဘုံအလိုက် ဥတုအလိုက် အချိန်အလိုက် ရာသီအလိုက်ကွဲပြားကြသည်။ လူနတ်ဗြဟ္မာသတ္တဝါတို့သည် မိမိတို့ပြုလုပ်ထားသောကံကြောင့် ဘဝမျိုးစုံ သံသရာ ကျင်လည်ကြရသည်။ ထို့ကြောင့် လူဘဝဖြစ်စဉ် လောကဖြစ်စဉ်သည် သတ္တဝါအလိုက် အကျိုးပေးကြသည်။ ကမ္မသကတာ သမ္မာ ဒိဋ္ဌိကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသည်မှာ သဘာဝဓမ္မသာဖြစ်သည်။

သာကီဝင်လူမျိုးတို့သည် အတိတ်ဘဝပေါင်းများစွာ ကမ္ဘာတစ်သိန်းကာလက ကုသိုလ်ကောင်းမှုပြုခဲ့ကြသည်။ ဘုရားအမျိုးတော်ဖြစ်အောင် ဆုဆောင်းဆုယူ ပါရမီဖြည့်ခဲ့ကြသည်။ ဘဝများစွာ ပါရမီဖြည့်ခဲ့ကြသဖြင့် သကျ သာကီဝင်လူမျိုးတို့သည် ဘုန်းရှင် ကံရှင် သမ္ဘာရှင် ပါရမီရှင်များဖြစ်ကြသည်။ ထို့ကြောင့် သာကီဝင်လူမျိုးတို့သည် ထူးချွန်ကြ ထက်မြက်ကြမြင့် မြတ်ကြသည်။ သာကီဝင်တိုင်း ငါးပါးသီလ ပြည့်စုံကြသဖြင့် ပရမသေဋ္ဌကုလ အမြတ်ဆုံးလူမျိုးဖြစ်သည်။ သေတကေတု နတ်မင်းကြီးသည် ထိုကြောင့်ပင် နတ်မျက်စိ ဒိဗ္ဗစက္ခုဖြင့်ကြည့်ကာ သာကီဝင်လူမျိုးကို ဘုရားမျိုးအဖြစ် ရွေးချယ်ခဲ့သည်။ ပါရမီကုသိုလ်ပြုခဲ့သဖြင့် ကောင်းကျိုးကို သာကီဝင်တို့ ခံစားရသည်။ သာကီဝင်တို့ဘဝသည် အကောင်းဆုံးဖြစ်ရသည်မှာ မဆန်းပေ။ ဒီဘဝသည် နောက်ဆုံးဘဝဖြစ်သဖြင့် အစွမ်းကုန် အကျိုးပေးခဲ့သည်။ သာမန်လူနှင့် မတိုင်းတာရပါ။

ဂေါတမဗုဒ္ဓမှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သဖြင့် ဘုရားရှင်ဖြစ်လာသည်။ ဖန်ဆင်းရှင် ဘုရားများနှင့် လုံးဝနှိုင်းယှဉ်မရပေ။ ဖိုးစေ့နှင့် မြင့်မိုရ်ပမာ ကွာချင်တိုင်း ကွာပေမည်။ ကိုယ်တိုင်ကိုယ်ကျ ဖြည့်ကျင့်ခဲ့သူ ဖြစ်၍ အကျိုးပေးရာဘဝ သိဒ္ဓတ္ထမင်းသားဘဝဝယ် ဆေးစက်ကျရာ အရုပ်ဖြစ်ခဲ့သည်။ ဘုန်းတော် အနန္တ ကံတော်အနန္တကြောင့် ဉာဏ်တော် အနန္တ အစွမ်းထက်လှသည်မှာ သဘာဝသာဖြစ်သည်။ ဘုန်းရှင် ကံရှင် သမ္ဘာရှင် တန်ခိုးရှင် ပါရမီရှင် သကျသာကီဝင် ဂေါတမမြတ်စွာဘုရားကို အပုပ်ချ ရှုံ့ချ

ဝေဖန်ကြခြင်းသည် ယုတ်ညံ့သော ပုထုဇဉ်တို့၏ သဘာဝဖြစ်သည်။ ဝေဖန်သူတို့၏ အရည်အချင်းညံ့မှု စိတ်ထားညံ့မှု၊ စိတ်ဓာတ်မပြည့်ဝမှု၊ စိတ်မှန်ကန်မှု မရှိမှု အမှန်သစ္စာကို မသိမမြင်မှု၊ အမှားအမှန် ဝေဖန်ပိုင်းခြားဆန်းစစ်နိုင်သော အသိတရားခေါင်းပါးမှု စသော အားနည်းချက်တို့ကြောင့် ဖြစ်လေသည်။ အဆိုးဆုံးမှာ အောင်မြင်နေသော သကျမုနိကို မသိစိတ်အရ အမုန်းပွားပြီး မနာလိုစိတ်ဖြင့် စော်ကားခြင်း ဖြစ်၏။

လူ့လောကလူသားအပါအဝင် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အနိမ့်အမြင့်၊ အတက်အကျ၊ အဆိုးအကောင်း၊ ပေါ်မှုများမှ ချမ်းသာဆင်းရဲမှု စသည့်ဖြစ်စဉ်တို့ကို မည်သည့်တန်ခိုးရှင်မျှ မဖန်ဆင်းနိုင်ပေ။ ဖန်ဆင်းနိုင်သည့် စွမ်းအားကို မည်သူ့ကိုမျှ သဘာဝတရားက မပေးအပ်ထားပေ။ သံသရာ တလျှောက်လုံးနှင့် ပတ်သက်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အရေးအရာကိစ္စ အနန္တသည် မည်သည့် တန်ခိုးရှင်မျှ မဖြည့်စွမ်းနိုင်သောအရာ ဖြစ်သည်။ ဖြည့်စွမ်းနိုင်သူဟူ၍ လုံးဝမရှိပေ။

မိမိတို့ ကိုးကွယ်ရာ ပုဂ္ဂိုလ်ကတော့ အနန္တတန်ခိုးရှင်ပါဟုဆိုလျှင် အနန္တတန်ခိုးရှင်ဖြစ်အောင် မည်မျှလောက် အတိုင်းအရှည်ရှိသော အလုပ်တို့ကို လုပ်ခဲ့ပါသနည်း။ မည်မျှလောက်သော ဖြည့်ကျင့်မှု စွမ်းရည်စုဆောင်းမှု ပါရမီတို့ကို စုဆောင်းခဲ့ပါသနည်း။ ကျိုးကြောင်းဖော်ပြနိုင်ပါမှ ကိုးကွယ်သင့်ပါသည်။ အကျိုးအကြောင်းမရှိ၊ အလိုလို အနန္တတန်ခိုးတော်ကို ရရှိခဲ့ပါသည်ဟု ဆိုလာပါမူ သင်သည် သံသရာတလျှောက် ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားရမည့် မဟာဒုက္ခ အနန္တဒုက္ခကြီးကို အသက်စွန့် အပမ်းခံ၍ ဝယ်ယူနေသူတစ်ယောက်ဟု မှတ်ယူရပါတော့မည်။

သာကီဝင် ဂေါတမရှင်တော်မြတ်ဘုရားမှာမူ ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီမျိုးစေ့တို့ကို စိုက်ပျိုးကြဲချခဲ့သူဖြစ်၍ နောက်ဆုံးဘဝဝယ် သာကီဝင်မင်းမြတ်ဖြစ်ခဲ့ပါသည်။ သူမတူသော ဘုန်းလက်ရုံး စွမ်းရည်သတ္တိစွမ်းပကား အနန္တတို့နှင့် ပြည့်စုံခဲ့ပါသည်။ နောက်ဆုံးတွင် သဗ္ဗညု ဗုဒ္ဓအဖြစ် ပွင့်တော်မူခဲ့သည့် လူသားဘုရား ဖြစ်ခဲ့ပါသည်။ စကြဝဠာ အနန္တရှိ လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူပြီး သတ္တဝါ အနန္တတို့ကို ဝဋ်ဆင်းရဲမှ

လွတ် မြောက်စေခဲ့ပါသည်။ လူသားဘဝဟူသည် ယုတ်နိမ့်ဘဝမဟုတ်ပါ။ မိမိ၏ ကိုယ်နှုတ်စိတ်တို့ဖြင့် မိမိဘဝကောင်းစားရေးအတွက် ကြိုးစားနိုင်သော ဘဝဖြစ်၍ လူသည် အမြတ်ဆုံးသတ္တဝါဖြစ်ပါသည်။ လူမင်းဘုန်းကြီးက နတ်မင်းမမှီပါ။

ထိုမျှ မြင့်မြတ်လှသော သာကီဝင်လူမျိုးဘုန်းရှင် ကံရှင် သမ္မာရှင် ပါရမီရှင်တို့၏ အကြောင်းအရာကို ဖုံးကွယ်ရန်အတွက် ဘာသာခြား လူမျိုးခြား ဖန်ဆင်းရှင် ကိုးကွယ်သူများသည် စာပေအားဖြင့်လည်းကောင်း၊ သင်တန်းပို့ချ၍လည်းကောင်း၊ နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ပါသည်။ နောက်နောင်ခေတ် လူတို့မှာပင်ကိုယ်အသိဉာဏ် အားနည်းပြီး ပညာရှင် အမည်ခံ ဘာသာခြား လူမျိုးခြားတို့၏ စကားကြောင့် ပရမသေဋ္ဌကုလအမြတ်ဆုံးသော သာကီဝင်တို့၏ အကြောင်းအရာမှန်တို့ကို ပုံပြင်ထင်လာပါသည်။ ကံစွမ်းသတ္တိသည် အံ့ဩစရာကောင်းသည်ဟူသော ဝါဒအကြောင်းအရာမှန်တို့ ပျောက်ကွယ်လွင့်စဉ် မှေးမှိန်သွားပါသည်။

ထို့ကြောင့် သာကီဝင်ဘုရားရှင်နှင့် သာကီဝင် ဆွေတော်မျိုးတော်များ သာကီဝင်လူမျိုးတို့၏ လာရာ, လားရာ ပြဟ္မာလူမျိုးများ သကျသာကီဝင် မြတ်ဘုရား၏ သာသနာတော်ကြီးကို ဆက်လက်ဖြန့်ဖြူးကြမည့် မြန်မာလူမျိုးတို့၏ အဖြစ်မှန် သနစ်မှန် စနစ်မှန်များကို လောကီစာပေ လောကုတ္တရာစာပေတို့မှ ထုတ်နှုတ်ပြီး သဘာဝကျကျသုံးသပ်တင်ပြအပ်ပါသည်။ အကျိုးအကြောင်း ကိုက်ညီအောင် ပါဠိ–မြန်မာ အင်္ဂလိပ် သက္ကတစာပေများမှ ထုတ်နုတ်တင်ပြအပ်ပါသည်။ ကြောင်းကျိုး ယုတ္တိမရှိသော ရှေးဟောင်း အယူအဆတို့နှင့် ကိုက်ညီမှု မရှိသော်လည်း ဗုဒ္ဓနှင့် ဗုဒ္ဓဆွေတော် မျိုးတော်တို့၏ ဖြစ်စဉ် အမှန်ဖြစ်ကြောင်းယုံကြည်မြတ်နိုး ကိုးကွယ်ပူဇော်ရမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယနေ့ လူငယ်တို့သည် ဗုဒ္ဓအကြောင်းအရာမှန်ကို သိသူနည်းလာပါသည်။ မိစ္ဆာဝါဒ ကိုးကွယ်သူတို့က အားကောင်းလာပါသည်။ လောကကြီးငြိမ်းအေးစေရန် အားထုတ်ကြရာတွင် ဗုဒ္ဓဝါဒကို မထွန်းပြုရမည်ကို သဘောပေါက်ရန် လိုပါသည်။ ဘုရားအလောင်း သေတကေတု နတ်မင်းကြီးသည်

လူ့လောကတွင် ပဋိသန္ဓေယူရန် လူမျိုးတို့ကို သုံးသပ်ပါသည်။ လူတို့၏ တန်ဘိုးမှာ ကိုယ်ကျင့်သီလဖြစ်ကြောင်း၊ ကိုယ်ကျင့်သီလ စာရိတ္တပြည့်စုံသော လူသာလျှင် အဖိုးတန်လူဖြစ်ကြောင်း၊ ထိုလူများဖြင့် ဖွဲ့စည်းထားသော လူမျိုး၊ နိုင်ငံသာလျှင် အဖိုးတန်သည့် လူမျိုး အဖိုးတန်သည့် နိုင်ငံဖြစ်ကြောင်းသိသဖြင့် ငါးပါးသီလနှင့် ပြည့်စုံသော သာကီဝင် လူမျိုးတို့ထံ ပဋိသန္ဓေယူ၍ ဘုရားပွင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ကိုယ်ကျင့်သီလ စာရိတ္တပြည့်စုံသော လူမျိုးပရမသေဋ္ဌကုလဖြစ်၍ သာကီဝင်တို့ကို ရွေးချယ်ခဲ့ပါသည်။

ထိုမျှမြင့်မြတ်သော လူမျိုးတို့မှာ အစွမ်းသတ္တိအရှိဆုံး အင်အားအရှိဆုံး ပါရမီကံတို့ရှိနေပါသည်။ သတ္တဝါတစ်ဦးနှင့် တစ်ဦးလေးစားကြည်ညိုကြောက်ရွံ့စေရန် ကံတရားတို့က ဖန်တီးပေးသည်။ လူတစ်ယောက်ချင်း ကွာခြားမှု မရှိသော်လည်း သူတို့ပြုခဲ့သော ကံနှင့် ကံစွမ်းသတ္တိတို့ ကွာခြားကြသဖြင့် ကံအကျိုးပေး ကမ္ဘဝိပါက တို့လည်း ကွာခြားကြပါသည်။ ဥပမာ ရိုင်ဖယ်ကျည်ဆန်တစ်တောင့်ကြောင့် လူတစ်ယောက်သာ သေစေနိုင်သော်လည်း အနုမြူဗုံးတလုံးကြောင့် လူပေါင်းသိန်းသန်းကုဋေသေကြေ ပျက်စီးနိုင်ပါ သည်။ အရေအတွက်ချင်းတူသော်လည်း အရည်အချင်းခြင်း ကွာလှပါသည်။ သတ္တိချင်း ကွာလှပါသည်။ အကျိုးပေးခြင်း ကွာလှပါသည်။ အစွမ်းထက်မှုခြင်း ကွာလှပါသည်။

ထို့အတူပင် ၃၁ ဘုံ လောကဓာတ်ကြီးတခွင်လုံးသည် မိမိတို့ ပြုလုပ်ခဲ့သော ကံတရားကြောင့် ကံအကျိုးပေးတို့ကို ခံစားနေကြရပါသည်။ ကောင်းသော ကုသိုလ်ကံစွမ်းကြောင့် ကောင်းကျိုးပေးပါသည်။ အကောင်းဆုံး ကံ ပါရမီတို့ကို အချိန်ကြာကြာ အချိန်ပြည့် ဖြည့်ကျင့်ခဲ့သဖြင့် ဘုရားဖြစ်ရပါသည်။ ထိုပါရမီတို့ကို . အချိန်အနည်းအများဖြည့်ကျင့်မှုကြောင့် ပစ္စေက ဗုဒ္ဓါ အဂ္ဂသာဝက၊ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ဈာန်၊ အဘိညာဉ်ရသူ၊ ဗြဟ္မာ နတ် လူ အပါယ်ဘုံသားများ ဖြစ်ရပါသည်။ ကံစွမ်းကြောင့် ဘဝ ကွဲပြားသွားရပါသည်။ ဘဝကွဲပြားသွားသဖြင့်အကျိုးပေးမှု သတ္တိတန်ခိုး စွမ်းပကား အင်အားတို့ ကွာခြားသွားကြသည်။ အရေအတွက်များများ ဖြည့်

ကျင့်စုဆောင်း ပါရမီဖြည့်ခဲ့သဖြင့် အရည်အချင်းကောင်း အစွမ်းသတ္တိတို့ ထူးချွန်ထက်မြက်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ကိုယ်လုပ်၍ ကိုယ်ခံရခြင်း၊ ကိုယ်လုပ်၍ ကိုယ်စံရခြင်းသည်သာ ဤလောကတွင် အစစ်ဆုံး အမှန်ဆုံး သဘာဝအကျဆုံး အယူအဆဖြစ်ပါသည်။ မိမိဘဝကို မိမိကိုယ်တိုင် ဖန်တီးနိုင်သောဘဝမှန် အယူအဆမှန်မှာ ကမ္မဝါဒ ကမ္မဿကတာသမ္မာဒိဋ္ဌိဝါဒဖြစ်ကြောင်း ခေတ်ပညာတတ် အသိဉာဏ်ကြွယ်ဝ ဗဟုသုတရှိကြသူ လူငယ်တို့ မှတ်ယူစေချင်ပါသည်။

ထို့ကြောင့် သကျသာကီဝင်လူမျိုးတို့သည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြသည့် ပါရမီရှင်တို့ဖြစ်ပါသည်။ ထိုသာကီဝင်တို့၏ ဘဝဖြစ်စဉ်တွင် ယခုဘဝသည် ပစ္ဆိမဘဝိကခေါ် နောက်ဆုံးဘဝဖြစ်ပါသည်။ ဒါနပြုခဲ့သဖြင့် ချမ်းသာကြပါသည်။ သီလစောင့်ထိန်းခဲ့ကြသဖြင့် အသက်ရှည်ကြ အဆင်းလှကြ အနာရောဂါကင်းရှင်းကြ ဘုန်းတန်ခိုးကြီးကြ ဉာဏ်ပညာထူးချွန်ထက်မြတ်ကြပါသည်။ နေက္ခမ္မ ပညာ ဝီရိယ သစ္စာ အဓိဋ္ဌာန မေတ္တာ ဥပေက္ခာ ခန္တီ ပါရမီ ကုသိုလ်ကောင်းမှုအဟုန်ကြောင့် လူ့ဘဝဝယ် အစစအရာရာ ပြည့်စုံကြပါသည်။ ပညာပါရမီကို ကမ္ဘာတစ်သိန်းနှင့်ချီ၍ ဖြည့်ကျင့်ခဲ့သောကြောင့် သင်စရာ အထူးမလိုဘဲ မြင်ကာမျှ ကြားကာမျှ ကြံတွေးရုံမျှနှင့် အစစအရာရာ တတ်သိကြပါသည်။

ထိုသို့သော ပါရမီရှင် သကျသာကီဝင်လူမျိုးတို့၏ ဘဝဖြစ်စဉ်ကို အာရိယန်လူမျိုး အိန္ဒိယဘုရင်များ ပုရောဟိတ်များ ဗြာဟ္မဏ ပဏ္ဍိတ်များသည် အိန္ဒိယ ဇာတ်နိမ့်များကို လှည့်စားပြီး အမှားကို အမှန် အမှန်ကို အမှား ပြောင်းပြန်ထား၍ သူတို့ဘာသာ သူတို့ ဇာတ်စနစ် ခိုင်မြဲစေရန် အနုနည်း အကြမ်းနည်းဖြင့် ဗုဒ္ဓဘာသာကို ဖြိုခွင်း၍ အဝီစိ ငရဲသို့ တွန်းပို့ခဲ့ပါသည်။ သကျမုနိ၏ ဘဝဖြစ်စဉ် အမှန်နှင့် သာကီဝင်မင်းမျိုးတို့၏ ပါရမီရှင်ဘဝဖြစ်စဉ် အမှန်ကို အမှန်အတိုင်း သိရှိ ယုံကြည်ကိုးကွယ်၍ ဘဝချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပါစေဟု ဆန္ဒပြုတင်ပြအပ်ပါသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဒေသနာတော်အရ သံသရာခရီးသည် စဆုံးမသိနိုင်လောက်အောင် ရှည်လျားလှပါသည်။ အစမထင် ဆုံးစမမြင်နိုင်သော

သံသရာကြီးတွင် လူ နတ် ဗြဟ္မာ သတ္တဝါမျိုးစုံတို့ ကျင်လည်နေကြရပါသည်။ ထိုထိုသတ္တဝါ အနန္တတို့သည် မိမိတို့ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ ကိုယ်နှုတ်စိတ်ဖြင့် ကုသိုလ် အကုသိုလ်တို့ကို ပြုကြပါသည်။ ထိုသို့သော သတ္တဝါတို့၏ ပြုလုပ်မှု မှန်သမျှကို ကမ္မ ကံ ဟု ခေါ်ရပါသည်။

ထိုကံအလျောက် သုဂတိဘုံဘဝ ဒုဂ္ဂတိဘုံဘဝများ၌ ဖြစ်ကြရပါ သည်။ မည်သည့်ဖန်ဆင်းရှင်မှ မရှိပါ။ မိမိ၏ သံသရာခရီးဘဝမျိုးစုံကို မိမိကိုယ်တိုင် ပြုလုပ်ဖန်ဆင်းခြင်းသာ ဖြစ်ပါသည်၊ အကုသိုလ်ကံပြုနေသမျှ သံသရာမဆုံးနိုင်ပါ။ သံသရာလည်ရပါဦးမည်။ သံသရာမှ လွတ်မြောက်လိုလျှင် ကုသိုလ်ဓမ္မများဖြစ်သော ဒါန သီလ သမထတို့ကို မှန်ကန်စွာ ပြုလုပ်၍ ဝိပဿနာပွားမှ ကိလေသာကုန်ခမ်းပြီး သံသရာဝဋ်ကလွတ်ပါမည်။ ထို့ကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်ရေးသည် အရေးကြီးလှပါသည်။ ကံကိုယုံကြည်ရပါမည်။ သံသရာကို လက်ခံရပါမည်။ ဗုဒ္ဓ ဓမ္မ သံဃာတို့ကို ကြည်ညိုလေးစားရပါမည်။ ခန္ဓာကိုယ်ကြီးကို တပ်မက်မှုရှိနေသမျှ သက္ကာယဒိဋ္ဌိရှိနေဦးမည်ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဝိပဿနာ ပွားမှု သက္ကာယဒိဋ္ဌိခေါ် ခန္ဓာကိုယ်စွဲမှုကင်းပြီး သံသရာဝဋ်က ကျွတ်ပါမည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် ဖန်ဆင်းရှင်တို့ကြောင့် ဘဝဖြစ်စဉ်ကို ဖြစ်လာရသည်မဟုတ်။ မိမိကံကြောင့် ဖြစ်လာရသည်ဟု ကမ္မဿကတာ သမ္မာဒိဋ္ဌိအမြင်မှန် မြင်လာပြီး ဝိပဿနာ သမ္မာဒိဋ္ဌိပွား၍ လောကဝဋ်မှ ကျွတ်အောင် ကျင့်ကြံနိုင်ပါစေဟု အလေးအနက် ဆန္ဒပြုအပ်ပါသည်။

ဦးလှသိန်းထွန်း
ရန်ကုန်။
၁၂. ၂.၂၀၁၈

ပထမပိုင်း

## မြန်မာ့ဘူမိသွင်ပြင်

စာရေးသူသည် ဗုဒ္ဓစာပေပိဋကတ်တော်များကို လေ့လာသောအခါ သကျသာကီဝင်လူမျိုးတို့အကြောင်းကို ဖတ်ရှုရပါသည်။ တက္ကသိုလ်တက်ရောက်၍ ပထဝီဝင်ဘာသာရပ်ကို သင်ယူသောအခါ ကမ္ဘာ့ပညာရှင်တို့၏ ခေတ်နှင့်အညီဖော်ထုတ်ထားသော ပညာရပ်တို့ကို လေ့လာရပြန်ပါသည်။ စာရေးသူအထူးစိတ်ဝင်စားသည်မှာ ဘုရားရှင်၏ ဆွေတော်မျိုးတော် သကျသာကီဝင်တို့၏ ဘဝဖြစ်စဉ် လူမျိုးသမိုင်းဖြစ်ပါသည်။ သကျသာကီဝင်လူမျိုးထဲမှ ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်အားထားရာ ရှင်တော် ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်ခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းသည် သာကီဝင်သမိုင်းဖြစ်ပါသည်။ သာကီဝင်သမိုင်းကို ထပ်မံလေ့လာသောအခါ သာကီဝင်သမိုင်းသည် မြန်မာ့သမိုင်းနှင့် ဆက်စပ်နေသည်ကို သိရှိရပြန်ပါသည်။ မြန်မာ့သမိုင်းကို လေ့လာသောအခါ သမိုင်းတင်နိုင်သည့် သမိုင်းဝင် အမည်ထူးတစ်ခုကို တွေ့ရသည်။ ထိုအမည်ထူးမှာ "ပြူလူမျိုး" ဟူသောအမည်ဖြစ်ပါသည်။ ပြူ ဟူသောအမည်သည် ကမ္ဘာသိအမည်ဖြစ်ပါသည်။

လောကဓာတ်ပညာခေါ်သော ခေတ်သစ်သိပ္ပံပညာသည် မိမိတို့ကိုယ်တိုင်ကိုယ်ကျ လေ့လာတွေ့ရှိရသော အထောက်အထားများကို လက်တွေ့စမ်းသပ်သုတေသနပြုလေ့လာရသော ပညာရပ်ဖြစ်ပါသည်။ တွေ့ရှိချက်ထက် နောက်တလှမ်းဆုတ်၍လည်းကောင်း ရှေ့တစ်လှမ်းတိုး၍လည်းကောင်း လက်ခံခွင့်မရှိသော ပညာရပ်ဖြစ်ပါသည်။ တိကျရသည်။ ခိုင်လုံရသည်။ မှန်ကန်ရသည်။ သက်သေပြမှု ခိုင်လုံရသည်။ အချိန်မရွေး စမ်းသပ်

လေ့လာနိုင်သည်။ သို့ဖြစ်၍ပင် ကမ္ဘာတဝှန်းလုံးရှိ ပညာရှိတို့က လက်ခံကြသည်။ လက်တွေ့ပညာရပ်ဖြစ်၍ တွေ့ရှိချိန်ရောက်မှသာ လက်ခံရသည်။ အတိတ်သက်တန်းကြာညောင်းလှသည့် သက်တန်းရှည်အရာဝတ္ထုများကို တွက်ချက်ရာ၌ တဆင့်ပြီးတဆင့်သာ ဖော်ထုတ်နိုင်သည်။ ထို့ကြောင့်ပင် ကမ္ဘာ့ဘူမိသက်တန်းကို တွက်ချက်ရာ၌ မကြာခဏ ပြောင်းလဲပြင်ဆင်တွက်ချက်၍ သက်တန်းကို ပြင်ဆင်ရလေ့ရှိသည်။ ခေတ်တစ်ခေတ်က လက်ခံခဲ့သော အဆိုတစ်ရပ်သည် ယခုခေတ်ရောက်သောအခါ မှန်ကန်မှုမရှိတော့သဖြင့် ပြင်ဆင်သတ်မှတ်ကြရပြန်သည်။

## မြန်မာ့သမိုင်းအမြင် ကြည်လင်ရန်လို

မြန်မာ့သမိုင်းကို ခေတ်သစ်ပညာရပ်ဖြင့် လေ့လာသောအခါ လေ့လာသူတို့၏ ပညာအတိမ်အနက်၊ တွေးခေါ်ယူဆမှု ကြည်လင်မလင် အမြင်ကျယ်ပြန့်မှုရှိမရှိ၊ ဒေသစွဲ နိုင်ငံစွဲ လူမျိုးစွဲ ဆရာစွဲ ဘာသာစွဲ ကင်းမကင်း ၊ နှိမ်ချမှု ဘက်လိုက်မှု အမြင်စောင်းမှု ရှိမရှိ စသည့် အမှန်တရား၏ အနှောက်အရှက်များကို ထည့်သွင်းသုံးသပ်ရမည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်သူများဖြစ်၍ ဗုဒ္ဓဘာသာ၏ အဆုံးအမများဖြစ်သော သံသရာခရီးရှည်ကြီးကို လက်ခံထားပြီးဖြစ်သည်။ လူ နတ် ဗြဟ္မာ အပါယ်သတ္တဝါအပါအဝင် သတ္တဝါမျိုးစုံတို့ ပါဝင် ဖွဲ့စည်းထားသော သတ္တလောကကို လက်ခံထားပြီဖြစ်သည်။ ဩကာသလောကဖြစ်သော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်၊ လူ့လောက၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကို လက်ခံထားပြီဖြစ်သည်။ သတ္တလောကနှင့် ဩကာသ လောကဖြစ်စဉ်အရ သတ္တဝါတို့သည် သင်္ခါရခေါ် ကံတရားတို့ကြောင့် သံသရာဝယ် ဆူကြုံနိမ့်မြင့် ချမ်းသာတလှဲ့ ဆင်းရဲတစ်ခါ ဘဝများစွာ ပြောင်းလဲကျင်လည်နေကြရသည်ကို လက်ခံပြီးဖြစ်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အဘို့ **လူသားအစ** ဟူသည် မရှိပေ။ အစမထင် လွန်စွာလွန်စွာ ကြာမြင့်ခဲ့သော ကပ်ကမ္ဘာ အသင်္ချေ အနန္တထဲက ကမ္ဘာကြီးလဲ ရှိခဲ့သည်။

ဘုံဘ၀ ဩကာသကြီးလဲ ရှိခဲ့သည်။ လူ နတ် ဗြဟ္မာ အပါယ် သတ္တဝါတို့လဲ ရှိခဲ့သည်။ တစ်ဘ၀ဟူသည့် ခေတ်ကာလအလိုက် သက်တန်း တိုရှည် သက်တန်းတစ်ခုအတွင်း အသက်ရှည်လှုပ်ရှားမှုအချိန်တိုလေးသာဖြစ် ပြီး သက်တန်းစေ့သေနေ့စေ့သည့်အခါ စုတိစိတ်ကျ၍တစ်ဘ၀အဆုံးသတ် ကြရသည်။ ဤဘ၀အဆုံးသတ်သွားသော်လည်း သံသရာခရီးရှည်ကြီးတွင် အပြီးသတ်ထွက်ခွာသွားသည်မဟုတ်ပေ။ မိမိပြုခဲ့သော ကုသိုလ် အကုသိုလ် ကံအလျောက် ဘ၀သစ်ကို ဆက်၍ လျှောက်ကြရပေဦးမည်။

ထို့ကြောင့် လူသားအပါအဝင် သတ္တဝါတို့သည် သံသရာခရီးရှည် ကြီးကို လျှောက်နေကြရသဖြင့် အတိတ်ဘ၀တွေလဲရှိခဲ့သည်။ ယခုဘ၀လဲ ရှိနေသည်။ နောက်ထပ်ဘ၀သစ်တွေ တပုံတပင်ကြီး ဆက်လာဦးမည်။ ထို့ ကြောင့် လူသားအစဟူ၍ မရှိပေ။ ရှည်လျားလှစွာသော သံသရာခရီး၌ပင် လူသားလဲ ဖြစ်ခဲ့ အခြားသတ္တဝါလဲ ဖြစ်ခဲ့ကြရပြီးဖြစ်၍ လူသားအစ ဟူ သော စကားသည် အဓိပ္ပာယ်မရှိတော့ပေ။ ထို့အတူပင် **ကမ္ဘာအစလည်း မရှိပေ။** ကမ္ဘာမြေဂြိုဟ်ကဲ့သို့သော ကမ္ဘာများ ဂြိုဟ်များသည် ကျယ်ပြန့်များပြားလွန်း လှသည်။ ကမ္ဘာဂြိုဟ်အပါအဝင် ဂြိုဟ်ကြီး၉လုံးအစုကို နေစကြာဝဠာခေါ် မည်။ နေစကြာပေါင်း သိန်းသန်းကုဋေ စုဝေးနေသော စကြာဝဠာလောကဓာတ် ကြီးကို Mily way glaxy နဂါးငွေ့တန်း ကြယ်စု မဟာစကြာဝဠာကြီးဟုခေါ် မည်။ မဟာစကြာဝဠာကြီးပေါင်း သန်းနှင့်ချီ၍နေသော Bound less sky ကို အနန္တစကြာဝဠာခေါ်မည်။ အဇ္ဈာကာသခေါ်အဆုံးအစမရှိသည့် Bound less space အနန္တအာကာသကြီးထဲတွင် ပြည့်နှက်နေသော ဂြိုဟ် နက္ခတ် တာရာတို့သည် ဩကာသလောကကြီးဖြစ်သည်။ ရေတွက် မကုန်သည့် သတ္တဝါမျိုးစုံ သတ္တဝါ အသင်္ချေ အနန္တတို့သည် ဩကာသလောကဖြစ်သည့် ဂြိုဟ် နက္ခတ်တာရာ ဩကာသလောက အနန္တတို့တွင် နေထိုင် ကျက်စား ဘ၀ တည်ဆောက်နေကြရသည်။ သို့ဖြစ်၍ သတ္တဝါများစွာထဲမှ လူသား အစသည် မရှိသကဲ့သို့ ဩကာသလောကထဲမှ ကမ္ဘာအစသည် မရှိတော့ ပေ။ သတ္တဝါ ဟူသမျှ အဝိဇ္ဇာနှင့် တဏှာဦးဆောင်သော အကုသိုလ်စိတ် တို့ဖြင့် ကာယကံ ဝစီကံ မနောကံ ကံမျိုးစုံတို့ကို ပြုလုပ်ခဲ့သဖြင့် သံသရာ

ကြီးထဲမှ မလွတ်နိုင်ကြပေ။ သံသရာ ကျင်လည်နေသမျှ ဘဝပေါင်းများစွာ ကိုရနေဦးမည်သာ ဖြစ်သည်။ အဝိဇ္ဇာနှင့် တဏှာကို ဖြတ်ပြီးကုသိုလ်ကံများ ကို ပြုမှသာ သံသရာ လည်စေနိုင်သည့် သတ္တိကုန်ပြီး ဘဝဇာတ်သိမ်းမည်။ ထိုအခါမှသာ သံသရာမှ လွတ်မြောက်ပြီး အားလုံးအဆုံးသတ်မည်။

## ပြူသမိုင်းသည် မြန်မာ့သမိုင်းဦးခေါင်းပိုင်း

မြန်မာ့ဘဝနယ်ပယ်တွင် အတိတ်သမိုင်းသည် ဆုံးစမထင် ကျယ်ပြန့် ရှေးကျကြောင်း၊ တစ်ခေတ်တစ်ချိန် တစ်ဘဝ တစ်ကမ္ဘာ ကမ္ဘာပေါင်းသိန်း ပေါင်းများစွာ ကုဋေပေါင်းများစွာ အသင်္ချေပေါင်းများစွာ ရှည်လျားလှသည့် ရေတွက်မရ ကာလချိန်ခါဖြစ်ကြောင်း ယုံကြည်ကြသဖြင့် ခေတ်သစ်ပညာ ရှင်တို့၏ ဘူမိသမိုင်း လူသားသမိုင်းတို့ကို လေးလေးနက်နက် မတွေးခဲ့ကြ ပေ။ လွန်ခဲ့သော နှစ်ပရိစ္ဆေဒ ၃ ရာစုအချိန် ရောက်မှသာ အနောက်တိုင်း သားတို့၏ နည်းပညာများ ကျယ်ပြန့် ထွန်းကားလာသဖြင့် ဂြိုဟ် နိက္ခတ် လေ့လာမှု ကမ္ဘာဂြိုဟ်၏ သက်တန်းလေ့လာမှု ဘူမိဗေဒပညာ သတ္တလောက ရုက္ခလောက လေ့လာမှု ပညာရပ်တို့ ကမ္ဘာမှာ ထွန်းကားလာသလို မြန်မာ မှာလည်း ထွန်းကားလာခဲ့သည်။ နယ်ချဲ့ခေတ်ရောက်သောအခါ ခေတ်သစ် ပညာရပ် သိပ္ပံပညာရပ်တို့ အားပါးတရတိုးတက်လာသဖြင့် ရှေးဟောင်း မြန်မာတို့၏ ဘူမိဖြစ်စဉ် လူသားဖြစ်စဉ်တို့ကို စနစ်တကျလေ့လာနိုင်ခဲ့သည်။ ခေတ်သစ် ပညာရပ်ဖြင့် လေ့လာသောအခါ မြန်မာ့ဘူမိဖြစ်စဉ်နှင့် မြန်မာ့ လူ့ဘဝဖြစ်စဉ်သမိုင်းတို့သည် အပြောင်းအလဲများစွာကွဲပြားပေါ် ထွက်လာခဲ့ သည်။

မြန်မာတို့၏ ဘူမိဖြစ်စဉ်နှင့် လူသားဖြစ်တည်မှုသည် ဤစာအုပ်တွင် ဆွေးနွေးလိုသောအဓိကအချက်မဟုတ်ပါ။ အဓိကအားဖြင့် မြန်မာမြေပေါ်တွင် အခြေချခဲ့သော **ရှေးဟောင်းပြူးလူမျိုးတို့နှင့် ပြူလူမျိုးတို့မှ ဆင်းသက်လာ ခဲ့သော** ပြူ ပြူဟ္မာ၊ သကျ၊ မြန်မာတို့၏ စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုကိုသာ သမိုင်း ကွင်းဆက် ပြတ်လတ်မှုမရှိ ဖြစ်ပေါ်ခဲ့မှုကို ဆွေးနွေးထားပါသည်။ ထိုသို့ ဆွေးနွေးရာ၌ ဖြစ်ပေါ်ခဲ့မှုကို ဆွေးနွေးထားပါသည်။ ထိုသို့ ဆွေးနွေးရာ၌

သမိုင်းအထောက် အထားပြည့်ဝမှန်ကန်မှုရှိစေရန် မြန်မာစာပေတွင် မှ
တမ်းတင်ထားမှု၊ ခေတ်သစ်ပညာရှင်တို့၏ သုတေသနပြုသုံးသပ်မှု၊ လ
တွေ့ကွင်းဆင်းတူးဖော် တွေ့ရှိမှု၊ မြန်မာတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သေ
တရုတ်မှတ်တမ်း၊ ဘင်္ဂလား ဒေ့ရှ်မှတ်တမ်း၊ အိန္ဒိယမှတ်တမ်း၊ အီရန်မှတ်တမ်
အာဖဂန်နစ္စတန်မှတ်တမ်း စသော ခေတ်ပြိုင်မှတ်တမ်းများ၊ ဗုဒ္ဓစာပေ ပိဋကတ
များဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာလာစကားရပ်များ စသည် တို့ကို
သုံးသပ်၍တင်ပြထားပါသည်။

ခေတ်သစ်အယူအဆများနှင့် ပတ်သက်၍ မျက်မှောက်ခေတ်သမိုင်း
ပညာရှင်များ ဖြစ်ကြသော ဒေါက်တာသန်းထွန်း ဒေါက်တာတိုးလှ ဆရာဦး
ကျော်ငြိမ်း၊ ဦးစိန်မောင်ဦး ဆရာနိုင်ဖော်၊ တမ္ပဝတီဦးဝင်းမောင် ဆရာကြီး
ဦးမောင်မောင်တင် ဆရာချစ်စံဝင်း စသော စာပေပညာရှင်ကြီးများ၏ စာအုပ်
စာတမ်းများကို လေ့လာရသဖြင့် ရှေးဟောင်းမြန်မာ့သမိုင်းကို ဒေါင့်စုံမှ လေ့
လာခွင့်ရခဲ့ပါသည်။ ကျေးဇူးရှိလှပါသည်။

အထူးသဖြင့် သမိုင်းသုတေသီစာရေးဆရာ ချစ်စံဝင်း၏ "ပျူ" စာအုပ်
ကြီးသည် အလွန်အားကိုးထိုက်သော ကိုးကားထိုက်သောစာအုပ်ကြီး ဖြစ်၍
ဦးချစ်စံဝင်းကို အထူးကျေးဇူးတင်ပါသည်။ ပြုလူမျိုးတို့နှင့် ပတ်သက်၍
ခေတ်ပညာတတ်များသည် ခေတ်သစ်ပညာရပ်များလောက်ကိုသာ အားပြု
ဖော်ထုတ်ခဲ့ကြသော်လည်း စာရေးသူ၏ ဤစာအုပ်တွင်မူ သကျသာကီဝင်
လူမျိုးမြတ်စွာဘုရား၏ ဒေသနာတော်များကို အဓိက အားကိုးတင်ပြထားပါ
သည်။ မြတ်စွာဘုရား၏ ပိဋကစာပေများသည် ကိလေသာ အညစ်အကြေး
ကင်းစင်သော ဘုရားရဟန္တာပုဂ္ဂိုလ်မြတ်ကြီးများ၏ စကားတော်များဖြစ်၍
လွဲမှားမှုမရှိနိုင်ပါ။ ထို့ကြောင့် ဤစာအုပ်တွင် ပိဋက စာပေစကားများကို အဓိက
အားထား၍ ခေတ်သစ်တွေ့ရှိချက်များ သုံးသပ်ချက်များ လက်တွေ့တူးဖော်
တွေ့ရှိချက်များကို ပေါင်းရုံးသုံးသပ်တင်ပြချက်များဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓဝင်
ဘဝဖြစ်စဉ်နှင့် ကိုက်ညီလိမ့်မည်ဟု ယုံကြည်ပါသည်။

ခေတ်တစ်ခေတ်ကို လေ့လာတော့မည်ဆိုလျှင် ဘက်စုံဒေါင့်စုံ လောကီ
လောကုတ္တရာအမြင်စုံလင်မှ ပို၍ ပြည့်စုံမည်ဖြစ်ပါသည်။ အနောက်တိုင်း

ပညာရှင်တို့သည် ဗုဒ္ဓစာပေနှင့် လက်လှမ်းမမီဖြစ်နေပါသည်။ သူတို့၏ သုံးသပ်ချက် တွေ့ရှိချက် ဆုံးဖြတ်ချက်များသည် ပြည့်စုံမှု အားနည်း၍ အငြင်းပွားဖွယ်များ ပါဝင်တတ်ပါသည်။ သံသရာအကြောင်းဘဝများအကြောင်း ကံများအကြောင်း လောကဓာတ်ဘုံဗိမာန်များအကြောင်း သတ္တဝါများအကြောင်း စသည်တို့သည် သိပ္ပံလွန် သဘာဝတရားများ ဖြစ်၍ ခေတ်ပညာများဖြင့် မပြည့်စုံပါ။ မလုံလောက်ပါ။ မှန်ကန်မှုမရှိနိုင်ပါ။ လက်လှမ်းမမှီနိုင်ပါ။ လောကကြီးကို ရုပ်တရား နာမ်တရား ၂ပါးဖြင့် ဖွဲ့စည်းထားပါသည်။ တစ်ခုနှင့် တစ်ခု မှီခိုတွယ်တာဆက်စပ်နေပါသည်။ ရုပ်ဝတ္ထုအပြောင်းအလဲသည် နာမ်တရားများကြောင့်ဖြစ်သည့်အရာများရှိသဖြင့် ဘက်စုံမှပြည့်စုံပါမည်။

## မြန်မာ့လူ့ဘောင်၏
## ရှေ့ဆောင်ပြူတို့အကြောင်းကိုတင်သိထားမှ

မြန်မာ့လူ့ဘောင်အကြောင်းလေ့လာတော့မည်ဆိုလျှင် ပြူလူမျိုးတို့အကြောင်းကို ချန်လှန်ထား၍ မရပါ။ မြန်မာ့မြေတွင် ပြူတို့ထက် ရှေးကျလူမျိုးအမည်ကို မဖော်ထုတ်နိုင်သေးသဖြင့် ပြူတို့သည် မြန်မာ့လူ့ဘောင်၏ ရှေ့ဆောင်လူမျိုးတို့ဖြစ်ပါသည်။ ပြူတို့သည် ထိုစဉ်အခါမှစ၍ စဉ်ဆက်မပြတ် မြန်မာ့မြေ၌ နေထိုင်ခဲ့ကြရာမှ ခေတ်အလိုက် ဗြဟ္မာလူမျိုး၊ သကျလူမျိုး အမည်ဖြင့် အမည်သစ်များရရှိခဲ့ပါသည်။ ထို့နောက် သကျလူမျိုးတို့ ပြန်လည်ရောက်ရှိပေါင်းစည်းခဲ့ကြသဖြင့် မြန်မာလူမျိုးတို့ဖြစ်လာကြပါသည်။ မြန်မာလူမျိုးတို့၏ ဘဝဖြစ်စဉ်သမိုင်းသည် ရှည်လျားခဲ့ပါသည်။

မြန်မာ့မြေဖွားလူမျိုးများသည် ကမ္ဘာတွင် ပထမဆုံးပေါ်ထွန်းခဲ့သော လူမျိုးဖြစ်ကြောင်း ပရိုင်းမိတ်များက သက်သေပြခဲ့ပါသည်။ လွန်ခဲ့သော နှစ်သန်း ၄၀ ကထဲက ပေါ်ထွန်းနေခဲ့ပြီဟု ပရိုင်းမိတ်တွေ့ရှိမှု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ လွန်ခဲ့သော နှစ်သန်း ၄၀ မှ ခေတ်အမျိုးမျိုးကို ဖြတ်သန်း၍ မျက်မှောက်ခေတ်ထိ စဉ်ဆက်မပြတ်ခဲ့ပါ။ ထိုသို့သော သမိုင်းမှန်ဖြစ်စဉ်ကို ကမ္ဘာကလည်း လက်ခံပြီး ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံစွဲ လူမျိုးစွဲ ပညာစွဲ ဆရာစွဲပြင်းထန်လှသော ခေတ်ပညာတတ်အချို့က သူတို့

သင်ယူခဲ့သော လူမျိုးခြားမျိုးချစ်စိတ်ပြင်းထန်လှသောဆရာကြီးများ၏ ပို့ချချက် အားကိုးဖြင့် မြန်မာ့မျိုးနွယ် ပြူလူမျိုးတို့၏ တန်ဘိုးကို အမြဲတမ်း လျှော့တွက်ခဲ့ပါ သည်။

စာရေးသူရေးသားခဲ့သော "ဗုဒ္ဓနှင့် မြန်မာလူမျိုး"ကို ဝေဘန်ခဲ့ သော ဒေါက်တာအရှင်ကေတုသည် မြန်မာလူမျိုးတို့ကို အထင်သေးခဲ့ပါသည်။ နိုင်ငံခြားသားများသည် မြန်မာလူမျိုးတို့ကို အမြဲတမ်းနှိမ်ချခဲ့ အထင်သေးခဲ့ ကြပါသည်။ မြန်မာတပ်မတော်အင်အား သိန်းနှင့်ချီသော တပ်ကြီးဖြင့် ယိုး ဒယားကို သိမ်းယူခဲ့သည့်နေရာတွင် မြန်မာတို့သည် အလွန်ကြွားဝါသော လူမျိုး ဖြစ်သည်။ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသည်။ ဂဏန်းသင်္ချာနောက်တွင် "ဝ" အလုံးပေါင်းများစွာ ထိုး၍ အင်အားကို ပိုပြလေ့ရှိသည်။ ယုံကြည် စရာမရှိဟု ဝေဘန်ကြသည်။ ယိုးဒယားစာရေးသူမင်းသားကြီးကိုယ်တိုင် လူအင် အား ၆သိန်းကျော်ပါသော တပ်မတော်ကြီးနှင့် ချီတတ်တိုက်ခိုက်သည်ဆိုမှ ငြိမ်သွားကြသည်။

နှစ်ပေါင်း ၂၀၀၀ ကျော်ကထဲက မြန်မာတို့သည် သရေ ခေတ္တရာ နေပြည်တော်ကြီးကို တည်ထောင်ခဲ့ကြသည်ဟုဆိုလာလျှင် သူတို့သည် မဲ့ပြုံးပြုံးကာ မယုံပါဟုဆိုကြသည်။ လက်တွေ့တူးဖော်ပြနိုင်တော့မှ "ဟုတ် တယ်နော်" ဟုဆိုလာကြသည်။

မြန်မာပြည်သို့ ဗုဒ္ဓသာသနာရောက်သည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော် ပြီဟုပြောလျှင် မယုံရေးချမယုံ၊ အကြွားပိုသည်။ ဒဏ္ဍာရီကို ပုံပြင်လုပ်ပြော သည်ဟု ဆိုလာပြန်သည်။ သရေ ခေတ္တရာ ခင်ဘကုန်း၊ ရွှေပေလွှာ အချပ်၂၀ ရမှ "အော်" ဟု လက်ခံကြသည်။

မြန်မာတို့၏ဘဝဖြစ်စဉ်ကိုလည်း အေဒီ ၉ ရာစုမှ ကျောက်ဆည်က စသည်ဟု ဆိုခဲ့ကြပြန်သည်။ ရှေးဟောင်းသမိုင်း သုတေသန ပညာရှင်တို့၏ ကျေးဇူးကြောင့် မြန်မာသည် ကမ္ဘာတွင် ရှေးဦးဆုံးပေါ်ခဲ့သည့် နှစ်သန်း ၄၀ က လူမျိုးဟု ယခုမှ သိလာကြသည်။

## ရှေးခေတ် ပြူလူမျိုးတို့အကြောင်း အကျဉ်းချုပ်

| | |
|---|---|
| ပြူ ပြည်ထောင်ပေါင်း | ၁၂ ပြည်ထောင် |
| ပြူလူမျိုးတို့ အခြေချခဲ့ရာနေရာများ | ၂၉၈ နေရာ |
| ပြူလူမျိုးတို့၏ ထင်ရှားသောနေရပ် | ၃၂ နေရပ် |
| ပြူတို့၏ တပ်မြို့များ | ၉ မြို့ |
| ပြူတို့၏ လက်အောက်ခံနိုင်ငံများ | ၁၈ နိုင်ငံ |

ပြူလူမျိုးတို့၏ သရေခေတ္တရာနိုင်ငံတော်ကြီးသည် အနော်ရထာ မတိုင်မီကပင် ထင်ရှားကျော်ကြားခဲ့သည်။ သရေခေတ္တရာနိုင်ငံတော်ကြီးကို ၁၂ ပြည်ထောင်တို့ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သရေခေတ္တရာပြည်ထောင်စု **ပြူနိုင်ငံတော်ကြီး၏ ပြည်ထောင်တို့မှာ**

| | |
|---|---|
| ၁။ ငဆောင်ချမ်း | ၂။ ဟန်လင်း |
| ၃။ မိုးကောင်း | ၄။ တီးတိန် |
| ၅။ ဓညဝတီ | ၆။ ကျောက်ပန်းတောင်း–ပုဂံ |
| ၇။ မိုးဃ်နှဲ | ၈။ ကိုင်းတို |
| ၉။ သထုံ | ၁၀။ ပဲခူး |
| ၁၁။ မော်ဇာ | ၁၂။ ထားဝယ် |

တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

## တရုတ်ထန်မင်းဆက်မှတ်တမ်း

မြန်မာတို့၏ အိမ်နီးချင်းနိုင်ငံကြီးဖြစ်ပြီး စာပေမှတ်တမ်းများကို စနစ်တကျရေးထိုးလေ့ရှိသော တရုတ်ထန်မင်းဆက်မှတ်တမ်းတွင် အေဒီ ၈ ရာစုမှ ၁၁ ရာစုကာလအတွင်း ပြူလူမျိုးတို့၏ နေရာအရပ်ဒေသများမှာ ၂၉၈ နေရာရှိသည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။

ထိုနေရာများထဲမှ ထင်ရှားသောနေရပ်ပေါင်း ၃၂ ခုရှိသည်။ ပြူလူမျိုးတို့ တပ်မတော်တည်ရှိရာ **ပြူတပ်မြို့ ၉ မြို့ရှိသည်။**

၁။ တောင်တွင်းကြီး ၂။သီပေါ

၃။ ဟန်လင်း ၄။ ဝတီး

၅။ ပင်လယ် ၆။ ထီးချိုင်း

၇။ သဲကုန်း ၈။ ကမ်းသီတာ

၉။ မောရိယတို့ ဖြစ်ကြောင်း အတိအကျ အမည်နာမထုတ်ဖော်၍ မှတ်တမ်းတင်ခဲ့သည်။

တရုတ်ထန်မင်းဆက်သမိုင်းသစ်အရ **ပြူလက်အောက်ခံနိုင်ငံများမှာ** ၁၈ နိုင်ငံရှိသည်။ ထို ၁၈ နိုင်ငံမှာ ယခုခေတ်စကားအရ မြန်မာနိုင်ငံပြင်ပ အိန္ဒိယ မလေး ကျွန်းဆွယ် မလေးရှား၊ အင်ဒိုနီးရှား ဖိလစ်ပိုင် ကျွန်းစုတို့ အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်။

အရှေ့တောင်ပိုင်းတွင် ပြူတို့မည်မျှအင်အားကောင်းခဲ့သည်ကို သိနိုင်သည်။ ဤမှတ်တမ်းမှာ မြန်မာတို့၏ မှတ်တမ်းမဟုတ်ပါ။ တရုတ်မှတ်တမ်း ဖြစ်ပါသည်။ တရုတ်တို့သည် တကယ်မရှိခဲ့၊ မဟုတ်မမှန်ခဲ့ပါမူ အပို မှတ်တမ်း တင်စရာမလိုပါ။ တကယ့်အဖြစ်မှန်ကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

## ပြူလက်အောက်ခံနိုင်ငံ ၁၈ နိုင်ငံမှာ

၁။ တွံတေး ၂။မလ္လီ (အိန္ဒိယ)

၃။ ဩရိသ (အိန္ဒိယ) ၄။ ကာလိကာဝရ်စား (အိန္ဒိယ)

၅။ တိုက်ကုလား (သထုံ)။ ၆။ စူမတြာကျွန်းမြောက်ပိုင်း (အင်ဒိုနီးရှား)

၇။ သံလွင်မြစ်ဝ ၈။ တြလူ (မလေးရှားကျွန်းဆွယ်)

၉။ လုအက် (မလေးရှား) ၁၀။ သီရိဝိဇယ (အင်ဒိုနီးရှား)

၁၁။ ပေနီဒကျွန်း (အင်ဒိုနီးရှား) ၁၂။ ဘာလီ (အင်ဒိုနီးရှား)

၁၃။ ကေဒါတ် (မလေးရှား)။ ၁၄။ တကွာပါ

၁၅။ မော်ယိ မှာအစ် (ဖိလစ်ပိုင်ကျွန်းစု)။ ၁၆။ သာဝတ္ထိ (အိန္ဒိယ)

၁၇။ စမ္ပ (အင်ဒိုနီးရှား)။ ၁၈။ ဂျာဗား (အင်ဒိုနီးရှား)

တို့ဖြစ်ကြသည်။

ထိုခေတ်က ပြူလူမျိုးတို့၏ သရေ ခေတ္တရာနိုင်ငံတော်ကြီးမှာ ဤမျှ ကြီးကျယ်လှသော နိုင်ငံတော်ကြီးဖြစ်ပါသည်။ ၉ ရာစု အေဒီလောက်မှ မြင်း

စီးဝင်လာသော မြန်မာအမည်ခံ လူတစ်စုကြောင့် ဤမျှ ခန်းနားကြီးကျယ် လှသည့် ပြူနိုင်ငံတော်ကြီးကို ထိုမြန်မာတစ်စုက မျိုပစ်လိုက်သည်ဆိုသည် မှာ မဖြစ်နိုင်။ ပြူလူမျိုးများသည် မြန်မာအဖြစ် ပြောင်းလဲခံယူခြင်း ဖြစ်နိုင်သည်။

## သရေ ခေတ္တရာသည်
## ယနေ့ မြန်မာနိုင်ငံတမျှ ကျယ်ပြန့်ခဲ့သည်

ပြူလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် မြန်မာမြေတွင် ပေါက်ဖွားအခြေချခဲ့ကြသော မြန်မာမျိုးနွယ်ရင်းစစ်စစ် လူသားမျိုးနွယ်ရင်းများ ဖြစ်သည်။

ထိုပြူလူမျိုးတို့သည် ရာသီဥတုမျှတသည့် မြန်မာ့မြေပေါ်တွင်သာ စဉ်ဆက်မပြတ် အခြေချနေထိုင်ခဲ့ကြသည်။ ပြူလူမျိုးတို့မှ အချိန်အခါအရ ဗြဟ္မာလူမျိုး သကျသာကီဝင်လူမျိုး ဗမာလူမျိုးအဖြစ် အမည်ထူးများကို ခံ ယူခဲ့ပြီးနောက်ဆုံးတွင် မြန်မာလူမျိုးများဖြစ်လာကြသည်။

မြန်မာလူမျိုးတို့သည် နတ်ထိပ်တောင်ကြားမှ ကျောက်ဆည်လွင်ပြင်သို့ ဆင်းလာကြသူများဟူသော အယူအဆတစ်မျိုးမှာ လက်တွေ့နှင့် ကင်းကွာသဖြင့် မှန်ကန်မှု မရှိပါ။

ထိုခေတ်က ပြူလူမျိုးတို့၏ သရေ ခေတ္တရာနိုင်ငံတော်ကြီးသည် ယနေ့ လက်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နီးပါး ဧရိယာ ကျယ်ဝန်းခဲ့သည်။ ဧရိယာကျယ်ဝန်းရုံမက ပြူလူမျိုးတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံ လူနေမှုစနစ်တို့သည် အံ့မခန်းဘွယ် ထွန်းကားခဲ့သည်။ ပြူလူမျိုးတို့၏ တိမ်မြုပ်ပျောက်ကွယ်နေသော ယဉ်ကျေးမှု လက်ရာများကို မဖော်ထုတ်နိုင်ချိန်ကမူ သရေ ခေတ္တရာ ဗိဿနိုး၊ ဟန်လင်းတို့မှာ ဒဏ္ဍာရီပုံပြင်များ ဖြစ်ခဲ့ကြသည်။ အနောက်တိုင်းသားများနှင့် မိမိ၏ စစ်မှန်သောအင်အားကို မယုံကြည်ခဲ့သော လက်ပါးစေ ဗမာတို့ကလည်း ခနဲ့စကားဆိုခဲ့ကြသည်။

## အတိတ်အကြောင်းကို သိရန်လိုသည်

ပြူလူမျိုးတို့၏ သရေ ခေတ္တရာသမိုင်းသည် မြန်မာ့သမိုင်းပင်ဖြစ်သည်။

မြန်မာ့သမိုင်းကို တိတိကျကျ သိရှိနိုင်ရန် မြန်မာပြည်၏ ရှေးဖြစ်စဉ်များကို တိတိကျကျ သိရှိနိုင်ရန် မြန်မာပြည့်၏ ရှေးဖြစ်စဉ်များကို ကွင်းရှောင်၍ မရနိုင်ပေ။ သိပ္ပံပညာ၏ သဘောမှာ လက်တွေ့ကျကျ သမိုင်းကွင်းဆက်တို့ကို ဖော်ထုတ်လေ့လာရသည့်သဘောဖြစ်သည်။ ဘူမိဖြစ်စဉ်အရ နိုင်ငံ့သွင်ပြင်ကို ဖော်ထုတ်နိုင်သဖြင့် မြန်မာ့ဘူမိသမိုင်းကို နားလည်ထားရမည် ဖြစ်သည်။ ဤစာအုပ်တွင်မူ ပြူတို့၏ ဘဝဖြစ်စဉ်ကို ကွင်းဆက်မပြတ် အကျဉ်းဖော်ပြပြီး ပြူတို့မှ ဆက်နွှယ်လာသော သကျသာကီဝင်တို့၏ ဘဝဖြစ်စဉ်ကို ဖော်ပြလိုသဖြင့် ဘူမိဖြစ်စဉ်ကို ကွင်းဆက်မပြတ်ရုံသာ တင်ပြပါမည်။

## မြန်မာ့ဘူမိ ဖြစ်စဉ်အကျဉ်း

ဘူမိဗေဒပညာရှင်များက ကမ္ဘာ့မြေလွှာသက်တမ်းကို နှစ်သန်းပေါင်း ၄၅၀၀ ရှိပြီဟု ဆိုခဲ့ကြသည်။ သက်တန်းအရင့်ဆုံးပင်မ မြေသားသည် မီးသင့်ကျောက်ဖြစ်သည်။ အနည်းကျကျောက် အသွင်ပြောင်းကျောက်တို့မှာ အနည်းစုဖြစ်သည်။ ကျောက်အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ လှိုင်းပုတ်ရာများ ဘူမိကန့်လန့်ဖြတ်လွှာများ ဘူမိဆိုင်ရာအပြတ်အဆက်များကို လေ့လာ၍ ဘူမိခေတ်ကြီးများကို ပိုင်းခြားခဲ့ကြသည်။

မြန်မာ့မြေလွှာတွင် မိုးကုတ်ဒေသအောက်ရှိ အခြေခံကျောက်ဖျာသက်တမ်းသည် သက်တန်းအရင့်ဆုံးကျောက်ဖျာစုဖြစ်သည်။ မိုးကုတ် ကျောက်ဖျာကိုလေ့လာပြီး မြန်မာ့မြေလွှာသည် လွန်ခဲ့သော နှစ်သန်း ၁၀၀၀ လောက်မှ စတင်ခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။

ကျယ်ပြန့်သော ကုန်းမြေထုတည်ရှိခဲ့သော်လည်း ရှမ်း၊ တန်သာရီ ကျောက်စဉ်စုလောက်သာရှိခဲ့ပြီး ဧရာဝတီမြစ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်ပေါ်ခြင်းမရှိသေးပေ။ သက်ရှိ သတ္တဝါတို့၏ အထောက်အထားများတို့ ရှာမတွေ့သောကြောင့်ရှိလျှင်လည်း ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် မကျန်ရစ်နိုင်သော ခန္ဓာကိုယ်ပျော့သည့် သက်ရှိများသာ ရှိကောင်းရှိမည် ဟု ခန့်မှန်းကြသည်။

လွန်ခဲ့သောနှစ်သန်း ၆၀၀ ခန့်မှစ၍ သက်ဦးကပ်စတင်ခဲ့သည်ဟု

ခန့် မှန်းကြသည်။ သက်ဦးကပ်တွင် မြန်မာ့မြေလွှာတွင် ကျောက်လွှာများ ဖြစ်ပေါ်လာသည်။ ယင်းကျောက်လွှာများတွင် မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံးသက်ရှိများကို ပထမဆုံး စတင်တွေ့ခဲ့ရသည်။ ပင်လယ်ရေတိမ်နေ သတ္တဝါမျိုး ၂၀၆ မျိုးကို တွေ့ခဲ့ရသည်။ ရေတိမ်ပင်လယ်ဖြစ်ပေါ်ခဲ့သည်။ လွန်ခဲ့သော နှစ်သန်း ၄၀၀ လောက်ရောက်သောအခါ တစ်ကမ္ဘာလုံးဆိုင်ရာ ဘူမိလှုပ်ရှားပြောင်းလဲမှုကြီး ဖြစ်ပေါ်ခဲ့သည်။ ရှမ်းပင်လယ်အတွင်း၌ မြေများမြင့်တက်လာကာ တောင်တန်းများ တောင်ကြားချိုင့်ဝှမ်းများအဖြစ် တွန့်ခေါက်တက်လာခဲ့သည်။ ရာသီဥတုပူနွေးလာမှုကြောင့် သန္တာကျောက်တန်းများ ပေါ်ပေါက်လာသည်။

လွန်ခဲ့သော နှစ်သန်း ၁၃၅ ခန့်တွင် ကမ္ဘာနှင့်အဝန်း အကြီးမားဆုံး အပြင်းထန်ဆုံး မြေလှုပ်ရှားပြောင်းလဲမှုကြီး ဖြစ်ခဲ့သည်။ ဥရောပရှိ အဲလ်ပတောင်တန်းလှုပ်ရှားမှုဖြစ်ပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်တန်းများ ပေါ်ပေါက်လာသည်။ ရခိုင်ရိုးမတောင်တန်းသည် ပင်လယ်ပြင်မှ ပထမဆုံး စတင်ပေါ်ထွန်းလာခဲ့သည်။ သက်လယ်ကပ်အတွင်းဖြစ်သည်။

နှစ်သန်း ၆၃ သန်းသို့ ရောက်လာသောအခါ သက်နှောင်းကပ် အတွင်း ရောက်လာသည်။ ထိုကပ်အတွင်းဖြစ်တည်ခဲ့သော သယံဇာတများစွာကို မြန်မာမြေလွှာတွင် တွေ့လာရသည်။ ရေနံ ကျောက်မီးသွေးတို့ ဖြစ်တည်လာသည်။ လွန်ခဲ့သောနှစ်သန်း ၄၀ လောက်ရောက်သောအခါ မိကျောင်းနှင့် ကျောရိုးရှိတွားသွားကုန်းနေသတ္တဝါတို့ ပေါ်ထွန်းလာခဲ့သည်။ ပုံတောင်ပုံညာတောင်ကုန်းများတွင် ကုန်းနေသတ္တဝါများနှင့် ရေချိုနေ သတ္တဝါများ ကျက်စားခဲ့သည်ကို တွေ့ရသည်။ လွန်ခဲ့သောနှစ်သန်း ၃၀ လောက် ရောက်သောအခါ မြေပြင်မြင့်တက်မှုကြောင့် ပင်လယ်ရေအနည်းငယ် ဆုတ်ခဲ့သည်။ လွန်ခဲ့သောနှစ် ၁၅ သန်းသို့ရောက်သောအခါ မြန်မာ့မြေ မျက်နှာပြင်သည် အလွန်ကြီးမားသော ဟိမဝန္တာတောင်တန်း တည်ဆောက်မှုဒဏ်ကို ခံရသည့် ယခုလက်ရှိ မြန်မာမြေမျက်နှာပြင် ဖြစ်ပေါ်ခဲ့သည်။ ဧရာဝတီ ချင်းတွင်း မြစ်ကြီးများ မြောက်ဘက်မှာ မြေများကိုပို့ချပေးခဲ့သည်။ ရခိုင်ရိုးမ ပဲခူးရိုးမနှင့် တောင်တန်းများပေါ်ထွန်းလာခဲ့သည်။ ရှမ်း၊ ကယား၊ တနင်္သာရီနယ်မြေ

များသည် ကုန်းမြေကြီးအဖြစ် တည်ရှိလာသည်။ နိုင်ငံတော်၏ သွင်ပြင်သည် လွန်ခဲ့သောနှစ် ၁၅ သန်းမှစ၍ခိုင်မာသော မြေထုကြီးအဖြစ် ဖြစ်ထွန်းလာသည်။ ပင်လယ်ပြင်၏ လွှမ်းမိုးမှုမှ လုံးဝလွတ်မြောက်ခဲ့သည်။ မြောက်ပိုင်းမှ မြစ်များ စီးဆင်းလာမှုကြောင့် ကျောက်စရစ်များ သဲများ နုန်းနုများ ရွှံ့အနှစ်များ ပို့ချလာသည့်အတွက် ဧရာဝတီမြစ်ကြီး စတင်စီးဆင်းလာသည်။

မြန်မာ့မြေလွှာတွင် လူသားတို့ စတင်နေထိုင်ခြင်းမပြုမီက သက်ဦးကပ် သက်လယ်ကပ် သက်နှောင်းကပ်ကြီးများကို ကျော်ဖြတ်ခဲ့ လက်ရှိ မျက်နှာသွင်ပြင်ပေါ်ထွက်လာခဲ့သည်။ သက်ဦးကပ်နှစ်သန်း ၆၀၀မှ စခဲ့ပြီး သက်လယ်ကပ် နှစ်သန်း ၂၅၀ ခန့်က စတင်ပြောင်းလဲလာခဲ့ သက်နှောင်းကပ် နှစ်သန်း ၆၀ ခန့်အထိ ကျော်လွှားခဲ့ရသည်။

## စတုတ္ထကပ်

သက်နှောင်းကပ်အထိ မြန်မာ့မြေလွှာသည် အပြောင်းအလဲအမျိုးမျိုးကို ကျော်လွန်လာခဲ့ပြီးနောက် စတုတ္ထကပ်ခေါ် ကပ်ကမ္ဘာသစ်တစ်ခု ဖြစ်လာခဲ့သည်။ လက်ရှိ ကမ္ဘာဖြစ်သည်။ သက်ရှိသတ္တဝါတို့ အသက်ရှင် နေထိုင်ရာ ကပ်ကမ္ဘာကြီး စတင်ပေါ်ပေါက်လာခဲ့သည်။ ဤကပ်ကမ္ဘာကြီးကို နှင်းခဲခေတ်ကြီးဟု ခေါ်ဝေါ်ကြသည်။ နှင်းခဲခေတ်ခေါ်ရသောအကြောင်းမှာ ကမ္ဘာ မျက်နှာပြင်၏ မြင့်သောနေရာများတွင် နှင်းခဲများ ထုထည်ကြီးမားစွာ ဖြစ်ပေါ်ခဲ့၍ ဖြစ်သည်။ လွန်ခဲ့သော နှစ် ၁ သန်းက စခဲ့သည်။

အနှစ်၁ သန်းမှ နှစ် ၅၀၀၀၀ ကြားတွင် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ခဲ့သည်။ မြန်မာ့မြေပြင်၌ သစ်တောများ ဖုံးလွှမ်းနေပြီး မြင်းများ ဒရယ်များ ဆင်များ၊ နွားများ၊ ကျွဲများ ကျက်စားခဲ့ကြသည်။ နှင်းခဲခေတ်သည် လွန်ခဲ့သော နှစ် ၁ သောင်းခန့်ကမှ နှင်းခဲဖုံးလွှမ်းမှု စတင်ဆုတ်ခွာခဲ့သည်။ ထိုအချိန်မှစ၍ လူသားတို့ စတင်ပေါ်ပေါက်ခဲ့သည်။ ကျောက်ခေတ်များဖြစ် သော ကျောက်ကြမ်းခေတ် ကုန်ဆုံးပြီး ကျောက်လယ်ခေတ်သို့ ရောက်လာသည်။

စတုတ္ထကပ်တွင် မြန်မာ့ဘူမိသွင်ပြင်သည် အနောက်ရိုးမတောင်တန်း

အလယ်ရိုးမတောင်တန်း ရှမ်းကုန်းပြင်မြင့် တနင်္သာရီရိုးမ စသော တောင်တန်းကြီးများနှင့် အနားသတ်ထားသည်။ ဧရာဝတီ ချင်းတွင်း စစ်တောင်း သံလွင်မြစ်တို့လည်း မြောက်မှ တောင်သို့ ယှဉ်ပြိုင်သွယ်တန်း စီးဆင်းလျက် ရှိကြသည်။ ထိုတောင်တန်းများအကြားတွင် တောင်ကြားမြစ်ဝှမ်းဒေသများသည် လူနှင့်သားရဲတိရစ္ဆာန်များ မှီတင်းကျက်စားရာ နေထိုင်အခြေချရန် သင့်လျော်သည့် ရေခံ မြေခံကောင်းမွန်သည့်နေရာများဖြစ်လာကြသည်။ ရာသီဥတုမှာလည်း ပူနွေးစွတ်စို၍ အသီးအနှံများ စိုက်ပျိုးနိုင်သောဒေသများ ဖြစ်လာကြသည်။ ရာသီဥတုကလည်း မျှတ သီးနှံစိုက်ပျိုးရန်လည်း အဆင်ပြေလာကြသဖြင့် လူသားတို့ ပြန့်ပွားရန် အဆင်ပြေချိန်ဟု ဆိုနိုင်လေသည်။

လူသားတို့နှင့် ပတ်သက်၍ကြည့်လျှင် စတုတ္ထကပ်ခေါ် လွန်ခဲ့သော နှစ် ၁ သန်းလောက်မှစ၍ ရှေးဦးလူတို့ စတင်ပေါ်ပေါက်ခဲ့သည်။ မြင်း ဆင် စသော တိရစ္ဆာန်တို့ ပေါ်ပေါက်ခဲ့ပြီ၊ သစ်တောကြီးများ တည်ရှိခဲ့သည်။ နှင်းခဲများ ထူထပ်စွာကျနေသည်။ လွန်ခဲ့သော နှစ် ၅ သိန်းမှ ကျောက်ခေတ်ဦး ကာလ ဖြစ်သည်။ အညာသား ယဉ်ကျေးမှုထွန်းကားခဲ့သည်။ လွန်ခဲ့သော နှစ် ၃ သောင်းမှ ၁ သောင်းထိ ကျောက်ခေတ်လယ်ထွန်းကားခဲ့သည်။ လွန်ခဲ့ သော နှစ် ၈ ထောင်မှ ၄ ထောင်ထိ ကျောက်ခေတ်နှောင်းခေါ် ကျောက်ချောခေတ်ထွန်းကားခဲ့သည်။ လွန်ခဲ့သောနှစ် ၄၀၀၀ မှ ကြေးခေတ် ထွန်းကားခဲ့သည်။ နှစ် ၃၀၀၀ လောက်မှ ၂၅၀၀ ထိ ပြုခေတ် ကျယ်ပြန့်နေပြီ။ နောက်သံခေတ်ရောက်ခဲ့ပြီဟု အကြမ်းပြင်း ဆိုနိုင်လေသည်။

---------

## မြန်မာ့မြေပေါ်မှ မြေသွင်ပြင်ပြောင်းလဲမှု အကျဉ်း

| စဉ် | ဘူမိကာလ | ပြောင်းလဲဖြစ်ပေါ်မှု |
|---|---|---|
| ၁။ | လွန်ခဲ့သောနှစ်သန်း ၄၅၀၀ | ကမ္ဘာမြေစတင်တည်ရှိလာသည် |
| ၂။ | လွန်ခဲ့သောနှစ်သန်း ၁၀၀၀ | မြစ်ကြီးနားမှ ကယားအထိ၊ သံလွင်အရှေ့ခြမ်းအထိ၊ အနောက်ဘက် ရှမ်းကုန်းပြင်မြင့်အဆုံးအထိ၊ ကျယ်ပြန့်သော ရှမ်း တန်သာရီ ကျောက်စဉ်စုကြီး တည်ရှိလာသည်။ |
| ၃။ | လွန်ခဲ့သောနှစ်သန်း ၈၀၀–၇၀၀ | ပြင်းထန်သော ကမ္ဘာမြေ လှုပ်ရှားမှုများကြောင့် မြေလွှာများ တွန့်ခေါက်ပြီး မြေတိုက်စားမှု ပြုန်းတီးမှုများ ဖြစ်ခဲ့သည်။ |
| ၄။ | သက်ဦးကပ်<br>လွန်ခဲ့သောနှစ်သန်း ၆၀၀–၅၀၀ | မြန်မာ့မြေလွှာတွင် ကျောက်လွှာများဖြစ်ခဲ့၊ ပင်လယ်ရေတိမ်နေ အသက်အရင့်ဆုံး သတ္တဝါများပေါ်လာ ကမ္ဘာဦးကျွန်းများ တည်ရှိလာခဲ့။ |
| ၅။ | လွန်ခဲ့သောနှစ်သန်း ၅၀၀–၄၂၅ | ကမ္ဘာနှင့်အဝန်း မီးတောင်ပေါက်ကွဲမှုများ ဖြစ်လာခဲ့၊ သတ္တဝါများပုံစံအမျိုးမျိုးဖြင့် တိုးပွားလာခဲ့။ |
| ၆။ | လွန်ခဲ့သောနှစ်သန်း ၄၂၅–၄၀၅ | ရေမှော်ကောင်အစုအဝေး သတ္တဝါများတည်ရှိလာခဲ့။ ငါးကဲ့သို့သော သတ္တဝါများ ထွန်းကားလာ၊ ရှမ်းပင်လယ်အတွင်း မြေပြင်မြင့်တက်လာခဲ့။ |

| | | |
|---|---|---|
| ၇။ | လွန်ခဲ့သောနှစ်သန်း ၄၀၅–၃၄၅ | ရှမ်းကုန်းပြင်မြင့်ရေလွှမ်းမိုးခံရ၊ ပိုမိုကြီးမားသော ကျွန်းများပေါ်လာ၊ ရာသီဥတုပူနွေး သန္တာကျောက်တန်းများတည်ရှိလာခဲ့။ |
| ၈။ | သက်လယ်ကပ် | တွားသွားသတ္တဝါများ အသက်ရှင်တည်ရှိလာ ကမ္ဘာ့အခြားဒေသများတွင် ဒိုင်နိုဆောကဲ့သို့သော သတ္တဝါများ ဖြစ်ပေါ်လာ။ |
| ၉။ | လွန်ခဲ့သောနှစ်သန်း ၁၈၀–၁၃၅ | သစ်တောကြီးများ ထွန်းကားလာ တိုက်စားမှု ပြိုပျက်မှုများ ဆက်လက်ဖြစ်ပွားနေ။ |
| ၁၀။ | လွန်ခဲ့သောနှစ်သန်း ၁၈၀–၁၃၅ | ကမ္ဘာနှင့်အဝန်းအကြီးမားဆုံးနှင့်အပြင်းထန်ဆုံးမြေလှုပ်ရှားမှုဖြစ်ခဲ့သည်။ ဤကာလအတွင်း ကမ္ဘာ့အမြင့်ဆုံး တောင်တန်းများ ပေါ်ထွန်းလာခဲ့။ ဟိမဝန္တာနှင့် ရခိုင်အနောက်ရိုးမ တည်ရှိဖြစ်လာခဲ့။ |
| ၁၁။ | သက်နှောင်းကပ် | သယံဇာတအများအပြား မြန်မာ့မြေလွှာတွင် တွေ့ရှိလာ၊ရေနံနှင့် ကျောက်မီးသွေးများ ဖြစ်တည်လာခဲ့။ |
| ၁၂။ | လွန်ခဲ့သောနှစ်သန်း ၄၀ | ချင်းတွင်းဒေသ၌ သစ်တောများပေါက်လာ မိကျောင်းနှင့် ကျောရိုးရှိတွားသွားသတ္တဝါများ ထွန်းကားလာ ကုန်းနေသတ္တဝါများနှင့် ရေချိုနေသတ္တဝါများ ထွန်းကားလာခဲ့။ မြန်မာ့မြေတွင် လူတူပရိုင်းမိတ်များ ထွန်း |

ကားလာခဲ့။

၁၃။ လွန်ခဲ့သောနှစ်သန်း ၃၀ — ပဲခူးရိုးမနှင့် အရှေ့ဘက်ဒေသ ရေလွှမ်းမိုးခြင်းခံရ

၁၄။ လွန်ခဲ့သော နှစ်သန်း ၁၅ — ဧရာဝတီချင်းတွင်း စသော မြစ်ကြီးများ ဖြစ်ပေါ်လာခဲ့ မြန်မာ့မြေလွှာသည် ခိုင်မာသော မြေထုအဖြစ် တည်ရှိလာခဲ့သည်။

## စတုတ္ထကပ်ဖြစ်ပေါ်လာခြင်း

၁၅။ လွန်ခဲ့သောနှစ် ၁ သန်း — ကမ္ဘာ့လူသား စတင်ပေါ်လာ ဒရယ်၊ မြင်း၊ ဆင်၊ ကျွဲ၊ နွား၊ တို့ပေါ်လာ သစ်တောကြီးများ ကျယ်ပြန့်လာ မီးတောက်ပေါက်ကွဲမှုများ ရှိလာခဲ့၊ ပုပ္ပါးမီးတောင် ပေါက်ကွဲနေ မြင့်မားသော နေရာများတွင်နှင်းခဲများ ထူထပ်စွာ ဖြစ်

## ကျောက်ခေတ်

၁၆။ လွန်ခဲ့သောနှစ် ၅သိန်း၊ ၁သိန်း — ကျောက်ခေတ်ဦးကာလတွင် အညာသား ယဉ်ကျေးမှု ထွန်းကားလာ ကျောက်လက်နက်ပစ္စည်းများ ပြုလုပ်အသုံးပြုလာခဲ့ကြ

၁၇။ လွန်ခဲ့သောနှစ် ၃သောင်းနှင့် ၁သောင်း — ကျောက်ခေတ်လယ် ထွန်းကားလာခဲ့

၁၈။ လွန်ခဲ့သောနှစ် ၈ထောင်နှင့် ၄ထောင် — ကျောက်ခေတ်နှောင်း သို့မဟုတ် ကျောက်ချောခေတ် ထွန်းကားလာခဲ့

၁၉။ လွန်ခဲ့သော နှစ် ၄ထောင်မှ — ကြေးခေတ်၊ ညောင်ကန်၊ မြင်းဦးလှည့်၊

ကုက္ကိုခြါးလှ၊ နှောကုန်း၊ ချောင်းမကြီး ဒေသတို့တွင် မြန်မာနိုင်ငံကြေးခေတ် ထွန်းကားလာခဲ့၊ ကြေးခေတ်လူသား ပြုလုပ်လူမျိုးများ ကျယ်ပြန့်သွား

၂၀။ လွန်ခဲ့သောနှစ်၃၀၀၀မှ၂၅၀၀ထိ ဟန်လင်း၊ တကောင်း ဗိဿနိုး၊ သရေခေတ္တရာ၊ ပင်လယ်ဒေသများ တွင် ပြုလုပ်လူမျိုးတို့ မြို့ပြများ ထူထောင် နေခဲ့။

## သံခေတ်

၂၁။ လွန်ခဲ့သောနှစ်၃၀၀၀မှ၁၅၀၀ထိ သံပစ္စည်းများကို လက်နက် ကိရိယာ များအဖြစ်၎င်း၊ လူ့အသုံးအဆောင်များ ပြုလုပ်သုံးစွဲခဲ့ကြသည်။ ကြံညှပ်၊ ပုတီး၊ ပြူ၊ မလယ်၊ မင်းဘူး၊ စကု လယ်ကိုင်း၊ မူးမြစ်ဝှမ်း၊ စမုံမြစ်ဝှမ်း၊ ပုဂံ ညောင်ဦး၊ မြန်မာနိုင်ငံအနှံ့ သံပစ္စည်းများသုံးစွဲ လာ။

# ဒုတိယပိုင်း

## ပရိုင်းမိတ်တွေ့ရှိချက်အရ လူသားအစ မြန်မာက

စတုတ္ထကပ်တွင် လူသားတို့ စတင်ဖြစ်ပေါ်လာသည်ဟု သတ်မှတ်ကြသည်။ အခြားသက်ရှိသတ္တဝါများမှာ ကမ္ဘာကြီး ဖြစ်ပေါ်ပြီးနောက် သက်ဦးကပ်စတင်ချိန်လောက်ကပင် ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။ ရှေးနှစ်ပေါင်း သန်းပေါင်းများစွာကထဲက အသက်ရှင် လှုပ်ရှားခဲ့ကြသည့် သတ္တဝါ အမျိုးမျိုးတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို စနစ်တကျ လေ့လာ၍ သတ္တလောက၏ဆင့် ကဲဖြစ်စဉ်ကို ပညာရှင်တို့ သုတေသနပြုခဲ့ကြသည်။ ထိုသို့ လေ့လာသောအခါ ပရိုင်းမိတ်များ မျောက် မျောက်ဝံ လူဝံနှင့် ရှေးဦးလူတို့ အပါအဝင်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာ၍ လူသားမျိုးနွယ် အစကို ရှာဖွေခဲ့ကြသည်။ အသိဉာဏ်ရှိသော လူတို့သည် မိမိလူသားတို့၏ မျိုးနွယ်အစကိုလွန်စွာ သိချင်ကြသည်။ လူသားအစ ဟူသော ဝေါဟာရဂုဏ်ပုဒ်ကိုလည်းလွန်စွာ တန်ဖိုးထားမြတ်နိုးကြသည်။ မိမိတို့ နိုင်ငံမြေရေတွင် လူသားအစတွေ့ရကောင်းနိုးဖြင့် အချိန်ကုန် လူပန်း ငွေကြေးကုန်ခံ၍ ကြိုးပမ်းဖော်ထုတ်ကြသည်။ အင်အားကောင်း ငွေကြေးတတ်နိုင်ပညာစွမ်းကြီးမားကြသော နိုင်ငံတို့က အပြိုင်အားထုတ်နေချိန်တွင် မြန်မာနိုင်ငံသည် ပါဝင်မှု မရှိသေးခဲ့ပေ။

ထိုပညာရပ်ကို တတ်ကျွမ်းသော ပညာရှင်တို့ကလည်း မြန်မာကိုစာရင်းမသွင်းခဲ့သေးပေ။ ကိုလိုနီဘဝကျရောက်ခဲ့သော မြန်မာတို့ကို အနောက်တိုင်းသားတို့သည် အထင်သေးခဲ့ကြသည်။ ခေတ်ပညာတတ် အသိုင်းအဝိုင်းသို့ အတင်းတိုးဝင်နေရာယူ မျက်နှာချိုသွေးနေကြသော မြန်မာစိတ် နည်းပါး

ကြသည့် မြန်မာပြည်ပေါက်တို့ကလည်း အနောက်တိုင်းသားတို့ထက် ပို၍ပင် နှိမ်ကြသည်။ မြန်မာပြည်မှာ လူဖြစ်ရသည်မှာ ရှက်စရာ နိမ့်ကျ နုံချာလှသည်ဟုပင် အထင်ရောက်ကာ မျိုးရိုးစဉ်လာ ဘာသာစကား ယဉ်ကျေးမလေ့ ထုံးစံဝတ်စားဆင်ယင်မှုကိုးကွယ်သည့်ဘာသာတို့ကို ပြောင်းလဲခဲ့ကြသည်။ မိဘပေးထားသော မြန်မာနာမည်ကိုပင် ခေတ်မီစေရန် အနောက်တိုင်း အမည်ပြောင်းလဲခဲ့ကြသည်။ ထိုသူတို့သည်ကား မြန်မာလူမျိုးကို မနေ့တနေ့ကမှ လူ့လောကသို့ရောက်လာကြသည့် လူရိုင်းများအဖြစ် မှတ်ထင်ခဲ့ကြသည်။ မြန်မာ့သမိုင်း မြန်မာ့ရာဇဝင် မြန်မာဘုရင် မြန်မာလူစွမ်းကောင်း မြန်မာပညာရှင်များကို လူသတ်သမား သူခိုး ဓားပြ မုဒိန်းကောင်များအဖြစ် အပုတ်ချ ရှုမြင်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာကို အထင်မကြီး မလေးစား လူကြွားများ ဒဏ္ဍာရီပုံပြင်ကို အဟုတ်ထင်နေသူများဟု စော်ကားခဲ့ကြသည်။

ထိုသူတို့သည် တကောင်းခေတ် မတိုင်မီကပင် မြန်မာတို့ မြို့ပြပြည်ရွာတည်ထောင်နေထိုင်ခဲ့ကြသည်ဟူသော မြန်မာအစ တကောင်းက အယူအဆကို ပယ်ဖျက်ရန် မြန်မာအစ ကျောက်ဆည်က ဟု ထွင်ခဲ့ကြသည်။ အနောက်တိုင်းသား ပညာရှင်က တင်ပြလာသည်ကို နောက်လိုက်တအုပ်က ထောက်ခံကြပြီး အပျောက်ရှင်းခဲ့ကြသည်။ သို့သော် မြန်မာသမိုင်းပညာရှင်ကြီးငယ်တို့၏ ရဲဝံ့စွာ ရင်ဆိုင်ဖြေရှင်းမှုကြောင့် သက်သေ ခိုင်လုံမှု မရှိ သောထိုအဆိုသည် ပျောက်ကွယ်ခဲ့ရသည်။ ဗုဒ္ဓနှင့် မြန်မာလူမျိုးတွင် ရှုပါ။

ထို့နောက် ရှေးဟောင်းပညာရပ်ကို လေ့လာတတ်ကျွမ်းလာသော မျိုးချစ်မြန်မာတို့ကြောင့် သရေခေတ္တရာသမိုင်းသည် မြေအောက်မှ ထွက်ပေါ်လာခါ သမိုင်းသက်သေခံလာခဲ့ပါပြီ။ သရေခေတ္တရာ ဟန်လင်း ဗိဿဏိုးတို့သည် ယခုအခါ ဒဏ္ဍာရီ မဟုတ်တော့ဘဲ မြန်မာတို့အတွက် သမိုင်းသက်သေဖြစ်လာခဲ့ပါပြီ။ မာရ်နတ်မင်းက နတ်စစ်သည်ပေါင်း ကုဋေ ကုဋာဖြင့် ပလ္လင်ကို လုရန်လာရောက်တိုက်ခိုက်သောအခါ ဘုရားလောင်းက လက်တော်ကို ဆန့်ထုတ်၍ ငါသည် ပါရမီတော် အနန္တကို ဖြည့်ကျင့်ခဲ့သဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို ရရှိခဲ့ကြောင်း ချခဲ့ဖူးသော ရေစက်များကို ဝသုန္ဒရေ ဤမဟာပထဝီမြေကြီးက အသိဆုံးပါ။ သက်သေခံပါလိမ့်မည်ဟု

မိန့်တော်မူသောအခါ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါပြီး သက်သေခံသကဲ့သို့ မြန်မာတို့အတွက် သမိုင်းသက်သေ မြေကြီးထဲမှ ပေါ်ထွက်၍ လာခဲ့ပါသည်။

## လူသားမျိုးနွယ်အစ လေ့လာကြခြင်း

ကမ္ဘာ့ဘူမိဖြစ်စဉ်နှင့်တွဲ၍ မြန်မာ့ဘူမိဖြစ်စဉ်အကျဉ်းချုပ်ကို ဖော်ပြပြီးပါပြီ။ မြန်မာနိုင်ငံတော်၏ ပထဝီဝင် မြေမျက်နှာသွင်ပြင်သည် နှစ်သန်းပေါင်း ၁၀၀၀ လောက်မှစ၍ အသွင်အမျိုးမျိုး ပြောင်းခဲ့ကာ နှစ်သန်း ၁၅ သန်း လောက်မှစ၍ တောတောင်မြစ်ချောင်း ပင်လယ် သမုဒ္ဒရာ မြေမျက်နှာသွင်ပြင်သည့် ယနေ့မျက်မှောင်အသွင် တည်ငြိမ်လာခဲ့သည်။ ဆင် မြင်း ကျွဲ နွား တိရစ္ဆာန်များလည်း ပေါက်ဖွား ကျက်စားလျက်ရှိပါသည်။

မျက်မှောက်ခေတ် ပညာရှင်တို့သည် ကမ္ဘာ့ဘူမိဖြစ်စဉ်နှင့် တွဲယှဉ်၍ မိမိတို့လူသားမျိုးနွယ်အစကို ရှာဖွေကြပြန်သည်။ ထိုအခါ ပရိုင်းမိတ်များ မျောက်မျောက်ဝံ လူဝံ နှင့် ရှေးဦးလူတို့ ပါဝင်သော ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာမိကြသည်။ လူသားအကြောင်းလေ့လာရာတွင် လူတူ ပရိုင်းမိတ် **Primate** များသည် သတ္တလောကတွင် ပထမဆုံး အသိဉာဏ်ဖွံ့ဖြိုးတိုးတက်လာသော နို့တိုက် မွေးမြူသည့် သွေးပူသတ္တဝါဖြစ်ကြောင်း သိရှိလာကြသည်။

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဟု တချိန်က ယူဆခဲ့ရသော လူတူပရိုင်းမိတ်ကို အာဖရိကတိုက် အီဂျစ်နိုင်ငံ ဖာယွန်ဒေသ Fayam မှ တွေ့ရှိခဲ့သည်။ နှစ်သန်းပေါင်း ၃၃ သန်းရှိပြီဟု သတ်မှတ်နိုင်ခဲ့သည်။ ထိုပရိုင်းမိတ်ရုပ်ကြွင်းကိုပင် ကမ္ဘာတွင် သက်တန်း အရင့်ဆုံးလူသားမျိုးနွယ်၏ အစဟု မှတ်ယူခဲ့ကြသည်။ Middle Oligocene သက်တမ်းကာလဖြစ်သည်။ အာရှတိုက် ထိုင်းနိုင်ငံ၌လည်း အဆင့်မြင့် လူတူပရိုင်းမိတ်ရုပ်ကြွင်းကို တွေ့ရှိရသေးသည်။ ထိုင်းနိုင်ငံKr Rabi ဒေသမှ Siamopilthesas ရုပ်ကြွင်းဖြစ်ပြီး သက်တမ်းအားဖြင့် Upper Eocene လွန်ခဲ့သော နှစ် ၃၇ သန်းခန့် ဖြစ်သည်။

တရုတ်နိုင်ငံ့တွင်လည်း Late Middle Eocene သက်တမ်းရှိသော ပရိုင်းမိတ် ရုပ်ကြွင်း Fosimias ကို တွေ့ခဲ့သေးသည်။ သို့သော် ၎င်းသည် အကောင်အရွယ်အစားအားဖြင့် မြေကြွက် သို့မဟုတ် ရှဉ့်အရွယ်ခန့်သာရှိပြီး ပညာရှင်အများစုက အဆင့်မြင့်လူတူပရိုင်းမိတ်ဖြစ်ကြောင်း လက်မခံကြပါ။ မြန်မာနိုင်ငံမှ တွေ့ရှိရသော လူတူပရိုင်းမိတ်များ၏ အရွယ်အစားမှာ Gibbon မျောက်လွှဲကျော် အရွယ်ခန့်ရှိရာ အရွယ်ပမာဏအားဖြင့် ကွာခြားလွန်းလှပါသည်။

## မြန်မာ့ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း

မြန်မာနိုင်ငံမှလည်း ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ၁၉၁၄ ခုက မကွေးတိုင်း မြိုင်မြို့နယ် ဖန်ကန်ရွာအနီး၌ စတင်တွေ့ရှိခဲ့သည်။ ထို့နောက် ၁၉၇၈ ခုနှစ်တွင် စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ် မိုးကောင်းရွာ အနီးတွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်စ၍ နှစ်စဉ် စဉ်ဆက်မပြတ် မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်များရှိ ပုံတောင်ကျောက်လွှာစုများမှလည်းကောင်း ဆက်တိုက်တွေ့ရှိခဲ့သည်။

ကျောက်ဖြစ်ရုပ်ကြွင်းများသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သောအရာများဖြစ်ကြသည်။ လူအများတန်ဖိုးထားကြသည့် ရွှေငွေ ကျောက်မျက်ရတနာများကို တန်ရာတန်ဖိုးပေး၍ရောင်းနိုင် ဝယ်နိုင်သော်လည်း ကျောက်ဖြစ်ရုပ်ကြွင်းများကို မည်သည့်တန်ဖိုးနှင့်မျှ ဖြတ်၍ မရနိုင်ပေ။ မျက်မှောက်ခေတ် ကမ္ဘာ့ထိပ်သီးနိုင်ငံအတော်များများသည် ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းကို ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှ လူတူပရိုင်းမိတ်များ ရှားရှားပါးပါး တွေ့ရသောအခွင့်အရေးတရပ်ဖြစ်သည့်ပြင် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာ၌ ငြင်းကွယ်၍မရနိုင်သော သက်သေများဖြစ်၍ အနည်းငယ် ဆက်လက်တင်ပြလိုပါသည်။ လူသားမျိုးနွယ် အစနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အခန်းကဏ္ဍကို အမှန်အတိုင်းသိစေလိုသော ဆန္ဒဖြင့် တင်ပြရခြင်းဖြစ်ပါသည်။ **သမိုင်းဟူသည်အဖြစ်မှန်များကို ဖော်ထုတ်နိုင်မှ စစ်မှန်၍ ရတနာတန်း**

ဝင် သမိုင်းဖြစ်ရပါမည်။ အတိတ်သမိုင်းကို ဖော်ထုတ်ရာ၌ အတိတ်က ရှိခဲ့သော အထောက်အထားများနှင့် ယှဉ်တွဲဖော်ထုတ်သုံးသပ်ဆုံးဖြတ်မှသာ လေ့လာသူ လူသားတို့ကို အသိမှန်အမြင်မှန်ပေးရာ ရောက်ပါမည်။ နိုင်ငံကြီးငယ် လိုက်၍ ဘက်လိုက်ဖော်ပြမှု နိုင်ငံရေးအရှိန်အဝါလိုက်၍ ဘက်လိုက်ပြီး အမှားကို အမှန်လုပ်မှု လူမျိုးရေးကိုလိုက်၍ ငါ့လူမျိုးဟူသော အစွဲတရားဖြင့်လုပ်ကြံဖော်ပြမှုများမှာ လေ့လာသူတို့၏ အသိဉာဏ်ကို အဆိပ်ရည်ဖြန်းသည်နှင့် တူတတ်ပါသည်။ ထို့ကြောင့် မြန်မာတို့၏ လူတူပရိုင်းမိတ်အကြောင်းကို လိုအပ်သလောက် ဖော်ပြပါမည်။

## လူသားအစ မြန်မာက

မြန်မာ့လူတူပရိုင်းမိတ်ကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိခဲ့သောဒေသမှာ မြန်မာနိုင်ငံအလယ်ပိုင်း အနောက်ခပ်ယွန်းယွန်းတွင် တည်ရှိသော တောင်မြောက်တန်းနေသော တောင်တန်းကြီး နှစ်သွယ်ရှိရာ အနောက်ဘက်မှ တောင်တန်းသည် ပုံညာတောင်ဖြစ်၍ အရှေ့ဘက်မှ တောင်တန်းသည် ပုံတောင်တောင်တန်းဖြစ်သည်။ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ဆုံရာဒေသလည်းဖြစ်သည်။ ပုံတောင်တောင်တန်း၏ အရှေ့ဘက်တွင် မင်းကင်းမြို့နယ်၊ ကနီမြို့နယ်၊ ပုလဲမြို့နယ်၊ မြိုင်မြို့နယ် ပေါက်မြို့နယ်များ တည်ရှိသည်။ ပုံတောင်တောင်တန်း၏ အနောက်ဘက်မှစ၍ ပုံညာတောင်အပါအဝင်ဒေသများသည် ကလေးမြို့နယ် ဂန့်ဂေါမြို့နယ် ထီလင်းမြို့နယ် တို့ တည်ရှိရာဒေသဖြစ်သည်။

ပုံတောင်ဒေသရှိ ကျောက်လွှာများမှာ ဘူမိသက်တမ်းအားဖြင့် အီယိုဆင်းအထက်ပိုင်းသက်တန်းရှိသည့် လွန်ခဲ့သည့် နှစ်သန်းပေါင်း ၄၀ ခန့်က ကျောက်လွှာများ ဖြစ်ကြသည်။ အများအားဖြင့် သဲကျောက်များဖြင့် တည်ဆောက်ထားပြီးအချို့နေရာများတွင် ရွှံ့စေး ကျောက်လွှာများ ပါဝင်ကြသည်။

ပုံတောင်ဒေသမှ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းနှစ်မျိုးတွေ့ရသည်။ ပုံတောင်ဂျီးယားကော်တာရိုင်း Pon daugia cotteri မျိုးရင်းနှင့် အက်ဖီပီသီးကပ် မိုးကောင်းဂျန်းစစ် Amplipil thecus mogoun gensis

တို့ဖြစ်သည်။ အမေရိကန်ပညာရှင် ဒေါက်တာဂျီဒီပီကော်တာ G.D.P cotter က ၁၉၁၄ ခုနှစ်တွင် မြိုင်မြို့နယ် ဖန်းကန်ရွာအနီးတွင် ပထမမျိုးရင်းကို စတင် တွေ့ခဲ့ရသည်။ ပညာရှင်အချို့က အမျိုးမျိုးဝေဖန်ခဲ့ကြသော်လည်း ပညာရှင် ရပ်ဆဲလ်အယ်ဒီရွန်ဟန် Russel d cion chon နှင့် ဒေါနယ် အီ ဆဲဗိတ်ချ် Domal E. sevage တို့က ပုံတောင်ကျီးယားမျိုးရင်းသည် အဆင့်မြင့် လူတူပရိုင်းမိတ်ဖြစ်ကြောင်း ထောက်ခံတင်ပြခဲ့ကြသည်။

မြန်မာ့နိုင်ငံ ပုံတောင်ဒေသမှ ပရိုင်းမိတ်ရုပ်ကြွင်းများကို ၁၉၇၈ ခုနှစ် ၁၉၉၇ ခုနှစ်တို့တွင် ထပ်မံတွေ့ရှိရပြန်သည်။ မြိုင်မြို့နယ် ဗဟင်းကျေးရွာ အနီး တွေ့ရှိရသော အက်ဖီပီသီကပ် Amplifoi thecus ပရိုင်းမိတ်မျိုး ရင်းများမှာ အောက်မေးရိုး ဘယ်ညာအပြည့်အစုံကို ရခဲ့သဖြင့် လေ့လာ ဆန်းစစ် ရန် နိုင်ငံခြား ပညာရှင်များကို ဖိတ်ကြားခဲ့သည်။ အမေရိကန် ပညာရှင်လေးဦး နှင့် ပြင်သစ်ပညာရှင်သုံးဦးတို့ ပါဝင်ခဲ့သည်။ အောက်မေးရိုးဘယ်ညာအပြည့် အစုံကို တွေ့ရှိရသဖြင့် အဆင့်မြင့် လူတူပရိုင်းမိတ်သေချာပါသည်။ နှစ်သန်း ၄၀ ခန့် သက်တန်းရှိပါသည်ဟု အမေရိကန်ပညာရှင် အိုအိုးဝါးတက္ကသိုလ် chiuerity of joua မှ ဒေါက်တာ ရပ်ဆဲလ် အယ်စီရွန်ဟန် Russel & cionclion မှ ဒေါက်တာပက်ထရစ်ရှာဟိုးလ်ရိုက် Patricia Holroyd တို့က ဆိုခဲ့ကြပါသည်။

အဆင့်မြင့်လူတူပရိုင်းမိတ်သေချာသည်ဖြစ်၍ ကမ္ဘာပေါ်တွင် အဆင့် မြင့်လူတူပရိုင်းမိတ်တို့သည် အာဖရိကတိုက် အီဂျစ်နိုင်ငံမှ စတင်ပေါ်ပေါက် ခဲ့သည်ဟူသော အဆိုမှာမဟုတ်တော့ပါ။ **အာရှတိုက်ရှိ မြန်မာနိုင်ငံပုံ တောင် ဒေသမှသာလျှင် စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။**

အာရှတိုက်တွင် အီအိုဆင်းအထက်ပိုင်းလွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ခန့်က ပရိုင်းမိတ်များကို အခြားနိုင်ငံများတွင်လည်း ရှိခဲ့ပါသည်။ တရုတ် ထိုင်း နိုင်ငံများနှင့်အတူ ပါကစ္စတန်နိုင်ငံတွင်လည်း Kohatiue Pamopius စသော ပရိုင်းမိတ်မျိုးရင်းများ မွန်ဂိုးလီးယားနိုင်ငံတွင် Altamius ပရိုင်းမိတ်မျိုး ရင်းတို့ကို တွေ့ရသေးသည်။ အဆင့်နိမ့်များသာ ဖြစ်ပါသည်။

မြန်မာကို မမှီပါ။ ကမ္ဘာ့အလယ်ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

## ကမ္ဘာ့အလယ်ဂုဏ်ယူဖွယ်

မြန်မာနိုင်ငံမှ တွေ့ရှိရသော Primate များမှာ နှစ်သန်း ၄၀ က ဖြစ်သည်ဟု ပညာရှင်တို့က ကြေငြာလိုက်သဖြင့် မြန်မာ့ပရိုင်းမိတ်များကို ပို၍ စိတ်ဝင်စားလာကြပါသည်။ ၁၉၉၈ ခုနှစ် ဧပြီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ကွင်းဆင်းလေ့လာခဲ့သော ပြင်သစ်နိုင်ငံ ပါရီမြို့ Mont Pellier Unicersity Institutes scecene de L Euolutio မှ ပါမောက္ခ Feam Facques Faeger ခေါင်းဆောင်သော ကျောက်ဖြစ်ရုပ်ကြွင်း ပညာရှင်အဖွဲ့ကလည်း ယခင်က လက်ခံခဲ့သော အီဂျစ်နိုင်ငံမှာ တွေ့ရှိခဲ့သည့် ပရိုင်းမိတ်များထက် **နှစ်သန်းပေါင်း ၇ သန်း ပိုမိုရှေးကျကြောင်း** ပြင်သစ်နိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြကာ ကမ္ဘာသို့ အသိပေးကြေညာပြီး လူသားမျိုးနွယ်အစ မြန်မာက Man orginated in Myanmar ဟု ကမ္ဘာ့အလယ်ဂုဏ်ယူဖွယ် ဖော်ထုတ်ခဲ့သည်။

## မြန်မာပြင်သစ်ပရိုင်းမိတ် ပူးပေါင်းရှာဖွေတွေ့ရှိချက်များ

၁၃၆၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ ရက် ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၃ ရက် စနေနေ့ထုတ် အတွဲ ၃၆ အမှတ်စဉ် ၃ မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာတို့ ဖော်ပြချက်မှာ

မြန်မာနိုင်ငံပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိချက်အရ နှစ်သန်းပေါင်း ၄၀ ဖြစ်၍ အီဂျစ်ထက် နှစ် ၇ သန်း ရှေးကျကြောင်း ၁၉၉၈ ခုနှစ် ပြင်သစ်နိုင်ငံထုတ် Le Figaro သတင်းစာကြီးတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ပါသည်။

ပြင်သစ်နိုင်ငံ မောက်ပီလီယေးလ်မြို့ မောက်ပီလီယေး တက္ကသိုလ် Montpilier University မှ ပညာရှင် Professor Fean Jacques Jaeger ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါသော ပြင်သစ်ပညာရှင်အဖွဲ့ သည် ၁၉၉၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၁၈ ရက်ထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ပုသိမ်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဒေါက်တာတင်သိန်းတို့အဖွဲ့နှင့် အတူ

၁၉၇၈ ခုနှစ်တွင် ပုလဲမြို့နယ် မိုးကောင်းရွာအနီးမှရသော ပရိုင်းမိတ်များကို သုတေသနပြုခဲ့ကြပါသည်။

ပုလဲမြို့နယ်နှင့် မြိုင်မြို့နယ်များအတွင်း လှည့်လည်ပြီး ရုပ်ကြွင်းရှာဖွေခြင်း Paleo magamatie အတိတ်ဘူမိသံလိုက်စီးကြောင်းများ တိုင်းတာခဲ့ပါသည်။ တွေ့ရှိချက်များကို Le Frigaro သတင်းစာကြီးတွင် အကျယ်တဝင့်ရေးခဲ့သည်။ လူသားမျိုးနွယ်အစ အာဖရိက အဆိုအမိန့်မှာ သံသယဖြစ်ဖွယ်ရှိလာပြီး လူသားမျိုးနွယ်အစ အာရှမှ ဆိုရမလိုဖြစ်ကြောင်း ခေါင်းစဉ်တပ်ရေးသားခဲ့သည်။

ပုံတောင်ဒေသရုပ်ကြွင်းများမှာ နှစ်သန်းပေါင်း ၄၀ ခန့်ရှိပြီဖြစ်၍ အီဂျစ်မှ နှစ်သန်း ၃၃ ကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်းလက်ရှိအခြေအနေတွင် အာရှတိုက်၌ တွေ့ရှိရသော လူတူပရိုင်းမိတ် Amthropoid Primate အနက် မြန်မာနိုင်ငံပုံတောင်တွေ့ ပရိုင်းမိတ်ရုပ်ကြွင်းသည် သက်တမ်းအရင့်ဆုံးနှင့် ရှေးအကျဆုံးဖြစ်ကြောင်း ရေးသားခဲ့သည်။

## ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် စတီဗင်ဒူးရော့ မှတ်ချက်

ထိုသတင်းစာမှာပင် ဖော်ပြထားသည်မှာ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် သုတေသနမှူး စတီဗင်ဒူးရော့က ဤသို့ပြောပြသည်။ မြန်မာ့ပရိုင်းမိတ်မှာ နှစ် ၃၃ သန်းရှိ အီဂျစ်ပရိုင်းမိတ် နှစ် ၃၇ သန်းရှိ ထိုင်းရုပ်ကြွင်းထက် အချိန်ကာလစောပါသည်။ မိမိတို့ တက္ကသိုလ် ဓာတ်ခွဲခန်း စမ်းသပ်တွေ့ရှိချက်အရ နှစ်သန်း ၄၀ ဟု ယူဆပါကြောင်း၊ လူသားအစ မြန်မာကဟု ဆိုရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

## မြန်မာဂျပန်လေ့လာရေးမှ တွေ့ရှိချက်များ

၂၀.၁၂.၉၈ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါက်တာအေးကိုအောင် ဘူမိဗေဒ၏ ဆောင်းပါးမှ ဖော်ပြချက်မှာ

ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ အဆက်မပြတ်ဆောင်ရွက်ခဲ့ရာ လေးကြိမ်တိုင်ရှိပါပြီ။ ၁၉၉၇

ခုနှစ် မတ်လနှင့် ဧပြီလတွင် ဆင်းခဲ့ပါသည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်မှ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်ထိ အမေရိကန် ပညာရှင် Professor Dr.Rusell L. Cio chon နှင့် Dr. patricia Holroyd တို့နှင့် မြန်မာတို့ ကွင်းဆင်းခဲ့ပါသည်။

တတိယအကြိမ်တွင် မြန်မာနှင့်ပြင်သစ်မှအဖွဲ့နှင့်အတူ မော်ရိုကိုနိုင်ငံ ပညာရှင် Dr. Mouloud Bemanni ထိုင်းနိုင်ငံမှ Dr. Yaoualar chaimanee တို့ ကွင်းဆင်းခဲ့ပါသည်။

၁၉၉၈ နိုဝင်ဘာ ၃ ရက်မှ ၂၀ ရက်အထိ မြန်မာ ဂျပန် ပူးပေါင်းကာ မြိုင်မြို့နယ် ပုလဲမြို့နယ်များအတွင်း ပေါ်ထွက်နေသော အီယိုဆင်းအလယ် နှောင်းပိုင်း Late Midde Eocene သက်တမ်းနှစ်သန်းပေါင်း ၃၇ ဒသမ ၀ မှ ၄၈ ဒသမ ၃ ရှိ ပုံတောင်ကျောက်လွှာစု အပေါ်ပိုင်း ကျောက်လွှာများ တွင် တွေ့ရှိရသည်။ ပရိုင်းမိတ်နှင့် ကျောရိုးရှိ သတ္တဝါ ရုပ်ကြွင်းများကို ရှာဖွေလေ့လာခဲ့ပါသည်။

အာရှတိုက်၏ အင်သရိုပွိုက်ရင်းမြစ်မှာ မြန်မာနိုင်ငံပုံတောင်ဒေသမှ စတင်သည်ဟူသော ကောက်ချက်ကို ချနိုင်ခဲ့ပါသည်။ မြန်မာပုံတောင် ရုပ်ကြွင်းများတွင် ရှေးကျသော နို့တိုက်သတ္တဝါများ Primitiue Mannmals ပရိုင်းမိတ်များကို အီယိုဆင်းအလယ်နှောင်းပိုင်း နှစ်သန်း ၄၀ ခန့် သက်တမ်း ရှိ ပုံတောင်ကျောက်လွှာစုအတွင်းမှ စဉ်ဆက်မပြတ်တွေ့ရှိခြင်းကြောင့် လူသားမျိုးနွယ်အစ ပရိုင်းမိတ်များ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကို ပြန်လည်ရေးဆွဲရတော့မည် ဖြစ်ပါသည်။

## ပုံတောင်မှ စိတ်ခေါ်ပါသည်

ပုံတောင်မှ ပရိုင်းမိတ်များတွေ့သောအခါ ၁၉၇၆ ခုနှစ်တွင် conroy နှင့် Bown ပညာရှင်တို့က အဆိုတစ်ရပ်တင်ပြလာပါသည်။ မြောက်အမေရိကတိုက်မှ အဆင့်နိမ့် ပရိုဒီမိယံ ပရိုင်းမိတ်များသည် အီအိုဆင်းအလယ်ပိုင်း သက်တမ်း Middle Eo cene လောက်တွင် ဘယ်ရင်း ကုန်းတန်း Bering strait ကို ဖြတ်ကျော်၍ အာရှတိုက်အရှေ့မြောက်ပိုင်းမှ တဆင့်

ပုံတောင်ဒေသသို့ ရောက်ခဲ့ကြသည်ဟု ဆိုခဲ့သည်။ ဤအဆိုကြောင့် သက်သေပြနိုင်ခဲ့ကြပါသည်။ ပညာရှင်တို့ကမူ လက်မခံကြပါ။

ပုံတောင်တွင် ထပ်မံ၍ အသစ်တွေ့ရှိချက်ကြောင့် conroy နှင့် Bown တို့၏ အယူအဆများပြီးဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ယခုအသစ် တွေ့ရှိချက်အရ ပုံတောင်ဒေသမှ ပရိုင်းမိတ်များသည် ကမ္ဘာ၏ မည်သည့်ဒေသကမျှ ရောက်ရှိလာကြခြင်းမဟုတ်ပါ။ ပုံတောင်ဒေသတွင်ပင် လွန်ခဲ့သည့် နှစ်သန်း ၄၀ ခန့်က စ၍ အဆင့်နိမ့် ပရိုစီမီယံ ပရိုင်းမိတ်များ ပေါ်ပေါက်ခဲ့ကြပြီး အဆင့်မြင့် လူတူပရိုင်းမိတ်များအဖြစ်သို့ တိုးတက်ပြောင်း လဲဖြစ်ပေါ်လာကြခြင်းသာဖြစ်ကြောင်း ခိုင်လုံသော သက်သေကို ပြနိုင်ခဲ့လေသည်။

အာရှတိုက်အခြားဒေသများဖြစ်ကြသော တရုတ် ထိုင်း ပါကစ္စတန် မွန်ဂိုလီယားစသည်တို့၌ ပုံတောင် ပရိုင်းမိတ်များနှင့် သက်တမ်း မတိမ်း မယိမ်း ပရိုင်းမိတ်များကို တွေ့ရှိခဲ့ရသော်လည်း အဆိုပါ နိုင်ငံတို့ရှိ ပရိုင်းမိတ်များ သည် အဆင့်မြင့်လူတူပရိုင်းမိတ်များ မဟုတ်ကြပါ။ အဆင့်နိမ့် ပရိုစီမီယံ ပရိုင်းမိတ်များသာ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ပုံတောင် ပရိုင်းမိတ်များက အဆင့်မြင့် လူတူပရိုင်းမိတ်ဖြစ်၍ အဆများစွာ သာလွန်ပါသည်။ လူသား မျိုးနွယ်တို့၏ မူလအစဖြစ်ပေါ်ရာ လူတူမျိုးနွယ်တို့သည် အာဖရိကတိုက် မှ စတင်သည်မဟုတ်ဘဲ ၎င်းတို့ထက် နှစ်ရာသန်းခန့်စောသော အာရှ တိုက်ရှိ မြန်မာနိုင်ငံ ပုံတောင်ဒေသမှ စတင်ခဲ့ကြောင်း ကမ္ဘာထိ အသိ ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကမ္ဘာ့လူသားအစ မြန်မာကပါ။

## ပညာရှင်တို့ မှတ်တမ်းတင်ခဲ့သည့် ရှေးဦးလူသားများ

ဤမြေကမ္ဘာတွင် လူစတင်ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ မနုသဗေဒ ပညာရှင်များ၏ တွေ့ရှိချက်များအရ ဂျားဗားလူး ပီကင်းလူ၊ ဟိုက်ဒက်လ်ဘာ့ဂ်လူ၊ ဆပ်ဆက်လူ၊ နီအန်ဒါသာလ်လူ၊ ခရိုမက်ဂနွန်လူ နှင့် မြန်မာလူဟု ရှိလာပါသည်။

ကမ္ဘာ့ဘူမိခေတ်ကြီးများ၏ နောက်ဆုံး စတုတ္ထကပ်မှ ပလိုင်စတိုဆင်း

ပုံတောင်ဒေသသို့ ရောက်ခဲ့ကြသည်ဟု ဆိုခဲ့သည်။ ဤအဆိုကြောင့် သက်သေပြရန်လိုလာပါသည်။ ပညာရှင်တို့ကမူ လက်မခံကြပါ။

ပုံတောင်တွင် ထပ်မံ၍ အသစ်တွေ့ရှိချက်ကြောင့် conroy နှင့် Bown တို့၏ အယူအဆမှားပြီဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ယခုအသစ် တွေ့ရှိချက်အရ ပုံတောင်ဒေသမှ ပရိုင်းမိတ်များသည် ကမ္ဘာ၏ မည်သည့်ဒေသကမှ ရောက်ရှိလာကြခြင်းမဟုတ်ပါ။ ပုံတောင်ဒေသတွင်ပင် လွန်ခဲ့သည့် နှစ်သန်း ၄၀ ခန့်က စ၍ အဆင့်နိမ့် ပရိစီပီယံ ပရိုင်းမိတ်များ ပေါ်ပေါက်ခဲ့ကြပြီး အဆင့်မြင့် လူတူပရိုင်းမိတ်များအဖြစ်သို့ တိုးတက်ပြောင်းလဲဖြစ်ပေါ်လာကြခြင်းသာဖြစ်ကြောင်း ခိုင်လုံသော သက်သေကို ပြနိုင်ခဲ့လေသည်။

အာရှတိုက်အခြားဒေသများဖြစ်ကြသော တရုတ် ထိုင်း ပါကစ္စတန် မွန်ဂိုလီယားစသည်တို့၌ ပုံတောင် ပရိုင်းမိတ်များနှင့် သက်တမ်း မတိမ်း မယိမ်း ပရိုင်းမိတ်များကို တွေ့ရှိခဲ့ရသော်လည်း အဆိုပါ နိုင်ငံတို့ရှိ ပရိုင်းမိတ်များသည် အဆင့်မြင့်လူတူပရိုင်းမိတ်များ မဟုတ်ကြပါ။ အဆင့်နိမ့် ပရိစီမီယံ ပရိုင်းမိတ်များသာ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ပုံတောင် ပရိုင်းမိတ်များက အဆင့်မြင့် လူတူပရိုင်းမိတ်ဖြစ်၍ အဆများစွာ သာလွန်ပါသည်။ လူသားမျိုးနွယ်တို့၏ မူလအစဖြစ်ပေါ်ရာ လူတူမျိုးနွယ်တို့သည် အာဖရိကတိုက်မှ စတင်သည်မဟုတ်ဘဲ ၎င်းတို့ထက် နှစ်ရာသန်းခန့်စောသော အာရှတိုက်ရှိ မြန်မာနိုင်ငံ ပုံတောင်ဒေသမှ စတင်ခဲ့ကြောင်း ကမ္ဘာထိ အသိပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကမ္ဘာ့လူသားအစ မြန်မာကပါ။

## ပညာရှင်တို့ မှတ်တမ်းတင်ခဲ့သည့် ရှေးဦးလူသားများ

ဤမြေကမ္ဘာတွင် လူစတင်ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ မနုဿဗေဒ ပညာရှင်များ၏ တွေ့ရှိချက်များအရ ဂျားဗားလူး ပီကင်းလူ၊ ဟိုက်ဒက်လ်ဘာဂ်လူ၊ ဆပ်ဆက်လူ၊ နီအန်ဒါသာလ်လူ၊ ခရိုမက်ဂနွန်လူ နှင့် မြန်မာလူဟု ရှိလာပါသည်။

ကမ္ဘာ့ဘူမိခေတ်ကြီးများ၏ နောက်ဆုံး စတုတ္ထကပ်မှ ပလိုင်စတိုဆင်း

ယုဂ်အတွင်း မြန်မာ့မြေပြင်၌ လူသားများ အခြေချနေထိုင်ခဲ့ကြသည့် အထောက်အထားများ တွေ့ရှိရသည်။ အရိုးစုရုပ်ကြွင်းတွေ့ရခြင်းမဟုတ်ဘဲ သူတို့တီထွင်သုံးစွဲခဲ့သည့် ကျောက်လက်နက်များကို အမှီပြု၍ ဆိုကြသည်။ရှေးဦးလူများသည် ကျောက်လက်နက်များကို အသုံးပြုခဲ့ကြသည်။ ကျောက်ဂူများတွင် ရာသီဥတုဘေးနှင့် အန္တရာယ်အမျိုးမျိုးတို့မှ လွတ်ကင်းစေရန် ရှေးဦးလူတို့သည် ကျောက်ဂူများတွင်နေထိုင်ခဲ့ကြသည်။

ဂျားဗားလူ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းဆိုလိုမြစ်ကမ်းတွင် ၁၈၉၁–၉၂ ခုနှစ်က ဒေါက်တာအက်ဖ်ဒူဗွိုင်း Dr.F.Duvoy တွေ့ရှိခဲ့သည့် ရုပ်ကြွင်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း လေးသိန်းကျော် သက်တမ်းရှိသည်။

ပီကင်းလူ

တရုတ်နိုင်ငံ ပီကင်းမြို့အနီး ချောင်းကောင်းတီယံ Chucoutien ဂူတွင် ၁၉၂၆ ခုနှစ်က တွေ့ခဲ့သော ရုပ်ကြွင်းဖြစ်သည်။ လွန်ခဲ့သော နှစ်လေးသိန်းကျော်သက်တမ်းရှိသည်။

ဟိုက်ဒက်လ်ဘာ့ဂ်လူ

ဂျာမနီနိုင်ငံ ဟိုက်ဒက်လ်ဘာ့ဂ်အနီး ၁၉၀၇ ခုနှစ်တွင်တွေ့ရသည်။ ရုပ်ကြွင်းသက်တန်းအရ နှစ်လေးသိန်းခန့်သက်တမ်းရှိသည်။

ဆပ်ဆက်လူ

အင်္ဂလန်နိုင်ငံဆပ်ဆက်နယ်တွင် အလုပ်သမားများတွေ့ရသော ရုပ်ကြွင်းဖြစ်သည် နှစ်သုံးသိန်းခန့်သက်တမ်းရှိသည်။

နီအန်ဒါသာလ်လူ

ဂျာမနီနိုင်ငံ **Dussel drof** အနီး နီအန်ဒါသာလ်ဂူအတွင်းမှ တွေ့

ရှိရသည်။ နှစ်ပေါင်း ခုနှစ်သောင်းခန့် သက်တမ်းရှိသည်။

<u>ခရိုမက်ဂနွန်လူ</u>

၁၈၆၄ ခုနှစ်မှစ၍ အီတလီပြည် အနောက်မြောက်ဘက်ရှိဂူများ၊ ပြင်သစ်ပြည်မှ ချက်ကိုစလိုဗားကီးပြည်နှင့် ပိုလန်ပြည်တို့တွင် တွေ့ရသည်။ နှစ်ပေါင်း ၃၅၀၀၀ ခန့်သက်တမ်းရှိ၏။

# တတိယပိုင်း

## မြန်မာ့မြေမှ အဦးဆုံးလူသားများ

မြန်မာ့မြေမှ ပရိုင်းမိတ်များကို ကမ္ဘာကျော် ပညာရှင်တို့ လေ့လာသောအခါ မြန်မာနိုင်ငံပုံတောင်ဒေသတွင် ရှာဖွေရရှိထားသော လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် သက်တမ်းအရင့်ဆုံးနှင့် ရှေးအကျဆုံးဖြစ်ကြောင်း လက်ခံကြသည်။ ပြင်သစ်ပညာရှင် စတီဗင်ဒူးရော့ဖ် ဆောင်းပါးဖော်ပြချက်အရ မြန်မာနိုင်ငံတွင် လူသားအစ ပထမဖြစ်သော နှစ်ပေါင်း သန်းလေးဆယ်ခန့်က ပရိုင်းမိတ်များ တွေ့ရှိရကြောင်း မြန်မာတို့သည် ကမ္ဘာ့မြေပြင်ပေါ်၌ လူသားများ မပေါ်မီ ပရိုင်းမိတ်ဘဝကစ၍ သမိုင်းရှည်လျားစွာ မြန်မာမြေပေါ်တွင် ဖြစ်ပေါ်တည်ရှိခဲ့သည့်လူမျိုးဖြစ်ကြောင်း သာဓကဖြစ်သည်ဟု ကောက်ချက်ချနိုင်ခဲ့သည်။ ယခုတွေ့ရှိချက်အရ ပုံတောင်ဒေသမှ ပရိုင်းမိတ်များသည် ကမ္ဘာ၏ မည်သည့်ဒေသကမှ ရောက်ရှိလာကြခြင်း မဟုတ်ကြောင်း ပုံတောင်ဒေသမှာပင် လွန်ခဲ့သော နှစ်သန်း ၄၀ ခန့်က စ၍ အဆင့်နိမ့် ပရိုစီပီယံ ပရိုင်းမိတ်များမှ လူတူအဆင့်မြင့် ပရိုင်းမိတ်များထိ တွေ့ရှိခဲ့သဖြင့် **ရှေးဦးမြန်မာတို့သည် မြန်မာပြည်ဖွားများ အစစ်ဖြစ်ကြောင်း** သုံးသပ်နိုင်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁ သန်းဝန်းကျင်လောက်သည် ရာသီဥတုပူနွေးစွတ်စိုမှုအတန်အသင့် ကောင်းမွန်လာသဖြင့် ကမ္ဘာတွင် ရှေးဦးအကျဆုံး လူသားတို့ စတင်ပေါ်ပေါက်လာခဲ့သည်။ ရှေးဦးလူသားတို့မှာ ဘဝရပ်တည်ရေးအတွက် ကျောက်လက်နက် ကိရိယာများကို သုံးစွဲလာကြသဖြင့် ပညာ

ရှင်တို့က ကျောက်လက်နက်အကြမ်းအနုပေါ်မူတည်၍ ကျောက်ကြမ်းခေတ် (ရှေးဟောင်းကျောက်ခေတ်) စသည်ကို အကြမ်းအားဖြင့် ခွဲခြားခဲ့ကြသည်။ ပညာရှင်အမျိုးမျိုးကွဲပြားခဲ့ကြသော်လည်း အများသုံးအရခွဲကြည့်လျှင်

၁။ ကျောက်ခေတ်ဦး (လွန်ခဲ့သော နှစ် ငါးသိန်းမှ တစ်သိန်းကျော်ထိ)

၂။ ကျောက်ခေတ်လယ် (နှစ်သုံးသောင်းမှ တစ်သောင်းနှစ်ထောင်ခန့်)

၃။ ကျောက်ခေတ်နှောင်း (နှစ် ၈၀၀၀ မှ ၄၀၀၀ ထိ)

ကျောက်ခေတ်ဦး သို့မဟုတ် ကျောက်ကြမ်းခေတ်လက်နက်များကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေး ရေနံချောင်း ချောက် စလေ ပုဂံ ညောင်ဦး မြစ်ကမ်းဆင့်များတွင် တွေ့ရသည်။

ကျောက်ခေတ်လယ် လက်နက်ကိရိယာများကို ရှမ်းပြည်တောင်ပိုင်း ရွာငံ မြို့နယ်ရှိ ပြဒါးလင်းဂူ မုံတဝဂူ ပင်းတယလိုဏ်ဂူနှင့် ကလောမြို့နယ် အင်ခေါင်းကျေးရွာအနီးရှိ ဗုဒ္ဓါဖိနောလိုက်ဂူတို့တွင် တွေ့ရသည်။

ကျောက်ခေတ်သစ် သို့မဟုတ် ကျောက်ချောခေတ်လက်နက် ကိရိယာများကို ပုပ္ပါးဒေသ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဒေသ အမရပူရ တောင်သမံအင်းဒေသ ဒုဋ္ဌဝတီ မြစ်ငယ်မြစ်ကမ်းရှိ ရွှေစာရံ ချင်းတွင်းမြစ်ဝှမ်း ကမ်းနီ စမုံမြစ်ဝှမ်း မူးမြစ်ဝှမ်း ထားဝယ် မြိတ် ကျောက်ဖြူ သံတွဲ ရှမ်းပြည် နယ်ဒေသစသည်ဖြင့် နိုင်ငံအနှံ့တွေ့ရသည်။ နောက်ကြေးပစ္စည်းများလည်း သုံးစွဲခဲ့ကြသည်။

## မြန်မာလူ

ကမ္ဘာဦးရှေးဦးလူသားများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ကမ္ဘာဦးလူသားတို့တွင် မြန်မာလူလည်းပါဝင်သည်။ ၁၉၉၅-၉၆ ခုနှစ်တွင် မြန်မာ့သမိုင်း သုတေသီ ဦးသန်းထွန်းအောင်နှင့် အဖွဲ့သည် သုတေသန ထွက်ခဲ့ရာ ဆားလင်းကြီး ကနီ ဘုတလင် ချောင်ဦး မုံရွာမြို့နယ်များတွင် ကျောက်ကြမ်းခေတ် လက်နက် ကိရိယာများကို တွေ့ခဲ့ကြရသည်။ ကျောက်ခေတ်ဟောင်း ကျောက်ဖြစ်ရုပ်ကြွင်းမှာ နွယ်ခွေလူဟု အသိများသော ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သည်။

ယင်းကျောက်ဖြစ်ရုပ်ကြွင်းကို စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ၏ အနောက်မြောက်ဘက်တွင် တွေ့ခဲ့ရသည်။ ယင်ကျောက် ဖြစ်ရုပ်ကြွင်းမေးရိုးအံသွားများကို စစ်ဆေးကြည့်ရာ အနည်းဆုံးနှစ်ပေါင်း နှစ်သိန်း သက်တမ်းရှိ အိုမိုအီရေးတပ်လူသား၏ အရိုးဖြစ်ကြောင်း သိရှိရသည်။ ယင်းလူသားကို ဆရာဦးဘမော်က မြန်မာလူဟု အမည်ပေးခဲ့သည်။

နွယ်ခွေလူသားနှင့် ပတ်သက်၍ အထောက်အထားခိုင်လုံသော ထပ်မံတွေ့ရှိမှုမှာ နွယ်ခွေလူသား၏ ရုပ်ကြွင်းမှ လက်မတွေ့ရှိမှုဖြစ်သည်။ နွယ်ခွေတောင်၏ ပလိုင်စတိုးဆင်းလွန်ခဲ့သော နှစ်တစ်သန်းရှိ မြေနီထဲတွင် မတ်ရပ်သူ **(Homoerectus, 1.3 million years - 30000 years BP)** ကျော်ကဖြစ်ရုပ်ကြွင်းလက်မကို တွေ့ရှိခဲ့ပါသည်။ ယခင်တွေ့ရှိသော နွယ်ခွေလူသားအပေါ်မေရိုးနှင့် အံသွားနှစ်ချောင်းပိုင်ရှင်၏ ဘယ်ဘက်လက်မဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။ နွယ်ခွေဒေသတွင် ယခင်နှစ် ၃၀၀၀၀ မှ ၁.၃ သန်းအတွင်း ကျောက်ခေတ်ဟောင်းမှ လူသား များ နေထိုင်ခဲ့သောသမိုင်းအထောက်အထားဖြစ်ပါသည်။ ဒေါက်တာသန်းထွန်း ၏ နွယ်ခွေမှာ တွေ့ကြတဲ့ ရှေ့လူကျောက်ဖြစ်ရုပ်ကြွင်း – ကွန်ပျူတာသတင်းလွှာ စက်တင်ဘာ ၂၀၀၁ စာမျက်နှာ ၅–၇ တွင်ဖော်ပြထားပါသည်။

ဤသို့လျှင် လူတူပရိုင်းမိတ်မှ ဆင့်ကဲပြောင်းလဲပြီး ရှေးဦးလူသားများ ဖြစ်ပေါ်လာပါသည်။

## ခေတ်ပြိုင်သီးခြား မြန်မာမျိုးရင်း

မြန်မာနိုင်ငံနှင့် အိန္ဒိယပြည်ပန်ဂျပ်နယ်တို့တွင် နှင်းခဲခေတ်လယ် အစောပိုင်း၌ ရှေးဦးလူသားတို့တည်ရှိနေခဲ့သည်။ တရုတ်ပြည်တွင်လည်း အလားတူ ရှေးဦးလူသားပီကင်းလူရိုင်းတို့ နေထိုင်ခဲ့ကြသည်။ ပထမဆုံး အထောက်အထားကို တွေ့ရှိခဲ့ကြပြီးဖြစ်သည်ဟု the pleirstocene of Burma စာမျက်နှာ ၃၃၄ တွင် ရေးသားခဲ့သည်။

ပီကင်းရှေးဦးလူရိုင်းကြီးများဟု ဆိုရာ၌ ဥရောပတိုက်တွင် ဘီစီ တစ်

ယင်းကျောက်ဖြစ်ရုပ်ကြွင်းကို စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ၏ အနောက်မြောက်ဘက်တွင် တွေ့ခဲ့ရသည်။ ယင်းကျောက် ဖြစ်ရုပ်ကြွင်းမေးရိုးအံသွားများကို စစ်ဆေးကြည့်ရာ အနည်းဆုံး နှစ်ပေါင်း နှစ်သိန်း သက်တမ်းရှိ အိုမိုအီရေးတပ်လူသား၏ အရိုးဖြစ်ကြောင်း သိရှိရသည်။ ယင်းလူသားကို ဆရာဦးဘမော်က **မြန်မာလူ**ဟု အမည်ပေးခဲ့သည်။

နွယ်ခွေလူသားနှင့် ပတ်သက်၍ အထောက်အထားခိုင်လုံသော ထပ်မံတွေ့ရှိမှုမှာ နွယ်ခွေလူသား၏ ရုပ်ကြွင်းမှ လက်မတွေ့ရှိမှုဖြစ်သည်။ **နွယ်ခွေတောင်၏ ပလိုင်စတိုးဆင်းလွန်ခဲ့သော နှစ်တစ်သန်းရှိ မြေနီထဲ**တွင် မတ်ရပ်သူ **(Homoerectus, 1.3 million years - 30000 years BP)** ကျော်ကဖြစ်ရုပ်ကြွင်းလက်မကို တွေ့ရှိခဲ့ပါသည်။ ယခင်တွေ့ရှိသော နွယ်ခွေလူသားအပေါ်မေးရိုးနှင့် အံသွားနှစ်ချောင်းပိုင်ရှင်၏ ဘယ်ဘက်လက်မဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြပါသည်။ နွယ်ခွေဒေသတွင် ယခင်နှစ် ၃၀၀၀၀ မှ ၁.၃ သန်းအတွင်း ကျောက်ခေတ်ဟောင်းမှ လူသား များ နေထိုင်ခဲ့သောသမိုင်းအထောက်အထားဖြစ်ပါသည်။ ဒေါက်တာသန်းထွန်း ၏ နွယ်ခွေမှာ တွေ့ကြတဲ့ ရှေ့လူကျောက်ဖြစ်ရုပ်ကြွင်း – ကွန်ပျူတာသတင်းလွှာ စက်တင်ဘာ ၂၀၀၁ စာမျက်နှာ ၅–၇ တွင်ဖော်ပြထားပါသည်။

ဤသို့လျှင် လူတူပရိုင်းမိတ်မှ ဆင့်ကဲပြောင်းလဲပြီး ရှေးဦးလူသားများ ဖြစ်ပေါ်လာပါသည်။

## ခေတ်ပြိုင်သီးခြား မြန်မာမျိုးရင်း

မြန်မာနိုင်ငံနှင့် အိန္ဒိယပြည်ပန်ဂျပ်နယ်တို့တွင် နှင်းခဲခေတ်လယ် အစောပိုင်း၌ ရှေးဦးလူသားတို့တည်ရှိနေခဲ့သည်။ တရုတ်ပြည်တွင်လည်း အလားတူ ရှေးဦးလူသားပီကင်းလူရိုင်းတို့ နေထိုင်ခဲ့ကြသည်။ ပထမဆုံး အထောက်အထားကို တွေ့ရှိခဲ့ကြပြီးဖြစ်သည်ဟု the pleirstocene of Burma စာမျက်နှာ ၃၃၄ တွင် ရေးသားခဲ့သည်။

ပီကင်းရှေးဦးလူရိုင်းကြီးများဟု ဆိုရာ၌ ဥရောပတိုက်တွင် ဘီစီ တစ်

သိန်းက ပေါ်ပေါက်ခဲ့သော Neanderthal ထက်များစွာပင် ရှိုင်းစိုင်းကြမ်းတမ်းသေးကြောင်း ဦးခွံကြွင်းနှင့် ယဉ်ကျေးမှုအထောက်အထားများအရ သိရသည်။ ပီကင်းလူရိုင်းကြီးများသည် နင်ဒါဘယ် ဥရောပလူရိုင်းကြီးများထက် နှစ်ပေါင်းလေးသိန်းမျှ စောခဲ့သည်။

မြန်မာလူသားတို့က ဥရောပဒေသတို့၌ အစောဆုံးလူမျိုးနွယ်ရင်းများ Racial Gene အဆင့်ထက်ပို၍ ရှေးကျမည်ဖြစ်သော ကာလတမ်းတွင် မြန်မာနိုင်ငံ၌ ရှေးဦးလူတို့ ရှိခဲ့ပြီဖြစ်သည်။

ကမ္ဘာ့လူသားအနွယ်၌ အစောဆုံးလူမျိုးနွယ်ရင်းများ၏ အဆင့်ဟု အသိအမှတ်ပြုကြရသော ဂျာဗားကျွန်းမှ ရှေးဦးလူအဆင့်ခေတ်နှင့် တစ်ဆက်တည်း အချိန်ထက် အနည်းငယ်နှောင်း၍ စတုတ္ထကပ်သက်တမ်းအလယ်ဆင့်ခေတ်ဦးတွင် မြန်မာနိုင်ငံ၌ ရှေးဦးလူသားတို့နေထိုင်ခဲ့ကြပြီဟု အခြေပြမြန်မာနိုင်ငံရေးသမိုင်း ပထမတွဲ စာမျက်နှာ ၉၉ တွင်ဖော်ပြထားသည်။

မြန်မာ့ရှေးဦးလူသားတို့ နေထိုင်အသက်မွေးခဲ့ကြပုံအဆင်အပြင်သည် ဂျာဗားတရုတ်စသော အာရှလူသား ဂျာဗားမင်း ပီကင်းမင်းတို့ နေထိုင်အသက်မွေးကြပုံနှင့် နှိုင်းယှဉ်ကြည့်သောအခါ အသွင်အပြင်တူသည်ဟု အမေရိကန်သုတေသီ ဒေါက်တာဒီတဲရား တွေ့ရှိခဲ့ရသည်။

မြန်မာမျိုးများ၏ ရှေးဟောင်းအနွယ်ရင်းမြစ်သည် အစဉ်ဆက်နှင့်ပတ်သက်၍ မွန်ဂိုလူမျိုးနွယ်အုပ်စုအမျိုးအစားက ပိုမိုများပြားသည်ဟု မနုဿဗေဒပညာရှင်ဂူဟာ (Dr.B.S Guha) ဟူတန် (ပါမောက္ခ) E.A Hooton နှင့် အော်ချင်စကီး (Dr. L. or chinsky) တို့က Races of Burma စာမျက်နှာ ၄၄၀ တွင် ဆိုကြသည်။

ခေတ်သစ်ပညာရှင်တို့ သုတေသနပြုထားသည့်အချက်အလက်များအရ မြန်မာနိုင်ငံရှေးဟောင်းကျောက်ခေတ်လူသားများသည် ပီကင်းလူတို့နှင့် တန်းတူခေတ်ပြိုင်နေထိုင်ခဲ့ကြသည်။ သို့ဖြစ်၍ ပီကင်းလူ သို့မဟုတ် မွန်ဂိုမျိုးရင်းတို့၌ မြန်မာကျောက်ခေတ်လူသားတို့ မြစ်ဖျားခံ၍ ဆင်းသက်ပေါက်ပွားလာခြင်း မဖြစ်နိုင်ချေ ဟု အခြေပြမြန်မာ့နိုင်ငံရေး သမိုင်း ပထမတွဲ စာမျက်နှာ ၁၀၃ တွင် သုံးသပ်ထားသည်။

ထိုစာအုပ်မှာပင် မြန်မာနိုင်ငံ ကျောက်ခေတ်သမိုင်းဦး၌ အစဉ်အဆက် တည်ရှိခဲ့ကြသည့် ရှေးဟောင်းလူသားအုပ်စုများသည် နင်ဒါသယ်အုပ်စု ထက် နှစ်ပေါင်း လေးသိန်းစောလျှက် တည်ရှိခဲ့သည်ဟု ဆက်လက်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ရှေးဦး မြန်မာလူသားမျိုးနွယ်တို့သည်ကား ပီကင်း မင်း ဂျာဗားမင်းတို့နှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော သီးခြားလူသား မျိုးနွယ်တစ်စုသာ ဖြစ်သည်။ မြန်မာမျိုးနွယ်တို့သည် ပီကင်းမင်း ဂျဗားမင်းလူမျိုးနွယ်တို့မှ ဆင်းသက်ခဲ့ခြင်းမဟုတ်ကြောင်း ထင်ရှားစွာ သိနိုင်လေသည်။ မြန်မာအစ မြန်မာကသာပါ။

## ကျောက်ခေတ်ကာလ အညာသားယဉ်ကျေးမှု

၁၉၃၇ -၃၈ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ဟဲလ်မတ်ဒီတဲရား နှင့် မိုးဗီးယပ်စ်တို့ ခေါင်းဆောင်သော ပညာရှင်များ လာရောက်၍ ဧရာဝတီမြစ် မြန်မာပြည်အလယ်ပိုင်းနှင့် ရှမ်းကုန်းမြင့်ဒေသများကို လေ့လာခဲ့ကြပြီး မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦး ယဉ်ကျေးမှုရှိခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ သည်။ ယင်းခေတ်ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှု **Anyarthian Culture** ဟု အမည်ပေးခဲ့ကြ။ ယင်းလူသားများကိုလည်း အညာသားကြီး များဟုခေါ်ခဲ့သည်။

ထိုပညာရှင်တို့ဖော်ထုတ်နိုင်ခဲ့သော အညာသာယဉ်ကျေးမှု ကျင့်သုံး ခဲ့ရာ မြန်မာရှေးဟောင်းလူသားအညာသားများသည် ဘူမိဗေဒပညာရပ် ရှုထောင့်အရဆိုရလျှင် Pleitocene ခေတ်ပင်ဖြစ်ပါသည်။ ရှေးဟောင်း မြန်မာနိုင်ငံကျောက်ခေတ်အညာသားကြီးတို့ ကျင်လည်လှုပ်ရှားခဲ့ရသော ရာသီ ဥတုပတ်ဝန်းကျင်သည် မျက်မှောက်ခေတ်နှင့် လွန်စွာ ကွာခြားလှသည်။ ရေခဲပြင်အတိ ဖုံးလွှမ်းလျှက် ရိုးတွင်းချဉ်ဆီခဲလုမတတ် ရက်ရက်စက်စက် အေးမြသော ဆောင်းဥတု Glocial Period မျိုးရှိသည်ဟု ဆိုကြ၏။ နေရောင်မထိုးနိုင်အောင် Plurial Period တမိုးလုံးမဲမှောင်လျက် မရပ်မစဲ သဲကြီးမဲကြီးတရကြမ်းရွာသွန်းသော မိုးစွေခေတ်ကြီး Plurial Perio မျိုး နှင့် ကြုံတွေ့ခဲ့ရသည်ဟု ဆိုကြ၏။ မြေနိမ့်ပိုင်းများတွင် မိုးရေများပြည့်လျှံ

ဖုံးလွှမ်းနေသည်သာမက ဧရာဝတီမြစ်ကြီးသည် ကြောက်ခမမ်းလိလိ အရှိန်မဟုန်ချင့် ဖြိုဖျက်တိုက်စားစီးဆင်းနေသည်ဟု သိရ၏။ ထိုအချိန်တွင် ရှေးဟောင်းမြန်မာနိုင်ငံသား အညာသားများသည် ဧရာဝတီမြစ်ရိုးတလျှောက် မြင့်မောက်သောနေရာများတွင် အုပ်စုဖွဲ့နေထိုင်ကာ ကြမ်းတမ်းခက်မာသော သဘာဝကို အံတုလျက် အသက်ရှင်ခဲ့ကြရ၏။ စိုက်ပျိုးရေး ဟူသည်မှာ အိပ်မက်ပင် မက်မရသော အနေအထား၌ရှိခဲ့၏။ ဧရာဝတီမြစ်ကမ်းဆင့်များ River terraces များမှ ကျောက်လက်နက်များ ရရှိခဲ့၏။

## ရေခဲခေတ်

**အညာသားယဉ်ကျေးမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀,၀၀၀ လောက်က ဤကမ္ဘာရှိမြန်မာ့မြေပေါ်တွင် ရှိခဲ့ပြီဟု** ဒေါက်တာသန်းထွန်းက မြန်မာရာဇဝင်စာတမ်းအမှတ် ၁ တွင် တင်ပြထားသည်။ လွန်ခဲ့သော နှစ် ၄ သိန်း နှင့် ၅ သိန်းအတွင်း ပေါ်ပေါက်ခဲ့သော ရှေးဦးလူများကို ခေတ်သစ်ပညာရှင်များက ပီသေကန်သရိုပတ် Pilthecon thro pus ဟုခေါ်ကြသည်။ **လူစင်စစ်မဟုတ်သေးဘဲ ရှေးဦးလူအဆင့်သာ ဟု သတ်မှတ်ထားသည်။**

ဒုတိယရေခဲခေတ်ဟုခေါ်သည့် မိန်ဒယ် Mindtel ကာလအတွင်းဖြစ်သည်။ ထို့နောက်မှ ဒုတိယရေခဲခေတ်လွန်သည့် ကြားကာလကို ရောက်လာသည်။ ထိုကာလသည် အနှစ် ၂သိန်း နှင့် ၃သိန်းခြောက်သောင်း အထိ အနှစ်ပေါင်း တစ်သိန်းကျော်ကြာသည်။

ထိုကာလလွန်ပြီး အနှစ် ၂ သိန်းလောက်ရောက်သောအခါ တတိယရေခဲခေတ်ဖြစ်သည့် ရစ် Riss ရေခဲခေတ်ထဲ ဝင်လာသည်။ ထိုရေခဲပြင်ကြီးသည် မြန်မာပြည်ထဲသို့ ရောက်မလာပါ။ အအေးဒဏ်လောက်သာ ပိုခံစားရသည်။ အစာရေစာ ရှားပါသည်။ ထို့နောက် စတုတ္ထရေခဲခေတ် ဝမ်း Wurm သို့ရောက်သည်။ အနှစ် ၈၀၀၀၀ ကျော် မှ အနှစ် ၄၀၀၀၀ ကျော်ထိ ဖြစ်သည်။ အလွန်အေးသည့်ကာလဖြစ်သည်။ ထိုရေခဲခေတ်ကုန်ချိန် အနှစ် ၄၀၀၀၀ လောက်မှ စပြီး တစ်စတစ်စ နွေးလာသည်။ အနှစ် ၄၀၀၀၀ မှ အနှစ်

၁၀၀၀၀ ထိ အချိန်ကာလဖြစ်သည်။ ထိုခေတ် တွေ့ရှိသော ယဉ်ကျေးမှုကို နှောင်းခေတ်အညာဒေသယဉ်ကျေးမှုခေါ် ဆိုပြန်သည်။

## မိုးစွေကာလ

ရေခဲခေတ် နောက်ဆုံးအချိန်ဖြစ်သော စတုတ္ထရေခဲခေတ် ဝမ်း wurm သည် အနှစ် ၄၀၀၀၀ ကျော်ကာလသို့ရောက်လာသောအခါ ဥရောပတိုက်အပါအဝင် ကမ္ဘာမြောက်ဘက်ခြမ်းသည် ရေခဲဖုံးလွှမ်းမှု တဖြည်းဖြည်း လျော့ပါးလာသည်။ ရေခဲပြင်အထိ ဖုံးလွှမ်းလျက် ရိုးတွင်းချဉ်ဆီခဲလုမတတ် ရက်ရက်စက်စက် ခြေသော ဆောင်းဥတုမျိုး Glacial Period မျိုး ရှိခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတောင်ဘက်ခြမ်းနိုင်ငံများတွင်မူကား နေရောင် မထိုးနိုင်အောင် Plural Period တမိုးလုံး မဲမှောင်လျက် အဆက်မပြတ် မရပ်မစဲ သဲကြီးမဲကြီး တရကြမ်း ရွာသွန်းသော မိုးစွေခေတ်ကြီး Plural Period မျိုးနှင့် တွေ့ကြုံခဲ့ရသည်။ မြန်မာနိုင်ငံ တဝန်းလုံး မြေနိမ့်ပိုင်းများတွင် မိုးရေများ ပြည့်လျှံဖုံးလွှမ်းနေ၏။ မြန်မာပြည်တွင် ဖြတ်သန်းစီးဆင်းနေသော အဓိကမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်ကြီးသည် ကြောက်ခမန်းလိလိ အရှိန်အဟုန်နှင့် ဖြိုဖျက်တိုက်စား စီးဆင်းနေ၏။ ထိုအချိန်တွင် ရှေးဟောင်း မြန်မာနိုင်ငံသား အညာသားကြီးများသည် ဧရာဝတီမြစ်ရိုးတလျှောက် မြင့်မောက်သောနေရာများတွင် အုပ်စုဖွဲ့နေထိုင်ကြ၏။ ကြမ်းတမ်းခက်မာသော သဘာဝဒဏ်ကို ကြံ့ကြံ့ခံအံတုလျက် အသက်မွေးခဲ့ကြ အသက်ရှင်ရပ်တည်ခဲ့ကြရ၏။ စိုက်ပျိုးရေးအတွက် လမ်းစမပေါ်ခဲ့သေးပေ။

ထိုအချိန်က မိုးရေချိန်သည် ယခုထက်သုံးဆလောက် ပိုများမည် ဆို၏။ မြစ်များချောင်းများ၏ ရေပြင်သည် အလွန်ကျယ်ပြန့်၏။ ဧရာဝတီ မြစ်ပြင်သည် အလွန်ကျယ်ပြန့်၏။ မြစ်ကြီး၏ အထက်ဘက် အကျဆုံး ကမ်းပါးသည် ယခုဧရာဝတီ မြစ်ကမ်းထက် ပေ ၃၀၀ မြင့်သည် ဟု သိရ၏။ ဒုတိယ ရေခဲခေတ်ဖြစ်သည့် မိန်ဒယ်ကာလအဆုံး ဒုတိယမိုးစွေကာလ Plural အတွင်း ဖြစ်သဖြင့် ရေပြင်အလွန်ကျယ်သည်။ အလယ်ကမ်းပါးသည်ပင် ယခု

ကမ်းပါးထက် ပေ ၁၀၀– ၂၀၀ အထိ မြင့်သည်ဟု တွေ့ရ၏။ ဧရာဝတီမြစ်သည် မဟာဧရာဝတီမြစ်ဖြစ်သည်ဟု ဆိုကြ၏။

ကမ္ဘာကြီးသည် တဖြည်းဖြည်း ပူနွေးလာသောကြောင့် ဥရောပတစ်ခွင်ကို ဖုံးလွှမ်းနေသော ရေခဲပြင်သည် မြောက်ဝင်ရိုး စွန်းဘက်သို့ ရွေ့လျားသွားခဲ့၏။ မိုးခွေခေတ်ချုပ်ငြိမ်းသွားသောအခါ မြန်မာနိုင်ငံအပါအဝင် တောင်ပိုင်းကျသော အာရှတိုက် မြေမျက်နှာပြင်သည် လက်ရှိ အသွင်အပြင်အတိုင်းဖြစ်ပေါ်လာ၏။ လက်ရှိခေတ်အပိုင်းအခြားကို ဘူမိဗေဒ ပညာရှင် အမြင်နှင့်သော် Holocene Period ဟု ခေါ်၏။ ရာသီဥတုမှာလည်း လက်ရှိအခြေအနေအတိုင်း ဖြစ်လာ၏။

Holocene Period မြေမျက်နှာပြင်ပေါ်၌ Pleistocene Period အတွင်း အရှိန်အဟုန်ဒီးဒီးနှင့် စီးဆင်းတိုက်စားသွားသောကြောင့်ဖြစ်ပေါ်လာခဲ့သော ဧရာဝတီမြစ်ကမ်းဆင့်များ River terraces အပေါ်မှာ ကျောက်လက်နက် Stone Implements များကို ရရှိခဲ့ကြသည်။ ယင်းလက်နက်များကို စွဲကိုင်အသုံးပြုကာ ရှေးဟောင်း မြန်မာနိုင်ငံ အညာသားကြီးများ ကံကြမ္မာသည် ရုန်းကန်အသက်မွေးခဲ့ကြဟန်တူသည်။ ရေလုပ်သားဘဝကို မစွန့်လွှတ်နိုင်သေးဘဲ ရှေးဟောင်းအညာသား မြန်မာကြီးတို့သည် ရေကြည်ရာ မြက်နုရာ စားကျက်သစ်ရှာရင်း ပင်လယ်နားနီးရာအောက်ပြည် အောက်ရွာ တနင်္သာရီ ကမ်းမြောက်ဒေသသို့ ရောက်ရှိသွားကြသလောဟု ထိုဒေသ၌ တွေ့ရသော ကျောက်လက်နက် အထောက်အားများအရ ယူဆရပေသည်။

စတုတ္ထရေခဲခေတ် ဝမ်းခေတ် **wurm** ခေတ်တွင် နေယန်ဒါသယ် **Neanderthal** လူသားများပေါ်ပေါက်လာသည်။ အနောက်နိုင်ငံများတွင် နေယန်ဒါသယ်တို့သည် ပီသေကန် သရိပတ်ရှေးဦးလူသားများထက်ပို၍ အဆင့်မြင့်သည်။ ပီသေကန်သရိပတ်များသည် မီးမမွေးတတ်သေးဘဲနောက်မှ မီးမသေအောင် ထိန်းတတ်ပြီဟုယူဆကြသည်။ ဝမ်းခေါ် စတုတ္ထရေခဲခေတ်အတွင်းတွင် ဂူအောင်းဝံ(Cave Bear) မွေးရှည်မမ်မွတ် (Woolly Mammoth) မွေးရှည်ကြံ့ (Woolly Rhinoceros) အီဗက်သမင်း

(Siberian Ibex) တို့ပေါ်များလာသည်။

ထိုကာလမှ အနှစ် ၃၅၀၀၀ လောက်ရောက်သောအခါ ကရိုမက်ဂနွန် (Cromagnon) လူအဆင့်သို့ရောက်လာသည်။ **ကျောက်ခေတ်သို့ရောက်သောအခါ ဟောမိုဆက်ပီယန် (Homo Sapiens) ခေါ် လူစင်စစ်မျက်မှောက်ခေတ်လူသားအဆင့်သို့ ရောက်လာသည်။ ရေခဲပြင်လည်းဆုတ်သွားပြီး မြက်ခင်းပြင်များ ပေါ်လာသည်။** မွေးရှည်သတ္တဝါကြီးများအစား ရေခဲသမင် (RainDeer) များပေါ်ပေါက်လာသည်။ ပလိုင်စတိုဆင်းယုဂ်ခေါ် နှင်းခဲခေတ်ကို လွန်မြောက်၍ အချိန်အတန်ကြာသောအခါ ကျောက်ချောခေတ်သို့ ရောက်လာသည်။

## ပြဒါးလင်းဂူ

ပြဒါးလင်းဂူမြေလွှာသည် Holocene ခေတ်တွင် ပေါ်ပေါက်လာသော မြေလွှာဖြစ်၏။ ရှမ်းကုန်းပြင်မြင့်ရှိ မောင်တဝဂူတွင် ၁၉၃၇ ခုနှစ်က တူးဖော်ခဲ့သည်။ တောင်ကြီးမြို့အနီးတွင် တင်းအိမ်အမည်ရှိ ကျောက်ဂူကိုလည်း သုတေသနပြုခဲ့သည်။ ယခုတွေ့ရသည်မှာ ပြဒါးလင်းဂူဖြစ်သည်။

တောင်ကြီးခရိုင် ရွာငံမြို့နယ် ညောင်ကြတ်ရွာ အရှေ့မြောက်ဘက် လေးမိုင်ကွာ ရေပုတ်ရွာဟောင်းအနောက်ဘက် တစ်မိုင်ခန့်တွင် ပြဒါးလင်းဂူ တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၁၀၀၀ အမြင့်တွင် တည်ရှိသည်။ ရှမ်းကုန်းပြင်မြင့်အနောက်ခြမ်း တောင်စွယ် အခြေပိုင်းတွင် ရှိသည်။

၁၉၆၉ ခုနှစ် ဇန်နဝါရီလတွင် သွားရောက်လေ့လာခဲ့ကြသည်။ လူသားတို့ နေထိုင်ခဲ့သည်ဟူသော အဆိုအတွက် ခိုင်မာစေသည့် အထောက်အထားမှာ ပန်းချီလက်ရာများဖြစ်သည်။ ကျောက်လက်နက်ပေါင်း ၁၆၀၀ ကျော် ရရှိခဲ့သည်။ ပန်းချီ၁၂ ပုံခန့် တွေ့ရသည်။ ပန်းချီရေးဆွဲပုံမှာ အနောက်တိုင်းကျောက်ခတ်လက်ရာနည်းတူပင်ဖြစ်သည် ဟု အခြေပြ မြန်မာနိုင်ငံရေး သမိုင်း ပထမတွဲ စာမျက်နှာ ၇၈-၉၅ တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ မြေပေါ်တွင် ကျောက်ခေတ်ဦး ကျော်ခေတ်လက်နှင့် ကျောက်ခေတ်တို့၌ လူသားတို့ နေထိုင်ခဲ့ကြောင်း အထောက်အထားများ

တွေ့ရှိပြီးဖြစ်သည်။ အဓိကမှာ ကျောက်ခေတ်သုံးလက်နက် ကိရိယာများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်ကြသည်။ မြန်မာ့ကျောက်ခေတ်ဦး ကျောက်လက်နက် ကိရိယာများများကို လေ့လာပြီး ၁၉၃၇–၃၈ ခုနှစ်အတွင်း လေ့လာခဲ့သော ပညာရှင် ဒေါက်တာ Hell Mutre Terra နှင့် ပါမောက္ခ Hallean J. Movius တို့က မြန်မာကျောက်ခေတ်ဟောင်း ကျောက်ခေတ်ဦး ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှုဟု အမည်သတ်မှတ်ပေးကြသည်။ **ကျောက်ခေတ်ဟောင်းကျောက်ခေတ်ဦး လူသားမှာ နွယ်ဖွေလူသား** ဖြစ်သည်။

**မြန်မာနိုင်ငံကျောက်ခေတ်ဟောင်းတွင် လူသားများနေခဲ့သည်ဟူသော ခိုင်မာသော အထောက်အထားမှာ ပြဒါးလင်းဂူဖြစ်သည်။** ကျောက်ကြမ်းပြင် ကျောက်ကွင်း ကျောက်လက်နက်များကို တွေ့ခဲ့ရသည်။ အမှတ် ၁ ဂူနံရံပေါ် တွင် တက်နေဝန်းပုံ ငါးပုံ၊ နွားသားအမိပုံ၊ လက်ဝါးပုံ၊ ၂ ပုံ၊ သမင်နှင့် ဆင်ပုံ တောဝက်ပုံ၊ ပြောင်ပုံ၊ နရံပန်းချီ ၉ ပုံတွေ့ခဲ့ရသည်။

ဂူထဲတွင် အစဉ်မပြတ် မီးဖိုနေခဲ့၍ ပြာထု ၄ ပေ ကျန်ရစ်သည်။ ပြာထု အရ ခန့်မှန်းလိုက်လျှင် လူတို့သည် **အနှစ် ၂သောင်း ၂ထောင်မှ အနှစ် ၁သောင်း ၁ထောင်ထိ စုစုပေါင်း အနှစ် ၁၀၀၀၀ ကျော်နေခဲ့သည်**ဟု ဆိုနိုင်ခဲ့သည်။

အမှိုက်ကျင်းထဲမှ မီးသွေးများ အရိုးများ ခရုခွံများကို ရေဒီယိုကာဗွန်နည်းဖြင့် ဓာတ်ခွဲစစ်ဆေးကြည့်ရာ **အတိတ် အနှစ် ၁ သောင်း၁ထောင်မှ အနှစ် ၆၅၀၀ အတွင်း နေခဲ့သူများ စွန့်ပစ်သော** အမှိုက်ဟု သိရသည်။

နံရံဆေးရေးပန်းချီအထောက်အထားအရ ကျောက်ခေတ်ဟောင်း ခရိုမက် ဂန္ဒန် (ပြင်သစ်)များ၏ ဓလေ့နှင့် တူညီနေသဖြင့် **လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀၀ ကျော်ကာလက ကျောက်ခေတ်ဟောင်းလူများ၏ ပန်းချီပုံ**ဟု သတ်မှတ်ခဲ့ကြသည်။

ပြဒါးလင်းဂူတွင် ကျောက်ခေတ်ဟောင်း ကျောက်ခေတ်သစ် ကျောက်လက်နက်များ တွေ့ရှိခဲ့သဖြင့် ကျောက်ခေတ်လူသားတို့ အဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားဟု သိနိုင်၏။ ထို့ကြောင့် မြန်မာ

နိုင်ငံတွင် ကျောက်ခေတ်နှောင်းကာလကတည်းကပင် လူများနေထိုင်ခဲ့ကြောင်း ကျောက် လက်နက်အသုံးအဆောင်များ တွေ့ရှိမှုက ဖော်ဆောင်နေသည်။

မီးသွေးနှင့် တိရစ္ဆာန်အရိုးအပိုင်းအစများကို ခေတ်ကာလ သိရှိနိုင်ရန် နယူဇီလန်နိုင်ငံ နူးကလီးယား သိပ္ပံသုတေသန ဌာနသို့ ပေးပို့၍ စမ်းသပ်ချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၆၅၇၀ ခန့်မှ ၁၃၄၀၀ ကာလက ဖြစ်သည်ဟု အဖြေရခဲ့သည်။

## မြန်မာ့တိုင်းရင်းသားများသာဟု အဖြေထုတ်၍ရပါပြီ

ဤမျှသောအခန်းများမှာ မြန်မာ့မြေ၏ ဘူမိရုပ်သွင်နှင့် ရှေးဦးလူတူပရိုင်းမိတ်များ ရှေးဦးလူသားမျိုးနွယ်ရင်းများ ရှေးဦးလူသားအုပ်စုများ ရှေးလူသားများ၏ ဘဝဖြစ်စဉ်ကို အကြမ်းအားဖြင့် တင်ပြခဲ့ပါသည်။ အခြေခံမခိုင်လုံဘဲ တင်ပြသည်ဟု ရှုချမှုကို ကာကွယ်ရန် တင်ပြရခြင်းသာဖြစ်ပါသည်။

လွန်ခဲ့သော နှစ်သန်း ၄၅၀၀က ကမ္ဘာကြီးစတင်ခဲ့ပုံ ဘူမိခေတ် အမျိုးမျိုးဖြတ်သန်း၍ လွန်ခဲ့သော နှစ်သန်း ၄၀ လောက်ရောက်သောအခါ မြန်မာ့ဘူမိရုပ်သွင်နှင့် ပရိုင်းမိတ်တွေ့ရှိမှုများအရ မြန်မာပြည်တွင် လူသားဘဝ စတင်ခဲ့ပုံ ခေတ်အမျိုးမျိုးဖြတ်သန်း၍ နှစ် ၁ သန်းကာလရောက်သောအခါ လူသားတို့ ပေါ်ပေါက်လာခဲ့ပုံ၊ မြန်မာမြေတွင်လည်း ကမ္ဘာ့မှာလိုပင် ကမ္ဘာ့ရှေးဦးဆုံးလူသားမျိုးနွယ်ရင်းကြီးများ ပေါ်ပေါက်ပုံ၊ ရှေးအစဉ်အလာအရ မြန်မာလူမျိုးများသည် ပီကင်းမင်း မွန်ဂိုလွိုက်များမှ ဆင်းသက်လာသည် ယူဆခဲ့ကြသော်လည်း မွန်ဂိုလွိုက်နှင့်ကာလတူ မြန်မာရှေးဦးလူသားများဖြစ်သည့် နွယ်ခွေလူခေါ် မြန်မာလူမျိုးတို့ကို တွေ့ရှိရသဖြင့် မြန်မာမျိုးနွယ်သည် မွန်ဂိုလွိုက်များနှင့်အတူ သက်တန်းတူ မြန်မာလူမှ ဆင်းသက်လာပုံများ၊ ထို့နောက် အညာသားကြီးများ ပေါ်ပေါက်လာပုံ အညာသားယဉ်ကျေးမှုကို ကျောက်ခေတ်လူသားဘဝ မြန်မာတို့ ခိုင်ခိုင်လုံလုံ ခြေချနေနိုင်ခဲ့ကြပုံတို့ကို တင်ပြ ခဲ့ပါသည်။

လောကကြီးသုံးရပ်တွင် သတ္တလောကသည် ရုပ်နာမ်နှစ်ပါး ပူးပေါင်း

ဖြစ်ထွန်းရသော လောကဖြစ်သည်။ သိပ္ပံပညာရှင်တို့အလိုအရ သတ္တလောကအတွင်း တိရစ္ဆာန်အုပ်စုများထဲမှ လူသည်မျိုးထွန်းလာသူဖြစ်သည်ဟု ယူဆကြ၏။ ဗုဒ္ဓဝါဒအရမူ လူသည် လူ့ဖြစ်ရမည့်ကံကြောင့် လူဘုံ လူ့ဘဝတွင် လူဖြစ်လာသည်။ လူ့ဘဝအစက အစမထင်သော သံသရာက စခဲ့သည်ဟု ဟောတော်မူသည်။

တိရစ္ဆာန်မှ မျိုးထွန်းလာသော လူသား၏ အစမှာ ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိချက်အရ ပရိုင်းမိတ်တို့သည် လူဖြစ်လာရေးအတွက် ဆင့်ကဲဖြစ်စဉ်တို့ကို ဖြတ်သန်း၍ လူ့ဘဝခရီးလမ်းကို လျှောက်လှမ်းခဲ့ကြသူများ ဖြစ်သည်ဟု သက်သေပြကြသည်။

နောင်သောအခါ လူဖြစ်လာသည့် ယင်းပရိုင်းမိတ်အကြို လူသားတို့၏ ဦးနှောက်နှင့် ခန္ဓာကိုယ်သည် အခြားသတ္တဝါတို့နှင့် မတူ တစ်မူကွဲပြားခြားနားထူးခြားစွာ ဖွံ့ဖြိုးမှုရှိသည်ကို တွေ့ရသည်။ အကြိုလူသားဘဝက ပင် လူ၏ ခန္ဓာသည် ဤကမ္ဘာကြီး၌ လူဟူ၍ သက်ရှိထင်ရှားဖြစ်လာစေရန် အလွန်မှ အံ့ဩစရာကောင်းရလောက်အောင် ဖွဲ့စည်းဖြစ်ပေါ်လာခဲ့သည်။

လူ၏ ဦးနှောက်နှင့် အာရုံတို့ကလည်း ဤကမ္ဘာကြီးကို စိုးမိုးနိုင်ရန် အံ့ဩစရာကောင်းလောက်အောင် ဖွဲ့စည်းဖွံ့ဖြိုးလာခဲ့သည်။ ဤအရာအားလုံးသည် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်ပြောင်းလဲလာခြင်း ဖြစ်သည်။

ထို့အတူ မြန်မာ့လူသားသည် နွယ်ခွေအရပ်မှနေ၍ တစ်ဆင့်ပြီး တစ်ဆင့် လျှောက်လှမ်းခဲ့သည်။ ထိုသို့လျှောက်လှမ်းရာတွင် သူ့ခန္ဓာကိုယ် ဖွံ့ဖြိုးမှုကလည်း သူ့အား လူလူ သူသူ ဖြစ်လာရေးအတွက် အထောက်အကူပြုခဲ့သည်။ သူပိုင်ဆိုင်သော လူ၏ လက်ချောင်းများသည် ဆုပ်နိုင် ကိုင်နိုင်လောက်အောင် စနစ်တကျ ဖွဲ့စည်းမှုရှိလာသည်။

လူ၏လက်သည် ဆုပ်နိုင်ကိုင်နိုင်သည့်အတွက် တုတ်ချောင်းများကို ကိုင်တွယ်ကာ မြေကိုတူးဆွခြင်း တုတ်ကိုကိုင်၍ အမဲလိုက်ခြင်းတို့ ပြုနိုင်လာသည်။ ထိုသို့လုပ်ကိုင်လာနိုင်မှုသည် တောအတွင်း၌ လူသည် သဘာဝတရားကို ရင်ဆိုင်ရာတွင် တစ်ပန်းသာရခဲ့သည်။ လူသည် သူ့လက်ဖြင့် သူနှင့် မလှမ်းမကမ်းတွင်ရှိနေသော ကျောက်တုံးများကို ကောက်ယူပစ်ပေါက်

ရာမှ ကျောက်လက်နက်များဖြင့် အမဲလိုက်ရန် နှင့် သူ့ကိုယ်သူ ကာကွယ်ရေးအတွက် လက်နက်အဖြစ် အသုံးချနိုင်ခဲ့သည်။

ကျောက်ခေတ်သည် လွန်ခဲ့သော နှစ်ငါးသိန်းမှ လွန်ခဲ့သော နှစ်လေးသောင်းအတွင်း မြန်မာနိုင်ငံ၌ ထွန်းကားခဲ့သည်။ ကျောက်ကြမ်းခေတ်လူသားကြီးများသည် အညာသားယဉ်ကျေးမှုကို ပိုင်ဆိုင်ခဲ့ကြသည်။ သူတို့သည် ကျောက်လက်နက်ပစ္စည်းများကို ထုတ်လုပ်ခဲ့ကြသည်။ ပြဒါးလင်းဂူနေ ကျောက်ခေတ်လူသားတို့သည် ယင်းတို့နေထိုင်သည့် နံရံပေါ်တွင် ပန်းချီရေးဆွဲခဲ့ကြသည်။ ယင်းတို့သည် မြေအိုးများ ပုတီးစေ့များ အရိုးပုတီး အရိုးလည်ဆွဲ ကျောက်ပုတီးများကို ပြုလုပ်ကြသည်။ သူတို့ကိုယ်သူတို့ လှပအောင်တန်ဆာဆင်ယင်တတ်ကြသည်။ သူတို့သည် တနေရာတည်း လေလုံမိုးလုံ ဂူကြီးထဲများတွင် စုပေါင်းနေထိုင်ကြပြီး ပြဒါးလင်းဂူကဲ့သို့ ကျောက်လက်နက်ပစ္စည်းထုတ်လုပ်သည့်နေရာများသည် ကျောက်လက်နက်ထုတ်လုပ်သည့် အလုပ်ရုံများပင်ဖြစ်သည်။ အိုးလုပ်သောနေရာ ပုတီးပြုလုပ်သောနေရာ ကုန်ပစ္စည်းထုတ်လုပ်ရာအလုပ်ရုံများပင် ဖြစ်တော့သည်။ ပြဒါးလင်းဂူတို့ကဲ့သို့ နေရာများကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရှေးခေတ်လူသား ကျောက်ခေတ်လူသားတို့၏ အခြေချနေခဲ့ရာဒေသဖြစ်၍ မြန်မာ့မြေတွင် လူသားများစတင်အခြေချခဲ့သည်မှာ လွန်စွာသေချာသည်။ မြန်မာနိုင်ငံတွင် ရှေးဦးလူသားမျိုးနွယ်ရင်းတို့ သက်ရှိထင်ရှားနေထိုင်ခဲ့ကြောင်း ငြင်းဆိုစရာမရှိပေ။

ပြဒါးလင်းဂူတွင် လူတို့နေထိုင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ သောင်းနှစ်ချီ၍ ကြာခဲ့သည်။ စွန့်ပစ်ခဲ့သော ပြာမှုံများ၏ ထုထည်ပမာဏက နှစ်ပေါင်းထောင်သောင်းမက ကြာညောင်းခဲ့ကြောင်း သက်သေခံနေသည်။ ထို့ကြောင့် လူသားမျိုးနွယ်ရင်းများသည် မည်သည့်အရပ်ကမှ ပြောင်းရွှေ့လာခဲ့ကြသည် မဟုတ်။ မြန်မာ့ရေမြေတွင် မွေးဖွားပြီး မြန်မာ့ရေကို သောက်ကာ လူဖြစ်လာကြသူများဖြစ်ကြောင်း မြန်မာတို့သည် မြန်မာလူမျိုးကမှ ဆင်းသက်လာကြောင်း လူသားအစ မြန်မာကဖြစ်ကြောင်း မှန်မှန်ကန်ကန် အထောက်အထား ပြည့်ပြည့်ဝဝ လက်ခံကြရပေမည်။ ပရိုင်းမိတ်ဘဝ ရှေးဦးလူသားဘဝမှ ကျောက်ခေတ်ကာလ

တလျှောက်လုံး မျိုးဆက်မပြတ်နေခဲ့ကြသည့် လူသားဘဝ စဆုံး သမိုင်းကွင်းဆက်ဖြစ်သည်။ ကြောင်းကျိုးခိုင်လုံမှုမရှိ ကိုယ့်ဘက်ကိုယ်ဆွဲ တယူသန်ဆိုခြင်းမဟုတ်ကြောင်း အသိအမှတ်ပြုကြရပေမည်။ လူသား အစ မြန်မာကမဟုတ်ပါဘူးဟု ဆိုလာလျှင် ထိုပညာရှင်တို့သည် ခိုင်လုံ သော အထောက်အထားပြရပေမည်။ မျက်မှောက်ခေတ်လူတို့၏ ဖွံ့ဖြိုး တိုးတက်မှု လောက်ကိုသာကြည့်၍ မြန်မာကို ရှုံ့ချလိုသောစိတ်ဖြင့် အဆိုသစ်တင်ပြကြပါမူ ထိုသူတို့သည် ဘိုးဘေးဘီဘင် အစဉ်အဆက် တည်ရှိခဲ့သော မြန်မာတို့အပေါ် ကျေးဇူးကန်းရာရောက်သည်။ ကျေးဇူးရှင် မိဘဘိုးဘွား ရှေးဦးလူသားများကို အထင်သေးရာ ရှုံ့ချရာ စော်ကားရာ ကျေးဇူးမဲ့ရာရောက်သဖြင့် ကတညုတမင်္ဂလာတရားကို ဖောက်ဖျက်ရာ ကျသည်။ သက်မဲ့သစ်ပင်၏ အရိပ်ကိုခိုနားဘူးလျှင်ပင် ထိုသစ်ပင်၏ အခက်ကို မချိုးကောင်းပေ။ အရိပ်နေနေ အခက်ချိုးချိုး ထိုသူမျိုးမှာ ကျေးဇူးရှင် ကျေးဇူးစွပ် ကျေးဇူးကန်းသူ လူယုတ်မာဖြစ်လေသည်။ ခေတ်ပညာတတ်များသည် မိမိတတ် သည့်ပညာလေးလောက်မျှဖြင့် လူယုတ်မာမဖြစ်သင့်ပေ။ မင်းတို့ ဉာဏ် တမိုက်တထွာလောက်ရယ်နှင့် ငြင်းဖို့ကြံလျှင် မိုက်ရာရောက်ပေလိမ့် ဟူသော စကားကဲ့သို့ ပစ္စက္ခလူဘဝ လူမျိုးအခြေအနေလောက်ကိုကြည့်၍ ငြင်းခုံကြ လျှင် လူမိုက်၊ လူယုတ်မာ၊ အမင်္ဂလာကောင်၊ မင်္ဂလာနှင့်မပြည့်စုံသူ၊ လူညံ့၊ မျက်မွေးတဆုံးလောက်သာမြင်သူ၊ ဉာဏ်မရှိ၊ ဉာဏ်မဲ့သူ ဖြစ်သွားနိုင်သဖြင့် လက်ရှိလူမျိုးစွဲ မပြင်းထန်ကြရန် သတိပေးအပ်ပါသည်။

ဤနေရာတွင် လူတို့ဘဝဖြစ်စဉ်ကိုလေ့လာပြီးဖြစ်သဖြင့် ဘာသာရေး အစွန်းရောက်မှုများကိုလည်း ပယ်စွန့်ရန် လိုအပ်လာပါသည်။ ဖန်ဆင်းရှင် ဘာသာဝါဒများက လူသားကို ဘုရားသခင်များက ဖန်ဆင်းသည်ဟု ဟောပြ ကြသည်။ ဖန်ဆင်းသည်ဆိုသည်မှာ ချက်ချင်း လူဖြစ်လာသည်ဟု ဆို ကောင်းပါသည်။ တွေ့ရှိချက်အရ လူသားမျိုးနွယ်တစ်ခုမှ လူတစ်ဦး ဖြစ်ထွန်းပေါ်ပေါက်ရန် မည်မျှအချိန်ပေးရကြောင်း သိပြီးဖြစ်၍ ဖန်ဆင်း ရှင် ဝါဒများကို စဉ်းစားပြီးမှ လက်ခံသင့်ပေသည်။

## ကြေးခေတ် သံခေတ်

ကျောက်ခေတ် တခေတ်လုံးတွင် ဂူအောင်းဘဝဖြင့် ရာသီဒဏ် ကြုံကြုံခံနေခဲ့ရာမှ ရေခဲခေတ်ပြီး မိုးစွေကာလလွန်မြောက်ပြီးနောက် လွန်ခဲ့သော နှစ်ပေါင်းတသောင်းလောက်ရောက်သောအခါ ရာသီဥတုအခြေအနေတို့ မျှတလာသည်။ နေရောင်ခြည်ရပြီး ပူနွေးလာသဖြင့် တောင်ပေါ်မှ မြေပြန့်သို့ ဆင်းလာကြသည်။ မြေပြန့်ရောက်သောအခါ တောလိုက် မုဆိုးဘဝ တံငါဘဝ အပြင် စိုက်ပျိုးရေးများကိုပါ လုပ်ကိုင်နိုင်လာကြသည်။


ကျောက်များကိုနေ့စဉ် စားဝတ်နေရေးနှင့် အမဲလိုက်ရာတွင် လက်နက်အဖြစ် အသုံးပြုခဲ့ရာမှ လူသည် သဘာဝပတ်ဝန်းကျင်မှ သတ္တုပစ္စည်းများအား သူ့ဦး နှောက်ကို အသုံးပြု၍လည်း လေ့လာခဲ့သည်။ အဆင့်ဆင့်ပြောင်းလဲမှုဖြစ်စဉ်အရ လူ့ဦးနှောက်သည် မှတ်ဉာဏ်အရာတွင်ရော စူးစမ်းလေ့လာမှုတွင်ပါ တိုးတက်လာခဲ့သည်။ ပတ်ဝန်းကျင်မှ သတ္တုများကို ကိုင်တွယ်စူးစမ်းကြည့်ရာတွင် စောစောပိုင်းကာလ၌ လူသည် သံဆိုသော ပစ္စည်းမှာ မာလွန်း၍ ယင်းကို မသုံးနိုင်ဘဲရှိ၏။ အခြားရွှေ ကဲ့သို့သော ပစ္စည်းမှာလည်း အရောင်အသွေးလှပသော်လည်း ယင်းတို့ကို ကိုင်တွယ် အသုံးပြုရန် လူသည် မတတ်နိုင်သေးဘဲရှိ၏။

ထို့နောက် သဘာပတ်ဝန်းကျင်၌ ကြေးပစ္စည်းကို တွေ့ရှိရာ မီးကို အသုံးပြုနေတတ်ပြီးဖြစ်သော လူသားသည် ကြေးကို ထုထောင်း၍ ပုံသွင်းခြင်း၊ အပူပေး၍ ပုံသွင်းခြင်းများကို ပြုလုပ်လာနိုင်ရာမှ ကြေးပစ္စည်းကို လူ့အသုံးအဆောင်ပစ္စည်းများအဖြစ်လည်းကောင်း လက်နက်ပစ္စည်းအဖြစ် လည်းကောင်း အသုံးပြုလာခဲ့ကြသည်။ ကျောက်လက်နက် ပစ္စည်းထက် ပို၍ ခေတ်မီပို၍ အသုံးဝင်သောကြောင့် ပထမတုန်းက ကျောက်လက်နက်ပစ္စည်းများနှင့် တွဲဖက်၍ ကြေးပစ္စည်းများကို အသုံးပြုခဲ့ကြသည်။ နောက်ပိုင်းရောက်လေလေ ကြေးပစ္စည်းကို ပို၍ပို၍ သုံးလာခဲ့ကြသည်။ ထိုကဲ့သို့ ကျောက်ပစ္စည်းမှ ကြေးပစ္စည်းတို့ကို ပြောင်းလဲအသုံးပြုခဲ့သော ခေတ်ကို ကြေးခေတ်ဟု ခေါ်ခဲ့ကြ သတ်မှတ်ခဲ့ကြသည်။ ကြေးကို စတင်အသုံးပြုသောကာလကို ကြေးခေတ်ဦးဟု ခေါ်၍ ကြေးအသုံးပြုမှုတွင် ကျယ်လာသော နောက်ပိုင်းကာလကို

ကြေးခေတ်နှောင်းဟု ခေါ်ခဲ့သည်။ တဆက်တည်းလိုလိုမှာပင် ကြေးကို အသုံးပြုခဲ့ရာမှ ကြေးထက်မာသောသံကို စတင်အသုံးပြုသော ခေတ်ကာလကို သံခေတ်ဦးဟု ခေါ်ခဲ့သည်။ နောက်တွင်သံကို တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့သောကာလကို သံခေတ်ဟု ခေါ်ပြန်သည်။

ရှေးအခါက မြန်မာနိုင်ငံ၏ ကြေးခေတ်သည် ကွင်းဆက်ပြတ်နေခဲ့၍ ကြေးခေတ်မရှိလေသလောဘောဟု ထင်မှတ်ခဲ့ကြသည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကြေးခေတ်ကြီးနေရာများစွာ တွေ့လာရသဖြင့် ကြေးခေတ်ကြီး တခမ်းတနားထွန်းကားခဲ့ကြောင်း အထောက်အထားများစွာ ရရှိခဲ့သည်။ ကြေးခေတ်ကို တည်ထောင်သူများမှာလည်း ကျောက်ခေတ်ကြီးတစ်လျှောက် အဆက်မပြတ်နေထိုင်ခဲ့သော ကျောက်ခေတ်လူသား အညာသားကြီးများပင် ဖြစ်လေသည်။ ကျောက်လက်နက်ကို အသုံးပြုရာမှ ကြေးပစ္စည်းများကို ပြောင်းလဲအသုံးပြုလာခြင်းသာဖြစ်သည်။ ကြေးခေတ်လူသားတို့မှာ ကျောက်ခေတ်နေ အညာသားကြီးများ၏ တီတွတ် မြေး မြစ် အဆက်ဆက်သာဖြစ်သည်။ အခြားဒေသမှ ဝင်ရောက်လာသူမျိုးခြားများ မဟုတ်ကြောင်း သတိပြုရပေမည်။


ဂူနေဘဝမှ မြေပြန့်သို့ ဆင်းလာခဲ့ပြီးနောက် ရှေးခေတ် မြန်မာကြီးများသည် နိုင်ငံအနှံ့ ခြေဆန့်ခဲ့ကြသည်။ ခေတ်သစ်တူးဖော် သုတေသန ပြုခဲ့သော ကြေးခေတ်ဒေသများမှာ မန္တလေး ရှေးဟောင်း သုတေသန ဌာနနှင့် ပြင်သစ်နိုင်ငံမှ ပညာရှင်များ ပူးပေါင်းတူးဖော်ခဲ့ရာ ညောင်ကန်၊ အင်း တဲ၊ မြင်းဦးလှည့်၊ ကုက္ကိုခါးလှ မုံထူး နှောကန် ရွာထင်းကုန်း မြို့လှ ဥမင် ထန်းတပင် ညောင်ကုန်း ထုံးဘို ကန်သစ်ကုန်း၊ မြာ–ရဝေ၊ ရွာကုန်းကြီး မြောင်လည်တို့တွင် ကြေးခေတ်များ ထွန်းကားခဲ့ကြောင်းတွေ့ရသည်။ စစ်ကိုင်တိုင်း ဘုတလင်း မြို့နယ် ညောင်ကန်ကြေးခေတ်မှ ရုပ်ကြွင်းအရိုးစု ၃၇ စုံ၊ မြေအိုး မြေခွက် ကြေးလက်နက်များ မြေပုတီးစေ့ ၇စေ့၊ ကျောက် ပုတီးစေ့ ၁၉ စေ့၊ ခရုပုတီးစေ့ ၉၀ စေ့တို့ကိုတွေ့ခဲ့သည်။ ရုပ်ကြွင်း ၄ ခု တွေ့ရသည်။ ရုပ်ကြွင်း တစ်ခုတွင် ကြေးပုဆိန်တလက်အခေါင်းပါ စွပ်နိုင် တပ်နိုင်သည့် ကြေးလုံးသွား ကြေးမြားခေါင်း စသည့်ပစ္စည်းများကိုကြည့်၍ ယင်းလူနေမှုအဖွဲ့အစည်းသည် ကြီးမားမည်။ လူဦးရေများမည်။ မိသားစုအသွင်ဖြင့် လူ့အဖွဲ့အစည်း တစ်ရပ်




ကမ္ဘာပေါ်တွင် အစောဆုံးပါဠိစာပေဖြစ်သော သရေခေတ္တရာတွေ့
ခရစ်နှစ် ၄ - ၅ရာစုမှ ပျူရွှေပေချပ်များ



ပင်လယ်မြို့ဟောင်းတွေ့ လက်ရာမြောက်သော ပျူရွှေနယားလက်ကောက်
(ယဉ်ကျေးမှုစာစောင် ၂၀၀၅ မှ)



သရေခေတ္တရာမြို့ဟောင်းတွေ့ဆင်ခလုတ် မြင်းခလုတ် သံဆူးချွန်များ



သရေခေတ္တရာမြို့ဟောင်းတွေ့ပျူယဉ်ကျေးမှုအနုပညာ ကြေးရုပ်များ

ရှိနေပြီဟုဆိုနိုင်သည်။ ဘီစီ ၉၀၀မှ ၆၀၀ လွန်ခဲ့သောနှစ်ပေါင်း ၂၉၀၀–၂၆၀၀ အတွင်း၊ Glouers 1999-87 ကလည်း ကောင်း ဘီစီ ၅၀၀၀–၅၀၀ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀–၂၅၀၀ ဟု Myint 1999-27 လည်း ကောင်းသတ်မှတ်ခဲ့ကြသည်။ ကြေးခေတ်နေလူများသည် မြန်မာရှေးဦး လူမျိုးနွယ်များ ဖြစ်၍ ပြူလူမျိုးများနှင့် လူမျိုးတူများသာ ဖြစ်သည်ဟုဆိုနိုင်သည်။

မန္တလေးတိုင်း မြင်းခြံခရိုင် အင်းတဲကို တူးကြရာ ကြေးခေတ်ပစ္စည်းများကို တွေ့ရသည်။ ညောင်ကန်ခေတ်ထက် ရှေးကျပြီး ကျောက်ခေတ် နှောင်းမှ ကြေးခေတ်သို့ ကူးပြောင်းသည့်ကာလ Chacohithic Age ဟု ခန့်မှန်းကြသည်။

မြင်းဦးလှည့်ဒေသယဉ်ကျေးမှုသည် ကြေးခေတ်မှ သံခေတ်သို့ ကူးပြောင်းသောကာလဖြစ်နိုင်သည်။ ကြေးခေတ်နှောင်းသံခေတ်ဦးသည် ပြူခေတ်ပင်ဖြစ်သည်။ ကြေးခေတ်သင်္ချိုင်းများမှ ရရှိသောပုတီးစေ့များသည် ပြူပုတီးစေ့များပင်ဖြစ်လေသည်။

တွေ့ရှိရသော မြေအိုးမြေခွက်ပုံသဏ္ဍာန်နှင့် ပုတီးစေ့ အထောက်အထားအရ မြန်မာနိုင်ငံကျောက်ခေတ်နေသူများသည် ကြေးခေတ်ကာလနေလူများသာ ဖြစ်ကြောင်း ခိုင်မာစွာ တွေ့ရှိရသည်။ ညောင်ကန်နှင့် မုံထူးဒေသ ကြေးခေတ်ဒေသများသည် သင်္ဂြိုဟ် မြှုပ်နှံမှုနှင့် ဆိုင်သော အထောက်အထားများဖြစ်ပြီး သက်တမ်းအားဖြင့် BC ၁၅၀၀ မှ ၆၀၀ အတွင်းဟု ခန့်မှန်းကြ၏။ ရေဒီယိုကာဗွန်သက်တမ်းအရ စမုံမြစ်ဝှမ်းမှ ကြေးခေတ် အထောက်အထားများသည် BC ၇၀၀ မှ ၁၀၀ အတွင်း သတ်မှတ်ကြသည်။

မြန်မာနိုင်ငံတွင် တွေ့ရသော ကြေးခေတ်သင်္ချိုင်းရာများမှ ရရှိသော ပုတီးစေ့အထောက်အထားအရ ကြေးခေတ်နှင့် သံခေတ်သည် ဆက်စပ်နေသည်။ ကြေးခေတ်နေ မြန်မာများသည် သံခေတ်တွင်လည်း တစ်ဆက်တစ်စပ်တည်းနေခဲ့ကြောင်း ထင်ရှားသော အထောက်အထားများအရ တွေ့ရှိရသည်။

ဤအခန်းတွင် ခြုံငုံတင်ပြရလျှင် မြန်မာနိုင်ငံ မြန်မာ့ရေမြေတွင် အလွန်အဆင့်မြင့်သော ပရိုင်းမိတ်ရုပ်ကြွင်းများမှ စတင်၍ နွယ်ခွေလူသား

ကျောက်ခေတ်နေအညာသားရှေးဦးမြန်မာကြီးများ ကျောက်ခေတ်နှောင်းနှင့် ကြေးခေတ်လူသားများသည် မြန်မာ့မြေ မြန်မာ့ရေတွင် စတင်ပေါ်ထွန်းလာခဲ့သော ရှေးဦးမြန်မာလူသားမျိုးနွယ်ရင်းများဖြစ်သည်။ ယင်းမြန်မာလူသားတို့သည် မြန်မာနိုင်ငံ၏ ကြေးခေတ်နှောင်းသံခေတ်ဦးတွင် ပေါ်ထွန်းလာခဲ့သည်။ ပြူလူမျိုးများသာ ဖြစ်ကြလေသည်။

## ကျောက်ခေတ်နှောင်း ကြေးခေတ်သံခေတ်မှ ကျယ်ပြန့်လာသောပြူခေတ်

မြန်မာပြည်ဖွားရှေးမြန်မာကြီးများသည် ကျောက်ခေတ်နှောင်းရေခဲခေတ် နောက်ဆုတ်ချိန်လောက်တွင် ဂူနေဘဝမှ တစတစ အပြင်သို့ ထွက်လာခဲ့ကြသည်။ ထို့ကြောင့်ပင် ကျောက်ခေတ်နှောင်းလူတို့၏ နေရာဒေသများမှာ မြန်မာပြည်ဒေသတော်တော်များများတွင် နေထိုင်ခဲ့ကြောင်း သူတို့၏ ကျောက်လက်နက်တွေ့ရှိမှုများက ပြညွှန်းနေသည်။ ထိုအချိန်လောက်မှာပင် အခြားဒေသများမှ မွန်ဂိုလွိုက်အနွယ်ဝင်တို့လည်း အနည်းအပါးနယ်ကျွံလာကြ ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် မွန်ဂိုလွိုက်အနွယ်ဝင်တို့၏ ကျောက်လက်နက်မျိုးများကို မြန်မာပြည်နေရာအချို့တွင် တွေ့လာရသောကြောင့် ဖြစ်သည်။ ရာသီဥတုမျာလည်း အနည်းငယ်သာယာလာသည်။ အဆက်မပြတ် မိုးစွေနေသဖြင့် မဲမှောင်နေသာအခါမှာပင် တခါတရံနေကိုမြင်ကြရသဖြင့် ရှေးဦးလူသားတို့သည်မိမိတို့တွေ့မြင်ရသော နေမင်းကြီး၏ပုံကို မိမိတို့နေထိုင်ရာဂူများတွင်ရေးဆွဲခဲ့ကြပေမည်။ ထို့ကြောင့် ပြဒါးလင်းဂူ၏ နံရံဆေးရေးပန်းချီပုံတွင် နေမင်းကြီး၏ ပုံကို ရေးဆွဲခဲ့ကြသည်။

ရှေးဦးလူသားကြီးတို့သည် နှစ်သန်းနှင့်ချီ၍ ပေါ်ထွန်းခဲ့ရာမှ နှစ် ၅ သိန်း ၆ သိန်းဝန်းကျင်တွင် မြန်မာတို့နှင့် ခေတ်ပြိုင်ပင် ပီကင်းလူ ဂျားဗျားလူ စသည်တို့လည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ရေခဲလွှမ်းပြီး ပြင်းထန်လှသော အအေးဒဏ်ကြောင့် မိမိတို့ဒေသတွင်သာ ဂူအောင်း၍ မီးလှုံနေရာမှ နှစ်တစ်သိန်း ၂ သိန်းဝန်းကျင်ရောက်သောအခါ အအေးပေါ့ချိန်၌ မိမိဂူပြင်ပသို့ ထွက်ကြည့်ကြသည်။ သားရဲ တိရစ္ဆာန်များရန်ကြောင့်လူအုပ်နှင့် ထွက်ခဲ့ကြ

သည်။ ရာသီဆိုးလာလျှင် နီးရာဂူသို့ ခိုနားကြပြီး တစတစ ခရီးနှင်ခဲ့ရာမှ မွန်ဂိုလွိုက်လူမျိုးအချို့တို့ မြန်မာမြေသို့ ရောက်ရှိခဲ့ကြသည်။

ရှေးဦး မြန်မာကြီးတို့သည် စိတ်သဘောထားကောင်းမွန်ကြသည်။ ထိုခေတ်အခါက မိမိလူမျိုးအုပ်စုသို့ အခြားလူမျိုးအုပ်စုဝင်တို့ ရောက်လာကြလျှင် လက်ခံလေ့မရှိ။ တိုက်ထုတ်လေ့ရှိကြသော်လည်း ရှေးဦး မြန်မာကြီးတို့မှာ စိတ်ရင်းကောင်းသူများဖြစ်ပြီး အအေးဒဏ်ကြောင့် ခိုလှုံရန် ဝင်လာသူတို့ကို ကိုယ်ချင်းစာစိတ်ဖြင့် လက်ခံခဲ့ကြသည်။ မိမိတို့နေထိုင်ရာ မြန်မာ့မြေမှာလည်း ငါး ဖား ပုဇွန် ခရု ဂုံး ဂဏန်း လိပ်စသော ရေသတ္တဝါ တို့မှာလည်း ပေါများလွန်းလှသည်။ ပေါက်ပွားနှုန်းကလည်းကောင်းလှသည်။ ဖမ်းရဆီးရသည်မှာလည်း လွယ်ကူလှသည်။ သမင် ဒရယ် ချေငယ် စိုင် ဆတ် ဖွတ် ပဒပ် ဝက် မျောက် ကြက် ငှက် ကျား ဆင် ကျွဲ နွား နွားနောက် များမှာလည်း စား၍မကုန်၊ ကင်စား ဖုတ်စား ပြုတ်စား စား မကုန်အောင် ပေါလှသည်။ မျောက်ဥ ပိန်းဥ တို့ကလည်း ပေါလှသည်။ အစားအသောက်အတွက် အခက်အခဲ အပင်ပန်းမရှိသဖြင့် နောက်တိုးလာ ညှိသည့် မွန်ဂို လွိုက်လူမျိုးခြားတို့ကို နှင်မထုတ်ရက်၊ နေရာပေးခဲ့ အစာကျွေးခဲ့ မိတ်ဝတ် မပျက်လက်ခံခဲ့သည်။ နောက်နှစ်ပေါင်း ရာချီ၍ကြာလာသောအခါ မွန်ဂိုလွိုက်တို့သည် ရှေးဦးမြန်မာကြီးများနှင့် သွေးနှောကာ မြန်မာ ပြည်ဖွား လူသားများ ဖြစ်လာကြသည်။ လူဦးရေအားဖြင့်မူ အညာသား မြန်မာ တို့က သာမြဲသာ လျက်ရှိသည်။ ညှိသည်ဘဝမှ အိမ်ရှင်ဖြစ်လာကြသည်။

## တိဘက် မြန်မာအနွယ်ဝင်တို့ တိုးဝင်လာကြခြင်း

ရာသီပွင့်လင်း၍ ခြေခင်းလက်ခင်းသာလာသောအခါ အာရှအလယ်ပိုင်း မွန်ဂိုလျကုန်းပြင်မြင့်နေ မွန်ဂိုလွိုက်အနွယ်ဝင်တို့သည် နီးစပ်ရာ အရှေ့တောင်ဘက်သို့ ခရီးစတင် ထွက်ခွာကြည့်ကြသည်။ မြန်မာနိုင်ငံမြေနေရာသည် စားစရာ ဝတ်စရာ နေစရာ ကောင်းလှသည့်အပြင် ရှေးဦးမြန်မာကြီးတို့သည် ဇာတ်စွဲ လူမျိုးအုပ်စုအစွဲကင်းကြသည်။ သို့ဖြစ်၍ အခြားလူမျိုးအုပ်စုများအတွက် အားထားရာဖြစ်သည်။

ရှေးဦးလူမျိုးနွယ်ကြီးများဖြစ်သည့် အင်ဒိုဥရောပအနွယ်ဝင်တို့သည် ဇာတ်ခွဲပြင်းထန်လှသည်။ နောင်အခါ ဗြဟ္မာများကိုကိုးကွယ်ကြသဖြင့် ဗြာဟ္မဏ လူမျိုးများ ဖြစ်လာကြသည်။ သူတို့တွင် ပညာတတ်မျိုး၊ အုပ်ချုပ်သူ လူတန်းစားမျိုး၊ ကုန်ရောင်းဝယ်သူမျိုး၊ အလုပ်သမားမျိုးဟု ခွဲခြားထားပြီး ဇာတ်ခွဲခြားကြသည်။ ရှေးဦးအစက သာမန်မျှသာခွဲခြားကြသော်လည်း နောက်ပိုင်းရောက်လေ ဇာတ်စနစ်ပြင်းထန်လေဖြစ်သည်။ ဇာတ်မြင့် ဇာတ်နိမ့် ခွဲခြားလာကြပြီး ဇာတ်မြင့်တို့က ဇာတ်နိမ့်တို့နှင့် မရောပေ။ အခြားလူမျိုးနွယ် အုပ်စုများကိုလည်း ဇာတ်နိမ့်ဟု သတ်မှတ်ပြီး အတူမနေရ၊ အတူမစားရ၊ အတူမသောက်ရ ခွဲခြားဆက်ဆံသည့်အပြင် သတ်နိုင် ဖမ်းနိုင် နှိပ်စက်ပိုင်ခွင့်များရှိကြသည်။ လူမျိုးနွယ်တပါး တခြားများကို ယဇ်ပူဇော်သည့်နည်းဖြင့် သတ်ဖြတ်ညှင်းဆဲသုတ်သင်ကြသည်။ ယနေ့ထိ ကျောက်ခေတ်က လူတန်းစားစနစ်ကို တွင်ကျယ်စွာ ကျင့်သုံးနေကြတုန်းဖြစ်သည်။ ယခုအခါ တောင်အာရှတစ်ခွင်လုံးသည် ဇာတ်ခွဲစနစ် အမြစ်စွဲ၍ လူတန်းစားအစွဲ ပြင်းထန်လှသည်။ ထိုစနစ်ဆိုးမှာ လူသားပေါ်ပေါက်စ ကျောက်ခေတ်က အတွေးအမြင် အယူအဆများဖြစ်၍ သဘာဝကျသော ခေတ်စနစ် လူနေမှုစနစ် ကျင့်သုံးချိန်တွင် မလိုလားအပ် ပယ်ဖျောက်သင့်ပေသည်။

မွန်ဂိုလွိုက်လူမျိုးနွယ်ကြီးမှာ အရှေ့အာရှဘက်သို့ ပြန့်ခဲ့သည်။ မွန်ဂိုလွိုက်အုပ်စု၏ အဓိကအင်္ဂါရပ်မှာ လူမျိုးအုပ်စုစွဲ လူမျိုးနွယ်အစွဲ ပြင်းထန်လှသည်။ မိမိတို့ မိသားစု ဆွေမျိုးပေါက်ဖော်လူမျိုးစုတစ်စုကိုသာ အသိအမှတ်ပြု၍ အခြားလူမျိုးစုများကိုခပ်အေးအေး သဘောထားကြသည်။ ဇာတ်စွဲ ပြင်းထန်သည့် လူမျိုးစုကြီးများ ရှိသလို လူမျိုးစုအစွဲ ပြင်းထန်လှသည်။ ယနေ့ခေတ်ထိ လူမျိုးစု လူမျိုးနွယ်တို့ဖြင့်သာ စုစည်းနေကြသည်။ သာရေးနာရေး လူမှုရေး နိုင်ငံရေးများကို လူမျိုးစုအလိုက်သာ အခြေခံအားစုကြ သည်။ ထို့သို့ ဖြစ်ရသည်မှာ ကျောက်ခေတ်ပတ်ဝန်းကျင်က နေစရာ မြေမရှိ၊ ဂူတို့၌သာ နေရသဖြင့် နေစရာ အခက်အခဲရှိခြင်း၊ စားစရာအတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစား၍မရ၊ စိုက်ပျိုးစရာ ရာသီဥတု ညီမျှသော မြေပြင်မရှိသေးခြင်း စိုက်ပျိုးရေး အတတ်ပညာနည်းပါးခြင်း မွေးမြူရေးအတတ်ပညာ



သရေခေတ္တရာမြို့ဟောင်းတွေ့
ပျူနှစ် ၈၄ ပါရှိပြီး ဗြိပြဘုဝရ်မန်မင်းနှင့်
ဗြိပြဘုဒေဝီမိဘုရား အမည်ပါရှိသော
ငွေဗောဓိပလ္လင်ပုံ
(အမျိုးသားပြတိုက်လမ်းညွှန်မှ)

မရှိသေးခြင်းတို့ကြောင့် မိမိ မိသားစု မိမိဆွေမျိုးတစ်စု မိမိမျိုးနွယ်တစ်စုကိုသာ စုစည်း ထိန်းသိမ်းနိုင်ခြင်းကြောင့် ထိုသို့ အစွဲပြင်းထန်ရခြင်းဖြစ်သည်။

ယခုအခါ နေစရာ တိုက်တာ အိမ်ခြံမြေများစွာရှိခြင်း စိုက်ပျိုးစရာမြေအကျယ်အဝန်းများစွာရှိခြင်း၊ မွေးမြူစရာနည်းပညာမြေနေရာအတတ်ပညာ တို့ကျယ်ပြန့်လာခြင်းကြောင့် ရှေးတုန်းက ကျောက်ခေတ်က အယူအဆအတိုင်း ဇာတ်စွဲလူမျိုးနွယ်စွဲတို့ ဆက်လက်ကြီးထွားနေစေရန် မလိုလားအပ်တော့ပေ။ သို့သော်လည်း ထိုလူမျိုးစုကြီးများ၏ လူသားအဆက်ဆက်တို့သည် ယခုထိ ဇာတ်ခွဲတုန်း၊ လူမျိုးစုခွဲတုန်းပင် ရှိသေးသည်။ မွန်ဂိုလွိုက်တို့ မြန်မာပြည်၌ ကျယ်ကျယ်ပြန့်ပြန့် မဝင်ရောက်ခဲ့ဟု ပြော၍ရသည့်အချက်မှာ ယခုအချိန်ထိ မြန်မာ့မြေတွင် ဇာတ်ခွဲမှု လူမျိုးနွယ်ခွဲမှုမရှိသေးခြင်းကပင် သက်သေဖြစ်လေသည်။

## မွန်ဂိုလွိုက်လူမျိုးနွယ်ကြီးမှ ခွဲထွက်ကြခြင်း

မွန်ဂိုလွိုက်လူမျိုးနွယ်ကြီးသည် အာရှအလယ်ပိုင်း မွန်ဂိုလျကုန်းမြေတွင် အခြေစိုက်ခဲ့သည်။ ပင်လယ်နှင့်ဝေးကွာသဖြင့် မြစ်ငယ်ချောင်းငယ်တို့

နည်းပါးသည်။ ထိုမြစ်ငယ်ချောင်းငယ်တို့လည်း စုပေါင်းစီးဆင်းကြသဖြင့် မြစ်ကြီးများဖြစ်လာကြသည်။ ပရေရီမြက်ခင်းပြင်ကြီးများ ပေါက်ရောက်ရှင်သန်ကြသဖြင့် ကုန်းနေ တိရစ္ဆာန်ကြီးငယ်တို့ ပုန်းအောင်နေနိုင်သောကြောင့် ပေါများကြသည်။ တိရစ္ဆာန်ကြီးများကို အမဲလိုက်ကြပြီး ဖုတ် ကင် စားကြမှုများသဖြင့် မွန်ဂိုလွိုက်တို့၏ သွားများသည် အပူဒဏ်ကြောင့် ပွကြသည်။ သွားသွားဖုံးတို့ ကောင်းမွန်မှု မရှိဘဲ ရောဂါအဖြစ်များကြသည်။ အသားရေ ပွတတဖြစ်နေကြသည်။ ခြေသလုံးမှာ တဖြောင့်ထဲရှိနေကြသည်။ ဖုထစ်မှုမရှိပေ။ မျက်နှာပွ ကြသည်။ နှာတံပွကြသည်။ မျက်ရစ်မရှိကြပေ။ မျက်လုံးမှေးကြသည်။ အသားအရေအဆင်း ဖြူဝင်းလှပကြသည်။ လူမျိုးနွယ်များ များပြားကြသဖြင့် မိမိ မိသားစုမျိုးနွယ်အလိုက် စုစည်းနေထိုင်ကြသည်။

ရာသီဥတုသည် တဖြည်းဖြည်းသာလာသောအခါ လူဦးရေ ကြပ်တည်းလှသော မွန်ဂိုလွိုက်တို့၏ လူမျိုးနွယ်အစုတို့သည် လူများပြည့်ကြပ်၍ စားဝတ်နေရေးအနည်းငယ်ခက်ခဲသောထိုဒေသမှ ရေကြည်ရာ မျက်နုရာဒေသများသို့ ခွဲထွက် ခရီးဆန့်ခဲ့ကြသည်။

မဲခေါင်မြစ်အတိုင်း Red River အတိုင်း မွန်ခမာအုပ်စုက ခွဲထွက်သွားသည်။ ထိုအုပ်စုတွင် လူအတော်များများပါသွားသည်။ ထို့နောက် ရှမ်းထိုင်းအုပ်စု ထွက်သွားပြန်သည်။ ထို့နောက်မှ တိဘက် မြန်မာမျိုးနွယ်နှစ်ခုပေါင်း၍ ထွက်ခဲ့ကြသည်။ ထိုအုပ်စုသည် ယူနန်ကုန်းပြင်မြင့်ထိသွား ခဲ့ပြီး တဖြည်းဖြည်းရွေ့တိုး၍ သွားခဲ့ကြရာ တပိန်ရွှေလီမြစ်ကြောင်းအတိုင်း ဝင်ခဲ့ကြသည်။ တကောင်းဒေသသို့ရောက်ခဲ့ကြသည်။ တကောင်းတွင် အညာသားမြန်မာတို့နေထိုင်နေပြီဖြစ်သည်။

## ရှေးဦးမြန်မာ အညာသား ပြူလူမျိုးများ

ကျောက်ခေတ်နှောင်း ကြေးခေတ် သံခေတ်လွန်ခဲ့သော နှစ် ၈၀၀၀ ဝန်းကျင်ကို ပြူခေတ်ဟု သတ်မှတ်နိုင်ကောင်းပါသည်။ ပြူလူမျိုးဟု နောင်တွင် အမည်တွင်လာမည့် ရှေးခေတ်မြန်မာကြီးများသည် ယခုခေတ် အိန္ဒိယမြေနှင့် တရုတ်မြေနှစ်ခုကြားရှိ ဧရာဝတီလွင်ပြင်ကို ဗဟိုပြု၍ နေထိုင်ခဲ့ကြ

သည်။ ယနေ့တွေ့မြင်ရသော မြန်မာနိုင်ငံတော်အတိုင်းပင် ရှေးခေတ်လူမျိုးတို့ ပြန့်နှံ့နေခဲ့ကြသည်။ မြန်မာနိုင်ငံသည် သဘာဝအလျောက် မြစ်ချောင်းအင်း ပင်လယ် သမုဒ္ဒရာ ပြည့်ဝစုံလင်သည်။ အပင်အခက် အပွင့်အရွက်အသီး ဆန်းပြားတင့်တယ်လှစွာ တောတန်းတောင်စွယ် အသွယ်သွယ်နှင့် လျှိုမြောင် ချောက်ကမ်းပါးများပြားလှသည်။ ဟိမဝန္တာတောင်တန်းကြီးလို မြင့်မားလွန်သည် မရှိ၊ ပေသောင်းဂဏန်း နှင့် အောက်မြေပြင် ကုန်းကမူ တောင်စွယ် တောင်နှာမောင်း တောင်တန်းငယ်တို့သာများသည်။ လူသားတို့အတွက် အသုံးဝင်လှသော အကောင်စုံတို့မှာလည်း ရေထဲတွင်လည်း မျိုးစုံ များပြားပြည့်နေသည်။ အပင်မျိုးစုံလိုဏ်ဂူတောင်တန်း ထုံးကျောက်ဂူတို့ကလည်း အုံ့မခန်းဖွယ်ပေါများလှသည်။ ထုံးကျောက်ဂူများဖြစ်၍ ပန်းနွယ် ပန်းဆိုင်း ကျောက်ခက်မိုးမျှော်တို့မှ စမ့်ရေတို့ တသွင်သွင်ကျဆင်းနေသဖြင့် သောက်ရေသုံးရေလုံလောက်သည်။ ကျောက်တုံးကျောက်ခဲ မြေသယံဇာတ ရေသယံဇာတတို့ကလည်း နေရာတိုင်း လွယ်လင့်တကူ တွေ့နေရသဖြင့် ကျောက်လက်နက်ပြုလုပ်ရန် ကုန်ကြမ်းပြည့်နေသည်။ ထို့ကြောင့်ပင် လူသားအစမှ စတင်၍ ယနေ့ထိတိုင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတို့သည် ရှည်လျားလှသည့် သမိုင်းကာလတလျှောက်လုံး အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် ရှေးဦးမြန်မာလူမျိုးနွယ်ကြီးမှ စတင်၍နေခဲ့ကြသည်။

ယနေ့အချိန်ရောက်သောအခါ ခေတ်ပညာ တိုးတက်လာသဖြင့် မြန်မာနိုင်ငံတော်သည် အင်ဒိုချိုင်းနား ကျွန်းဆွယ်၏ အနောက်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ အရှေ့တောင် အာရှ၏ ကုန်းတွင်းပိုင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မြောက်လတ္တီတွဒ် ၉ံ ၃၀' နှင့် ၂၈ံ ၃၁' အကြား၊ အရှေ့ လောင်ဂျီတွဒ် ၉၂ံ ၁၀' နှင့် ၁၀၁ံ ၁၁' အကြားတွင် တည်ရှိသည်။ မြောက်ယဉ်စွန်းတန်းသည် မဘိန်းကွတ်ခိုင် တကောင်း တီးတိန်မြို့များအနီး မှ ဖြတ်သွား၍ အရှေ့လောင်ဂျီတွဒ် ၉၇ ံ မျဉ်းသည် မြန်မာစံတော်ချိန် မျဉ်းဖြစ်သည်။

အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်၊ ကေအားဖြင့် ၁၆၇ သန်း ကျယ်ဝန်းသည်။ နိုင်ငံ၏ မြောက်ဘက်စွန်းမှ တောင်ဘက်စွန်းအထိ ၁၂၇၅

မိုင်ရှည်လျားသည်။ အရှေ့ဘက်မှ အနောက်ဘက်စွန်းအထိ အကျယ်ပြန့်ဆုံးနေရာသည် ၅၈၂ မိုင်ရှည်လျားသည်။ နိုင်ငံတော်၏ ကမ်းရိုးတန်းသည် မြောက်ဘက် နတ်မြစ်ဝမှ ဘုရင့်နောင်အငူအထိ ၁၃၈၅ မိုင် ရှည်လျားသည်။

တရုတ်နိုင်ငံကြီးတွင် ပီကင်းလူမျိုးကြီး အနွယ်ဝင်တို့ စဉ်ဆက်မပြတ်နေခဲ့ကြပြီး အိန္ဒိယနိုင်ငံတွင် နီဂရိုးအုပ်စုဝင်တို့ စတင်နေခဲ့ကြသည်။ သူတို့သည် အသားအရောင်မဲမှောင်ကြသည်။ သွားအရိုးများ မာကြသည်။ ဆံပင်များ ကွေးကောက်ကြသည်။ အမွေးအမှင်တို့ တစ်ကိုယ်လုံးထူထဲစွာပေါက်ရောက်ကြသည်။ နှာခေါင်းကြီးများ ကောက်ကြသည်။ မျက်လုံးများ ပြူးကြသည်။ ပါးသိုင်းမွေး မုတ်ဆိတ်ကျင်စွယ် ရင်ဘက်မွေး လက်မွေး ခြေသလုံးမွေးတို့ ပြည့်နှက်နေကြသည်။ ခန္ဓာကိုယ်မှထွက်သော အနံ့အသက်တို့မှာ အနံ့ပြင်းထန်လှသည်။ ကော့ကေးရှပ်ဘက်မှ ဆင်းသက်လာသော အသားဖြူ အာရီယန်တို့ရောက်လာသောအခါ တိုင်းရင်းသား ဒရာဗီဒီယန် လူမဲတို့ ဇာတ်စနစ်အရ အခွဲခြားခံရကာ လူတန်းစား မညီမျှမှု အမြဲတန်းဖြစ်နေသည်။ နဖူးတွင် အရေးအကြောင်းများ ထူထဲသော အိန္ဒိယသားတို့နှင့် ရှေးဦးမြန်မာကြီးတို့သည် ရုပ်ရေသွင်ပြင်ကွဲပြားကြသဖြင့် မြန်မာလူမျိုးနွယ်နှင့် ဆက်စပ်မှု မရှိခဲ့ကြပေ။

အာရှမြေပြင်ကို အသားအရောင်အရ သုံးမျိုးခွဲခဲ့ကြသည်။ မွန်ဂိုလွိုက်များမှာ **အသားအရေဖြူစင်ဝင်းနုကြသဖြင့် တရုဏဟု ခေါ်ခဲ့ကြသည်။** စိနရဋ္ဌခေါ် စိန့်တိုင်းတွင်နေကြသဖြင့် စိန မှ ချိန ချိုင်းနား ဖြစ်လာသည်။ တရုဏာ မှ တရုတ်လူမျိုးဟု ခေါ်တွင်လာကြသည်။ လူမျိုးကို တရုတ်၊ နိုင်ငံကို ချိုင်း နား ဟုခေါ်ခဲ့ကြသည်။

နီဂရွိုက်များမှာ အသားအရေမဲနက်ကြသည်။ **ကာဠ–အသားမဲများဟုခေါ်ရာမှ ကာဠ–ကာလ ကာဠ ကုလားလူမျိုးများဟု ခေါ်ကြသည်။** အသားမဲ ကုလားများ ခေါ်တွင်ခဲ့ကြသည်။ အသားဖြူနှင့် အသားမဲကုလားများ ခေါ်တွင်ခဲ့ကြသည်။ အသားဖြူနှင့် အသားမဲလူမျိုး နှစ်မျိုးကြားက ပြူလူမျိုးများမှာ အသားအရေဝါဝင်းညိုရောင်သန်းနေကြသည်။ ရွှေအိုရောင်အသားညိုများ ဖြစ်ကြသည်။ အသားအရောင်အရ ပြူလူမျိုးတို့သည် တရုတ်ကုလား မဟုတ်ကြပေ။ သီးသန့် လူမျိုးကြီးတစ်မျိုးဖြစ်သည်။

# စတုတ္ထပိုင်း

## ပြူမြို့ပြနိုင်ငံများ ထူထောင်ကြခြင်း

မြန်မာနိုင်ငံသမိုင်းဖြစ်စဉ်တွင် ကျောက်ခေတ်နှောင်းကြေးခေတ်သံခေတ်ဦး၌ ပြူလူမျိုးတို့၏ မြို့ပြအခင်းအကျင်းများပေါ်ထွန်းလာခဲ့သည်။ ထိုပြူလူမျိုးများမှာ မြန်မာအစ ဖြစ်သော နွယ်ခွေလူ အညာသားလူ ကြေးခေတ်ကျောက်ခေတ်နေ တိုင်းရင်းသားမျိုးနွယ်စုများမှပေါက်ဖွားလာသည်။ မြန်မာနိုင်ငံဖွား မြန်မာဇာတိသား စစ်စစ်များဖြစ်ကြသည်။ ယခုခေတ်အခေါ်အဝေါ်အားဖြင့် ထိုလူသားများသည် ပြူလူမျိုးများဖြစ်ကြသည်။ ပြူမြို့ပြ ပြည်ရွာများ အကြောင်းကို ရှေးဟောင်း သုတေသန ဦးစီးဌာနမှ တူးဖော်မှုများ ပြုလုပ်ခဲ့ရာတွင် ပြူလူမျိုးတို့ နေထိုင်ခဲ့သော အထောက်အထားများစွာကို တွေ့ခဲ့ရသည်။ အိမ်နီးချင်း တရုတ် အိန္ဒိယ ဘင်္ဂလာဒေ့ရှ် အာဖဂန်နစ္စတန် အီရန် စသော နိုင်ငံတို့၏ ခေတ်ပြိုင် အထောက်အထားများအရလည်း ပြူနိုင်ငံတော်ကြီး တည်ရှိခဲ့သည်ကို အခိုင်အမာတွေ့ရှိရသည်။

ပြူလူမျိုးတို့ တည်ထောင်ခဲ့သော နိုင်ငံတော်များကို လေ့လာကြည့်သောအခါ သရေခေတ္တရာခေတ် ပြူမြို့ပြနိုင်ငံတော် အခြေအနေမှာ အပြည့်အစုံဆုံး တွေ့ရသည်။ ပြူ သရေခေတ္တရာခေတ်ကို မျှော်ကြည့်၍ မြင်နိုင်သော တရုတ်တို့၏ မှတ်တမ်းများသည် သရေခေတ္တရာနိုင်ငံတော်ကိုသာမက ထိုထက်ရှေးကျသော ပြူလူမျိုး မြန်မာကြီးတို့၏ ဆင်းသက်လာပုံကိုပါ ဖြည့်စွက်နိုင်သည်။ တရုတ်တို့သည် နှစ်ပေါင်း ထောင်ပေါင်းများစွာကထဲက ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ စာပေ အနုပညာ ဗိသုကာတို့လည်း စောစီးစွာပေါ်ထွက်ခဲ့သည်။ မွန်ဂို လို့ကပ်ပီကင်းမင်း တရုတ်အနွယ်တို့သည် လူမျိုးစု

ယယ်အလိုက် မိမိတို့၏ ဘိုးဘွားဘီဘင် ရှေးလူအဆက်ဆက်ကို မှတ်တမ်းတင်ခဲ့သဖြင့် တရုတ်သမိုင်း တရုတ်စာပေသည် ခိုင်မာသည်ဟု ဆိုရမည်။ တရုတ်ယဉ်ကျေးမှု၏ အသက်မှာ ရှေးဘိုးဘွားများကို ပူဇော်သည့် ဓလေ့ပေါ်ထွန်းခဲ့သဖြင့် ရှေးရှေးဘိုးဘွားတို့၏ အကြောင်းကို ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်ခဲ့သည်။

ထိုနှင့်တစ်ဆက်တည်းပင် တရုတ်လူမျိုးတို့သည် မိမိတို့သိရှိ မှတ်သားမိသမျှ ပတ်ဝန်းကျင်နိုင်ငံများ၏ သမိုင်းကိုလည်း မှတ်တမ်းတင်သည့် အလေ့အထရှိခဲ့သည်။ မြန်မာတို့မှာ နှစ်ပေါင်းများစွာ အဖြစ်အပျက်များကို ပုံပြင်အဖြစ် ပါးစပ်ရာဇဝင်အဖြစ်မှတ်ရုံသာ မှတ်ခဲ့ကြသဖြင့်နှစ်ပရိစ္ဆေဒ ထောင်ချီ၍ ကြာညောင်းလာသောအခါ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန်ဖြစ်လာသည်။ မယုံကြည်သူတို့နှင့် တွေ့သောအခါ ခိုင်ခိုင်မာမာ တိတိကျကျ ဂဏန်းချ၍ ပြောမပြနိုင်ဖြစ်တတ်သည်။ ပုဂံရာဇဝင်ကို ဒုတ်ထမ်းပြောရသည်ဟု ဆိုလာကြသည်။ ငြင်းစရာအကွက်တွေပေါ်ထွက်လာသည်။

သရေခေတ္တရာခေတ်နှင့် ပတ်သက်၍ ဒွတ္တဘောင်မင်းကြီး ပန်ထွာမင်းသမီး သရေခေတ္တရာ ဗိဿဏိုး ဟန်လင်း ပြူမင်း ပြူးမင်းဟု ဆိုလိုက်လျှင်ခေတ်ပညာတတ်များနှင့် နိုင်ငံခြားသားများကခနဲ့ကြသရော်ကြစော်ကားကြသည်။ ယခုအခါ ရှေးဟောင်းသုတေသနဌာနက ပညာရှင်တို့၏ အားထုတ်မှုကြောင့် အဖြစ်မှန်ကို မြေအောက်က ပေါ်ထွက်သက်သေခံလာကြသည်။ တွေ့မည့်တွေ့တော့ နှစ်ပေါင်း ၁၀၀၀, ၂၀၀၀ မက နှစ်သန်းပေါင်း ၄၀ က ပရိုင်းမိတ်ထိ တွေ့လာရသည်။ မြန်မာတို့၏ အင်အားမှန်ကို ယခုမှ သိလာရသည်။ ဗုဒ္ဓမြတ်စွာပွင့်တော်မူလာသောအခါ ဗုဒ္ဓမြတ်စွာ၏ သကျလူမျိုးမှာ အိန္ဒိယကပါဟု ဆိုခဲ့ကြသည်။ သမိုင်းကွင်းဆက်ဆက် ကြည့်သောအခါ သကျလူမျိုးတို့၏ ရုပ်ရည် ဓလေ့ထုံးစံ ဘုရားရှင်၏ ပညတ်တော်မူချက် အသံအနေအထား ဌာန် ကရိုဏ်း ပယတ်တို့မှာ အိန္ဒိယနှင့် မတူဘဲ မြန်မာနှင့် ထပ်တူထပ်မျှ တူနေသည်ကို အံ့သြဖွယ်ရာ စွာ တွေ့ရသည်။ သမိုင်းစာပေကို ဖွေနှောက်ရှာဖွေကြည့်ပြီး ဗုဒ္ဓစာပေပါဠိတော်နှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်သောအခါ သကျလူမျိုးသည် မြန်မာနိုင်ငံမှ

ဆက်လက် နယ်သစ်ရှာထွက်သွားကြသည့် ပြူလူမျိုးများဖြစ်ကြောင်း သမိုင်းကွင်းဆက် ဆက်၍ ရပါသည်။

ဤစာအုပ်သည် ပြူလူမျိုးမှ နယ်သစ်ရှာသွားခဲ့ကြသည့် သကျလူမျိုးတို့အကြောင်းကို တင်ပြမည့်စာအုပ်ဖြစ်ပါသည်။ သကျလူမျိုးအကြောင်း လေ့လာကြမည်ဆိုလျှင် မြန်မာလူမျိုးမပါ၍ မပြီးပါ။ မပြည့်စုံပါ။ မမှန်နိုင်ပါ။ မြန်မာလူမျိုးပါမှဖြစ်ပါမည်။ မြန်မာလူမျိုးအကြောင်း လေ့လာတော့မည်ဆိုလျှင် ပြူလူမျိုးမပါ၍ မပြီးပါ။ ပါမှပြည့်စုံမှန်ကန်ပါမည်။

ပြူလူမျိုးအကြောင်းဖော်ထုတ်တော့မည်ဆိုလျှင် ကျောက်ခေတ် ကြေးခေတ် သံခေတ်၌သာမက ကမ္ဘာ့ရှေးဦးလူသား အညာသားကြီးများအကြောင်းပါမှ ပြည့်စုံပါမည်။ အညာသားကြီးများအကြောင်း လေ့လာတော့မည်ဆိုလျှင် နွယ်ခွေလူသားအကြောင်း ပါရပါမည်။ ရှေးဦး လူသား နွယ်ခွေလူသားမှ အထက် ကမ္ဘာ့လူသားအစ လေ့လာတော့မည်ဆိုလျှင် လူတူ ပရိုင်းမိတ်တို့အကြောင်း ပါရှိရပါမည်။ လူတူပရိုင်းမိတ်ဟုဆိုလျှင် မြန်မာ့မြေကို ကွင်းရှောင်၍ မရတော့ပါ။ မြန်မာပြည်ဖွား တိုင်းရင်းသားတို့၏ မြန်မာ့မြေသည် သဘာဝတောတောင် ရေမြေ ရေခံ မြေခံလည်း ကောင်းပါသည်။ ရွှေ ငွေ စိန် ကျောက် ကျောက်သံပတ္တမြား ရေနံ ဓာတ်သတ္တုတို့ ပေါကြွယ်ဝသော သယံဇာတ ရတနာစုံ ထွက်သည့် သဘာဝသယံဇာတ အဘိုးတန် ရတနာစုံထွက်ရာ ရတနာမြေ ဖြစ်ပါသည်။ မြန်မာပြည်ကို ကွင်းရှောင်မည်ဆိုလျှင် မြန်မာမြေကို မလေးစားလျှင် စစ်မှန်သော အသိပညာရှင် အတတ်ပညာရှင် ဖြစ်ရန်ဝေးကွာတော့မည် ဖြစ်ပါသည်။ သတိပြုရပါမည်။

## တကောင်းမြို့ပြခေတ်ထက် ပို၍ ရှေးကျသော ပြူခေတ်ဟောင်း

ရှေးဦးမြန်မာပြည်သားတို့သည် မြို့ပြနိုင်ငံများကို တည်ထောင်ခဲ့ကြသည်။ တကောင်းနိုင်ငံ, သရေခေတ္တရာနိုင်ငံ, ဗိဿနိုးနိုင်ငံ, ဟန်လင်းနိုင်ငံ,သုဝဏ္ဏဘူမိနိုင်ငံ ဓညဝတီနိုင်ငံ စသော သမိုင်းလက်လှမ်းမီ သမိုင်းတင်ခေတ်မြို့ပြနိုင်ငံများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ရှေးဦးမြန်မာကြီးများမှာ ကမ္ဘာတည်ဦးကာလကပင် လူဖြစ်လာကြသဖြင့် ထိုမြန်မာကြီးများ၏ ဖြစ်စဉ်

သမိုင်းလည်း ရှိရမည်သာ ဖြစ်သည်။ ပြဒါလင်းဂူ စသော ဂူကြီးများထဲတွင် လူဦးရေများစွာ နှစ်ပရိစ္ဆေဒ သောင်းနှင့်ချီ၍ နေထိုင်ခဲ့ကြကြောင်း ဖော်ထုတ်နိုင်ပြီး ဖြစ်၍ ထိုလူတို့၏ စုစည်းနေထိုင်မှု ပြဿနာမဖြစ်အောင် အုပ်ချုပ်စီမံနိုင်မှု၊ ခေါင်းဆောင်အုပ်ချုပ်သူ အကြီးအကဲ မင်း ဘုရင်ခေါင်းဆောင်တို့၏ ရာဇဝင် သမိုင်းသည်လည်း အမှန်တကယ် ရှိရမည်သာတည်း။ ရှေးခေတ်က လူကြီးများ သည် မိမိတို့၏ မိဘဘိုးဘွားအဆက်ဆက်ကို မိမိတို့၏ အသိဉာဏ် မှတ်ဉာဏ် ဖြင့် မှတ်သားခဲ့ကြမြဲဖြစ်သည်။ သားစဉ်မြေးဆက် ငယ်ရွယ်သူများကို လက် ဆင့်ကမ်း ပြောတတ်စမြဲဖြစ်သည်။ မွေးကင်းစအရွယ်မှစ၍ သားချော့တေး များ တီထွင်စပ်ဆိုပြီး ချော့မြူ၍ လက်ဆင့်ကမ်းကြသည်။ ၉ နှစ် ၁၀ နှစ် အရွယ်တွင် အိပ်ရာဝင် ပုံပြင်များအဖြစ် လက်ဆင့်ကမ်းခဲ့ကြသည်။ အိမ် ထောင်ပြုချိန် ၂၀–၂၅ ရောက်သောအခါလည်း တဆင့်ကမ်းခဲ့ကြသည်။ သာရေး နာရေး ဒုမင်္ဂလ သုမင်္ဂလအခါတို့၌လည်း သေသူအကြောင်း တခန်းတနား ပြောတတ်ကြသည်။ သို့ဖြစ်၍ ဂူအောင်းနေဘဝကတည်းက မိမိတို့ လူမျိုး အကြောင်းအရာများကို စီကာပတ်ကုံးပြောခဲ့ကြပေမည်။ အုပ်ချုပ်သူ ခေါင်း ဆောင်တို့၏ သမိုင်း ဘုရင်တို့၏ ရာဇဝင်တို့ကို ပြောခဲ့ကြ မှတ်ခဲ့ကြ သယ် ဆောင်ခဲ့ကြမည်မှာ မချွတ်ကေန်ဖြစ်ရပေမည်။

ဇမ္ဗူဒီပဥဆောင်ကျမ်း ဇမ္ဗူကွန်ချာကျမ်းတို့တွင် ရှေးဦးမြန်မာကြီး တို့၏ သမိုင်းကို မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ဇမ္ဗူကွန်ချာကျမ်းမှာ မကာရလောပခေါ်တွင်ခဲ့သည့် ဆရာတော်ခင်ကြီးဖျော်၏ လက်ရေးမူ ပရ ပိုက်ဖြစ်သည်။ မကာရလောပ ဟူသည်မှ မ အက္ခရာမရှိ၊ မ အက္ခရာ ပျောက် လောက်အောင် မသိဒါ မရှိ။ အားလုံးသိသည့် ဆရာတော်ဟု အဓိပ္ပါယ်ရ သည်။ တောင်တွင်းကြီးဆရာတော်ဖြစ်သည်။ စာပေအရာတတ်ကျွမ်းလှသည်။ အတွေးအမြင်လွှန်စွာနက်နဲစူးရှလှသည်။ ပုဒ်စစ်ကျမ်းကို တီထွင်ရေးသားခဲ့ သဖြင့် ပိဋကစာပေအတွက် တန်ဘိုးရှိလှသည်။ ဗေဒင် ယတြာ ဆေးဝါး ဗိန္ဒော ကျွမ်းကျင်လွန်းလှသည်။ တခါကြားလျှင် တတ်မြောက်သည်ဟု နာ မည်ကြီးသည်။ ဆိုင်းဝိုင်းအကြီးအသေး အသံ အနိမ့်အမြင့် အားလုံးသိပြီး တီထွင်ခဲ့သည်။ တောင်တွင်းကြီးပျော်, မကာရလောပ, မသိဒါ မရှိသည့်

ဆရာတော်ခင်ကြီးဖျော်သည် ပိဋကစာပေ ပါဠိအဋ္ဌကထာ ဋီကာစုံ လေ့လာပြီး ဘာသန္တရစာပေများကိုပါ လေ့လာ၍ ပညာရှင် အသီးသီးတို့မှ သမိုင်းအဆက်ဆက်ကို လေ့လာကာ ဇမ္ဗူကွန်ချာစာတမ်းကို ရေးသားခဲ့သည်။

ဇမ္ဗူကွန်ချာကျမ်း (လက်ရေးမူ) ရန်ကုန်မြို့ ငွေယုမုန်စာပေ၊ ၁၉၆၅ ခုနှစ်၊ စာ ၂ တွင် အောက်ပါတိုင်း ဖော်ပြထားသည်။

ဟံသာဝတီပြည် (ဟန်လင်းပြည်မင်း–၈၀၀)

ပြည်တို့ဖြစ်သောအစကား မြစ်ကား ရောဝတီ ပြည်ကား ဟံသာဝတီ၊ ထိုပြည်တွင်း အစကား ပြည်တို့မင်းပြု၏။ အဦးကား ပျူမင်းရာထောင်က (ရဋ္ဌက်ရ) မင်းပြု၏။ မင်းဆက်ကား ရှစ်ရာ (၈၀၀)ဖြစ်၏။ ဟန်လင်း မခေါက်ဟူ၍တွင်၏။ ဟံသာဝတီဟူ၍ တွင်သည့်အကြောင်းကား ကဿပသန်ဘုရား အလောင်းတော်သည် ဟင်္သာဖြစ်ခဲ့ဖူးသောအရပ်တည်း။ မဟာသမ္မတမင်းလက်ထက် ဟံသာဝတီတွင်၏၊ ပြည်တို့တွင်မှ ဟန်လင်းဟူ၍တွင်၏။ ဟံသဝတီလည်း ပျက်၏။

ရတနာပူရသုနာပရန္တ ပြည် ဖြစ်၏။ တမ္ပဒီပဟုလည်း ခေါ်၏၊ မင်းဆက်ကား ပဒုမစန္ဒသူရိယအစဦးမင်းပြု၏။ နောက်ဆုံးမင်းကား ကလာဗုဖြစ်၏။ တစ်ရာ့ ၉ကျိပ်(၁၉၀)မင်းပြု၏။ မဂ္ဂရဇ်ပြည်ဖြစ်ပြန်၏။ ကလာဗုမင်းလက်ထက် ရခိုင်ဓညဝတီတစ်စု၊ တနင်္သာရီသို့ တစ်စု၊ ထားဝယ်သို့တစ်စု ကွဲ၏။ မင်းဆက်ကား တစ်ရာခြောက်ကျိပ် (၁၆၀) ဖြစ်၏။ အဦးဆုံးမင်းမှာ သီရိစန္ဒမင်း ဖြစ်၏။ ပြည်တို့က မကွရာဟုခေါ်၏။ ထို့နောက် ဦးသျှောင် ပဥ္စလရာဇ်ပြည် ဖြစ်၏။ မင်းဆက်ကား ကိုးကျိပ်ခုနှစ်ယောက် (၉၇)ဖြစ်၏။ ပြည်တို့တွင်မှ ပင်လယ်ဟုတွင်၏။

ထို့နောက် ကောင်းစင်ပြည်ဖြစ်ပြန်၏။ မင်းဆက်ကား သုံးကျိပ် (၃၀) ဖြစ်၏။ တရုတ်တို့ တိုက်ခိုက်မှုကြောင့် ပျက်ခဲ့ရ၏။ ထို့နောက် အလ္လကပ္ပ ကောသမ္ဗီ ဖြစ်ပြန်၏။ မင်းဆက်ကား နှစ်ကျိပ်ခြောက်ဆက်ရှိ၏။ ထို့နောက် မင်းဆက် ငါးကျိပ် အုပ်ချုပ်၏။ အလ္လကပ္ပ အမည်ပင် ရှိ၏၊ ငါးကျိပ် နှင့် ပေါင်းလျှင် (၇၆) ဖြစ်၏ ပြည်တို့တွင်မှ ရွာပုကြီးဟု တွင်၏။

ထို့နောက် ပူရန္တပ္ပ ပြည်ဖြစ်ပြန်၏။ မင်းဆက် လေးကျိပ် (၄၀) ဖြစ်၏။ ပြူတို့တွင် လယ်ကိုင်းဟု တွင်း၏။ ထို့နောက် သသံရပြည် ဖြစ်ပြန်၏။ သက်သာနဂိုရ်ဟု ခေါ်တွင်သော တကောင်းပြည်ဖြစ်ဟန်တူ၏။ မင်းဆက်ကား ၇၇ ဆက် မင်းပြု၏။ ဂေါတမဘုရားရှင်လက်ထက် တကောင်းဟု တွင်၏။ ရသေ့ပြည်ဖြစ်ပြန်၏။ မင်းဆက်ကား ၂ ကျိပ်ခြောက်ဆက် (၂၆) ဖြစ်၏။ ရသေ့ပြည်ပျက်ခဲ့လျှင် ပုဂံပြည်ဖြစ်ပြန်၏။ မင်းဆက်ကား ၅၅ ပါး ဖြစ်၏။ ပုဂံပြည်ပျက်လျှင် မြင်စိုင်း ပန်းရ စစ်ကိုင်း အဝပြည် စသည်ဖြင့် ပြဆိုထား၏။

ဟန်လင်းပြည်မှ ပုဂံပြည်အထိ ပြူ တကောင်း သရေခေတ္တရာ (ရသေ့ပြည်) ပုဂံဟု ဖော်ပြချက်အရ ပြူမြို့များသာ ဖြစ်၏။ တကောင်း နှင့် ပုဂံ မြို့ဟောင်းအား ရှေးဟောင်းသုတေသန တူးဖော်ခဲ့ရာ ပြူမြို့များသာ ဖြစ်ကြောင်း တွေ့ရ၏။ ဇမ္ဗူကွန်ချာကျမ်းအရ ပြူလူမျိုးများသည် မြန်မာ အမည်သို့ ပြောင်းသွားခြင်းသာ ဖြစ်နိုင်ကြောင်း တွေ့ရ၏။

## တကောင်းနိုင်ငံအထက် မင်းဆက် ၁၃၉၃ပါးရှိခဲ့

အထက်ပါ ဇမ္ဗူကွန်ချာပေမူလွှာအရ တကောင်းမင်းဆက် မတိုင် မီ မင်းတို့မှာ ၁၃၉၃ ပါးရှိခဲ့သည်။ သမိုင်းမှတ်တမ်းတိတိကျကျ တင်ထားပြီး ဖြစ်သော **တကောင်းခေတ်မှ ကုန်းဘောင်ခေတ်ထိ မင်းပေါင်းမှာ ၁၃၆ ပါး ရှိခဲ့သည်။ နန်းစံနှစ်ပေါင်းမှာ ၂၃၉၀ နှစ်ခန့် နန်းစံခဲ့ကြသည်။** မြန်မာရာဇဝင် ကြီးများစွာ တွေ့နိုင်သည်။ တကောင်း အဘိရာဇာမင်းကြီးမှ နောက်ဆုံးမင်း သီပေါဘုရင်ထိ ရာဇဝင်သမိုင်းရေးပြီးဖြစ်သည်။ ၂၃၉၀ နှစ်ကို မင်းပေါင်း ၁၃၆ ပါးနှင့် စားကြည့်လျှင် ၁၈ နှစ်ခန့်ရှိသည်။ ပျမ်းမျှဘုရင်တစ်ပါး လျှင် ၁၈ နှစ်ခန့် နန်းစံခဲ့သည်ဟု ဆိုရပေမည်။

တကောင်းမင်းဆက်မတိုင်မီ ရှေးမင်းဆက်တို့မှာ ၁၃၉၃ ပါးရှိသည် ဟု ဆိုလာသည်။ မင်းတစ်ပါလျှင် နန်းစံနှစ် ၁၈ နှစ်နှုန်းနှင့် တွက်သော် နှစ်ပေါင်း ၂၅၀၀၀ နီးပါးတွေ့လာရသည်။ ပြဒါးလင်းဂူကို လေ့လာသော ပညာရှင်တို့က တွေ့ရှိရသော အထောက်အထားအရ နှစ်ပေါင်း ၂၂၀၀၀

ခန့်ဟု ခန့်မှန်းသူများရှိသဖြင့် သမိုင်းသဘောအရ ပြဒါလင်းဂူနေ ရှေးဦး မြန်မာများသည် ပြူလူမျိုးများသာဖြစ်၍ ပြူလူမျိုးတို့ကို စနစ်တကျ ခေါင်း ဆောင်နိုင်သော မင်းများဖြစ်နိုင်သည်ဟု ဆိုနိုင်ပါသည်။

ဤသို့ဆိုလျှင် မြန်မာတို့သည် မြို့ပြနိုင်ငံတည်ထောင်၍ နေခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀၀ ကျော်ပြီဟု ဆိုရတော့မည်ဖြစ်သည်။ အကယ်၍ မင်းတစ်ပါးလျှင် ၁၀ နှစ်လောက်သာ နန်းစံခဲ့သည်ဟုဆိုလျှင် နှစ်ပေါင်းတစ်သောင်းကျော်ဖြစ်၍ ဂူနေဘဝမှ နိုင်ငံအနံ့ခြေဆန့်ချိန် ကျောက်ခေတ်နှောင်းကြေးခေတ်ဦးကာလလောက်ဟု ဆိုနိုင်ပြန်သည်။ မည်သို့ပင်ဆိုဆို ရှေးဦးမြန်မာ ပြူလူမျိုးတို့၏ သမိုင်းကြောင်းကား နှစ်ထောင်သောင်းတိုင်ခဲ့ပြီဖြစ်သည်။

## ပြူလူမျိုးတို့ အာရှတောင်ပိုင်း ပြန့်နှံ့သွားခြင်း

ပြူလူမျိုးတို့အကြောင်းမှာ ကြီးကျယ်လှသည်။ ပြူလူမျိုးတို့ကို ယခင်အခါက မွန်ဂိုလွိုက်များဟု ဖော်ပြခဲ့ကြသော်လည်း ယခုအခါ၌မူတွေ့ရှိချက်များအရ ရှေးဦးလူသား အညာသားကြီးများမှ စ၍ စဉ်ဆက်မပြတ် ဆက်နွယ်ခဲ့ကြောင်း သိလာရသည်။ ရှေးဦး မြန်မာအနွယ်ဟု ဆိုရပေမည်။ ဓလေ့ထုံးစံအရ မွန်ဂိုလွိုက်တို့၏ ဓလေ့ ထုံးစံ ယဉ်ကျေးမှုအရ ရှေးဦးမြန်မာအနွယ်ဝင်တို့နှင့် မွန်ဂိုလွိုက်တို့ မတူညီပေ။ **အမွေဆက်ခံမှု ရုပ်သွင်ပြင် ဓလေ့တို့ ကွဲပြားကြသဖြင့် ရှေးဦးမြန်မာအနွယ်သည် မွန်ဂိုလွိုက်မဟုတ်၊** သီးခြားအနွယ်ဖြစ်သည်။ ရှေးဦး မြန်မာနွယ်ဝင်တို့သည် လူများစွာပါဝင်သော လူမျိုးနွယ်ကြီးဖြစ်သည်။ လူဦးရေများပြားသကဲ့သို့ပင် နေထိုင်သော နယ်မြေများ ဂူများသည်လည်း ကျယ်ပြန့်လှများပြားလှသည်။


မွန်ဂိုလွိုက်မှာ မြောက်ဘက်အမျိုး တောင်ဘက်အမျိုး သမုဒ္ဒရာထဲရှိ ကျွန်းများက အမျိုး အမေရိကဘက်သို့ ရောက်သွားသည့်အမျိုးဟူ၍ ခွဲခြားထားကြသည်။ မြန်မာပြည်ဘက်ရောက်လာကြသည့် မွန်ဂိုလွိုက်များမှာ တောင်ဘက်နေ အမျိုးဖြစ်သည်။ ထူးခြားသည့် မြန်မာမွန်ဂိုလွိုက်များသည် ကိုယ်လုံးကိုယ်ထည်သေးသည်။ ဦးခေါင်းလုံးသည်။ အလယ်အလတ်လောက်ပဲရှိသည်။ မြောက်ပိုင်းအမျိုးက မျက်ပေါက်ကျဉ်းသည်။ ကျွန်းပေါ်ရှိ

အမျိုးက မျက်ရစ်များ မျက်လုံး မျက်ဖန်လှသည်ဟု ဆိုကြခဲ့သည်။

အမှန်မှာမူ ထပ်မံတွေ့ရှိချက်အရ ပီကင်းမင်း မွန်ဂိုလွိုက်မှ ရှေးဦး မြန်မာတို့ပေါက်ဖွားလာရန်အကြောင်းမရှိပေ။ ဂျာဗားလူမှာ နှစ်ပေါင်း ၄ သိန်း ကျော် ဟိုက်ဒက်လ်ဘာဂ်လူမှာ နှစ် ၄ သိန်းခန့် ဆပ်ဆက်လူမှာ နှစ် ၃ သိန်းခန့်၊ နီအန်ဒါသာလ်လူမှာ ၇ သောင်းခန့်၊ ခရိုမက်ဂနွန်လူမှာ ၃ သောင်း ခွဲခန့်၊ ပီကင်းလူမွန်ဂိုလွိုက်မှာ နှစ်ပေါင်း ၄သိန်းကျော်ရှိပြီး မြန်မာလူ နွယ်ခွေလူမှာ အနည်းဆုံး နှစ် ၂ သိန်း ဟု သိခဲ့ကြသည်။ သို့သော် နွယ်ခွေလူသားနှင့် ပတ်သက်၍ နွယ်ခွေလူသား၏ ကျောက်ဖြစ်ရုပ်ကြွင်းလက်မကို နွယ်ခွေတောင်၏ ပလိုင်စတိုဆင်း လွန်ခဲ့သော နှစ် တစ်သန်းမြေနီထဲတွင် မတ်ရပ်သူ **Homoerectus** ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ခဲ့ရသည်။ ယခင်တွေ့ရှိခဲ့သော နွယ်ခွေ လူသားအပေါ် မေးရိုးနှင့် အံသွားနှစ်ချောင်းပိုင်ရှင်၏ ဘယ်ဘက်လက်မ ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။ (ဒေါက်တာသန်းထွန်း နွယ်ခွေမှာ တွေ့ကြတဲ့ ရှေ့လူကျောက်ဖြစ်ရုပ်ကြွင်း ကွန်ပျူတာသတင်းလွှာ စက်တင်ဘာ ၂၀၀၁ စာ - ၅- ၇)

နွယ်ခွေဒေသတွင် ယခင်လွန်ခဲ့သော နှစ် ၃၀၀၀၀ မှ ၁.၃ သန်း အတွင်း ကျောက်ခေတ်ဟောင်းမှ လူသားများ နေထိုင်ခဲ့သော သမိုင်း အထောက်အထားဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ရှေးဦးလူသား ဖြစ်သည့် နွယ်ခွေလူသားသည် နှစ် ၁.၃သန်းအတွင်း ကျောက်ခေတ် ဟောင်းမှ လူသား ဖြစ်၍ ကမ္ဘာဦး လူသားစာရင်းဝင် ပီကင်းမင်းတို့ထက် သက်တန်းရင့်လေသည်။

၁၉၃၇ –၃၈ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ အဲလ်မတ်ဒီတဲရားနှင့် မိုးဗီးငယ်စ်တို့ လေ့လာတွေ့ရှိချက်အရ ဧရာဝတီမြစ် မြန်မာပြည်အလယ် ပိုင်းနှင့် ရှမ်းကုန်းမြင့်ဒေသတို့တွင် ကျောက်ခေတ်ဟောင်း ယဉ်ကျေးမှုရှိခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ထိုယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှု Anyarthian culture ဟုသတ်မှတ်ခေါ်တွင်ခဲ့သည်။ ကမ္ဘာတွင် စတုတ္ထကပ်ဖြစ်သော လွန်ခဲ့ သော နှစ် ၁ သန်းကျော်အချိန်က ကမ္ဘာ့လူသား စတင်ပေါ်ပေါက်ခဲ့သည်။



သရေခေတ္တရာ ပျူမြို့ဟောင်းမြေပုံ

(ဦးစိန်မောင်ဦး၏ သရေခေတ္တရာမြို့ဟောင်း ဆောင်းပါးမှ)

လွန်ခဲ့သော နှစ် ၅ သိန်းလောက်မှစ၍ ကျောက်ကြမ်းခေတ်ခေါ် ကျောက်ခေတ်ဦး သို့မဟုတ် ကျောက်ခေတ်ဟောင်း စတင်ခဲ့သည်။ ထို ကျောက်ခေတ်ဦးကာလမှာပင် အညာသားယဉ်ကျေးမှု ထွန်းကားနေပြီ ဖြစ်ကြောင်း ကျောက်လက်နက် ပစ္စည်းများက သက်သေခံခဲ့သည်။ ထို့ကြောင့် မြန်မာတို့၏ နွယ်ခွေလူသားကြီးများသည် ပီကင်းမင်းတို့ ထက်ပို၍ရှေးကျသဖြင့် ပီကင်းမင်း မွန်ဂိုလွိုက်များမှ မြန်မာတို့ ဆင်း သက်လာသည်ဆိုသည်မှာ သဘာဝမကျပေ။ ဖအေထက် သားတစ်လ ကြီးသည်ဟု ဆိုရချိမ့်မည်။

ထို့ကြောင့် အမေရိကန် ပညာရှင်တို့၏ တင်ပြချက်အရ အရေးပါ သော အချက်မှာ "ပလိုင်စတိုဆင်းခေါ် ရေခဲခေတ်အတွင်း မြန်မာနိုင်ငံကို ဗဟိုပြု၍ ဂျားဗားနှင့် ပီကင်းသို့ ထိုလူမျိုးနွယ်များ ပြန့်ပွားရွေ့သွားနိုင် ဖွယ်ရှိသည်" ဟူသောအချက်ပင် ဖြစ်လေသည်။

လူသားမျိုးနွယ်အစ မြန်မာဖြစ်သဖြင့် မွန်ဂိုလွိုက်လူမျိုးနွယ်ကြီး မြန်မာ့မြေတွင် စတင်ခြေချနိုင်မည်မဟုတ်ပေ။ ခြေချခဲ့သည်ဟူသော အယူအဆကို စဉ်းစားကြည့်လျှင် လွန်စွာမလွယ်ကူပေ။ လွန်ခဲ့သော နှစ်ပေါင်း သိန်းနှင့်ချီသောအချိန်က လူဦးရေသည်လည်း ထူထပ် သိပ်သည်းမှု မရှိ၊ နည်းပါးကြသေးသဖြင့် နေရာတိုးချဲ့ပြောင်းရွှေ့ရန် မလိုသေးပေ။

နေစရာဂူကြီးများ စားဝတ်နေရေးအတွက် မိမိတို့ဒေသမှာပင် ပေါ များစွာ ရှိနေကြပြန်သည်။ ရာသီဥတုမှာလည်း နှင်းခဲခေတ်ကြီးဖြစ်သဖြင့် လူစုလူဝေးနှင့် ပြောင်းရွှေ့ရန် မလွယ်ကူပေ။ ဖြစ်နိုင်စရာမရှိဟုပင် ဆိုနိုင် ပေသည်။ လွန်စွာကြမ်းတမ်း အရိုးကွဲလုမတတ် အေးလှ ချမ်းလှ ပြင်းထန်လှ ချိန်ဖြစ်သည်။ သေရေး ရှင်ရေးရှိမှ မလွှဲသာမှသာ အပြင်ထွက်ရပေမည်။ နေရာ တစ်နေရာမှ တစ်နေရာပြောင်းရွှေ့ရေးဆိုသည်မှာ မတွေးရဲလောက် အောင် ခဲယဉ်းပေမည်။ ရှေးဦးပညာရှင်တို့က မြန်မာလူမျိုးတို့ကို မွန်ဂိုလွိုက် ဟု သတ်မှတ်ခဲ့သည်မှာ နွယ်ခွေလူသား အညာသားတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းကို မတွေ့ချိန်က ဖြစ်လောက်ပါသည်။ မျက်မှောက်ခေတ်မှာပင် မြန်မာရုပ်နှင့် တရုတ်ရုပ်ရည် မတူညီပါ။

မြန်မာတို့အကြောင်းကို လေ့လာလျှင် ရုပ်ဝတ္ထုသာမက စိတ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ ဓလေ့ထုံးစံယဉ်ကျေးမှုများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ အကြီးဆုံးသားယောကျ်ားကို ဦးစားပေးမှု၊ သမီး မိန်းကလေးကို လင်အိမ်ထည့်လိုက်၍ ယောက္ခမအောက်နေရမှု သားသာ အမွေဆက်ခံနိုင်မှု အစားအသောက်ဓလေ့ထုံးစံ ကွဲပြားမှုများသည် မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝကွဲပြားသဖြင့် မွန်ကိုသွေးရောပြီး မွန်ကိုယဉ်ကျေးမှုနှင့် မြန်မာ့အဖွဲ့အစည်းကို တည်ဆောက်ထားခြင်းမဟုတ်ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာလူမျိုး ရှေးဦးလူသားမှစတင် ပြန့်ပွားခဲ့ကြောင်း သိနိုင်ပါသည်။ ရေခဲခေတ်လွန်မှ မွန်ကိုလှိုက် အနည်းငယ် ဝင်ရောက်လာပြီး ရောနှောသွားကြသည်ဟုဆိုလျှင်မူ ချွင်းချက်အနေဖြင့် လက်ခံရပေမည်။ မြန်မာလူမျိုးနွယ်ကြီးမှ ပျူလူမျိုးများ ဖြစ်ပွားလာပြီး နိုင်ငံအနှံ့နယ်မြေအစုံ ကုန်းတတန် ရေတတန် ပြန့်ပွားသွားကြောင်း အထောက်အထားများအရ ဆက်လက်ဖော်ပြပါမည်။

## သရေခေတ္တရာခေတ် ပျူမြို့ပြနိုင်ငံတော်

ပျူတို့၏အကြောင်းကို တင်ပြရလျှင် လွန်စွာကြီးကျယ်ပေသည်။ ထိုမျှကြီးကျယ်လွန်းသော ပျူလူမျိုးတို့၏ အကြောင်းကို ခိုင်လုံမှုရှိစေရန် မှန်ကန်မှုရှိစေရန် ပြည့်စုံမှုရှိစေရန် မြန်မာတို့၏ သမိုင်း အထောက်အထား မှတ်တမ်းများလောက်နှင့် မလုံလောက်သေးပေ။ ထိုခေတ် ထိုအခါက ရေးသားခဲ့သော မြန်မာ့ဂန္ထဝင်မြောက်စာပေ အထောက်အထားတို့လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ် အိန္ဒိယ ဘင်္ဂလာဒေ့ရှ် ပါရှ် အာဖဂန်နစ္စတန် အထောက်အထားတို့လည်း လိုအပ်ပါသည်။ နိုင်ငံခြားသား လူမျိုးခြားများသည် မြန်မာတို့နှင့် သွေးသားရင်းခြားများ မဟုတ်ကြသဖြင့် အမှန်ကို အမှန်အတိုင်းသာ မှတ်တမ်းတင်ခဲ့ပေသည်။ အထူးသဖြင့် တရုတ်လူမျိုးတို့သည် လက်လှမ်းတမီခရီးထွက်ခဲ့ကြပြီး မိမိတို့ မြင်ခဲ့သမျှ တွေ့ခဲ့သမျှ ကြုံခဲ့သမျှ ယုံခဲ့သမျှ မေးမြန်းစုံစမ်းလေ့လာပြီး မှတ်တမ်းတင်လေ့ရှိသည်။ သို့ဖြစ်၍ တရုတ်တို့၏ ရှေးမှတ်တမ်းသည်အရေးပါသည်။ အပို

အလိုမရှိ ပြည့်စုံသည်။

ယခုလည်း ပြူလူမျိုးတို့၏ အကြောင်းအရာကို အမှန်အတိုင်း သိရှိနားလည်ကြစေရန် ဤစာအုပ်တွင် ဖော်ပြပါမည်။ ကျောက်ခေတ်နှောင်း ဂူအောင်း မြန်မာကြီးတို့သည် ရာသီပွင့်လင်းလာသဖြင့် ဂူအောင်းရာမှ ပြင်ပသို့ ထွက်လာကြသည်။ လူအုပ်နှင့် ထွက်လာကြသည်။ ခေါင်းဆောင်မင်းနှင့် ခေါင်းဆောင်ကြီးငယ် အဆင့်ဆင့်ပါလာကြသည်။ ကျောက်ချောလက်နက် များ ကြေးလက်နက်များ ကိုင်ဆောင်လာကြသည်။ ယောကျ်ား မိန်းမ ခလေး သူငယ် ပျိုရွယ်သူ အိုမင်းသူတို့ အစုံပါဝင်လာကြသည်။

နောက်ထပ်ပြူလူမျိုးတို့လည်း ထပ်မံပြီး တသုတ်ပြီး တသုတ် ထွက်ခွာလာကြပြီး ရေကြည်ရာ မြက်နုရာ ဦးတည်ရာဒေသများသို့ ထွက်လာကြသည်။ သဘောတူသူ မိသားစုအုပ်စုအလိုက် ပူပေါင်းလာကြသည်။ စားနပ်ရိက္ခာ ရှာဖွေရရှိမှု သား ငှက် တိရစ္ဆာန် ငါး ဖား ပုဇွန် ဟင်းသီးဟင်းရွက် ရရှိမှုပေါ် အခြေပြု၍ စခန်းချရပ်နားကြသည်။ သစ်ဝါး ပေါများသဖြင့် ယာယီတဲနန်းစခန်းရွာများ တည်ထောင်ကြသည်။ တချို့လည်း နေရာထိုင်ခင်းသာ၍ အစားအစာရေအရိပ်အာဝါသကောင်းသည့်နေရာရောက်သောအခါ အိုးအိမ်များ အခိုင်အမာဆောက်လုပ်ကြ လမ်းဖောက်ကြပြီး အခြေချနေထိုင်ခဲ့ကြသည်။ ရွာတည်ကြသည်။ မြို့တည်ကြသည်။ လမ်းဖောက်ကြသည်။ စိုက်ပျိုးရန် ဥယျာဉ်မြေထွင်ကြသည်။ နောင်အခါ ဆန်စပါးစိုက်ရန် လယ်ယာမြေ ပြုပြင်ကြသည်။ ရေသွင်းနိုင်ရန် ကန်ဇင်းဆည်မြောင်းရေသွယ်ရန် တူးဖော်ကြသည်။ ဤနည်းဖြင့် ထွက်ခွာလာခဲ့ကြသည်။ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ခဲ့ကြသည်။ ခေါင်းဆောင်သူ မင်းဘုရင်တို့ နေထိုင်ရန် အုပ်ချုပ်နိုင်ရန် နေပြည်တော် နန်းတော် အိမ်တော် စသည်တို့ ဆောက်လုပ်ခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ပေါင်းရာထောင် ကြာညောင်းလာသောအခါ မြန်မာနိုင်ငံတော် အံနှံ့ ပြူလူမျိုးတို့ ပြန့်နှံ့နေထိုင် အခြေခိုင်လာခဲ့ကြသည်။

**နောင်အခါ မွန်ဂိုလွိုက် လူမျိုးနွယ် အချို့ရောက်လာကြသည်။ မြန်မာကြီးတို့မှာ စိတ်သဘောထားကောင်းမွန်ကြသဖြင့် ပျူငှာစွာ လက်ခံကြသည်။ နောင်သောအခါဝယ် တိဘက်မြန်မာအနွယ်ဝင်တို့လည်း**

ဝင်ရောက်လာကြသည်။ မြန်မာတို့နှင့် အတူနေ အတူသွား အတူစားရာမှ အားလုံး ပြုယဉ်ကျေးမှုကို လက်ခံကာ ပြုလူမျိုးများဖြစ်လာကြသည်။ နိုင်ငံတော်မှာလည်း ကျယ်ပြန့်လာသည်။

## ပြုမြို့ပြနိုင်ငံများ ကျယ်ပြန့်လာခြင်း

ပြုလူမျိုးတို့သည် ဂူနေဘဝမှ ထွက်ခွာခဲ့ရာ နှစ်ပေါင်း ၅၀၀၀၊ ၆၀၀၀ လောက်ရောက်သောအခါ ရခိုင်ဘက်တွင် ဓညဝတီနိုင်ငံတော်၊ ပြည်မှော်ဇာတွင် သရေခေတ္တရာနိုင်ငံတော်၊ တနင်္သာရီကမ်းမြောင်ဒေသတွင် သုဝဏ္ဏဘူမိ နိုင်ငံတော်၊ တကောင်းဒေသတွင် တကောင်းနိုင်ငံတော်၊ ဗြဟ္မာနိုင်ငံတော်၊ သကျနိုင်ငံတော်တို့ကို သီးခြားစီ တည်ထောင်နိုင်ခဲ့သည်။ အစဉ်အတိုင်း ဖော်ပြရန်ဖြစ်သော်လည်း ပြုလူမျိုးတို့၏ အင်အားအကြီးဆုံး နိုင်ငံတော်ကို ဖော်ပြမှု၊ ထိုနိုင်ငံတော်တို့ကို ပြုလူမျိုးတည်ဆောက်နိုင်ခဲ့သော စွမ်းအားကို အပြည့်အဝ လက်ခံနိုင်မည်ဖြစ်သဖြင့် သရေခေတ္တရာနိုင်ငံတော်ကို ပထမဦးဆုံးတင်ပြပါမည်။ သမိုင်းစဉ်ကို ကျော်ပါမည်။

သရေခေတ္တရာ ပြုမြို့ပြနိုင်ငံတော်၏ အကြောင်းကို မြန်မာ့သမိုင်းတွင်လည်း ဖော်ပြထားပါသည်။ ထိုခေတ်က ပြုလူမျိုးတို့ကို တွေ့မှီလိုက်သော တရုတ် ထန်ခေတ်မှတ်တမ်းကိုလည်း တင်ပြပါမည်။ ပြည်တွင်း ပြည်ပ၊ မြန်မာတရုတ်မှတ်တမ်းနှစ်ခု၏ အကျဉ်းချုပ်ကို ခြုံငုံတင်ပြပါမည်။ သို့မှသာ ထိုခေတ်က ဘုန်းလက်ရုံး တောက်ပခဲ့သည့် ပြုလူမျိုးခေါ် မြန်မာလူမျိုးတို့၏ စစ်မှန်သော အင်အားကိုသိကြရမည်ဖြစ်ပါသည်။ သမိုင်းသည် လိမ်ညာ၍ရသော အရာမဟုတ်ပါ။ ဆရာချစ်စံဝင်းပြောသလို သမိုင်းဟူသည် နောင်လာနောင်သားတို့ ပြင်ဆင်နိုင်ရန် ရှေ့လူများရေးသားခဲ့သော မှတ်တမ်း ဖြစ်ပါသည်။


မှန်ပါသည်။ ယခုတင်ပြချက်သည် ရှေးအယူအဆနှင့် မတူဟု ပြောမရပါ။ နောက်ထပ်တွေ့ရှိချက်များဖြစ်၍ အမှန်သာဖြစ်ပါသည်။

## တရုတ်မှတ်တမ်းများနှင့် ပြူအကြောင်း

ခရစ်မပေါ်မီ ဘီစီ ၂ ရာစုက ရေးခဲ့သော တရုတ်ဟန်မင်းဆက်ခေတ်ဦးသမိုင်း ဘီစီ၂၀၆ – အေဒီ ၂၄ ပထဝီအခန်းတွင် ယခုဟိုင်နန်ကျွန်းအနီး ဆိပ်ကမ်းမြို့မှ ကုန်သည်များသည် လှေစီး၍ ထွက်လာရာ ထိုင်းပင်လယ်ကွေ့ကိုလွန်သော် မလေးကျွန်းဆွယ် ကျွန်းဆက်ဒေသ အရှေ့ဘက်ကမ်းယခု ချိုင်းယားအနီး ဆိပ်ကမ်းမြို့သို့ ရောက်ကြောင်း၊ ကုန်းတက်၍ ခြေလျင်ခရီး ၁၀ ရက်ကျော်သွားသော် Fu-Kan-Tu-Lu ဖူးကန်းတူးလူး ဟုခေါ်သောဆိပ်ကမ်းမြို့သို့ ရောက်သည်။ Fu-Kan-Tu-Lu ဟူ၍ အသံထွက်သောတရုတ်စာလုံးလေးလုံး၏ ရှေးဟောင်း အသံထွက်သည် Piwo-Kan-To-Lu/ Piu-Kan-Tuo_Tuo ဖြစ်ခြင်းကြောင့် Pugmã dvard ပုဂါမဒွါရဖြစ်ကြောင်း၊ (ပြူတို့ဒေသ၏ လမ်းဝ **Door way to the land of the Pyu** ဖြစ်ကြောင်း၊ ပုဂါမဒွါရသည် အိန္ဒိယတောင် ပိုင်းမှလာသောကုန်တင် လှေကြီးများ ရပ်နားရာ ဆိပ်ကမ်းမြို့ဖြစ်၏။ ယခုတကွာပါ ဖြစ်ပေမည်။ ထိုမှ ပြူဒေသသို့သွားရောက်ရဟန်တူ၏။ တရုတ်မှတ်တမ်းများအရ တရုတ်တို့က ပြူလူမျိုးတို့ကို ခရစ်မပေါ်မီ ၈ ရာစုကြိုမင်းဆက်ခေတ် **(chou Dymasty)** က ပူး**Puh** ဟုခေါ်၏။ ခရစ်နှစ် ၇ရာစုက ထွန်းကားသောထန်ခေတ်တွင် ဖျောက် **Piao** ခေါ်၏။ ထိုမှ ပြူတို့ရှေးကျခဲ့သည်။ ခရစ်မပေါ်မီ ဘီစီ ၈ ရာစုက ပူး **Puh** သည် ပု **Pu** ခေါ် ပြူပင်ဖြစ်သည်။ ပြူနိုင်ငံကို တရုတ်တို့က ခရစ်နှစ် ၁ရာစု တွင် ဖန် (ဗြဟ္မ) ခရစ်နှစ် ၃ရာစုတွင် ဖန်ယွယ့် (ဗြဟ္မာဝတ်) ခရစ်နှစ် ၅ရာစုတွင် ဖန်ယွယ့် (ဗြဟ္မာဝတ်) ခရစ်နှစ် ၆ ရာစုတွင်လည်း ဖန်ယွယ့်ဟုခေါ်ခဲ့၏။

### သရေခေတ္တရာမှတ်တမ်း

သရေခေတ္တရာသည် ပြူမြို့ပြများအနက် အကြီးဆုံးဖြစ်သည်။ ရှေးမွန်ကျောက်စာ မြန်မာကျောက်စာများ ရခိုင်မှတ်တမ်း ခေတ်ပြိုင် တရုတ်မှတ်တမ်း၊ အိန္ဒိယမှတ်တမ်း ပါဠိ အာဖဂန် ကဲ့လာ (ကမ္ဘောဒီးယား မှတ်တမ်းများရှိသည်။ အေဒီ ၂-၉ ထိ တည်ရှိခဲ့သည်။ ယနေ့ မြန်မာနိုင်ငံနည်းပါး ကျယ်ဝန်း




တရုတ်ထန်မင်းဆက် သမိုင်းသစ်လာ သရေခေတ္တရာ လက်အောက်ခံ
ကလာသပုရမြို့ခေါ်တလ (တွံ့တေး)မြို့ဟောင်းမြေပုံ

ပြီး နိုင်ငံအဖြစ် တည်ထောင်အုပ်ချုပ်ခဲ့သည်။ တွေ့ရှိရသော အထောက်အထား သစ်အရ အေဒီ ၁၁ ရာစုထိ တည်ရှိခဲ့ပြီး ပုဂံနေပြည်တော် သို့ ပြူလူမျိုးတို့ ပြောင်းရွှေ့တည်ထောင်သည်ဟု ယူဆကြသည်။ အစကား မဟာသမ္မတမင်း အဆုံးကား သုပညာနဂရ ဆိန္ဒမင်းထိ နှစ်ကျိပ်ခြောက်ဆက် မင်းပြုကြ၏။

ရာဇဝင်ကျော်တွင် **သာသနာနှစ် ၁၀၁ ခရစ်နှစ် BC 444** နှစ် ကတည်၏ ဟု ဆို၏။ ဇာတာတော်ပုံ ရာဇဝင်တွင် **သာသနာနှစ် ၆၀ BC 484** တွင် တကောင်းမင်းသား မဟာသမ္မတမင်း တည်ထောင်သည် ဟု ဆို၏။ ပုဂံခေတ် မွန်ကျောက်စာအရ **BC 544** တွင် တည်သည် ဟု ဆို၏။ အချင်း ၁ ယူဇနာအဝန်း ၃ ယူဇနာတံခါးကြီး ၃၂၊ တံခါးငယ် ၃၂၊ ကျုံးမြောင်းမြို့ အင်္ဂါ ၇ ပါးနှင့် ပြည့်စုံသော သရေခေတ္တရာ ရွှေမြို့တော်ကို **သာသနာနှစ် ၁၀၁ BC 443** တန်ခူးလဆန်း ၁၁ ရက်တွင် ဒွတ္တပေါင်မင်းကြီးကို သိကြားမ၍ နန်းတင်၏။

တရုတ်မှတ်တမ်းများတွင် မြို့တံခါးပေါက် ၁၂ ပေါက်ရှိ၏။ မြို့ရိုးထောင့်လေးဖက်တွင် ဘုရားစေတီကြီးတစ်ဆူစီရှိ၏။ သရေခေတ္တရာသည် အရှေ့တောင်အာရှတွင် ရှိရှိသမျှသော ဗုဒ္ဓဘာသာမြို့များအနက် အကြီးဆုံး ဖြစ်သည်ဟုဖော်ပြထား၏။ အရှေ့တောင် အာရှတွင် တွေ့ရှိရသော မြို့ဟောင်းများအနက် အကြီးဆုံးဖြစ်ကြောင်းတွေ့ရ၏။ သရေခေတ္တရာ မြို့တော်မှ ပထမမြန်မာနိုင်ငံတော်ကြီး စီမံအုပ်ချုပ်၍ မြို့ပြနိုင်ငံတော်အဖြစ် တည်ထောင်နိုင်ခဲ့သည်။

## ပြူ–၁၂ပြည်ထောင်

သရေခေတ္တရာမြို့တော်နှင့်အတူ တည်ရှိခဲ့သော ပြူ ၁၂ ပြည်ထောင်ကို ပြူသမိုင်းမှတ်တမ်းများအရ ဤသို့တွေ့ရ၏။ (သုတေသနသရုပ်ပြအဘိဓာန်– စာ ၃၈၀)

၁။ အေလို ပြူ – ၎င်းတို့မြို့တော်မှာ တကောင်း ငဆောင်ချမ်း
၂။ ဟန်လင် ပြူ – ဟန်လင်းမြို့တော်
၃။ ကချင် ပြူ – ငမန္တာ မိုးကောင်းမြို့တော်
၄။ ချင်း ပြူ – ဖလမ်းယ တီးတိန်မြို့တော်

၅။ အစီရီ ပြူ – ဓညဝတီမြို့တော်
၆။ မြန်မာ ပြူ – တောင်တွင်ဂေး ကျောက်ပန်းတောင်း ယုန်လွတ် သီရိပစ္စယာ ပုဂံ တမ္ပဝတီမြို့တော်များ
၇။ ကံဖိုးစ ပြူ – မိုးဃ်နှဲ မြို့တော်
၈။ ကိုင်းရယ် ပြူ – ကိုင်းရယ် ကိုင်းတုံမြို့တော်များ
၉။ ကလောက်ဂေးပြူ – ကလောက်ဂေး သထုံမြို့တော်များ
၁၀။ တိမ်မယ်ပြူ – တိမ်မယ် ပဲခူးမြို့တော်များ
၁၁။ မော်ဇာပြူ – မော်ဇာမြို့တော်
၁၂။ တနသ်ာရီ ပြူ – ထားဝယ်မြို့တော်

မော်ဇာမြို့တော်သည် သရေခေတ္တရာမြို့တော်ဖြစ်သည်။ ပထမပိုင်းတွင် မြို့ပြတနိုင်ငံချင်း တည်ထောင်နေထိုင်ခဲ့ကြသော်လည်း နောက်ပိုင်း တွင် သရေခေတ္တရာမြို့တော်က အခြားမြို့ပြများကို သိမ်းသွင်းနိုင်ခဲ့ပြီး ပထမ မြန်မာနိုင်ငံတော်ကို သရေခေတ္တရာ ပြူခေတ်တွင် တည်ထောင်နိုင်ခဲ့သည်။ ပြူတို့နှင့် ခေတ်ပြိုင် တလိုင်း သက် ကျပင်း တည်ထောင်နိုင်ခဲ့သည်။ ပြူလူမျိုးတို့သည် ဟံလင်းပြည်၊ အဝပြည်၊ မက္ခရာပြည်၊ ပင်လယ်ပြည်၊ ကောင်းစင်ပြည်၊ အလ္လကပ္ပကောသမ္ဗီပြည်၊ လယ်ကိုင်းပြည်၊ တကောင်းပြည်၊ သရေခေတ္တရာပြည်၊ ပုဂံပြည်၊ မြင်စိုင်း မက္ခရာပင်လယ်ပြည်၊ ပန်းရပြည်၊ စစ်ကိုင်းပြည်၊ အဝပြည်တို့ကို ကျယ်ပြန့်တည်ထောင်ခဲ့ကြသည်။ ပြူအထောက်အထားများ တွေ့ရှိသဖြင့် အမှန်တကယ်ပြူလူမျိုးတို့ ကျယ်ပြန့်ခဲ့ကြောင်း လက်ရှိ မြန်မာနိုင်ငံတော်တမျှ ကြီးမားကျယ်ပြန့်ခဲ့ကြောင်း အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းတွင် ကျယ်ပြောကြီးမား ဘုန်းတံခိုးထွားခဲ့ကြကြောင်း တွေ့ရမည်ဖြစ်သည်။

## ပြူတို့၏ အင်အား

သရေခေတ္တရာ ပြူလူမျိုးတို့၏အကြောင်းကို နယ်ချဲ့လက်ထက်က ပြောလျှင် ယုံတန်းစကား ဖြစ်သည်။ မြန်မာတို့သည် မည်သည့်အခါကမျှ ဤမျှကြီးကျယ်သောအဆင့်သို့ မရောက်ခဲ့ပါဟု ပညာရှင်ယောင်ယောင် နှိမ့်ချခဲ့

ကြသည်။ ပို၍ ခိုင်လုံစေရန် အိမ်နီးချင်း တရုတ်တို့၏ ခေတ်ပြိုင်မှတ်တမ်းကို ပူးတွဲ တင်ပြပါမည်။ အပုပ်ချသူတို့ အပုပ်ကင်းစင်စေရန်၊ ပုံပြင်သာပါ ဆိုသူတို့ တကယ်အမှန်အဖြစ် လက်သင့်ခံစေရန် ဖော်ပြရခြင်းဖြစ်ပါသည်။ ထိုစဉ်က အာရှတောင်ပိုင်းတွင် တရုတ်၊ အိန္ဒိယနှင့် မြန်မာပြူနိုင်ငံ သုံးနိုင်ငံသာ ကြီးစိုးခဲ့သည်ဟု ဆိုရသည်အထိ အင်အားကောင်းခဲ့ပါသည်။

တရုတ်တို့၏ ခရစ်နှစ် ၁၀၆၀ ပြည့်နှစ်တွင် ရေးသားခဲ့သော ထန်မင်းဆက်သမိုင်းအရ ခရစ်နှစ် ၈– ၉– ၁၀– ၁၁ ရာစုထိ တည်ရှိခဲ့သော သရေခေတ္တရာ ပြူမြို့တော်တွင် ပြူတို့နေရာ ၂၉၈ ခု ရှိသည်ဟု ဆိုပါသည်။ ထင်ရှားကျော်ကြားသော နေရပ်ပေါင်း ၃၂ ခု ရှိသည်။ ပြူတပ်မြို့ ၉ မြို့ ရှိသည်။

## ပြူတပ်မြို့ ၉ မြို့

ၾငင်းတို့မှာ
၁။ တောက်လင်ဝမ် (တောင်တွင်းကြီး)
၂။ ယိုလိယီ (သီပေါ)
၃။ စန်းထော် (ဟန်လင်း)
၄။ မိနော့တောက်လီ (ဝတီးမြင်းခြံ၊ နွားထိုးကြီးမြို့နယ်)
၅။ ထူမင် (ပင်လယ်၊ ကူမဲအနီး)
၆။ တိကျယ် (ထီးချိုင့်)
၇။ တာလီမို (သဲကုန်း)
၈။ ကန်ထန် (ကမ်းသီတာ ငအိုးအနီး)
၉။ မောဖူး (မွေရင်းအနီး မောရိယ တို့ဖြစ်သည်။)

## ထင်ရှားသော အရပ်ဒေသ ၃၂ ခု

ထင်ရှားသော အရပ်ဒေသ ၃၂ ခုရှိသည်။ ၎င်းတို့မှာ–
၁။ ဝမ်ကုန် (ကျူကုတ်ဝန်းကျင်)
၂။ ချန်ချော (သိန္နိမြောက်ပိုင်း မိုးမျည်း ကြံ့တော)
၃။ လော်ကျွန်း၊ ချိအဲန် (ဝမ်တိန်နယ်)

၄။ မိချော (ရခိုင်ကမ်းရိုးတန်း တစ်နေရာ)
၅။ ထောက်ရှမ်း
၆။ ထောက်စင်
၇။ ထောက်စု (သပိတ်ကျင်းဝန်းကျင်)
၈။ ယယ်ပန် (ကသာနှင့်ရွှေကူအကြား၊ ရောဝတီအနောက်ဘက်ကမ်း)
၉။ ပုဝေါ်ကျော့ (အလုံ မုံရွာတစ်ဝိုက်)
၁၀။ မော့ယင်
၁၁။ ကျာလုန်ထန် (ဥရုချောင်းဖျား ရေပေါ်ပီး)
၁၂။ အာလိကျိ (အလိကပ္ပ အလ္လကပ္ပ မြင်းမူမြို့နယ်)
၁၃။ အာလိရှဲ
၁၄။ အာလိမန်
၁၅။ တာမော် (ပန်းလောင်ဇော်ဂျီမြစ်ဆုံတမုတ်)
၁၆။ ချီ– ယူဖန် (စလင်းအနီး ကြပင်း)
၁၇။ စဲင်တာ
၁၈။ ထိလိယန်း (ထီးလင်း)
၁၉။ ဝေါင်ထဲ(င်)
၂၀။ တန်ပေ့ါ (တမ္ဗဒီပ၊ ပုဂံ)
၂၁။ ကုငူး (ဒိုက်ဦး)
၂၂။ ဖော့မောင် (စစ်တောင်းမြစ်ဝှမ်းအလယ်)
၂၃။ စဲ(င်)ကျာ (သဃ်သာ၊ သင်းတွဲ၊ တကောင်း)
၂၄။ တိကျွေ (ငမိုးရိပ်ချောင်းဖျား တီရွှတ်)
၂၅။ အာမော့လော် (အမရဝတီ)
၂၆။ ကျဲ့ယွဲ့ (တောင်ငူအနီး ဇေယျဝတီ)
၂၇။ ထဲ(င်)လင် (တေလိင်္ဂန ဥသာ ပဲခူး)
၂၈။ အိုမိအယ်
၂၉။ ပေါ်လောဖော်တီ (ပါလဝတီ)
၃၀။ ကုယု

၃၁။ လိုမန် (သထုံ)

၃၂။ မော်တီဖော် (မုတ္တမ) တို့ ဖြစ်ကြ၏။

တရုတ် ထန်မင်းဆက်သမိုင်းဟောင်းကျမ်း (ခရစ်နှစ် ၉၄၆) မတိုင်မီ ရေးတွင် သရေခေတ္တရာ၏ အကျယ်အဝန်းမှာ အရှေ့မှ အနောက် လီပေါင်း ၃၀၀၀ (၉၀၉ မိုင်) ရှိ၍ တောင်မှ မြောက် လီပေါင်း ၃၅၀၀ ရှိသည်။ အရှေ့ဘက်တွင် ကျဲန်လာနိုင်ငံ (ယခု ကမ္ဘောဒီးယား) နှင့် အိမ်နီးချင်းဖြစ်၏။ **အနောက်ဘက်တွင် အရှေ့ အိန္ဒိယနှင့် နယ်မြေဆက်စပ်၏။** တောင်ဘက်တွင် ပင်လယ်ရှိ၍ မြောက်ဘက်တွင် နန်စောနိုင်ငံသို့ ပေါက်ရောက်၏။

## ခေတ်ပြိုင် အခြားနိုင်ငံများ ဖော်ပြချက်

သရေခေတ္တရာအကျယ်အဝန်းကို ခေတ်ပြိုင် ပါရှန်မှတ်တမ်းပါ အထောက်အထားT.rsul (ခရစ်နှစ် ၈၈၀)နှင့် မြောက်အာဖဂန်နစ္စတန် (ပထဝီကျမ်း) T.rsul အထောက်အထား (ခရစ်နှစ် ၉၈၂) များက မြန်မာနိုင်ငံ သရေခေတ္တရာ ပြူနိုင်ငံကို တရုတ်ပြည်နှင့် နီးကပ်၍ တောင်တန်းများ သာခြားသော **နိုင်ငံကြီးတစ်နိုင်ငံ Great country** ဖော်ပြထားကြောင်း အခြေပြ မြန်မာ့နိုင်ငံရေး သမိုင်း ပထမတွဲ စာမျက်နှာ ၂၃၄၌ ပြဆိုထား၏။

## ပြူလက်အောက်ခံ နိုင်ငံပေါင်း ၁၈ နိုင်ငံ

တရုတ်ဘာသာကျွမ်းကျင်သူ ပညာရှင် ဦးရည်စိန်ရေးသားခဲ့သော တရုတ် ထန်မင်းဆက်သမိုင်းသစ် လက်ရွေးစင်စာတမ်းများ စာမျက်နှာ ၂၆၀-၂၆၁-၂၆၂-၂၆၃-၂၆၄-၂၆၅ တို့တွင် သရေခေတ္တရာအကြောင်းစုံလင်စွာ ဖော်ပြထား၏။ ယင်းစာတမ်းအရ ၁၈ နိုင်ငံမှာ

၁။ ကျီးယားလော်ဖော်ထီ ကလသာပူရ တွံတေး

၂။ မော်လိ မလ္လိ (အိန္ဒိယ) *

၃။ ဝူးထာ့ ဩဒ္ဒ ဩရိသာ (အိန္ဒိယ)*

၄။ ကျီး ယားလီကျီး ကာလိကာဝရ်စာ (အိန္ဒိယ)*

၅။ မီချိန်၊ လဝီရ်မိင်၊ ဆင်ပင်လ်ယ်၊ တိုက်ကုလား၊ မွန်ပြည်နယ်။
၆။ ပန့်တိ ပန်းနိုင်၊ စူမတြကျွန်းမြောက်ပိုင်း၊ အင်ဒိုနီးရှား။*
၇။ ခွန်းလန့်င့်။ ကုရန်(င)၊ သံလွင်မြစ်ဝ။
၈။ ကျယ်နူး၊ တြင်လူ၊ မလေးကျွန်းဆွယ်၊ မလေးရှား။*
၉။ လော်ယွိယု– လုအက်၊ မလေးရှား။*
၁၀။ ဖော့တိုက်၊ သီရိဝိဇယ၊ အင်ဒိုနီးရှား။*
၁၁။ ချူလုန်၊ ပေနိဒကျွန်း၊ အင်ဒိုနီးရှား။*
၁၂။ ဖော်လီ– ဗာလီကျွန်း၊ အင်ဒိုနီးရှား။*
၁၃။ ကျဲထော် – ကေဒါတ် မလေးရှား။*
၁၄။ တူး– အောကွေး တကွာပါ။
၁၅။ မော်ယိ– မာအစ် ဖလစ်ပိုင်းကျွန်းစု။*
၁၆။ ရှဲဝေ့ သာဝတ္ထိ အိန္ဒိယ။*
၁၇။ ကျန်းဖော်၊ စမ္ပ အင်ဒိုနီးရှား။*
၁၈။ ရှယ်ဖော်၊ ဂျာဗား– အင်ဒိုနီးရှား။*

တို့ဖြစ်ကြသည်။ ခေတ်ပြိုင် တရုတ်မှတ်တမ်း ပါရှန်မှတ်တမ်းတို့အရ သရေခေတ္တရာနိုင်ငံတော်သည် ကေရာဇ်နိုင်ငံတော်အဆင့် တည်ရှိခဲ့ကြောင်း။ နိုင်ငံကြီးတစ်နိုင်ငံဖြစ်ကြောင်း ငြင်း၍ မရအောင် တွေ့ရှိရပါသည်။

အရှေ့တောင် အာရှနိုင်ငံများဖြစ်သော ဖိလစ်ပိုင်ကျွန်းစု မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့၏ မျက်မှောက်ခေတ် ဇရိယာအတော်များများသည် ပြူလူမျိုးတို့၏ အာဏာစက်အောက်ကျရောက်နေကြောင်းတွေ့ရသည်။ စိတ်ဝင်စားစရာအချက်မှာ အိန္ဒိယနိုင်ငံ၏ သာဝတ္ထိဒေသစသည်တို့သည် ပြူလက်အောက်ခံဖြစ်နေသည်ဆိုသည့် ဖော်ပြချက်ပင်ဖြစ်သည်။


## သရေခေတ္တရာကို စံနစ်ကျတည်ဆောက်ခဲ့

သရေခေတ္တရာ ပြူမြို့တော်သည် မြန်မာနိုင်ငံသို့ ဆင်းသက်အခြေချခဲ့ကြသော ဂူနေရှေးဦး မြန်မာတို့၏ ထင်ရှားသောမြို့တော်ဖြစ်သည်။ ရှေးဦး

မြန်မာကြီးတို့သည် မြန်မာ့မြေသို့ခြေချပြီးချိန်မှစ၍ တသုတ်ပြီး တသုတ် ဆင်းသက်လာခဲ့ပြီး ပြူလူမျိုးများအဖြစ် မြန်မာနိုင်ငံအနှံ့ခြေဆံ့ခဲ့ကြသည်။ နိုင်ငံအနှံ့ ရောက်လေရာအရပ်များတွင် အခြေချနေထိုင်ကြပြီး ပွင့်လင်းရာသီသို့လည်းရောက်ရှိနေသဖြင့် များများသွား များများလေ့လာသင်ယူခဲ့ရာ နှစ်ရာထောင်ကြာသောအခါ မြန်မာပြည်အနှံ့ မြို့ရွာများ တည်ထောင်နိုင်ခဲ့ကြသည်။ ပြူလူမျိုးတည်ထောင်ခဲ့သော လူနေမြို့ပြများတွင် သရေခေတ္တရာသည် အကြီးကျယ်ဆုံးဖြစ်သည်။ ပြူမြို့ပြနိုင်ငံတို့တွင် သရေခေတ္တရာသည် အစောဆုံး မဟုတ်ပေ။ သို့သော်လည်း ပြူလူမျိုးတို့၏ နယ်မြေချဲ့ထွင် တည်ဆောက်မှုကို အပြည့်အစုံဖော်ပြလိုသဖြင့် ပြူခေတ်လူသားတို့၏ အားအကောင်းဆုံး သရေခေတ္တရာကို ရွေးထုတ်ရခြင်းဖြစ်ပါသည်။

သရေခေတ္တရာသည် ပြူလူမျိုးတို့၏ အင်အားအမှန်ကို ဖော်ပြနိုင်သော မြို့တော်ဖြစ်သည်။ အထူးသဖြင့် ပြူလူမျိုးတို့၏ လက်အောက်ဩဇာခံ မြို့ရွာများ၏ အမည်ကို ပြည်တွင်းပြည်ပမှတ်တမ်းတို့ဖြင့် မှတ်တမ်းတင်နိုင်မည်ဖြစ်ပါသည်။ သရေခေတ္တရာသည် ခေတ်ပညာသတ်မှတ်ချက်အရ အေဒီ ၃ ရာစုမှ အေဒီ ၁၁ရာစုထိဟု ဆိုကြပါသည်။ မြန်မာ့မှတ်တမ်းအရ သာသနာတော်နှစ် ၆၀ ဘီစီ ၄၈၄ တွင်တည်ခဲ့သည်။

ထန်မင်းဆက်သမိုင်းသစ်အရ ပြူတို့နေရာပေါင်း ၂၉၈ နေရာ ပြူတပ် မြို့ ၉ မြို့၊ ထင်ရှားနေရာ ၃၂ ခု၊ လက်အောက်ခံနိုင်ငံပေါင်း ၁၈ နိုင်ငံရှိသည့် ဧကရာဇ်နိုင်ငံကြီးဖြစ်ခဲ့သည်။ ဘုရားရှင်ပွင့်တော်မူချိန်က ပြူလူမျိုးတို့ မြန်မာမြေသို့ ရောက်ရှိနေပြီဖြစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ် ၆၀ လောက်ကစ၍ နိုင်ငံတော်ပေါ်ပေါက်ခဲ့သည်။ လှံပျံတွင် စာဆွဲပြီး လှံထိုး တောင်သို့ တက်ကာ လှံလွှတ်သည်ရှိသော် မင်းတို့၏ ဦးခေါင်း၌ ကျအံ့သကဲ့သို့ တည်ရှိသည်။ ခေါင်းလောင်းကြီးစည်ကြီးတို့ဖြင့် အခွန်ကောက်ခဲ့သည်။ အရိန္ဒမာလှံ၊ နာဋ္ဌာဂီရိဆင်၊ သိန္ဓောဝလာဟကမြင်း စသည်ဖြင့် လက်နက် ကောင်း ဆင်ကောင်း၊ မြင်ကောင်း စစ်သူကြီး အမတ်ပညာရှင် စစ်အင်အားကောင်းလှသဖြင့် လက်အောက်ခံ ဩဇာခံနိုင်ငံများ ပေါ်များခဲ့သည်။ မြို့ဟောင်းကိုတူးဖော်ရာ သံခါးများ၊




တရုတ်ထန်မင်းဆက်သမိုင်းသစ်လာ သရေခေတ္တရာ
လက်အောက်ခံနိုင်ငံများကို ဖော်ပြထားသောမြေပုံ
(ဦးရည်စိန်၏ လက်ရွေးစင်စာတမ်းများ စာအုပ်မှ)

သံလုံများ၊ သံလက်နက်များ သံချောင်း သံချိတ် သံမယ်နကြီးများ၊ သံကိရိယာများကို ကောင်းစွာအသုံးချနိုင်သဖြင့် စစ်ရေးအင်အားကြီးမားခဲ့သည်။ စစ်ရေးစွမ်းရည် စည်းရုံးရေးစွမ်းရည်များ ကြောင့် နှစ်ပေါင်းများစွာထိန်းနိုင်ခဲ့သည်။

မြို့ရိုးတံခါးပေါက်တို့နှင့် တောင့်တင်းခိုင်မာသော မြို့တော်ဖြစ်သည်။ အမြင့် ၁၄ ပေ အကျယ် ၁၇ ပေခန့် ထုထည်ကြီးမားသော မြို့ရိုးဖြစ်ပြီး တချို့နေရာတွင် မြို့ရိုးနှစ်ထပ်တွေ့ရ၏။ တချို့နေရာတွင် မြို့ရိုးသုံးထပ်ပင် ရှိ၏။ မြို့ရိုးဝိုင်းကြီး၏ အပြင်ဘက်တွင် ဘောဘောကြီး စေတီ ဘုရားကြီးစေတီ၊ဘုရားမာစေတီ၊ ဘဲဘဲဂူဘုရား စေတီငယ်များ များပြားစွာရှိသည်။ ကြေး ဆင်းတုတော်များ ရဟန္တာသိမ်များဂူများ ကျောင်းများရှိသည်။ မြို့ဟောင်းရှိအဆောက်အအုံများ၊ ပြုအရိုးအိုးများ၊ ပြုပုတီးစေ့များ၊ လက်စင်ရာ အုတ်ချပ်များ များစွာတွေ့ရသည်။

ဗုဒ္ဓဘာသာကို သရေခေတ္တရာပြုများကိုးကွယ်ခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် စောစီးစွာရောက်ခဲ့သော်လည်း တွေ့ရှိရသော စာပေအရ ခရစ်နှစ် ၄– ၅ ရာစုဟု သတ်မှတ်ကြသည်။ ရွှေပေချပ် ၂၀ ပါ အက္ခရာများမှာ အိန္ဒိယတောင်ပိုင်း အန္ဓရဒေသရှိ ဝဂီပူရမြို့၊ အမရဝတီမြို့နှင့် နာဂဇွန်နကောဓမြို့ အက္ခရာများနှင့် တူကြောင်း ရွှေပေချပ် ၂၀ ပါ ပါဠိစာပေများက ဖော်ပြသည်။

လက်ရာမြောက်သော ကျောက်ရုပ်တုများ ရွှေဆင်းတု ငွေဆင်းတု ကြေးဆင်းတု ဖန်စိမ်ဆင်းတု ရွှေပြား ငွေပြား ရုပ်ကြွများ ရွှေငွေလင်ပန်း ကလပ်ခွက်ဖလားများ ငွေလှေငယ်များ စသည့် လက်ရာမျိုးစုံကို တွေ့ကြ ရသည်။ အဆင့်မြင့်လက်မှု ပညာရှင်များရှိနေပြီဖြစ်သည်။

ခရစ်နှစ် ၂ ရာစုခန့်က ဗြဟ္မီအက္ခရာ ပါဠိစာပေများရေးထားသော သံဃသီရိ ပါ ရွှံ့တံဆိပ်တုံးတွေ့ရသည်။ သင်္ချိုင်း ပြုကျောက်စာတို့ကိုလည်း တွေ့ရသည်။ ဦးခင်ဘကုန်းမှ ခရစ် ၄–၅ရာစု ရွှေပေချပ် ၂၀တွင် ဗုဒ္ဓပိဋကစာပေများ ကောက်နုတ်ချက်တွေ့ရသည်။ သရေခေတ္တရာ ရွှေတံခါးပေါက် မှ ခရစ် ၅–၆ရာစု သုံး တောင်ပိုင်းအက္ခရာဖြင့် မောရသုတ်

မင်္ဂလသုတ်ကျောက်စာ တွေ့ရသည်။ ကဒမ္ဗအက္ခရာ ပါဠိဘာသာဖြင့် ကောက်နုတ်စာ တွေ့ရသည်။

သရေခေတ္တရာမြို့ဟောင်းဘုရားကြီး စေတီ အနီးမှ တူးဖော်ရသော ဝိကြမမင်းများ အရိုးအိုးစာတွင် ပျူသက္ကရာဇ်ပါရှိ၏။ ရေးကသုံးခဲ့သော သက္ကရာဇ်ကို ဖြို၍ ခရစ်နှစ် ၆၃၈ မတ်လ ၂၂ ရက် တနင်္ဂနွေနေ့မှ သက္ကရာဇ်သစ်သုံးလာ၏။ ပြူတို့သုံးသော **ကိုယ်ပိုင် သက္ကရာဇ်နှင့် မြန်မာကောဇာ သက္ကရာဇ်တူသဖြင့် မြန်မာနှင့် ပြူလူမျိုးတူဖြစ်ကြောင်း သိရ၏။**

ပြူတို့သည် အိန္ဒိယ တရုတ်တို့နှင့် သွားလာ ဆက်သွယ်ကုန်သွယ်ကြ၏။ ချင်းတောင်တန်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံကာမရူပထိရောက်ခဲ့ကြောင်း တွေ့ရ၏။ **သရေခေတ္တရာ၏ လက်အောက်ခံ ကူးလူးဆက်ဆံသော နိုင်ငံ ၂၀ ကျော်ရှိ၏။ သာဝတ္ထိသည် ပြူတို့၏ လက်အောက်ခံဖြစ်၏။** ဂီတအနုပညာ ကိုလည်း အထူးတတ်ကျွမ်း၏။ အနုပညာကြေးရုပ်များက သက်သေဖြစ်၏။ တူရိယာပစ္စည်းအမျိုးပေါင်း ၃၂ မျိုး မှတ်တမ်းတင်ခဲ့သည်။

အနီရင့်ရောင်ပိတ်စုံများကို ဝတ်ဆင်ကြ၏။ ဒူးဖုံးချည်ပိတ်ပါးဝတ်ဆင်၏။ ချည်ပိတ်ပါးကို ပခုံးနှစ်ဖက်ပေါ်မှ ချိုင်းအောက်သို့ လျှိုလျှက် လွှမ်းရုံထား၏။ ကျောက်မျက်စီ ရွှေလက်ကောက်လက်ကျပ် ခြေကျင်းများ ဝတ်ဆင်၏။ ရွှေဦးပေါင်းကို ဆောင်း၏။ ရွှေနားဆွဲများ ဆွဲထား၏။ ပန်းပန်ကြ၏။ ဆံထိုးဆံညှပ်နှစ်ခု ပန်ဆင်၏။

ကကြသောအခါ တေးဂီတအလိုက် ၂ဦး ၄ဦး ၆ဦး ၈ဦး ၁၀ဦးထိ သံပြိုင်ဆိုကြ၏။ ညီညာစွာ အသံနိမ့်မြင့်ဆိုကြ၏။ လက်ကို ဖြန့်လိုက် စုလိုက် စည်းချက်ညီညီကကြ၏။ ကြေးကြိုးသားရေ လေလက်ခုပ်နိုင်နင်းကြ၏။ ထိုးကွင်းများကို ယောကျ်ားများထိုးကြ၏။ သံစဉ်ညီညာသဖြင့် အနုပညာအဆင့်မြင့်လှ၏ ဟု တရုတ်တို့ မှတ်တမ်းတင်ခဲ့၏။

သီချင်း ၁၂ ပုဒ်လုံး ဗုဒ္ဓဘာသာသီချင်းများ ဖြစ်၏။ **လက်ရှိ မြန်မာတို့၏ ဂီတသံစဉ်သည် ပြူတို့၏ ဂီတသံစဉ်နှင့် လုံးဝတူညီ၏။**

ဝိုင်းဝန်းသော မြို့ကို တည်ဆောက်၏။ မြို့ရိုးကို ပတ်၍ လျှောက်သော် တစ်ရက်ခရီးဖြစ်၏။ အပြာ အမည်း အစိမ်းရောင် အုတ်တို့ကို ပြုပြင်တည်

ဆောက်၏။ ကျုံးနှုတ်ခမ်းကို အုတ်ဖြင့်တည်ဆောက်ထား၏။ မြို့သားတို့ မြို့တွင်း၌ နေကြ၏။ ဘုရင့်နန်းတော်ရှေ့တွင် ရုပ်ပွားတော် တစ်ဆူရှိ၏။ ဉာဏ်တော်ပေ ၁၀၀ ကျော် တင်ပျဉ်ခွေပုံဖြစ်၏။ ဟီရိ ဩတ္တပ္ပကို အလေးထား၏။ စိတ်နေသဘောထားကောင်းမွန်၍ စကားနည်း၏။ ဗုဒ္ဓဘာသာတရားကို အလေးအနက်ခံယူကြ၏။ သတ်ဖြတ်မှုမရှိပေ။ ဗေဒင်ဆရာပေါ၏။ တရားရင်ဆိုင်လျှင် နှစ်ဘက်သားတို့ ရုပ်ပွားတော်ရှေ့၌ အမွှေးအကြိုင်များကို ထွန်းညှိပူဇော်ပြီး အမှားအမှန်စဉ်းစားဆင်ခြင်ရင်း နောက်ဆုတ်သွားကြ၏။ ကပ်ရောဂါဖြစ်စေ တိုင်ပြည်မအေးချမ်းလျှင်ဖြစ်စေ ဘုရင်သည် ရုပ်ပွားတော်ရှေ့၌ အမွှေးအကြိုင်ထွန်းညှိပြီး မိမိအပြစ်ကို ဆင်ခြင်ဝန်ခံရ၏။

ပေ ၁၀၀ အမြင့်ရှိသည့် ဆင်ဖြူတော်ရုပ်ရှိ၏။ ဗုဒ္ဓ ပဋိသန္ဓေတည်နေခြင်းအမှတ် လက္ခဏာဖြစ်၏။ ဆင်ဖြူတော် သပိတ် ကြာပန် အမှတ်သင်္ကေတများအဖြစ်ဖြင့် ဗုဒ္ဓကို ပူဇော်ကြ၏။ ပျူယောကျ်ားတို့ ပိတ်ဖြူပါးကို ဝတ်ကြ၏။ မိန်းမများမှာ ထိပ်တွင် ဆံထုံးခပ်မြင့်မြင့်ထုံး၍ ရွှေ ငွေ ပုလဲ တန်ဆာများပန်ဆင်ထား၏။ ထဘီပြာဝတ်ကြ၏။ ပခုံးမှာ ပိုးပဝါလွှမ်းခြုံထား၏။ ယပ်တောင်အမြဲကိုင်၏။ ချမ်းသာမြင့်မြတ်သူတို့ အမျိုးသမီး ၃ မှ ၅ ယောက်ထိ ယပ်တောင်ကိုင်ပေးကြရ၏။


မင်းကြီးမှာ မဟာရာဇ အမတ်ချုပ်ကြီးမှာ မဟာသေန ဖြစ်၏။ ရွှေဝေါတော်စီးကြ၏။ ခရီးဝေးသွားလျှင် ဆင်စီး၏။ မိဖုရား ၁၀၀ ကျော် အမြဲရှိ၏။ မြို့ရိုးတံတိုင်းအတွင်း၌ သောင်းပေါင်းများစွာသော မိသားစုနေကြ၏။ ဗုဒ္ဓ ဘာသာဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၀ ကျော်ရှိ၏။ ကျောင်းပရဝုဏ် အစအခန်းများပါ ရွှေငွေမွမ်းမံ၍ အနီအဝါ တောက်ပသော ဆေးများခြယ် ထား၏။ ရွှေခြည်ထိုးကော်ဇောများလည်း ခင်းထား၏။ မင်းကြီး၏နန်းတော်လည်း ထိုအတိုင်းပင်ဖြစ်၏။ အသက် ၇ ပြည့်လျှင် ယောကျ်ားလေးများဆံရိတ်၍ ဘုန်းကြီးကျောင်းတွင် နေရသည်။ အသက် ၂၀ ပြည့်လျှင် ရဟန်းဝတ်ရ၏။ မဝတ်လိုလျှင်ဆံပင်ရှည်ထားပြီး လူထွက်ကြ၏။ ပိုးကောင်များ သတ်၍ ယက်လုပ်သော ပိုးထည်ကို မဝတ်ကြပေ။ ထန်မင်းဆက် ရာဇဝင်အတွင်း တံခါး ၁၂ ပေါက်ရှိ၍ မြို့ရိုးထောင့်လေးထောင့်၌ စေတီများရှိ၏။ အိမ် များကို

သစ်ဖြင့်ဆောက်လုပ်ကြ၏။ အိမ်အမိုးကို ခဲပြား ခဲမဖြူ (သံဖြူ) ပြားများ ဖြင့် မိုးကြ၏။ တွေ့လျှင် လက်ကိုင်နူတ်ဆက်ကြ၏။ ဦးညွှတ်၍ ဂါရဝပြုကြ၏။ အမဲဆီနှင့် ဆီမရှိသဖြင့် ပျားဖယောင်းကို အမွှေးနံ့သာရော၍ ထွန်း၏။ ငွေဒင်္ဂါး ပြားများသုံး၏။ ချည်ထည်မည်းပြာထဘီဝတ်၍ ပိုးပဝါများကို ခြုံ၏။

ပြူမြို့ပြဒေသများနှင့် သရေခေတ္တရာလက်အောက်ခံပြူမြို့ပြဒေသများ ဟု သတ်မှတ်ရာ၌ ပြူလက်စင်းရာအုတ်များ၊ ပြူပုတီးစေ့များ၊ ပြူဒင်္ဂါးများ၊ ပြူအရိုးအိုးများ၊ ပြူကျောက်စာများ၊ ပြူဗိသုကာပန္နက်ပုံများ စသည့် အထောက် အထားများကို လေ့လာတိုက်ဆိုင်ကြည့်ရ၏။ အိန္ဒိယနှင့် နီပေါတွင် ဂေါတမ ဗုဒ္ဓ၏ ဆိုင်ရာဒေသအသီးသီးမှ အသောကမင်းကြီးခေတ် ဘီစီ ၃ ရာစု ဟု ယူဆရသော လက်ချောင်းရာ အုတ်ကြီးများကို တွေ့ခဲ့ရသဖြင့် ပြူဒေသနှင့် နီးစပ်မှုရှိသည်ဟု သတ်မှတ်ခဲ့ကြသည်။

သရေခေတ္တရာခေတ်သည် ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ရောက်ရှိ သောအချိန်ဖြစ်သည်။ အိန္ဒိယတွင် ဘီစီ ၆ ရာစုတွင် ရှင်တော် ဗုဒ္ဓ ပွင့်တော် မူချိန်မှစ၍ မြန်မာသို့လည်း ဗုဒ္ဓသာသနာတော် ရောက်ရှိခဲ့သည်။ သို့သော် လည်း ထိုအချိန်သည် စာပေ ယဉ်ကျေးမှု ထွန်းကားချိန် မဟုတ်သေးသဖြင့် ထိုခေတ်လူတို့သည် ဗုဒ္ဓဝါဒကို စိတ်ထဲမှာသာ ကိုးကွယ်ခဲ့ကြသည်။ သာသနာ တော်နှစ် ၁၀၀ ဝန်းကျင်တွင် အိန္ဒိယ၌ မဟာယာနဂိုဏ်းကွဲတို့ လှုပ်ရှားချိန် ဖြစ်၍ မဟာယာနဝါဒနှင့် ဗြာဟ္မဏဝါဒတို့ မြန်မာပြည်ဘက်သို့ ရောက်လာ စ ပြုခဲ့သည်။ သာသနာနှစ် ၂၃၅ တွင် အသောကမင်းကြီး တတိယသင်္ဂါယ နာတင်ပြီး ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်ခဲ့သည်။ သထုံသို့လည်း သာသနာရောက်ခဲ့သည်။ အရှင်သောနနှင့် အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသထုံ သို့ သာသနာပြုကြွခဲ့ကြသဖြင့် ပြူမွန်မြန်မာပြည်သားတို့ ဗုဒ္ဓဘာသာဖြစ်လာ ကြသည်။ ဗြဟ္မီအက္ခရာရေး ပါဠိစာပေတို့ရောက်လာသည်။ ဆက်ကာဆက်ကာ သာသနာပြုကုန်သည်များ ရောက်လာကြသဖြင့် သရေခေတ္တရာနိုင်ငံတော် သည် ဗုဒ္ဓဘာသာစုဝေးရာနိုင်ငံတော်ဖြစ်လာနေလေသည်။

ဟန်လင်းမြို့ဟောင်းမြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ။




ဟန်လင်းမြို့ဟောင်းမြေပုံ

## ပဉ္စမပိုင်း

### မြန်မာနိုင်ငံအနှံ့သို့ ပြူမြို့ပြနိုင်ငံများ ကျယ်ပြန့်လာခြင်း

ပြူလူမျိုးတို့သည် ဂူနေဘဝမှ မြန်မာပြည်အရပ်ရပ်သို့ ပျံ့နှံ့ခဲ့ရာ လွန်ခဲ့သော အနှစ် ၅၀၀၀ နှင့် ၆၀၀၀ ကြားသည် ပြူမြို့ပြနိုင်ငံအကြီးအသေးတို့ ပေါ်ထွန်းလာသည်။ ထိုအထဲတွင် သရေခေတ္တရာ ပြူမြို့ပြနိုင်ငံသည် အတိုးတက်ဆုံး အထင်ရှားဆုံး အကျယ်ပြန့်ဆုံးနိုင်ငံဖြစ်၍ ခါးလယ်လောက်က ဖောက်၍ တင်ပြခဲ့သည်။ သရေခေတ္တရာအထက်တွင် ပြူမြို့ပြနိုင်ငံလေးများ အစီအရီပေါ်ထွန်းခဲ့သည်။ နမူနာပုံစံအဖြစ် ရွေးဦးတင်ပြပါသည်။

### ပြူလူမျိုးတို့၏ ဟံသာနဂရမြို့တော် (ဟန်လင်း)
### (ဘီစီ ၂ ရာစုမှ အေဒီ ၁၀ ရာစု)

ပြူခေတ်ကို ကြေးခေတ်နောက်ပိုင်း သံခေတ်တွင်မှ ပြူမြို့ပြနိုင်ငံများ ပေါ်ထွန်းခဲ့သည်ဟု မြေပြင်တွေ့ရှိရသော အထောက်အထားအရ သတ်မှတ်ခဲ့သည်။ ဟန်လင်းမြို့ပြဟောင်းကို ပညာရှင်များ၏ တူးဖော် သုတေသနပြုချက်အရ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်သော Semil Fossilized လူအရိုးစုများအပါအဝင် အခြားအရိုးစုများကို မြေလွှာလေ့လာမှုအရ မြေအနက်၁၆ပေမှာတွေ့ရသော လူအရိုးစုသည် နှစ်ပေါင်း ၅၀၀၀ ကျော် ကာလအထက် က ဖြစ်မည်။ မြေအနက် ၁၃ – ၁၁ ပေကြားတွေ့ရသော လူအရိုးစုသည် နှစ် ၅၀၀၀ ဝန်းကျင်ခန့်ကဖြစ်သည်။ မြေအနက် ၈ ပေ နှင့်ရပေကြားမှ လူအရိုးစုသည် နှစ်၄၀၀၀ခန့်က ဖြစ်မည်ဟု ခန့်မှန်းခဲ့ကြသည်။

ကျောက်ခေတ်ကြေးခေတ်ကတည်းက ပြူတို့ အခြေချနေထိုင်ခဲ့ကြကြောင်း နောက်မှ မြို့ပြနိုင်ငံယဉ်ကျေးမှုထွန်းကားလာကြောင်း ခန့်မှန်းကြသည်။ ဟန်လင်းတူးဖော်မှု ကုန်းအမှတ် ၂၈–၂၉–၃၀ တို့က သမိုင်းမတင်မီကာလ ကျောက်ခေတ် ကြေးခေတ် သံခေတ်များမှ မြို့ပြ ယဉ်ကျေးမှု ထူထောင်ခဲ့သည်။ ပြူခေတ်တိုင်အောင် ယဉ်ကျေးမှု အစဉ်အဆက် စီဆင်းခြင်းကို သက်သေအခိုင်အမာပြနိုင်ခဲ့သည်။ အရိုးစုများ ပုတီးစေ့များ လက်ဝင်းရာအုတ်များ၊ သင်္ချိုင်းများ အထောက်အထားများအရ ပြူမြို့ပြနိုင်ငံ မြို့တော်အဖြစ် ဖော်ပြနေသည်။

ဟန်လင်းမြို့ဟောင်းနေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော် ကာလအထက်ကတည်းကပ် နေထိုင်ခဲ့သူများ၏ သင်္ချိုင်းရာများက ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်နေသူများသည် ဟန်လင်းမြို့ပြ အနီး အဆက်မပြတ်နေခဲ့သော ရှေးဦးပြူလူမျိုးတို့သာ ဖြစ်ကြောင်း အထောက်အထားခိုင်မာစွာ တွေ့ရှိရခြင်းဖြစ်သည်။ ဤတွေ့ရှိမှုသည် မြန်မာနိုင်ငံ အတွင်းသို့ ပြူလူမျိုးများသည် တခြားတစ်နေရာမှ ဒေသခြားလူမျိုးခြားများ ဝင်ရောက်လာခြင်းမဟုတ်ကြောင်း ဟန်လင်းမြို့ပြဒေသတွင် ပြူလူမျိုးများ စဉ်ဆက်မပြတ် နေထိုင်ခြင်းကို ဖော်ပြနေသည်။

ကျောက်ခေတ်ဟောင်း ကျောက်ခေတ်သစ် ပြဒါးလင်းဂူတွင် နေထိုင်သူများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ ကျော် အထက်ကတည်းက အစဉ်အဆက်မပြတ်နေထိုင်ရင်း ပင်လယ်ပြူမြို့ဟောင်းကို တည်ထောင်ခဲ့သည်။ နောက်တွင် ဟန်လင်းပင်လယ်၊ ဗိဿနိုးတို့ကို တည်ထောင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဟန်လင်းမြို့ဟောင်းသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မြောက်ဘက်တွင် တည်ရှိသည်။ သားကြီးရတနာသုနနေသော အပ်ရန္တတိုင်းဖြစ်၍ သုနာပရန္တဟုခေါ်ခဲ့သည်။ ရောဝတီမြစ်၏ အနောက်ဘက်အရပ်သည် တမ္ဗဒီပတိုင်းဟု ထွင်၏။ မနူဗိန္ဒသမတမင်းကြီးသည် ဟံသာနရမည်သော ဟန်လင်းမြို့တော်ကို တည်ခဲ့သည်ဟုဆိုကြ၏။ သာခြင်းဆရာ ဦးအောင်ဖြိုး၏ ဟန်လင်းသမိုင်းတွင် မဟာသမ္မတမင်း၏ သားတော်လတ် ကရဘော်မင်းသား

တည်သည်။ မင်းဆက် ၇၉၉ ပါးရှိ၏။

ခေတ်သစ်ပညာရှင်တို့က ဟန်လင်းမြို့တော်သည် အေဒီ ၁ ရာစုမှ ၈-၉ ရာစုထိ တည်ရှိခဲ့သည်ဟု ဆိုကြ၏။ ကာဗွန်စစ်ဆေးချက်အရ ဘီစီ ၁ ရာစုမှ စတင်တည်ခဲ့သည်ဟုဆိုကြ၏။ ဘီစီ ၂ ရာစုဟုလည်း ဆိုကြပြန်၏။ မြောက်ဘက်အကျဆုံး ပြူမြို့တစ်ခုဖြစ်၏။ နှစ်ပေါင်း ၅၀၀ကျော် စည်ကားခဲ့သည်။ ဗုဒ္ဓရုပ်ပွား ရုပ်ကြွတစ်ခုနှင့် ပြူစာပေများ တွေ့ရှိရသောကြောင့် သရေခေတ္တရာနှင့် ခေတ်ပြိုင်ဟု ပြောကြ၏။

ဟန်လင်းမြို့ရိုးအတွင်း အလယ်တွင်နန်းတော်ရာ အုတ်ရိုးတစ်ထပ် တည်ရှိနေသည်။ မီးလောင်ထားသည့် သစ်သားတိုင်အခြေပိုင်း ၅၈တိုင် လေးတိုင်တစ်တန်းကျတွေ့ရှိသည်။ နန်းတော်များကို သစ်သားများဖြင့်သာ တည်ဆောက်သဖြင့် ယခုမတွေ့နိုင်တော့ဟု ယူဆရသည်။ လက်စင်းရာ အုပ်ချပ်ကြီးများ၊ အရိုးအိုးများ တွေ့ရသည်။ အရိုးအိုးဓလေ့သည် ပြူလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ရှေးဟောင်းမြို့ပြများကို တူးဖော်ရာ အရိုးအိုးဓလေ့မရှိကြောင်းတွေ့ရသည်။ အိန္ဒိယတွင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်များကိုသာ အိုးအမျိုးမျိုးနှင့် စတူပါငယ်များတွင် ထည့်၍ စေတီ တည်ထားခြင်းသာရှိသည်။ ပြူမြို့တိုင်းတွင် တွေ့ရသော ဟန်လင်း ဗိဿနိုး မြို့ဟောင်း အရိုးအိုးဓလေ့နှင့် ထပ်တူထပ်မျှ တူညီကြသည်။ အရိုးအိုး အသောက်အဦးပုံသဏ္ဌာန်အရဆိုလျှင် ဟန်လင်းနှင့် ဗိဿနိုးသည် ခေတ်ပြိုင် ဖြစ်နိုင်လောက်သည်။

ဟန်လင်းတွင်တွေ့ရသော အိုးခွက်ပုံသဏ္ဌာန်အရ သံခေတ် ကြေးခေတ် ကျောက်ခေတ်သုံးသဏ္ဌာန်များနှင့် တူညီနေသဖြင့် ကျောက်ခေတ် ကြေးခေတ် သံခေတ် ပြူမြို့ပြခေတ်တို့ တစ်ဆက်တည်းဖြစ်ကြောင်း အထောက်အထားခိုင်မာစွာ တွေ့ရခြင်းဖြစ်သည်။ ဟန်လင်းတွင် တွေ့ရသော ပုတီးစေ့များမှာလည်း ကျောက်ခေတ်က စခဲ့သော အထောက်အထားဖြစ်ကြောင်းတွေ့ရသည်။ အဆက်ပြတ်မှုမရှိခဲ့ပေ။ ကော်ပုတီးစေ့များစွာတွေ့ရသလို ရွှေပုတီးစေ့များမှာ ကွမ်းသီးလုံးခန့်အရွယ်ရှိသည်။ ရွှေပုတီးစေ့ အပြားအဝိုင်းလေး ၁၀၆ ထိ တွေ့ရှိခဲ့ရသည်။

ပြူကျောက်စာကိုလည်း တွေ့ခဲ့ရသည်။ ခရစ်နှစ် ၄ ရာစုထက် စောသည်ဟု သတ်မှတ်ကြသည်။ ဒယာဒါနံဘွဲ့အမည်ဟု လေးထောင့်အက္ခရာ ကျောက်တံဆိပ်ရာလေး တစ်ခုတည်း တွေ့ရသည်။ ခရစ်နှစ် ၅ ရာစုဟု ခန့်မှန်းကြသည်။ ဟန်လင်းတွင် တွေ့ရသော **ဟန်လင်းကြီးမြို့သချိုင်း ပြူစာမှာ ခရစ်နှစ် ၄ရာစုက ဟုခန့်မှန်းကြသည်။ အိန္ဒိယနိုင်ငံတွင် ဘီစီ ၃ရာစုနှင့် အေဒီ ၂ ရာစုအတွင်းက သုံးခဲ့သော ပြဟ္မီအက္ခရာတို့နှင့် တူသည်။ မြန်မာ နိုင်ငံတွင် စာပေအထောက်အထားအနေဖြင့် အစောဆုံးတွေ့ရှိရာ နေရာမှာ ဟန်လင်းမြို့ဟောင်းဖြစ်သည်။ စာပေသည် နိုင်ငံတစ်ခုတည်ထောင် တိုးတက်မှုရှိရန် အချက်အလက်ပင် ဖြစ်သည်။ စာပေရှိ၍သာလျှင် မြို့ပြများ တိုးတက်မှုလျင်မြန်လာခြင်းဖြစ်သည်။ ဟန်လင်းမြို့ဟောင်းတွင် အစောဆုံး ပြူကျောက်စာကို တွေ့ရှိရသဖြင့် ယဉ်ကျေးမှု ပထမဆုံး စတင်ရာလည်း ဖြစ်နိုင်သည်။**

မြန်မာနိုင်ငံ အလယ်ပိုင်း မလှိုင်မြို့နယ်၊ မြင်းဦးလှည့်မြောက်ကျေးရွာမှ ရရှိသော ကလပ်အိုးအခြေတွင်ရှိသော စာများနှင့် လျှော်ပင်ကျေးရွာမှ ရရှိသော မြူအိုးများပါ ရှေးစာများသည် မြန်မာနိုင်ငံတွင် **အစောဆုံးတွေ့ရှိရသော စာပေအထောက်အထားများဖြစ်သည်။** ယင်းမြင်းဦးလှည့် ဒေသသည် ကြေးခေတ်နှင့် သံခေတ်ဦးကာလကတည်းက ယဉ်ကျေးမှု ထွန်းကားသော ဒေသများဖြစ်ပါသည်။ ဒီလိုဆိုလျှင် မြန်မာနိုင်ငံတွေ **ကြေးခေတ်နှင့် သံခေတ်ဦးကာလကတည်းက စာရေးတတ်နေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။** ထိုဒေသများသည် ဟန်လင်းမြို့ဟောင်းနှင့် ယဉ်ကျေးမှုဓလေ့များ ဆက်စပ်နေကြောင်း တွေ့ရှိရသဖြင့် ဟန်လင်းတွေ့ စာရေးနည်းအတတ်ပညာသည် စမုံမြစ်ဝှမ်း ယဉ်ကျေးမှုဒေသမှ ရရှိကြောင်း ယူဆရပါသည်။

ဟန်လင်းမြို့ပြကို စတင်တည်ထောင်စဉ်မှာ စာပေအရေးအသား အတတ်ပညာကြောင့်သာဖြစ်ကြောင်းတွေ့ရပါသည်။ **ဟန်လင်းမြို့တော်မှ စာရေးသားခြင်း အတတ်ပညာသည် အခြားပြူမြို့ပြများသို့လည်း ရောက်ရှိသွားပြီး ပြူစာပေသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရောက်ရှိ ဖွံ့ဖြိုး တိုးတက်လာခြင်းဖြစ်ကြောင်း ယူဆရပါသည်။** ဟန်လင်းတွင် ရွှေလက်စွပ်

ရွှေပြား ရွှေ ပုတီးစေ့များ ငွေဖလားတစ်လုံးရခဲ့သည်။ မှန်(ကြေးမုံ) အပိုင်းချပ် ၃ ချပ် တွေ့ရသည်။ ကြေးလယ်ကောက်၊ ကြေးအိုးတွေ့ရ၏။ ငွေထည်ဖလား ပန်းကန်ပုံငွေခွက်၊ ငွေဖွန်း ပြူအက္ခရာပါ ငွေထည့်ဖလား အဖုံး၊ ငွေခွက်၊ ငွေဖွန်းကြီးလတ်တို့မှာ **ဘီစီ ၅ ရာစုခန့်မှ ငွေထည်ပစ္စည်းများ ဖြစ်သည်။** ဟန်လင်းကြီး မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သော ကာလက နန်းတွင်းသုံး ပစ္စည်းများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ပြူအက္ခရာစာများပါ ပါရှိသည်။ ငွေခွက်ပါစာတွင် မင်းနှစ်ပါး၏ အမည်ပါရှိ၏။ ထို့ကြောင့် ဟန်လင်းတွင် လက်မှုပညာရှင်များ စာပေအတတ်ပညာရှင်များ ရှိနေပြီဖြစ်ကြောင်း သိနိုင်သည်။


ဟန်လင်းမှ သီရိဝစ္ဆအတွင်း ခရသင်း ခရသင်းအောက် ဗိန္ဒုပြောက် ၁ ခု၊ ၃ ခုပါ ငွေဒင်္ဂါး၊ ကျောဘက်တွင် ဘဒ္ဒပီဌ နှင့် ထိပ်တွင် ဗိန္ဒုပြောက် ဒင်္ဂါးအစွန်း ပတ်လည်တွင် ဗိန္ဒုပြောက်ခြယ်လှယ်ထားသော ဒင်္ဂါးများ တွေ့ရ၏။ ပင်လယ် (မိုင်းမော) နှင့် သရေခေတ္တရာ ဒင်္ဂါးပုံတို့နှင့် တူနေ၏။ ဟန်လင်းတွင် ဝိကြမမင်းများ အုပ်စိုးခဲ့ကြောင်း ကျောက်စာတွေ့ရ၏။ သရေခေတ္တရာမှာလည်း ဝိကြမမင်းများ အုပ်ချုပ်ခဲ့ကြောင်း ကျောက်စာ တွေ့ရသည်။

ဇမ္ဗူ့ကျွန်ချာကျမ်းတွင် ဟန်လင်းအမည်ကို ဟံသာဝတီ မဇ္ဈိမ ဟံသာနဂရ ဂါမာဝတီ ဟန်လင်းမခေါက် ဟန်လင်းဟု ခေါ်တွင်ခဲ့၏။ ပြည်တွင် အစကား ပြူတို့ မင်းပြု၏။ အဦးကား ပြူမင်းရာထောင်က မင်းပြု၏။ သည်နောက် ပြူမင်းက ကတြဲမင်းပြု၏။ နောက်ကား ပြူမင်းဗန္ဓဝမင်းပြု၏။ မင်းဆက် ၈၀၀ ဖြစ်၏။

ဟန်လင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်မှု ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရ၏။ **စေတီပုံ သဏ္ဌာန်အိုးအဖုံးတစ်ခု တွေ့ရသဖြင့် သိရသည်။ တွေ့ရှိရသော အိုးအဖုံးတွင် ပစ္စယံ ကြာမှောက် ကြာလှန် ခေါင်းလောင်း ဖောင်ရစ် ရှစ်မြှောင် တုံးအထွတ်ပါသော စေတီပုံဖြစ်၏။**

ဟန်လင်း ပြူမြို့ပြနိုင်ငံတော်သည် ပထမတွင် ကိုယ်ပိုင် သီးခြား လွတ်လပ်သော မြို့ပြနိုင်ငံဖြစ်ခဲ့၏။ သရေခေတ္တရာ အင်အားကြီးမားလာချိန်

ဟန်လင်းကြီးမြို့ သချိုင်းစာ – ပျူ
ခရစ်သက္ကရာဇ် ၄-ရာစု



ဟန်လင်းမြို့ဟောင်းတွင် တွေ့ရှိရသော
အစောဆုံး ပျူကျောက်စာ

ဟန်လင်းဦးစံငြိမ်းကုန်းမှ ရရှိသောကျောက်စာသည် သင်္ချိုင်းကျောက်စာမဟုတ်ဘဲ ပျူစာသာဖြစ်ကြောင်း ပညာရှင်များကဖော်ပြထားကြောင်းတွေ့ရှိရပါသည်။ ပျူစာပေပညာရှင်ဆရာကြီး ဦးသာမြတ်က ခရစ်နှစ် ၄ရာစု ကရေး ဟန်လင်းကြီးမြို့သချိုင်းပျူစာဟု ဖော်ပြထားပါသည်။ ယင်းပျူစာဘာသာပြန်မှာအောက်ပါအတိုင်းဖြစ်ပါသည်–[၁]

ဗံး ဒ့ ဝိ တိ ဣ ဥ သး န ကော ဥ ဣ
ယံ ဝ ယ က န
ဗံး တု ဗ ဟိ ဥ တု ယံ ·၊ · ၊ ရ
ဥ ပ မ


မြန်မာဘာသာပြန်

မြတ်သောဒဝိန်တိန်မြန်၏သား၊ နဂုကနော၏မြေး၊ မြတ်သောတုဗဟိ၏အဆောက်အအုံ။

ဟန်လင်းသချိုင်းပျူကျောက်စာကို ဆရာကြီးအောင်သိန်းက ဤကျောက်စာသည် ရှေးအကျဆုံးသောပျူ သချိုင်းကျောက်စာဖြစ်သည်ဟု သုတေသီတို့က ခန့်မှန်းသည်။ ဟန်လင်းသချိုင်းစာသည် အေဒီ ၄-၅ရာစုဟုခန့်မှန်း သည်။ အက္ခရာနှစ်မျိုးနှစ်စားပါဝင်သည်။

၁ သာမြတ်၊ ဦး၊ ပျူဖတ်စာ၊ ရန်ကုန်၊ နေရှင်နယ်ပုံနှိပ်တိုက်၊ ၁၉၆၃၊ စာ-၂၁။
(နောင်ကိုးကားလျှင် ပျူဖတ်စာ ဟုညွှန်းမည်)

ဗိဿနိုး မြေပုံ၊ ဓာတ်ပုံ၊ ရုပ်ပုံများ။




ဗိဿနိုးမြို့ဟောင်းမြေပုံ။
(တောင်တွင်းလှဖေ၏ ဗိဿနိုး၊ ရန်ကုန် ရွှေမြို့တော်ပုံနှိပ်တိုက်၊ ၁၉၆၂၊
စာမျက်နှာ ၄၁-၂မှ ကူးယူဖော်ပြသည်။)
(မူရင်းစာလုံးပေါင်း သတ်ပုံတိုင်း)

တွင် သရေခေတ္တရာလက်အောက်ခံ တပ်မြို့ဖြစ်လာ၏။ ဘီစီ ၂ရာစုမှ အေဒီ ၁၀ ရာစုထိ မြို့သက်ရှည်ခဲ့သည်။ ဆက်လက် တူးဖော်ပါမူ သည်ထက် ရှေးကျသည့် အထောက်အထားများကို တွေ့မည်ကေန်ဖြစ်၏။

## ဗိဿနိုး ပြူမြို့တော်
## (ဘီစီ ၂ ရာစုမှ အေဒီ ၉ ရာစု)

ပြူမြို့ပြနိုင်ငံများတွင် ရှေးကျမှုအထောက်အထား ခိုင်မာသော မြို့ပြမှာ ဗိဿနိုးမြို့ဟောင်းဖြစ်သည်။ **တောင်တွင်းကြီးမြို့အနောက်ဘက် ၁၂ မိုင်ခန့် အကွာ မကွေးတောင်တွင်းကြီးသွား ကားလမ်းမပေါ်ရှိ ကုက္ကိုခွရွာအနီးတွင် တည်ရှိသည်။** ဗိဿနိုးမြို့ဟောင်းသည် ဧရာဝတီမြစ်ကြီး၏ မြစ်လက်တက် ယင်းချောင်း၏ အနောက်ဘက်စွန်းတွင် တည်ရှိသည်။ လူအများနေထိုင်စဉ် လယ်ယာစိုက်ပျိုးရေးပေါ်ခဲ့၏။ ခရစ်မပေါ်မီ ဘီစီ ၂ ရာစုတွင် ပေါ်ခဲ့သော တရုတ် အိန္ဒိယ ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင် မြို့တည်ရှိ၍ စီးပွားရေး ဖွံ့ဖြိုးခဲ့၏။

ဗိဿနိုးမြို့ဟောင်းအမည်ကို ဗိဿနိုး ဗိဿဏိုး (ဝိဏ္ဍု) ပန်ထွာပြည် စသည်ဖြင့် ခေါ်ခဲ့၏။ မြန်မာရာဇဝင်တွင် မပါခဲ့ဟု တွေ့ရ၏။ ခေတ်ပြိုင် ပန်ထွာပြည်၊ သရေခေတ္တရာပြည်၊ ဗိဿနိုးပြည်၊ ကျောက်စကားအရပ်၊ ရာမညတိုင်း၊ တလိုင်းပြည့် ကမ်းယံပြည်၊ ရခိုင်ပြည်၊ သက်တိုင်းပြည်တို့ရှိခဲ့၏။ ယခုအခါ ပန်ထွာပြည်နေရာပင် မသိတော့။ နှစ်ပေါင်း ၂၀၀၀ကျော်က သီခြားပြည်ဖြစ်ခဲ့သည်။ ဗိဿတိုးမြို့မှာ တောင်တွင်းကြီးမြို့အနီးရှိ မြို့ဟောင်းဖြစ်၏။ ဗိဿဏိုးမင်းသမီးကိုဒွတ္တပေါင်မင်းက အလယ်နန်း မိဖုရားထားသည်ဟု ဆို၏။ ဗိဿနိုး/ဗိဿတိုးမှာ မဟာသမ္ဘဝစူဠသမ္ဘဝမင်းညီနောင်ကို မျက်စိမြင်အောင် ကုသပေးသော စန္ဒမုခီဘီလူး၏သမီးကို ဆိုလိုသည်ဟု ဆို၏။ နောင်တွင် ဗိဿဏိုး သတိုးသမီးဘခင်သေ၍ မင်းလုပ်၏ဟု ဆိုခဲ့၏။

မှန်နန်းရာဇဝင်မူကား သား ဗိဿနိုးကိုယူ၍ စန္ဒမုခီဘီလူးမသည် ပုပ္ပါးအရပ်မှာ ရွာပြုနေ၏ဟု ဆို၏။ တောင်တွင်းကြီးမြို့သမိုင်းတွင် ဗိဿဏိုးမြို့သို့ ဒွတ္တပေါင်မင်းကြီး ၁၀၃ ခုနှစ် ခရစ်မပေါ်မီ ၄၄၁ တွင် သွားရောက်

တိုက်ခိုက်အောင်မြင်၍ ဗိဿတိုးမင်း မိန်းမကို ယူ၍ နန်းတင်သည်ဟုဆို၏။ ဂုဂ်ခေတ် ခရစ် ၁၀၉၃ထိုး ပြည်ရွှေဆံတော် မွန်ကျောက်စာတွင် ဗိဿျုဟု ရေး ရေးထိုးထား၏။ မြန်မာအဘိဓာန်က ဗိဿနိုး ဟိန္ဒူနတ်ကြီးတစ်ပါး (သ၊ ဗိဿနု)ဟုဖော်ပြထား၏။

တောင်တွင်းကြီး ရာဇဝင်သစ်တွင် ဗိဿနိုး နတ်မင်းကြီးက သာသနာ တော်နှစ် ၁၀၁ ခုနှစ် တပေါင်းလပြည့်နေ့တွင် ပြည်အင်္ဂါ ၇ ပါးနှင့်ညီသော မြို့ထီးနန်းကို ဖန်ဆင်း၏။ ဗိဿနိုး နတ်မင်း ဖန်ဆင်းသော မြို့တော်ဖြစ်၍ ဗိဿနိုးမြို့ဟု သမုတ်တော်မူ၏။

သမိုင်းပညာရှင် ဦးရည်စိန်က ဘီစီ ၂ ရာစုတွင် ဗိဿနိုးမြို့သည် တရုတ် အိန္ဒိယကုန်း ကမ်းလမ်းပေါ်တွင် တည်ရှိ၏။ အိန္ဒိယသားတို့သည် အာသံကို ဖြတ်၍ ပြူဒေသသို့သွားရ၏။ ဗိဿနိုးကို ပြူခေါ်သည်။ အိန္ဒိယသားတို့က ဘီစီ ၂ ရာစုအခါက ပြူဒေသကို ပုဂံမခေါ်၏။ ပုဂံမသည် ထိုခေတ်အခါက ပြူတို့နေရပ် ပြူအချက်အချာဒေသဖြစ်သည်။ ဗိဿနိုးမြို့ ဖြစ်လေသည်ဟု ဆို၏။

ဗိဿနိုးမြို့ဟောင်း မီးသွေးစုကို ရေဒီယိုကာဗွန်ဓာတ်ခွဲစမ်းသပ်နည်း အရ ဓာတ်ခွဲကြည့်ရာ ဘီစီ ၂ ရာစုဟုခန့်မှန်း၏။ အုတ်မြို့ရိုးထုတည် ၈ ပေ ကျယ်၏။ မြို့ပေါက် ၂ ပေါက်တွင် မြို့ရိုးတံတိုင်းနှင့် ကတုတ်များရှိ၏။ မြို့ ဝင်ပေါက်လမ်းမှာ ၁၅ ပေမှ ၂၀ ပေ ထိကျယ်၏။ သစ်သားတံခါးကြီး တစ်ခု စီရှိ၏။ သံဆုံလည် တပ်ဆင်၍ ဖွင့်ပိတ်ရ၏။ စုစုပေါင်းတံခါး ၁၂ပေါက်ရှိ၏။ မြို့ကို အုတ်တံတိုင်း မကာမီကပင် မြို့အဖြစ် တည်ဆောက်ခဲ့၏။ မြို့ရိုး တံတိုင်းနှင့်အတူ နန်းတော်ရာ အုတ်မြို့ရိုးတံတိုင်းလည်းတွေ့ရ၏။ လေး ထောင့်ပုံမြို့ရိုးရှိသော ဟန်လင်း နှင့် ဗိဿနိုးတို့သည် အဝိုင်းပုံရှိသော ပင်လယ်နှင့် သရေခေတ္တရာမြို့တို့ထက် ခေတ်ကာလစောကြောင်း တွေ့ရ၏။ အလျား ၉၈ ပေ ၆ လက်မ၊ အနံ ၃၄ပေ ၈ လက်မရှိ အဆောက်အဦးကြီး တွေ့ရ၏။ အကွက်ဖော်ကာ ဆေးသုတ်ထား၏။ လူနေတိုက်တာ ဖြစ်၏။ အသုံးပြုခဲ့သော ချက်အိုး ပြုတ်အိုး ရေတည်အိုး သပိတ်ပုံ ပန်ကန်းလုံးများ လည်ဆွဲ မြေပုတီး ကျောက်ပုတီး ဆင်စွယ် အရိုးဆံထိုး၊ မြေးဒိုးဝိုင်းများ

တွေ့ရ၏။ အခန်းများဖွဲ့စည်းထားသဖြင့် ဗုဒ္ဓဘာသာ ကျောင်းတိုက် သင်္ကျန်ဖြစ်၏။ စေတီပုထိုးပုံလည်း တွေ့ရ၏။ အရိုးအိုးပေါင်း ၄၀ ကိုလည်း တွေ့ရ၏။ အိုးထိန်း တောင်ကုန်းကြီး၏ အလယ်တွင် စေတီကြီးတစ်ဆူရှိ၏။ သိမ်တိုင်ဟု ယူဆရသော အင်ကြင်းကျောက်တုံး အပိုင်းအစများ တွေ့ရ၏။ လက်စင်းရာပါ အုတ်များ တွေ့ရ၏။ အိုးသားနီပေါ်တွင် အဝါအနက် ဆေးသားထား၏။ ပြူအခြားဒေသများတွင် ဆေးခြယ်သထားသော အိုးကို မတွေ့ခဲ့ဖူးဘဲ ဗိဿနိုး၌ ပထမဆုံးတွေ့ရခြင်း ဖြစ်၏။

အတာအိုးငယ်တွင် အိုးပတ်ပတ်လည်၌ ငှက်ရုပ်အဖိုအမ ငါးနှစ်ကောင်းရုပ်၊ ခရုသင်းနှင့် သမင်နှစ်ကောင်ရုပ် တို့ကို တွေ့ရ၏။ မြေဆီမီးခွက် မြေပုတီးစေ့ မြေအရိုးအိုး မြေဆေးတံငယ် ရေသယ်အိုး စသည် တွေ့ရ၏။

စေတီနှင့်ကပ်လျှက် တူးဖော်ကြည့်ကြရာ ကုန်းအမှတ် ၃၀ သည် အခန်းအကျယ်ကြီး ၅ ခန်းနှင့် အခန်းငယ် ၇ ခန်း စုစုပေါင်း အခန်း ၁၂ ခန်း ဖြင့် ဖွဲ့စည်းထားသည့် လေးထောင့်ပုံ အဆောက်အအုံကြီးတစ်ခု ပေါ်ထွက်လာသည်။ သိမ်လဲ တွေ့ရ၏။ ပလ္လင်ခုံတစ်ခုပါရှိ၏။ ဘာသာရေးအဆောက်အအုံများ သိမ်များကို တော်တော်များများ တွေ့ရ၏။ ဗုဒ္ဓဘာသာဆိုင်ရာ ကျောင်းကန်စေတီ စုဝေးတည်ရှိသော ဘာသာရေးနယ်မြေကြီး တစ်ခု တွေ့ရ၏။ ဗိဿနိုး ပြူတို့သည် ဘာသာရေး အဆောက်အအုံများကို မြို့မြောက်ဘက်နှင့် မြို့တွင်း မြို့ပြင် မြင့်မောက်သော ကုန်းမြေများတွင် တည်ဆောက်လေ့ရှိသည်။

ကုန်းအမှတ် ၃၂ တူးရာ မြို့ဟောင်း အရှေ့တောင်ဘက်တွင် အရှေ့အနောက် ၁၀၈ ပေ တောင်မြောက် ၉၈၅ပေ ၇ လက်မ အဆောက်အအုံကြီး တစ်ခု တွေ့ရ၏။ အခန်းကြီး ၄ ခန်းဖြင့် ဖွဲ့စည်းထား၏။ အခန်းငယ်လေးများလည်းပါ၏။ ဗိဿနိုးမြို့ဟောင်း တူးဖော်တွေ့ရှိရသော အဆောက်အအုံများအနက် အကြီးမားဆုံး အဆောက်အအုံတစ်ခုဖြစ်၏။ မြေဆီမီးခွက်အများတွေ့ရ၏။ မီးလှူမှုများပြုလုပ်ကြောင်း မှန်းဆရ၏။ အရိုးအိုးများမှာကြီးငယ်တွေ့ရ၏။ ဆီမီးခွက်များ အရိုးအိုးများ ရေတည်အိုးကြီးများ ချက်ပြုတ်

အိုးများ၊ တွေ့ရ၏။ ငှက်ရုပ်များ၊ စက်ဝိုင်းပုံများ မြားပုံစံများ ကြာပွင့်ပုံစံများ ဗိန္ဒုပြောက်များ အလှဆင်ထားသော အရိုးအိုးများ၏ အိုးခြမ်းကွဲများ များစွာ တွေ့ရ၏။

ဆေးခြယ်ထားသော အိုးပထမဦးဆုံးတွေ့ရ၏။ **ပြူလူမျိုးတို့ ပန်းချီ ပညာတွင်လည်း ကျွမ်းကျင်တတ်မြောက်ပြီး အချိုးအစားကျနစွာ ရေးဆွဲ တတ်ကြောင်း သိရှိရသည်။** သမင် ၂ကောင်ရုပ်၊ ငါး ၂ ကောင်ရုပ်၊ ခရု သင်းရုပ်၊ ငှက်ဖိုငှက်မရုပ် စသည့် ရုပ်ပုံများကို တံဆိပ်တုံး stamp ဖြင့် တံဆိပ် ရိုက်နှိပ်၍ ပုံဖော်ထားသည့် အိုးအကောင်း ပကတိအတိုင်း ပထမဦး ဆုံးတွေ့ရ၏။ ပြူခေတ်တွင် အကောင်းဆုံးအိုးကို ဗိဿနိုးမြို့ဟောင်းတွင် တွေ့ရ၏။ ကျက်သရေ မင်္ဂလာ အမှတ်အသားများအရုပ်များ တံဆိပ်ရိုက် ထားသည့် အိုးများအပြင် ဆေးရေးခြယ်ထားသော အိုးပါ တွေ့ရသဖြင့် ပန်းချီ အနုပညာဖန်တီးနိုင်မှု စွမ်းရည်ကို သိနိုင်၏။

## မြန်မာပြူတို့ တီထွင်ဉာဏ် ကောင်းကြသည်

ဗိဿနိုးမြို့ဟောင်းတွေ့ရှိမှုများနှင့် ပတ်သက်၍ ပညာရှင်တို့က အိန္ဒိယ ယဉ်ကျေးမှုလွှမ်းမိုးဟန်ကို အသားပေးဖော်ပြကြသည်။ ဖြစ်နိုင်သည်မှာ မြန်မာနွယ်ဝင် ပြူလူမျိုးတို့သည် ဦးနှောက်အား ကောင်းကြပါသည်။

ဉာဏ်ရည်ဉာဏ်သွေး ကောင်းကြပါသည်။ အတုယူ အတုခိုးကောင်း ကြပါသည်။ တွေ့လာဒါကို ချဲ့ထွင် ပြင်ဆင်သုံးတတ်ပါသည်။ ထို့ကြောင့် အိန္ဒိယ ယဉ်ကျေးမှုများကို ပုံအောပြီး ယူဟန်မတူပါ။ ကြားသည်ကို မြင် သည်ကို စိတ်ကူးကောင်းကောင်းဖြင့် ချဲ့ထွင်တတ်ပါသည်။ **ပုံသဏ္ဍာန်ခြင်း တူသည်နှင့် အိန္ဒိယပုံသဏ္ဍာန်ယူ၍ တည်ထားသည်ဟု ဆို၍ မရပါ။**

မြန်မာခေါ် ရှေးခေတ်မြန်မာကြီးများသည် တိုက်ရိုက် ကူးချလေ့ မရှိပါ။ တရုတ်တို့ ဝတ်ဆင်သည့် အင်္ကျီလက်ပွ ကိုယ်ပွ ပုံပန်းမကျသည်ကို မြန်မာ့ ရေမြေ မြန်မာ့ဓလေ့ ထုံးစံ မြန်မာမှုအနုပညာ မြန်မာ့ဘာသာ ယဉ်ကျေးမှု မြန်မာ့ရုပ်ရည်သွင်ပြင် မြန်မာ့အသားရောင် မြန်မာပုံပန်းသဏ္ဍာန်အချိုးအဆ

များနှင့် ကိုက်ညီအောင် ချပ်ချပ်ယပ်ယပ်အင်္ကျီဖြစ်အောင် ပြင်ဆင်လိုက်သည်။ ကုလားများ ဝတ်ဆင်သော အဝတ်အပိုင်းအစကြီးကို လေးတောင်ကွင်းကျယ်ရှိသည့် ပုဆိုးလုပ်လိုက်ပြီး ချုပ်လိုက်သောအခါ ပုဆိုးဖြစ်လာသည်။ မြန်မာလူမျိုးနွယ်တို့၏ ဦးနှောက်အားသည် အားကောင်းပါသည်။ အထင်သေး၍ မရပါ။ မြန်မာ့အမျိုးသားဝတ်စုံ တိုက်ပုံ ရှပ်အင်္ကျီ ပုဆိုးတို့သည် မြန်မာ့ယဉ်ကျေးမှုလက်ရာများဖြစ်လာပါသည်။ ဤသည်ကို အတုခိုးသည် ခိုးယူသည် ကူးချသည်ဆို၍ မရပါ။

မြန်မာမျိုးနွယ်တို့သည် တရုတ်ထံမှ ဟင်းအချိုချက်နည်းနှင့် ကုလားထံမှ ဟင်းအစပ်ချက်နည်းကို လေ့လာပြီး ချိုချဉ်စပ်ရောသော ချဉ်ရေဟင်း ကုလားဟင်းများ ထွင်လိုက်ပါသည်။ မြန်မာတို့သည် တိုက်ရိုက်ကူးချလေ့မရှိပါ။ မိမိတို့ ရေမြေနှင့် လိုက်လျောညီထွေပြုပြင် ဖန်တီးယူလေ့ရှိကြပါသည်။ ထို့ကြောင့် ပြုလူမျိုးနွယ်တို့သည် မြန်မာသွေး အပြည့်အဝပါပြီး ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၅၀၀၀ တသောင်းချိန်က လမ်းပန်း ဆက်သွယ်ရေး ယခုလောက် မကောင်းသေးသဖြင့် အိန္ဒိယသွား တရုတ်သွား လေ့လာဖို့ရန် အခွင့် သိပ်မသာပါ။ မိမိတို့၏ ပင်ကိုယ်ဉာဏ်ဖြင့် ပုံသဏ္ဍာန်ဖော်၍ တည်ဆောက်ခြင်းသည် ဖြစ်နိုင်ပါသည်။ အကြံခြင်းတူ၊ ဉာဏ်ခြင်းတူ၊ ဟန်ခြင်းတူသည်ကို အိန္ဒိယက ကူးချသည်။ တရုတ်က ကူးချသည်ဟု တထစ်ချ မဆိုနိုင်ပါ။ ခေတ်သစ်ပညာရှင်တို့သည် မြန်မာလူမျိုးတို့၏ ဗီဇစွမ်းရည် ဉာဏ်အတွေးအခေါ် ဉာဏ်ပညာ ဖန်တီးမှုစွမ်းအားကို အမြဲတန်း လျှော့တွက်တတ်ကြပါသည်။

မြန်မာ့ခြင်းလုံးသည် မည်သည့်နိုင်ငံကမှ ပုံတူ ကူးချထားခြင်းမဟုတ်ပါ။ မြန်မာတို့၏ ကိုယ်ပိုင်ဖြစ်ပါသည်။ ရှေးမြန်မာကြီးတို့သည် အမြဲတမ်း တိုးတက်အောင် မျက်စိကို ဖွင့် နားကို စွင့်နေကြသဖြင့် အသိအမြင်ကျယ်ပြန့်လာကြပါသည်။ ယခုခေတ်စကားနှင့်ပြောရလျှင် ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာ ဒေသနာတော်သည် လွန်စွာကျယ်ပြန့်ပြီး လွန်စွာ နက်နဲ ခက်ခဲလှပါသည်။ နိုင်ငံခြားသားတို့ကိုသင်ကြားပေးသောအခါ နားလည်အောင်၊ တတ်မြောက်သူ မှန်ကန်အောင် တွေးခေါ်နိုင်သူ၊ လွန်စွာရှားကြောင်း တွေ့ရပါသည်။

မြန်မာလူမျိုးတို့ကမူ ဉာဏ်ရည်မှီပါသည်။ လိုက်နိုင်ပါသည်။ နားလည်နိုင်ပါသည်။ ကမ္ဘာ့လူသားတို့ မြန်မာတို့ကိုမမှီပါ။ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သူသည် မြန်မာလှုလွဲ၍ ကမ္ဘာမှာမရှိပါ။ ပိဋကတ် စာအုပ် ၂၀ကျော် စာမျက်နှာ တစ်သောင်းနီးပါးကို အလွတ်နှုတ်တိုက် အာဂုံရအောင် ကျက်မှတ်နိုင်သူ အဖွင့်စာအုပ်ပေါင်း ၁၀၀လောက်ကို မေးချင်သလို မေးဖြေဆိုနိုင်သူပေါင်း မြန်မာ ရဟန်းတော်ပေါင်း၁၈ ပါးလောက်ရှိပါပြီ။ တစ်ပုံဆောင် ၂ပုံဆောင်များမှာ ရာနှင့်ချီနေပါပြီ။ထိုမျှ မှတ်ဉာဏ်ကောင်းသူ မြန်မာတို့ကို အထင်သေးသူသည် လူကောင်းလူတော်မဟုတ်နိုင်ကြောင်းသေချာပါသည်။ ဒါက ဘာသာရေးပါ အခြားနေရာတွေ့မှာမြန်မာတို့ ကမ္ဘာကို မမီပါဟု ပြောလာလျှင် ကုလသမဂ္ဂအတွင်း ဝန်ချုပ်ဦးသန့်ကိုပြရပါလိမ့်မည်။ ကမ္ဘာ့ပြဿနာများကို တရား မျှတစွာ သုံးသပ်ပြီး ဆုံးဖြတ်နိုင်သူဉာဏ်ကြီးရှင်ဖြစ်သဖြင့် ကမ္ဘာက ပင် လက်ဖျားခါခဲ့ရသူဖြစ်ပါသည်။ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေခြင်း မဟုတ်ပါ။ ကမ္ဘာမှာ ထိပ်ဆုံးရောက်သူများမှာ ထူးခြားသည့်စွမ်းရည်ရှိ တတ်မြဲဖြစ်ပါသည်။ အရမ်းအထင်သေးမှုသည် မလိုအပ်သကဲ့သို့ အရမ်းအထင်ကြီးမှုသည်လည်း မလိုအပ်ပါ။ အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းသိမှသာ သစ္စာထိုက်ပါမည်။ လမ်းမှန်ရောက်ပါသည်။ အကျိုးရှိပါမည်။ ပြူလူမျိုးသည် အာရှတွင် လွန်စွာ ကျယ်ပြန့်ခဲ့သောလူမျိုးကြီးဖြစ်ပါသည်။ အတိတ်သမိုင်းကို ပြန်ကြည့်လျှင်လည်း နှစ်သန်း ၄၀ကထဲက စတင်ခဲ့သော လူသားတို့၏ မိဘရှေးဦးလူများဖြစ်ပါသည်။ မြန်မာကို အထင်သေးလျှော့တွက်ခြင်းသည် ရှေးဦးမြန်မာတို့ကို လျှော့တွက်ခြင်း ဖြစ်ပါလိမ့်မည်။ ရှေးဦးလူသားတို့၏ မိဘ သဖွယ် ဖြစ်သော ရှေးဦးလူသား မြန်မာကြီးများသည် နှစ်ပရိစ္ဆေဒ သန်းနှင့်ချီတည် ရှိခဲ့သည်မှာ လွန်စွာအစွမ်းထက်သော ကံ ဉာဏ် ဝီရိယ လုပ်ရည် ကိုင်ရည် ကြံရည်ဖန်ရည် ကောင်းမွန်သော သက်သေဖြစ်ပါသည်။ ထို့ကြောင့် အဖြစ်မှန်သမိုင်းမှန်ကို ရရှိရန် ဘက်လိုက်မှုကင်းရန် လိုပါသည်။

မြန်မာ့လူမျိုးနှင့်ပတ်သက်၍ ပင်ရင်းလူမျိုးမှာ အညာသားကြီးများခေါ် ရှေးဦးမြန်မာကြီးများ ပြူလူမျိုးများ ဖြစ်ပါသည်။ ယခု ဗိဿဏိုး စသည့်

လေ့လာသောအခါ လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာသောင်းနှင့်ချီသော ကာလကတည်းက မြန်မာနိုင်ငံတွင် နေခဲ့သော လူမျိုးကြီး ဖြစ်ပါသည်။ ရာသီဥတုသာယာသဖြင့် ကူးလူးဆက်ဆံကြသော လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ၂၀၀၀ ကာလရောက်လာမှ သာ မွန်ဂိုလွိုက်အုပ်စုဝင်များ တိဘက်မြန်မာ အနွယ်ဝင်များ မွန်ဗမာအနွယ်ဝင်များ ထိုင်း ရှမ်း အနွယ်ဝင်များ အနည်းအကျဉ်းစီရောက်ရှိလာကြပြီး ရှိရင်းစွဲ ပြူလူမျိုးတို့၏ သဘောထားကြီးမှု ကိုယ်ချင်းစာစိတ်ရှိမှု ဒေသ အစားအစာ နေရာတို့ကို မျှဝေနေထိုင်သုံးစွဲ စေခွင့် စိတ်ကောင်းရှိမှုတို့ကြောင့် ရောနှောနေခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ကုလားက လူနှင့်လူ ဇာတ်ခွဲခြား၍ လူတန်းစားခွဲခဲ့သည်။ မရောနှောစေရမူချခဲ့သည်။ တရုတ်က လူမျိုးနွယ်အုပ်စုလေးများခွဲ၍ လူချင်းခွဲခဲ့သည်။ ပြူများကမူ အေးအတူပူအမျှ လက်ရေတပြင်စီးခွဲခြားမှုမရှိခဲ့သဖြင့် အားလုံးညီမျှခဲ့သည်။ မကြာခင်မှာပင် မြန်မာ လူမျိုး ပြူလူမျိုးအဖြစ် တမျိုးတည်း ဖြစ်သွားခဲ့သည်။ ယခုမြို့ပြနိုင်ငံများကို ကြည့်လျှင် ပို၍သိနိုင်ပါသည်။ လူလူချင်း ဇာတ်ခွဲခဲ့သဖြင့် ကုလားသည် လူချင်းမရောခဲ့ပါ။ ထာဝရကွဲနေသည်မှာ ယနေ့ထိဖြစ်ပါသည်။ တရုပ်ကလဲ လူမျိုးနွယ်အုပ်စုခွဲသဖြင့် အမြဲတန်းကွဲနေပါသည်။ တမျိုးတည်းမဖြစ်ခဲ့ပါ။


သို့သော် အစောပိုင်းပညာရှင်တို့က ရှေးဦးမြန်မာကြီးတို့ကို မသိသေးပါ။ မြန်မာအစကို မသိသဖြင့် မြန်မာပြည်ဖွားများကို မွန်ဂိုလွိုက်ဟု သမုတ်လိုက်ပါသည်။ ထိုသတ်မှတ်ချက်သည် လူတိုင်းစွဲသွားသဖြင့် မကြာခင်ကမှ သိလာရသော ရှေးဦးမြန်မာတို့ကို နာမည်သစ်မတပ်တော့ဘဲ မွန်ဂိုလွိုက်ဟု ဆက် သုံးနေခဲ့ပါသည်။ မြန်မာအုပ်စုကြီးတွင် ပြူများ မွန်ဂိုလွိုက်များ တိဘက်မြန်မာများ မွန်ဗမာများအားလုံး ပေါင်းစုံပါဝင်နေကြောင်း မြို့ပြယဉ်ကျေးမှုက သက်သေပြနေပါသည်။

အရှေ့တောင်အာရှနှင့် အိန္ဒိယပြည်၏ ဆက်ဆံရေးသည် ယခင်က ထင်မြင်ခဲ့သည့်အတိုင်း အေဒီ ၁ ရာစုမှ စတင်သည်မဟုတ်။ Jvan Glover လေ့လာချက်အရ ဘီစီ ၇၀၀ ၆၀၀ မှ စတင်ခဲ့ပြီး အရှေ့တောင်အာရှ၌ တူးဖော်တွေ့သော မြို့ဟောင်းများအနက် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဗိဿနိုး

မြို့သည် အစောဆုံးမြို့တစ်မြို့ဖြစ်သည်။ ဗိဿနိုးမြို့သည် Tribeto Burman ဘာသာစကား အုပ်စုဝင် ပြူများတည်ထောင်သော မြို့ဖြစ်သလို Tribieto Burman စကားပြောသူများသည် Mongold လူမျိုးများ ဖြစ်သည်။ ဗိဿနိုးစေတီများ တည်လုပ်ရာတွင် ပြူ ဗိသုကာများနှင့် တည်လုပ်ကြသည်။ မြန်မာနိုင်ငံတွင် လက်စင်းရာပါ အုပ်များကို ဗိဿနိုးမြို့ဟောင်းတွင် စတင်တွေ့ရသည်။ ဗိဿနိုးမြို့ဟောင်းတွင် အုတ်ဖြင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းအတတ်ပညာသည် ဘီစီ ၃ ရာစုကတည်းက ရောက်နေပြီဖြစ်သည်။

မြေအိုး မြေခွက်များ ပြူ ဒင်္ဂါးများ ပြူပုတီးစေ့များတွေ့ရသည်။ ဗိဿနိုးမြို့ဟောင်းအမှတ် ၂ အဆောက်အအုံမှတံဆိပ်ခတ်နှိပ်ထားသော ရွှံ့တံဆိပ်တုံးကလေးတစ်ခု တွေ့ရသည်။ စာတန်းမှာ သံဃသီရိဟု ဖတ်နိုင်၏။ ဗြာဟ္မီအက္ခရာဖြစ်၏။ **မြန်မာနိုင်ငံနှင့် အိန္ဒိယတောင်ပိုင်း ဆက်သွယ်ရေးသည် ဘီစီ ၆/၇ ရာစုကတည်းက ရှိနှင့်နေပြီဖြစ်၏။ တောင်သမံဒေသတွင် ဘီစီ ၆ရာစုက မဟူရာပုတီးစေ့များက သက်သေခံနေ၏။** တေလဂူလူမျိုးတို့နှင့် ဗိဿနိုးမြို့ ပြူတို့ ဘီစီ ၂/၃ ရာစုက အဆက်အသွယ်ရှိမည်။ ဗိဿနိုးမြို့ဟောင်းတွင် ကြေးဆင်းတုတော်တူးဖော်တွေ့ရှိသဖြင့် သာသနာထွန်းကားနေကြောင်း ခိုင်မာစွာ ပြောနိုင်ပြီ။ လက်မှုအနုပညာပစ္စည်းများအဖြစ် သံချောင်း သံတံခါး သံဆုံ သံမှိုပွင့်ကြီးများ သံပတ်ပြား ရွှေခွက်ငယ် နန်းလုံးရွှေချောင်း ငွေခွက် ခဲပြား ကြေးဆင်းတု ကြေးခေါင်းလောင်း ကြေးဆီမီးခွက် ကြေးခြင်္သေ့ရုပ် ကြေး နားတောင်း ကြေးလက်စွပ် ကြေးနန်းလုံး လက်ကောက် ကြေးဝါကွင်း ကြေးဝါ ချူ စသည် တွေ့ခဲ့ရသည်။ သံရေကျိုအတတ် ပန်းပဲအတတ် ထွန်းကားနေပြီ။ ဗိဿနိုးတွင် သံကို ကောင်းစွာ အသုံးချတတ်သဖြင့် မြို့ပြအဖြစ် လျင်စွာတည်ထောင်နိုင်ခဲ့သည်။

ဘီစီ ၂ ရာစုကပင် တရုတ် အိန္ဒိယကုန်းလမ်းကုန်သွယ်ရေး လမ်းမကြီးပေါ်တွင် တည်ရှိရှိသဖြင့် တရုတ် အိန္ဒိယ နခေါ်န် ပထောမ်စမ္ပာ–ကမ္ဘောဇ (ခမယ်နိုင်ငံ)တို့နှင့် ပြူတို့၏ ဖြဟ္မာဒေသ ဆက်ဆံနေပြီဖြစ်သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်၏။ ရဟန်းသံဃာ ၃/၄၀၀၀ ရှိ၏။ ဥပုသ်နေ့၌ သားငါး မသွင်းရ။




ပင်လယ်မြို့ဟောင်းမြေပုံ
(ဦးအောင်မြင့်၏ ကောင်းကင်ဓာတ်ပုံစာအုပ်မှ)

ပြူလူမျိုးတို့၏ အစောဆုံးမြို့ပြဖြစ်၏။ မြို့သက်တမ်းကို ကာဗွန်သက်တမ်းအရ မီးသွေးစကို စမ်းသပ်ရာ ဘီစီ ၃ ရာစုအထိ ဖြစ်သည်ဟု ဆို၏။ မီးသွေးစများ၏ သက်တမ်းသည် မီးလောင်သည့် ကာလသက်တမ်းသာဖြစ်ရာ မြို့ပြ သက်တန်းသည် ယင်းကာလမတိုင်မီကတည်းက ရှိနိုင်သည်။ အထောက်အထားခိုင်မာစွာ တွေ့ရသော အစောဆုံး မြို့ပြဖြစ်သည်။

## ပင်လယ်ပြူမြို့ဟောင်း (မိုင်းမော)
## ဘီစီ ၂ ရာစုမှ အေဒီ ၁၀ ထိ

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်နှင့် ကူမဲမြို့အရှေ့ တောင်ဘက် ၅ မိုင်ခန့်အကွာတွင် ရှိသည်။ ကူမဲမြို့မှ ကင်းတာဆည်ကြီး သို့သွား ကားလမ်းမပေါ်တွင် တည်ရှိသည်။ ပင်လယ်မြို့ဟောင်းကို တွေ့ရှိ လိုက်သဖြင့် မြန်မာအစ ကျောက်ဆည်က ဝါဒမှားသွားပြီဟု ဆုံးဖြတ်နိုင်ခဲ့သည်။ မိုင်းမောရွာနှင့် ပိုနီးသဖြင့် မိုင်းမောမြို့ဟောင်းဟု ခေါ်ခဲ့သည်။ ဇမ္ဗူကွန်ချာ ဇမ္ဗူတံဆိပ် ဇမ္ဗူဒီပ ဥဆောင်ကျမ်း မုံရွေးစေတီယကထာ စသော ရှေးရိုးမြန်မာ ပထဝီဝင်ကျမ်းတို့၌ ပင်လယ်မြို့ဟု ရေးခဲ့သဖြင့် အလွန်ရှေးကျသော ပြူမြို့ဟောင်းဖြစ်၏။ မြင်းစိုင်း မကွာရာ၊ ပင်လယ်မကွာရာ ၁၆ မြို့များထက် ကြီးပြီး ခိုင်ခံ့သည်။ မိုင်းမောအကြောင်း မြန်မာ့သမိုင်းမှတ်တမ်းမတင်ခဲ့သည်မှာ အံ့ဩစရာဖြစ်၏။

ဇမ္ဗူကွန်ချာကျမ်းတွင် ပင်လယ်ကို ဥတ်ရှောင်ပဋ္ဌာလရာဇ်ပြည် ဖြစ်၏။ ဝိနတကာလုတပ္ပအစ စွာမင်းပြု၏။ စေတိသမင်းအဆုံးဖြစ်၏။ မင်းဆက်ကိုးကျိပ်ခုနှစ်ယောက်ဖြစ်၏။ တရုတ်ဥတည်ဘွားက သမီးကလျာ ဆက်သလာ၏။ စေတိသမင်းတရားပျက်သဖြင့် ပင်လယ်ရေတက်ကာ ပြည်ပျက်၏။ မတရားသူတို့ မျောပါလေ၏။ တရားသောသူတို့သာ ကြွင်း၏။ ဂေါတမဘုရားရှင်လက်ထက် ဥတ်ရှောင်ပဋ္ဌာလရာဇ်ဟု တွင်၏။ ပြူတို့တွင်မှ ပင်လယ်တွင်၏။

ပင်လယ်ပြူမြို့ဟောင်းကို တရုတ်ထန်မင်းဆက် သမိုင်းသစ်တွင် ပါ၏။

ပင်လယ်ဆိုတာ ရှမ်းစကားဖြစ်နိုင်သည်။ ရှမ်းစကား ပင်လယ်ဆိုတာ ရေပြင် မြေပြင်ကျယ်ဖြစ်၍ မြေပြင်ကျယ်ဖြစ်နိုင်သည်။ ရှေးဦးမှတ်တမ်းအရ ခရစ်နှစ် ၃ရာစုမှ ၈ ရာစုကြား မြို့တည်သည်ဟု ဆို၏။ အုတ်ကို သာမိုလူမိနေဆင့်နဲ့ စစ်ဆေးတွက်ချက်ခဲ့ရာ မိုင်းမောသည် ဗိဿနိုးထက် စောနိုင်သည်။ ဗိဿနိုးကို ဘီစီ၂ရာစုကုန်ပိုင်းဟုဆိုလျှင် မိုင်းမောသည် ဘီစီ၂ရာစု အစောပိုင်းလောက်က ဖြစ်မည်ဟု ခန့်မှန်းသည်။ အထောက်အထားများ အဖြစ် မိုင်းမော ရှေးဟောင်းကုန်းမှ ပြူခေတ်ဦးလက်ရာများ ရခဲ့သည်။ ဗုဒ္ဓရှေ့ ဆင်းတုတော်များ ငွေစေတီတော်များနှင့် ငွေဆင်းတုတော်တို့ကို စမ်းသပ်ခဲ့ရာ ပြူခေတ်၏ အစောဆုံး မြို့ဟောင်းများအနက် မိုင်းမော သည် ပြူမြို့ပြ တစ်ခုဖြစ်ကြောင်း သတ်မှတ်နိုင်ခဲ့သည်။ ပင်လယ်မြို့ ဟောင်းသည် စနစ်တကျ မြို့ရိုးသုံးထပ်ကာရံထားသော မြို့ပြတစ်ခု ဖြစ်သည်။

အဆောက်အအုံများအရ ဗိဿနိုး ဟန်လင်း သရေခေတ္တရာ ပြူမြို့ပြဟောင်းများ၏ ဗိသုကာ လက်ရာ ပညာရပ်များ တူညီမှုရှိကြောင်း သိရသည်။ အုတ်ပစ္စယာပတ်လည်၌ အမွှမ်းအမံသဘော ခိုတောင် ခီနန်းချိုးအတိုး အဆုတ် စသည်ဖြင့် ပုံသဏ္ဌာန်လှပအောင် တည်ဆောက်ထားပုံမှာ လွန်စွာ လက်ရာမြောက်လှသဖြင့် ရှေးပြူလူမျိုးတို့၏ ပန်းရံ ပန်းပု အနုလက်ရာ ဗိသုကာ အဆင့်အတန်းကို ဖော်ပြနေသည်။ ဘုရား စေတီတော်များနှင့် ဘုန်းတော်ကြီး ကျောင်းအဆောက်အအုံများ တူးဖော်တွေ့ရှိရသည်။ ဘာသာရေး အဆောက် အအုံများ၏ ပုံစံအရ အခြားပြူမြို့များနှင့် အဆက်အသွယ်ရှိကြောင်း သိနိုင်သည်။ မြို့ရိုးတံတိုင်း ကျုံးနန်းတော်များဖြင့် စနစ်တကျ မြို့ပြတည် ထောင်နေထိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ လက်စင်းရာ အစုံပါသည့် အုတ်များကို တွေ့ရသည်။

ဘဒ္ဒပီဌ ခေါ် ရုပ်ကြွင်းတံဆိပ်ပါ အုတ်ချပ်ကြီးများ ကို တွေ့ရသည်။ မြင်းစီးယောကျာ်းရုပ်ကြွအုတ်ချပ်ကြီးများလည်း တွေ့ရသည်။ မြင်းစီးရုပ်များကို သရေခေတ္တရာတွင်လည်းတွေ့ခဲ့ရသည်။ အရိုးအိုးများကိုလည်း တွေ့ရသည်။ ပြူတို့၏ အရိုးအိုးဓလေ့မှာ လူသေလျှင် မီးရှို့၍ အရိုးနှင့် ပြာများကို

အရိုးအိုးတွင် ထည့်သွင်းသိမ်းဆည်းထားသည်။ အရိုးအိုးများနှင့် အတူ သံတိုသံစ ကျောက်စရစ် ရွှေ ငွေ လက်ဝတ်လက်စားများနှင့်ရော၍ အရိုးပြာများကို ထည့်လေ့ရှိသည်။ ဒင်္ဂါးမျက်နှာဘက်တွင် သီရိဝစ္ဆ (အိမ်မွန်) ဘေးဝဲတွင် စကြာ ယာတွင် ဘဒ္ဒပီဌ (ထိုင်ခုံ) အပေါ်တွင် လနေလက္ခဏာတို့ ပါရှိသည်။ ကျောဘက်တွင် တက်နေဝန်းပါရှိသည်။ နေရောင်ခြည်ဖြာပုံမှာ မိုင်းမောဒင်္ဂါးတွင် ၁၄ ခု၊ သရေခေတ္တရာဒင်္ဂါတွင် ၁၄ ခု၊ ဟန်လင်းဒင်္ဂါးတွင် ၁၄ခုတွေ့ရသည်။ မိုင်းမောဒင်္ဂါတွင် သီရိဝစ္ဆ အတွင်း၌ ခရုသင်း၊ ယင်းအောက် ဗိန္ဒုပြောက် ၃ခုအလယ်တွင် မျဉ်းကွေး ၁ခုပါရှိ၏။ ကျောဘက်တွင် ဘဒ္ဒပီဌပါရှိပြီး အပေါ်တွင် ဆီးမီး ခွက်ပုံ ဗိန္ဒုပြောက် ၃ခုနှင့် မျဉ်ကွေး ၃ခုပါရှိ၏။ ဟန်လင်းဒင်္ဂါး နှင့်တူညီနေ၏။

ပင်လယ်မြို့ဟောင်းတူးဖော်ရာတွင် ဗုဒ္ဓဘာသာကျောင်းသင်္ချိုင်း အဆောက်အအုံများတွေ့ရ၏။ အမှတ် ၈ ကုန်းစေတီတော်အတွင်း ဌာပနာ တိုက်ခန်းမှ ကုလားထိုင်ပေါ် စံပယ်ကာ ဖြန့်ထားသော လက်ဝါးအလယ်တွင် စကြာပါရှိသော ခြေတွဲလောင်းချ ငွေဆင်းတုတော်တစ်ဆူနှင့် ငွေရဟန္တာ တစ်ဆူ တွေ့ရ၏။ ဆင်းတုတော်ပလ္လင်နောက်မှီတံကဲတွင် ပြူစာပါရှိ၏။ ပင်လယ် မြို့ဟောင်းတွင် ဗုဒ္ဓ သာသနာတော် ကြီးကျယ်စွာ ထွန်းကားခဲ့ကြောင်း အဖြစ် ထူးခြားစွာ တွေ့ရှိမှုမှာ မြို့ရိုးအရှေ့ဘက် အုတ်ကုန်းမှ ရွှေဆင်းတုတော်များ ငွေဆင်းတုတော်များ၊ ငွေစေတီတော်များ တွေ့ရှိမှုဖြစ်၏။ ရောင်ခြည်ဝန်း ပါသော ရွှေဗုဒ္ဓဆင်းတုတော် ၃ ဆူ၊ ဦးခေါင်းတော်ရွှေနှင့် ကိုယ်ခန္ဓာတော် အခြားသတ္တုရောထားသော ဆင်းတုတော် တစ်ဆူ၊ ရွှေချထားသော ငွေ ဆင်းတုတော် ၂ ဆူ၊ ပြူခေတ်ဦး ငွေစေတီ ၄ ဆူ အခြားသတ္တုသွန်း တင်ပျဉ် ခွေ ဆင်းတု တစ်ဆူ အခြားငွေထည်ပစ္စည်း ၅ ခုဖြစ်၏။ အချို့ ဆင်းတုတော် အောက်ခံပလ္လင်ခုံတွင် ပန်းအရေးအခြစ်များလှပစွာ ပြုလုပ်ထား၏။ ငွေ စေတီ လုံး ပုံစံမှာ ပြည်မြို့ဘောဘောကြီးစေတီကဲ့သို့ ရှည်မျောမျောပုံဖြစ်၏။ စေတီ တော်ဓာတ်တော်တိုက်ပေါ်ရှိ ငွေပြားအဆင့်ဆင့်မှာ ထီးအဆင့်များဖြစ်၏။ သရေခေတ္တရာ မြို့ဟောင်းတွင်လည်း ထိုစေတီမျိုး တူးဖော်ရဖူး၏။

ပင်လယ်မြို့ဟောင်းမှ ပျူလူမျိုးတို့၏ အသုံးအဆောင်လက်မှုအနုပညာပစ္စည်းဖြစ်သော ပုတီးစေ့များတူး ဖော်ရရှိရာ အခြားပျူမြို့ပြများနှင့် ကူးသန်းသွားလာအဆက်အသွယ်ရှိကြောင်း အထောက်အထားပင်ဖြစ်ပါသည်။ ပျူမြို့ပြများတွင်တွေ့ရှိရသော ပျူပုတီးစေ့များကို ချင်းအမျိုးသမီးများနှစ်သက်စွာ ဝတ်ဆင်အသုံးပြုသဖြင့် ချင်းပုတီးစေ့ဟုလည်းခေါ်ကြပါသည်။ ပျူပုတီးစေ့များသည် ပျူလူမျိုးတို့ကိုယ်ပိုင် တီထွင်ထုတ်လုပ်ခဲ့သောလက်မှုအနုပညာပစ္စည်းဖြစ်ပါသည်။

**ရွှေငွေလက်မှုပညာပစ္စည်းများ**

ပင်လယ်မြို့ဟောင်းမှလက်ရာမြောက်သော လက်မှုပညာပစ္စည်းများရရှိပါသည်။ ပင်လယ်မြို့နေပျူလူမျိုး များသည်ပန်းထိမ်အတတ်ပညာ၌ လွန်စွာအဆင့်အတန်းမြင့်ကြောင်း ရွှေငွေတို့ဖြင့် ခတ်လုပ်သော ဆင်းတုတော်များ၊ လက်ဝတ်ရတနာများအရသိရသည်။ ရှားပါးလှသောရွှေနယားရုပ်လက်ကြပ်မျိုးကို ပင်လယ်မြို့ဟောင်း အနောက်ဘက်ကူမဲမြို့အနီး သမဝါယမငါးကန်တူးရာမှ တွေ့ရှိရပါသည်။ ၁၅ ပဲရည်ရွှေဖြင့် သွန်းလုပ်ထားပြီးခေါင်း ပိုင်း၏အလေးချိန်သည်ပင် ၇ ကျပ် ၆ ပဲ ၂ ရွေးရှိသည်။ ယင်းရွှေနယားရုပ်ခေါင်းပိုင်းသည် ဆင်နှာမောင်းနှစ်ခု၊ ဆင်စွယ်နှစ်ချောင်း၊ မြင်းနားရွက်နှစ်ခု၊ လည်ပင်းပတ်လည်တွင် ဂဠုန်ရုပ်များဖြင့် အဆန်းတကြယ်ပြုလုပ်ထားသည် ကိုတွေ့ရသည်။ ထိုကဲ့သို့ ရွှေနယားရုပ်လက်ကြပ်မျိုးကို မြင်းမူမြို့နယ် ဦးနှောင်း




ပင်လယ်မြို့ဟောင်းအနောက်ဖက် ကူမဲမြို့အနီးမှ တွေ့ရှိရသော ရွှေနရားရုပ် လက်ကြပ်
(ယဉ်ကျေးမှုစာစောင်၊ ၂၀၀၅ မှ)

ရွှေ ငွေ ဆင်းတုတော် ငွေစေတီများ၊ ဘုရားစေတီများ တူးဖော်တွေ့ရှိသဖြင့် ဗုဒ္ဓသာသနာတော်ကြီးကျယ်စွာ ထွန်းကားခဲ့ကြောင်း သိနိုင်၏။ စေတီ ပုထိုး ဘုရားများကိုလည်း တည်ထားကိုးကွယ်ခဲ့ကြောင်း တွေ့ရ၏။ ရွှေဆင်းတု ငွေဆင်းတုတော်များ၏ မုဒြာများကို ကိုယ်ပိုင်တီထွင်ထုလုပ်ကိုးကွယ်ခဲ့ကြောင်းလေ့လာသိရ၏။ သံဃာတော်များ၏ ကျောင်းများကို တွေ့ရသဖြင့် ရဟန်း သံဃာတော်တို့ များစွာ သီတင်းသုံးနေထိုင်ကြောင်း သိရ၏။ ပင်လယ်မြို့ခေါ် မိုင်းမောမြို့ဟောင်း ပြူလူမျိုးများ ပြည်သူပြည်သားများသည် ဗုဒ္ဓသာသနာ၏ အဆုံးအမဖြင့် တိုးတက်အေးချမ်းသာယာစွာ နေထိုင်ခဲ့သောကြောင့် ယဉ်ကျေးမှု မြင့်မားသော မြို့ပြဖြစ်ကြောင်း သိသာနိုင်လေသည်။

အမှတ် ၈ ကုန်းဆင်းတုတော်၏ ပလ္လင်အောက်မှိုတံကဲတွင် ပြူစာလေးကြောင်းပါရှိ၏။ ပင်လယ်မြို့ဟောင်းတွင် စာပေထွန်းကားကြောင်းနိုင်မာသော အထောက်အထားမှာ မြနဒီရွာအနီး ပြူကျောက်စာကြီးတစ်ချပ် တွေ့ရှိမှု ဖြစ်သည်။ အမြင့် ၃ ပေ ၅ လက်မ ဗြက် ၅ ပေ ၈ လက်မ၊ ထု ၅ လက်မ ရှိ၏။ စာပေသည် လူမျိုးအသက်ဖြစ်သည်။ စာပေတတ်ကျွမ်းမှု ယဉ်ကျေးမှု တိုးတက်လာခြင်းဖြစ်၏။

ပြူပုတီးစေ့များလည်း တွေ့ရ၏။ ပြူလူမျိုး နှင့် ပတ်သက်၍ အမြဲတန်း တူးဖော်တွေ့ရှိ ရသော လက်မှုအနုပညာ အဆင့်တန်ဆာ တစ်မျိုးမှာ ပုတီးစေ့များ ဖြစ်၏။ ကျောက်ပုတီးစေ့အလုံးပုံစံများ၊ ပုံရှည်ကျောက်ပုတီးစေ့များ၊ အဖြူအနက် ကန့်လန့်ကြား ကျောက်ပုတီးစေ့များ အပေါက်မပါသည့် ပုတီးစေ့များ၊ မြေပုတီးစေ့များ၊ ပုံရှည်ပုတီးစေ့များ တွေ့ရ၏။ ကျောက်စိမ်းဆင်ရုပ်ပုတီးစေ့များ၊ နွား ဝက် ကျား စသော တိရစ္ဆာန်ပုံ ပုတီးစေ့များလည်းတွေ့ရ၏။ ကျောက်စိမ်း ဆင်ရုပ်ပုတီးစေ့များမှာ သရေခေတ္တရာမှာ တွေ့ရသည်။ ကျောက်စိမ်းဆင်ရုပ်များနှင့် ဆင်တူ၏။ အခြား ပြူမြို့ပြနိုင်ငံများနှင့် ခေတ်ပြိုင်ထွန်းကားခဲ့ကြောင်း သက်သေဖြစ်၏။

ပန်းတိမ်အတတ်၌လည်း လွန်စွာ အဆင့်အတန်းမြင့်လှ၏။ ရွှေငွေဆင်းတုတော်များ လက်ဝတ်ရတနာများကို ကြည့်ကာ သိနိုင်၏။ ရှားပါးလှသော ရွှေနယားရုပ် လက်ကြပ်မျိုးကို ပင်လယ်မြို့ဟောင်း အနောက်



ဒင်္ဂါးအမှတ် ၁



ဒင်္ဂါးအမှတ် ၂



ဒင်္ဂါးအမှတ် ၃



ဒင်္ဂါးအမှတ် ၄ နှင့် ၅

ပင်လယ်မြို့ဟောင်းမှ တွေ့ရှိရသော ဒင်္ဂါးများ

(ဦးအောင်မြင့် စာတမ်းအမှတ် – ၅၊ ၁၉၇၇၊ ဇွန်လမှ)

ဘက် ကူမဲမြို့အနီးမှ တွေ့ရ၏။ ၁၅ ပဲရည် ရွှေဖြင့် ပြုလုပ်ထားပြီး အလေးချိန် ဂကျပ် ၆ ပဲ ၂ ရွေးရှိ၏။ ယင်းရွှေနယားရုပ်ခေါင်းပိုင်းသည် ဆင်နှာမောင်း ၂ခု၊ ဆင်စွယ် ၂ချောင်း၊ မြင်းနားရွက် ၂ ခု၊ လည်ပင်း ပတ်လည်တွင် ဂဠုန်ရုပ်များဖြင့် အဆန်းတကြယ် ပြုလုပ်ထား၏။ ထိုရွှေ နယားရုပ် လက်ကြပ်မျိုးကို မြင်းမူမြို့နယ် ဦးနှောင်ကုန်းကျေးရွာမှာ လည်း တွေ့ဘူး၏။

မြစ်သားမြို့နယ် ရွာခံကြီးရွာမှ အလေးချိန် ၆ ကျပ် ၆ ပဲ ၄ ရွေး တစ်ခြမ်းရှိ နွားလားဥသဘအရုပ်ပါ ပြူခေတ် ရွှေလက်စွပ်ကိုလည်း ရရှိခဲ့၏။ နောက်ထပ် ရွှေနယားလက်ကြပ် သို့မဟုတ် ရွှေမကန်းလက်ကြပ်၏ အထူး ခြားဆုံးမှာ အနုစိပ် ရွှေပန်းတိမ်လက်ရာဖြစ်၏။ ပင်လယ်မြို့ဟောင်းမှ တွေ့ ရသော ရွှေနယားလက်ကြပ်နှင့် ရွှေနယားလက်ကောက်တို့သည် နန်းတွင်း သုံး ပစ္စည်းများ ဖြစ်ကြောင်း ယူဆရ၏။ ပင်လယ်မြို့ဟောင်းမှပင် လယ်ရာ မြောက်သော ငွေပန်းအိုး၊ ငွေပုတီးကုံး၊ ငွေနားတောင်း၊ ငွေပန်းချပ်၊ ငွေပေ လွှာများ ရွှေပုတီးစေ့၊ ရွှေပေလွှာ အပိုင်းအစများကိုလည်း တွေ့ခဲ့ရ၏။ ယဉ် ကျေးမှု အထက်တန်းကျသော ပြူလူမျိုးတို့ဘဝကို မှန်းဆနိုင်၏။ လက်မှု အနုပညာပစ္စည်းပြုလုပ်သည့် အတတ်ပညာအဆင့်မြင့် တတ်ကျွမ်းမှု သည် ပြူလူမျိုးတို့၏ ယဉ်ကျေးမှုမြင့်မားမှု၏ လက္ခဏာပင်ဖြစ်၏။ ရှာဖွေပါမူ ထပ်မံတွေ့ရဦးမည်သာ။

## ဆဋ္ဌမပိုင်း

## ပြဟ္မာနိုင်ငံတော်ခေတ်

မြန်မာတို့၏ ဘဝဖြစ်စဉ်ကိုလေ့လာလျှင် ဗုဒ္ဓခေတ်မတိုင်မီ အချိန်နှင့်ဗုဒ္ဓခေတ် နောက်ပိုင်းဟူ၍တွေ့ရ၏။ အညာသား ရှေးဦး မြန်မာ လူမျိုးနွယ်ကြီးသည် ပြဒါးလင်းဂူ ဗုဒ္ဓေါဇိနောဂူ စသည့် အအေးဒဏ်လုံခြုံမှုရှိ၍ ခြေခင်းလက်ခင်းသာသော နေရာများ၌ ဂူအောင်းနေထိုင်ခဲ့ရာမှ ရေခဲခေတ်အကုန် ကျောက်ချောခေတ်လောက်မှစ၍ ရာသီဥတု ပူနွေးလာမှုကြောင့် ဂူထဲမှ ထွက်လာခဲ့ကြသည်။ ရာသီဥတုမှာလည်း တဖြည်းဖြည်း ပိုမိုကောင်းမွန်အဆင်ပြေလာသဖြင့် မြေပြန့်ဒေသရှိ မြန်မာ့မြေများသို့ ဝင်ရောက်လာကြသည်။ မြန်မာပြည် မြေပြင်မှာလည်း ရှမ်းကုန်းပြင်မြင့်မှ ဧရာဝတီလွင်ပြင်ထိ ကျယ်ပြန့်လှသည်။ တောတောင်ထူထပ်အသီးအနှံစုံပေါများသဖြင့် တိရစ္ဆာန်သားကောင်များကို ဖမ်းဆီးစားသောက်ရင်းမှ စားမကုန်သည့် အကောင် များကို မွေးမြူထားရာမှ မွေးမြူရေး ထွန်းကားလာသည်။ သစ်သီးဝလံများကို စာသုံးပြီးပစ်ထားရာမှ အပင်များပေါက်လာကြသည်ကို တွေ့ရသည်။ ဤသို့ဖြင့် အသီးအနှံ့စိုက်ပျိုးရေး ပေါ်ပေါက်လာသည်။ ကျောက်တုံးများကိုတွေ့၍ ပစ်ခတ်ရန် ထုချေရန် အသုံးပြုရာမှတဆင့်ပြီး တဆင့် ခုတ်ရန် တူးဆွရန် သိလာကြသည်။ အလေ့ကျပေါက်သော မြက်ပင်မျိုးတို့ ဝတ်မှုံကူးရာမှ စားသုံးရန် သင့်လျော်သည့် စပါးမျိုးများ ရလာကြသည်။ ကမ္ဘာ့လူသားလောကတွင် တောကြက်ကို ယဉ်အောင်မွေး၍ ကြက်မွေးမြူရေးစတင်သူမှာ မြန်မာပင်ဖြစ်သည်။ တောရိုင်း၊ မြက်ရိုင်းများကိုစားသုံးရန် စပါးအဖြစ် စတင်စိုက်ပျိုး

တတ်သူမှာလည်း မြန်မာလူမျိုးပင် ဖြစ်သည်။ ကြေးခေတ်၊ သံခေတ် ရောက်လာသောအခါ ကိရိယာမျိုးစုံလုပ်၍ ထွန်ယက်နိုင်၊ ငါးဖမ်းငါးများ ချိပ်လုပ်တတ်လာကြသည်။

ဤသို့ဖြင့် ရှေးဦးမြန်မာကြီးတို့သည် လွန်ခဲ့သော ကျောက်ချော ခေတ်မှ ကြေးခေတ်အရောက် အနှစ် ၆၀၀၀ လောက်တွင် မြန်မာ့မြေကို ချဲ့ထွင်နိုင် လာကြသည်။ သွားရေးအဆင်ပြေသော ရေလမ်းခရီးသာသည့် ဒေသများ တွင် စတင်အခြေချနေထိုင်လာခဲ့ကြသည်။ အိမ်ထောင်စုများမှ ရွာငယ်လေးများ တည်ထောင်လာကြသည်။ ထိန်းသိမ်းအုပ်ချုပ်ရန် ခေါင်းဆောင်များ ရွေးတတ် လာကြသည်။ ရွာငယ်လေးများမှ တဖြည်းဖြည်း ရွာကြီးများ ပေါ်လာကြသည်။ ရွာအများစုပေါင်း၍ မြို့ငယ်လေးများဖြစ်လာကြသည်။ ထို့နောက်တွင်မူ လှေ သမ္ဗန်ဖောင်ကရဝိတ်ဖောင် ရွက်လှေ ခတ်လှေ လှော်လှေများဖြင့် မြစ်ကြောင်း သွားလာရေး ဖွံ့ဖြိုးလာသည်။ နောက်တော့ လမ်းဖောက်တံတားဆောက်ပြီး ဘီးများကို အသုံးပြုကာ လှည်းခေတ်ရောက်လာသည်။ နောက်မြား လေး ဒါး လှံ လက်နက်များ ထုတ်လုပ်ပြီး သံသတ္တုများကို ကြိုကာ လက်ဝတ် တန်ဆာ လူ့အသုံးအဆောင်များ ပြုလုပ်လာကြသည်။ ပြူလူမျိုးတို့၏ ပုံမှန် တိုးတက်မှုဖြစ်စဉ်ကို ရှေ့ပိုင်းတွင် သာမန်ဆင့်အဖြစ်တွေ့ရ၏။ ထူးထူးခြား ခြား မတွေ့ရပေ။

လွန်ခဲ့သော အနှစ် ၃၀၀၀ လောက်ရောက်သောအခါ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာပြီး ဗုဒ္ဓဘာသာသာသနာတော်ကြီးကို တည်ထောင်တော်မူ သည်။ မဇ္ဈိမဒေသသည် ဗုဒ္ဓဝါဒကြောင့် အဟုန်တိုး တိုးတက်သွားသည်။ ယဉ်ကျေးမှုလည်း လွန်စွာတိုးတက်လာသည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြု တော်မူသောအချိန်တွင် ဘုရားရှင်အမျိုးသာကီဝင်လူမျိုးတို့သည် မြန်မာ ပြည် တကောင်းသို့ ပြန်ရောက်လာသည်။ ထိုအခါမှစ၍ သာကီဝင်တို့ နှင့် ပါလာသော ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက်၊ နန်းတော် ဆောက် ဗိသုကာပညာရပ်များနှင့် ယဉ်ကျေးမှုအနုပညာရပ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေး စသည်တို့ကိုပါ ရရှိခဲ့သဖြင့် ရှေးဦးမြန်မာကြီး တို့၏ ပုံမှန်တိုးတက်နေသော နိုင်ငံတော်သည် အရှိန်အဟုန်ပြင်းစွာ

တိုးတက်လာခဲ့သည်။ အသောကမင်းကြီး၏ တတိယသင်္ဂါယနာ အပြီး ကိုးတိုင်းကိုးဌာန သာသနပြုစေလွှတ်ရာတွင် သုဝဏ္ဏဘူမိဖြစ်သော မြန်မာနိုင်ငံသို့ ထပ်မံ၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုများ ရောက်ရှိလာ ပြန်သဖြင့် ပြူလူမျိုးတို့၏ မြို့ပြနိုင်ငံများသည် လျှင်စွာသော အဟုန်ဖြင့် ကျယ်ပြန့်ခဲ့သည်။ မြန်မာ့လူ့ဘောင်နှင့် မြန်မာ့မြေပြင်တွင် ယခု တူးဖော်တွေ့ရှိရသော အမွေအနှစ်များသည် သုဝဏ္ဏဘူမိတွန်းအား၏ အကျိုးဆက်များဖြစ်၏။

ဗုဒ္ဓခေတ်နောက်ပိုင်းအချိန်လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ (ဘီစီ ၆ ရာစုလောက်မှ) တကောင်း၊ သရေ ခေတ္တရာ၊ ပင်လယ်၊ ဗိဿနိုး၊ ဟန်လင်း မြို့ပြနိုင်ငံတော်များ၊ အစီအရီ ကြီးကျယ်စွာ ပေါ်ထွက်လာ ခဲ့သည်။ ပြူလူမျိုးတို့၏ နယ်ပယ်ရေိယာသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် တမျှ ကျယ်ပြန့်ခဲ့သည်။ နယ်ပယ်ပေါင်း ၂၉၈ မြို့ ကြီးပေါင်း ၃၂၊ တပ်မြို့ကြီးပေါင်း ၉မြို့ လက်အောက်ခံနိုင်ငံ ၁၈ နိုင်ငံ ပြူပြည်ထောင် ၁၂ ပြည်ထောင် အပါအဝင် အိမ်နီးချင်းနိုင်ငံများက လေးစားခန့်ညားရသည့် ကေရာဇ်နိုင်ငံတော်ကြီး ဖြစ်ပေါ်ခဲ့လေသည်။

ဗုဒ္ဓခေတ်အထက်က ပြူလူမျိုးတို့သည် အခြားလူမျိုးတို့နှင့်အပြိုင် သာမန်အဆင့်မြင့်တတ်ခဲ့သည်။ မွန်ဂိုလွိုက်အုပ်စုဝင် တိဘက် မြန်မာ မွန် ဗမာ၊ ရှမ်းထိုင်း တို့ ဝင်ရောက်လာခဲ့သည်ကို မြန်မာကြီးတို့က ကြိုဆိုခဲ့သဖြင့် ပြူနိုင်ငံတော်ကြီးသည် ကျယ်ပြန့်ခဲ့သည်။ အားရှိခဲ့သည်။ ညီညွတ်ခဲ့သည်။ နယ်ပယ်ချဲ့ထွင်ချိန်ဖြစ်သဖြင့် သာမန်တိုးတက်မှုသာရှိခဲ့သေးသည်။ သို့သော် ထိုအချိန်ကပင် ရှေးဦး မြန်မာအညာသား ပြူလူမျိုးတို့၏ စွမ်းပကားသတ္တိ ကြောင့် မြန်မာပြည်အနှံ့နေရာယူခဲ့နိုင်သည်။ ဗုဒ္ဓခေတ်နောက်ပိုင်း ရောက် သောအခါ မိုးပျံသည့်အလား ငွားငွားစွင့်စွင့်မြင့်ခဲ့လေသည်။ ဘုန်းနှင့်ကံနှင့် ရေကန်အသင့် ကြာအသင့်နိုင်ငံတော်အဆင့်မြင့်ခဲ့လေသည်။

မြန်မာကို ကိုးကွယ်ရာ ဗြဟ္မာလူမျိုးဟု အဘယ့်ကြောင့်
ခေါ်ခဲ့ရပါသနည်း။

**တရုတ်မှတ်တမ်း**

ပြူ မြန်မာတို့ကို အိမ်နီးချင်းနိုင်ငံများက ဗြဟ္မာဟုခေါ်ခဲ့သည်။ ပြူ ဟူသော အခေါ် ဇမ္ဗူ့ကွန်ချာကျမ်းတွင် အကျယ်တဝင့် ဖော်ပြထားသည်။ ခရစ်နှစ် ၄ ရာစု တရုတ်ကျင်မင်းဆက် အလယ်ခေတ်တွင် ပြုစုသည့် ဟွာယန်နယ်သမိုင်းတွင် ကေရာဇ်မင်းတီ ခရစ်နှစ် ၅၅–၈၅ လက်ထက် ဖျောက်ယွယ့် ဟု **Piao Yuch** ရေးသားခဲ့သည်။ ဖျောက်ယွယ့်သည် ပျူဝတ်ကို အသံလှယ်ထားခြင်းဖြစ်၍ ပြူတို့နေရပ်ဟု အနက်ထွက်သည်။ ခရစ်နှစ် ၉၄၆ ထန်မင်းဆက်သမိုင်းဟောင်းတွင် ဖျောက်(ပျူ) ဟုခေါ်ခဲ့သည်။ ထန်မင်းဆက် အုပ်ချုပ်ပုံစာတမ်း (AD- 961)၌လည်း ဖျောက် (ပျူ) ခေါ်ခဲ့၏။ မန်ရှုကျမ်း (ခရစ် ၈၆၃)တွင် ပျူနိုင်ငံ (Piao) ဟု သရေခေတ္တရာကို ခေါ်ခဲ့၏။

တရုတ်ကျမ်းတွင် ဖော်ပြထားသော ဖျောက်ယွယ့် **P`iao Yuch** (ရှေးဟောင်းအသံထွက် **PiuJi wat**) ဟူသော ဝေါဟာရသည် အရပ်ဒေသအမည်ဖြစ်၍ **Pu-vastu/ Pu-vattu** (ပုဝတ် ပျူဝတ်)ကို အသံလှယ်ထားခြင်းဖြစ်၏။ ခရစ်မပေါ်မီ ၂ ရာစုက ယူနန်နယ် အနောက်ဘက်တွင် ဖျောက်ယွဲ့ (ပျူဝတ်) ခရစ်နှစ် ၃/၄ ရာစုရောက်သောအခါ ဖန်ယွဲ(ဗြဟ္မဝတ်) သရေခေတ္တရာနှင့် ပြူမြို့ပြနိုင်ငံများတွင် နေထိုင်ကြသော သူများကို ပြူလူမျိုးခေါ်သည်။

တရုတ်မှတ်တမ်းများတွင် ပြူလူမျိုးကို ဖျောက် (ပြူ) ဟုခေါ်၏။ ပု–ဟုလည်း ဘီစီ ၈ ရာစုကတည်းက မှတ်တမ်းတင်ထားပြီး ဖြစ်၏။ ဘီစီ ၂၀၆ အေဒီ ၂၄ ဟန်မင်းဆက် ခေတ်ဦးသမိုင်းတွင် Fu-Van-tu-tu ဆိပ်ကမ်းမြို့ဟု တွေ့ရ၏။ တရုတ်စာလုံးလေးလုံး၏ ရှေးဟောင်းအသံထွက်မှာ Piwo-Kam-To-Lo/Piu-Kam tuo-Lwo ဖြစ်၏။ Pugama dvard ပုဂါမဒွါရ (ပြူတို့၏ ဒေသသို့သွားရာလမ်း Door way to the land of the Pyu ဖြစ်၏။

ထို့ကြောင့် ခရစ်မပေါ်မီ နှစ်ပေါင်း ရာထောင်ကပင် တရုတ်တို့က မြန်မာတို့ကို ပြူလူမျိုး ပုလူမျိုးဟုခေါ်ခဲ့သည်။ ထိုပြူ-ပုလူမျိုးကို ပင်ဗြဟ္မာ လူမျိုးဟုလည်း ခေါ်ခဲ့ကြောင်း တွေ့ရသည်။ ပုဝေါဟာရ၏ ဇာစ်မြစ်မှာ Piao-Yuch ဖြစ်၏။ ထိုစကား၏ ဇာစ်မြစ်မှာ Pu-vastu ဖြစ်၏။ ပုဝတ္ထုဖြစ်၏။ သာကီဝင်တို့၏ မြို့တော် ကပိလဝတ္ထု၌ ဝတ္ထုနှင့်တူ၏။ ကပိလရှင်ရသေ့၏ ကျောင်းသင်္ခမ်း နေရာတွင် တည်ထောင်သောမြို့ဖြစ်၍ ကပိလ+ဝတ္ထု= ကပိလ+နေရာ အဓိပ္ပါယ်ထွက်၏။ ပုဝတ္ထု-ပုဝတ်= ပုတို့၏နေရပ်ဒေသဟု အဓိပ္ပါယ်ထွက်၏။

တခါ ဖျောက်ယွယ် Piao yoeh ခေါ်၏။ ရှေးစကားမှာ Piu Jiwat ဖြစ်၏။ Pu Vastu/ Pu vatthu ဟု အသံထွက် ၏။ ပုဝတ် ပုဝတ္ထုဟုပင် အဓိပ္ပါယ်ရ၏။ ဘီစီ ၈ ရာစုက Puh ပူး ဟုခေါ်၏။ ထန်ခေတ်တွင် Piao ခေါ်၏။ ထိုဝေါဟာရနှစ်ခုလုံး ပြူတို့ကို ခေါ်ခြင်းဖြစ်၏။ တရုတ်တို့၏ **P`an Yuch** ၏ရှေးဟောင်းအသံထွက်မှာ **B`uan Jiwat** ဖြစ်၏။ **b`uan** ၏ ဝေါဟာရမှာ **Brahma** ဖြစ်၏။ **Jiwat** ၏ သက္ကတ စကား မှာ **Vastu** သို့မဟုတ် ပါဠိလို **Vatthu** ဖြစ်၏။ အဓိပ္ပာယ်မှာ **P`an-Yuch B`uan Jiwat_ Brahma vastu/ vathu** ဗြဟ္မာ+ဝတ်/ ဝတ္ထု။ ထိုစကားကိုပင် **Brahma desa** ဗြဟ္မာ ဒေသဟုခေါ်၏။ ပု-ပြူ လူမျိုးတို့၏ ဒေသကို ခေါ်ခြင်းဖြစ်၏။ ထို့ကြောင့် ပြူလူမျိုးတို့ကို ဗြဟ္မာလူမျိုးဟု တရုတ်တို့ကလည်း ခေါ်ခဲ့ သည်။ ဘုရားမပွင့်မီ ဘီစီ ၈ရာစုလောက်ကပင် ပြူလူမျိုးတို့ကို ပု-ပူ-ပြူခေါ် နေကြောင်း။ တရုတ်တို့ကလည်း ပြူလူမျိုးတို့ကို ဗြဟ္မာလူမျိုး ခေါ်ကြောင်း ပြူတို့၏ဒေသကို ဗြဟ္မာဒေသ ဗြဟ္မဝတ္ထုခေါ်ကြောင်း နိုင်မာစွာ သိရလေသည်။

## မဇ္ဈိမဒေသသားတို့မှတ်တမ်း

တရုတ်တို့က ပြူတို့ကို ဗြဟ္မာ၊ ဗြဟ္မာဒေသခေါ်ကြောင်း အထောက် အထားအရ သိရသည်။ ထို့အတူပင် မြန်မာ့အိမ်နီးချင်းကုလားတို့ကလည်း

မြန်မာကို ဗြဟ္မာဟုပင် ခေါ်ပြန်သည်ကို တွေ့ရပြန်သည်။ ခိုင်ခိုင်လုံလုံ အထောက်အထားရပြီး ဝေါဟာရမှာ သုံးခုတွေ့ရသည်။

မဇ္ဈိမဒေသအိမ်နီးချင်း အိန္ဒိယနိုင်ငံက အိမ်နီးချင်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကို အမည် ၃ ခုနှင့် ခေါ်ခဲ့သည်။ ပထမအခေါ်အဝေါ်မှာ ဗြဟ္မာဝတ် **Brahama Vastu** ဖြစ်၏။ တရုတ်အခေါ်အဝေါ်နှင့် သွား၍ တိုက်ဆိုင်တူ ညီနေသည်။ ယနေ့တိုင်အောင် ဘင်္ဂလားနိုင်ငံသားတို့က မြန်မာနိုင်ငံကို **Bralamodesh** ဟူ၍ ခေါ်ဝေါ်နေကြသေးသည်။ အံ့သြစရာကောင်းသည်မှာ ဘုရားမပွင့်မီကပင် မြန်မာနိုင်ငံ ပြူတို့ဒေသကို ဗြဟ္မာဒေသ ခေါ်ခဲ့ကြောင်း အထောက်အထားဖြစ်သည်။ ဗြဟ္မာလူမျိုး ဗြဟ္မာနိုင်ငံ ဗြဟ္မာဒေသအဖြစ် အိမ်နီးချင်း တရုတ် ကုလား ဘင်္ဂလားဒေ့ရှ်တို့က တညီတညွတ်တည်း ခေါ်ဝေါ်ခဲ့သည်မှာ လွန်စွာ အံ့သြစရာကောင်းလှသည်။ ဘာ့ကြောင့် ပြူမြန်မာတို့ကို ဗြဟ္မာခေါ်ခဲ့ကြောင်း အတွင်းကျကျ သိရှိထားရပေမည်။

ပြူမြန်မာတို့ကို ဒုတိယခေါ်သော ဝေါဟာရမှာ **Pu-Vastu** (ပုဝတ်/ ပြူဝတ်) ဖြစ်သည်။ **Piao Yuch** ဟု တရုတ်တို့ခေါ်ခဲ့သလိုပင် အိန္ဒိယသားတို့ကလည်း ပုဝတ်/ပြူဝတ် ဟုခေါ်ပြန်သည်။ ကပိလဝတ္ထုလိုပင် ဗြဟ္မဝတ် ဗြဟ္မဝတ္ထုဖြစ်သည်။ ဝတ္ထုမှာ ဒေသနှင့် ပါဠိတွင် ဝေါဟာရတူဖြစ်၏။ အိန္ဒိယမြောက်ပိုင်းသားတို့က ဤဝေါဟာရနှစ်ခုဖြင့် ပြူ– မြန်မာတို့ကို ဗြဟ္မာဟုခေါ် ခဲ့သည်။ တတိယအမည်မှာ ပုဂါမဖြစ်သည်။ တရုတ်မှတ်တမ်းတွင် ပုဂါမဒ္ဒါရ ဟုခေါ်ခဲ့သည်မှာ ပြူတို့ကို ပု+မြို့ရွာကို ပုဂါမ ခေါ်ခဲ့သည်။ အိန္ဒိယ တောင်ပိုင်းသားတို့က ဗိဿနိုးမြို့ကို ပုဂါမ ပြူတို့ဒေသဟု ခေါ်ရာမှ စတင်ခဲ့သည်။

အထက်ပါဝေါဟာရသုံးခုဖြစ်သည့် ဗြဟ္မာဝတ် ပုဝတ် (ပြူဝတ်) နှင့် ပုဂါမသည် ပြူတို့နယ်မြေတစ်ခုလုံးကို ခေါ်တွင်သော အမည်များဖြစ်သည်။ အဓိကအားဖြင့် ဗိဿနိုးကို ခေါ်တွင်ခြင်းဖြစ်သည်။ ထိုအခေါ်အဝေါ်ကို သုံး၍ပင် ပုဂံကို ပုဂါမ ပြူရွာ ပြူတို့ဒေသဟု ခေါ်ခဲ့သည်။

ဘီစီ ၈ ရာစုခန့်ကပင် ပုအမည်ကို သုံးနေကြောင်း တရုတ်မှတ်တမ်း

အရ သိခဲ့ရသည်။ ပူး Puhu- Pu ရေးအခေါ်မှာ ပြူလူမျိုးပင်ဖြစ်သည်။ မြန်မာကျောက်စာများ ရခိုင်ကျောက်စာများ မွန်ကျောက်စာ ဗိယက်နမ် တောင်ပိုင်း စမ္ပါကျောက်စာ အိန္ဒိယမှတ်တမ်း တရုတ်မှတ်တမ်းတို့အရ ပြူလူမျိုးကိုပင် အိမ်နီးချင်းနိုင်ငံများက ပြူ ဗြဟ္မာခေါ်ကြောင်း အနိုင်အမာ သိရသည်။ ဘာကြောင့် ဗြဟ္မာခေါ်ကြောင်း နောက်တွင် ရှင်းပြပါမည်။

## ဗိဿနိုးမြို့ဟု ဘာကြောင့်အမည်ရခဲ့ပါသနည်း

ဗိဿနိုးမြို့ဟောင်း၏ သက္ကတ အမည်သည် ဗြဟ္မာဝါသ္တု (ဗြဟ္မာဝတ်) Brahma vastu ဖြစ်သည်။ တရုတ်မှတ်တမ်းတွင် Pian Yuch ဟု ရေး၏။ တရုတ် အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပြူ ခမယ် ကုန်းလမ်း ကုန်သွယ်ရေးလမ်းကြောင်းဆုံရာအရပ်တွင် တည်ရှိ၏။ အိန္ဒိယမြောက်ပိုင်းသားတို့က ဗိဿနိုးမြို့ကို ဗြဟ္မာဝါသ္တု (ဗြဟ္မာဝတ်) ဟုခေါ်၏။ ပုဝါသ္တု Pu vastu ဟုလည်း သမုတ်၏။ အိန္ဒိယတောင်ပိုင်းသားတို့က ဗိဿနိုးမြို့ကို ပုဂါမဟုခေါ်၏။ ဗြဟ္မာဝါသ္တု (ဗြဟ္မာ့ဝတ်) အစား ဗြဟ္မာဒေသ Brahma des`a ဟူ၍လည်း သုံး၏။ ခရစ်မပေါ်မီ ၂ ရာစုကပင် လှိုင်လှိုင်သုံး၍ တွင်ကျယ်နေပြီဖြစ်၏

## အိန္ဒိယကို ဗြဟ္မာဟု ဘာကြောင့်မခေါ်သနည်း

မြန်မာနိုင်ငံ မြန်မာလူမျိုးကို ဗြဟ္မာဟုခေါ်သည်ကို နားလည်မှု အားနည်းသော အိန္ဒိယသမိုင်းဆရာတို့က ပြူလူမျိုးတို့သည် ဗြဟ္မာ ဟိန္ဒူဘုရားများကို ကိုးကွယ်ကြသဖြင့် သရေ ခေတ္တရာ ပြည်နှင့် နိုင်ငံရှိ လူများကို ဗြဟ္မာဟုခေါ်၍ နိုင်ငံကို ဗြဟ္မာဒေသဟု ခေါ်သည်ဟု ရေးခဲ့သည်။ ထိုစကားမှာ လုံးဝမမှန်သောစကားဖြစ်၏။ ဟိန္ဒူဝါဒစတင် ထွန်းကားခဲ့ရာ အိန္ဒိယနိုင်ငံနှင့် အိန္ဒိယသား ကုလားတို့သည် ဟိန္ဒူဘုရား ဗြဟ္မာကို အသက်နှင့်လဲ၍ ကိုးကွယ်သူများဖြစ်ပါသည်။ အိန္ဒိယ တစ်နိုင်ငံလုံး ဗြဟ္မာကို အသက်

တမျှ ကိုးကွယ်ခဲ့ကြပါသည်။ ရှေးခေတ်ဦးအချိန်က မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးသည် အလွန်ဆုံး သန်းအရေအတွက်ထက် မပိုပါ။ အိန္ဒိယမြေနှင့် လူဦးရေမှာ သန်းရာနှင့်ချီပါသည်။ ဗြဟ္မာကိုးကွယ်သူများမှာလည်း နိုင်ငံနှင့် အဝန်းအပြည့်အနက်ရှိပါသည်။ ထိုမျှ ဗြဟ္မာကိုးကွယ်သူများပြား ပြည့်နှက်နေသော အိန္ဒိယနိုင်ငံနှင့် ကုလားလူမျိုးများကို ဗြဟ္မာနိုင်ငံ ဗြဟ္မာလူမျိုးခေါ်သင့်ပေသည်။ အရည်အချင်းရော အရေအတွက်ပါ မြန်မာနိုင်ငံ မြန်မာလူမျိုးများထက် ပိုမိုများပြား ကြီးမားကျယ်ပြန့်ပါသည်။ ပို၍လည်း သင့်လျော်ပါသည်။

အဘက်ဘက်က အဆင်ပြေနေသော အိန္ဒိယနိုင်ငံကို ဗြဟ္မာဒေသ မခေါ်၊ အိန္ဒိယလူမျိုးကို ဗြဟ္မာလူမျိုးမခေါ်ဘဲ လူဦးရေလည်း နည်းပါး နိုင်ငံအကျယ်အဝန်းလည်း မများသည့် ပြူလူမျိုးများကို ဘာကြောင့် ဗြဟ္မာလူမျိုး ဗြဟ္မာဒေသ ခေါ်ဝေါ်ရပါသနည်း။ လေးလေးနက်နက် သုံးသပ်မှ အဖြေမှန်ရမည် ဖြစ်ပါသည်။ နိုင်ငံလူမျိုးတို့ကို အိမ်နီးချင်းနိုင်ငံနှင့် လူများက အလေးထားမှုနှင့် ထိုလူမျိုး၏ ဂုဏ်အရည်အချင်း အရည်အသွေးကို ထည့်သွင်းစဉ်စားရပါမည်။

မုံရွေးဇေတဝန်ဆရာတော် စေတိယကထာမည်သော ရာဇဝင်ချုပ်တွင်လည်း ဗြဟ္မာလူမျိုးနှင့် ပတ်သက်၍ သုနာပရန္တတိုင်း တမ္ပဒီပတိုင်းအပြင်၌ တည်းနေကုန်သော လူအပေါင်းတို့သည်လည်း ကမ္ဘာဦးက ဗြဟ္မာနတ်တို့၏ အနွယ်ကလာသည်။ ဗြဟ္မာနတ်တို့ကို ကိုးကွယ်လေ့ရှိသောကြောင့် ဗြဟ္မာလူမျိုးဟူ၍ ခေါ်ကြကုန်လေ၏။ ရှည်လျားသောကာလ ဗြူ (ပြူ)ဟူ၍လည်းကောင်း မြန်မာဟူ၍လည်းကောင်းတွင်ပြန်လေ၏။ ဟု ဖော်ပြ၏။ သက္ကတစာပေကျွမ်းကျင်သောသူတို့သည် နတ် ဗြဟ္မာတို့ကို အထင်ကြီးကြ၏။ မိမိတို့ လူမျိုးကိုလည်း နတ်ဗြဟ္မာနှင့် ဆက်စပ်ကြ၏။ ပါဠိတွင် အာဒိစ္စဝံသ ဟုခေါ်၏။ နေမင်း နေနတ်သားနှင့် အနွယ်တူ နေနတ်နွယ်ဟု ထွင်၏။ ဗြဟ္မဒတ္တ–ဗြဟ္မာပေးသောသူ၊ ဒေဝဒတ္တ–နတ်ပေးသူ စသည့်အတွေးအခေါ်များ တွေးကြ၏။ ဗြဟ္မာကိုးကွယ်သူ၊ ဗြဟ္မာအနွယ်ကလာသူ၊ လူမျိုးဖြစ်၍ ပြူလူမျိုးကို ဗြဟ္မာခေါ်သည်ဟု ဆိုလျှင်လည်း အိန္ဒိယတွင်သာ ထို ဗြဟ္မဒတ္တ ဒေဝဒတ္တ အယူအဆ၊ ထိုအသုံးအနှုန်း အများဆုံးသုံး၏။ ပြူတို့သုံးစွဲသည်ကို မတွေ့ရပေ။

အိန္ဒိယကိုပင် ဗြဟ္မာဟု သုံးရမည်သာ။ ဘာကြောင့် အိန္ဒိယကို ဗြဟ္မာမခေါ်ဝေါ် မသုံးရသနည်း။ စဉ်းစားစရာပင်။ ဟိုခေတ်က လူများသည် အဓိပ္ပါယ်မဲ့ မခေါ်ခဲ့ကြပါ။

## အိန္ဒိယသားတို့ နတ်ဗြဟ္မာအစွဲကြီးလှသည်။

အိန္ဒိယသားတို့သည် နတ်ဗြဟ္မာအစွဲကြီးလှသည်။ နတ်ဗြဟ္မာတို့ကို ဘုရားမပွင့်ခင်က အကြီးအကျယ် ကိုးကွယ်ခဲ့ကြသည်။ ကိုးကွယ်ဝတ်ပြုရုံ သာမက နတ်ဗြဟ္မာနှင့် ဆွေမျိုးတော်သည်ကိုလည်း ဂုဏ်ယူသုံးစွဲလေ့ရှိသည်။ အမည်မှည့်ရာ၌ပင် နတ် ဗြဟ္မာနှင့် ဆက်စပ်မှည့်လေ့ရှိသည်။ ဘုန်းတန်ခိုး ကြီးသည်ဟု မိမိကိုယ်ကို အထင်ကြီးသော ဘုရင်များ မင်းမျိုးမင်းနွယ်များ လူကြီးလူကောင်းများ ပညာရှင်များ ရာထူးရှိသူများ စသည်တို့သည် နတ် ဗြဟ္မာများနှင့် ကြံဖန်ဆက်စပ်လေ့ရှိကြသည်။ ဘုရင်မှန်သမျှသည် ဗြဟ္မဒတ္တ ဟူသော အမည်ကို ခံယူမှည့်ခေါ်ဂုဏ်ယူလေ့ရှိသည်ပင်။ ဗြဟ္မဒတ္တမှာ ဗြဟ္မာ ကြီးက ပေးအပ်သူ၊ ဗြဟ္မာကြီးမှ ဆင်းသက်လာသူ ဗြဟ္မာသားသမီး အမျိုးနွယ်ဟု အဓိပ္ပါယ်ထွက်ပါသည်။ မိမိသည် လူသာမန်မဟုတ်၊ သာမည လူ မဟုတ်။ ကောင်းကင်မှကျလာသော မိုးကျရွှေကိုယ် မြင့်မြတ်သူဟု ဂုဏ်ယူ ကြသည်။ မြန်မာပြန်ဆိုလျှင် ဗြဟ္မဒတ်မင်းကြီးဟု ပြန်ဆိုလိုက်သည်။ တိုင်းပြည် မသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်ဟု ဆိုရိုးထားရလောက် အောင် မင်းတိုင်း ဘုရင်တိုင်း ဘုန်းကြီးသူတိုင်း မြတ်မြတ်နိုးနိုး အမည်မှည့်ခေါ်ခဲ့ ကြသည်။ ဇာတ်တော်များကို အကျယ်ရေးသော ပညာရှင်တို့မှာ အိန္ဒိယသား တို့ ဖြစ်ကြသည်။ ထို့ကြောင့် ဇာတ်တော်တိုင်းနီးပါးမှာ၌ပင် အတီတေ ဗာရာဏသီယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဟု ရေးလေ့ရှိကြသဖြင့် ဗာရာ ဏသီပြည်မှာ သူတို့လက်သုံးဖြစ်သည်။ ဗာရာဏသီပါတိုင်း ယုံသင့်မှ ယုံ ရန်ပင် ဖြစ်လာသည်။

"ဒေဝဒတ္တ" နတ်မင်းကြီးမှ ဆင်းသက်သူ ဟူသော အမည်ကိုလည်း မှည့်လေ့ရှိကြသည်။ ဒေဝဒတ်ဟု မြန်မာမှု ပြန်ဆိုခဲ့လေသည်။ "အာဒိစ္စ ဝံသ' ဟု ဘုရင်တို့၏ ဂုဏ်ပုဒ်အဖြစ် သုံးခဲ့ကြပြန်သည်။ အာဒိစ္စ+ဝံသ နေမင်း

နေနတ်သား+အနွယ် အမျိုး လူမျိုး။ နေမျိုးနွယ် နေမင်း နေနတ်သားမှ ဆင်းသက်လာသော လူမျိုးနွယ်ဟု ဂုဏ်ယူကြသည်။ ဘုရင်များ မင်းများ ဘုန်းကြီး တန်ခိုးကြီး အာဏာရှိ ဩဇာရှိ သတ္တိရှိ လှပကြော့ရှင်းသည်မှာ အာဒိစ္စဝံသ နေမျိုးနွယ်၊ နေမင်းမှဖြစ်လာသောလူမျိုးဖြစ်၍ ဖြစ်သည်ဟု ဂုဏ်ယူလေ့ရှိသည်။

ထိုမျှလောက် နတ်ဗြဟ္မာနှင့် အမျိုးတော်စပ်လိုကြသည်။ နတ်ဗြဟ္မာမှ ဖြစ်လာသောလူမျိုးဖြစ်သည်ဟု ဂုဏ်ယူပြောဆိုဆွေမျိုးစပ်လေ့ရှိကြသည်။ ထိုသူတို့သည် နတ်ဟူသမျှကို ကိုးကွယ်ကြသည်။ နတ်သည် လူထက်ပို၍ ကံကောင်းသည်။ ဘုန်းကံကြီးမားသည်။ တန်ခိုးရှိသည်။ မြင့်မြတ်သည်ဟု အစွဲကြီးကြသဖြင့် ကိုးလည်းကိုးကွယ်ကြသည်။ ကိုးကွယ်မှ နတ်မစမှုခံရပြီး ကိစ္စအဝဝအောင်မြင်ပြီးစီးမည်ဟု အစွဲကြီးခဲ့သည်။

ဟိန္ဒူဘာသာကိုးကွယ်သူများ ဖြစ်လာကြသောအခါ အိန္ဒိယသားတို့ကို ဇာတ်ခွဲလိုက်သည်။ ဗြာဟ္မဏ၊ ခတ္တိယ၊ ဝဿ၊ သုဒ္ဒ လေးမျိုးခွဲလိုက်သည်။ လူသားတို့ကို မဟာဗြဟ္မာကြီးက ဖန်ဆင်းခဲ့သည်။ ဗြာဟ္မဏပုဏ္ဏာလူမျိုးတို့ကို ဗြဟ္မာကြီးက ပါးစပ်က ဖန်ဆင်းလိုက်သည်။ ခတ္တိယလူမျိုးတို့ကို ဗြဟ္မာကြီးက ရင်ဘက်မှ ဖန်ဆင်းလိုက်သည်။ ထိုလူမျိုး ၂ မျိုးလုံးမှာ ဇာတ်မြင့်ကြသည်။ ဝဿမှာ ကုန်သည်မျိုးဖြစ်သည်။ သုဒ္ဒမှာ ဆင်းရဲသားမျိုးဖြစ်သည်။ ဇာတ်နိမ့် ၂ မျိုးဖြစ်သည်။ ဝဿမျိုးကို ဗြဟ္မာကြီးက ဝမ်းဗိုက်မှ ဖန်ဆင်းလိုက်သည်။ သုဒ္ဒမျိုးကို ဗြဟ္မာကြီးက ဒူးဆစ်က ဖန်ဆင်းလိုက်သည်။ လူချင်းတူသော်လည်း ဇာတ်ကြီးပုံကွဲသဖြင့် ဇာတ်နိမ့်တို့သည် လူ့အဆင့်နိမ့်ကြသည်။ ဇာတ် မြင့်တို့မှာ မြင့်မြတ်သောလူများဖြစ်သည်ဟု အစွဲကြီးကြီး စွဲကြပြီး နတ် ဗြဟ္မာကိုးကွယ်မှုကို ထိပ်တန်းအကျဆုံး အစွဲကြီးခဲ့သည်။ သဘာဝ ကျကျ မတွေးတော့။ ထိုမျှ နတ်စွဲ ဗြဟ္မာစွဲကြီးမားပြင်းထန်လှသည့် အိန္ဒိယသားတို့သည်သာ ဗြဟ္မာ့နိုင်ငံ ဗြဟ္မာလူမျိုး နာမည် ခေါ်ဝေါ်သင့်သည်မှာ သေချာသည်။

ထိုမျှ ပြင်းထန်အစွဲသန်သည့် အိန္ဒိယနိုင်ငံနှင့် အိန္ဒိယလူမျိုးကို

ဗြဟ္မာဒေသ ဗြဟ္မာလူမျိုး ဗြဟ္မာဟု မခေါ်ဝေါ်ပဲ ပြူတခေတ်လဲ မြန်မာကိုမှ ဗြဟ္မာ ဗြဟ္မာလူမျိုး ဗြဟ္မဝတ် ဗြဟ္မာဒေသဟု ခေါ်ခဲ့ခြင်းမှာ လွန်စွာစဉ်းစား စရာပင် ဖြစ်ပါသည်။ ပို၍ လေးစားဂုဏ်ယူရသည်မှာ အိမ်နီးချင်း လူဦးရေ အများဆုံး နိုင်ငံအကြီးဆုံးနိုင်ငံတို့က ဗြဟ္မာဟု ခေါ်သည်မှာ အကြောင်းရှိ နေမည်။ အကြောင်းမရှိ အချည်းနှီး မခေါ်ဝေါ်ခဲ့ပေ။

## ဗြဟ္မာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်

ဗြဟ္မာဟူသော ပါဠိပုဒ်၏ အနက်မှာ ကြီးပွားခြင်း တိုးတက်ခြင်းဟု အဓိပ္ပာယ်ရှိ၏။ ဗဟ္မာပုဒ်ဖြစ်၏။ ဗဟ္မာသဒ္ဒါသည် ဗသာဓာတ်ဖြစ်၏။ ဝုဒ္ဓိ– ကြီးပွားခြင်း အနက်ဟော၏။ မာပစ္စည်းသက်၍ ဗြဟ္မာ–ဗဟ္မာနော– ဟော ဗဟ္မေစသည်ဖြင့် ဗြဟ္မာသဒ္ဒါ အတူရုပ်စဉ်ရ၏။ ဗကို ဗြမပြုလျှင် ဗြဟ္မာဟု ပုဒ် ပြီးသည်။ ပညာရှိတို့သည် မိမိတို့အမျိုးဇာတ်ကို ကြီးပွားခြင်း ၌ ဗဟ္မာ ဗြဟ္မာ ဟု တွင်စေသတည်း ဟု အမည်မှည့်ကြလေသည်။ ထို့ကြောင့် ဗဟ္မာလူမျိုး ဗြဟ္မာလူမျိုးဟု ခေါ်ရ၏ ဟု သေကျွတောင် ဆရာတော် အရှင် တိလောက မထေရ်၏ ပဏ္ဍိတဝေဒနီယဒီပနီကျမ်း စာမျက်နှာ ၂၁၃ တွင် ဖွင့်ပြထား၏။

ပေါရာဏ မူလကထာ အဘိဓာန်ကျမ်းတွင် ပါဠိဆရာကြီး ဦးဖြေက စာမျက်နှာ ၁၈၀ ၌ ဗြဟ္မာ ဟူသည် ကြီးပွားမြင့်မြတ်ခြင်း ကြီးပွားမြင့်မြတ် သူ ကြီးပွားမြင့်မြတ်သော လူမျိုးဟု ဖွင့်ဆို၏။

## ပိဋကတ်စာပေများ၏ ဖွင့်ဆိုချက်

သေဋ္ဌတ္ထေန ဗြဟ္မာ– ဟု ပါဠိပိဋက စာပေများတွင် ဖွင့်ပြကြ၏။ မြင့်မြတ်ခြင်းဟူသော အနက်ကြောင့် ဗြဟ္မာမည်၏ ဟု ဆိုလိုသည်။ ဗြဟ္မာသဒ္ဒါသည် မြင့်မြတ်ခြင်းဟု အဓိပ္ပာယ်ရှိသဖြင့် ဗြဟ္မာလူမျိုးဟူ သည် မြင့်မြတ်သော လူမျိုးဟု အဓိပ္ပာယ်ရသည်ဟု ဆိုနိုင်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ ပိဋကတ်စာပေလာ စကားများဖြစ်သည်။

ဗြဟ္မာတိမာတာပိတရော– ပုဗ္ဗာစရိယာတိဝုစ္စရေ

ဗြဟ္မာဟူသည် မိဘများ မိခင် ဘခင်များဟု အဓိပ္ပာယ်ရသည်။ ရှေးဦးဆရာများ ပုဗ္ဗာစရိယ မိဘများဖြစ်သည်။ မိဘများသည် လက်ဦးဆရာများမည်၏ ဟု ဘုရားရှင်က ဟောပြတော်မူ၏။

## ဗြဟ္မာခေါ် မြန်မာတို့သည် ရှေးဦးလူသား လူသားအစ မိဘများဟု အဓိပ္ပာယ်လား

ဗြဟ္မာဟူသော ပါဠိပင်ရင်း ပုဒ်၏အဓိပ္ပာယ်မှာ လူ နတ် ဗြဟ္မာ သတ္တဝါတို့တွင် မြင့်မြတ်သော ဈာန်ရှင် ဗြဟ္မာကြီးများကို တိုက်ရိုက်ဆိုလို သည်။ ၃၁ ဘုံ လောကဓာတ် စကြဝဠာတွင် အပါယ်လေးဘုံမှာ အကုသိုလ် ပြုသူများ ရောက်ရာဘုံများဖြစ်သည်။ လူ့ဘုံတစ်ဘုံမှာ ကုသိုလ် အကုသိုလ် ရောရာက်ပြုသူများ ရောက်ရာဘုံများ ဖြစ်သည်။ နတ်ပြည်ခြောက်ထပ် ၆ဘုံမှာ ကာမဂုဏ် လိုလားသူ ကုသိုလ်ရှင်များ ရောက်ရာဘုံများဖြစ်သည်။ ဗြဟ္မာ ဘုံမှာ ကာမဂုဏ်ကို ရွံမုန်းသူများသည် ကသိုဏ်းအပါအဝင် သမထ ဘာဝနာ များကို အားထုတ်လေရာ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် များကို ရရှိခဲ့သည်။ ဈာန် အဘိဉာဉ်ရသူတို့ ကွယ်လွန်သောအခါ ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ ဘုံ၌ ဗြဟ္မာကြီးများ ဖြစ်ကြရသည်။ ဗြဟ္မာတို့သည် စက္ခုသောတမျက်စိ နားသာ အာရုံခံစားကြသည်။ နှာခေါင်း၊ လျှာ၊ ကိုယ် ခန္ဓာတို့သည် ပုံသဏ္ဍာန်သာ ရှိပြီး အာရုံခံစားမှု ပသာဒရုပ်မပါရှိချေ။ ထို့ကြောင့် ဗြဟ္မာတို့သည် မျက်စိမြင် နားကြား အာရုံကို ခံစားနိုင်ကြသော်လည်း နှာခေါင်း လျှာ ခန္ဓာကိုယ်တို့၌ အာရုံမခံစားကြချေ။ ထို့ကြောင့် ဗြဟ္မာတို့သည် ယောကျ်ား မိန်းမ မရှိ၊ ကာမဂုဏ် မခံစားကြ။ အစာ အာဟာရ မသုံး ဆောင်ကြချေ။ ဈာန်ပီတိနှင့်သာ ကမ္ဘာများစွာ အသက်ရှည်ကြသည်။ ကာမဂုဏ်နှင့် ဝေးကြတော့သည်။ တတိယဈာန်အထိ မျိုးမကွဲကြသော်လည်း စတုတ္ထဈာန်တွင် ရုပ်ကို နှစ်သက်သူတို့က ရုပ်သာရှိသော အသညသတ်ဘုံ၌ ဖြစ်ကြရသည်။ နာမ်ကို နှစ်သက်သူမှာ အရူပဘုံ ၄ ဘုံ၌ နာမ်သာရှိသော ဗြဟ္မာများဖြစ်ကြရသည်။ ရုပ်နာမ်နှစ်ပါးစုံ လက်ခံသူမှာ ကျန်ဗြဟ္မာ့ဘုံများဖြစ်သည့် ပဉ္စဝေါကာရ ဗြဟ္မာဘုံ၌ ဖြစ်ကြရသည်။ ထိုသို့

ျာန်အဘိဓာန်ဥ္ဇရ ပုဂ္ဂိုလ်မြတ်များကို ဗြဟ္မာဟု ခေါ်သည်။

ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်သော ဖန်ဆင်းရှင် ပုဂ္ဂိုလ်မြတ်ကို ဗြဟ္မာဟု ခေါ်ကြ၏။ ဤဗြဟ္မာမှာ စာပေအတိအကျ တွင်လာသော ဗြဟ္မာမဟုတ်ပေ။ ကိုးကွယ်သူတို့အခေါ်သာဖြစ်၏။ နတ်တို့ထက်အဆင့်မြင့်သော တန်ခိုးရှင်ဟု ဟိန္ဒူတို့က လက်ခံကြသည်။

အထက်ပါ ဗြဟ္မာများမှတပါး ဗြဟ္မာဟူသော ဝေါဟာရသုံးထားခြင်းကို စာပေတွင် မတွေ့ရပေ။ ယခုနောက်ဆုံးတွေ့ရသော ဗြဟ္မာဝေါဟာရမှာ ပြူခေါ် မြန်မာတို့ကို ခေါ်ဝေါ်သော ဗြဟ္မာဖြစ်သည်။ ပြူလူမျိုး မြန်မာလူမျိုးတို့ကို တရုတ် အိန္ဒိယ အိမ်နီးချင်းနိုင်ငံများက ဗြဟ္မာဟုခေါ်သည်ကို အထင်အရှားတွေ့နေရသည်။ ဘာ့ကြောင့် ဗြဟ္မာဟုခေါ်ပါသနည်း။ အထက်ပါလေ့လာတင်ပြချက်များအရ သုံးသပ်တင်ပြရပေမည်။

ပါဠိ ပိဋကစာပေလာ ဗြဟ္မာတီ မာတာပိတရော ဟူသော စကားအရ ရှေးဦး မြန်မာကြီးတို့သည် ကမ္ဘာဦးလူသားမျိုးနွယ်ကြီးများ ဖြစ်ကြသည်။ ပရိုင်းမိတ်မှစတင်၍ လူတူပရိုင်းမိတ်ဘဝမှစကာ နွယ်ခွေလူသားအညာသားကြီးများ ကျောက်ခေတ်ကြေးခေတ် သံခေတ်လူသား ပြူလူမျိုးများအထိ ရှေးဦးလူသားတို့တွင် ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ပြူလူမျိုးများသည် ကမ္ဘာဦးလူသား ကမ္ဘာ့လူသားမျိုးနွယ်များ၏ မိဘကြီးများဖြစ်ကြသည်။ ပုဗ္ဗာစရိယ ဟူသော ထပ်ဆင့်ဂုဏ်ပုဒ်အရ သင်ဆရာ မြင်ဆရာကြားဆရာ လူသားတို့၏ ဆရာတစ်ဆူ ဖြစ်ခဲ့ပြန်သည်။ ကမ္ဘာဦးလူသားခြင်းတူသော်လည်း မွန်ဂိုလွိုက်တို့လို မျိုးနွယ်တူလောက်ကိုသာ ဦးစားပေးသည် မဟုတ်။ အင်ဒိုဥရောအနွယ် မဇ္ဈိမဒေသသားတို့ကဲ့သို့ လူချင်းအတူတူ ဇာတ်နိမ့်ဇာတ်မြင့် အဆင့်ခွဲခြား လူတန်းစားခွဲခြင်း လူကိုလူလိုသဘောမထားခွဲခြားခြင်းမရှိဘဲ မိမိမျိုးနွယ်အုပ်စုနေရပ်သို့ ဝင်ရောက်လာသူများကိုပင် ကြောသားရင်သား မခွဲခြား၊ ဗြဟ္မာကြီးများပမာမေတ္တာ စေတနာအပြည့်ဖြင့် ကရုဏာ မုဒိတာ ဥပေက္ခာ ပွားတတ်သူများဖြစ်၍ ပြူလူမျိုးများကို ဗြဟ္မာဟုခေါ်ခဲ့ခြင်းဖြစ်နိုင်ပေသည်။

ပြူဗြဟ္မာများသည် မိမိထံ ခိုဝင်လာသော မွန်ဂိုလွိုက်အုပ်စုဝင် တိဘက်

မြန်မာ မွန်ဗမာ စသူတို့နှင့် လက်ရေတပြင်တီး နေခဲ့ကြသဖြင့် လူမျိုးစု ပြဿနာ လူတန်းစား ပြဿနာ လူနှင့် လူချင်း ဝိရောဓိ ပဋိပက္ခတို့ကင်းဝေးကာ အေးချမ်းသာယာခဲ့သည်။ အေးချမ်းသငြဖ့် စီးပွားရေး လူမှုရေး တိုးတက်ခဲ့သည်။ ပြူတို့၏ လူ့ဘောင်သည် ဗြဟ္မာ့ပြည်အလား ချမ်းသာတည်ငြိမ်အေးချမ်းစည်ကားတိုးတက်ခဲ့သဖြင့် အိမ်နီးချင်း နိုင်ငံများက ပြူလူမျိုးတို့ဒေသကို ဗြဟ္မာလူမျိုး ဗြဟ္မာဒေသ ဗြဟ္မာနိုင်ငံတော် ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်နိုင်သည် ဟု ပြည်တွင်း ပြည်ပအထောက်အထားများကို တင်ပြ၍ သုံးသပ်ရပါသည်။

ပြူမြို့ပြ နိုင်ငံတော်ခေတ်သည် တိုးတက်အေးချမ်းသာယာခေတ်ဖြစ်သဖြင့် ထိုခေတ် ထိုအချိန် ထိုလူမျိုးတို့ကို လေးစားဂုဏ်ပြု မြတ်နိုးကျေနပ်သောအားဖြင့် တညီတညွတ်တည်း ဗြဟ္မာလူမျိုး ဗြဟ္မာနိုင်ငံတော် ဟု သီးခြား ဝိသေသ ထပ်ခါ ခေါ်ဆိုအပ်ပါသည်။

ဤသို့ဆိုသဖြင့် လူမျိုးစွဲကြီးသည် ဟုဆိုရန် မသင့်ပါ။ ဇာတ်ခွဲခြားမှုစနစ် ကျင့်သုံးသော အိန္ဒိယတွင် လူတန်းစားတိုက်ပွဲများ အမြဲတန်း ဖြစ်နေကြောင်းတွေ့ရပါမည်။ မွန်ဂိုလ်လိုက်တွင် လူမျိုးနယ်တိုက်ပွဲများကြုံခဲ့ရပါသည်။ အေးအတူ ပူအမျှ မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာနှင့် ပြည့်ဝသူများမှာ မြန်မာတို့သာ ဖြစ်ကြောင်း လူမျိုးစု ၁၃၅မျိုးတို့ အစွဲကင်းကင်းနေထိုင်နိုင်ခဲ့ခြင်းက မြန်မာသည် တကယ့် ဗြဟ္မာကြီးများနှင့် တူကြောင်း ငြင်းချက်မရှိ အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။

## သတ္တမပိုင်း
## နိုင်ငံပြင်ပသို့ ပြူ သက္ကတို့ ပြည်သစ်တည် ထွက်ခွာကြခြင်း

### ကပိလဝတ္ထုမြို့တော်

မြန်မာပြည်အနှံ့ ပြူတို့ မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြသည်။ ပြူတို့သည် ဒေသ ၂၉၈ နေရာမက ကျယ်ပြန့်စွာ နေထိုင်ခဲ့ကြသည်။ ထင်ရှားကျော်ကြားသည့် နယ်မြေဒေသကြီး ၃၂ ရပ်သည် တိုင်းနှင့် ပြည်နယ် အလားကျယ်ပြန့်ခဲ့သည်။ စစ်စခန်းများ တပ်မြို့ ၉ မြို့ စနစ်တကျ ကွပ်ကဲနိုင်ကြသည်။ ပြည်ထောင် ၁၂ နိုင်ငံ ပါဝင်ခဲ့သည်။ ဩဇာခံ နိုင်ငံပေါင်းသည်ပင် ၁၈ နိုင်ငံထိ ရှိလာသည်။ အာရေဗျကျွန်းဆွယ်မှ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြားဒေသရပ်ဝန်းကြီးသည် ကုလားတို့ဌာနီဖြစ်သည်။ နတ်မြစ်ဝမှ မဲခေါင်မြစ်ဝထိ မြောက်ဘက်တွင် ဟိမဝန္တာတောင်ခြေထိ ရပ်ဝန်းသည် ပြူတို့ရပ်ဝန်းဖြစ်သည်။ အာရှတွင် တရုပ် ကုလား ပြူတို့ကြီးစိုးနေသည်။ ပြူတို့၏ အင်အားမှာ မဟာအင်အားကြီးနိုင်ငံဖြစ်သည်။ ဟုသမိုင်းပညာရှင်တို့ မှတ်တမ်းတင်ခဲ့မှတ်တမ်းဝင်ခဲ့ပါသည်။

သထုံမြို့ပြ ဝင်းက မြို့ပြဒေသ၊ အရက်သည်မပြူမြို့၊ ဇုတ်သုတ်(ကျိုက်ထီးဆောင်း)ပြူမြို့၊ သာဂရပြူမြို့၊ မုတ္တီးပြူးမြို့၊ မုတ္တမပြူမြို့၊ ထားဝယ်ပြူမြို့၊ မြိတ်ပြူမြို့၊ ပါဒပြူမြို့၊ ကောလိယပြူမြို့၊ ဇေယျဝတီပြူမြို့၊ မိုးကောင်းပြူမြို့၊ ပူတာအိုမြို့ဟောင်း၊ မင်းတပ်ပြူမြို့၊ ကလေးပြူမြို့၊ မက္ခရာပြူမြို့၊ ပေါရိသတ်ပြူမြို့၊ မြောင်းမြမြို့ဟောင်း၊ ဘားအံမြို့ဟောင်း၊ ဓညဝတီပြူမြို့၊ ဝေသာလီပြူမြို့၊ ပုဂံပြူမြို့ စသည်ဖြင့် သရေခေတ္တရာ၊ ဓညဝတီ၊

ဝေသာလီ၊ သုဝဏ္ဏဘူမိ(သထုံ)၊ ဟန်လင်း၊ ဗိဿနိုး၊ တကောင်း၊ မြန်မာ အနှံ့ ပြူတို့ ပြန့်ခဲ့သည်။ ပြူတို့သည် အိန္ဒိယ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံ ဧရိယာများထဲသို့တိုင် ဩဇာလွှမ်းခဲ့သည်။ ပြည်တွင်းတွင် နေရာ အနှံ့ မြို့ပြ ပြည်ရွာ တည်ထောင်ခဲ့ပြီး ပြူဩဇာခံ အခြားဒေသနိုင်ငံများ အထိ နယ်သစ်ရှာရန် ရည်မှန်းချက်ထားလာကြသည်။ နိုင်ငံတော်ထဲသို့ တိဘက် တိုဘာမင်း စသော အခြားမျိုးနွယ်စုများ ရောက်ရှိနေပြီး ယခုအခါ ပြူ လူမျိုးဖြစ်နေကြသည်။ ထိုပြူလူမျိုးတို့သည် စစ်ရေးလည်း ကျွမ်းလာကြသည်။ အုပ်ချုပ်ရေးလည်း ကျွမ်းလာကြသည်။ စည်းရုံးရေးလည်း အားကောင်း လာကြသည်။ ထိုပြူတို့သည် ပြည်တွင်းတွင် တကောင်းဒေသတဝိုက်၌ စုရုံး နေထိုင်ခဲ့ကြသည်။ တကောင်းမြို့ပြနိုင်ငံတော်ကို တည်ထောင်ရန် ပြင်ဆင် လာကြသည်။ သို့သော် တကောင်းမြို့ပြနိုင်ငံတော်ကို စနစ်တကျ တည် ဆောက်ရန် ပြင်ဆင်ဦးအချိန်သာဖြစ်သည်။ အုပ်ချုပ်သူခေါင်းဆောင်များပင် အဆင်သင့်မဖြစ်သေးကြပေ။ တကောင်းဒေသတွင် ခေါင်းဆောင်းမင်းများ ရှိသော်လည်း ဦးဆောင်နိုင်သည့် မင်းတစ်ဦးတည်း မရှိသေးပေ။

## ပြူ သက္ကမျိုးနွယ်စုတို့ သာဝတ္ထိသို့ ထွက်ခွာကြခြင်း သကျနိုင်ငံတော်တည်ထောင်ကြခြင်း

တကောင်းတည်ဆောက်ရေးအတွက် ပြူမျိုးနွယ်စုတို့ လုပ်ဆောင် နေချိန်လောက်မှာပင် ကလေးဒေသ တမူးဒေသကို ဖြတ်ကျော်၍ သာဝတ္ထိသို့ မြို့ပြတည်ဆောက်ရန် ပြူခေါင်းဆောင်အချို့တွင် စိတ်ကူးပေါ်လာသည်။ ထိုသူ တို့တွင် တကောင်းကို ဦးဆောင်နေသူမှာ ဩက္ကာကမင်းဖြစ်သည်။ ဩက္ကာ က မင်း၏ မိဖုရားခေါင်ကြီး ဟတ္ထာတွင် ဩက္ကာမုခ, ကရကဏ္ဍ, ဟတ္ထိနိက, သီနိသူရ ခေါ် နိပုဏ ဟူ၍ သားကြီး ၄ ယောက် နှင့် ပိယာ, သုပိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတသေနာ နှမတော် ၅ယောက် မွေးဖွားပြီး ကွယ် လွန်ခဲ့သည်။ မိဖုရားအသစ်တစ်ဦးကို မိဖုရားခေါင်ကြီး တင်မြှောက်ခဲ့သည်။ ထိုမိဖုရားမှ ဇန္တုသားတော်တစ်ယောက်မွေးဖွားသည်။ ထိုမိဖုရားသည် သူ၏ သားတော် ဇန္တုဘုရင်ဖြစ်ရေးအတွက် သားတော်ကြီးများကို အဝေးသို့နှင်စေ

ရန် ဘုရင်ကြီးကို တိုက်တွန်းသည်။ ထိုအကြောင်းကို သားတော်တို့ သိသော အခါ ဝေးလံလှသော ဟိမဝန္တာတောင်ခြေသို့ ထွက်ခွာသွားကြပြီး တိုင်းသစ် ပြည်သစ် တည်ရန် ပြင်ဆင်ကြသည်။ သားတော်ကြီးနှင့်အတူ နှမတော် ၅ ယောက်ကလည်း လိုက်မည်ဆိုသည်။ မှူးမတ် စစ်သူကြီး ပြည်သူတို့ပါ လိုက်ပါ ကြသဖြင့် သားတော်တို့ ခေါင်းဆောင်သော မင်းမျိုးနွယ်တို့ ထွက်ခွာခဲ့သည်။

ထိုအချိန်က ပြူတို့သည် အားကောင်းချိန်ဖြစ်သည်။ ပြူတို့၏ လက် အောက်အဖြစ် ၁၈ နိုင်ငံတွင် အိန္ဒိယနယ်မြေဖြစ်သော မော်လီ–မလ္လီတို့သည်၎င်း၊ ကျီးယားလီကျီးယား၊ ကာလီကာ ဝရစ်တို့သည်၎င်း၊ ရှဲဝေ့၊ သာဝတ္ထိ တို့သည်၎င်း ပါဝင်ခဲ့သည်။ သာဝတ္ထိသည် ယခုခေတ်အခါ အိန္ဒိယနိုင်ငံ ကောသလတိုင်း၏ မြို့တော်ဖြစ်သည်။ ကောသလတိုင်းမှာ ဟိမဝန္တာတောတောင်ကြီးများနှင့် ဆက်စပ်နေသည်။ ပြူလူမျိုးတို့ လက် အောက်ခံ နယ်မြေသည် သာဝတ္ထိနှင့် ဟိမဝန္တာတောင်စပ် တောင်ခြေနယ် မြေကြီးဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် ပြူနိုင်ငံ နယ်စပ်ဒေသဖြစ်သည်။ မည်သူကမှ ထာဝရ မနေ ကြပေ။ ဦးရာလူနေကြခြင်းဖြစ်သည်။ ယခုခေတ် နယ်နိမိတ်နှင့် ပတ်သက် မှု မရှိပါ။ ထိုခေတ် ထိုအခါက ပြူနယ်မြေလည်း ဖြစ်ခဲ့ဖူးသည်။ တရုပ် ထန်မင်းဆက်သမိုင်းသစ်တွင် အထင်အရှား ဖော်ပြပြီး ဖြစ်သည်။

ထို့ကြောင့် နယ်သစ်ရှာထွက်လာသော ပြူမင်းသားတို့အတွက် တကောင်းမြို့တော်နှင့် ဝေးကွာသော နယ်မြေမှာ ဟိမဝန္တာတောင်ခြေ သာ ဖြစ်၍ ထိုဒေသသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ အခြားတကြောင်းမှာ ထိုဒေသ တွင် ပြူလူမျိုး ကပိလရှင်ရသေ့ကြီး သီတင်းသုံးနေသည်။ ကပိလရသေ့ကြီး သည် ငယ်စဉ်က ဥစ္စာနေကြွယ်ဝခဲ့သည်။ ထိုကပိလသူဌေးကြီးသည် ဘူမိဇာလ မည်သော မန္တရားအတတ်ကို တတ်၏။ ထိုမန္တရား၏ အာနုဘော်ဖြင့် အထက် ကောင်းကင်သို့ အတောင်ရှစ်ဆယ်၊ မြေအောက်သို့ အတောင် ရှစ်ဆယ်တိုင်အောင် အကျိုးအပြစ်ကို သိမြင်နိုင်၏။ ထိုကပိလသည် လူ့ဘောင် မှ ခွာရှောင်၍ ရသေ့ဝတ်ခဲ့ပြီး ဟိမဝန္တာနံပါး ရေကန်၏အနီးကျွန်တော၌ သင်္ခမ်းဆောက်၍ နေ၏။ ရန်အပေါင်းကိုအောင်နိုင်ရာ မြေဖြစ်၍ ရသေ့ကြီး သည် သင်္ခမ်းဆောက်နေ၏။

မင်းသားတို့ ရောက်လာ၍ အမျိုးအမည်ကို မေးမြန်းသိရှိရသော် မိမိသခ်မ်းနေရာ၌ မြို့တော်တည်ရန် မိန့်တော်မူ၏။ မင်္ဂလာကျက်သရေ နှင့် ပြည့်စုံပြီး ရန်အောင်မြင်ရာ ထိုနေရာ၌မြို့တော် ပန္နက်ရိုက်၍ မြို့တော်တည်၏။ ကပိလရှင်ရသေ့နေရာ ကျောင်းသခ်မ်းနေရာ၌ တည်သော မြို့တော်ဖြစ်၍ ကပိလဝတ္ထုဟု မြို့တော်အမည်မှည့်၏။ ဝတ္ထုဟူသည် ပြူတို့၏ နေရာဒေသအမည်ကိုမှည့်သော စကားဖြစ်၏။ နေရာဒေသဟု အဓိပ္ပာယ်ရ၏။ ဒေသ desa ၏အခေါ်တစ်မျိုး ဗြဟ္မဝတ္ထုခေါ်သကဲ့သို့ ဤ၌ ကပိလဝတ္ထုဟု မှည့်ခြင်းဖြစ်၏။ ပြူတို့၏ ဒေသကို ပြူဓလေ့ ပြူယဉ်ကျေးမှုနှင့် ကိုက်ညီအောင် မှည့်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကပိလဝတ္ထု၊ ဗြဟ္မဝတ္ထုတို့သည် ပြူမြန်မာတို့၏ ပင်ရင်း ကိုယ်ပိုင်အသုံးအနှုန်းဖြစ်ကြောင်း မှတ်ယူရမည်။ အိန္ဒိယအသုံးဝေဟာရရင်းမြစ်မဟုတ်ပေ။ ထိုခေတ်က အဖြစ်အပျက်ကို မှတ်တမ်းတင်ရာ၌ မဂဓစကားဖြင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်၍ မဂဓပါဠိဝေါဟာရတို့ ဖြစ်နေ၏။

## သက္က သကျ္ သာကီဝင် ပြူလူမျိုးတို့၏ သကျနိုင်ငံတော်

တကောင်းပြူတို့၏ နိုင်ငံတော်တည်ဆောက်စအချိန်လောက်မှာပင် သာကီဝင်တို့ ထွက်ခွာသွားခဲ့ကြပြီး ဟိမဝန္တာတောင်ခြေတွင် နိုင်ငံတော် တည်ဆောက်ခဲ့ကြောင်း အထောက်အထား အပြည့်အစုံကို မြန်မာရာဇဝင် စာအုပ်ကြီးများမှာ ရရှိပါသည်။ မြန်မာရာဇဝင်စာအုပ်ကြီးများသည်လည်း ထိုအကြောင်းအရာကို ဗုဒ္ဓရှင်တော်၏ ပါဠိတော်အထောက်အထားများမှ ရရှိပါသည်။ ပိဋကတ်တော်စာအုပ်များတွင် သုတ်သီလက္ခန်အဋ္ဌကထာ သုတ္တနိပါတအဋ္ဌကထာ မဟာဝင်ဋီကာ ဒီပဝင်စာကိုယ် နေမိဇာတ်အဋ္ဌကထာ၊ မန္ဓာတုဇာတ်တော်၊ လောက ဒီပနီလောကုပ္ပတ္တိကျမ်း၊ ကထာဝတ္ထုအဋ္ဌကထာ၊ မူလဋီကာ၊ ဇိနာလင်္ကာရဋီကာ၊ ဓမ္မပဒ အဋ္ဌကထာ၊ ပါရာဇိကအဋ္ဌကထာ စသော များစွာသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဗုဒ္ဓဝံသအဋ္ဌကထာ စသည့် စာအုပ်များစွာတွင် သကျသာကီဝင်တို့၏ အကြောင်းအရာများ ပါရှိသည်။ ပါဠိမကျွမ်းကျင်သော ခေတ်ပညာတတ် သမိုင်းဆရာတို့ လက်လှမ်းမမှီ၍ သာကီဝင်တို့

ပင်ရင်းကို မလေ့လာနိုင်ခြင်းဖြစ်ပါသည်။ ပညာရှင်ဖြစ်လိုက စာပေစုံ တတ်ကျွမ်းအောင် လေ့လာထားသင့်သည်။

အဋ္ဌကထာ၊ ဋီကာ၊ မဟာဝင်၊ ဒီပဝင် စသော စာအုပ်များကို အဖွင့် ရေးသားသောဆရာတော်တို့မှာ မဇ္ဈိမဒေသသားတို့ ဖြစ်ခြင်းကြောင့်တကြောင်း ထိုခေတ်ထိုအခါက ဗုဒ္ဓဝင် မဟာဝင် သမိုင်းအကြောင်းအရာများသည် ယခု ခေတ်ကဲ့သို့ သုတေသနပြုမှု တူးဖော်လေ့လာမှု ပညာရပ်များ မထွန်းကား သေးသဖြင့် ဖြစ်စဉ်အမှန်မသိကြသေးဘဲ မဇ္ဈိမဒေသကို ဗဟိုပြု ကိုယ့်ဒေသ ကိုသာ မှားမှန် မစိစစ်ဘဲ လိုရာဆွဲရေးသားလေ့ရှိသောကြောင့်၎င်း၊ ထိုခေတ် ကျွမ်းပြုသူတို့သည် ထိုခေတ် အယူအဆအစွဲအလမ်း၊ တွင်ကျယ်နေသော ဖြစ်စဉ်များအတိုင်း မိမိတို့ကျမ်းဂန်များထဲတွင် ထည့်သွင်းရေးသားခဲ့ကြသည်။ ထို့ကြောင့် သမိုင်းနှင့် ပတ်သက်သော အရေးအသားတို့သည် မဇ္ဈိမဒေသကို ဗဟိုပြုဆွဲယူရေးသားထားသည်များကို တွေ့ရတတ်သည်။ သာကီဝင်တို့၏ မူလရပ်ထံကိုလည်း ဗာရာဏသီဟု ဆွဲယူထားသည်။

## သကျတို့၏ ထွက်ခွာရာ မူလဌာနသည် ဗာရာဏသီမဟုတ်

သာကီဝင်တို့သည် ဗာရာဏသီပြည်မှ ထွက်ခွာခဲ့သည်ဟု အဋ္ဌကထာ များတွင် ရေးသားသည်ကို တွေ့ရသော်လည်း သာကီဝင်တို့ အကြောင်းကို ဘုရားရှင် ကိုယ်တိုင်ဟောခဲ့သည်။ အမ္ဗဋ္ဌသုတ်တော်တွင် သုတ်သီလက္ခန္ဓဝဂ္ဂ ပါဠိတော်မူရင်း၌ မည်သည့်အရပ်ဟု မဖော်ပြထားသည်ကို တွေ့ရသည်။ မဇ္ဈိမဒေသအကြောင်းအရာများ ဇာတ်တော်များကို ထိုအချိန်က ရေးသားရာ တွင် အတီတေ ဗာရာဏသီယံ ဗြဟ္မဒတ္တေရဇ္ဇံကာရေန္တေဟု အမြဲတမ်းလာသည်။ ရှေးတုန်းက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုအုပ်ချုပ်နေသည်ရှိ သော်... စသည်ဖြင့် ရေးတတ်လွန်းလှသဖြင့် "မင်းမသိ ဗြဟ္မဒတ်၊ တိုင်းပြည် မသိ ဗာရာဏသီ" သာပြော...ဟူသော လူပျက်စကားတစ်ရပ်ပင် ထွက် ပေါ်ခဲ့သည်။ အိန္ဒိယသားတို့က ဖြစ်စဉ်တိုင်း ကောင်းသောအရာတိုင်း ဗာရာဏသီပြည်က စတင်သည်ဟု ဆွဲယူတတ်သည်။ သူတို့ဒေသကို လည်း မဇ္ဈိမဒေသ အကောင်းဆုံးအရာတိုင်းထွက်ရာဗဟိုဒေသဟု စွဲယူ

အမည်မှည့်ခဲ့သည်။

ဤနေရာ၌မူ သဘာဝကျမကျသုံးသပ်ရမည်ဖြစ်ပါသည်။ သုတေသန ပညာရှင်တို့က သာကီဝင်တို့သည် တိဘက်မြန်မာအနွယ်ဝင်လူမျိုးများဖြစ်သည်ဟု အတိအလင်း သုတေသနပြုလက်ခံထားသဖြင့် တိဘက် မြန်မာ လူမျိုးတို့၏ နေရာ ပြူတကောင်းသာ ထွက်ခွာရာ ဒေသဖြစ်ရမည်။ ကုလား ပြည် ဗာရာဏသီပြည် မဖြစ်နိုင်တော့ပါ။ ပုဂ္ဂိုလ်စွဲ ဒေသစွဲ လူမျိုးစွဲ လွန်ကဲလျှင် အမှန်တရားမဖြစ်နိုင်ပါ။ သာကီဝင်တို့သည် ဝိဋူဍဘဘေးကြောင့် ပြန်လာသောအခါ မည်သည့်ဒေသသို့ ပြန်လာသည်ဟု မည်သည့်စာပေမှာမှ မဖော်ပြနိုင်ပါ။ သို့သော် သာကီဝင်တို့နှင့် မြန်မာတို့သည် ရုပ်ရည်အသံ ဓလေ့ ထုံးစံ အားလုံး မြန်မာတို့နှင့် တူနေသဖြင့် သာကီဝင်တို့သည် မြန်မာနိုင်ငံသို့ သာ ပြန်လာကြသည်။ သာကီဝင်မင်းကြီး အဘိရာဇာကို တကောင်းတွင် မင်းမြှောက်သည်။ အဘိရာဇာသည် တကောင်းမင်းဆက်ကို တည်ထောင်သည်ဟု စာပေအထောက်အထား အပြည့်အစုံနှင့် အဘိရာဇာနွယ်တော် စဉ်ဆက်သားမြေးဘုရင်များကိုပါ မြန်မာ့သမိုင်းတွင်သာ စဉ်ဆက်မပြတ်ကြောင်းကို ခိုင်လုံမှန်ကန်စွာ ဖော်ပြနိုင်သဖြင့် **သာကီဝင်တို့သည် တကောင်းမှလာ၍ တကောင်းသို့ ပြန်ခဲ့သည်။ တကောင်းသည်သာ သာကီဝင်တို့၏ မွေးရပ်မြေဟု တထစ်ချယုံကြည်လက်ခံရပါသည်။**

ထိုအချိန်ကား တကောင်းပြူတို့ ဘုန်းကြီးနေချိန်ဖြစ်သဖြင့် သာကီဝင်ပြူလူမျိုးတို့သည် ဟိမဝန္တာတောင်ခြေတွင် သကျနိုင်ငံတော် တည်ဆောက်ကြသည်ဟု တထစ်ချလက်ခံကြရပါမည်။ အိန္ဒိယနိုင်ငံမှ အိန္ဒိယလူမျိုးတို့က တည်ထောင်သည်ဟု ခိုင်လုံစွာ မတင်ပြနိုင်ပါ။

## အမျိုးပျက်မည်စိုး၍ မောင်နှမချင်း လက်ဆက်ကြခြင်း

တကောင်းမှ ထွက်ခွာလာကြစဉ်အချိန်က ခမည်းတော်မင်းကြီးသည် ပညာရှိအမတ်ကြီး ၈ ယောက်ကို ထည့်လိုက်သည်။ ကပိလဝတ္ထုနေပြည်တော် တည်ဆောက်ပြီးသောအခါ အရွယ်ရောက်သော မင်းညီမင်းသားတို့ကို အိမ်ထောင်ချပေးရန် စဉ်းစားကြ၏။ မင်းသားတို့နှင့် တိုင်ပင်သောအခါ

မင်းသားတို့က ငါတို့နှင့် မျိုးနွယ်တူသော မင်းသမီးကို မမြင်၊ နှမတော်တို့နှင့် မျိုးနွယ်တူသော မင်းသားများကိုလည်းမမြင်။ အမျိုးအနွယ်မတူသော(လူမျိုးခြား)သူတို့နှင့် ပေါင်းဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသော သားသမီးတို့သည် မစင်ကြယ်ကုန်ရာ။ အခြားအမျိုးအနွယ် (ညံ့များဖြင့်) ရောယှက်ခြင်းသို့ ရောက်ရာသည်ဟု ငြင်းဆိုကြ၏။ အမျိုးအနွယ်ကို စောင့်သဖြင့် နှမတော်အကြီးဆုံးကို မယ်တော်အရာထားပြီး နှမတော်လေးပါးနှင့် မောင်တော်လေးပါး မောင်နှံအစုံဖြစ်ကြကုန်၏။ ထိုအကြောင်းကို ခမည်းတော် ဩက္ကာကရာဇ်မင်းကြီးကြားသော် "သကျာဝတဘောရာဇကုမာရာ"ဟုမိန့်တော်မူလေသည်။ ဘော အိုအချင်းတို့ ရာဇကုမာရာ မင်းသားတို့ကား၊ သကျာဝတ အမျိုးအနွယ်ကိုစောင့်ရှောက်သောငှာ တတ်နိုင်ကုန်စွတကား ဟူသောစကားကို အစပြု၍ ကပိလဝတ်ပြည်၌ ဖြစ်သောမင်းမျိုးတို့သည် သကျမင်းမျိုးဟု အမည်တွင်ကုန်၏။ ထိုမှစ၍ မောင်ရင်း နှမရင်း အချင်းချင်းသာ လက်ဆက်သော အစဉ်အလာ ဖြစ်လာကုန်၏။ အသွေးမှိန်အမျိုးမပျက်စေရန်စီမံခြင်းဖြစ်၏။ ဘုရားဖြစ်သောအခါ စောင့်လေးမျိုးနွယ်ဟု သားသမီးဝတ္တရာအဖြစ် ဟောကြားတော်မူလေသည်။

## ကောလိယသာကီဝင်မင်းမျိုး

အမိအရာထားသော အမကြီးပိယာသည် အခါတစ်ပါး၌ ကုဋ္ဌနူနာရောဂါစွဲကပ်လာ၏။ အခြားသူတို့ ကူးစက်မှာ စိုးရိမ်၍ နှမတော်ပိယာကို ရထားပေါင်းချုပ်ဖြင့် တောသို့ ဆောင်ယူပြီး လိုဏ်ဂူတူးစေ၍ သစ်ပျဉ်ကာရံမိုး သောအိမ်ကို ပြုပြီးမှ စားသောက်ဖွယ်ရာအလုံအလောက်သွင်းထား၍ မြေ ဖြင့်လုံခြုံစွာ ဖုံးဖိ၍ ထားခဲ့ကြကုန်၏။ ထိုအချိန်မှာပင်ရာမမည်သော မင်းတစ်ပါးသည်လည်း ကုဋ္ဌရောဂါစွဲသဖြင့် တောထွက်ရသော့ဝတ်ကာ သစ်ဥသစ်မြစ်သစ်သီးသာစားလေသော် ရောဂါပျောက်ခဲ့၏။ ထိုရသေ့သည် ညအခါ ပိယာမင်းသမီး ကိုယ်နံ့ရသဖြင့် လာကြည့်ပြီးသောအခါ တိရစ္ဆာန်တို့ ယက်၍ပေါ်နေသော အိမ်ငယ်ကို တွေ့ရ၏။ အိမ်ထဲမှ မင်းသမီးကိုတွေ့သဖြင့် မင်းမျိုးချင်း တူသောကြောင့် ထုတ်ယူပေါင်းသင်း၏။ ဂါလောပင်အသီးများကို စား

ရာမှ ရောဂါကင်း၍ လှပကြော့ရှင်း၏ သားတော် ၂ ပါးစီ အမွှာ မွေးခဲ့ရာ ၁၆ စုံရှိလာ၏။ ရာမမင်းလည်း စစ်ထိုး အတတ်စုံသင်ပေး၏။ နောင်အခါ အခြားသူများပါရောက်လာသဖြင့် မြို့တည်၏။ ကလောပင်နေရာတွင် မြို့တည်သဖြင့် ကောလနဂရတွင်၏။ ကျားတို့ကျက်စားရာအရပ်၌ တည်သောကြောင့် ဗျဂ္ဃပထတွင်အမည်နှစ်မျိုးဖြင့် ထင်ရှား၏။ မင်းသား ၃၂ ယောက်တို့ အရွယ်ရောက်သောအခါ ရောဟဏီမြစ်၌ ရေကစားကြ၏။ ရေကစားလာသော ကပိလဝတ်သူမင်းသမီးတို့နှင့် တွေ့ကြ၏။ သကျမင်းမျိုး မှန်းသိ၍ နှစ်ဖက်မိဘတို့က ပေးစားကြကုန်၏။ ထိုအချိန်မှစ၍ မြို့သည် ဖွံ့ဖြိုးလာခါ **ကောလိယမြို့**ဟု တွင်လေသည်။ သာကီဝင် ၂ ပြည်ထောင်တို့ စည်းလုံးကြကုန်၏။

## ဒေဝဒဟာသကျမင်းမျိုး

ကပိလဝတ်ပြည်မှ သာကီဝင်မင်းမျိုးတို့သည် နှလုံးမွေ့လျော်ပျော်ဖွယ်ရာ ကောင်းလှသည့် နတ်ရေကန်အလား ကြီးကျယ်ခမ်းနားကြာမျိုးစုံ ရေကန်ကြီးအနီး၌ မင်းတဲများ ဆောက်လုပ်၍ ရေအတာသကြန်ပွဲသဘင်ကို ကျင်းပကြကုန်၏။ လှေပြိုင်ပွဲ လှေပွဲသဘင်ဆင်ယင်ကြကုန်၏။ ထိုဒေသသို့ လူများ စည်ကားစွာရောက်လာနေထိုင်ကြသဖြင့် မြို့ကြီးဖြစ်လာ၏။ ရေအိုင်ကြီး အနီးနေသော မင်းတို့ကို **ဒေဝဒဟာမင်းများ** ဟုခေါ်၏။ ဒဟာ ရေအိုင် ဒေဝ မင်းမျိုးဖြစ်သည်။ ထိုဒေဝဒဟာမင်းများမှာ သာကီဝင်မင်းများပင် ဖြစ်၏။ ထို့ကြောင့် ကပိလဝတ် ဒေဝဒဟာ ကောလိယသုံးပြည်ထောင်သည် သကျသာကီဝင်မင်းမျိုးတို့ အုပ်ချုပ်ရာနယ်မြေဖြစ်လာလေသည်။

## ကပိလဝတ်မင်းဆက်

ကပိလဝတ်ပြည်ရှင် ဩက္ကာမုခမင်းမှ သားတော်နိပုဏမင်း၊ နောက်မင်းသားတော် စန္ဒိမမင်း၊ ထိုမင်းသားတော် စန္ဒမုခမင်း ထိုမင်းသားတော် သိဝိမင်း၊ သူ့သားတော် သိဉ္စယမင်း၊ ထိုမင်းသားတော် ဝေဿန္တရာမင်း၊ ထိုမင်းသားတော် ဇာလီမင်း၊ ထိုမင်းသားတော် သီဟဝါဟနမင်း၊ သားတော်

သီဟာသရမင်းမှစ၍ မင်းပြုကုန်၏။ ဇယသေနမင်း ထို့နောက် သီဟဟနုမင်း ထိုသီဟဟနုမင်း၏သားတော် သုဒ္ဓေါဒနမင်းတို့ အုပ်ချုပ်ကြ၏။

ကပိလဝတ်မင်း ဇေယျသေနမင်းတွင် သားတော် သီဟဟနုနှင့် နမတော် ယသောဓရာမွေးဖွား၏။ ဒေဝဒဟပြည် ဩက္ကာကရာဇ်မင်းနှင့် ဟံသာဝတီ မိဖုရားတို့မှ သားတော် ဒေဝဒဟခေါ် အဥ္စနမင်းသားနှင့် သမီးတော် ကဥ္စနာတို့ကို ဖွားမြင်၏။ ကပိလဝတ္ထုပြည်ဇေယျသေနမင်းကြီး၏ သားတော် သီဟဟနုမင်းနှင့် ဒေဝဒဟပြည်မှ ဩက္ကာကရဇ်ခေါ် ဥက္ကာသက္ကမင်း၏ သမီးတော် ကဥ္စနာတို့ ထိမ်းမြားခဲ့ရာ ဘုရားရှင်၏ ခမည်းတော်မင်းကြီး သုဒ္ဓေါဒနနှင့် အမိတောဒန၊ ဓောတောဒန၊ သက္ကောဒန၊ သုက္ကောဒန သား ၅ ယောက်နှင့် သမီးတော် အမိတာနှင့် ပါလိတာ ၂ ယောက် ဖွားမြင်၏။ သုတ္တနိပါတ အဋ္ဌကထာ ဒုတိယအုပ် သမ္မာပရိဗ္ဗာဇနိယသုတ်အဖွင့်အတိုင်း ဖော်ပြပါသည်။

ဒေဝဒဟပြည် ဥက္ကာသက္ကမင်း၏ သားတော် အဥ္စန (မဟာသုပ္ပဗုဒ္ဓ) နှင့် ကပိလဝတ္ထုပြည်ဇေယျသေနမင်း၏ သမီးတော် ယသောဓရာတို့ ထိမ်းမြားရာမှ သုပ္ပဗုဒ္ဓမင်းသား၊ ဒဏ္ဍပါဏိမင်းသား သား ၂ ယောက်နှင့် သီရိ မဟာမာယာ မဟာပဇာပတိဂေါတမီသမီး၂ယောက် ဖွားမြင်၏။

သီဟဟနုမင်း၏သားတော် သုဒ္ဓေါဒနမင်းနှင့် အဥ္စနမင်း၏ သမီးတော် သီရိမဟာမာယာ မဟာပဇာပတိဂေါတမီ ညီအမနှစ်ယောက်တို့ ထိန်းမြားကြ၏။ သီရိမဟာမာယာမှ သားတော်ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသားနှင့် ဂေါတမီမိဖုရားမှ ဇနပဒကလျာဏီမင်းသမီးနှင့် သားတော် နန္ဒမင်းသားတို့ကို ဖွားမြင်ခဲ့၏။ ဇနပဒကလျာဏီ၏ အမည်ရင်းမှာ ရူပနန္ဒာဖြစ်၏။ ဘုရားရှင်ထက်ကြီးသည်ဟု အင်္ဂုတ္တုရ်အဋ္ဌကထာ၌ ဆို၏။ နန္ဒမင်းသားမှာမူ ဘုရားရှင်အောက် ၂ရက် ၃ရက်ငယ်သည်ဟု ထေရ သကဏ်ဋီကာ၌ ဆို၏။

ဒေဝဒဟပြည် အဥ္စနမင်းကြီး၏ သားတော် သုပ္ပဗုဒ္ဓနှင့် သီဟ ဟနုမင်း၏သမီးတော် အမိတ္တာပါလိတာညီအမတို့ စုံမက်ခဲ့ရာ အမိတ္တာ မိဖုရားမှ သားတော်ဒေဝဒတ္တမင်းသားနှင့် သမီးတော်ဘဒ္ဒကဥ္စနာ

ယသောဓရာ မင်းသမီးတို့ကို ဖွားမြင်၏။ သိဒ္ဓတ္ထမင်းသားနှင့် ဘဒ္ဒကစ္စန ၁ယသောဓရာတို့ လက်ထပ်ရာမှာ သားတော်ရာဟုလာကိုဖွားမြင်လေသည်။

အထက်ပါ နောက်ဆုံး သာကီဝင်မင်းဆက်တို့မှစ၍ မင်းစဉ်မင်းဆက်အမည်ကို ပါဠိစာပေတွင် အတိအကျ ဖော်ပြခဲ့၏။ ထိုမင်းစဉ်မင်းဆက် အမည်တို့ကို အိန္ဒိယသမိုင်းတွင် မတွေ့ရပေ။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံထက် ယဉ်ကျေးမှုစော၏။ သမိုင်းရာဇဝင်ကို စာတင်နိုင်ခဲ့၏။ အမည်နာမနှင့်တကွ ဖော်ပြနိုင်ခဲ့၏။ အိန္ဒိယသမိုင်းစာမျက်နှာတွင် သကျသမိုင်းမပါရှိပေ။ သာကီဝင်မင်းတို့၏ အမည်ကို မဖော်ပြနိုင်ခဲ့ပေ။ ထို့ကြောင့် သာကီဝင် သကျလူမျိုးတို့သည် အိန္ဒိယလူမျိုးမဟုတ်ပေ။ သာကီဝင်မင်းတို့၏ အမည်များနှင့် လူမျိုးသမိုင်းကို ဗုဒ္ဓစာပေမှ တစ်ဆင့် မြန်မာတို့က ဖော်ပြနိုင်သည်။ မြန်မာတို့၏ သမိုင်းတွင် သာကီဝင်သမိုင်းကို နေရာပေးထား၏။ သာကီဝင်မင်းတို့၏ အမည်များမှာ မဂဓတိုင်းသုံး ပါဠိစာပေဖြင့် မှတ်တမ်းတင်ခဲ့သည်မှာ စာအရေးအသားမြင့်မားသော စာပေတစ်ရပ်ဖြင့် မှတ်တမ်းတင်ခဲ့ခြင်းသာ ဖြစ်လေသည်။ တကောင်းခေတ် ဘုရင်များ၏အမည်မှာ ပါဠိစကားများဖြစ်၏။ ပါဠိနှင့် သက္ကတမှာ အိန္ဒိယတွင် အသုံးများသောဘာသာများဖြစ်၍ တစ်ခါတစ်ရံ မြန်မာစာထဲတွင် သက္ကတရောသည်ကိုတွေ့ရ၏။ မင်းအမည်များနှင့် သံဃာတော် တို့၏ အမည်အားလုံးကို အများသုံး ပါဠိဘာသာဖြင့် မှည့်ခေါ်ခဲ့၏။ မြန်မာအမည်စစ်စစ်များကိုပင် ပါဠိလိုသုံးတတ်၏။ ရန်အပေါင်းကို နှိမ်နင်းအောင်မြင်သည့်ပြည်ဖြစ်၍ အရိမဒ္ဒနာပူရမှည့်ခေါ်ခြင်း မြင့်မြတ်သော ပြူလူမျိုးတို့နေရာဖြစ်၍ ဗြဟ္မဝတ္ထုမှည့်ခေါ်ခြင်း၊ ဗြဟ္မာလူမျိုးမှ ဗမာထိ ပါဠိနွယ်၍ ခေါ်ခဲ့ခြင်း၊ ပုဂံသည် ပြူဒေသဖြစ်၍ ပြူဂါမ–ပုဂါမ–ပုဂံ ဖြစ်လာခြင်း စသည်တို့ကို ထောက်ရှု၍ ပါဠိဘာသာသည် ပြူလူမျိုးတို့၏ အသုံးပြုခဲ့သော ဘာသာတစ်ရပ် ဖြစ်နိုင်သည်။ သို့ဖြစ်၍ ပြူလူမျိုးမှ သက္ကလူမျိုးဖြစ်လာသော သာကီဝင်တို့သည် စာပေအရေးအသားထက် စကားပြောလောက်ကိုသာ အသုံးပြုများလာသဖြင့် အရေးဘာသာရပ် အားနည်းလေသည်။ ထို့ကြောင့် စာရေးဘာသာရ၀် ထွန်းကားသော ပါဠိဘာသာမှ မိမိတို့၏ အရေးအသားကို ယူခဲ့ရသည်။ ပြူ

တို့သည် စာပေရေးသားမှတ်တမ်းတင်လိုမှုလည်း အားနည်းသည်။ ထို့ကြောင့် ပြုအကျရာ ပြုစာပေတို့သည် ရှားပါးလေသည်။ ဗုဒ္ဓပွင့်ပေါ်တော်မူပြီးနောက် ခေတ်များသို့ ရောက်မှသာ စာပေအတတ်ပညာထွန်းကားခဲ့သည်။ စာပေါ်ပြီး ဖြစ်သော်လည်း မှတ်တမ်းတင်သည့် အလေ့အထနည်းပါးလှသည်။ ထို့ကြောင့် မြန်မာတို့၏ မှတ်တမ်းစာပေများသည် အလွန်နည်းပါးလှသည်။ စာပေ အားနည်းသဖြင့်လည်း လူမျိုးသမိုင်းသည် ပါးစပ်သမိုင်းဖြစ်လာသည်။ ကြာသော် ဒဏ္ဍာရီဆန်လာသည်။ စာပေမှတ်တမ်းသည် တန်ဖိုးရှိလှသည်။ တရုတ် အိန္ဒိယ တို့မှာ မှတ်တမ်းပြည့်စုံကောင်းမွန်သဖြင့် အားလုံးသော သူတို့ အားကိုးရလေ သည်။

ဘိုးတော် အဥ္ဇနမင်းကြီးသည် ရှေးကအသုံးပြုနေခဲ့သော ဏာဝစန္ဒေကိန်း အရ သက္ကရာဇ် ၈၆၄၅ကို ဖြို၍ ၂ နှစ်မှစတင်ရေတွက်ခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံချိန်အထိ **ထိုသက္ကရာဇ်တို့ကို မဟာသက္ကရာဇ်ဟု**ခေါ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံသော နှစ်မှစတင်၍ ရေတွက်ရန် အရှင်မဟာကဿပထေရ် နှင့် အဇာတသတ်ဘုရင်တိုင်ပင်ပြီး ဘိုးတော် အဥ္ဇန၏ မဟာသက္ကရာဇ်ကို ဖြိုပြီး ၁မှစတင်၍ ရေတွက်ခဲ့သည်။ ထိုသက္ကရာဇ်သည် သာသနာသက္ကရာဇ် ဖြစ်လာသည်။ ဒေါ်ဒေါ် ရသ ၆၂၂ကို တစ်ခါဖြိုပြီး အသစ်ရေတွက်ခဲ့ပြန်သည်။ ခဆပဥ္စကိန်းအရ ၅၆၂ကို ဖြိုပြီး ရေတွက်ခဲ့သည်။ ၁၁၈၄ ဖြိုကိန်း ၂ရပ်ပေါင်းပြီး ရောက်ဆဲ သာသနာနှစ်မှ နုတ်လျှင် မြန်မာသက္ကရာဇ်ဖြစ်လာသည်။

## သကျလူမျိုးသည် အိန္ဒိယနိုင်ငံသားမဟုတ်

သကျလူမျိုးသည် အိန္ဒိယနိုင်ငံသား ကုလားလူမျိုးမဟုတ်ပေ။ တချို့ က သကျလူမျိုးသည် ကုလားလူမျိုးဖြစ်သည်။ သကျလူမျိုးမှ ဘုရားဖြစ် လာသ ဖြင့် ဘုရားရှင်သည် အိန္ဒိယနိုင်ငံသားကုလားဟု ထင်ကြသည်။ ကုလားလူမျိုး တို့ကလည်း ထင်ရောင်ထင်မှားဖြစ်အောင် ရေးခဲ့ကြပြောခဲ့ကြလေသည်။ ကုလားလူမျိုး အိန္ဒိယလူမျိုးမဟုတ်ကြောင်း ရေးလာပြောလာလျှင်လည်း မဟုတ်တန်းတရားရေးသည်။ အစဉ်အလာကို ဖျက်၍ မဟုတ်မမှန် လုပ်ကြံ ရေးသည် ဟု ထင်ကြသည်။ သို့ဖြစ်၍ သမိုင်းမှန် လူမှန်လူမျိုးမှန် ဖြစ်စေရန်

သုတေသနပြုတင်ပြပါမည်။

ကုလားနိုင်ငံ ကုလားလူမျိုးတို့၏ ဘဝဖြစ်စဉ် သမိုင်းရာဇဝင်ကို အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးစာပေဖြစ်သော သက္ကတစာပေဖြင့် မှတ်တမ်းတင်ခဲ့သည်။ သက္ကတစာပေသည် အိန္ဒိယနိုင်ငံ အိန္ဒိယလူမျိုး ဟိန္ဒူဘာသာ၏ မူရင်းစာပေဖြစ်သည်။ သက္ကတစာပေမူရင်း သက္ကတစာဟောင်းများသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ လောက်ကစ၍ ပေါ်ခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀/၆၀၀၀ လောက်က အိန္ဒိယနိုင်ငံနှင့် အိန္ဒိယပင်ရင်းလူမျိုးဖြစ်စဉ်များကို သက္ကတစာပေဖြင့် အပြည့်အစုံမှတ်တမ်းတင်ခဲ့ကြသည်။ အိန္ဒိယနယ်မြေထဲသို့ အာရိယန်လူမျိုးများ ခိုင်ဘာတောင်ကြား အာဖဂန်နစ္စတန်ကို ဖြတ်၍ ဝင်လာကြပုံ၊ ပါရှဒေသရောက်သောအခါ ပါရှယဉ်ကျေးမှုများ စစ်ပညာရပ်များသင်ခဲ့ကြပုံ၊ စက္ကဝတ္တိခေါ် စစ်ရထားများကို စီး၍ လေးအတတ် အဝေးပစ်လက်နက်များကို အသုံးပြုကြပုံ ဆင်စီးအတတ် မြင်းစီးအတတ်များ သင်ကြားတတ်မြောက်ခဲ့သဖြင့် အိန္ဒိယနယ်မြေများကို တိုက်ခိုက်သိမ်းပိုက်ပုံ၊ ဒရာဗီဒီယန်တိုင်းရင်းသားများကို တိုက်ခိုက်၍ အိန္ဒိယတောင်ပိုင်းသို့ မောင်းထုတ်ခါ အိန္ဒိယနိုင်ငံကြီးကို အာရိယန်ဘုရင်တို့ သိမ်းပိုက်ပုံမှစ၍ သမိုင်းဖြစ်စဉ်များကို ရာမာယဏဇာတ်ဝတ္ထုကြီးဖြင့် လူအများစိတ်ဝင်စားအောင် ရာမလက္ခဏာ ဟနူမာန်အသွင် မှတ်တမ်းတင်ခဲ့ကြသည်။

အာရိယန် ဒရာဗီဒီယန် စစ်ပွဲကြီးကို စိတ်ဝင်စားဖွယ်ဖြစ်အောင် အိန္ဒိယလူမျိုးများအကြောင်းစုံကို စာပေ ဂီတဖြင့် ဇာတ်ဝတ္ထုအသွင်ရေးခဲ့သည်။ ယနေ့အချိန်ထိ လူတို့သည် စိတ်ဝင်စားဖွယ်ဖြစ်၍ စိတ်ဝင်စားခဲ့ကြသည်။ အိန္ဒိယနယ်မြေ၏ လူမျိုးစုသမိုင်းကို အကျယ်မှတ်တမ်းတင်ခဲ့သည်။ ထိုမျှပြည့်စုံစွာနိုင်ငံနှင့်လူမျိုးအမည် ဘုရင်များအမည်၊ စစ်သည်တော်များ အမည်များထဲတွင် သကျလူမျိုးသကျဘုရင်များ မပါပါ။ သကျနိုင်ငံအကြောင်းလုံးဝ ဖော်ပြထားခြင်းမရှိပါ။ သက္ကတစာပေတွင် ဖော်ပြမထားခြင်းမှာ သကျလူမျိုးသည် အိန္ဒိယတွင် မရှိ၍ ဖြစ်ပါသည်။ ထို့ကြောင့် သာကီဝင် တို့သည် အိန္ဒိယလူမျိုးများ မဟုတ်ကြောင်း သေချာပါသည်။ ဘုရင် နာမည်များမှာလည်း လုံးဝမပါရှိသဖြင့် သကျလူမျိုး သကျဘုရင် သကျနိုင်ငံတော်၏ ဖြစ်စဉ်သည် အိန္ဒိယတွင်လုံးဝ

မရှိခဲ့ပါ။ ဘုရားပွင့်တော်မူပြီးမှသာ နောက်တိုးဆရာတို့၏ လုပ်ဇာတ်များကြောင့် မဟုတ်မမှန် ထင်ရောင်ထင်မှား ကုလားလူမျိုးရောင်ရောင် ဖြစ်ရပါသည်။ သကျသည် ကုလားမဟုတ်ပါ။

## သက္ကအမည်က ပြောသော သာကီဝင်တို့၏ ဘဝဖြစ်စဉ်

သာကီဝင်တို့ကို သကျဟု ခေါ်ခဲ့သည်။ ခမည်းတော်ကြီးက အမျိုးဇာတ်မတူလျှင် မယူရဟူသော သားတော်တို့၏ စောင့်လေးမျိုးနွယ်ဖြစ်သော ဆွေဂုဏ် မျိုးဂုဏ် လူမျိုးဂုဏ် ဇာတိဂုဏ်ကို မပျောက်ကွယ်ရအောင် ထိမ်းနိုင်သည့် သားတော်တို့၏ အသမ္ဘိန္န စည်းကမ်းကို ကျေနပ်လှသဖြင့် သကျာဝတဘောကုမာရာ ပရမသကျာဝတဘောကုမာရာ သားတော်တို့သည် ထိန်းနိုင်စောင့်နိုင်စွမ်းဆောင်နိုင်ကြပါပေသည်။ တကယ့်ကို စွမ်းဆောင်ရှင် လူစွမ်းကောင်း မျိုးချစ်ဇာနည် ဘာမထီ အာဇာနည်ကြီးများ ဖြစ်ပါပေသည် ဟူသော ခမည်းတော်ကြီး၏ နှုတ်တော်ထွက်စကားကို မြေဝယ်မကျခံယူ ပန်ဆင်၍ မိမိတို့၏ လူမျိုးကို သကျလူမျိုးဟု မှည့်ခေါ်ဂုဏ်တင်လိုက်ကြသည်။ ထိုဂုဏ်ပုဒ်ကို အသက်နှင့်လဲ၍ ထိန်းမည်။ အမျိုးဂုဏ်ကို စောင့်မည်။ ဇာတိမာန်ဖြင့် ဘာမထီ အာဇာနည်ပီပီ ဝံသာနုရက္ခိတ အမျိုးအနွယ်စည်းကမ်းကို ထိန်းရမည်ဟု နိုင်ငံတော်မူကြီးအဖြစ် ခံယူခဲ့ကြသည်။ ထို့ကြောင့် သကျများ ဖြစ်လာကြသည်။

သကျဟူသော အမည်အပြင် သက္ကဟူသော အခေါ်အဝေါ်တမျိုးဖြင့်လည်း သာကီဝင်လူမျိုးတို့ကို ခေါ်သေးသည်။ သက္ကဟူသော ပါဠိပုဒ်၏ အဓိပ္ပာယ်မှာ သက္ကာတိ– သမတ္ထာ ပဋိဗလာဟု သီလက္ခန္ဓ ဝဂ္ဂအဋ္ဌကထာ ကြီးတွင်ဖွင့်ပြ၏။ သက္ကဟူသောပုဒ်၏ အဓိပ္ပာယ်မှာ စွမ်းအားရှိသူ အခက်အခဲဟူသမျှ ကျော်ဖြတ်နိုင်သူ အင်အားသတ္တိ အပြည့်ရှိသူဟု အဓိပ္ပာယ်ရသည်။ သက္ကတို့သည် ပြူတို့ဒေသမှ တောတောင် အထပ်ထပ်ကို ကျော်ဖြတ်ခါ ဟိမဝန္တာတောင်ခြေအနီးတွင် မြို့ကြီး တည်ဆောက်ခဲ့ကြသည်။ ဟိမဝန္တာတောင်တန်းကြီးမှ ဖြာဆင်းသွယ်တန်း ဆင်းလာသော ရခိုင်ရိုးမခေါ် ချင်းတောင်တန်းကြီးသည် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့ကို

စည်းရိုးခတ်သည့်သဖွယ် အုတ်တံတိုင်းကြီးနှင့်တူစွာ အမြင့်ပေပေါင်း ၂၀၀၀၀နီးပါး မြင့်မားမတ်စောက်ကာရံ ပိတ်ဆည်းထားသည်။ တောင်တန်းကြီးသာမက တောင်စွယ်တောင်နှာမောင်းတို့ကလည်းများစွာတည်ရှိနေပြန်သည်။ တောင်စွယ်တောင်စောင်း တောင်နှာမောင်းတို့ကြားဝယ် တောင်ကြားမြစ်ဝှမ်းလျှိုမြောင်ချိုင့်ဝှမ်းတို့ကလည်း ပေါများလှသေးသည်။ အင်ကြင်း၊ သစ်ရာ၊ သစ်မာ၊ ပိတောက်၊ ကျွန်း၊ အင်၊ ပင်ပေါက်တို့ဖြင့် ထူထပ် မြင့်မားနက်ရှိုင်းစွာ ပေါက်နေသော သစ်တောကြီးများကလည်း တောတောင်အနှံ့ ဒလစပ် ပေါက်ရောက်နေသည်။ တော်အထပ်ထပ် တောင်အသွယ်သွယ် ရှုမြောင်ချောက်ကြီးငယ်နှင့် မြစ်ဝှမ်းကြီးငယ် အသွယ်သွယ်တို့ကို ကျော်ဖြတ်လာနိုင်ပါမှ ဟိမဝန္တာတောင်ခြေသို့ ရောက်ရှိမည်။ လွန်စွာနက်လှသည့် ချောက်ကမ္ဘာစောင်းမှ ကပ်၍ ဟိမဝန္တာကို ပတ်ကျော်လာနိုင်ပါမှ တောင်ခြေမြေပြန့်သကျနယ်မြေသို့ ရောက်နိုင်သည်။ ထိုဒေသသည် အိန္ဒိယသြဇာလွှမ်းရာနယ်မြေဖြစ်သလို အားကောင်း မောင်းသန် ပြူ လူမျိုးတို့၏ လက်အောက်ခံနယ်မြေလည်းဖြစ်သည်။ မည်သည့်နိုင်ငံကမှ တရားဝင် မြို့ပြမတည်ဆောက်သေးသဖြင့် ဦးရာလူနေရာယူနိုင်သည်။ ယခုမူ ပြူလူမျိုးတို့ရောက်လာကြသည်။ ပြူလူမျိုးတို့သည် ဟန်လင်း ဗိဿဏိုး ချင်း ကချင် မွန် ရခိုင် စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ခေါ်ခဲ့သလို ယခုအခါ ပြည်သစ်တည်၍ နယ်သစ်ရှာရန် ထွက်လာကြသော ပြူမျိုးနွယ်တို့၏ သတ္တိစွမ်းပကားအင်အားများသည် ဘာမထိ အာဇာနည်များ ဖြစ်ကြသည်။ မင်းပရိသတ်ဗိုလ်ပါထောင်သောင်းချီ ပရိသတ်ကို ဦးဆောင်၍ ဆင်မြင်းခြေလျင် စစ်တပ်ကြီးဖွဲ့စည်းပြင်ဆင်၍ အလျှင်အမြန်ချီတက်လာနိုင်ခြင်းသည် အပြောလွယ်သလောက် လက်တွေ့တွင် ခဲရင်းလှပင်ပန်းလှ ဆင်းရဲလှသည်။ ခရီးမိုင်တာကလည်း ထောင်နှင့်ချီ၍ ဝေးကွာနယ်မြေမြေပြင်ကလည်း ကြမ်းတမ်း ပရိသတ် ခြွေရံကလည်း များပြာလှသော ခရီးကြမ်းကြီးဖြစ်၍ ဖြတ်သန်းချီ တက်လာကြသူတို့ကို သက္ကဟု ချီးမွမ်းကြသည်။ ဘာမထိ အာဇာနည်များသာ စွမ်းဆောင်နိုင်သည့် အလုပ်တာဝန်ဖြစ်၍ သက္ကဟူသောအမည်ထူးဖြင့် ချီးမွမ်းကြခြင်းသည် ဝေါဟာရနှင့် စွမ်းဆောင်ရည် ညီမျှလေသည်။ ထို့ကြောင့် သာကီဝင်ပြူလူမျိုးတို့ကို

ဂုဏ်ပြုသောအားဖြင့် သက္ကဟုခေါ်ခဲ့ကြသည်။ စွမ်းအားရှင်များ ဘာမထီ အာဇာနည်ကြီးများဟု အဓိပ္ပာယ်ရလေသည်။ တကယ့် လူစွမ်းကောင်း များသာပါ။

## ထူးခြားဆန်းကြယ်လှသည့် သက္က သိကြားနာမည်လား

သက္ကဟူသော ပါဠိပုဒ်၏ အနက်အဓိပ္ပာယ်များအနက် တာဝတိံသာ က မိုးနတ်ဘုရင် သိကြားမင်းကိုလည်း သက္ကဟုခေါ်သည်။ အိန္ဒိယသားတို့ သည် လူတို့ထက် မြင့်မြတ်သော နတ်တို့ကို ဒေဝ ဟုခေါ်ကြသည်။ ကိုယ် ပိုင်စွမ်းအား ကံတရားကြောင့် တောက်ပလင်းထိန် တန်ခိုးရှိန်ကြီးမားကြသည့် ဘုန်းကံရှင်များ၊ ကိုယ်ပိုင်ကိုယ်စွမ်းဖြင့် တောက်ပနေကြသည့် ကံကောင်း သည့်သူများဟု အဓိပ္ပာယ်ရသည်။ ထိုဒေဝခေါ် ဘုန်းကံကြီးမားတောက်ပ ဝင့်ကြွားနေကြသည့် ဒေဝနတ်များ နတ်မင်းများကို အုပ်ချုပ်မင်းလုပ်နေသည့် နတ်ဘုရင်ကို သက္ကသိကြားမင်းဟုခေါ်သည်။ သိကြားမင်းကား နတ်များ နတ် မင်းကြီးများ၏ အရှင်သခင်ဘုရင်ဖြစ်၍ ဒေဝိန္ဒ ဒေဝတို့ကို အစိုးရသူ သဟ ဿ စက္ခု နတ်မျက်စိတထောင်ဖြင့် အားလုံးကို သိမြင်သူဟု ဆိုကြပြန်သည်။ နတ်တို့သနင်း သိကြားမင်းကို သက္ကဟု ခေါ်ခဲ့သည်။ နတ်သိကြားတို့ထက် ပို၍ တန်ခိုးကြီးသူ ဈာန်တရားပိုင်ရှင်ကို ဗြဟ္မာဟုခေါ်ခဲ့သည်။ နတ် သိကြား ဗြဟ္မာတို့သည် လူတို့ထက် ဘုန်းကံကြီးမား တန်ခိုးကြီးသည်။ ဘုန်းရှင် တန်ခိုးရှင် နတ်ဗြဟ္မာတို့ကိုကိုးကွယ်လျှင် နတ် သိကြား ဗြဟ္မာတို့၏ စောင်မမှုကြောင့် မိမိလူသားတို့မှာလည်း အလုပ်အကိုင် အားလုံး အဆင်ပြေနိုင်သည်။ အောင်မြင်နိုင်သည်ဟု ယုံကြည်ကာ အိန္ဒိယသားတို့သည် နတ် သိကြား ဗြဟ္မာတို့ကို အသက်တမျှ မြတ်နိုးကြ ယုံကြည်ကြ ကိုးကွယ်ကြသည်။ နေရာတကာ နတ်ဗြဟ္မာမစမှ အောင် မြင်ရမည်ဟု ယုံကြည်ကာ ကိုးကွယ်ဝတ်ပြု လှူဒါန်းကြသည်။ နတ်ဗြဟ္မာ အားကိုးလှသဖြင့် လူ့စွမ်းလူစ လူ့ဘဝတန်ဖိုး မရှိတော့ပေ။ နတ်ဗြဟ္မာ ကိုးကွယ်အားထားလွန်ကဲမှုကို ပြုလူမျိုးစုတို့က သရော်လိုကြသည်။

နတ်စည်း လူ့စည်းခွဲလိုကြသည်။ လူတို့အစွမ်းအစဖြင့် ပြီးရ မည့် ကိစ္စကို လူတို့သာ ပြုရမည်။ နေရာတကာ နတ်ဗြဟ္မာအားမကိုးရဟု ဆိုကာ မိမိတို့ ပြူလူမျိုးများသည် အခြားသူတို့ ကိုးကွယ်နေသော နတ် သိကြား ဗြဟ္မာများပင် ဖြစ်သည်ဟု ပြောဆိုကာ မိမိတို့ လူမျိုးကို တင်စား၍ ပြူလူမျိုး တို့ကို ဗြဟ္မာလူမျိုးဟု သတ်မှတ်လိုက်ကြသည်။ ဗြဟ္မာသည် လူသားတို့ကို ကိုးကွယ်ရာ ဖြစ်သကဲ့သို့ မိမိတို့ ပြူလူမျိုးသည်လည်း လူသားတို့၏ အားထားရာ ကိုးကွယ်ရာ ခေါင်းဆောင်ရာ ဗြဟ္မာဖြစ်သည်ဟု တင်စား၍ သတ်မှတ်ခဲ့ကြသည်။ အခြားအိမ်နီးချင်းနိုင်ငံများရှိ လူများကလည်း ပြူလူမျိုး တို့ကို ဗြဟ္မာ လူမျိုးဟုပင် တလေးတစား ခေါ်ဝေါ်ခဲ့ကြပြန်ပါသည်။ ကမ္ဘာတွင် မရှိသည့် အခေါ်အဝေါ်ဖြစ်ပါသည်။

ပြူတို့ကို ဗြဟ္မာဟု တင်စားခေါ်ဝေါ်လျှင် ပြူလူမျိုး ကြီး၏ လူမျိုးစုငယ်ဖြစ်သည့် စွမ်းအားရှိလှသည့် နယ်သစ်ရှာ ပြူတစ်စုကို သက္က သိကြားနတ်မင်းဟု ဆက်လက်တင်စားခဲ့ကြသည်။ ထိုသို့သော အခေါ်အဝေါ် ကို လူအားလုံးက လက်ခံကြပြီး သာကီဝင်တို့သည် မိမိတို့ခွဲထွက် နယ်သစ်ရှာသော လူစွမ်းကောင်းများကို သက္ကမျိုးနွယ်ဟု သတ်မှတ်လိုက်သည်။ ထို့ ကြောင့် ပြူသည်ဗြဟ္မာ သာကီဝင်တို့သည် သက္က သိကြားမင်းများ ဖြစ်လာ ကြလေသည်။ အံ့ဩစရာပြည့်နေသော်လည်း အမှန်သာဖြစ်ပါသည်။ သိကြားဖြစ်စေရန် ကျင့်ဆောင်မည့်အကျင့်တွင် ၅ ပါးသီလမြဲရမည်ဟူသော အချက်တစ်ချက်ပါရှိသည်။ သကျလူသားတိုင်း သီလမြဲရသည်။ ထို့ကြောင့် ကွယ်လွန်လျှင် သိကြားကေန်ဖြစ်နိုင်သဖြင့် သီလရှိသူ သကျတို့ကို ကြိုတင် ၍ သိကြားမင်းလောင်းဟု သတ်မှတ်ခါ သက္ကဟုခေါ်ခဲ့သည်။

## သာကီဝင်အမည်မှည့်ခေါ်ကြခြင်း

ပြူလူမျိုးစုကြီးမှ ပြူမျိုးနွယ်တစ်စုကို သကျ–သက္ကဟုခေါ်သည့်အပြင် နောက်ထပ်အခြားအခေါ်အဝေါ်တစ်ခုလည်း ရှိသေးသည်။ ထိုအခေါ်မှာ သာကီဝင်ဟူသော အမည်ဖြစ်သည်။ သကျလူမျိုးတို့သည် နယ်မြေသစ်သို့ ရောက်ကြသောအခါ ကပိလရှင်ရသေ့ကြီး၏ ကျောင်းသင်္ခမ်းနေရာတွင် မြို့

တော် တည်ဆောက်ကြပြီး ကပိလဝတ္ထု ကပိလရသေ့၏နေရာဟု မြို့အမည် ပေးခဲ့သည်။ ပတ်ဝန်းကျင်ကို လေ့လာကြည့်သောအခါ ဟိမဝန္တာတောင်ခြေတွင် ပေါက်ရောက်နေသော ကျွန်းတောကြီးကို တွေ့ရသည်။ ထုံးစံအားဖြင့် အိန္ဒိယမြေသည် ကျွန်းပင်ပေါက်ရာ သဘာဝမြေမဟုတ်ပေ။ ယခုအချိန် အထိ ပင် ကျွန်းပင် အင်ပင်တို့သည် တမူးမြို့နယ်ဘက်တွင် လက်ယှက်ထိုးပေါက် နေသည်ကိုတွေ့ရသည်။ ကဘော်ချိုင့်ဝှမ်းတွင် အင်ပင်အင်ကြင်းပင် ကျွန်း ပင်တို့သည် သူ့ထက်ငါ အလုချင်းပြိုင်၍ ပေါက်ရောက်ပွင့်ဖူးနေကြသည်ကို စာရေးသူ ကွင်ဆင်း၍ သာကီဝင်တို့၏ သွားရာလမ်းကြောင်းကို သုတေသန ပြုသောအခါ တွေ့ရသည်။ အင်ပင် အင်ပျဉ်ခွဲ၍ ဆောက်ထားသောအိမ် များမှာ အဆီရွှဲ၍ နီရဲလှပ ကျက်သရေရှိနေသည်။ ကျွန်းပင်တို့မှာလည်း ဖရောင်း တိုင်များ တန်းစီစိုက်ထားသကဲ့သို့ ပေါများ ပြည့်နှက်နေသည်။ သို့သော် မြန်မာ အိန္ဒိယ နယ်ခြား တံတားထိုးထားသည့် တမူးချောင်းကို ကျော်လိုက်သည့် အခါ အိန္ဒိယဘက်ခြမ်းတွင် ကျွန်းပင် မရှိတော့။ နံ့သာဖြူ နံ့သာနီပင်တို့မူ ကား ပြောမယုံအောင် ပေါလှပေသည်။ နံ့သာနီပင်ကို အိမ်တိုင်အဖြစ် သုံး ရသည်အထိ ပေါလှသည်။ ဟုတ်ပေသည်။ ဟိမဝန္တာတောင်ခြေကို ရှေးစာပေ တွင် ဂန္ဓမာဒနတောင်ဟု ခေါ်ခဲ့သည်။ နံ့သာတော နံ့သာတောင်မြေ ဖြစ်ပါ သည်။ ယနေ့ထက်တိုင် နံ့သာဖြူသစ်သည် အိန္ဒိယ၏ အဘိုးတန်သစ်ဖြစ် သည်။

ကျွန်းပင် ကျွန်းတောမှာမူ ရှားပါးသည့် သဘာဝပေါက်ပင်ဖြစ်သည်။ နယ်စပ် စီးပွားရေးသမားများသည် ညအခါ မြန်မာကျွန်းသစ်ရတနာကို ခိုးယူ လိမ့်ချလုပ်ကိုင်နေကြသည်ကို အမြဲတွေ့နေရသည်။ သူတို့အတွက်အဖိုးတန် လှသည့် ရတနာတန်းဝင် ကျွန်းပင်ကား ရှားပါးပစ္စည်းဖြစ်သည်။ ရတနာ တန်းဝင်ကျွန်းပင်ကား မြန်မာတို့အတွက် ကမ္ဘာမှာ အကောင်းဆုံးအမွေရ သည့် သဘာဝပေါက်ပင်ဖြစ်ပေသည်။

## ထူးခြားလှသည့် သဘာဝအမွေကို မြန်မာတို့ ၂ မျိုးရခဲ့သည်

ကမ္ဘာကြီးကို တည်ဆောက်သောအခါ ခတ်ကြီးလေးပါး ပထဝီ

တေဇော ဝါယော အာပေါ ရေ လေ နေ မြေတို့ဖြင့် သဘာဝတရားသည် ဩကာသလောက စကြာဝဠာ ကောင်းကင်ပြာနှင့် နေလ နက္ခတ်တာရာ မြစ် ပင်လယ် သမုဒ္ဒရာ တောတောင်ရေမြေအပင်အခက်တို့ကို ပေးအပ်ခဲ့သည်။ သဘာဝတရားသည် မျက်နှာလိုက်မှုမရှိ။ ထိုဒေသ ထိုနေရာတွင် အခြေချနေထိုင်ကြမည့်လူတိရစ္ဆာန်တို့ အရိပ်ခို အိမ်ဆောက်မှီခိုစားသောက်နိုင်ရန်အတွက် ထိုသတ္တဝါတို့၏ ဘဝများစွာ သံသရာက ပြုလုပ်ခဲ့ကြသည့် အပရာပရိယကံတို့ကို သုံးသပ်၍ အမွေပေးခဲ့သည်။ သတ္တဝါမျိုးစုံတို့၏ ကံမျိုးစုံအလျောက် လူ နတ် ဗြဟ္မာ တိရစ္ဆာန် အပါယ်ဘုံသားတို့ကို ဖြစ်ပွားစေခဲ့သည်။ သတ္တလောက သတ္တဝါတို့အတွက် သူတို့ကံနှင့် ထိုက်တန်အောင် ဩကာသလောက တောတောင်ရေမြေ နေလ နက္ခတ်တာရာ စကြာဝဠာ ရာသီဥတု အပူအအေး နေရာဘုံဗိမာန်ဒေသ မြေရေတို့ကို စီစဉ်ပေးခဲ့သည်။ သတ္တဝါတို့ ကံအလိုက် ဖန်တီးပေးခြင်းဖြစ်၍ လွန်စွာ တိကျသည်။ လွန်စွာ မှန်ကန်သည်။ လွန်စွာ သဘာဝကျသည်။ ထိုဒေသတွင် အခြေချမည့် လူ တိရစ္ဆာန်တို့၏ ကုသိုလ်ကံအလျောက် သယံဇာတ သဘာဝတို့ကို ထည့်သွင်း ဖန်တီးပေးသည်။ မည်သည့် ဖန်ဆင်းရှင် မည်သည့် တန်ခိုးရှင် မည်သည့် နတ် ဗြဟ္မာတို့ ဖန်ဆင်းပေး၍ ဖြစ်ပေါ်ရခြင်းမဟုတ်ပေ။ မိမိတို့ ပြုခဲ့သော ဘဝသံသရာက ကုသိုလ်ကံ အကုသိုလ်ကံအလျောက် ဖန်ဆင်းပေးခဲ့ရာ ဗြဟ္မာကြီးတို့မှာ ထက်မြက်အစွမ်းထက်လှသည့်ဈာန်ကြောင့် ထာဝရ ပြည့်စုံသည့် ရွှေဘုံ ငွေဘုံ ဗြဟ္မာ့ဘုံကြီးများ ပေါ်ပေါက်ခဲ့လေသည်။ ကာမဂုဏ်ကို လိုချင်တောင့်တ၍ ကုသိုလ်ပြုသူတို့အတွက် အဆင်း အသံ အနံ့ အရသာ ခန္ဓာကိုယ် အတွေ့အထိတို့ ကောင်းမွန်ပြည့်စုံသည့် နတ်ဘုံနတ်ဗိမာန်များ ပေါ်ထွက်ခဲ့သည်။ ကုသိုလ်ကံနည်းများအလိုက် ကာမဂုဏ်မျိုးစုံ ကွဲပြားခဲ့ သည်။ နတ်ပြည်ခြောက်ထပ် နည်းစည်းစိမ်ကို မည်သူကမှ ပေးအပ်ခြင်းမဟုတ်။ မိမိ ပြုခဲ့သော ကံ၏အကျိုးဆက်သာ ဖြစ်သည်။ ဗြဟ္မာပြည်၌ ဈာန်တန်ခိုး၊ နတ်ပြည်၌ ကံတန်ခိုးကြောင့် ဘုံဗိမာန်စားဝတ်နေရေးအားလုံး အဆင်ပြေခဲ့သည်။ သို့သော် လူ့ပြည်အတွက် သဘာဝတရားက ဖန်တီးပေးရန်လိုအပ်လာသည်။

လူသားဟူသည် ကုသိုလ်ကံကိုလည်း ပြုခဲ့သည်။ ကုသိုလ်ကံကြောင့်

ကောင်းကျိုးတွေ ပေးရမည်။ အကုသိုလ်ကံကိုလည်း ပြုခဲ့သည်။ အကုသိုလ်ကံကြောင့် ဆိုးကျိုးတွေ ပေးရမည်။ အကောင်းအဆိုးနှစ်မျိုးခံနိုင် စံနိုင်စေရန် သဘာဝတရားက ဩကာသ လောကထဲတွင် အကောင်းအဆိုး နှစ်မျိုးဖန်တီးပေးလိုက်သည်။ ကုသိုလ်ကံများသူတို့ဒေသ မြေအောက်တွင် အဖိုးတန် သယံဇာတ သဘာဝရတနာတို့ကို ပေးလိုက်သည်။ ပတ္တမြား ကျောက်မျက်ရတနာ စိန်ရွှေငွေစသည်တို့ ပါဝင်ကြသည်။ ထုတ်ယူသုံးစွဲပီး ဘဝကိုသက်တောင့်သက်သာအသက်မွေးမြူနိုင်ရန်ဖြစ်သည်။ ကံဆိုး သူတို့အတွက်မုန်တိုင်းတွေ လျှင်ကြောတွေ ကန္တာရတွေ မိုးခေါင်ရေရှား တောမီးများလောင်မှု အစုစုသော ဒုက္ခတွေပါဝင်လာသည်။ ဤသို့ဖြင့် လူ့လောကကြီးသည် ကောင်းဆိုးနှစ်တန်ရှိလာသည်။

ကုသိုလ်ပြုသူများလျှင် ကောင်းသည့် သဘာဝသယံဇာတောတောင်ရေမြေတို့များမည်။ အကုသိုလ်ပြုသူများလျှင် မကောင်းသည့်သဘာဝများကိုခံစားရမည်။ ထိုအခါ ခေတ်ကြီးလေးပါး သဘာဝတရားသည် ကမ္ဘာ့လူသားအလိုက် လူသားမျိုးနွယ်အလိုက် လူတစ်ဦးချင်းအလိုက် အကောင်းတစ်ခု အဆိုးနှစ်ခုနှုန်းနှင့် ခွဲတမ်းချပေးလိုက်သည်။ ဤသို့ပေးလျှင် မျှတနိုင်သည်ဟု သဘာဝတရားက ယုံကြည်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် အကောင်းတစ်မျိုး အဆိုးနှစ်မျိုး အချိုးကျရရှိကြသည်။

သို့သော် သတ္တဝါတို့ အလိုက် သာမန်အခြေအနေတူကြသော်လည်း တချို့က လူမျိုးအလိုက် ဘာသာအလိုက် စိတ်နေစိတ်ထား ကောင်းမှု ဆိုးမှုဖလှေ့စရိုက် ကောင်းမှုဆိုးမှုရှိလာပြန်သည်။ ဘာသာရေးဟူရာ၌လည်း သဘာဝတရားအရ စစ်မှန်သော ဘာသာနှင့် သဘာဝတရားနှင့် မကိုက်ညီသောဘာသာတို့ ကွဲလာပြန်သည်။ သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိဟူ၍ ကွဲလာပြန်သည်။ သမ္မာဒိဋ္ဌိက ကောင်းကျိုးပေးမည်။ မိစ္ဆာဒိဋ္ဌိက ဆိုးကျိုးပေးမည်။ သမ္မာဒိဋ္ဌိများလျှင် အကောင်းအဆိုး ခွဲတမ်း ပြောင်းသွားနိုင်သည်။ အကောင်းက နှစ်ဆ မကောင်းက တစ်ဆဖြစ်သွားမည်။ သဘာဝဓမ္မက မှားမှန်ကို သိပါသည်။

## မြန်မာအတွက် ဘာ့ကြောင့် အကောင်းဆုံးသစ် နှင့် အကောင်းဆုံး ရတနာပေးရသနည်း

မြန်မာတို့သည် ဘုရား တရား သံဃာ ရတနာစစ်တို့ကို ကိုးကွယ်ကြသည်။ ဗုဒ္ဓဓမ္မများသည် ကြောင်းကျိုးပြည့်ဝပြီး သဘာဝဓမ္မနှင့် ကိုက်ညီသည်။ ထိုရတနာတို့ကို ကိုးကွယ်ပြီး ချမ်းသာစွာ ကုသိုလ်ပြု၍ သံသရာလည်နိုင်စေရန် သဘာဝဓမ္မက ကောင်းသော အမွေတို့ကို ပေးအပ်ခဲ့သည်။ ဘုရား ဟောက ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ တရားစောင့်သူကို တရားကလည်း ပြန်စောင့်၏ဟု မိန့်ခဲ့သည်။ ထို့ကြောင့် သစ်ထဲတွင် အကောင်းဆုံးကျွန်းသစ်ကို သဘာဝပေါက်ပင်အဖြစ် တောအနှံ့ တောင် အဆုံး ဖုံးလွှမ်းပြည့်နှက်အောင် ပေးအပ်ခဲ့သည်။ ကမ္ဘာတွင် မြန်မာ၏ ကျွန်းသစ်သည် အရည်အချင်း အကောင်းဆုံး အခိုင်မာဆုံး အလှပဆုံး အဘိုးအတန်ဆုံးဖြစ်သည်။ သမ္မာဒိဋ္ဌိလူသတ္တဝါတို့အတွက် သဘာဝဓမ္မက သစ်ဟူသမျှထဲမှ အကောင်းဆုံးသစ်မျိုးကို ပေးအပ်ခြင်းဖြစ်သည်။ အခြားဒေသ အခြားနိုင်ငံများတွင်စိုက်ပျိုးယူမှုရပြီး အရည်အချင်းကလည်း မြန်မာ့ကျွန်း မမှီပေ။ အခြားဒေသများ၏ သဘာဝပေါက်ပင်မှာ အခြားအပင်မျိုးများသာ ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယမြေတွင် ဂန္ဓမာဒနတောဍ နံ့သာပင် ပေါသော်လည်း မြန်မာ့မြေတွင် ကျွန်းပင်သည် မြန်မာတို့၏ အထိမ်းအမှတ်ပင်ဖြစ်သည်။ အိန္ဒိယသားတို့၏ အထိမ်းအမှတ်ပင်အဖြစ် ဇမ္ဗူသပြေပင်ဖြစ်၍ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း နိမိတ်ထွန်းသည်ဟု ဆိုကြသည်။ မြန်မာတို့အတွက် ကျွန်းပင်သည် အထိမ်အမှတ်ပင် တောဘုရင် သစ်မင်း ကျက်သရေ မင်္ဂလာပေါင်းနှင့် ခညောင်းသောအပင်မြတ်ဖြစ်သည်။ ကျွန်းပင် ကျွန်းတောဟု ဆိုလိုက်လျှင် တကမ္ဘာလုံးက မြန်မာနိုင်ငံဟု အလိုလိုသိပြီးဖြစ်သည်။ ယခုလည်း သာကီဝင်လူမျိုးတို့သည် ဟိမဝန္တာတောင်ခြေတွင် ရှားရှားပါးပါး ကျွန်းတောကြီးကို တွေ့နေရသသည်။ **ကျွန်းပင်ကို မြင်တိုင်း အမိမြန်မာပြည်တကောင်းဒေသကို သတိရမြဲဖြစ်သည်။**

**အမိမြန်မာပြည်ကို သတိတရ ဂုဏ်ပြုသောအားဖြင့် မိမိတို့လူမျိုးကိုလည်း သာကီယဝန သာကီဝင်လူမျိုး ကျွန်းတောကြီးများ**

ပေါက်ရောက်ရာ ကမ္ဘာ့ကျွန်းတောပိုင်ရှင်မြေမှ ဆင်းသက်လာသော လူမျိုးဟူသော အဓိပ္ပာယ်ဖြင့် သာကီဝင်လူမျိုးဟု အမည်မှည့်လိုက်သည်။ ဤအမည်ကို ကြားလေ တိုင်း မိခင်မြေဖြစ်သည့် မြန်မာပြည်ကို သတိရလွမ်းဆွတ် ဂုဏ်ပြုလျက်ရှိလေသည်။ သက္ကဝံသ သက္ကလူမျိုးအနွယ်/ သကျဝံသ သကျလူမျိုးအနွယ်၊ သာကိယဝန ကျွန်းတော မြေဖွား ပြုလူမျိုးတို့၏ အနွယ်ဟူသော ပါဠိ စကားလုံးများမှ သာကီဝင်လူမျိုးဖြစ်လာသည်။ သဘာဝဓမ္မ၏ အကောင်းဆုံး အမွေဖြစ်သော သစ်တို့၏ ဘုရင် ကျွန်းပင်၊ ရတနာတန်းဝင် သစ်မင်း ကျွန်း ဘုရင် ဟူသော အပင်လောကတွင် တန်ဖိုးအရှိဆုံး အမြင့်မားဆုံး အနှစ် ထောင်နှင့်ချီ၍ အခိုင်အခန့်ဆုံး ပွမှု ကျုံ့မှု ပြောင်းလဲမှုမရှိ ခြပိုး မစားနိုင်လောက်အောင် ဂုဏ်ထူး ဝိသေသနနှင့် ပြည့်စုံသော လူသားတို့၏ နေရေးအတွက် အားအထားရဆုံး ကျွန်းပင်ကား မြန်မာလူမျိုးအတွက် သဘာဝလက်ဆောင် သဘာဝပေါက်ပင်ဖြစ်လေသည်။

## ပတ္တမြားကျောက်မျက်ရတနာ ဘုရင်ကိုလည်း ထပ်ဆင့် အမွေ ပေးခဲ့ပြန်

ကမ္ဘာကြီးတွင် ခေတ်အလိုက် နိုင်ငံပေါင်း ၂၀၀ နီးပါးရှိသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတိုင်းအတွက် သဘာဝတရားက အကောင်းဆုံးအမွေပေးလေ့ရှိသည်။ အဖိုးတန် သဘာဝအမွေကို ရရှိသော နိုင်ငံသည် အသက်မွေး ရပါ သက်သာသည်။ တချို့နိုင်ငံများတွင် ရွှေကြောကြီးများ တချို့နိုင်ငံတွင် စိန်တွင်းကြီးများ တချို့တွင် ငွေတွင်း ငွေကြောကြီးများပေးလေ့ရှိသည်။ မြန်မာနိုင်ငံအတွက် တန်ဖိုးအရှိဆုံး ကျွန်တောအမွေကို ပေးအပ်ခဲ့ပြီဖြစ်သော်လည်း စစ်မှန်သော ကိုးကွယ်မှုများကို ကိုးကွယ်၍ ကမ္ဘာ့ငြိမ်းချမ်းသာယာမှု မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ပိုမိုပြည့်စုံစေရန် ကျောက်မျက်ရတနာ ကျောက်မြတ်များကို ထပ်မံ၍ အမွေပေးပြန်သည်။

သဘာဝတရားသည် သဘာဝဓမ္မကို နားလည်ထားသည်။ ဤလောက၏ သဘာဝအရ မိမိကိုယ်ခန္ဓာတွင် ကိုယ် နှုတ်၊ စိတ်တို့ လူတိုင်းတွင်ရှိ

သည်။ ထိုကိုယ်နှုတ်စိတ်တို့ဖြင့် ကောင်းသောအမှုကို ပြုလုပ်ပြောဆိုကြံစည်လျှင် ကောင်းကျိုးများ တုံ့ပြန်ပေးရန် ဓမ္မသဘာဝက စီစဥ်ပြီး ဖြစ်သည်။ မကောင်းသော သူတစ်ပါးအတွက် ဆိုးကျိုးဖြစ်စေသောအလုပ်ကို ပြုလုပ်လျှင် တန်ပြန်ဆိုးကျိုးခံစားရန် ဓမ္မသဘာဝက စီမံပြီး ဖြစ်သည်။ ထိုစကားကို လူတိုင်းနားလည်စေရန်ဆိုရလျှင် ကံဟု ခေါ်မည်။ ကောင်းကံလုပ်လျှင် ကုသိုလ်ကံလုပ်လျှင် ကောင်းကျိုးခံစားရမည်။ မကောင်းကံ အကုသိုလ်ကံလုပ်လျှင် ဆိုးကျိုးခံစားရမည်။ ဤသည်မှာ သဘာဝဓမ္မ၏ အစီအမံဖြစ်သည်။ ကံ၏ သဘောဖြစ်သည်။ သူတဘက်သားကို သတ်ဖြတ်ညှဥ်းဆဲ ခိုးဆိုးလုယက် ကာမဂုဏ်စော်ကား မူးယစ်ရမ်းကား လိမ်ညာပြောသူ ဖြစ်လာလျှင် တစ်ဖက်သား နစ်နာမည်။ ဒုက္ခရောက်မည်။ ထိုသို့ပြုလုပ်လျှင် သံသရာတွင် တုန့်ပြန်၍ ဆိုးကျိုးကို ကြီးလေးစွာ ခံရမည်မှာ သဘာဝပင်။ ကမ္ဘာခေါ် ကံကို မည်သူမျှ မဖန်တီးနိုင်။ မဟန့်တားနိုင်ပေ။ မီး၏သဘာဝမှာ ပူမည်။ ရေ၏ သဘာဝမှာ အေးမည်။ မီးမပူစေရန် မပြုလုပ်နိုင်ပေ။

## သဘာဝနှင့် နိယာမ

လောကဓမ္မကား ဆန်းကြယ်လှသည်။ ဗီဇနိယာမအရ အခါးမျိုးစေ့စိုက်လျှင် အခါးပင်ပေါက်၊ အခါးသီးသီး၊ အခါးမျိုးဖြစ်လာမည်။ အချိုမျိုးစေ့မှ အချိုပင်ပေါက် အချိုသီးသီးသည်။ ဗီဇနိယာမဗီဇသဘာဝသာ ဖြစ်သည်။ မည်သည့် ဖန်ဆင်းရှင်ကြောင့်မှ မဟုတ်ပေ။ ထို့အတူ ဥတုနိယာမအရ မိုးဥတုတွင်မိုးရွာမည်။ ဆောင်းဥတုတွင် အေးမည်။ နွေဥတုတွင် ပူမည်ဖြစ်သည်။ စိတ္တနိယာမအရ ကုသိုလ်စိတ်သည် ကောင်းကျိုးပေးမည်။ အကုသိုလ်စိတ်သည် မကောင်းကျိုးပေးမည်။ ဓမ္မနိယာမအရ ငရဲပြည်တွင် ငရဲဒုက္ခခံရမည်။ လူ့ပြည်တွင် ဆင်းရဲချမ်းသာကြုံရမည်။ နိမ့်မြင့်လောကဓံခံရမည်။ နတ်ပြည်တွင် ကာမဂုဏ်ချမ်းသာစံရမည်။ ဗြဟ္မာပြည်တွင် ဈာန်ချမ်းသာစံရမည်။ နိဗ္ဗာန်ရလျှင် သံသရာဝဋ်ဒုက္ခတို့အားလုံး ကင်းငြိမ်းချုပ်ပျောက် ထာဝရ ချမ်းသာမည်။ မည်သူ ဖန်ဆင်း၍မှ ဖြစ်လာသည်မဟုတ်။ မိမိပြုကျင့်သော ဓမ္မ၏ သဘာဝဖြစ်သည်။ **ဓမ္မသဘာဝအရ မင်္ဂဖိုလ်ဓမ္မတို့ဖြင့် ကိလေသာ**

တရားဆိုး တို့ကို မပယ်သတ်နိုင်သေးသမျှ ရုပ် နာမ်ရှိသော သတ္တဝါဟူ သမျှ မိမိပြုခဲ့သော ကံအလျှောက် သုဂတိဘုံ ဒုဂ္ဂတိဘုံသို့ ပြောင်းရွှေ့ ရောက်ရပြီး သံသရာလည်ရမည်။ မလည်ချင်၍ မရ။ သဘာဝ၏ အစီစဉ် ကို မည်သည့်သတ္တဝါမျှ မတားဆီးနိုင်။ ကံအလျှောက် ရောက်ရမည်။ လည်ရမည် ကေနိဖြစ်သည်။ သံသရာရှိသည်ကို ယုံသည်ဖြစ်စေ မယုံ ကြည်သည်ဖြစ်စေ လက်ခံသည် ဖြစ်စေ မခံသည်ဖြစ်စေ အရေး မကြီးပါ။ သဘာဝဓမ္မကိုတော့ ခံရမည်သာတည်း။

ကမ္မနိယာမအရ ကောင်းကံအမျိုးမျိုး ဆိုးကံအမျိုးမျိုးရှိသည်။ ထိုကံ တို့ကို ပြုလုပ်သူမှာ မိမိသာဖြစ်သည်။ မိမိပြုလုပ်သောကံကို မည်သူမျှ မတား ဆီးနိုင်။ မကောင်းကံလုပ်ခဲ့လျှင် သံသတရာတစ်လျှောက် အကြီးအကျယ် တုန့်ပြန့်ခံရမည်။ အနှေးနှင့် အမြန်သာဖြစ်သည်။ မိမိပြုလုပ်သည့် ကောင်း လျှင်လည်း ကောင်းကျိုး အနန္တဆိုးလျှင်လည်း ဆိုးကျိုးအနန္တ ပြောမယုံ နိုင်လောက်အောင် အကျိုးပေးမည်။ မည်သူဖန်ဆင်းခြင်းမျှမဟုတ်။ မိမိလုပ် ၍ မိမိစံရ ခံရခြင်းသာပါ။

ကံ၏သဘာဝသည် ဆန်းကြယ်လှသည်။ ကမ္မဝိပါကော အစိန္တိယော ကံအကျိုးပေးကို ကြံစည်၍ မကုန်နိုင်။ အဆပေါင်းကုဋေချီ၍ အကျိုးပေးနိုင် သည်။ ဘဝပေါင်းသိန်းနှင့်ချီ၍ အကျိုးပေးနိုင်သည်။ ကံပန်းပုဆရာ ထုလုပ် သော ရုပ်ရည်သွင်ပြင်ကို မည်သူမျှ မှီအောင် မထုနိုင်။ ကံပေးသော အကျိုး ကို မည်သူမှ မှီအောင် မပြုလုပ်နိုင်ပေ။ ဥပမာဆိုရလျှင် အလွန်သေးငယ် သော ညောင်စေ့တစ်စေ့ကို မြေသို့ချ၍ အပင်စိုက်လျှင် ပေါက်ရောက်ကြီး ပွားလာမည်။ အချိန်ရောက်လာလျှင် တစ်လုံးလျှင် ညီမျှသော ညောင်စေ့ လေးများ ထောင်သောင်းနှင့်ချီ၍ ပါသော ညောင်သီးပေါင်း သိန်းနှင့် ချီ၍ သီးမည်။ တစ်နှစ်လျှင် အသီးပေါင်း တစ်သိန်းသီးလျှင် ညောင်စေ့ပေါင်း ကုဋေ ပေါင်းများစွာပါလာမည်။ တစ်နှစ်လျှင် တစ်ကုဋေတူညီမျိုးစေ့ရှိလာမည်။ အနှစ် ပေါင်းရာပေါင်းများစွာ ညောင်ပင်ကြီးအသက်ရှည်လျှင် ညောင်သီးပေါင်း ကုဋေကုဋာဖြစ်လာမည်။ ညောင်စေ့ပေါင်း အသင်္ချေအနန္တဖြစ်လာမည်။ အရင်

စိုက်စဉ်က ညောင်စေ့လေးက တစ်စေ့က စခဲ့သည်။ အကျိုးပေးအသီးသီး တော့ အစေ့ပေါင်း အသချေ်အနန္တဖြစ်သည်။ ရေကောင်း မြေကောင်း နေ ရောင်ခြည်ကောင်း အနှောက်အယှက်မရှိ အန္တရာယ်မရှိလျှင် အစေ့ပေါင်း မည်မျှ ရှိလာနိုင်သည်ကို သဘောပေါက်ရမည်။ ဤသည်မှာ ရုပ်သဘာဝ တုန့်ပြန် အကျိုးပေးမှုသာ ဖြစ်သည်။

ဤလောကကြီးကို သဘာဝဓမ္မက သတ္တဝါဟူသမျှ ရုပ်နာမ် သဘော တရားနှစ်မျိုးဖြင့် ဖွဲ့စည်းထားသည်။ ရုပ်သဘာဝထက် နာမ်သဘာဝက ပို၍ အင်အားကောင်း အစွမ်းထက်သည်။ ရုပ်နှင့် နာမ် သဘာဝတရား ၂ မျိုးမှာ လည်း သတ္တဝါမှန်သမျှတွင် ပါဝင်နေရသည်။ ထိုရုပ်နာမ်ခန္ဓာတို့ဖြင့် ကာယကံ ဝစီကံ မနောကံတို့ကိုပြုလုပ်သည်။ ကောင်းဒါလုပ်လျှင် ကုသိုလ်ကံခေါ်၍ သံသရာဝယ်ကောင်းကျိုးအနန္တပေးမည်။ မကောင်းဒါလုပ်လျှင် အကုသိုလ်ကံ ခေါ်၍ ဆိုးကျိုးအနန္တပေးမည်။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ ဤသည်မှာ လောကသဘာဝဖြစ်သည်။

## ကံရတနာရှိမှ ရတနာစုမည်

လောကသဘာဝအရ ကံရှိသည်။ ကံအကျိုးပေးရှိသည်။ ကံအလိုက် သံသရာကျင်လည်ရသည်။ သုဂတိဘုံ ဒုဂ္ဂတိဘုံရှိသည်။ မည်သူမည်သည့် တန်ခိုးရှင် ဖန်ဆင်းရှင်မှ မရှိ။ မိမိသည်သာ မိမိ၏ သံသရာခရီးကြီးကို မိမိ ကိုယ်တိုင် ဖန်ဆင်းခြင်းသာဖြစ်သည်။ အတ္တာဟိ အတ္တနောနာထော မိမိအတွက် မိမိသည်သာ ကိုးကွယ်ရာ အားထားရာဖြစ်သည်။ ကောဟိနာထော ပရောသိ ယော အခြားဖန်ဆင်းရှင် ကိုးကွယ်ရာ ဘယ်မှာရှိပါဦးမည်နည်း။ ကုသိုလ် ပါရမီတွေကို များစွာဖြည့်ကျင့်သူသည် ဘုရားဖြစ်လာသည်။ ပါရမီဖြည့်၍ ကောင်းကျိုးရရှိခြင်းဖြစ်သည်။ ထိုဘုရားသည် ဓမ္မသဘာဝကို ဟောပြသည်။ ထို့ကြောင့် ဓမ္မရတနာဖြစ်လာသည်။ ထိုဓမ္မသဘာဝကို ကျင့်ဆောင်သူသည် မြင့်မြတ်သော သံဃာဖြစ်လာသည်။ ထိုဘုရား တရား သံဃာတို့သည် အမှန် တရားကို ညွှန်ပြသူများဖြစ်၍ သမ္မာဒိဋ္ဌိညွှန်ပြသူဆရာများ ဖြစ်လာသည်။ အမှန်တရား ညွှန်ပြသည့် ဘာသာဝါဒများ ဖြစ်လာသည်။ ထိုသမ္မာဒိဋ္ဌိ

ဘာသာကို ကိုးကွယ်မှ သံသရာခရီး လိုရာပန်းတိုင်ရောက်နိုင်သည်။ ထို့ကြောင့် ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန်တို့ကို ကိုးကွယ်ရန်သည် လူသားတို့အတွက် အရေးပါလှသည်။

ဤသို့ဆိုလျှင် ကံ ကံအကျိုး သံသရာခရီး ကိုးကွယ်ရာအစစ် လိုက်နာရန် ဓမ္မမှန်များသည် လူသားစစ်စစ်ဖြစ်ရန်အတွက် ပဓာနအင်္ဂါရပ်များ ဖြစ်သည်။ ထို ရတနာများသည် အဖိုးတန်လှသည်။ လောကုတ္တရာ ရတနာမွန်များ ဖြစ်သည်။ လောကုတ္တရာ ရတနာစစ်တို့၏ အစွမ်းကြောင့် လောကီ ရတနာ အစစ်အမှန်တို့ကို သံသရာလည်နေသမျှ တွေ့ကြုံခံစားရမည်။ ဤသည်မှာ သဘာဝ ဓမ္မ အစစ်ဖြစ်လေသည်။ လောကသံသရာကြီးထဲ လည်ရာ၌ တစ်ယောက်ထဲလာ၍ တစ်ယောက်ထဲ ပြန်ရမည်ဖြစ်ကြောင်း သဘာဝကျကျ လက်ခံပြီး သမ္မာဒိဋ္ဌိ ရတနာစစ်တို့ကိုသာ ယူဆောင်သွားပါကမည်သည့်ဘုံ မည်သည့် ဘဝရောက်ရောက် ချမ်းသာနှင့်သာ ဆုံရမည်။ သံသရာမှ ထွက်မြောက်လိုပါကလည်း ထွက်မြောက်နိုင်ပေသည်။ သူတစ်ပါးကို အားမကိုးပါနှင့်။ မိမိကိုယ်တိုင် ဓမ္မကို ကျင့်သုံးပြီး ကိုယ့်အားကို ကိုယ်တိုင်အားကိုးပါဟု ဘုရားရှင် ဆုံးမတော်မူသည်။

ထိုသို့ ရတနာအစစ်အမှန် ဘာသာစစ် ဘာသာမှန်ကျင့်ကြံနေကြသည့် မြင့်မြတ်သော လူမျိုးများအတွက် သဘာဝတရားက အကောင်းဆုံးကျွန်းပင်ကို ပေးရုံနှင့် အားမရသေးဘဲ အကောင်းဆုံးတွင်းထွက် သယံဇာတ ကျောက်မျက်ရတနာများထဲမှ တန်ဖိုးအရှိဆုံး မင်္ဂလာအရှိဆုံး ကျောက်မြတ် ရတနာ၊ ပတ္တမြားများနှင့် အခြားကျောက် မျက်ရတနာမျိုးစုံကို မြန်မာမြေတွင် ထည့်သွင်းသိမ်းဆည်းသိုမှီး၍ သဘာဝလက်ဆောင်ကောင်းကို ပါထပ်ဆင့် ပေးအပ်ခဲ့သည်။ ကမ္ဘာတွင် မြန်မာသည် ကျွန်းသစ်နှင့် ပတ္တမြား သဘာဝ လက်ဆောင်ရသည့် တစ်ဦးတည်းသော လူမျိုးဖြစ်လေသည်။ မည်သူငြင်းပါမည်နည်း။

## အဌမပိုင်း

### သာကီဝင်တို့ မြို့ပြပြည်ရွာ အာဏာထူထောင်ကြခြင်း

တကောင်းဒေသတွင် ပြူလူမျိုးတို့ မြို့ပြပြည်ရွာတည်ထောင်စအချိန်လောက်မှာပင် မွန်ဂိုလွိုက်အုပ်စုကြီးမှ ရှေးဦးလူများသည် ရေကြည်ရာ မြက်နုရာ လူဦးရေ နည်းပါးသောဒေသများသို့ ထွက်ခွာစပြုလာသည်။ မွန်ဂိုလျကုန်းပြင်မြင့်သည် မွန်ဂိုလွိုက်လူမျိုးစုကြီး စတင်ရာနေရာဖြစ်သည်။ ပရေရီမျက်ပင်ရှည်ကြီးများ ဖုံးလွှမ်းနေသဖြင့် သမင်ဒရယ် ချေငယ် စိုင် ဆတ်ဖွတ်ပဒပ် ယုန်သူငယ်တို့ မှီခိုပုန်းအောင်းရာဒေသကြီးဖြစ်သည်။ ပရေရီမြက်ပင်ရှည်ကြီးများကို ခို၍ အကောင်ငယ်တို့ နေရာယူခဲ့ကြ ပေါက်ဖွားခဲ့ကြသည်။ သားကောင်ငယ်များကို သတ်ဖြတ်စားသောက်သော ကျား၊ ကျားသစ်၊ ဝံ၊ ခြသေ့ ဆင် စသော တိရစ္ဆာန်ကြီးများသည်လည်း သားငယ်ကောင်လေးများကို သတ်ဖြတ်ဖမ်းဆီးရန်ရောက်လာတတ်ကြသဖြင့် တောကောင်သားကောင် စုံလင်လှသည်။ ဂူအောင်းလူတို့သည်ကျောက်လက်နက်များကိုကိုင်စွဲ၍ စုပေါင်းအမဲလိုက်ကြသည်။ အသားများကို ဖုတ် ကင် ပြုတ် စားသောက်ကြပြီး အရေခွံများကို ဝတ်ဆင်ကြသည်။ မီးကို အသုံးချတတ်ပြီဖြစ်၍ အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသည်။ နှစ်ကြာလာသော် လူဦးရေ များပြားလာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ လောက်ရောက်သောအခါ ရာသီဥတုမျှတလာသဖြင့် ဂူနေဘဝမှ ထွက်ခွာခဲ့ကြသည်။ မွန်ခမာ အုပ်စုက ဗီယက်နမ်မြစ်နီမြစ်ကြောင်းအတိုင်း ထွက်ခွာခဲ့ကြသည်။ ထိုင်းရှမ်းအုပ်စုက ထိုင်းနိုင်ငံဘက်သို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ တိဘက်တိုဘားမင်းခေါ် တိ

ဘက်မြန်မာအုပ်စုက ယူနန်ဘက်သို့ ထွက်ခွာခဲ့ပြီး တပိန်မြစ်ကြောင်းအတိုင်း မြန်မာပြည်သို့ ဝင်လာခဲ့ကြသည်။ ထိုစဉ်အခါက တကောင်းနေပြည်တော် တည်ရန် အရှိန်ယူနေချိန်ဖြစ်သည်။ မြန်မာပြူတို့သည် စိတ်သဘောထားကောင်း ကြသဖြင့် ဝင်လာသူတို့သည် မကြာခင်မှာပင် ရောနှောသွားကြသည်။ သမိုင်း ဆရာတို့ ပြော၍သာ သိရသည်။ ဘယ်သူဘယ်ဝါ ခွဲခြား၍ မရတော့။ အားလုံး ပြူလူမျိုးများသာ ဖြစ်သွားသည်။ တကောင်းတွင် အတူတကွ အခြေချနေ ထိုင်ခဲ့ကြပြီးနောက် ပြူလူမျိုးအချို့တို့သည် ထိုစဉ်က ပြူလူမျိုးတို့လက်အောက် ခံ ဟိမဝန္တာတောင်ခြေသို့ ခရီးထွက်ခဲ့ကြသည်။ ထိုအုပ်စုတွင် တကောင်း၌ နေထိုင်ကြသော လူတို့သည် စိတ်တူသဘောတူ နယ်သစ်ရှာရန် ထွက်ခွာခဲ့ ကြသည်။ ခေတ်သစ်သမိုင်းဆိုင်ရာ ဆရာတွေက မြန်မာလူမျိုးကိုလည်း မွန်ဂိုလွိုက်ဟု အမည်တပ်ပြီး တိဘက် မြန်မာတို့ကိုလည်း မွန်ဂိုလွိုက်ဟု သတ် မှတ်ခါတကောင်းမှ ထွက်လာသော ပြူတို့ကိုလည်း တိဗက် မြန်မာလူမျိုးဟု ခေါ်ဆိုခဲ့ကြသည်။ အမှန်မှာ မြန်မာလူမျိုးမှာ ရှေးဦး မြန်မာအညာသား မျိုးဆက်ဖြစ်ပြီး ပြူတို့မှာလည်း ရှေးဦး မြန်မာမျိုးသာ ဖြစ်သည်။ ဝင်လာသော တိဗက်မြန်မာတို့နှင့် ရှေးဦးမြန်မာလူမျိုးတို့သည် တကောင်းမြေတွင် နှစ်ပရိစ္ဆေဒ ရာနှင့်ချီ ရောနှောနေခဲ့ကြသဖြင့် အားလုံးပြူများ ဖြစ်နေကြပြီဖြစ်သည်။ တိဗက် မြန်မာဟူ၍ သီးသန့် မရှိတော့ပေ။

ယခု နယ်သစ်ရှာ ဟိမဝန္တာသို့ထွက်လာသော အုပ်စုမှာလည်း တကောင်း ပြူမျိုးသာ ဖြစ်သည်။ တိဗက်နွယ်လည်း ပါသည်။ မြန်မာပြူ လည်းပါသည်ပင်။ နယ်သစ်ပြည်သစ်နေရာသစ်သို့ ရွှေ့ပြောင်းလိုသူ စွန့်စား စိတ်ရှိသူများ ပါဝင်ကြသည်။ အားလုံး တစ်ဦးတစ်ယောက်၏ အုပ်ချုပ်မှု အောက်တွင် ရှိနေကြသည်။

သွေးက စကားပြောသဖြင့်
တိဗက်တို့ မြန်မာကို အထူးချစ်ခင်ကြသည်။

ထွက်ခွာလာသောသူတို့သည် ချမ်းသာအတူ ဆင်းရဲတကွ ခံစားခဲ့ကြသူများ ဖြစ်သည့်အပြင် ဝေးလံလှသော တောတောင်ရေမြေကို နှစ်နှင့်ချီ လက်တွဲခဲ့ကြသူများဖြစ်၍ သွေးကစကားပြောခဲ့သည်။ တကောင်းတွင် ပြုလူမျိုးအဖြစ် အတူတကွ နှစ်ရာချီ၍ နေခဲ့ကြသဖြင့် သွေးနှောကာ အထူးချစ်ခင်ကြသည်။ တိဗက်မြန်မာနယ်စပ်ဖြစ်သော ခါကာဘိုရာဇီ တောင်တန်းကြီးသို့ ရောက်ကြသည်။ ခါကာဘိုရာဇီမှာ တိဗက်ဘာသာဖြင့် ဖြူဖွေးသော ဆီးနှင်းတို့ ဖုံးလွှမ်းနေသောတောင်ဟု အဓိပ္ပာယ်ရသည်။ မြေနိမ့်လွင်ပြင်ကို မကြိုက်ကြသောသူတို့သည် ထိုနေရာမှစ၍ တောင်ထိပ်သို့ တက်လိုကြသည်။ ကမ္ဘာတွင် ခေါင်မိုးဟုခေါ်ရလောက်အောင် မြင့်မားသော ဟိမဝန္တာတောင်ကြီးပေါ်သို့တက်သွားကြသည်။ ထိုအုပ်စုကို တိဗက်လူမျိုးဟု ခေါ်ဝေါ်ခဲ့ကြသည်။ တိဗက်မှာ တိဗ္ဗဟူသော ပါဠိစကားမှ ဆင်းသက်လာသည်။ ထက်မြက်သူများ ဟု အဓိပ္ပာယ်ရသည်။ သက္ကက စွမ်းနိုင်သူ၊ တိဗ္ဗက ထက်မြက်သူ မြန်မာနှင့် အဓိပ္ပာယ်တူဖြစ်သည်။ မြန်ဆန်ခိုင်မာသူကို မြန်မာဟု ခေါ်သည်။

အတိတ်က အတူလက်တွဲနေခဲ့ အတူထွက်လာခဲ့သူတို့မှာ ပြုလူမျိုး တမျိုးတည်းမှဖြစ်ကြောင်း သွေးတူသားတူ ဖြစ်ကြောင်း သွေးကစကားပြောမြဲဖြစ်သည်။ လက်သည်းဆိပ် လက်ထိပ်နာတတ်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ထောင်နှင့်ချီကာ တချိန်က အတူနေခဲ့ကြသော တိဗက်မြန်မာတို့သည် မိုင်ပေါင်းထောင်ချီဝေးကွာသော တောင်ပေါ်နှင့် မြေပြန့်တွင် ခွဲခွာနေခဲ့ကြသော်လည်း ယနေ့အထိ တိဗက်တို့သည် မြန်မာလူမျိုးတို့ကို အထူး ချစ်ခင်ကြကြောင်း တိဗက်ရောက် မြန်မာတိုင်းက ပြောကြဆိုကြရေးသားကြသည်။ တိဗက်တို့သည် မြန်မာဟူသော အသံကိုကြားလျှင် မျက်နှာ ရွှင်ပြဝမ်းသာကြသည်။ ဈေးဝယ်လျှင်မြန်မာလူမျိုးတို့ကို ဈေးအဆမတန်လျှော့၍ ရောင်းကြသည်။ တချို့ဆိုလျှင် အလကားပင် ပေးလိုက်ကြသည်။ ရင်းရင်းနှီးနှီးဖက်လှဲတကင်း ပြောကြဆိုကြ ဝမ်းမြောက်ကြသည်။ တကယ့်ညီရင်းအကိုမောင်ရင်းနှမ ပြန်တွေ့ကြ

သည့်ပုံဖြစ်သည်။ ဤသည်မှာ ယနေ့အချိန် တွေ့ရသော အဖြစ်မှန်ဖြစ်သည်။ မြန်မာနှင့် တိဗက်တို့ နယ်သစ်ရှာ ထွက်လာခဲ့ကြသည်မှာ မှန်ကန်သေချာသော သမိုင်းဖြစ်စဉ်ဖြစ်လေသည်။ သကျလူမျိုးသည်ကား မြန်မာအစစ်အမှန်ဖြစ်ကြောင်း သက်သေပင်။

## သာကီဝင်တို့ သက္ကတိုင်းသို့ ဆက်လက်ထွက်ခွာခဲ့ကြခြင်း

ထွက်လာခဲ့ကြသော ပြူလူမျိုး မြန်မာတိဗက်အပါအဝင်တို့သည် သာကီဝင်တို့နှင့် တနယ်မြေထဲသားများ ဖြစ်ကြသည်။ တိဗက်တို့သည် မြန်မာလူမျိုးတို့ကို ချစ်ခင်ကြသလိုပင် သာကီဝင်တို့ကိုလည်း လွန်စွာ ချစ်ခင် ကြသည်။ နှစ်ပေါင်း ထောင်ပေါင်းများစွာ ကြာမြင့်ခဲ့ပေမဲ့သွေးက စကား ပြောနေသည်။ မြန်မာ့ရေမြေကို အတူသောက်ခဲ့ကြသည့် သွေးသားရင်းခြား လူမျိုးတူဆွေရင်းခြာများ ဖြစ်ကြကြောင်း ယခုအချိန်ထိ ချစ်ခင်နေခြင်းက သက်သေထူနေကြသည်။ သာကီဝင် မြတ်စွာဘုရားကို မြန်မာလူမျိုးတို့သည် အသက်နှင့်လဲ၍ ချစ်မြတ်နိုးကြသည်မှာ သွေးက စကားပြောခြင်းဖြစ်သလို တိဗက်တို့သည်လည်း သာကီဝင်မြတ်စွာဘုရားကို အသက်နှင့်ထပ်တူ ချစ်ခင်ကြောင်း ဗုဒ္ဓဂါယာသို့ ဘုရားဖူးရောက်ကြသူတိုင်း သိကြမည်ဖြစ်သည်။ တကယ့်ကို လေးစားကြသည်မှာ သွေးကပြောခြင်းဖြစ်သည်။

မြန်မာသာကီဝင်တို့သည် တောင်ပေါ်ကို နှစ်သက်သော တိဗက် တို့ကို တောင်ပေါ်တွင် လမ်းခွဲထားခဲ့ကြပြီး ဟိမဝန္တာကိုပတ်၍ ရှေ့သို့ဆက်ကြ သည်။ ဤခရီးလမ်းထိ တမူးအင်ဖာလမ်းမှလာခဲ့ကြသူများရှိသလို ဟူးကောင်းတောင်ကြားလမ်းမှ လာကြသူများလည်း ရှိကြသည်။ ဟိမဝန္တာတောင်ခြေတွင် အတူတကွ ဆုံကြပြီး တောင်ခြေလမ်းအတိုင်း ခရီးဆက်ခဲ့ကြသည်။ ဟိမဝန္တာတောင်ခြေ ကျွန်းတောကြီးသို့ရောက်သောအခါ တစ်ထောက် ခရီးရပ်နားကြပြီး ရှေ့ပြေးအဖွဲ့က နယ်မြေလေ့လာရန် သွားခဲ့ကြသည်။ ကပိလရှင်ရသေ့နှင့်တွေ့ပြီး နယ်သစ်ရှာထွက်လာကြကြောင်းသိလျှင် သာကီဝင်မင်းမျိုးမှတောထွက်၍ ရသေ့ဝတ်လာသော ရှင်ရသေ့က မိမိနေရာသည် ရန်အောင်

မြင့်ရာ ဘူမိနက်သန်မှန်သောမြေဖြစ်၍ မြို့တည်ရန် မိန့်တော်မူသည်။ ပညာရှင်အဖွဲ့သည် မြို့တော်ရာကို စနစ်တကျ ပန္နက်ရိုက်ပြီးမှ တဖြည်းဖြည်း စတင်တည်ဆောက်ကာ ရပ်နားစခန်းမှ လူများကို အစီအစဉ်တကျ ခေါ်ယူ ပြောင်းရွှေ့၍ ကပိလဝတ္ထုမြို့တော်ကို တည်ဆောက်ကြသည်။ ကပိလဝတ္ထုမြို့ တော်အသားကျသောအခါမှ ဒေဝဒဟ ကောလိယမြို့တို့ကို တည်ဆောက်ခဲ့သည်။

သာကီဝင်တို့၏ ရွှေမြို့တော်သုံးမြို့ကို တည်ဆောက်ပြီးသောအခါမှာမှ သကျလူမျိုးတို့သည် အားလုံးစုဝေးကြပြီး သက္ကတိုင်းကြီးကို စနစ်တကျဖွဲ့စည်းကြသည်။ သက္ကတိုင်းကြီးကို တည်ဆောက်ရာတွင် မိမိတို့၏ ယဉ်ကျေးမှု လူမှုရေး အုပ်ချုပ်ရေးတို့ကို ကြိုတင်ဆွေးနွေးကြပြီး အောက်ပါအတိုင်းပြီး ပြည့်စုံသည့် အုပ်ချုပ်ပုံစနစ်တရပ် ချမှတ်အကောင်အထည်ဖော်ကာ မင်းနေပြည်တော်ကြီးကို ဖွဲ့စည်းခဲ့လေသည်။ သာကီဝင်အမည်ကို တရားဝင်မကြေညာရသေးသဖြင့် မိမိတို့၏ ရှေးရိုးစဉ်လာ ဗြဟ္မာလူမျိုးဟူသောအမည်ကို သုံးစွဲကြတုန်းပင် ဖြစ်နိုင်လေသည်။

## စုဝေးညီမူရာ လွှတ်တော်ခေါ်ယူကြခြင်း
## သန္ဒာဂါရဟု မှည့်ခေါ်ခြင်း

နယ်သစ်ရှာအာဇာနည်များသည် မိမိတို့နိုင်ငံတော်ကို တစ်ဦး တစ်ယောက်တစ်မိန့် တစ်အာဏာရှိသည့် သက်ဦးဆံပိုင် ပဒေသရာဇ် ဧကရာဇ်စနစ်ကို မနှစ်သက်ကြပေ။ သူတို့သည် မိမိတို့ ပတ်ဝန်းကျင်ရှိ တရုတ်ကုလားနိုင်ငံကြီးများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို လေ့လာပြီးဖြစ်သည်။ ထိုထို နိုင်ငံများတွင် ဘုရင်စနစ်ထွန်းကားနေသည်။ လူတို့သည် ဂူနေဘဝကပင် လူစုလူဝေးနှင့် ဂူထဲတွင် နေထိုင်ခဲ့ကြသည်။ လူနှင့်လူချင်း အုပ်ချုပ်ရာတွင် တော ကောင် သစ် ကျား ခြင်္သေ့ တို့၏ အားရှိသူက ဗိုလ်လုပ်ကြသည့် သက်ဦး ဆံပိုင်စနစ်မျိုးကို နှစ်ပေါင်းများစွာ တွေ့ကြုံခဲ့ပြီးဖြစ်သည်။ တစ်ဦးတစ်ယောက် အင်အားရှိသူက မင်းလုပ်ကြသည့် ထိုစနစ်မှာ လူသားလောကနှင့်မတူ၊ မကိုက်ညီ၊ အင်အားကြီးသူတစ်ဦးတစ်ယောက်လက်ထဲ အခွင့်အာဏာ အားလုံး ပုံအပ်ထားရသဖြင့် အသိဉာဏ်ရှိသူ

အရည်အချင်းရှိသူ အခြားသူတို့၏ အခွင့်အရေးကို နေရာမပေးရာ ရောက်သည်။ ထိုဘုရင်သည် အင်အားသာ ရှိပြီး အရည်အချင်းမရှိလျှင် သားစဉ်မြေးဆက်လူသားနွယ် တစ်ရပ်လုံး ဆင်းရဲဒုက္ခရောက်ကြရသည်။ လူဟူသည်လွတ်လပ်ခွင့် ပျော်ရွှင်ခွင့် စီမံခွင့် အာဏာညီမျှလွတ်လွပ်စွာ ရှိသင့်သည်ဟု လက်ခံလာကြသဖြင့် တဘက်သတ် သက်ဦးဆံပိုင်သားစဉ် မြေးဆက်အုပ်ချုပ်ခွင့် အမွေဆက်ခံရသည့် ဘုရင်စနစ်ကို အစားထိုးလိုကြသည်။ မိမိတို့သည် နယ်သစ်ရှာထွက်လာစဉ်က အားလုံးစုပေါင်းညီညာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် မိမိတို့နိုင်ငံတော်ကို တည်ဆောက်ရာတွင် ဘုရင်စနစ်ထက် တရားမျှတမှု ညီညွတ်မှုရှိသော အားလုံးကြိုက်နှစ်သက်သည်ကို **ရွေးကောက်တင်မြှောက်သည့် သမ္မတစနစ်ကို** သုံးကြမည်။ ထိုသမ္မတစနစ်မှာ ယခုမှ စတင်ကျင့်သုံးရမည့် စနစ်ဖြစ်၍ စနစ်ကျရန် မှန်ကန်မှုရှိရန် တရားမျှရန် အများဆန္ဒနှင့်ကိုက်ညီသူဖြစ်ရန် လိုအပ်သည့် အရည်အချင်းရှိသော အုပ်ချုပ်သူ သမ္မတရရှိရေးနှင့် အုပ်ချုပ်ရေး တာဝန်ခံ အဖွဲ့အစည်းတရပ်ထားရှိရန် လူတော်လူကောင်းများကို ရွေးချယ်ရန် အုပ်ချုပ်ရေး စည်းကမ်းများကို ပြုလုပ်ဆွေးနွေးညှိနှိုင်းရန် ညီညီညာညာ စုဝေးရန် နေရာ သတ်မှတ်ကြသည်။ ထိုအဆောက်အဦးနေရာကို ''သန္ဓာဂါရ'' ဟု မှည့်ခေါ်လိုက်သည်။ ညီမူစုဝေးရာဟု အဓိပ္ပာယ်ရသည်။ ယခုခေတ် ဝေါဟာရအရ လွှတ်တော်ဖြစ်သည်။ ပိဋကစာပေတွင် များစွာပါရှိ သည်။ သန္ဓာဂါရကိုဖွဲ့စည်းလိုက်သည်။

## သန္ဓာဂါရလွှတ်တော်ကိုယ်စားလှယ်

သန္ဓာဂါရခေါ် လွှတ်တော်သတ်မှတ်ပြီးပြီဖြစ်၍ လွှတ်တော်ကိုယ်စား လှယ်များ ရွေးချယ်ရမည်ဖြစ်သည်။ နယ်သစ်ရှာထွက်လာစဉ်တုန်းက မိသားစု အလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ စနစ်တကျ လာခဲ့ကြသည်။ ထိုအုပ်စုလေး များကို ''ဂဏရာဇာ'' ဂိုဏ်းအုပ်စု မိသားစုအဖွဲ့ကလေးများဟုခေါ်သည်။ ထိုဂဏရာဇာမိသားစုအဖွဲ့ဝင် မင်းညီမင်းသားများအားလုံး အသက် ၁၆ နှစ် ပြည့်လျှင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် သတ်မှတ်ကြသည်။ ထို

လွှတ်တော်ကိုယ်စားလှယ်မင်းသားများသည် သမ္မတနှင့် သမ္မတအဖွဲ့ဝင် အုပ်ချုပ်ရေး တာဝန်ခံ (ဝန်ကြီးအဖွဲ့ အစိုးရအဖွဲ့ဝင်)များအဖြစ် ရွေးချယ်ခံပိုင်ခွင့်လည်းရှိသည်။ ထိုကိုယ်စားလှယ်များ၏ အဓိကအရည်အချင်းမှာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံရမည်ဖြစ်သည်။ ကိုယ်ကျင့်သီလသည် တစ်ဦးချင်း စောင့်ထိန်းမှုနှင့် တနိုင်ငံလုံးလူအားလုံး စောင့်ထိန်းနိုင်အောင် စည်းရုံးနိုင်မှုတို့ ပါဝင်သည်။ ဝါရိတ္တသီလမှာ တဦးချင်း ၅ပါးသီလပြည့်စုံရမည်။ စာရိတ္တသီလမှာ အခြားသူများ ၅ပါးသီလရှိစေရန် စည်းရုံးရခြင်းဖြစ်သည်။ သို့မှသာ မိမိအပါအဝင် တတိုင်းပြည်လုံး သီလရှိကြသည်။

## နိုင်ငံတော်၏ အဓိကမှုကြီး သုံးရပ်ကို သတ်မှတ်ကြခြင်း

သာကီဝင်လွှတ်တော် ကိုယ်စားလှယ်တို့သည် မိမိတို့အတွက် အရေးပါသော ခေါင်းဆောင်ကို ရွေးချယ်ကြသည်။ အခြားနိုင်ငံတို့တွင် လွှတ်တော်မရှိသဖြင့် ဘုရင်၏ သားတော်ကြီးသည် အရည်အချင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အမွေဆက်ခံခွင့်မှုအရ ဘုရင်ကြီးမရှိလျှင် အုပ်ချုပ်သူ ဘုရင်အဖြစ် အလိုလိုတင်မြှောက်ပြီးဖြစ်သည်။ ထိုသူကို ရာဇာ– မဟာရာဇာ ဘုရင် ဟုခေါ်ဆိုခဲ့သည်။ ထိုဘုရင်သည် သူ့စိတ်တိုင်းကျ အာဏာကုန်ရတော့သည်။ နိုင်ငံသူ နိုင်ငံသားများကို စိတ်တိုင်းကျ စီမံတော့သည်။ မိန်းမများကိုလည်း ကြိုက်သူကို ကြိုက်သလောက် ကြိုက်သည့်နည်းနှင့် ယူပိုင်ခွင့်ရှိသည်။ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဖမ်းနိုင်သည်။ ချုပ်နိုင်သည်။ ညှင်းပန်းနှိပ်စက်နိုင်သည်။ နယ်နှင်နိုင်သည်။ သတ်ဖြတ်ကွပ်မျက်နိုင်သည်။ ပစ္စည်းဥစ္စာများကို သိမ်းယူနိုင်သည်။ အသက်ကိုပင် ကြိုက်သလို လုပ်နိုင်သည့် သက်ဦးဆံပိုင်ဘုရင်ဖြစ်သည်။ ဘုရင်ကို ကူညီနိုင်ရန် ပုရောဟိတ်ရှိသော်လည်း အဓိကအာဏာမှာ ဘုရင့်သဘောကျသာဖြစ်သည်။ စစ်တပ်ကြီးဖွဲ့စည်းထားသဖြင့် အခြားနိုင်ငံများကိုလည်း စစ်တိုက်နိုင်သည်။ အာဏာဟူသမျှ ဘုရင့်သဘောကျသာဖြစ်၍ ဘုရင့်

အာဏာကိုရရှိရန် အာဏာလုပွဲများ တော်လှန်ပုန်ကန်မှုများ အုပ်စုဖွဲ့တိုက်ခိုက်မှုများ သားက အဘဘုရင်ကို သတ်ဖြတ်လုပ်ကြံမှုများ မင်းညီမင်းသားတို့၏ အာဏာလုပွဲများ မကြာခဏ ကြုံတွေ့ရတတ်သည်။ ထိုသည့်လုပ်ရပ်များကို ရှောင်လွှဲနိုင်ရန် သမ္မတစနစ်ကို လက်ခံခဲ့ကြသည်။ သမ္မတကို မရွေးချယ်ခင် သမ္မတအပါအဝင် ပြည်သူပြည်သားတို့ မလိုက်နာမဖြစ် လိုက်နာကျင့်သုံးရမည့်မူကြီးများ အခြေခံဥပဒေကြီးများကို သုံးသပ်ကြပြီး အောက်ပါအတိုင်း ဆုံးဖြတ်ကြသည်။-

## (၁) အာဒိစ္စဝံသ မိမိတို့ ယဉ်ကျေးမှုကို အပြည့်အဝ လိုက်နာရမည်

ဗြဟ္မာလူမျိုး သက္ကလူမျိုးတို့၏ နိုင်ငံတည်ရှိရာနေရာမှာ ကမ္ဘာတွင် လူဦးရေ ထူထပ်များပြားပြီး ကျယ်ဝန်းသော နိုင်ငံကြီးများ၏ အလယ် မဟာဗျူဟာကျသောနေရာတွင် တည်ရှိနေသည်။ မွန်ဂိုလွိုက်အနွယ်ဝင် တရုတ်တို့မှာလည်း လူမျိုးအုပ်စုစွဲ ပြင်းထန်လှသည်။ အခြားလူမျိုးအုပ်စုဝင်များကို တိုးချဲ့တိုက်ခိုက်သိမ်းပိုက်ရန် ရည်မှန်းချက် အမြဲရှိကြသည်။ မဇ္ဈိမဒေသကုလားတို့မှာလည်း ဖန်ဆင်းရှင် နတ်ဗြဟ္မာတို့ကို ကိုးကွယ်ကြပြီး လူတန်းစား လူမျိုးခွဲခြားမှု ဇာတ်ခွဲမှု အရိုးစွဲနေသည်။ ထိုလူအုပ်စုကြီးနှစ်စုကြားတွင် တည်ရှိသဖြင့် သူတို့၏ ဘာသာစွဲ လူမျိုးစွဲ ပြင်းထန်မှုဒဏ်ခံရနိုင်သည်။ စစ်ရေးအရ တိုက်ခိုက်နယ်ချဲ့မှုကိုလည်း ခံရနိုင်သည်။ ယဉ်ကျေးမှု လွှမ်းမိုးမှုကိုလည်း ခံရနိုင်သည်။ လူဦးရေအားဖြင့် လူနှင့် လူချင်းမြို့မှုများကိုလည်း ခံရနိုင်သည်။ မြေပြိုသော် လူမျိုးမပျောက် လူလူချင်းမြိုမှ လူမျိုးပျောက်နိုင်သဖြင့် အလွန်အလေးအနက်သတိထားရမည်။ သတိထားရုံနှင့် မလုံလောက်။ အသိတရားပါထားရမည်။ အသိတရားထားမှုများတွင် စည်းကမ်း ဥပဒေနှင့်တားမြစ်ခြင်းသည် အကောင်းဆုံးသော အသိပေးမှုဖြစ်သည်။ ထို့ကြောင့် မိမိတို့လူမျိုးများ မကွယ်ပျောက်ရေးအတွက် အခြေခံမူ စည်းကမ်းထားရှိရမည်။ ဥပဒေလုပ်၍ လူတိုင်းကို လူမျိုးအသိ လူမျိုးသတိရှိရန် တင်းကြပ်စွာလိုက်နာစေရမည်။

မိမိတို့ ဖြဟ္မာလူမျိုး သက္ကလူမျိုးများသည် အာဒိစ္စဝံသဟူသော နိုင်ငံ တကာစည်းကမ်းဘောင်ကို အသုံးပြုမည်။ အာဒိစ္စဝံသဟူသောဝေါဟာရမှာ လူတိုင်းသိပြီး စကားရပ်ဖြစ်သည်။ သူတို့မှာ နတ်ဖြဟ္မာကိုးကွယ်ကြသဖြင့် အာဒိစ္စဝံသကို နေနတ်မင်း၏ အနွယ်မှ ဆင်းသက်လာသူ နတ်မျိုးနွယ်ဟု နားလည်ထားကြသည်။ သူတို့ခေါင်းဆောင်များ ဘုရင်များကို နေမျိုးနွယ် နေနတ်သားမှ ဆင်းသက်လာသူဟု ဂုဏ်ပြုချီးမြှောက်ကြသည်။ လူသည် နတ်လောက်မမြတ်၊ နတ်သည် လူထက်မြက်သည်ဟူသော အစွဲကြီးလှသဖြင့် လွန်စွာကျေနပ်ကြသည်။ ဘုရင်တိုင်းက အာဒိစ္စဝံသနေမျိုးနွယ်ဝင် ရှင် ဘုရင်ဆိုမှ သဘောတွေ့ကြသည်။ ဘုရင်ကို အာဒိစ္စဝံသနေမျိုးနွယ်ဟု မဆိုလျှင် အထင်သေးကြသည်။ တန်းတူရည်တူ မဆက်ဆံချင်ကြ။ ထို့ကြောင့် မိမိတို့ကလည်း ထိုကမ္ဘာသုံး ဝေါဟာရကိုယူ၍ မိမိတို့ခေါင်း ဆောင်ကိုလည်း ခေါ်ဝေါ်မည်။ သူတို့ရာဇာဘုရင်နှင့် မိမိတို့သမ္မတ အာဏာ ရှိမှုချင်း အတူတူ ဖြစ်ရမည်။

မိမိတို့ အယူအဆမှာ သူတို့နှင့် မတူပေ။ လူသည် လူသာ ဖြစ်သည်။ မည်သည့်နတ်ဒေဝတာအမျိုးအနွယ်မှ ဆင်းသက်မလာပေ။ နတ်မှ ဆင်းသက် လာသည်ဟုဆိုလျှင် မိမိတို့၏ လူသားမိဘများကို ကျေးဇူးကန်းရာ စော်ကားရာ ရောက်သည်။ နတ်သည် နတ်သာဖြစ်သလို လူသည်လည်း လူသာဖြစ်သည်။ လူ့ဘုံလူ့ဘဝသည် နတ်မျိုးများထက် မနိမ့်ကျပေ။ လူသားထဲမှ ဘုရားစကြဝတေးမင်းရဟန္တာအရိယာ သူတော်စင်တို့ထွက် ပေါ်လာခဲ့သည်။ ထို့ကြောင့် လူသည် အသိဉာဏ်ရှိသူ လူနတ် ဖြဟ္မာတို့ တွင် အမြတ်ဆုံးဖြစ်သည်။ အာဒိစ္စသည် နေမင်းကြီးဖြစ်သည်။ နေမင်း ကြီးသည် လူသားတို့၏ ကျေးဇူးရှင် ဖြစ်သည်။ မိမိတို့သည် နေမင်းကြီး၏ အနွယ်ဝင်လူသားများဖြစ်သည်။ မိမိတို့သည် ကမ္ဘာ့လူသားတို့၏ ကျေးဇူးရှင် ဖြစ်သည်။ ထိုနေမင်းကြီးသည် အရှေ့အရပ်မှ ထွက်ပေါ်ရာအရပ်ကို ဂုဏ်ပြု သောအားဖြင့် အာဒိစ္စဝံသ ကျေးဇူးရှင်နေမင်းကြီးထွက်ပေါ်ရာ အရှေ့ အရပ်မှ ဆင်းသက်လာသော သူတို့၏ အနွယ်ဟု အဓိပ္ပာယ်သတ်မှတ် မည်။

မိမိတို့ယခုရောက်ရှိရာ သာကီဝင်တို့နေရာမှ ကြည့်လျှင် ဗြဟ္မာနိုင်ငံတော်သည် အရှေ့အရပ်မှာရှိသည်။ မိမိတို့သည် ဗြဟ္မာနိုင်ငံတော်ရှိရာအရှေ့အရပ်မှ ထွက်ခွာလာခဲ့သော လူသားမျိုးနွယ်များဖြစ်သည်။ ထို့ကြောင့် အာဒိစ္စဝံသ နေမင်းကြီးထွက်ပေါ်ရာ အရှေ့အရပ်မှာရှိသည့် ဗြဟ္မာနိုင်ငံတော်သားများဖြစ်ရာ ဗြဟ္မာနိုင်ငံတော်၏ ယဉ်ကျေးမှုကို လိုက်နာကြရမည်။ စာပေ ဂီတ အနုသုခုမ အကအလှ ဝတ်စားဆင်ယင်မှု အပြောအဆို အားလုံးသည် ဗြဟ္မာယဉ်ကျေးမှု သက္ကယဉ်ကျေးမှုဖြစ်ရမည်။ ဤလွှတ်တော်မှ အာဒိစ္စဝံသအရ ဗြဟ္မာယဉ်ကျေးမှုသက္ကယဉ်ကျေးမှုကို လူတိုင်း မဖြစ်မနေ ထိန်းသိမ်းရမည်ဟု ပြဋ္ဌာန်းလိုက်သည်။

## ခတ္တိယ မြေဟူသမျှ သကျလူမျိုးပိုင်သာဖြစ်ရမည်

ခတ္တိယ၏ အဓိပ္ပာယ်ရင်းမှာ လယ်ပြာမြေဖြစ်သည်။ ခေတ္တာနံ အဓိပတိ ခတ္တိယောဟု စာပေတွင် ဖွင့်ဆိုသည်။ သက်ဦးဆံပိုင်ဘုရင်တို့သည် မြေယာဟူသမျှ ပိုင်ဆိုင်ကြသည်။ ရေမြေ့သနင်း ပြည့်ရှင်မင်း၊ ရေမြေကို အစိုးရတော်မူသော ရေမြေပိုင်သ အစိုးရသည်ဟု ခံယူကာ မြေဟူသမျှ နိုင်ငံ တစ်နိုင်ငံလုံးကိုပါ အစိုးရခဲ့ကြသည်။ ဘုရင်သည် မိမိပိုင် သဘောထား၍ မြေများကို ပေးလိုက ပေးနိုင်သည်။ ရောင်းလိုက ရောင်းကြသည်။ ငှားလိုက ငှားခဲ့ကြသည်။ ဤသို့ဖြင့် မြေသည် နိုင်ငံတော်သည် ဘုရင့်သဘောကျအတိုင်း ပြောင်းလဲခဲ့သည်။ မြေပြဿနာကြောင့် နိုင်ငံတို့သည် မကြာခဏ အချင်းများကြ စစ်ဆင်ရသည်အထိ ဖြစ်ခဲ့ရသည်။

မြေပြဿနာကို သာကီဝင်တို့ ကောင်းစွာသဘောပေါက်သည်။ **သဘာဝတရားက မြေကြီးကို မည်သူ့ကိုမှ အပိုင်းမပေးခဲ့ပေ။ ပုဂ္ဂလိက အပိုင်ရမှုကြောင့် ပြဿနာမျိုးစုံကိုတွေ့ကြုံရ ဖြေရှင်းကြရသည်။ လူ၏ အသက်ပေါင်းများစွာ နိုင်ငံရေမြေပိုင်နက်လိုမှုကြောင့် စစ်ခင်းခဲ့ကြရသည်။** သာကီဝင်တို့သည် နိုင်ငံဟူသမျှ မြေပြဿနာမပေါ်ရအောင် ပုဂ္ဂလိက အပိုင်ရမှုကို မလိုလားကြပေ။ ထိုမြေယာပေါ်တွင် စိုက်ပျိုးမွေးမြူလုပ်ကိုင်စားသောက်နိုင်ရေး သည်သာအဓိကဖြစ်၍ လုပ်ကိုင်နိုင်ရန် သဘောသာပေးခဲ့ကြသည်။ မြေယာ လုပ်ပိုင်ခွင့်ရှိသူများသည် မိမိလုပ်ပိုင်ခွင့်ရမြေကို လုပ်ပိုင်ခွင့်

ငှားရမ်းခွင့်သာ ရှိကြသည်။

ဘုရင်စနစ်တွင် ဘုရင်သည် မြေယာအားလုံး၏ မူရင်းပိုင်ရှင်ဖြစ်၍ လယ်လုပ်သူများသည် ဘုရင့်ထံမှ ငှားရမ်းလုပ်ကြရသည်။ ထွက်ရှိသော သီးနှံထွက်ကုန်များ၏ ဆယ်ဖို့တစ်ဖို့ ဆယ့်ခိုင်တစ်ခိုင် ဘုရင်ကို ဆက်ရသည်။ ဘုရင် မကျေနပ်လျှင် ထုတ်ပယ်နိုင်ခွင့်ရှိသဖြင့် စရိတ်ဟူသမျှ လုပ်သူက ခံရသည်။ ယခုမူ **သာကီဝင်တို့မူအရ နိုင်ငံတော်သည် မြေယာအားလုံး တို့၏ မူရင်းပိုင်ရှင်ဖြစ်သည်။ မည်သူမျှ မြေယာကို အပြီးသတ်ပိုင်ဆိုင် ခွင့်မရှိ။ မိမိ ခွဲတန်းအရ ရရှိသော လယ်ယာမြေများကို မိမိကိုယ်တိုင် ဖြစ်စေ ငှားရမ်း၍ဖြစ်စေ ညှိနှိုင်းလုပ်ပိုင်ခွင့်ရရှိကြသည်။** လူတို့ နားလည် စေရန် တင်ပြရလျှင် ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မိမိပိုင် လယ်ယာမြေကို လယ်ထွန်ပွဲကြီးကျင်းပ၍ ထွန်ယက်စိုက်ပျိုးရသည်။ သုဒ္ဓေါဒနမှာ ဘုရင်ဖြစ်၍ တော်ဝင်အသုံးနှင့်သုံးလျှင် လယ်ထွန်မင်္ဂလာပွဲ ကျင်းပသည်ဟု ဆိုကြသည်။ တကယ်တန်းဆိုရလျှင် မင်းကြီးလယ်ထွန်၍ လယ်လုပ်ပွဲကျင်းပခြင်းသာ ဖြစ်သည်။ မိမိခွဲတန်းကျရာ လယ်မြေကို မိမိတာဝန် အရ ထွန်ယက်စိုက်ပျိုးခြင်းသာဖြစ်သည်။

မြေနှင့်ပတ်သက်၍ ပြဿနာပေါ်လာလျှင် အားလုံးစုပေါင်း ကာကွယ် ရသည်။ ရောဟိနီမြစ်ငယ်ရေကို မှီ၍ လယ်သမားတို့ စပါးစိုက်ကြရသည်။ ထိုမြစ်ရေသည် နွေအခါ ကဆုန်နယုန်လလောက်တွင် ခန်းလုမတတ် ရေ နည်းလာသည်။ မြစ်တစ်ဘက်ရှိ လယ်များကို ရေသုံးနိုင်လောက်သာရှိသည်။ နှစ်ဘက် လယ်သမားတို့ မသုံးလောက်ပေ။ ထိုနည်းပါးသောရေကို ကပိလ ဝတ္ထုပြည်ဘက်လယ်သမားတို့ကလည်း သူတို့စပါးတွေမှည့်လုလုဖြစ်နေသည်။ ဒီအောင်ရေကိုသုံးရလျှင် စပါးသီးနှံအောင်တော့မည်ဖြစ်၍ သူတို့သုံးရမှ ဖြစ်မည်ဟု ဆိုလာကြသည်။ ကောလိယပြည်ဘက်ကလည်း ထို့အတူ နောက် ဆုံးအောင် ရေလိုနေသဖြင့် သူတို့ဘက်ကသုံးမှ ဖြစ်မည်ဟု ဆိုလာကြသည်။ နှစ်ဘက်လယ်သမားတို့ အငြင်းပွားနေကြောင်းကို သက်ဆိုင်ရာ လယ်ယာ စိုက်ပျိုးရေးဝန်ကြီးများထံတင်ပြကြသည်။ ဝန်ကြီးတွေ ဖြေရှင်းသော်လည်း မပြေဖြစ်နေသည်။ ထိုအခါ သာကီဝင်မင်းမျိုးမဟုတ်ကြသည့် လယ်သမားများ

က ဆဲဆိုပြောလာကြသည်။ မြစ်ကမ်း၂ဘက်တွင် လူအများစုဝေးလာကြသဖြင့် ကမ်းတစ်ဘက်တစ်ချက်ငယ်ကျိုးငယ်နာဖော်၍ ဆဲဆိုကြသည်။

ကောလိယလယ်သမားတွေက ကပိလဝတ္ထုလယ်သမားတွေကို မောင်နှမချင်းပြန်ယူကြသည့် ခွေးမျိုးတွေဟု အော်ဟစ်ဆဲကြသည်။ ကပိလဝတ္ထုလယ်သမားတွေကလည်း အမကြီး ပိယာနူနာစွဲ၍ အပြင်သို့ထွက်ခဲ့ရသည်ကို ရည်ရွယ်၍ မင်းတို့ဟာ အနုမျိုးတွေဟု မင်းမျိုးတို့၏ အမျိုးဖြစ်စဉ်ကို အစွဲပြု၍ ပြန်လည်ဆဲကြပြန်သည်။ ထိုသတင်းကို နှစ်ဘက်မင်းမျိုးများကြားသိရသောအခါ ရေလုပွဲမှ တိုက်ပွဲအသွင်ပြောင်းလာကြသည်။ ဆင်တပ်မြင်းတပ် ခြေလျင်တပ်တို့ဖြင့် ဒါးလှံ လေးမြား၊ ကိုင်စွဲရန် စစ်ပွဲကြီးဖြစ်ရန်ခွာစူလာကြသည်။ ရှင်တော်ဘုရားသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်သိတော်မူသောအခါ ရောဟိနီမြစ်သို့ ဈာန်အသိဉာဉ်ဖြင့် ကြွလာတော်မူပြီး စစ်တပ်နှစ်တပ်အလယ်ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးနောက် တန်ဘိုးနည်းပါးသည့် မြစ်ရေအတွက် တန်ဘိုးမဖြတ်နိုင်အောင်အဘိုးတန်လှသည့် ဆွေတော်မျိုးတော် သာကီဝင်မင်းတို့၏ အသက်တွေကို ဆုံးရှုံးခံကြတော့မည်လားဟု မိန့်တော်မူကာ ငြိမ်းချမ်းရေး တရားဟောတော်မူခဲ့ရသည်။

မြေသည် နိုင်ငံတော်ဖြစ်၍ နိုင်ငံတော်ပိုင်မြေကို ကျူးကျော်စော်ကားလာလျှင် နိုင်ငံသားတိုင်း ကာကွယ်ရမည်ဟူသော သာကီဝင်တို့၏ ခံယူချက်အရ ပြင်ဆင်ကြခြင်းဖြစ်သည်။ မြေသည် နိုင်ငံတော်ဖြစ်သည်။ မြေယာ၏ပင်ရင်းပိုင်ရှင်အစစ်သည် နိုင်ငံတော်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်၏ မြေကိုတစ်လက်မမှ မဆုံးရှုံးရလေအောင် ကာကွယ်ရမည်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်လေသည်။ မြေပျောက်လျှင် နိုင်ငံပျောက်မည်။ နိုင်ငံပျောက်လျှင် လူမျိုးပျောက်မည်။ နိုင်ငံတော်နှင့်လူတိုင်းကိုယ်ပိုင်အသိ ကိုယ်ပိုင်သတိဖြင့် တာဝန်သိသိကာကွယ်ရမည်သာဖြစ်သည်။

## မြေပေါ်မြေအောက် ရတနာများသည် နိုင်ငံတော်၏တန်ဘိုး

ခတ္တိယဟူသော စကားသည် မြေဟု အဓိကဆိုလိုက်သဖြင့် မြေနှင့် ဆက်စပ်နေသော ရေ မြေ လေ တောတောင် သဘာဝသယံဇာတအားလုံး အကြုံးဝင်သည်။ မြန်မာလူမျိုးတို့ ပိုင်ဆိုင်သော မြေအောက်တွင် တန်ဘိုး မဖြတ်နိုင်သော အဘိုးတန် ပတ္တမြား ရွှေ ငွေ စိန် ကျောက် ရေနံ ဓာတ် သတ္တုမျိုးစုံ ခိုအောင်းနေသည်။ ထိုသယံဇာတတို့သည် နိုင်ငံတော်တန်ဖိုး ရှိလှသည့် ရတနာများဖြစ်သည်။ ထိုရတနာတို့ကြောင့် နိုင်ငံတော်၏ တန်ဘိုး သည် မြင့်တက်နေသည်။ ထိုရတနာတို့ကို မည်သူတစ်ဦးတစ်ယောက်မှ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်မရှိပေ။ နိုင်ငံသားအားလုံးအတွက် အကျိုးရှိမှသာ ထုတ်ယူ သုံးစွဲရသည်။ မိမိတစ်ဦးတစ်ယောက်အတွက် အသုံးပြုလျှင် မတရားသုံးစွဲ ရာရောက်သည်။ မည်သူကမှ ခွင့်ပြုခွင့်မရှိပေ။ ခွင့်ပြုခွင့် မရှိဘဲ ခွင့်ပြုလျှင် တရားမဝင်ပေ။ တရားမဝင်လျှင် မတရားသုံးစွဲရာ ရောက်သည်။ ဘုရင်သည် မြေအောက်ရတနာများ၏ ပိုင်ရှင်မဟုတ်ပေ။ မြေအောက်ရတနာများ လျော့ပါးလျှင် ပျောက်ကွယ်လျှင် နိုင်ငံတော် တန်ဘိုးပျောက်မည်ဖြစ်၍ ဘုရင်များလည်း တာဝန်မကင်းပေ။ ထို့ကြောင့် သာကီဝင်တို့သည် ခတ္တိယမူအရ လိုသလောက်သာသုံးရမည်ဟု သတ်မှတ်ကြသည်။

မြေအောက်ရတနာများသည် နိုင်ငံတော်၏ ကျက်သရေ နိုင်ငံ တော်၏ တန်ဘိုးဖြစ်၍ ပိုင်ရှင်အစစ်မှာ နိုင်ငံတော်သာ ဖြစ်သည်။ ဘုရင်များ နိုင်ငံခေါင်းဆောင်များသည် ခဏတာ နှစ်ကာလအတိုင်း အတာအထိသာ တာဝန်ယူရသဖြင့် နိုင်ငံတော်အကျိုး မထိပါးအောင် လိုအပ်သလောက်သာစီစဉ်ရမည်။ သာကီဝင်မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူလာသောအခါ မိမိ၏တပည့်သား သကျပုတ္တရဟန်းတော်များ အတွက် သိက္ခာပုဒ်များကို ပညတ်တော်မူသည်။ ထိုသိက္ခာပုဒ်တော်များကို လေ့လာဆန်းစစ်လျှင် ဘုရားရှင်၏ ဆန္ဒတော်နှင့် သာကီဝင်လူမျိုးတို့၏ ရည်ရွယ်ချက်မှန်ကို သိနိုင်ပါသည်။ ဘုရားရှင်သည် သံဃာတော်တို့အား ခွင့်ပြုတော်မူရာတွင် သံဃိကစံနစ်ခေါ် သံဃာပိုင်အများပိုင် ပြည်သူပိုင်

နိုင်ငံပိုင် စနစ်တစ်ခုကို ကျင့်သုံးတော်မူခဲ့သည်။

ဆွမ်းသင်္ကန်းကျောင်းဆေးပစ္စည်းလေးပါးကို ခွင့်ပြုတော်မူရာ၌ ပုဂ္ဂလိက စနစ်ထက် သံဃိကစနစ်ကိုသာ အလေးထားတော်မူသည်။ ကျောင်းတစ်ကျောင်းကိုလှူလျှင် သံဃိကအဖြစ် လှူရန် အားပေးတော်မူသည်။ တာဝန်ကျ ကျောင်းနေပုဂ္ဂိုလ်သည် ဝတ္တရားနှင့် အညီ ကျောင်းကို ထိန်းသိမ်းရမည်။ အမှိုက်လှဲရမည်။ ရေမိုးဖြည့်ရမည်။ မီးထွန်းရမည်။ ကျောင်းတွင် ပေါက်ရောက်နေသော ဝါးပင်စသော အပင်အခက်တို့ကို မခုတ်ရ။ ခုတ်လျှင် အာပတ်သင့်သည်။ ပေါက်ရောက်နေသော အပင်များကို လူဒကာတို့အား မပေးရ။ တန်ဘိုးရှိသောအပင်များကို မိမိသဘောအတိုင်းပေးမိပါက ဘဏ္ဍာဒေယ ဘဏ္ဍာစား ပြန်ပေးရမည်။ ထိုပစ္စည်း၏ တန်ဘိုးမှန်ကို သံဃာသို့ လျော်ကြေးပေးဆပ်ရ မည်။ မတရားမသုံးရ။ ကျောင်းထိုင်ပုဂ္ဂိုလ်၏ တာဝန်မှာ လိုသလောက်သာ သုံးရမည်။ မတရား မသုံးရ။ သုံးလျှင် ပြန်ပေးလျော်ရမည်။ ရွှေငွေ ရတနာများကို ကိုယ်တိုင် မကိုင်ရ။ မတူးဖော်ရ။ ကိုင်လျှင် အာပတ်သင့်သည်။ သံဃာထံ ပြန်စွန့်လွှတ်ရမည်။ ကုသိုလ်ပြုရာတွင် ထာဝရကုသိုလ်တိုးနေသည့် အလှူမျိုးကိုလှူရမည်။ ဥယျာဉ်စိုက် သစ်ပင်စိုက်၊ သစ်တောစိုက်၊ ရေတွင်းတူး၊ ရေကန်တူး၊ ရေအိုးစင်တည်၊ ကျောင်းဆေးရုံ တည်းခိုရန် ဆောက်လှူပါ။ အမြဲထာဝရ ကုသိုလ်တိုးနေမည်ဟု မိန့်တော်မူသည်။

နိုင်ငံပိုင် မြစ်ချောင်းရေများကိုလည်း စံနစ်တကျ သုံးရမည်

နိုင်ငံပိုင်မြေများကို အပင်အခက်စိုက်ပျိုးရမည်။ ရတနာတန်းဝင် ကျွန်းပင် ပျဉ်းကတိုးပင် စားသုံးပင် အရိပ်ရပင် ပန်းအလှပင် စသည်တို့ကို စိုက်ပျိုးရမည်။ ထာဝရကုသိုလ် တိုးစေမည့် ကုသိုလ်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် သာကီဝင်တို့သည် မြေပေါ် မြေအောက် သဘာဝသယံဇာတ မြစ်ချောင်း အင်းအိုင် သား ငါး ပုဇွန်တို့ကို စနစ်တကျ ထိန်းရမည်။ မြေများကို အခြားလူမျိုးခြားများသို့ မရောင်းရ။ အပိုင်မပေးရ။ မပေါင်ရ မနှံရ။ မိမိလူမျိုးပိုင်မြေများ အခြားလူမျိုးများလက်သို့ မရောက်စေရ။

မဆုံးရှုံးစေရ။ မနစ်နာစေရ။ နိုင်ငံအတွက် အရေးပေါ်လာလျှင် မိမိကိုယ်ကျိုးကို ဦးစားမပေးဘဲ အများအကျိုးအတွက် ဆောင်ရွက်ရမည် ဟု လွှတ်တော်မှ ခတ္တိယ ဟူသော ဝေါဟာရကို သုံးစွဲ၍ ဥပဒေပြဋ္ဌာန်းလိုက်သည်။ ဤသည်မှာ နိုင်ငံပိုင်မြေများ မဆုံးရှုံးစေရန် ကာကွယ်လိုက်သော သာကီဝင်တို့၏ ဒုတိယမြောက်မှုကြီး ဖြစ်သည်။

## အသမ္ဘိန္န လူမျိုးခြားနှင့် သွေးရောသွေးနှောမှုမပြုလုပ်ရ ဒရာဗီဒီယန်

သာကီဝင်တို့ ဟိမဝန္တာတောင်ခြေသို့ မြို့ပြတည်ထောင်ရန်ရောက်လာသောအချိန်တွင် အိမ်နီးချင်း အိန္ဒိယနိုင်ငံ၌ လူမျိုးစုံတို့ကို တွေ့နေရချိန်ဖြစ်သည်။ အိန္ဒိယ၏မူရင်း တိုင်းရင်းသားများမှာ ဒရာဗီဒီယန်တို့ဖြစ်ကြသည်။ ဩစတြေလျိုက်အနွယ်ဝင်တို့ ဖြစ်ကြသည်။ အသားအရေမှာ မည်းနက် ဆံပင်လိမ်ကောက်ရှုပ်ပွေနေသည်။ မျက်နှာကြည့်လျှင် နှာခေါင်းကြီးကြီးပွပွ နှာတံကောက်ကောက်ဖြစ်ကြသည်။ ပါးစပ်ပြဲပြဲနှင့် ကြီးကြသည်။ မျက်လုံးပြူးပြီး မျက်ရစ်များ နဖူးရေးအကြောင်းများရှိကြသည်။ အကြမ်းအားဖြင့် ရုပ်သွင်မလှပကြပေ။ အလုပ်ကြမ်းကြီးများကိုသာ လုပ်ကြသည်။ အတွေးအခေါ် သိပ်မရှိကြပေ။ လူကောင်ကြီးမားသန်စွမ်းကြသည်။ အမွေးအမျှင်ထူကြသည်။ ရင်ဘတ်မွေးပါးသိုင်းမွေးတို့ ပေါက်ရောက်ကြသည်။ ကာမဂုဏ်ခံစားလို သောစိတ်ဓာတ်မှာ ပေါ်လွင်နေပြီး အသံကျယ်ကျယ် အော်ဟစ်ပြောဆို ဒေါသကြီးကြသည်။

ထိုခေတ်က ဒရာဗီဒီယန်တို့သည် ဝမ်းစာဖူလုံရန်အတွက် ကြိုးစားစိုက်ပျိုးနေရသည်။ လူဦးရေများလာသဖြင့် စားနပ်ရိက္ခာလုံလောက်မှု သိပ်မရှိပေ။ အေဒီ ၁ ရာစုခန့်က ဒရာဗီဒီယန်တို့၏ အခြေအနေကို ခေါမရောမမှတ်တမ်းများက ဖော်ပြကြ၏။ အေဒီ ၅၀ ခန့်က ပေါ်ထွက်ခဲ့သော ပွန်ပိုးနီးယတ်မေလ Ponponius Mala က ဂင်္ဂါမြစ်အလွန်တွင် ခရိုင်စေ (criryse) နှင့် အာရ်ဂျရော Argure ကျွန်းတို့ရှိ၏။ အနီးရှိ ကမ်းများပေါ်တွင် လူမည်းများနေထိုင်ကြသည်ဟု ရေးခဲ့၏။

အေဒီ ၁၅၀ ခန့်က ရေးခဲ့သော ပထဝီဝင်ပညာရှင် တော်လမီ၏ ပထဝီဝင်ကျမ်း Plolemy`s Geography PP 37-52 တွင် ဂင်္ဂါမြစ်၏ အရှေ့တောင်ဘက်သို့ သွားသော် ပထမဦးစွာ ကိရဒိယ Kirradia နှင့် ဗရကုရ Bara Kura သင်္ဘောဆိပ်သို့ရောက်၏။ ထိုဒေသများတွင် အရပ်ပု၍ ကြံ့ခိုင်သော လူကြမ်းကြီးများ နေထိုင်ကြသည်ဟု ဆိုထား၏။

ပိဋကစာပေတွင် မိသားစုဟုခေါ်ပြီး ပေသာကျိဟု အိန္ဒိယတိုင်းရင်းသားတို့က ခေါ်သော လူမျိုးတစ်မျိုးရှိ၏။ ဘီးလူးနှင့် တူသည်။ ရေထဲတွင် လှေငယ်များဖြင့် နေတတ်ကြသည်။ အစားအစာမလုံလောက်သောအခါ ကလေးငယ်များကို ခိုး၍ စားသောက်တတ်ကြ၏။ မွန်ရာဇဝင်စာမျက်နှာ ၈-၁၀ တွင် ထိုသူတို့ကို ရေဘီလူးများဟု ခေါ်ခဲ့၏။ သုဝဏ္ဏဘူမိပြည်သို့ ရောက်လာပြီး ဘုရင့်နန်းတော်မှ ကလေးငယ်များကို ခိုးစားသူများမှာ သူတို့ပင် ဖြစ်သည်ဟုဆိုကြ၏။ ပိဋကစာပေတွင် အိန္ဒိယနိုင်ငံတွင် မိုးခေါင်သောအခါ တောင်ပုံရာပုံသေကြ၏။ သေတဋ္ဌိကာ အရိုးဖွေးဖွေးဖြူနေ၏ ဟု လာ၏။ သူတို့ကား အသိနည်း၍ ဆင်းရဲကြလေသည်။

## အာရီယန်လူမျိုးများ

အာရီယန်လူမျိုးများသည် အိန္ဒိယ၏ မူလတိုင်းရင်းသားများ မဟုတ်ကြပေ။ သို့သော်လည်း အိန္ဒိယမြေကို ခြေချမိသောအခါမှစ၍ အာရီယန်လူမျိုးတို့သည် စစ်ရေးအောင်နိုင်သူ အုပ်ချုပ်သူဘုရင်များဖြစ်လာကြသဖြင့် အိန္ဒိယသမိုင်းတွင် အဓိကပါဝင်သူများဖြစ်လာကြသည်။ အာရီယန်တို့၏ မူရင်းဒေသမှာ ကော့ကေးရှတောင်တန်းမှ ဖြစ်ကြသည်ဟု အချို့သော သမိုင်းပညာရှင်တို့သည် ရေးသားကြသည်။ ထိုဒေသမှ နယ်သစ်ရှာထွက်လာကြရာ ယူဖရိတ်တီးနှင့် တိုက်ဂရစ်မြစ်နှစ်မွာစီးဆင်းရာဒေသသို့ ရောက်လာကြသည်။ ထိုဒေသသည် မြေဩဇာကောင်းမွန်သဖြင့် စိုက်ပျိုးရေးမွေးမြူရေး ကောင်းမွန်သည်။ စားနပ်ရိက္ခာဖူလုံသဖြင့် လူသူများပြားစည်ကားသည်။ အီဂျစ် မက်ဆို ပိုတေးမီးယား ပါရှား ယဉ်ကျေးမှု ထွန်းကားရာ ဗဟိုချက်ဖြစ်သည်။ မျက်မှောက်ခေတ်သိပ္ပံ သဘောတရားတို့ ထွန်းကားလာသည်။ နက္ခတ်တာရာ ဂျီအိုမေထရီ

မြေတိုင်း တာမှု ပညာ သင်္ချာ ပညာ စသည်တို့ကို တတ်သည်။ မြေထဲပင်လယ် တဘက် ကမ်း ဂရိ–ခေါမ– ရောမ ပညာရှင်တို့နှင့် ဆက်သွယ်ကြရသဖြင့် အီဂျစ် ယဉ်ကျေးမှု စာပေရေးသားမှု ဂဏာန်းသင်္ချာတွက်ချက်မှု စသော ပညာရပ်တို့ တိုးတက်နေသည်။

အင်ဒို့ဥရောပအနွယ်ဝင်များဖြစ်၍ ရုပ်ရည်ချောမောလှပကြသည်။ နှာ တန်ပေါ်ပေါ် နှာခေါင်းချွန်ချွန် မျက်လုံးပြာ အသားဖြူဖြူ အမွှေးအမှင် ထူထူ ထောင်ထောင်မောင်းမောင်းရှိကြသည်။ အသားဖြူသော်လည်း ယောက်ျား များ၏ ရုပ်ရည်အသားများမှာ ကြမ်းတမ်းကြသည်။ အအေးပိုင်းဒေသများ တိုက်ခိုက်မှုများပြားသော ဒေသများကို ဖြတ်သန်းလာကြရသဖြင့် ဆင်စီး အတတ်၊ မြင်းစီးအတတ်၊ လေးမြားပညာရပ်တို့ တတ်မြောက်ကြသည်။ အီဂျစ် သည် ယဉ်ကျေးမှုအတတ်ပညာ ရပ်များတွင် ကမ္ဘာကိုပင် ဦးဆောင်နေသော နိုင်ငံကြီးဖြစ်သည်။ ဘက်ဘီ လိုနီးယား ပါရှားရှိ ပညာရပ်တို့နှင့် ပေါင်းစပ်မိ၍ ကမ္ဘာ့အရှေ့အလယ်ပိုင်း ဒေသကြီးသည် ကမ္ဘာတွင် အတိုးတက်ဆုံးဒေသ ဖြစ်နေသည်။ အာရီယန် လူမျိုးတို့သည် ထိုအချိန်မီရောက်လာကြသဖြင့် ခေတ်မီပညာရပ်များကို သင်ယူနိုင်ခဲ့သည်။

အာရီယန်လူမျိုးတို့သည် ထိုဒေသသို့ ရောက်သောအခါ အီရန်နှင့် အာရီယန်ဟူ၍ နှစ်မျိုးကွဲသွားသည်။ အီရန်နိုင်ငံသို့ ဝင်ရောက်ခဲ့သော သူတို့ သည် ပါရှားဟူသောအမည်ဖြင့် ယဉ်ကျေးမှုတစ်ရပ် ထူထောင်နိုင်ခဲ့သည်။ အာရီယန် အမည်ခံယူသောသူတို့သည် ထိုဒေသကြီးကို ဖြတ်ကျော်ပြီး အာဖ ဂန်နစ္စတန်နိုင်ငံ ခိုင်ဘာတောင်ကြားလမ်းမှတဆင့် အိန္ဒိယနိုင်ငံထဲသို့ ဝင်လာ ခဲ့ကြသည်။ အာရီယန်တို့သည် ဆင်စီးအတတ် မြင်းစီးအတတ် လေးမြား ထိုးခုတ် ပညာရပ်များကိုပါ တတ်ကျွမ်းလာကြသဖြင့် စစ်ရေးစစ်ရာကျွမ်းကျင် ကြသည်။

## စက္ကဝတ္တိ စကြဝတေးမင်းကြီးများ စစ်ရထားပိုင်ရှင်များ

အာရီယန်စစ်သည်တော်တို့သည် ဒါးလှံလက်နက်များဖြင့် တိုင်းရင်း သား ဒရာဗီဒီယန်များကို တိုက်ခိုက်ကြသည်။ အိန္ဒိယနိုင်ငံတွင် အခြေချ နေထိုင်ခဲ့ကြသော ဒရာဗီဒီယန်တို့မှာ ကျောက်လက်နက်လောက်ကိုသာ

အသုံးပြုနိုင်ကြသဖြင့် ဆုတ်ခွာကြရသည်။ လေးမြှားလက်နက်မှာ ထိုခေတ်က အစွမ်းထက်လှသည့် အဝေးပစ် လက်နက်ဖြစ်သည်။ အဝေးသို့ ထွက်ပြေးကြသော ဒရာဗီဒီယန်များ နောက်သို့ မြင်းများဆွဲသော စစ်ရထားကြီးများဖြင့် လိုက်လံတိုက်ခိုက်ကြသည်။ စစ်မြင်းစစ်ဆင်ကြီးများဖြင့် လိုက်လံတိုက်ခိုက်ပစ်ခတ်နင်းသတ်ကြသဖြင့် ဒရာဗီဒီယန်တိုင်းရင်းသားစစ်သည်တို့ အတုံးအရုံး အလောင်းချင်းထပ် ကျဆုံးဆုတ်ခွာကြရသည်။ စစ်ရထားကြီးများဖြင့် တိုက်ခိုက်သော အာရီယန်စစ်သည်တို့ကို စက္ကဝတ္တိ စစ်ရထားရှင်ကြီးများဟု ခေါ်ဆိုရာမှ နောင်အခါဝယ် စကြဝတေးမင်းကြီးဟု တွင်လာကြသည်။ ဒရာဗီဒီယန်တို့သည် စစ်ရထားပိုင်ရှင် စကြဝတေးမင်းကြီးများကို ကြောက် ရွံ့ကြသည်။ အဝေးကပင် ပြေးကြ၏။ အာရီယန်တို့ကလည်း သွေးချောင်း စီးသည်အထိ တဘက်သတ် မျိုးတုံးတိုက်ခိုက်ကြသည်။ ရာမ လက္ခဏ ဟနူမန်တို့ဇာတ်လမ်းသည် အာရီယန်ဒရာဗီဒီယန်စစ်ပွဲကြီးများ အကြောင်း ရေးထားသော ဇာတ်လမ်းဖြစ်သည်။ မကြာခင်မှာပင် အိန္ဒုမြစ်ဝှမ်း ဒေသသည် အာရီယန်တို့လက်အောက်ကျရောက်ရလေသည်။ ဒရာဗီဒီယန်တို့သည် တောင်ပိုင်းပင်လယ်အနီးထိ ဆုတ်ခွာခဲ့ရပြီး နောင်သောအခါတွင် အိန္ဒိယ တပြည်လုံး အာရီယန်တို့ လွှမ်းမိုးသွားပြီး အိန္ဒိယမဟာရာဇာများအဖြစ် အုပ်ချုပ်ကြလေသည်။

## ဗြာဟ္မဏပညာရှင်များက အာရီယန်အုပ်ချုပ်ရေး ခိုင်မြဲစေရန် ဘာသာရေးအသွင် တီထွင်ကြခြင်း

အာရီယန်တို့သည် ခေတ်မီလေးမြှားလက်နက်များ ဆင်မြင်း စစ်ရထားကြီးများဖြင့်ကျောက်လက်နက်သာ ကိုင်စွဲ၍ လူချင်းဆုံမှ ပစ်ခတ်ထုသတ်နိုင်သည့် ဒရာဗီဒီယန်များကို အချိန်တိုအတွင်း သတ်ဖြတ်တိုက်ခိုက် အနိုင်ယူနိုင်ပြီးနောက် စစ်ဘုရင်ကြီးများသည် နယ်မြေများခွဲခြားကာ နိုင်ငံများ ဖွဲ့စည်း အုပ်ချုပ်ကြသည်။ ရှေးဦးအစ ငါးပြည်ထောင်မှ စတင်ခွဲခြားခဲ့ပြီး ဘုရားရှင်လက်ထက်မတိုင်မီအချိန်ထိ အိန္ဒိယမြေတွင်တိုင်းကြီးသောဠသ၊ တိုင်း ၁၆ တိုင်း ဖွဲ့စည်းခဲ့သည်။ ထိုတိုင်းကြီးသောဠသသည်

အိန္ဒိယနိုင်ငံ ရင်းများဖြစ်သည်။ ထိုတိုင်းကြီးသောဌသသည် ဒရာဗီဒီယန် အာရီယန် ဘုရင်များ လက်အောက်ခံနိုင်ငံများဖြစ်ကြသည်။ သကျတို့၏ နယ်မြေဖြစ် သော သက္ကတိုင်းသည် အိန္ဒိယနယ်မြေတွင် မပါဝင်ခဲ့ပေ။

အာရီယန်ပုရောဟိတ်တို့သည် နယ်သစ်ရှာထွက်ခွာလာရာ ယခုအခါ မမျှော်လင့်ဘဲ လွန်စွာကျယ်ဝန်းသည့် အိန္ဒိယနယ်မြေကြီးတစ်ခုလုံးကို လွှမ်းခြုံအုပ်ချုပ်နိုင်ခဲ့ပြီး ဒရာဗီဒီယန်တို့မှာ အပေါ်တက်လျှင် ရေခဲဖုံးသည့် ဟိမဝန္တာတောင်တန်း အောက်ဆင်းလျှင် အပြောကျယ်လှသည့် အိန္ဒိယသမုဒ္ဒရာနှစ်ခုကြားတွင် ကြီးပြင်းခဲ့ရသဖြင့် ကျောက်ခေတ်ပီပီ ကျောက်လက်နက်များကိုသာ သုံးစွဲတတ်ကြသည်။ ခေတ်သစ်အဌာရသလေးမြား ဆင် မြင်းစစ်ရထားတို့ကို တွင်ကျယ်စွာ အသုံးပြုနိုင်သော ခေတ်မီတပ်များနှင့် ရင်ဆိုင်ရသောအခါ တစ်ထောင်နှင့်တစ်ယောက်လိုဖြစ်၍ လူများလည်းသေ။ နယ်မြေများလည်းလက်လွှတ်ခဲ့ရသည်။ တစ်ဘက်သတ် အပြတ်အသတ်အနိုင် ရခဲ့သူ အာရီယန်တို့သည် တိုင်ပင်ကြသည်။ ဒရာဗီဒီယန်တို့သည် အဝေးပစ်လက်နက် ဆင်မြင်းရထားတို့ကို လုံးဝမတွေ့မမြင်ဘူး၍ ခံလိုက်ကြရသည်။ ဒရာဗီဒီယန်တို့သည် ထိုပညာရပ်များကို အတွေ့အကြုံများလာလျှင် တတ်မြောက်လာနိုင်သည်။ ရင်းနှီးကျွမ်းကျင်လာလျှင် အတုခိုး၍ တီထွင်လာကြလိမ့်မည်။ ထိုအခါ ဒရာဗီဒီယန်တို့လည်း ခေတ်မီထိုလက်နက်မျိုးများကို ပိုင်ဆိုင်လာကြမည်ဖြစ်ပြီး စစ်ဖြစ်ကြလျှင် ယခုလောက်လွယ်မည်မဟုတ်။ ထို့ကြောင့် ဒရာဗီဒီယန်တို့ကို အနိုင်ရထားသည့် ယခုလိုအချိန်မျိုးတွင် ကိုးကွယ်မှု ဘာသာရေးအသွင်ဖြင့် စိတ်ထဲထာဝရစွဲသွားအောင် အသိပေးထားရမည်။ ရိုက်သွင်းထားရမည်ဟု တိုင်ပင်ကြပြီး ဒရာဗီဒီယန်ယုံကြည်ရင်းစွဲ နတ်ကိုးကွယ်မှုကို အထွဋ်တင်ကာ ဗြဟ္မာကိုးကွယ်မှုကို စည်းရုံးသိမ်းသွင်းလာကြသည်။ ဒရာဗီဒီယန်တို့သည် ကျောက်ချောခေတ် ကြေးခေတ် သံခေတ် ကူးပြောင်းစလူများဖြစ်၍ တောတောင်ထဲ အမဲလိုက်ရာတွင် အထောက်အပန့်ဖြစ်စေရန် တောစောင့်နတ်၊ တောင်စောင့်နတ် ရုက္ခစိုးနတ် စသည်ကို ကိုးကွယ်ခဲ့ကြသူများဖြစ်၍ ဗြဟ္မကိုးကွယ်မှု အစားထိုးရန် လွယ်ကူလေသည်။

## ဖန်ဆင်းရှင် မဟာဗြဟ္မာကြီး၏ လူကိုဇာတ်ခွဲခြားဖန်ဆင်းခြင်း ဇာတ်ခွဲခြားမှုအမြစ်စွဲသွားခြင်း

အာရိယန်တို့သည် နတ်ကိုးကွယ်မှုများပြား ပြင်းထန်လှသည့် အီဂျစ်ရောမ ခေါမ ဂရိနယ်မြေများကို ဖြတ်သန်းလာကြသူများဖြစ်၍ အိုလံပီယာ တောင်ပေါ်တွင် ဇုနတ်မင်းကြီးမှစ၍ နတ်တို့နေထိုင်ကြပုံကို အတုယူ၍ မြင့်မိုရ်တောင်ထိပ်တွင် သိကြားမင်းအမှူးပြုသော နတ်ဒေဝတာတို့ ပျော်မြူးကြသည်။ ထိုနတ်တို့ကိုလူသားတွေက ကိုးကွယ်ကြသည်။ နတ်တွေကလည်း လူတွေကို စောင့်ရှောက်ကြသည်။ နတ်ကိုးကွယ်သဖြင့် လူသားဘဝ ချမ်းသာကြသည်။ ထို့ထက် အဆင့်မြင့်သော အာရိယန်လူမျိုးတို့ကမူ ဗြဟ္မာကြီးကို ကိုးကွယ်ကြသည်။ ဗြဟ္မာကြီးကို ကိုးကွယ်သဖြင့် မိမိတို့လူမျိုးများ ချမ်းသာကြသည်။ ထိုဗြဟ္မာကြီးသည် နတ်တို့ထက်ဘုန်းတန်ခိုးကြီးမြတ်သည်။ ထိုဗြဟ္မာကြီးသည် နေလနက္ခတ်တာရာ စကြဝဠာ အာကာသနှင့် တော တောင်ရေမြေ ဩကာသလောကကြီးကို ဖန်ဆင်းခဲ့သည်။ ထို့နောက် နတ်တွေ လူတွေ တိရစ္ဆာန်တွေ ငါး လိပ် မိကျောင်း ရေနေသတ္တဝါများနှင့် ဆင် ကျား ခြင်္သေ့ စသော ကုန်းနေသတ္တဝါတို့ကို ဖန်ဆင်းခဲ့သည်။ ဗြဟ္မာကြီးသည် သတ္တဝါအားလုံးတို့၏ ဖန်ဆင်းရှင်ဖြစ်သည်။ သတ္တဝါအားလုံး လောကအားလုံးကို အစိုးရသူ အရှင်သခင်ဖြစ်သည်။ ထိုမဟာ ဗြဟ္မာကြီးသည် လူသားများကိုလည်း ဖန်ဆင်းလိုက်သည်။ ဗြဟ္မာကြီး၏ ဖန်ဆင်းမှုအနိမ့်အမြင့်အလိုက် လူသားတို့မှာ ဗြဟ္မာကြီး၏ သားတော်များ၊ ဘုရင် ပုရောဟိတ်တို့မှာ ဗြဟ္မာကြီး၏ ကိုယ်စားလှယ်တော်များဖြစ်၍ ဇာတ်ထဲတွင် အမြင့်ဆုံး အမြတ်ဆုံးဖြစ်သည်။ ဇာတ်နိမ့်တို့သည် ဗြဟ္မာကြီး၏ သားတော်ရင်း ဇာတ်မြင့်ကို ရိုသေရမည်။ လေးစားရမည်။ ခိုင်းသမျှ ပြုပေးရမည်။ စီမံမှုဟူသမျှ ခံရမည်။ ဇာတ်နိမ့်တို့သည် ဇာတ်မြင့်တို့ကို လုံးဝ မလေးမစားမလုပ်ရ။

ဗြာဟ္မဏလူတန်းစား

ဗြာဟ္မဏာ ဗြဟ္မနော မုခတော နိက္ခန္တာ ဖန်ဆင်းရှင် မဟာဗြဟ္မာကြီးသည် ဗြာဟ္မဏခေါ် ပုဏ္ဏားလူမျိုးတွေကို ဗြဟ္မာကြီးရဲ့ ပါးစပ်ပေါက်က မွေးထုတ်လိုက်တယ်။ ဒီတော့ လူထဲမှာ ပုဏ္ဏားက အမြတ်ဆုံးလူပေါ့။ ဗြဟ္မာကြီးရဲ့သားကြီး ဩရသ ဖြစ်လို့လူတွေရဲ့ ကိုးကွယ်ရာလို့ ဆိုကြတယ်။ အားလုံး သိပြီးသားမို့ အကျဉ်းဘဲ ရေးပါတော့မယ်။

ခတ္တိယလူတန်းစား

ခတ္တိယာဗြဟ္မနော ဥရတော နိက္ခန္တာ ဘုရင်မျိုးတွေကိုတော့ ဗြဟ္မာကြီးက ရင်ဘတ်က ဖန်ဆင်းမွေးထုတ်လိုက်တယ်။ ဒါကြောင့် ဗြဟ္မာကြီးရဲ့ အထက်တန်းစား သားနှစ်မျိုးကတော့ ဇာတ်မြင့်ကြတယ်။ ဇာတ်နိမ့်ဟူသမျှ တော်လှန်တိုက်ခိုက်မှု မပြုရ။ ဇာတ်မြင့်တို့ သတ်ရင်တောင်မှ အသေခံရမယ်။ အမြဲတန်း လုပ်ကျွေးနေရမယ်ဆိုကြတယ်။

ဝေဿကုန်သည်လူတန်းစား

ဇာတ်မြင့်နှစ်မျိုးပြီးတော့ ဖန်ဆင်းရှင် ဗြဟ္မာကြီးက ဇာတ်နိမ့်ထဲမှ လုပ်တတ်ကိုင်တတ် ရောင်းတတ်ဝယ်တတ်တဲ့ လူတန်းစား ၂ ရပ်ကို ဆက်စပ်ပေးတဲ့ ကုန်သည်လူတန်းစားကို ဖန်ဆင်းလိုက်ပြန်တယ်။ ဇာတ်မြင့် လူတန်းစား ၂ရပ်ရဲ့ ကြားလူပွဲစားအဖြစ် အခွန်ကောက်ပေးရတယ်။ ကုန်ရောင်းကုန်ဝယ် လုပ်ပေးရတယ်။ စစ်ပွဲဖြစ်လျှင် စစ်သားစုဆောင်းပေးရတယ်။ စစ်စရိတ် စုဆောင်းပေးရတယ်။ ဘုရင်တွေကပဲ သူဌေးသူကြွယ်ကုန်သည်ကြီးများအဖြစ် ချီးမြှောက်ကြတယ်။ ကုစ္ဆိတော နိက္ခန္တာ ဝမ်းဗိုက်က မွေးလာကြတဲ့လူတွေလို့ ဆိုတယ်။

သုဒ္ဒ လူဆင်းရဲလူတန်းစား

သုဒ္ဒါဇာဏုတော– သုဒ္ဒတွေကိုတော့ ဗြဟ္မာကြီးက ဒူးဆစ်ကနေ

ဖန်ဆင်းခဲ့တယ်။ အလုပ်သမား လယ်သမား မိလ္လာကျုံး အောက်ခြေသိမ်း အလုပ်ဟူသမျှ လုပ်ကြရတယ်။ အောက်ဆုံး လူတန်းစားပေါ့။

**အတ္တဝါဒအမြစ်စွဲခိုင်မြဲခြင်း**

ဗြဟ္မာဖန်ဆင်းတဲ့ အယူအဆကို စစ်နိုင်သူ အာရီယန်တို့က သင်ကြား ပေးကြသဖြင့် မကြာခင်မှာဘဲ ဗြာဟ္မဏဝါဒအရိုးစွဲသွားတော့တယ်။ ဇာတ် စနစ်ကို လက်ခံသွားကြတော့တယ်။ ဇာတ်ခွဲခြားမှုစနစ် အမြစ်တွယ် အရိုး စွဲသွားတော့ ဘာသာရေးအသွင်ပြောင်းလဲလိုက်နိုင်သဖြင့် အာရီယန် လူမျိုးတို့၏ အုပ်ချုပ်ရေးစနစ် ခိုင်မြဲသွားတော့တယ်။ ဤသို့ဖြင့်နှစ် ပရိစ္ဆေဒပေါင်းများစွာ အိန္ဒိယနိုင်ငံတွင် ဗြဟ္မာကြီးက လူ့လောကကြီးကို ဖန်ဆင်းသည်ဟူသော ဣဿရိယ နိမ္မာနဝါဒသည် လူတိုင်းယုံကြည်သည့် ပယ်ဖျက်မရ အမြစ်စွဲသည့် အတ္တဝါဒကြီး ဖြစ်လာသည်။ ဗြဟ္မာကြီးက လူသားတိုင်း သတ္တဝါတိုင်း၏ ကိုယ်ခန္ဓာထဲသို့ အတ္တ သို့မဟုတ် အတ္တမံ ခေါ် ခံစားမှု သိမှု မှတ်သားမှု အားလုံးကိုသိနိုင်သော အတ္တခေါ် အသက်လိပ်ပြာဝိညာဉ်ကောင်လေးကို ဖန်ဆင်းထည့်သွင်းလိုက်သည်။ ရုပ်ကအိုဍ် ချုပ်သွားသော်လည်း အသက်လိပ်ပြာဝိညာဉ်ကောင် အတ္တ ကောင်လေးသည် အခြားဘဝ တစ်ခုသို့ ကူးပြောင်းသွားသည်ဟူသော အတ္တဝါဒသည် အိန္ဒိယနိုင်ငံအနှံ့ ခိုင်မြဲစွာ ပြန့်နေတော့သည်။ လူသား တို့သည် မိမိဘဝ မိမိမပိုင်၊ ဖန်ဆင်းရှင် ဗြဟ္မာ ဗိဿနိုး ထာဝရဘုရား သခင် အလ္လာအရှင်မြတ်တို့၏ အလိုတော်ကျဖြစ်ရသည် ဟူသော အတ္တဝါဒစွဲကြီး ခိုင်မာသွားတော့သည်။

**ယဇ်ပူဇော်ခြင်းသည် ရန်သူကို ချေမှုန်းသောစနစ် အမြစ်တွယ်သွားခြင်း**

စစ်အောင် အာရီယန်တို့သည် အိန္ဒိယနိုင်ငံသားတို့ မိမိတို့ကို မတော်လှန်နိုင်စေရန် စီမံကိန်းရေးဆွဲသည့်အထဲတွင် ယဇ်ပူဇော်သည့် စနစ် လည်းပါသည်။ အာရီယန်ပုရောဟိတ်တို့ ဩဝါဒအရဆိုလျှင် လူတို့သည် ဗြဟ္မာ

ကြီးနှင့် နတ်ဒေဝတာတို့ကို ပူဇော်ရမည်။ ဗေဒင်လေးပုံအဖြစ် နတ်အမျိုးအစား နတ်ပူဇော်ရန် ပြင်ဆင်ရပုံ၊ နတ်ပူဇော်နည်း ရွတ်ဖတ်ရမည့် ဂါထာ မန္တရာအသံ နေထိုင်ရမည့် ရုပ်သွင် ဟန်ပန်တို့ကို အကြီးအကျယ် ခန်းခန်းနားနား စနစ်တကျ ဖော်ပြထားသည်။ ထိုသို့ စနစ်တကျ ပူဇော်လျှင်ရရှိမည့် အကျိုးကြီးကျယ်ပုံကို ဗေဒင်လေးပုံ စာပေလေးမျိုး သတ်မှတ်ခါ ဗြာဟ္မဏာလူမျိုး ဗေဒင်ပညာရှင် ပုရောဟိတ်တို့သာ ပူဇော်ရမည်ဟု ဆိုထားသည်။ သို့ဖြစ်၍ ယဇ်ပူဇော်လိုလျှင် ဗြာဟ္မဏပုရောဟိတ်တို့ မပါမပြီးပါရှိရသည်။ ယဇ်ပုရောဟိတ်ခေါင်းဆောင်ရာထူးကို မည်သူမျှ မည်သည့်လူတန်းစားမျှ လုပ်ကိုင်ခွင့်မရှိပေ။ ယဇ်ပူဇော်ပွဲ ရွတ်ဖတ်ရမည့် စာပေများကို အခြားလူတန်းစားတို့ ရွတ်ဖတ်ခွင့်မရှိယုံသာမက ခိုးဝှက်နားထောင်လျှင် နားထောင်သူ၏ နားထဲသို့ ရေနွေးပူလောင်း၍ အပြစ်ပေးသည်။ ရက်စက်သူတို့ကမူ သံရည်ကျိုထားသော သံပူရည်ကို လောင်းထည့်သည်အထိ ကြီးလေးသောအပြစ်ကိုပေးနိုင်သည်။

ယဇ်ပူဇော်ပွဲ၏ မူရင်းအဓိပ္ပာယ်မှာ ကုသိုလ်ရလို၍ နတ်ဗြဟ္မာတို့ကို ပူဇော်ခြင်းဖြစ်သည်။ လယ်သမားကလည်း ရေမလျှံစေရန် မိုးမှန်စေရန် ပိုးမကျစေရန် အန္တရာယ်မရှိစေရန် စပါးအထွက်တိုးစေရန် ဆုတောင်းအလှူပွဲ ဖြစ်သည်။ သို့ဖြစ်၍ မိမိတွင်ရှိသော ငါး ပုဇွန်ကြော်ဖြင့် ပူဇော်ကြသည်။ နောက် တဖြည်းဖြည်း ချဲ့လာသည်။ ကြက်ကြော် ဘဲကြော် ထိုမှ ဝက်ပေါ်၍ လှူလာသည်။ ဗြာဟ္မဏပုရောဟိတ်တို့က အကောင်ကြီးလေ အကောင်လှလေ အကောင်ဝလေ တန်ဖိုးရှိလေ အကျိုးပေး ပိုကြီးသည်ဟု ချဲ့ထွင်ဟောပြောလာသဖြင့် နွားသတ်၊ကျွဲသတ်၊ မြင်းသတ်၊ ဆင်သတ်လာကြသည်။ ထို့နောက် လူနှင့် ယဇ်ပူဇော်လျှင် ပိုအကျိုးရှိသည်ဆိုလာပြန်ဟောလာပြန်သဖြင့် မိမိပိုင် အစေခံများ ကျွန်များကို ဖမ်းဆီးတုတ်နှောင်၍ ရှန်းကန်အော်ဟစ်ငိုယိုနေစဉ်မှာပင် လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ကြသည်။

ထို့နောက် ဗြာဟ္မဏာတို့သည် ဘုရင်များနှင့် ပူးပေါင်းပြီး ယဇ်ပူဇော်ပွဲကို ချဲ့ထွင်လာကြသည်။ မိမိတို့နှင့်မသင့်သော စီးပွားပြိုင်ဘက်

အာဏာ ပြိုင်ဘက် ရာထူးပြိုင်ဘက်များကို သုတ်သင်နိုင်စေရန် ယဇ် ပူဇော်ပွဲကျင်းပရေးအဖွဲ့များ ဖွဲ့စည်းစေသည်။ ယဇ်ပုရောဟိတ်က အစီအစဉ်ရေးဆွဲပြီး ယဇ်ပူဇော်ခံရန် အရွေးချယ်ခံရသူသည် ငြင်းပယ်ခွင့် မရှိ။ ယဇ်ပုရောဟိတ်အဖွဲ့က ရွေးချယ်ခံသူသည် အသာတကြည် လိုက်နာပါက အဆင်ပြေသည်။ ငြင်းဆန်ပါက စစ်တပ်မှ စစ်သားများက ဖမ်းဆီးချုပ်နှောင်ခေါ်ခဲ့ရမည်။ ငြင်းဆန်သူကို ကူညီသူများလည်း ဖမ်းဆီးချုပ်နှောင်ခံရမည် စသည်ဖြင့် အမိန့်များ ထုတ်ကြသည်။ ယဇ်ပွဲကို လည်း ကြီးကျယ်ခန်းနားအောင် ထွင်လိုက်ကြပြန်သည်။ သဗ္ဗစတုက္ကယဇ်မှာ လူတိရစ္ဆာန်မျိုးကွဲအလိုက် တစ်မျိုးလျှင် လေးယောက်စီပါရမည်။ သဗ္ဗသ တယာဇ်မှာ တစ်မျိုးလျှင် အကောင် တစ်ရာစီပါရမည်ဖြစ်သည်။

ရာထူးကြီး အာဏာရှိ ဥစ္စာနေပြည့်စုံသူတို့သည် အနည်းဆုံး တစ်ခါ ယဇ်ပူဇော်ရမည်ဟု ပြဋ္ဌာန်းလိုက်သည်။ ထို့ကြောင့် ဘုရင့်နန်းတော်တွင် သား သမီး မွေးဖွားလျှင် လက်ထပ်မင်္ဂလာပွဲကျင်းပလျှင် အဘိသိတ်ခံယူပွဲကျင်းပ လျှင် နတ်ရွာစံလျှင် သဗ္ဗသတယဇ်ပူဇော်ပွဲကြီး ကျင်းပကြသည်။ သူဌေး သူကြွယ်တို့လည်း ပြုလုပ်ကြရသည်။ ဘုရင်နှင့် ပတ်သက်သောပွဲကျင်းပလျှင် မင်းညီမင်းသား လူတန်းစား၊ ဆွေတော်မျိုးတော် လူတန်းစား၊ မြို့စား နယ် စား လူတန်းစား၊ စစ်သည်တော်လူတန်းစား၊ အမှုထမ်း အရာထမ်း လူတန် စား၊ ကုန်သည်လူတန်းစား၊ အလုပ်သမား လူတန်းစားအားလုံးတို့သည် မိမိ တို့ လူတန်စားအလိုက် လူအယောက် တစ်ရာပြည့်အောင် ရွေးချယ်ခံကြရ သည်။

ထိုအခါ ယဇ်ပူဇော်သည်ဆိုသည်မှာ လည်ချောင်းသွေးဖြင့် ပူဇော် ရခြင်းဖြစ်၍ ဇက်ဖြတ်အသတ်ခံရမည်ဖြစ်သည်။ မည်သူမှ အသတ်မခံလိုပေ။ ထို့ကြောင့် မင်းညီမင်းသားတစ်ယောက်ယောက်ကို ယဇ်ပူဇော်ရေးအဖွဲ့က ရွေးချယ်ပြီး အိမ်သို့ရောက်လာလျှင် ထိုမင်းသားသည် ကန်တော့ပွဲပြင်၍ ယဇ်ပုရောဟိတ်ကို ခြေထောက်ဖက်၍ အသနားခံရတော့သည်။ အသပြာ သိန်းနှင့်ချီ၍ပေးပြီး မိမိကိုယဇ်ပူဇော်ခံစာရင်းမှ ပယ်ပေးပါရန် ရှိခိုးဦးချ ချော့မော့ငိုယိုတောင်းပန်ရသည်။ ထိုအခါမှ ယဇ်ပုရောဟိတ်သည် သတ်မှတ်

ထားသော ကိုယ်အင်္ဂါများနှင့် မပြည့်စုံ၊ အင်္ဂါချို့တဲ့သည် နတ်မကြိုက်ဟု အကြောင်းပြခါ **အသပြာတစ်သိန်းကိုယူ၍** စာရင်းမှ ပယ်ဖျက်ခါ တစ်ယောက်ကို လူစားသွင်းပြန်သည်။ ဤသို့ဖြင့် တစ်အိမ်ဝင် တစ်အိမ်ထွက်၊ တစ်ယောက်ဖမ်း တစ်ယောက်လွှတ်၊ နောက်တစ်ယောက်ဖမ်းဖြင့် ယဇ်ပုဏ္ဏားတို့ အိတ်ဖောင်းလာသည်။ အသပြာသိန်းနှင့်ချီ၍ရသော အလုပ်ဖြစ်၍ ပုဏ္ဏားတို့ဘဝဆီစိုခဲ့သည်။ ငြင်းဆန်သူကိုလည်း စစ်တပ်က ကြမ်းတမ်းစွာ ရိုက်နှက်ချုပ်နှောင်သဖြင့် ကြောက်မက်တုန်လှုပ်ဖွယ်ရာ ပွဲကြမ်းကြီးဖြစ်သည်။ မင်းညီမင်းသားပြီးလျှင် တဆင့်ပြီး တဆင့်ဆင်းလာသည်။ **အားလုံးသူတို့မှာ သေဘေးကို ကြောက်သဖြင့် အသပြာပေး၍ ရွေးယူခဲ့ရသည်။ ပုဏ္ဏားတို့ဘဝယဇ်ပွဲကြောင့် ချမ်းသာစည်းစိမ်သုံးမကုန်အောင် ကြွယ်ဝရုံသာမက မင်းညီမင်းသား အပါအဝင် လူတိုင်းကြောက်ရွံ့လေးစားကြရသည်။** ဘုရင်ထက်ပင်ကြောက်ရွံ့ကြရလေသည်။ လူတန်းစားအလိုက် သိန်းဂဏန်းမှ သောင်း၊ ထို့နောက် ထောင် ထို့နောက် ရာဂဏန်း ထို့နောက် ဆယ်ဂဏန်းထိ ရသမျှ သိမ်းကြုံး ယူငင်ကြသည်။ ပုဏ္ဏားတို့ လောဘကား အတောမသတ်တော့ပေ။

ပုဏ္ဏားတို့သည် ယဇ်သားဖမ်းရန် အလုပ်သမား လယ်သမားတို့ ထံ ရောက်လာကြသည်။ အလုပ်သမား လယ်သမားတို့မှာ နဂိုရ်ကပင် မရှိသူများဖြစ်၍ ပေးစရာ ငွေမရှိပေ။ ထိုအခါ ၁၀ ဧက ၅ ဧက ရှိသမျှမြေကို ပုဏ္ဏားတို့ထံ ထိုးအပ်ရသည်။ နောက်ဆုံး ကျွဲ နွား ထွန်းတယ် မျိုးစပါး ပါမကျန် အားလုံးပေးမှ လက်ခံကြသည်။ ဘာမှပေးစရာမရှိလျှင် တူမ သားသမီး တို့ကို ပါ ပေးရသည်။ အဆုံးအနေဖြင့် မိမိမယားကို ချပေးရသော လယ်သမားတို့ပင် ရှိလေသည်။ **ယဇ်ပူဇော်ပွဲသည်ကား ပြည်သူဟူသမျှ ယူကြုံးမရ အပူလုံး ကြွကြသည့် ရင်ကွဲနာကျရသည့်ဘဝဖြစ်လေသည်။**

ထို့ထက် ပိုဆိုးသည်မှာ ဘုရင်တို့သည် မိမိနိုင်ငံသားတို့ကို ယဇ်မပူဇော်လိုသဖြင့် တခြားနိုင်ငံကို စစ်တိုက်ကြသည်။ ယဇ်ပူဇော်ရန်အတွက် စစ်တိုက် သည်ကို အားလုံးက လက်ခံကြသည်။ စစ်ပွဲရှုံးသောနိုင်ငံမှ ဘုရင်မင်းသား မြို့စားမကျန် လူဟူသမျှ ဖမ်း၊ တိရစ္ဆာန်ဟူသမျှ ဆွဲယူ ပစ္စည်း ရွှေ

ငွေဟူသမျှ သိမ်းပိုက်ကာ လူ တိရစ္ဆာန်များကို ယဇ်ပူဇော်ကြတတ်လေသည်။ ယဇ် ပူဇော်ပွဲဟူသည်ကား ရက်စက်မှုဟူသမျှ သရဖူဆောင်းခဲ့လေသည်။ အိန္ဒိယနိုင်ငံ၏ အရက်စက်ဆုံး တရားအမဲ့ဆုံး လူမပီသဆုံးစနစ်ကြီး ဖြစ်လေသည်။ ထိုစနစ်သည် ဘုရားပွင့်တော်မူချိန်ထိ ရှိခဲ့လေသည်။ ဘုရားရှင်၏ ဆုံးမမှုကြောင့် ကွယ်ပျောက်ခဲ့ရခြင်းဖြစ်လေသည်။ ဗုဒ္ဓ ကျေးဇူးကား ကြီးမားလှပေစွ။

ဤအဖြစ်အပျက်များသည် ဒဏ္ဍာရီမဟုတ်ပါ။ ဘုရားလောင်း စန္ဒ ကုမာရဇာတ်တော်တွင် လာပါသည်။ စန္ဒကုမာရမင်းသားကို လက်စားချေလို သဖြင့် ပုရောဟိတ်ဒေဝဒတ်၏ ယဇ်ပူဇော်ပွဲမှာ ဤထက်ပင် ကြောက်စရာ ကောင်းလှပါသည်။ ယဇ်ပွဲကား အိန္ဒိယ၏ အကြီးဆုံး အနိဋ္ဌာရုံ ဖြစ်ပါသည်။

## သက်ဦးဆံပိုင်ပဒေသရာဇ်ကြီးများ ဖြစ်လာကြသည်။

### တက္ကသိုလ်များ တည်ထောင်ခြင်း

အာရီယန်တို့၏ စစ်ရေးအစွမ်းသည် ထက်မြက်လှသည်။ အချိန်တို လေးအတွင်းမှာပင် မိမိတို့ထက် အဆမတန်များပြားသော ဒရာဗီဒီယန်များ ကို အနိုင်ယူပြီး ပြုပြင်ရှင်းလင်းပြီးသော နေရာမှန်သမျှကို သိမ်းပိုက်လိုက် နိုင်သည်။ ဤသို့ဖြင့် ပဒေသရာဇာ ဒေသဆိုင်ရာ အာဏာပိုင်ဘုရင်များ ဖြစ် လာကြသည်။ ဗြာဟ္မဏပုရောဟိတ်ပညာရှင်တို့သည် အိန္ဒိယမြေကို ထာဝရ လွှမ်းမိုးနိုင်ရေးအတွက် ယဉ်ကျေးမှု ဓလေ့ ထုံးစံ ရိုးရာ အနုပညာ စာပေ ဂီတ ပန်းချီ ပန်းပု ပန်းပဲ ဗိသုကာ ပညာ ဂဏန်းသင်္ချာ ဗေဒင် ယတြာ စိုက်ပျိုးရေး မွေးမြူရေး မြေတိုင်းပညာ နက္ခတ္တဗေဒ မိုးလေဝသ ဆင်စီး မြင်းစီး ဒါးခုတ် လှံထိုး အဌာရသသိပ္ပမျိုးစုံကို တီထွင်လာကြသည်။ ခေတ် သစ်ပညာရပ်များကို ကမ္ဘာ့အရှေ့အလယ်ပိုင်းကို ဖြတ်သန်းစဉ်က သင်ယူခဲ့ ကြသည်။ နယ်မြေဒေသ အခြေတကျ နေထိုင်နိုင်ရန် စစ်တိုက်နယ်မြေ တည်ဆောက်ခဲ့သည်။

မိမိတို့ တတ်ကျွမ်းသော ထိုထိုပညာရပ်များကို မိမိတို့၏

အာရီယန်လူငယ်များ တတ်မြောက်ရန်လိုအပ်သည်။ ထို့ကြောင့် တက္ကသိုလ်များ ဘာမြို့တွင် တက္ကသိုလ်ကြီးများ တည်ထောင်ကြသည်။ ဒိသာပါမောက္ခ ဆရာကြီးတို့က အုပ်ချုပ်ကြပြီး ကျောင်းသားတစ်ဦးလျှင် အသပြာ တစ်ထောင် ပညာသင်စရိတ်ယူသည်။ ထိုတက္ကသိုလ်ကြီးများသို့ အာရီယန်လူမျိုးများသာ တတ်ရောက်ခွင့်ရှိသည်။ ဘုရင့်သားတော်များ၊ ဗြဟ္မဏကြီးများ၏ သားသမီးများသာ တတ်ရောက်ခွင့်ရှိသည်။ ဇာတ်မြင့် နေရာဟူသမျှ အာရီယန်တို့က ယူထားသဖြင့် အာရီယန်တို့သာ တတ် ရောက်ခွင့်ရှိသည်။ အခြားလူမျိုးများ ငွေကြေးပေးနိုင်သော်လည်း တတ် ရောက်ခွင့်မရှိပေ။ ကုန်သည်ကြီးများ၏သားများ တစ်ခါတစ်ရံ တက်ခွင့် ရှိသော်လည်း ရှားလှပါသည်။ နောင်အခါ သကျမင်းသားများရှိလာ သော်လည်း တက်ခွင့်လုံးဝမပေးချေ။

အာရီယန်တို့၏ ရုပ်ရည်မှာ ဖြူစင်ဝင်းပကြပြီး တက္ကသိုလ်ပညာတတ် ဘွဲ့ရများ ဖြစ်လာကြပြန်သဖြင့် အုပ်ချုပ်ရေးစစ်ရေး လူမှုရေးတို့ပါ အဆင့် မြင့်လာသည်။ ထို့ကြောင့် အောက်ခြေလူတန်းစား ဒရာဗီဒီယန်တို့မှာ ပညာ မဲ့ လူကြမ်း အလုပ်သမား အစေခံအခိုင်းအစေလောက်သာ လူရာ ဝင်လေ သည်။ အာရီယန်တို့ကို ပြုစုလုပ်ကျွေးရသော ကျွန်း လူတန်းစားများ ဖြစ် လာကြသည်။

အာရီယန်တို့သည် သာမ ယဇု ဣသျှ အာထဗ္ဗဏကျမ်း လေးကျမ်း ကို ဝေဒလေးကျမ်း ဗေဒင်လေးကျမ်းဟု သတ်မှတ်ခါ တက္ကသိုလ်များတွင် သင်ပေးသည်။ ဗေဒင်သုံးပုံခေါ်သည်။ အဓိကအားဖြင့် စာပေပိုင်းကို ဗြာဟ္မ ဏတို့က တာဝန်ယူကြပြီး စစ်ရေးတိုက်ခိုက်ရေးအုပ်ချုပ်ရေး စီမံခန့်ခွဲရေးကို ခတ္တိယတို့က တာဝန်ယူကြသည်။ အိန္ဒိယတစ်နိုင်ငံလုံးကို ဘာသာရေးအား ဖြင့် လွှမ်းမိုးပြီးသည့်အချိန်မှစ၍ အာရီယန်တို့ လက်အောက်သို့ လူအားလုံး ကျရောက်သွားတော့သည်။ အိန္ဒိယတစ်နိုင်ငံလုံး လှုပ်၍မရတော့ပေ။ အဘက် ဘက်မှ လှုပ်မရလောက်အောင် ချုပ်ကိုင်သွားနိုင်လေသည်။

## အာဏာအရှိဆုံး အုပ်ချုပ်ရေးဘွဲ့ဝေါဟာရများ

အာရီယန်ခေါင်းဆောင်များသည် အိန္ဒိယနိုင်ငံကြီးကို ဥတ္တရာပထ မြောက်ပိုင်းနှင့် ဒက္ခိဏာပထတောင်ပိုင်းဟူ၍ နှစ်ပိုင်းခွဲလိုက်သည်။ ထို့နောက် အရှေ့ခြမ်းတွင် **ဟတ္ထိပူရမြို့တော်** တောင်အရပ်တွင် **အဿပူရမြို့တော်၊** အနောက်အရပ်တွင် **သီဟပူရမြို့တော်၊** မြောက်အရပ်တွင် **သတ္တရပဉ္စာလ မြို့တော်**နှင့် **သောတ္တိယမြို့**၏ အနောက်မြောက်တွင် **ဒဒ္ဒရမြို့တော်**တို့ကို တည်ထောင်ကြသည်။ အာရီယန်ဘုရင်မင်းများသည် မိမိတို့ ကိုယ်ကို **ရာဇာ မဟာရာဇာ ဘုရင် ဘုရင်မင်းမြတ် ဘုရင်မင်းကြီး**ဟု သမုတ်ခေါ်တွင်စေ သည်။ ထို့နောက် အာဒိစ္စဝံသ နေမျိုးနွယ် နတ်မျိုးနွယ် ဘုရင်များဟု အမည်မှည့် ကြ၏။ လူသားသာမန်မဟုတ် နတ်မျိုး နတ်နွယ်မှ ဆင်းသက်လာသူများ ဟု အမည်မှည့်ကြ၏။ လူသားသာမန်မဟုတ် နတ်မျိုး နတ်နွယ်မှ ဆင်းသက် လာသူများဟု အထင်ကြီးလာကြသည်။ ခတ္တိယရေမြေဟူသမျှ အစိုးရသူဟု ချဲ့ထွင်ခေါ်လာကြပြန်၏။ ထို့နောက် အသမ္ဘိန္န မိမိတို့ အာရီယန်လူမျိုး ဘုရင် အချင်းချင်းသာ လက်ထပ်ရမည်။ အမျိုးတစ်ပါး မရောနှောစေရဟု သတ် မှတ်ကြသည်။ ထိုဝေါဟာရများသည် နောင်အခါဝယ် တကမ္ဘာလုံး လိုက်ပါ သုံးစွဲကြသည့် ဘုရင်အုပ်ချုပ်သူနှင့် သက်ဆိုင်သောအမည်ထူးများ ဖြစ်လာ ကြသည်။

သာကီဝင်တို့သည်လည်း ဟိမဝန္တာတောင်ခြေတွင် မြို့ပြ တည် ထောင်ပြီးသောအခါ အုပ်ချုပ်ရေး စနစ်အရ မိမိတို့ ဘုရင်ကို **သမ္မတ** ဟု သမုတ်သည်။ **သမ္မတနှင့် ရာဇာ မဟာရာဇာသည် အတူတူပင် ဖြစ်သည်။** အုပ်ချုပ်သူချင်း အာဏာပိုင်စိုးသူချင်းအတူတူပင် ဖြစ်သည်။ ကမ္ဘာသုံး ဝေါ ဟာရ အများသုံးဝေါဟာရဖြစ်၍ ရာဇာဆိုလျှင် သမ္မတဖြစ်စေ၊ ဘုရင်ဖြစ်စေ အာဏာအရှိဆုံးမင်းဟု နားလည်ကြသည်။ ထို့အတူပင် ခတ္တိယမှာ မြေရေ ပိုင်သူဟု ဘုရင်များကို ခေါ်ကြပြီး သကျတို့ကလည်း ထိုခတ္တိယကိုပင် အများ သုံးဖြစ်၍ မိမိတို့ သမ္မတကို ခတ္တိယဟုပင် ခေါ်လိုက်သည်။ အနှစ်သာရခြင်း ကွာသည်။ **သကျတို့၏ ခတ္တိယမှာ ရေမြေဟူသမျှ နိုင်ငံတော်ကပိုင်သည်။**

သကျလူမျိုးတို့ပိုင်သည်။ ပုဂ္ဂလိကပိုင် မရှိရ။ အချိန်အခါအရ လုပ်ပိုင်ခွင့်သာ ရှိသည်။ ထိုစနစ်ကိုယူ၍ ဘုရားရှင်သည် သံဃာတော်တို့အား ကျောင်းမြေ ပိုင်ဆိုင်မှုများကို သံဃိက သံဃာပိုင်ဟု ချီးမွမ်းတော်မူသည်။

အာဒိစ္စဝံသမှာလည်း အာရီယန်တို့က သူတို့ဘုရင်သည် လူမဟုတ် နတ်မျိုး နေမျိုး နေမင်း၏အနွယ်ဟု တိုက်ရိုက်ယူကြသည်။ သကျတို့က နေထွက်ရာ အရှေ့အရပ်က လူမျိုးဟု ဂုဏ်တင် တင်စားခေါ်ခဲ့ကြသည်။ အသမ္ဘိန္နမှာလည်း လူမျိုးခြား ဘာသာခြားတို့ မရောစေရန် လူလူချင်း မမြိုနိုင်စေရန် သကျချင်းသာ လက်ထပ်ရမည်ဟု အနှစ်သာရရှိရှိသုံးခြင်းဖြစ် သည်။ ဝေါဟာရချင်းတူသော်လည်း အနှစ်သာရချင်းမှာ မိုးနှင့်မြေပမာ ကွာချင်တိုင်း ကွာလေသည်။

## ဘုရားရှင်သည် သာကီဝင်တို့ကို မဟာရာဇာဟု သုံးခဲ့သည်

ရာဂျာ ရာဇာ မဟာရာဇာဝေါဟာရသည် မူရင်းမှာ အာရီယန်တို့၏ အသုံးအနှုန်းအစစ်ဖြစ်သည်။ အများသုံးဝေါဟာရဖြစ်၍ အများနားလည်စေရန် ဘုရား ရဟန္တာများကလည်း လိုက်၍သုံးသော်လည်း အများအားဖြင့် သာကီဝင်လူမျိုးဘုရားရှင်သည် သာကီဝင်ဘုရင်များ လူများကို ခေါ်ဝေါ်ရာ၌ သကျ သကျာ–သကျတို့ ဟူ၍သာ သုံးစွဲလေ့ရှိသည်။ လူမျိုးဖြစ်စဉ်ကို နားမလည်သောသူများနှင့် သဒ္ဒါပုဒ်အရသာ ပါဠိစာပေကို အဓိပ္ပာယ်ဖော်တတ်သော နိုင်ငံခြားသားများက ဘုရားရှင်က သကျဘုရင်တို့ကို မဟာရာဇာဟူ၍ မသုံးနှုန်းခြင်းမှာ သာကီဝင်တို့သည် ဘုရင်မဟုတ် အဆင့်နိမ့် သူကြီးသာသာ ဖြစ်၍ ဘုရင်အသုံးအနှုန်း မဟာရာဇာဟု မခေါ်ခြင်းဖြစ်သည်ဟု ရေးကြ ပြောကြ၏။ အမှန်မှာ သာကီဝင်တို့သည် ခတ္တိယ ရေမြေပိုင်သအစိုးရသူ မင်းမျိုးဘုရင်များသာဖြစ်သည်။ ရာဇာ မဟာရာဇာ ဟူသော အသုံးအနှုန်းကို ရွာစား မြို့စားများကိုပင် သုံးစွဲခဲ့ပါလျက် သာကီဝင်တို့ကို မသုံးခြင်းမှာ ရာဇာမဟာရာဇာသည် သာကီဝင်တို့၏ ပင်ရင်း အသုံးအနှုန်းမဖြစ်၍ မသုံးစွဲခြင်းသာ ဖြစ်သည်။ သာကီဝင်တို့၏ အသုံးအနှုန်း အကောင်းဆုံး ဝေါဟာရမှာ သကျဝေါဟာရသာ ဖြစ်သည်။ ထို့ကြောင့် မိမိတို့လူမျိုးကို ဂုဏ်ပြုသည့်

အနေဖြင့် သကျဟုသာသုံးသည်။ မလွှဲသာမှ အခြားသူတို့၏ ဝေါဟာရ ရာဇာ မဟာရာဇာကို လောကဝတ်အများ နားလည်စေရန် သုံးခြင်းဖြစ်သည်။

## ကောသလဘုရင်ကြီးက ဘုရားရှင်ကို ခတ္တိယဟု ခေါ်ခဲ့ခြင်းမှာ ဘုရင်ဖြစ်၍ဖြစ်

ဘုရားရှင်နှင့် အာရိယန်ဘုရင်ကြီး ကောသလတိုင်းကို အစိုးရတော်မူသော ကောသလမင်းကြီးသည် သာဝတ္ထိမြို့တော်တွင် နှစ်ပေါင်း များစွာ အတူတကွ နေခဲ့ကြသည်။ သက်တူရွယ်တူဖြစ်ကြသည်။ ဘုရားရှင် ၄၅ ဝါမြောက်တွင် သာကီဝင်တို့၏ အုပ်ချုပ်ရေးနယ်မြေ မေဒါဠုပနိဂုံးရွာသို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုဒေသမှာ ကောသလဘုရင်၏ ကောသလတိုင်းနှင့် နီးစပ်သဖြင့် နယ်စပ်ဖြစ်သည်။ ကောသလမင်းကြီး တိုင်းခမ်းလှည့်လာစဉ် ဘုရားရှင်ရောက်နေကြောင်းသိ၍ မေဒါဠုပနိဂုံးရွာကြီးသို့ ရောက်အောင်လာခဲ့ပြီး ဘုရားရှင်ထံ ရောက်လာခဲ့သည်။ ထိုအခါ ကောသလမင်းကြီးက ဘုရားရှင်ကို ဤသို့လျှောက်ထား၏။

ဘဂဝါပိ အသီတိကော အဟမ္ပိအာသီတိကော

ဘုရားရှင်လည်း သက်တော်ရှစ်ဆယ်ပါ ဒကာတော်လည်း အသက်ရှစ်ဆယ်ပါ **သက်တူရွယ်တူတွေပါဘုရား..** ဘဂဝါပိ ကောသလော အဟမ္ပိကောသလော ဘုရားရှင်လည်း ကောသလနယ်မြေသားပါ။ တပည့်တော်လည်း ကောသလနယ်မြေသားပါ။ ဒေသတူတွေပါဘုရား။ အဟမ္ပိ ခတ္တိယော ဘဂဝါပိခတ္တိယော ဒကာတော်ဟာ ခတ္တိယဘုရင်တစ်ပါးပါ။ ဘုရားရှင်လည်း ရေမြေပိုင်သ အစိုးရသည့် ခတ္တိယဘုရင်တစ်ပါးပါဘုရားဟု လျှောက်ထားခဲ့ သည်။ ကောသလဘုရင်ကြီးစကားကို စေတိယသုတ်တွင် မှတ်တမ်းတင်ခဲ့ပါသည်။ ထို့ကြောင့် သာကီဝင်တွေဟာ ကောသလဘုရင်နှင့်တန်းတူ ဘုရင်တွေပါ။ ဘုရားရှင်ဟာလည်း ဘုရင်တစ်ပါးအဖြစ် ထီးနန်းစိုးစံခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

## လူမျိုးခြားနှင့် သွေးမရောစေရန် အသမ္ဘိန္နမှုကြီးချမှတ်ရ

ဒရာဗီဒီယန်တို့မှာ ရုပ်ရည်သွင်ပြင် ပြင်ပလက္ခဏာတို့အရ ချစ်လောက်ခင်လောက် မက်မောစရာနည်းပါးလှ၍ စည်းခြားထားရန် အထူး မလိုအပ်သော်လည်း ဖြူဖြူချောချော လှလှပပ ယောက်ျားပီသသည့် သွင်ပြင် အပြင် ရာထူး အာဏာတန်ခိုး ပါဝါ ရွှေငွေ ဥစ္စာ ရတနာ အတတ်ပညာပါ အဘက်ဘက်က သာလွန်သော အာရီယန်လူမျိုးတို့ကို တွေ့မြင်လျှင် သာကီဝင်အမျိုး သမီးငယ်တို့၏ စိတ်ဖောက်ပြားကာ ချစ်ကြိုက်သွားနိုင်သည်။ ချစ်ကြိုက်ကြ စွဲသွားကြပြီဆိုမှ မပေးစားနိုင်ဟု ဆိုကာ ခွဲကြရလျှင် စိတ်ဆင်းရဲစရာ ပြဿ နာများ ကြုံတွေ့နိုင်သည်။

လူငယ်သဘာဝ ချစ်ကြိုက်မှုကို မတားမြစ်ဘဲ လွှတ်ပေးလိုက်ပြန်လျှင် တစ်ယောက်ကစ တစ်ရာကြာသောအခါ လူမျိုးခြားသွေးရောပြီး ကပြားတွေ ဖြစ်လာမည်။ သကျတို့မှာလူဦးရေနည်းလှသည်။ ဆွေးတော် ရှစ်သောင်းမျိုးတော်ပေါင်းဟုဆိုသဖြင့် ဆွေမျိုးနှစ်ဘက်ပေါင်းမှာ ၁၆၀၀၀၀ လောက်သာ လူရှိသည်။ ရာဇဂြိုဟ်တစ်မြို့ထဲမှာပင် အိမ်ထောင်ပေါင်း ၁၈ ကုဋေ ရှိသည်။ သာဝတ္ထိကလည်း ၉ ကုဋေရှိသည်။ အခြား မြို့ရွာတွေကလည်း ထောင်သောင်းရှိသေးသည်။ လူဦးရေချင်း အကြီးအကျယ် ကွာလွန်းသည်။ အိမ်ထောင်ရေး လွတ်လပ်ခွင့်ပေးလိုက်ပါက မကြာခင်မှာပင် သကျလူမျိုးပျောက်သွားမည်။ လူကိုလူချင်းယှဉ်၍ လူမြို့ခြင်းသည် ဆုံးရှုံးတကာတို့တွင် အကြီးကျယ်ဆုံး ဆုံးရှုံးမှုကြီးဖြစ်သည်။ လူလည်း ပါသွားသည်။ ကိုယ့်လူတွေ သူ့လူဖြစ်သွားသည်။ နယ်မြေလည်း ဆုံးရှုံးသွားသည်။ ကိုယ့်လူမျိုးအတွက် ဒုက္ခခံတည်ထောင်ထားရသော နိုင်ငံနယ်မြေတို့ဆုံးသွားသည်။ ပစ္စည်းဥစ္စာတွေလည်းပါသွားသည်။ ရွေးကောက်ပွဲ စသည်ပြုလုပ်ရာတွင် လူများမဲနိုင်သဖြင့်နိုင်ငံတော်၏ အာဏာအသပြာ မေကညာဘာသာ ယဉ်ကျေးမှု အစစအရာရာ ကုန်ဆုံး၍ နိုင်ငံပျောက် လူမျိုးပျောက် ဘာသာ သာသနာပါ ပျောက် နေရာပျောက် လူစဉ်မမှီ ခိုကိုးရာမဲ့ ဘဝပျက်ရနိုင်သည်။

ထို့ကြောင့် သကျသာကီဝင်တို့သည် နိုင်ငံခြားသားတိုင်းတစ်ပါး လူမျိုးခြား ဘာသာခြား သာသနာခြား ရေမြေကွဲပြားသည့် လူများနှင့် ရင်နှီး မရှိစေရန် ပြောဆိုဆက်ဆံသွားလာ ရင်းနှီးမှု မရှိစေရန် လုံးဝ မရောနှောရဟု ပြဋ္ဌာန်းသည်။

## မဇ္ဈိမဒေသ တိုင်းကြီးသောဠသ (၁၆တိုင်း)

အာရီယန်တို့သည် အိန္ဒိယနိုင်ငံကြီးကို အပြီးတိုင် သိမ်းပိုက်ပြီးနောက် တောင်ပိုင်း မြောက်ပိုင်း ၂ ခြမ်းခွဲလိုက်သည်။ ထို့နောက် အရှေ့အနောက် တောင်မြောက်မြို့တော် ၆ ခု တည်လိုက်သည်။ ထို့နောက် တိုင်းကြီး ၇ တိုင်း ခွဲခြားအုပ်ချုပ်သည်။ နိုင်ငံတော်၏ အလယ်တွင် ကာသီတိုင်း၏ မြို့တော်အဖြစ် ဗာရာဏသီမြို့တော်ကို တည်ထောင်လိုက်ကြသည်။ သောဝီရတိုင်း ရောရုဝမြို့တော်၊ ဝိဒေဟတိုင်း မိတ္ထိလာမြို့တော်၊ အင်္ဂတိုင်း စမ္ပါမြို့တော်၊ ကလိင်္ဂတိုင်း ဒန္တပူရမြို့တော် အဿကတိုင်း ပေါတနမြို့တော်၊ အဝန္တီတိုင်း မဟေဿယ (ဉဇ္ဇေနီ) မြို့တော်တို့ကို တည်ဆောက်ကြသည်။

အိန္ဒိယနိုင်ငံကြီးကိုလည်း **အာရယာဝတ္တ အရိယာဝတ္တ အာရီယန်အောင်မြေနိုင်ငံတော်**ဟု အမည်နာမသမုတ်လိုက်ကြသည်။ အာရီယန်လူမျိုးတို့သည် မိမိတို့လူမျိုးအမည်ကို **အရိယာလူမျိုး**ဟု **သတ်မှတ်ခေါ်တွင်စေသည်။ ဒုဿန္တမင်းနှင့် သကုန္တလာဒေဝီတို့၏ သား ဘာရတမင်းလက်တွင် ဘာရတ နိုင်ငံတော်**ဟု **ခေါ်တွင်ခဲ့သည်။ ဘာရတ မဟာဘာရတသည် မဇ္ဈိမဒေသ အိန္ဒိယ၏အမည်ဖြစ်သည်။**

နောင်အခါတွင် တဖြည်းဖြည်းနှင့် မြို့ရွာများ တည်ထောင်ချဲ့ထွင်လာကြသည်။ ကုလားလူမျိုးများသည် သားသမီး မွေးမြူးလွယ်ကူသော သူများဖြစ်ကြ၍ မိသားတစ်စုတွင် သားသမီးများပြားသည်။ ဝိသာခါတွင် သားသမီး ၂၀၊ မြေး ၄၀၀၊ မြစ် ၈၀၀၀ ရှိသည်။ ဤသို့ဖြင့် အိန္ဒိယ လူဦးရေသည် လွန်စွာ များပြားလာသည်။ ဘီစီ ၇၅၀ ပတ်ဝန်းကျင်လောက် ရောက်သောအခါ **တိုင်းကြီးသောဠသ တိုင်းကြီး ၁၆ တိုင်းမှ တိုင်းနိုင်ငံကြီး ၂၀ ကျော်အထိ**

တည်ရှိလာပြီး ဘုရင်တစ်ပါးစီ သီးခြားအုပ်ချုပ်လာခဲ့လေသည်။ နိုင်ငံနှင့် မြို့တော်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

တိုင်းကြီး သောဠသ

| | | |
|---|---|---|
| (၁) | အင်္ဂတိုင်း | မြို့တော်စမ္ပါ |
| (၂) | မဂဓတိုင်း | မြို့တော်ရာဇဂြိုဟ် |
| (၃) | ကာသိတိုင်း | မြို့တော် ဗာရာဏသီ |
| (၄) | ကောသလတိုင်း | မြို့တော် သာဝတ္ထိ |
| (၅) | ဝဇ္ဇီတိုင်း | မြို့တော် ဝေသာလီ |
| (၆) | မလ္လတိုင်း | မြို့တော် ကုသိနာရုံ |
| (၇) | စေတီတိုင်း | မြို့တော် သောတ္ထိယ |
| (၈) | ဝံသတိုင်း | မြို့တော် ကောသမ္ဗီ |
| (၉) | ကုရုတိုင်း | မြို့တော် ဣန္ဒပတ္ထ |
| (၁၀) | ပဉ္စာလတိုင်း | မြို့တော် ကမ္ပိယ |
| (၁၁) | မစ္ဆတိုင်း | မြို့တော် ဝေတ္တာဝတီ |
| (၁၂) | သူရသေနတိုင်း | မြို့တော် မဓူရ |
| (၁၃) | အဿကတိုင်း | မြို့တော် ပေါတလီ |
| (၁၄) | အဝန္တိတိုင်း | မြို့တော် ဥဇ္ဇေနီ |
| (၁၅) | ဂန္ဓာရတိုင်း | မြို့တော် တက္ကသီလာ |
| (၁၆) | ဘဂ္ဂတိုင်း(ကမ္ဘောဇတိုင်း) | မြို့တော် သံသုမာရဂီရိ |
| (၁၇) | အာဠဝိတိုင်း | မြို့တော် အာဠဝီ |
| (၁၈) | သုမ္ဘတိုင်း | မြို့တော် ဒေသကနိဂုံး |

စသည့် ၁၆ တိုင်းမှ တိုင်းပြည် ၂၀ လောက်အထိ တိုးတက်လာခဲ့သည်။

တိုင်းကြီးများထဲတွင် သက္ကတိုင်းမြို့တော် ကပိလဝတ္ထုမပါပေ။ သက္ကတိုင်းသည် အိန္ဒိယမြေမဟုတ်ပေ။ အိန္ဒိယနိုင်ငံမဟုတ်ပေ။ ဘုရားဟောတော်မူသည့် တိုင်းကြီးသောဠသထဲလဲ မပါပါ။

## ဘုရားဟော အိန္ဒိယ၏ တိုင်းကြီးသောဠသ

ဘုရားရှင်သည် ဥပုသ်စောင့်ရခြင်း၏ အကျိုးတရားများကို ထင်ရှားအောင် ဖော်ပြလိုသဖြင့် ဝိသာခါအား အောက်ပါအတိုင်း ဥပမာပေး၍ ဟောတော်မူခဲ့သည်။

"သေယျထာပိ ဝိသာခေ ယော ဣမေသံသောဠသာနံ မဟာဇနပဒါနံ ပဟူတ သတ္တရတနာနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံ ကာရေယျ၊ သေယျထိဒံ အင်္ဂါနံ, မဂဓာနံ, ကာသီနံ, ကောသလာနံ, ဝဇ္ဇီနံ, မလ္လာနံ, စေတီနံ, ဝံသာနံ (ဝင်္ဂါနံ) ကုရူနံ, ပဉ္စာလာနံ, မစ္ဆာနံ, သူရသေနာနံ, အဿကာနံ, အဝန္တီနံ, ဂန္ဓာရာနံ, ကမ္ဗောဇာနံ, အဋ္ဌင်္ဂသမန္နာဂတဿ ဥပေါသထဿ ဧကံ ကလံ နာဂ္ဃတိသောဠသိံ–

ဝိသာခါ ဥပမာအားဖြင့် အကြင်သူသည် ရတနာခုနစ်ပါးပေါများကြွယ်ဝသော ၁၆တိုင်းကြီး တိုင်းပြည်ကြီး တစ်ဆယ့်ခြောက်တိုင်းတို့၏ မင်းအဖြစ်ကို ရသည်ဖြစ်အံ့၊ ထိုတိုင်းကြီးတို့ကား (၁) အင်္ဂတိုင်း၊ (၂) မဂဓတိုင်း၊ (၃) ကာသိတိုင်း၊ (၄) ကောသလတိုင်း၊ (၅) ဝဇ္ဇီတိုင်း၊ (၆) မလ္လတိုင်း၊ (၇) စေတီတိုင်း (၈) ဝံသတိုင်း၊ (၉) ကုရုတိုင်း၊ (၁၀) ပဉ္စာလတိုင်း (၁၁) မစ္ဆတိုင်း၊ (၁၂)သူရသေနတိုင်း၊ (၁၃)အဿကတိုင်း၊ (၁၄)အဝန္တိတိုင်း၊ (၁၅) ဂန္ဓာရတိုင်း၊ (၁၆)ကမ္ဗောဇတိုင်း တို့တည်း၊ ထိုတိုင်းကြီး ၁၆တိုင်းတို့၌ အုပ်ချုပ်စိုးစံရ သောမင်း၏ အဖြစ်သည်ကား အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလ တစ်နေ့တစ်ရက် စောင့်သုံးခြင်း၏ ကုသိုလ်အဖို့ တစ်ဆယ့်ခြောက်စိတ် တစ်စိတ် ကိုမျှမမီနိုင်ပေ ဟု အင်္ဂုတ္တရနိကာယ် တိကနိပါတ် ဒုတိယပဏ္ဏာသက ဒုတိယမဟာဝဂ္ဂ ဒသမမြောက် ဝိသာခုပေါသထ (ဝိသာခ)သုတ်၌ ဟောထား၏။ တိုင်းကြီးသောဠသထဲတွင် သက္ကတိုင်း မပါသည်မှာ အာရီယန်ဇရိယာ မဟုတ်၍ ဖြစ်လေသည်။

## နဝခပိုင်း

## သကျ သက္က သာကီဝင် နိုင်ငံတော်တည်ထောင်ကြခြင်း သမ္မတနိုင်ငံတော်စနစ်ကြေငြာ၍ သမ္မတတင်မြှောက်ခြင်း

သကျသာကီဝင်လူမျိုးတို့သည် ကပိလဝတ္ထုရှင်ရသေ့၏ ကျောင်းသင်္ခမ်းတွင် မင်းနေပြည်တော်ကပိလဝတ္ထုမြို့တော်ကို တည်ထောင်ပြီးနောက် အခြား ဒေဝဒဟမြို့တော် ကောလိယမြို့တော်တို့ကိုလည်း တည်ထောင်ကြ၏။ ဆွေတူ မျိုးတူ သာကီဝင်လူမျိုးတို့သည် ကျွန်းတောကြီးရှိရာ ဟိမဝန္တာတောင်ခြေတွင် နိုင်ငံတော်တည်ဆောက်ကြပြီး နိုင်ငံတော်အတွက် အရေးပါလှသော မူဝါဒကြီးများကို ဥပဒေပြုကြ၏။ မိမိတို့သည် ယခုအခါ မဇ္ဈိမဒေသခေါ် အိန္ဒိယနိုင်ငံ ကောသလတိုင်း၏မြို့တော် သာဝတ္ထိနှင့် နယ်စပ်ချင်း နီးကပ်သွားပြီဖြစ်၏။

သာဝတ္ထိသည် အိန္ဒိယနိုင်ငံ၏ နယ်မြေဖြစ်သလို တရုတ်မှတ်တမ်းအရ အိန္ဒိယ၏ နယ်မြေအချို့တို့သည် ပြူလူမျိုးလက်အောက်ခံဖြစ်ခဲ့ကြ၏။ ပြူလူမျိုးတို့သည် ယူနန်ကုန်းပြင်မြင့်မှ ဟိမဝန္တာတောင်ခြေအထိ ကျယ်ပြန့်လှသော နယ်မြေကြီးကို လွှမ်းမိုးနိုင်ခဲ့သူများ ဖြစ်၏။ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် ကျွန်းများ နယ်မြေများအထိ လွှမ်းမိုးခဲ့၏။ ပြူလူမျိုးတို့ကို ဒေသခံ တရုတ်ကုလားတို့က ဗြဟ္မာမျိုးဟု တလေးတစား ခေါ်ခဲ့ကြ၏။ ဗြဟ္မာလူမျိုးတို့၏ နေရာနိုင်ငံကိုလည်း ဗြဟ္မဝတ်၊ ဗြဟ္မဝတ္ထုဟု ခေါ်ဆိုခဲ့ကြ၏။ ဗြဟ္မာလူမျိုးတို့သည် တကောင်းနေပြည်တော်ကို တည်ထောင်စမှာပင် သကျလူမျိုးနွယ်တို့သည် ဟိမဝန္တာတောင်ခြေသို့ နယ်သစ်တည် ပြည်သစ်ဆောက်ရန် ထွက်ခွာလာခဲ့ကြ၏။ တောင်ပေါ်ကိုနှစ်သက်သောသူတို့က ဟိမဝန္တာ တောင်ထိပ်ဖျားသို့ တက်ရောက်သွားပြီး တိဗက်နိုင်ငံထူထောင်ခဲ့ကြသည်။ မြန်မာတို့နှင့်အတူတကွထွက်လာခဲ့ကြသည့် သွေးရင်းများဖြစ်၍ ယနေ့ထိတိုင် မြန်မာ

တို့ကို ချစ်ကြ၏။ သွေးက ပြောသော သမိုင်းသက်သေပင်ဖြစ်၏။

ကပိလဝတ္ထု၊ ဒေဝဒဟ ကောလိယ သာကီဝင်သုံးနိုင်ငံ တည်ထောင်ပြီးသောအခါ သက္ကတိုင်းကို စုပေါင်းတည်ထောင်ကြ၏။ နိုင်ငံကြီးများအလယ်တွင် စုပေါင်းနေထိုင်ခြင်းသည် အားနှင့်ပြည့်စုံခြင်းဖြစ်၏။ နိုင်ငံတော် အင်အားသည် အရေးပါလှသည်။

## နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်း

သာကီဝင်မင်းဆွေမင်းမျိုးတို့သည် ဂဏရာဇာခေါ် စုပေါင်းဆွေမျိုးအစုများ ဖွဲ့စည်းနေထိုင်ကြပြီး သန္ဓာဂါရခေါ် ညီမှုစည်းဝေးရာ လွှတ်တော်ကို ကျင်းပကြ၏။ ကမ္ဘာတွင် ပထမဆုံးလွှတ်တော်စနစ်ကို စတင်ကျင့်သုံးခြင်း ဖြစ်နိုင်၏။ လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အုပ်ချုပ် ရေးစနစ်ကို ဆွေးနွေးကြပြီး သက်ဦးဆံပိုင် ပဒေသရာဇ် စနစ်ကို ပယ်ချပြီး မဟာသမ္မတအုပ်ချုပ်ရေးနစနစ်ကို ဆွေးနွေးကြပြီး သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို ပယ်ချပြီး မဟာသမ္မတစနစ် ရွေးချယ်တင်မြှောက်ရသည့် သမ္မတစနစ်ကို အတည်ပြုလိုက်သည်။ သမ္မတသည်ဘုရင်နှင့် အာဏာတန်းတူ စီရင်ပိုင် ခွင့်ပင်ဖြစ်သည်။ သမ္မတဟူသော ဝေါဟာရမှာ အများနားလည်းမှု သိပ်မရှိ သေးသဖြင့် လူတိုင်းနားလည်စေရန် သမ္မတနှင့်တွဲ၍ ရာဇာဟုလည်းသုံးနိုင်သည်။ မူလအခေါ်အဝေါ်မှာ သမ္မတ မဟာသမ္မတဖြစ်သည်။ သာကီဝင်တို့၏မင်းမှာ မဟာသမ္မတ၊ အာဒိစ္စဝံသ ခတ္တိယ မဟာရာဇာ ဖြစ်လေသည်။

သမ္မတအဖြစ် ရဋ္ဌေတီတိရာဇာ အရ ပြည်သူတို့ နှစ်သက်မှု ကျေနပ်မှု လေးစားမှု မြတ်နိုးမှု ခံရသူဖြစ်ရမည်ဖြစ်သည်။ ပြည်သူတို့ကို ကျောသား ရင်သား မခွဲ ခြားဘဲ အုပ်ချုပ်ရမည်။ နိုင်ငံတော်၏ အခြေခံမူကြီးသုံးရပ်ဖြစ်သော အာဒိစ္စဝံသ အရှေ့တိုင်းယဉ်ကျေးမှု၊ မိမိတို့ယဉ်ကျေးမှုကို လိုက်နာရမည်။ တိုင်းတစ်ပါး သား နိုင်ငံခြား ဘာသာခြား ယဉ်ကျေးမှုများကို မလိုက်နာရ။ မြန်မာ့ယဉ်ကျေး မှု သကျယဉ်ကျေးမှုကို လိုက်နာရမည်။ မူအရ သမ္မတသည် စီမံခန့်ခွဲရမည်။ ခတ္တိယမူအရ နိုင်ငံတော်လယ်ယာစိုက်ပျိုးရေးကို

စနစ်တကျလုပ်ဆောင်ရမည်။ မိမိတို့ခွဲတမ်းအရ တာဝန်ကျရာ လယ်ယာများကို အထွက်တိုးအောင် ဆောင်ရွက်ရမည်။ သက်ဆိုင်ရာ အမတ်ကြီးများ တာဝန်ထား၍ ဆောင်ရွက်ရမည်။ သစ်တောသစ်ပင်များကို စနစ်တကျ ပြုစုပျိုးထောင်ရမည်။ စည်းမဲ့ကမ်းမဲ့ မခုတ်ရ။ နှစ်စဉ် တိုးချဲ့ စိုက်ပျိုးရမည်။ ဥယျာဉ်ပန်းမာလ် ရေတွင်းရေကန် ခရီးသည်တို့တည်းခိုရန် ဇရပ်တန်ဆောင်း၊ ကျောင်းကန်၊ လမ်းပန်းတံတား ပြုလုပ်ရမည်။ သာကီဝင်တို့၏ မင်္ဂလာအပင်မှာ ကျွန်းပင်ဖြစ်၍ ကျွန်းစသော တန်ဖိုးမြင့် အသုံးဝင်အပင်ကြီးများကို စိုက်ပျိုးရမည်။ ဓာတ်သတ္တုများ မြစ် ချောင်းများ ရေများကို ထိန်းသိမ်းရမည်ဟု ပြဌာန်းသည်။

အသမ္ဘိမူအရ သာကီဝင်ဟူသမျှ တိုင်းတစ်ပါးသား လူမျိုးခြား ဘာသာခြား ယဉ်ကျေးမှု ခြားနားသည့်လူများနှင့် ကူးလူးဆက်ဆံမှုမရှိရ၊ ကောသလတိုင်းနှင့် နယ်ချင်းစပ်နေသဖြင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းရာ၌ ယောက်ျားများသာ ပါဝင်ကြပြီး သာကီဝင်အမျိုးသမီးများမှာ လူမျိုးခြားများနှင့် ရောနှောမှု လုံးဝမပြုရ။ သားပေး သမီးယူကိစ္စ ခိုးရာလိုက်မှုစသည့် အိမ်ထောင်ရေးကိစ္စများ ကင်းရှင်းရမည်။ ကြပ်တည်းစွာ တားမြစ်၍ ကာကွယ်ရမည်။ အိမ်ထောင်ရေးကိစ္စများ ကင်းရှင်းရမည်။ ကြပ်တည်းစွာ တားမြစ်၍ ကာကွယ်ရမည်။ သန့်ရှင်းသော အိမ်ထောင်ရေးကိစ္စ ဖြစ်နေစေရန် သာကီဝင်အချင်းချင်းသာ ခွင့်ပြုသည်။

## သာကီဝင်တို့၏ ဘာသာရေးသည် ဟိန္ဒူဝါဒမဟုတ်

သာကီဝင်တို့ ဟိမဝန္တာတောင်ခြေသို့ အခြေချရောက်ရှိစဉ်က အိန္ဒိယမြေသည် ဟိန္ဒူဝါဒလွှမ်းမိုးနေချိန်ဖြစ်သည်။ ဟိန္ဒူဝါဒမှာ ဤကမ္ဘာတွင် အစောဆုံးစတင်ပေါ်ပေါက်ခဲ့သော ဘာသာဝါဒဟု ဆိုကြသည်။ ဟိန္ဒူဝါဒမှာ လူသားများ တည်ထောင်သော ဘာသာဝါဒမဟုတ်ဘဲ အားကိုးရာမဲ့ ကြောက်ရွံ့နေသော လူတို့သည် အားရှိစေရန် ကိုးကွယ်ရာကို ရှာရာမှ နတ်ကိုးကွယ်မှု စတင်ပေါ်ပေါက်လာခဲ့သည်။ နောက်တဖြည်းဖြည်း ကိုးကွယ်မှုကို ချဲ့ထွင်းလာရာမှ ဗြဟ္မာကြီးက လူသား လောကကို ဖန်ဆင်းခဲ့သည်ဟူသော ဖန်ဆင်း

ရေး ဝါဒပေါ်ပေါက်လာခဲ့သည်။ နတ်ပြဟ္မာကိုးကွယ်မှုသည် ကမ္ဘာအရပ်ရပ်သို့ လူသားများ ပြန့်နှံ့သွားသောအခါ လူသားတို့၏ ကိုးကွယ်ရာဖြစ်လာသည်။ အိန္ဒုမြစ်ဝှမ်းနေသူတို့ ကိုးကွယ်သော ဘာသာဖြစ်၍ အိန္ဒုဘာသာမှ ဟိန္ဒူဘာသာဖြစ်လာသည်။ **ဟိန္ဒူဘာသာသည် အိန္ဒိယကို ဗဟိုပြု၍ အာရှတလွှား ပြန့်ပွားခဲ့သည်။ သာကီဝင်တို့လည်း ဟိန္ဒူဘာသာဝင်များဖြစ်ရမည်ဟုထင်ခဲ့ကြသည်။ ထို့အတိုင်းလည်း ဟိန္ဒူစွဲသများတို့က ရေးခဲ့ကြသည်။**

ဘုရားရှင်သည် ဘုရားဖြစ်တော်မူသောအခါ သံဃာတော်တို့အား တာဝန်များကို ပညတ်တော်မူသည်။ လိုက်နာရမည့် ဝတ္တရာများကို ပညတ်တော်မူသည်။ ဝိနယပိဋကတွင် မဟာဝဂ္ဂပါဠိအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ထိုမဟာဝဂ္ဂပါဠိတော် အမှတ်စဉ် ၁ မဟာခန္ဓက အခန်းကြီး ၂ တိတ္ထိဖြစ်ဘူးသူအကြောင်းတွင် အညတိတ္ထိယကထာ အဖွင့် ဘာသာပြန်စာအုပ် စာမျက်နှာ ၁၀၂ ၌ ဤသို့ ပါဠိတော်ကို မြန်မာပြန်ထားသည်။

"ရဟန်းတို့ မီးလုပ်ကျွေးသော ရသေ့တို့ လာကြသည်ရှိသော် ရဟန်းခံပေးရမည်။ ထိုရသေ့တို့အား ပရိဝါသ်မပေးရ။ ထိုသို့ မပေးရခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ ရဟန်းတို့ ထိုရသေ့တို့သည် ကမ္မဝါဒီ ကြိယဝါဒီ တို့ ဖြစ်ကြကုန်၏။

If the fire worshipping ascetics of matted hairs come, they should be given full Admission: without giving them probatian And why should not it be so?

Bhikus, these ascetics have faith in Khamma and its results Khamma vad. They have faith in performace of deeds which would bring good results (Kiriya vadi)

ဟိန္ဒူရသေ့တို့သည် ဘုရားရှင် သာသနာတော်၌ ရဟန်းဝတ်လို၍ လာရောက် လျှောက်ထားလျှင် ချက်ချင်းဝတ်မပေးဘဲ ၄ လ ပရိဝါသ်ပေးထားရမည်။ ၄ လစေ့သော် သံဃာက ကျေနပ်မှ ရဟန်းခံပေးရမည်။

မီးလုပ်ကျွေးသော ရသေ့တို့ဖြစ်မူ ပရိဝါသ် ၄လပေးစရာမလို။ ချက်

ချင်း ရဟာန်းခံပေးရမည်။ အဘာယ်ကြောင့်နည်းဟု ဆိုရမူ ထိုရသေ့တို့သည် ကမ္မဝါဒီ ကြိယဝါဒီတို့ ဖြစ်၍တည်း။

အထက်ပါ ဘုရားဟောပါဠိတော်အရ သာကီဝင်တို့ ကိုးကွယ်သော ရသေ့တို့မှာ ကမ္မဝါဒီ ကြိယာဝါဒီရသေ့တို့ဖြစ်ကြသည်။ ထိုရသေ့တို့သည် လူ့ဘောင်တွင် ကာမဂုဏ်အပြစ်တို့နှင့် ရောထွေးမနေလိုကြသဖြင့် ရသေ့ဝတ်ခဲ့ကြသည်။ ဟိန္ဒူရသေ့တို့မှာ ဗြဟ္မာကြီးသည် ဖန်ဆင်းရှင်ဖြစ်သည်ဟူသော အတ္တဝါဒစွဲပြင်းထန်ကြသည်။ လူသည် မိမိပြုလုပ်သော ကုသိုလ် အကုသိုလ် ကံကြောင့် ကောင်းကျိုး ဆိုးကျိုး ခံစားရသည်ဟူသော (ကမ္မဝါဒ) ကံနှင့် (ကြိယဝါဒ) ကံအကျိုးကို ယုံကြည်သူသည် သမ္မာဒိဋ္ဌိဖြစ်သည်။ သမ္မာဒိဋ္ဌိရှိသူမှသာ လမ်းမှန်သည်။ သမ္မာဒိဋ္ဌိဖြစ်လျှင် ကမ္မဿကတာသမ္မာ ဒိဋ္ဌိ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟူသော အမြင်မှန်ဖြစ်တော့သည်။ ဟိန္ဒူရသေ့တို့မှာ ကမ္မဿကတာသမ္မာဒိဋ္ဌိမဟုတ်ကြပေ။ လူနှင့်လောကကို ဗြဟ္မာ ဖန်ဆင်းသည်ဟူသော ကံကိုပယ်သော အဟေတုက အကိရိယ နတ္ထိက ဒိဋ္ဌိအယူရှိကြသည်။ မိစ္ဆာဒိဋ္ဌိများဖြစ်ကြသည်။ ထို့ကြောင့် ဟိန္ဒူရသေ့ ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဘာသာမှတစ်ပါး ဘာသာဝါဒ ဟူသမျှသည် မိစ္ဆာဝါဒ မိစ္ဆဒိဋ္ဌိများဖြစ်ကြသည်။ အိန္ဒိသားတို့နှင့်သာကီဝင်တို့၏ ဘာသာရေးဝါဒများ လုံးဝမတူသဖြင့် လူမျိုးခြင်းကွဲလေသည်။

သာကီဝင်တို့ ကိုးကွယ်သော ရသေ့တို့မှာ ကမ္မဝါဒီ ကြိယဝါဒီ ကံနှင့်ကံအကျိုး ယုံကြည်သူများဖြစ်၍ သာကီဝင်လူမျိုးတို့သည် ဟိန္ဒူဘာသာဝင်များ မဟုတ်ကြ။ ကမ္မဝါဒီ ဘာသာဝင်များသာ ဖြစ်ကြလေသည်။ ထို့ ကြောင့် ဘုရားရှင်က မီးလုပ်ကျွေးသော ကမ္မဝါဒီရသေ့တို့ကို ချက်ချင်း ရဟာန်း ခံပေးနိုင်သည်ဟု ခွင့်ပြုခဲ့လေသည်။ ကပိလရှင်ရသေ့ ကာဠုဒေဝီလစျာန်ရ ရသေ့တို့မှာ ကမ္မဝါဒီရသေ့များဖြစ်ကြ၍ စျာန်အသိဉာဉ်ကိုရကြခြင်း ဖြစ်သည်။ ဘုရားမပွင့်မီက သာကီဝင်တို့သည် ကမ္မဝါဒီရသေ့တို့ကို ကိုးကွယ်ကြသည်။ ငါးပါးသီလသည် ကုသိုလ်ကံပြုသော အလုပ်ဖြစ်သည်။ ဟိန္ဒူဝါဒနှင့် လုံးဝ မတူပေ။ ငါးပါးသီလ၏ ကောင်းကျိုးဆိုးပြစ်ကို ယုံကြည်ခြင်းသည် ကုသိုလ် အကုသိုလ်ကံကို ယုံကြည်ခြင်း သမ္မာဒိဋ္ဌိဖြစ်လေသည်။

ထို့ကြောင့် သာကီဝင်လူမျိုးတို့သည် ကုလားလူမျိုးတို့ကဲ့သို့ မိစ္ဆာဒိဋ္ဌိ ဟိန္ဒူဘာသာဝင် မဟုတ်ပေ။ သူတော်စင်ရသေ့တို့ကို ကိုးကွယ်ခဲ့သည့် ကမ္မဝါဒီ သမ္မာဒိဋ္ဌိများဖြစ်ကြသည်။

## သာကီဝင်မှန်သမျှ ငါးပါးသီလလုံခြုံရမည်။

ဟိန္ဒူဝါဒအပါအဝင် ဘာသာခြားတို့ဝါဒအရ ဖန်ဆင်းရှင်ကို ကိုးကွယ်ကြသည်။ သာကီဝင်တို့၏ ဝါဒမှာ ကမ္မဝါဒဖြစ်သည်။ ကုသိုလ် ဒါန သီလ သမထ ဝိပဿနာပြုမှ ကောင်းကျိုးရမည်ဟု ယုံကြည်ကြသည်။ လူမှန်သမျှ ထိန်း ရမည့် သီလဖြစ်သည်။ ဂဟဋ္ဌသီလခေါ်ကြသည်။ မြင့်မြတ်လိုသူတိုင်း စောင့်ရမည့် သီလဖြစ်၍ အရိယသီလခေါ်သည်။ သဘာဝအားဖြင့် လူသား ဓမ္မတာအမှန်ကျင့်ရမည့် ဓမ္မတာသီလ သဘာဝသီလဖြစ်သည်။ လူပီသူတို့ ပကတိအားဖြင့် စောင့်ရမည့် ပကတိသီလဖြစ်သည်။ လူနှင့် တိရစ္ဆာန်ခွဲထားသည်။ သီလရှိမှ လူ သီလမရှိလျှင် တိရစ္ဆာန်။ လူနှင့် လူချင်း လေးစားမှုခံယူရရန် အလေးထားကျင့်ရမည့် ဂရုဓမ္မသီလဖြစ်သည်။ ထိုငါးပါးသီလကို ချိုးဖောက်လျှင် လောကမှာလည်း အပြစ်ရှိသည်။ ထောင်ကျ သေဒဏ်ခံရမည်။ သံသရာမှာလဲ အပြစ်ရှိသည်။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်နှင့် လူဆင်းရဲများဖြစ်သည်။ ထို့ကြောင့် လူတိုင်း ငါးပါးသီလမြဲရမည်။ ငါးပါးသီလကို လူတိုင်းထိန်းနိုင်ရန် ဘုရင်သမ္မတတို့မှာ စီမံခန့်ခွဲကွပ်ကဲရန် တာဝန်ရှိသည်။ ငါးပါးသီလနှင့် လူတိုင်းပြည့်စုံလျှင် လူတိုင်း မိသားစုတိုင်း ချမ်းသာကြမည်။ အိမ်ထောင်စုအားလုံး ပြည့်စုံလျှင် နိုင်ငံတော်အေးချမ်းမည်။ ငြိမ်းချမ်းသာ ယာရှိမည်။ နိုင်ငံတော် ငြိမ်းချမ်းသာယာစေရန် သာကီဝင်တိုင်း ငါးပါးသီလနှင့် ပြည့်စေရမည်။ ထို့ကြောင့် သမ္မတမှစ၍ ပြည်သူအားလုံး ငါးပါးသီလ လုံခြုံရမည်။ ငါးပါးသီလသည် အုပ်ချုပ်ရေး ဥပဒေဖြစ်သည်။ ကိုယ်ကျင့် သီလ စာရိတ္တနှင့် ပြည့်စုံစေရန် အုပ်ချုပ်သူတို့က ကွပ်ကဲရသည်။

သမ္မတသည် နိုင်ငံတော်၏ ဥသျှောင်ဖြစ်သည်။ ရှေ့သွား ခေါင်းဆောင် ဖြစ်သည်။ အဓိပတိဖြစ်သည်။ ထို့ကြောင့် ငါးပါးသီလကို မကျိုး

မပေါက် မပျောက်မကျား သီလနှင့် ပြည့်စုံသူ စာရိတ္တမလျှိုင် အခိုင်ဆုံး စံပြ ပုဂ္ဂိုလ်ဖြစ်ရမည်။ **သီလဖြူစင်သူကို အဓိက ဦးစားပေး၍ သမ္မတအဖြစ် ရွေးချယ်ခဲ့သည်။ ဥပုသ်နေ့တိုင်း ဥပေါသထရှစ်ပါးသီလ ဆောက်တည်ရ သည်။ ဘုရင် မိဖုရားစသော ခေါင်းဆောင်သူတို့အထူးဂရုစိုက်စောင့် သုံးရ** သည်။ သာကီဝင်တို့သည် မိမိတို့ ကြိုက်နှစ်သက်သော သားတော်ကြီး ဥက္ကာကရာဇ် ကို ပထမဦးဆုံး သကျနိုင်ငံတော်သမ္မတကြီးအဖြစ် လွှတ်တော်မှ ရွေးခြယ် တင်မြှောက်ခဲ့လေသည်။ ဘုရင်အဖြစ် အဆောင်အယောင် အားလုံး အပ်နှင်းခဲ့သည်။ သာကီဝင်တို့၏ ဘုရင်စံနစ်မှာ သမ္မတစနစ်ဖြစ်၍ ရွေးချယ်ရ သည်။ လွှတ်တော်မှ ရွေးချယ်သူသည် ဘုရင်ဖြစ်လာသည်။ သုဒ္ဓေါဒနမင်းကြီး သည် သားတော်သိဒ္ဓတ္ထကို ဘုရင်အဖြစ် ရွေးချယ် တင်မြှောက်ခဲ့သည်။ သိဒ္ဓတ္ထ တောထွက်သွားသော် ဘဒ္ဒိယဘုရင်ဖြစ်လာသည်။ ဘဒ္ဒိယ ရဟန်းဝတ်သွား သော် မဟာနာမ်ဘုရင်ဖြစ်လာသည်။ ရွေးချယ်ခံရသူသည် ဘုရင်ဖြစ်ရသည်။

## သာကီဝင်တို့၏ အုပ်ချုပ်ရေးသည် အိန္ဒိယနှင့် မတူချေ

သာကီဝင်တို့သည် အိန္ဒိယနှင့် နယ်စပ်ချင်းကပ် နယ်နိမိတ်ချင်းထိ စပ်လာသဖြင့် အိန္ဒိယနှင့် မတူသော စနစ်များကို ချမှတ်ကျင့်သုံးခဲ့သည်။ အိန္ဒိယတို့၏ အုပ်ချုပ်ရေး စနစ်မှာ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရှိသော **သက်ဦးဆံပိုင် အာဏာရှင်ဘုရင်စနစ်ဖြစ်သည်။** ဘုရင်သည် မည်သူနှင့်မှ တိုင်ပင်စရာမလိုပေ။ မြေဟူသမျှကို ပိုင်ဆိုင်သည်။ သာကီဝင်တို့၏ အုပ် ချုပ်ရေးစနစ်နှင့် လုံးဝမတူပေ။ **သာကီဝင်တို့၏ အုပ်ချုပ်ရေးစနစ်မှာ သမ္မတ စနစ်ဖြစ်သည်။ သန္ဓာဂါရခေါ် လွှတ်တော်ထားရှိသည်။ သာကီဝင်ဘုရင် ကို လွှတ်တော်မှရွေးချယ်ရသည်။ သက်တန်းသတ်မှတ်မှု မရှိပေ။ ဘုရင် သမ္မတအသစ် မရွေးချယ်မချင်း အုပ်ချုပ်ရသည်။**

## လေးတော်တင်ပွဲ

ဘုရားအလောင်း၏ ခမည်းတော်ကြီး သုဒ္ဓေါဒနမှာ သာကီဝင်မင်းကြီး ဖြစ်သည်။ သားတော်သိဒ္ဓတ္ထ ၁၆ နှစ်ပြည့်သောအခါ သားတော်ကို ဘုရင်

တင်မြှောက်လိုသည်။ ထိုအခါ သန္ဒာဂါရလွှတ်တော်သို့ ပဏာမအကြို ညှိနှိုင်းရန် တင်ပြရသည်။ လွှတ်တော်က သိဒ္ဓတ္ထမင်းသားသည် အဆင်းလှသော်လည်း ပညာမတတ်သဖြင့် အချင်းမရှိဟု ဝေဘန်ကြသည်။ သို့ဖြစ်၍ ပရိသတ်ဗိုလ်ပုံအလယ် အပြည့်ပြည့်ဆိုင်ရာ တစ်ရာ့တစ်ပါးသော မင်းများ မင်းညီမင်းသား စစ်သူကြီးများ လေးအကျော်အမော်များ ဖိတ်ကြား၍ လေးပညာပြပွဲ လေးတော်တင်ပွဲ ကျင်းပခဲ့သည်။ ထိုခေတ်က အစွမ်းအထက်ဆုံး အဝေးပြေး လက်နက်ဖြစ်သည်။ အာရီယန်တို့၏ စစ်ရေးနယ်ချဲ့မှုကိုတားဆည်း ရန်ဖြစ်၏။

အာရီယန်တက္ကသိုလ်များ၌ အဌာရသပညာရပ်များကို အာရီယန်လူမျိုးများကိုသာ သီးသန့်သင်ပေးခဲ့သည်။ အခြားမည်သည့်လူမျိုးမှ တက်ရောက်ခွင့်မရကြပေ။ သကျသာကီဝင်မင်းညီမင်းသားတို့လည်း တက်ရောက်ခွင့်မရကြပေ။ **တက္ကသိုလ်တက်ခွင့်မရခြင်းကပင် အိန္ဒိယနှင့် သကျီတို့ လူမျိုးမတူ ကွဲပြားကြောင်း သက်သေဖြစ်သည်။** ထို့ကြောင့် လေးအတတ်ပညာအပြည့် အစုံကို အာရီယန်တို့သာ ကျွမ်းကျင်ကြသည်။ သိဒ္ဓတ္ထမင်းသားဖွားမြင်သောအခါ လက္ခဏာဖတ်ပုဏ္ဏားပညာရှိတို့က **စကြ၀တေးမင်းဖြစ်မည်ဟု ဟော ခဲ့ကြသည်။ အာရီယန်စက္ကဝတ္တိမှာ စစ်ရထားပိုင်ရှင်သာဖြစ်သည်။ ယခုဟောသည့် စကြ၀တေးမှာ တစ်ကမ္ဘာလုံး ဘုန်းကံနှင့် အုပ်ချုပ်ရသည့် ဘုန်းရှင် ကံရှင်ဖြစ်သည်။** ရုပ်ရည်မှာ ပြိုင်ဘက်ကင်းအောင် ထူးခြားစွာ ဥပမိနှင့် ပြည့်စုံသူဖြစ်၍ ဒရာဗီဒီယန်နှင့် အာရီယန်တို့ စောင့်ကြည့်နေကြသည်။ အထူးသဖြင့် ဖိနှိပ်ခံ ဒရာဗီဒီယန်တို့က ပိုအားထားနေသည်။ လေးပညာပြပွဲ အခြေအနေအရ သိဒ္ဓတ္ထ စကြ၀တေးဖြစ်လာလျှင် သကျတို့နှင့် လက်တွဲပြီး အာရီယန်တို့ကိုခွာရန် မျှော်လင့်နေကြသည်။ လေးတော်တင်ပွဲသည် ဘုရားလောင်း၏ ကံစွမ်းပြပွဲဖြစ်သည်။ **ကမ္မဝိပါကော အစိန္တိယော အရ ကံချင်းကွာလှသဖြင့် သာမန်လူတို့အတွက် ခက်မည်သာ။**

လေးတော်တင်ပွဲတွင် သိဒ္ဓတ္ထသကျသာကီဝင်မင်းသားလေးသည် ဗိုလ်ခြေတစ်ထောင်တင်မှရသည့် လေးတော်ကို ကိုင်မြှောက်ကာ ဝဇီရစိန်အသွားတပ်သော မြားများဖြင့် လေးစွမ်းပြခဲ့သည်။ ထောင့်လေးထောင့်မှ လေးပညာရှင်ကြီးလေးယောက်၏ အဆက်မပြတ် မင်းသားထံ ချိန်ရွယ်၍

ပစ်သော တစ်ယောက်လျှင် ၃၀၀၀၀ ကျော်သော မြားများကို မင်းသားက မြားတစ်စင်ဖြင့် ကာကွယ်ပုတ်ချပြီး မြားမဏ္ဍပ်ကြီးဖြစ်အောင် အစွမ်းပြခဲ့သည်။ မြားမဏ္ဍပ်အလယ်မှ ခုန်ထွက်ပြီး ထောင့်လေးထောင့်ရှိ ပညာရှိကြီးလေးယောက်ကို မြားတစ်စင်းတည်းဖြင့် ပစ်ပြပါမည်ဟု မိန့်တော်မူသည်။ ပညာရှင်တို့က ကြောက်လှပါပြီဟု ငြင်းဆိုသဖြင့် မင်းရင်ပြင်လေးထောင့်တွင် ငှက်ပျော်ပင်လေးပင်စိုက်၍ သိဒ္ဓတ္ထသာကီဝင်မင်းသားလေး၏ မြားမြီးကို ပိုးကြိုးအနီဖြင့် ချည်မှောင်ကာ လေးတော်တွင် တင်၍ ပစ်သည်။ မြားသည် သက်ရှိသည့်ပမာ လွန်စွာ မလွယ်သည့် ထောင့်လေးထောင့်ရှိ ငှက်ပျောပင်လေးပင်ကို အလယ်တည့်တည့်မှ တစ်ဒေါင့်ချင်း တစ်ပင်ချင်း ဖောက်ထွင်း၍ သိဒ္ဓတ္ထမင်းသားလေး၏ လက်တော်သို့ မြား ပြန်ရောက်လာသည်။ ပရိသတ် ဗိုလ်ပုံတို့မှာ ရင်သတ်ရှုမောတအံ့တသြ ဖြစ်ကြရသည်။ ဘုရင်မင်းတို့က ဤပညာရပ်သည် လူသာမန်တို့အတွက် မဖြစ်နိုင်။ ဘုန်းရှင် ကံရှင် သမ္ဘာရှင် ပါရမီရှင် သိဒ္ဓတ္ထမင်းသားလေး အတွက် ထူးခြားလှသည့်အချက်ဖြစ်သည်။ မင်းသားလေးမှာ အမှန်တကယ်ပင် ဘုန်းထူး ကံစထူးကဲလှသည့် စကြဝတေးမင်းလောင်းဖြစ်ရမည်ဟု တထစ်ချယုံကြည်ပြီး ကြောက်ရွံ့ရှိသေကြသည်။

လေးတော်တင်ပွဲသည် သာကီဝင်တို့သမိုင်းဖြစ်၍ တိတိကျကျ အမှန်အတိုင်း အတိုချုံး၍ တင်ပြပါမည်။ အကျယ်သိလိုမှု ဆရာတော်ကြီး တိပိဋကဦးဝိစိတ္တသာရ ရေးသားတော်မူသော မဟာဗုဒ္ဓဝင်စာအုပ်ကြီးတွင် အကျယ်ကြည့်ရှုနိုင်ပါသည်။ ဇာတကပါဠိပထမတွဲ စာမျက်မှာ ၄၊ ဇာတက အဋ္ဌကထာဒုတိယတွဲ စာမျက်နှာ ၈၂၊ ၈၃၊ ၁၃၇၊ ဝိမာန အဋ္ဌကထာ စာ ၁၂၊ ၄၂ တို့ကို တင်ပြပါမည်။

## ရန်သူ့မြားကို ဆီးကာပုတ်ချ သရပင်္ဂဇာတက

အက္ခဏဝေဓိ စက္ကန့်ပိုင်းအတွင်း မြားချက်များစွာ ပစ်နိုင်သူ၊ ဝါလဝေဓိ သားမြီးဖျားကိုပင် ဖောက်ထွင်အောင် ပစ်နိုင်သူ၊ သဒ္ဒဝေဓိ အသံကြားလျှင် မကြည့်ဘဲ မှန်အောင် ပစ်နိုင်သူ၊ သရဝေဓိ ရှေ့မြားကိုနောက်မြားဖြင့် မှန်အောင် ပစ်နိုင်သူ အာရိယန်တက္ကသိုလ်ကြီးမှ လေးသည်တော်ပါမောက္ခကြီး

များပါ တက်ရောက်ကြသည်။ တစ်ရာ့တစ်ပါး မင်းပရိသတ်တို့ စုံညီပွဲတွင် သိဒ္ဓတ္ထမင်းသားလေးသည် အောက်ပါလေးပညာရပ်များကို ဆက်လက်ပြပြန်သည်။

**သတ္တမဟာကာယ ပဒါလန**ကို မပြခင် အထက်ပါမြားရေးကြီးလေးရပ်ကို သိဒ္ဓတ္ထမင်းသားသည် အာရီယန်လေးပညာပါမောက္ခတို့လက်ဖျား ခါတုန်လှုပ်အောင်ပြပြီး မြားတစ်ချက်တည်းဖြင့် အလိုရှိသမျှ မှန်ပြီး မြား ပြန်ရောက်သည့် **စက္ကဝေဓိပညာ**ကိုပြပြန်သည်။ ထို့နောက် ငှယ်တန်းကဲ့သို့ မြားတန်း အဆက်မပြတ်အောင် ပစ်ခြင်းတည်းဟူသော **သရလဋ္ဌိ မြားရေး**ကိုလည်းကောင်း ကြိုးအစဉ်ကဲ့သို့ပစ်ခြင်းတည်းဟူသော **သရရဇ္ဇုမြားရေး**ကိုလည်းကောင်း၊ မြားတို့ကို ပြာသာဒ်သဏ္ဌာန်ထင်အောင်ပစ်ခြင်း **သရပါသာဒ** မြားရေးကိုလည်းကောင်း၊ မြားတို့ကို စောင်းတန်းဖြစ်အောင် ပစ်ခြင်း **သရသောပါန** မြားရေးတို့ကိုလည်းကောင်း၊ မြားတို့ကို မဏ္ဍပ်အသွင် ပေါ်အောင် ပစ်ခြင်း **သရမဏ္ဍပမြားရေး**ကိုလည်းကောင်း မြားတို့ကို တံတိုင်းဖြစ်အောင် ပစ်ခြင်းဟူသော **သရပါကာရမြား**ရေးကိုလည်းကောင်း၊ မြားတို့ကို ရေကန်ဖြစ်အောင်ပစ်ခြင်း **သရပေါက္ခရဏီ** မြားရေးကိုလည်းကောင်း၊ မြားတို့ကို ပဒုမာကြာပွင့်ချပ်ထင်အောင်ပစ်ခြင်း **သရပဒုမမြားရေး**ကိုလည်းကောင်း၊ ရှေ့မြားကို နောက်မြားဖြင့် မှန်အောင်ပစ်ခြင်း **သရဝေဓိမြားရေး**ကိုလည်းကောင်း၊ မြားမိုးရွာခြင်းတည်းဟူသော **သရဝဿမြားရေး**ကိုလည်းကောင်း မြားရေးငယ် ၁၂ ခန်းကို အစွမ်းပြ ပစ်ပြသည်။ အားလုံး အံ့သြလွန်းသဖြင့် စကားမဆိုနိုင်ကြတော့။

**မြားရေးကြီး ၄ ရပ် မြားရေးငယ် ၁၂ ရပ်ပြပြီးနောက်ဝယ် ထုထည်ကြီးများကို ထုတ်ချင်းထွင်းအောင် ပစ်ခွင်းပြခြင်းဟူသော သတ္တမဟာကာယ ပဒါလနမြားအတတ်တို့ကို** ဆက်လက်ပြတော်မူပြန်၏။ ပရိသတ်များက အသက်ရှုမှားလောက်အောင် ထူးဆန်းလှသည့် ပြောမယုံကြုံဘူးမှသိ သိနိုင် တွေ့နိုင်မည့် လေးတော်တင်ပွဲကို ဆင်နွှဲခဲ့ကြသည်။

ရန်သူတို့ ပစ်လွှတ်လိုက်သောမြားကို မြားတစ်စင်းတည်းဖြင့် ကာကွယ်ပုတ်ချနိုင်သည့် သရပဋိဗာဟနခေါ် မြားကို မြားဖြင့် ကာကွယ်ခြင်းပညာကို

ပြပြီးနောက် ထုထည်ကြီးများကို ထုတ်ချင်းထွင်းအောင် အင်အားသုံး၍ ပစ်ခွင်းရသည့် လေးအတတ်ကို ဆက်လက်ပြတော်မူသည်။

ပထမဦးဆုံး စမ္ဘကာယအတတ်ကိုပြ၏။ အကျော်အမော်လေးသည်တော်တို့သည် ခြောက်သွေ့နေသော **ကျွဲရေချပ်တစ်ချပ်လောက်ကိုသာ** ထုတ်ချင်းထွင်းအောင် ပစ်နိုင်ကြသော်လည်း သိဒ္ဓတ္ထသာကီဝင်မင်းသားလေးသည် **ကျွဲရေချပ် အထပ်တစ်ရာကို** ထုတ်ချင်းထွင်းအောင် ပစ်ပြသည်။

အခြားအကျော်အမောလေးသည်တော်တို့ **လက်ရှစ်သစ်ထူသော ရေသဖန်းပျဉ်ချပ်လောက်ကိုသာ** ထုတ်ချင်းထွင်းအောင် ပစ်နိုင်သော်လည်း သိဒ္ဓတ္ထသာကီဝင်မင်းသားလေးကမူ ထိုပျဉ်ချပ်မျိုး **အထပ်တစ်ရာကို** ထုတ်ချင်းထွင်အောင် ပစ်ပြလိုက်သည်။

အခြားသူတို့က **လက်နှစ်သက်ထူသော ကြေးနီပြား၊ လက်လေးသစ်ထူသော သံပြားတစ်ချပ်လောက်ကိုသာ** ထုတ်ချင်းထွင်းအောင် ပစ်နိုင်သော်လည်း သာကီဝင်မင်းသားလေးက **ကြေးနီးပြား သံပြားများစွာကို** ထုတ်ချင်း ထွင်းအောင် ပစ်ပြခဲ့သည်။

အခြားသူတို့က **သဲလှည်း၊ ပျဉ်လှည်း၊ ကောက်ရိုးလှည်း တစ်စီးမျှ** လောက်ကိုသာ ထုတ်ချင်းထွင်းအောင် ပစ်နိုင်သော်လည်း သာကီဝင် သိဒ္ဓတ္ထမင်းသားလေးကမူ **ရှေ့မှပစ်၍ နောက်မှထွက် နောက်ကပစ်၍ ရှေ့မှထွက်အောင် လှည်း ၁၀ စီးထပ်တို့ကို** ပစ်ပြလိုက်လေသည်။

အခြားသူတို့က ရေထဲ၌ လေးဥသဘခန့် ကုန်းမြေ၌ ရှစ်ဥသဘခန့် တိုင်ရုံသာ ပစ်နိုင်သော်လည်း မင်းသားလေးကမူ ရေ၌လည်းကောင်း ကုန်း၌လည်းကောင်း ယူဇနာများစွာရောက်အောင် ပစ်နိုင်၏။

သိဒ္ဓတ္ထသာကီဝင်မင်းသားလေး၏ လေးတော်တင်ပွဲကား ကမ္ဘာတွင် အကြီးကျယ်ဆုံး အအောင်မြင်ဆုံးဖြစ်၏။ အာရီယန်တို့သည် အဝေးပစ်လက်နက်ဖြစ်သော လေးမြားဖြင့် ဒရာဗီဒီယန်တို့ကိုအနိုင်ယူခဲ့၏။ သကျတို့ကိုလည်း ချေမှုန်းရန်ရည်ရွယ်ခဲ့၏။ ယခုတော့မူ သာကီဝင်တို့ကို ကြောက်ရွံ့သွားပြီး မထီလေးစားမပြုရဲတော့ပေ။ မင်းသားတစ်ယောက်သည်ပင် ဤမျှလောက် အစွမ်းထက်နေလျှင် သာကီဝင်တစ်မျိုးလုံးနှင့်

မည်သို့ရင်ဆိုင် အနိုင်ယူပါမည်နည်း။

## လူမျိုးတစ်မျိုးကို တည်ထောင်ရာ၌ ကံ ဉာဏ် ဝီရိယပါဝင်ရသည်

လူသည် ရုပ်နာမ်စုံသည့် သတ္တဝါတစ်မျိုးဖြစ်သည်။ ရုပ်တစ်ခုတည်းသာ လေ့လာလျှင် မမှန်နိုင်ပေ။ ထို့ကြောင့် ပြည့်စုံသည့် စွမ်းအားစုံသည့် သာကီဝင်လူမျိုးအကြောင်းကို တင်ပြရာ၌ သာကီဝင်လူမျိုးမှ ဘုရားဖြစ်လာသော ဗုဒ္ဓမြတ်စွာဟောကြားခဲ့သည့် ပိဋကသုံးပုံကို အဓိကကိုးကား၍ တင်ပြခဲ့ပါသည်။ ဘုရားဟော ပိဋကစာပေများသည် တိကျမှန်ကန်ခိုင်လုံမှုရှိပါ သည်။ ဟောတော်မူသည့်ပုဂ္ဂိုလ်က မြတ်စွာဘုရားလိုက်နာကျင့်သုံးသူတို့က ရဟန္တာပုဂ္ဂိုလ်ကြီးများဖြစ်ကြပါသည်။ ဘုရား ရဟန္တာပုဂ္ဂိုလ်မြတ်တို့မှာ ကိလေသာနိဝရဏ ကင်းပြီးဖြစ်ကြပါသည်။ သတ္တဝါတို့ကို လေ့လာရာ၌ သတ္တဝါတို့ကို ဖွဲ့စည်းထားသော ရုပ်နာမ် သဘောတရားနှစ်မျိုးကို အကုန်အစင် သိမြင်မှ အဖြစ်မှန်ကို ရရှိပါမည်။ ယခုခေတ် ပညာရှင်အမည်ခံသူတို့မှာ ရုပ်ဝါဒီတို့သာ ဖြစ်ပါသည်။ လောကဓာတ်ကြီးနှင့် သတ္တဝါမျိုးစုံတို့ဖြစ်ပေါ်လာသည်မှာ အင်အားရှိသော စွမ်းအားတစ်ရပ်ရပ်ကြောင့် သို့မဟုတ် စွမ်းအားရှိသော တန်ခိုးရှိသူတစ်ဦးဦး၏ ဖန်ဆင်းမှုကြောင့် ဖြစ်ရမည်ဟု ခပ်တိမ်တိမ်တွေးခေါ်ကြသူများဖြစ်ပါသည်။ ရုပ်ဝတ္ထုတွေ့ရှိမှုများကိုသာ အဓိကအားပြု၍ သူတို့၏ အဆိုကို အခိုင်အမာပြောဆိုတတ်ကြပါသည်။

ထိုအတွေးမျိုးကို အသိဉာဏ်ရှိသော လူသားဘဝအစလောက်ကပင် တွေးခဲ့ကြပါသည်။ သတ္တလောကရှိ သတ္တဝါတို့သည် ဩကာသလောကရှိ တောတောင်ရေမြေနက္ခတ်တာရာဂြိုဟ်ဘုံဗိမာန်များသို့ ပြောင်းရွှေ့နေကြကြောင်း သူတို့တွေ့လာကြပါသည်။ ဘာ့ကြောင့် သတ္တဝါတွေဟာ ဘုံဘဝအမျိုးမျိုးသို့ ပြောင်းရွှေ့ရပါသနည်း။ အကြောင်းရင်းကိုရှာသော် မိမိတို့ အတွေ့အကြုံဉာဏ်လောက်နှင့် မမှီခဲ့ပါ။ ထိုအခါမှာ ဘာသာရေး အယူဝါဒ စတင်ထူထောင်သူတို့က ဖန်ဆင်းရှင် တန်ခိုးရှင် အနန္တစွမ်းအားရှင်တစ်ဦးဦးက ဖန်ဆင်းနေခြင်းဖြစ်ရမည်ဟု တွက်ဆလာကြပါသည်။ ထိုအကြောင်းကို တစ်စတစ်စ ပြောဆိုလာကြရာမှ ဖန်ဆင်းရေးဝါဒကြီးတစ်ရပ် ပေါ်ထွက်လာခဲ့သည်။

ဖန်ဆင်းရှင်အဖြစ် မိမိတို့နှင့် မနီးစပ်သော ကောင်းကင်ဘုံတစ်နေရာရာကို မျှော်မှန်း၍ မိမိတို့ မတွေ့မြင်ဘူးသော နတ်ဗြဟ္မာဘုရားသခင် ပုဂ္ဂိုလ်မြတ် အရှင်မြတ်တို့ကို ရော်ရမ်းအမည်တပ်၍ ဖန်ဆင်းရေးဝါဒအမျိုးမျိုးကို ဖော်ထုတ်ခဲ့သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဖန်ဆင်းရှင်တို့မှာ တစ်ဦးတည်းသော တစ်ယောက်တည်းဖြစ်နေပါက လက်ခံကြပါဦးမည်။ ယခုတော့မူ ဖန်ဆင်းရှင်တွေက တစ်ယောက်မက များလှပါသည်။ ဘယ်သူသည် ဖန်ဆင်းရှင် တန်ခိုးရှင် စွမ်းအားရှင် အစစ်ဖြစ်နိုင်ပါသနည်း။ ထိုအခါ ဘာသာရေးဝါဒ အမျိုးမျိုးကွဲ ဖန်ဆင်းရှင် အမျိုးမျိုးကွဲကာ ယနေ့အချိန်ထိ ဘာသာရေး ပဋိပက္ခ ဘာသာရေးစစ်ပွဲ မိမိဘာသာအနိုင်ရရေးအတွက် လူအား ငွေအား ရာထူးအား အာဏာအား လူလူချင်းလွှမ်းမိုးမှု လူမြို့မှုစသော လူမှုရေး ဒုက္ခမျိုးစုံတွေ့ကြုံလာရပါသည်။

ဘီစီ ၆ ရာစုလောက်တွင် အိန္ဒိယမြေ၌ ရှင်တော်ဗုဒ္ဓပွင့်တော်မူခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာသည် တခြားဘာသာရေးခေါင်းဆောင်ဘုရားတို့နှင့် မတူပါ။ ကွဲပြားပါသည်။ တခြားဘာသာဝါဒတို့အရ လူနှင့်လောကကြီးကို ဖန်ဆင်းရှင်ဘုရားသခင်တို့က ဖန်ဆင်းလိုက်သည်ဟု လောကဓာတ်ဖြစ်ပေါ်မှု လူ တိရစ္ဆာန်ဖြစ်ပေါ်မှုကို သဘာဝမကျသော ယုတ္တိမရှိသည့် ဒဏ္ဍာရီပုံပြင် တို့နှင့် အဖြေထုတ်ခဲ့ကြပါသည်။ ထိုဖန်ဆင်းရှင်ဝါဒကို အသိဉာဏ်ရှိသူတို့ က လက်မခံကြပါ။ သူတို့၏ ဖန်ဆင်းရှင်ဝါဒမှာ လက်တွေ့လောကနှင့် ညှိနှိုင်း၍ မရသော်လဲ လူအများစုဖြစ်နေသဖြင့် မဆန့်ကျင်ချင်ကြပါ။ နောင်သောအခါ ဝယ် အသိဉာဏ်ရှိသူတို့ ရှိလာပါသည်။ ထိုသူတို့သည် လောကကြီး၏ ရုပ်ပိုင်း ဆိုင်ရာ အရာဝတ္ထုတို့ကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာလေ့လာရာမှ ခေတ်သစ် သိပ္ပံပညာရပ်တို့ ပေါ်ထွက်လာပါသည်။ သိပ္ပံပညာရပ်များကို ပညာရှင်မျိုးစုံတို့ လေးလေးနက်နက်လေ့လာကြပါသည်။ ဩကာသ လောကနက္ခတ်တာရာ ပညာရပ်တို့ကို ကျယ်ပြန့်စွာ သိလာကြပါသည်။ သတ္တလောက ရှိလူ တိရစ္ဆာန်တို့ကို လေ့လာကြပါသည်။ ယခုအခါ ပညာရှင်တို့သည် ကမ္ဘာလောကဓာတ်အကြောင်းနှင့် လူ သတ္တဝါတို့အကြောင်းကို ကြွင်းကျန်ရစ် သော ရုပ်ကြွင်းများကို ရှာဖွေဖော်ထုတ်သက်တန့် ခန့်မှန်းနိုင်လာကြပါသည်။

တွေ့ရှိသော ရုပ်ဝတ္ထုများကို လေ့လာဖော်ထုတ် ခန့်မှန်းတွက်ချက်ရသော ပညာဖြစ်၍ ရုပ်ပိုင်းအတွက်တော့ မှန်ကန်နိုင်ပါသည်။ သိပ္ပံပညာရှင်တို့ သဘောမှာ တွေ့ရှိသည့်အချက်များကို သစ္စာရှိစွာ ဖော်ထုတ်ကြသူများဖြစ်၍ လေးစားရမည့်သူများဖြစ်ပါသည်။ သိပ္ပံပညာရှင်များကို လေးစားပါသည်။ ယုံကြည်ပါသည်။

## လောကကြီးကိုရုပ်နာမ်စုံတို့ဖြင့် ဖန်တီးထားသဖြင့် ရုပ်နာမ်စုံလေ့လာမှ မှန်မည်

ဖန်ဆင်းရှင်တို့၏ လောကအမြင်လောကဓာတ်အမြင်မှာ ရုပ်နာမ်သဘာဝအမြင်ကို မလေ့လာဘဲ ဖန်ဆင်းရေးဝါဒကို အခြေခံထားသဖြင့် အား မကိုးလောက်ဟု ဆိုနိုင်ပါသည်။ အကြောင်းအကျိုး ဆက်စပ်မှု ကင်းဝေးနိုင်ပါသည်။ သိပ္ပံပညာရှင်တို့၏ တွေ့ရှိမှုမှာ ရုပ်သဘာဝ တစ်ခုတည်းကိုသာ အခြေပြုတွက်ချက်မှုဖြစ်၍ ရုပ်ပိုင်းတည်ဆောက်မှုအတွက် စိတ်ချရပါသည်။ ဩကာသ လောကတည်ဆောက်မှုမှာ ရုပ်ပစ္စည်းအဓိကဖြစ်၍ သိပ္ပံပညာရှင်တို့အမြင်ကို မှန်ကန်သည်ဟု ဆိုနိုင်လောက်ပါသည်။ သတ္တလောကနှင့် ပတ်သက်လာလျှင်မူ စဉ်းစားရပါမည်။ သတ္တလောကဖွဲ့စည်းပုံမှာ ကျယ်ပြန့်ရှုပ် ထွေးများပြားလှပါသည်။ လူသားတို့သာမက အပါယ်ဘုံသားဒုဂ္ဂတိဘုံသားများ၊ လူများ နတ်များ၊ ဗြဟ္မာများပါဝင်ပါသည်။ လူသားတို့၏ အာရုံခံအင်္ဂါများဖြစ်သော မျက်စိ နား နှာ လျှာ ကိုယ် စိတ်တို့ဖြင့် မြင်နိုင် တွေ့နိုင်ခံစားသိနိုင်သော သတ္တဝါများ ရှိသလို မမြင်မတွေ့မခံစားနိုင်သော သတ္တဝါများလည်း ရှိပါသေးသည်။ လူသား၏ အာရုံခံအင်္ဂါများအရ အပါယ်လေးဘုံသားများ နတ်များ ဗြဟ္မာများကို မမြင်မတွေ့နိုင်ပါ။ မတွေ့နိုင်သည်မှာ တကယ်မရှိ၍ မတွေ့မမြင်မသိခြင်းမဟုတ်ပါ။ ရှိပါလျက်နှင့်မတွေ့မမြင် မသိခြင်းသာ ဖြစ်ပါသည်။

လေထဲတွင် ရုပ်ရောဂါ အသံရော လာနေပါသည်။ သာမန် မျက်စိ

ဖြင့် မမြင်နိုင်ပါ။ မမြင်နိုင်၍ မရှိဟု ဆို၍ မရပါ။ မယုံလျှင် သက်ဆိုင်ရာ ရေဒီယို တီဗွီအသံဖမ်းစက်များနှင့် ဖမ်းကြည့်ပါ။ တီဗွီမှန်သားပြင်တွင် ရုပ်ရော အသံရော ကြည်လင်စွာ ပေါ်ထွက်လာပါလိမ့်မည်။ ထို့ကြောင့် လေထုထဲတွင် ရုပ်တွေ အသံတွေ တကယ်ပင် ရှိနေကြောင်း သေချာပါသည်။ **သာမန်မျက်စိ ဖြင့် မမြင်ရခြင်းမှာ ဖမ်းယူသော ကိရိယာလွဲနေ၍ ဖြစ်ပါသည်။** ဖမ်းယူရရှိနိုင်သော ကိရိယာလွဲနေ၍ ဖြစ်ပါသည်။ ဖမ်းယူရရှိနိုင်သောစွမ်းအားရှိသည့် **ကိရိယာမှန် အချိန်မှန် မီတာမှန် ပါဝါမှန်ရန် လိုအပ်ပါသည်။** ထို့ကြောင့် သတ္တလောကကြီးကို လေ့လာကြည့်ရှုရာ၌ **သာမန်မျက်စိနှင့် မမြင်နိုင်၍ မတွေ့ရခြင်းမှာ အဘိညာဉ်မျက်စိနှင့် ကြည့်မှ မြင်နိုင်သောအရာဖြစ်၍ ကိရိယာမှန်ရန်လိုအပ်ပါသည်။ သာမန်မျက်စိနှင့် မမြင်ရုံမျှနှင့် မရှိပါဟု ဆိုလျှင် ရယ်စရာဖြစ်ပါမည်။**

ညောင်ပင်ကြီး၏ ညောင်စေ့လေးမှာ သဲပွင့်မျှသာရှိ၍ သေးငယ်လွန်းသည်။ ထိုညောင်စေ့လေးထဲတွင် အလံတစ်ရာ ညောင်ပင်ကြီးတစ်ပင် ရှိသည်ဟု ဆိုပါက မယုံကြည်နိုင်ပါဟု ဆိုလာကြပါမည်။ အကောင်းဆုံး မျက်စေ့ အကောင်းဆုံး အဏုကြည့်မှန်ပြောင်း၊ အကောင်းဆုံး သိပ္ပံကိရိယာများနှင့်ကြည့်လျှင်လည်း တွေ့မြင်နိုင်မည်မဟုတ်ပါ။ မယုံဘူးဆိုလျှင် ထိုညောင်စေ့လေးကို မြေတွင် ချစိုက်ကြည့်ပါ။ မြေ ရေ လေ အားလုံးပြည့်စုံလျှင် အပင်ပေါက်လာပါလိမ့်မည်။ ထိုသို့အပင်ငယ်ပေါက်လာ၍ အချိန်ကြာမြင့်လာလျှင် အလံတစ်ရာ ညောင်ပင်ကြီးဖြစ်လာပါလိမ့်မည်။ ညောင်စေ့လေးထဲတွင် ရှိနေ၍သာ အပင်ပေါက်လာခြင်းဖြစ်ပါသည်။ ကြည့်၍ မမြင်နိုင်သည်မှာ သတ္တိသာရှိ၍ ဖြစ်ပါသည်။ သတ္တိသဘာဝကို မြင်နိုင်သည်မှာ အဘိညာဉ်အမြင်သာရှိပါသည်။ အဘိညာဉ်အမြင်များကို အဘိညာဉ်ရပုဂ္ဂိုလ်များသာ မြင်နိုင်ပါသည်။ ကံကြောင့်ဖြစ်သော ကမ္မဇိဒ္ဓိတန်ခိုးအင်အားရှိသော နတ်ဗြဟ္မာတို့လည်း မြင်နိုင်ပါသည်။ ဒိဗ္ဗစက္ခုနတ်မျက်စိဟု ခေါ်ကြပါသည်။ အဘိညာဉ်စျာန်တန်ခိုးရလျှင် လူသား အဘိညာဉ်ရပုဂ္ဂိုလ် ဘုရား ရဟန္တာ အရိယာစျာန်ရှင်တို့လည်း မြင်နိုင်ပါသည်။ အဘိညာဉ်နှင့် မြင်တွေ့နိုင်သော အမြင်မှာ ရှေ့နောက် အချိန်ကာလ

ရာထောင်နှစ်များသာမက ကမ္ဘာပေါင်းများစွာ နှစ်ပရိစ္ဆေဒအသင်္ချေအနန္တ မြင်နိုင်စွမ်းရှိကြပါသည်။ သာမန် နောက်ကျူရှုပ်ထွေးနေသောစိတ်ကို သမာဓိရအောင် စိတ်အနယ်ကျအောင် အာရုံတစ်ခုထဲမှာ စွဲမြဲနေအောင် ကျင့်လျှင် သမာဓိအားကောင်းလာပါသည်။ မိမိကြည့်လိုရာ မြင်လိုရာ သိလိုရာ အာရုံကို သမာဓိအားကောင်းစွာဖြင့် အဓိဋ္ဌာန်ပြီးကြည့်လျှင် အတိတ် အနာဂတ် နှစ်ပရိစ္ဆေဒ အသင်္ချေ အနန္တ သိလိုသမျှကို မြင်လာရပါသည်။ သတ္တဝါတို့ သန္တာန်တွင်ရှိသော နာမ်တရား၏ စွမ်းအားမှာ အင်အားကောင်းလှပါသည်။ ထိုနာမ်စွမ်းအားသည် ရုပ်စွမ်းထက် ပိုမိုသာ လွန်အားကောင်းပါသည်။ နာမ်စွမ်းအားကိုပယ်၍ မရပါ။

သုမေဓာရှင်ရသေ့လေးသည် မြေပြင်ဝယ် အလျားမှောက်၍ ဒီပင်္ကရာ ဘုရားရှင်ထံ ဘုရားဆုပန်ဆင်ပါသည်။ ဒီပင်္ကရာဘုရားရှင်သည် အဘိညာဉ် တန်ခိုးဖြင့် ကြည့်ရှုလတ်သော် ဘဝပေါင်း အနန္တ နှစ်ပရိစ္ဆေဒပေါင်း ရေတွက် မရလောက်အောင် အချိန်ကြာသည့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ လျှင် သုမေဓာရှင်ရသေ့လေးသည် ဂေါတမမည်တွင် ဘုရားရှင်ဖြစ်လိမ့်မည် ဟု သိမြင်တော်မူပါသည်။ ဉာဏ်တော်တွင် ပေါ်လာသော အသိအမြင်ဖြင့် ဂေါတမဘုရားရှင်၏ နိုင်ငံ မြို့ရွာ မိဘ ဇနီး မယား သား အခြွေအရံ ရဟန်းဘဝ သာဝကစုံလွင်စွာ ဗုဒ္ဓဝင်ကို ဟောပြခဲ့ပါသည်။ အဘိညာဉ်ဖြင့် အမှန်မြင်နိုင် စွမ်းကို လက်မခံ။ သိပ္ပံနည်းမကျဟု ဆိုလျှင် အသင်ကိုယ်တိုင်ကျင့်ပါ။ ရပါလိမ့် ကောင်ပါ။

## ဉာဏ်ရှိသူတိုင်း ဗုဒ္ဓအဘိဓမ္မာ သဘာဝဓမ္မကို လေ့လာထားမှ အမြင်မှန်ပါမည်

သိပ္ပံပညာရှင်တို့၏အမြင်မှာ တွေ့ရှိသော ရုပ်တရားကို အစွမ်းကုန် လေ့လာသောအမြင်ဖြစ်ပါသည်။ သဘာဝတရားသည် ပထဝီ တေဇော ဝါယော အာပေါ ဓာတ်ကြီးလေးပါးဖြင့် လောကဓာတ်တခွင်ကို ဖွဲ့စည်း ထားပါသည်။ မြန်မာလို မြေ ရေ လေ မီးဓာတ်ကြီးလေးပါးဖြင့် ရုပ်လောက ကို ဖွဲ့စည်းထားပါသည်။ ဩကာသလောကဓာတ်ကြီးကို လေ့လာလျှင်

ဤဓာတ်ကြီးလေးပါးကိုသာ တွေ့ရပါမည်။ သတ္တလောကကို ဖွဲ့စည်းရာ၌ ရုပ်သာမက နာမ်တရားပါ ပါဝင်ဖွဲ့စည်းထားပါသည်။ ရုပ်တရားကို ရုပ်၂၈ပါးဖြင့် ကလာပ်စည်းအဆင့်ဆင့် ဖွဲ့စည်းထားသဖြင့် ရှိးရှင်းပါသည်။ နာမ်တရားကို ဖွဲ့စည်းရာ၌ စိတ်စေတသိက် နိဗ္ဗာန်ပညတ် အုပ်စုကြီး လေးစုပါလာပါသည်။ စိတ်သည် နာမ်တရား၏ အဓိက ဦးဆောင်ဖြစ်ပါသည်။ ထိုစိတ်ကို လောကီစိတ် လောကုတ္တရာစိတ်ဟု ခွဲခြား ထားပါသည်။ ဘုံလောကကြီးထဲတွင် လည်နေလျှင် လောကီစိတ်တို့ အရေးပါပါသည်။ လောကီစိတ်တို့တွင် ကာမစိတ် ရူပစိတ် အရူပစိတ်တို့ ပါဝင်ပါသည်။ တစ်ခုနှင့် တစ်ခု မတူပါ။ ကာမဂုဏ်ကို နှစ်သက်တောင့်တ၍ ပြုလုပ်မှု မှန်သမျှ ကာမစိတ်ဖြစ်ပါသည်။ ကာမစိတ်ကို သူတစ်ပါးကို နှိပ်စက်ညှင်းပန်း လုယူခိုးဝှက် ကျူးလွန်ဖောက်ပြားလိမ်ညာရမ်းကား သောက်စား ညစ်ညမ်းသော စိတ်ယုတ်မာဖြင့် ပြုလုပ်နေလျှင် ဒုဂ္ဂတိဘုံ ဘဝဒုက္ခခံရမည်။ သုဂတိ ဘုံဘဝ လူနတ်ဖြစ်လိုလျှင် ကုသိုလ်စိတ်နှင့် ပြုရမည်။ ကာမဂုဏ်ကို မလိုလားဘဲ သမထစွမ်းအားကို ကျင့်ဆောင်လျှင် ရူပဗြဟ္မာ အရူပဗြဟ္မာဖြစ်မည်။ လူ နတ် ဗြဟ္မာဖြစ်ရသော်လည်း မသေခင် တခဏ တစ်ဘဝသာ စံရမည်။ နောက်ဆုံး၌ အို နာ သေ ဒုက္ခတွေကြုံရမည်။ မည်သည့်ဘဝဘဲရရ ဤအို နာ သေ ဒုက္ခနှင့်သာ အဆုံးသတ်ရ။ ကြုံရမည်ဖြစ်၍ သံသရာမှ လွတ်လိုလျှင် လောကုတ္တရာ ဘာဝနာပွားရမည်။ ထိုအခါ အကုသိုလ်မျိုးစေ့တို့ ကုန်ခန်းကာ သံသရာ ဝဲဩဃမှ လွတ်မည့် လောကုတ္တရာ စိတ်များ ဖြစ်ပွားလာမည်။

စေတသိက်မှာ စိတ်နှင့် တွဲယှဉ်နေသော သဘာဝတရားတို့ဖြစ်သည်။ အကုသိုလ်စေတသိက်တို့တွဲလာလျှင် အကုသိုလ်အကျိုး ဒုက္ခအကျိုးတွေ ခံရမည်။ သတ္တဝါများ ဘုံများသို့ရောက်မည်။ ဘယ်သူမှ မဖန်ဆင်းနိုင်။ မပို့နိုင် မကယ်တင်နိုင်။ ကုသိုလ်စေတသိက်တို့ တွဲလာလျှင် ကုသိုလ်အကျိုး သုခအကျိုး ကောင်းကျိုးများကို စံရမည်။ လူနတ်ဗြဟ္မာဘုံများတွင် လူနတ် ဗြဟ္မာဖြစ်မည်။ ဘယ်ဖန်ဆင်းရှင်ကြောင့်မှ မဟုတ်။ သတ္တဝါတွေ ပြုလုပ်သည့် အကျိုးသာဖြစ်သည်။ ထို့ကြောင့် မည်သည့် ဖန်ဆင်းရှင်မှ အားကိုးစရာ မလို။

မိမိကိုယ်ကိုသာ အားကိုးပါ။ ကောင်းမှုသာ လုပ်ပါ။ မကောင်းမှုကို ရှောင်ပါ။ နိဗ္ဗာန်မှာ လောကမှ ထွက်မြောက်ရေး အို နာ သေ ဒုက္ခမျိုးစုံမှ လွတ်မြောက်ရာ ဖြစ်သည်။ ပညတ်မှာ လူတို့ သမုတ်ထားသော အခေါ်အဝေါ် စသည်တို့ ဖြစ်သည်။

အခြေခံ ဖြစ်သော ရုပ် နာမ်နှစ်ပါးစုံကို သဘာဝ ဓမ္မက ဖန်တီးထားခြင်းဖြစ်သည်။ သဘာဝဓမ္မ၏ နယ်ပယ်ဖြစ်သော ရုပ်နယ် နာမ်နယ် သဘာဝကို အကုန်အစင်သိမြင်ပါမှ လောကတွင် ကျင်လည်ရာ၌လည်း ချမ်းချမ်းသာသာကျင်လည်ရမည်။ ဒုက္ခဘုံကြီးဖြစ်သော သံသရာမှ ထွက်မြောက်လိုလျှင်လည်း ထွက်မြောက်ရေးအကျင့်မြတ်များကို ကျင့်နိုင်မည်။ သဘာဝဓမ္မခေါ် သဘာဝတရားကြီးသည် လောကဓာတ်စကြဝဠာကြီးကို သဘာဝတရားစုံစုံလင်လင်ဖြင့် ဖွဲ့စည်းခဲ့သည်။ အားကိုးရာ ပုဂ္ဂိုလ်ဟူသည် သဘာဝတရား ရုပ်နာမ်အစုံကို အကုန်အစင်ဖြစ်ပုံတည်ရှိပုံ ပျက်ပုံကို အစအဆုံး သိသူဖြစ်ရမည်။

ထိုသို့သော ရုပ်နာမ်သဘာဝကို သိသူသည် မိမိဖြစ်လိုရာ မိမိပုံသွင်းနိုင်ပြီဖြစ်သည်။ လူနတ်ပြဟ္မာသတ္တဝါဟူသမျှတို့အထဲတွင် အမြင့်မြတ်ဆုံး အသိဉာဏ်အရှိဆုံး တန်ခိုးအကြီးဆုံး ဗုဒ္ဓမြတ်စွာဖြစ်လိုပါကလည်း ရပါသည်။ သို့သော် ဘုရားဖြစ်လိုသူသည် ဘုရားဖြစ်ရေးအတွက် လိုက်နာကျင့်သုံးရမည့် ဓမ္မသဘာဝများကို အမှန်အကန် အပြည့်အဝ အချိန်ပြည့် ကျင့်ဆောင်ရမည်။ လောကတွင် မိမိလိုလားချက်အတိုင်းရရှိနိုင်ရန် စုဆောင်းရဖြည့်ကျင့်ရမည့် သဘာဝဓမ္မတို့ရှိကြသည်။ အလုပ်မလုပ်ဘဲ မည်သူမျှ အလုပ်နှင့် ထိုက်တန်သော ရာထူးနေရာ အာဏာပါဝါ တန်ခိုး ဣဒ္ဓိပါဒ် စွမ်းအား စွမ်းအင်အာနုဘော်တို့ကို မရနိုင်ပေ။ ဘုရားအမည်နှင့် ဘုရားဖြစ်လိုသူသည် ဘုရားဖြစ်ကြောင်း ပါရမီခေါ် ဓမ္မသဘာဝတို့ကို ဖြည့်ရမည်။ မဖြည့်ကျင့်ဘဲ ဘုရား ဖြစ်ပါသည်ဟု ပြောဆိုလာလျှင် ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြပါ။ အတုသာ ဖြစ်နိုင်ပါသည်။ အစစ်မဖြစ်နိုင်။ အမှန်မဖြစ်နိုင်ဘဲ အမှားဘုရားသာ ဖြစ်နိုင် ပါလိမ့်မည်။ အဆိပ်ရည်ကို အားဆေးထင်၍ သောက်လျှင် တစ်ဘဝသာခံရမည်။ ဘုရားမှားလျှင်ကား

မတွေးဝံ့စရာပါ။ ပညာရှင်တို့သည် ပညာရပ်များ ကို အစအဆုံး သိအောင် လေ့လာရမည့်သူများဖြစ်သည်။ အထူးသဖြင့် ဘာသာရေး ပညာရှင်တို့သည် အခြားပညာရှင်များထက်ပို၍ အရေးကြီးသည်။ ဘာသာရေးပညာရှင်တို့သည် လူများစွာတို့ကို အသိပေးကြမည့် တာဝန်ရှိ သည့်သူများဖြစ်သည်။ တာဝန်ရှိသူ ရှေ့ဆောင်လမ်းပြမည့်သူများဖြစ်၍ စာတွေ့စုံအောင်လေ့လာထားရမည်။ စာတွေ့စုံလျှင် လက်တွေ့ထပ်မံလေ့လာရမည်။ စာတွေ့လက်တွေ့ ပြည့်စုံ စိတ်ချရမှ သူတစ်ပါးကို ဆရာလုပ်သင့်သည်။ အမှန်တကယ် ပြောရမည် ဆိုလျှင် လူတိုင်းကို အသိပေးလိုပါသည်။ စေတနာကောင်းနှင့် သံသရာဝယ် မနစ်မွန်းစေလို၍ သတိပေးရဒါပါ။ သံသရာခရီးရှည်ကြီး၌ တစ်ဦးနှင့်တစ်ဦး မိဘဆွေမျိုးအားလုံးတော်စပ်ခဲ့ကြပါသည်။ ယခုအခါ အခြား သူစိမ်းများဖြစ်နေ သော်လည်း အားလုံးဆွေရင်းမျိုးချာများသာဖြစ်ပါသည်။ မိမိ၏ မိဘဆွေမျိုးများ အပါယ်ဘုံတွင် ငရဲဒုက္ခမျိုးစုံ မခံစားစေချင်ပါ။ တိရစ္ဆာန်ဘုံတွင် ရိုက်နှက်ခိုင်းစေ အသတ်ခံရသည့် ကျွဲ နွားကြက်ငှက် ဝက်လောက်များ မဖြစ်စေချင်ပါ။ မကြည့် ရက်ပါ။ သနားလှပါသည်။ ပြိတ္တာဘုံတွင် ဇတ် ပြတ်ဆင်းရဲ မီးတောက်စွဲပြီး သွေးပြည်သလိပ် အပုပ် အစပ်တို့ကို လုယက်စားသောက် ခိုကိုးရာမဲ့ပြိတ္တာများ မဖြစ်စေလိုပါ။ အသုရကာယ်ဘုံတွင် မှောင်နှင့်မဲမဲရေခဲတမျှ အေးလှသည့်နေရာ အစားအစာ မစားရ ဒုက္ခမရောက်စေချင်ပါ။ ထို့ကြောင့် ဆွေတော် မျိုးတော် သံသရာအဖော်တို့ကို သတိပေးရ အသိပေးရ တာတ်သမျှ မှတ်သမျှ မျှဝေရပါ သည်။

ဘုရားအမည်ခံပြီး ဘုရားဖြစ်ကြောင်း သဘာဝဓမ္မကို မကျင့်ဆောင် ခဲ့သည့် လူလိမ်လူညာ လူမသမာတို့၏ နောက်လိုက်နောက်ပါဖြစ်ပြီး ကိုးကွယ် ရာ မမှားစေချင်ပါ။ လူတိုင်း လူတိုင်း ပညာရှင်တိုင်း ခေါင်းဆောင်တိုင်း အမှန် တရားကို သိရန် အထူးလိုအပ်ပါသည်။ ဂေါတမဗုဒ္ဓသည် ဘုရားဖြစ် ကြောင်း ပါရမီတရားထူးတို့ကို ဖြည့်ကျင့်ခဲ့သဖြင့် ရုပ်နာမ် သဘာဝဓမ္မကို အပြည့်အစုံ သိသူ ကိုးကွယ်အားထားရာ ဘုရားအစစ်ဖြစ်ပါသည်။ စိတ်ချ လက်ချ ယုံကြည်ရပါသည်။ ထိုဂေါတမဗုဒ္ဓသည် သဘာဝဓမ္မကို ဗုဒ္ဓအဘိဓမ္မာ အဖြစ် ဟောပြထားသဖြင့် ရုပ်နာမ်ပြည့်စုံပါသည်။ တကယ့်ပညာရှင်တို့

မည်သည့် လောကအဖြစ်မှန် ရုပ်နာမ်စုံပါ လေ့လာထားမှ စစ်မှန်သော ပညာရှင်ဖြစ်ပါ လိမ့်မည်။

ထိုပညာရှင်တို့၏ သုံးသပ်ဆုံးဖြတ်ချက်များသည် ပြည့်စုံရန် လိုအပ်ပါသည်။ လူသားတို့၏ ဘဝဖြစ်စဉ်ကို လေ့လာရာ၌ ရုပ်ပစ္စည်း ရုပ်ကြွင်းကို အားထားလေ့လာရသူတို့သည် မိမိတို့၏ တွေ့ရှိချက်ကို သုံးသပ်၍ အဖြေထုတ်ရမည်မှာ သိပ္ပံပညာ၏ သဘာဝဖြစ်ပါသည်။ သို့သော် ပညာရပ်တစ်ရပ်ကို တင်ပြရာ၌ အဓိကရည်ရွယ်ချက်မှာ ထိုအရာဝတ္ထု၏ အမှန်တရားကို ဖော်ထုတ်နိုင်ရန် ဖြစ်ပါသည်။ အမှန်တရားကို သုံးသပ်နိုင်ရန်ဖြစ်ပါသည်။ အဆုံးစွန်သော အမှန်တရားကို ဖော်ထုတ်ရာ၌ သက်ရှိ သက်မဲ့အလိုက် ရုပ်နာမ်ပါဝင်ဖွဲ့စည်းမှုစုံကို လေ့လာမှ ပြည့်စုံပါမည်။

အမှန်တရားမည်သည့်ဘက်စုံထည့်သွင်းတွက်ချက်မှ ပြည့်စုံပါမည်။ ဤစာအုပ်တွင် ပြုလူမျိုးမှ သက္ကလူမျိုးထိ ဖြစ်စဉ်ကို ဖော်ထုတ်နေပါသည်။ ထိုသို့ ဖော်ထုတ်ရာ၌ ရုပ်ဝတ္ထုသက်သေအပြင် နာမ်ပိုင်းဆိုင်ရာ သက်သေပါလိုအပ်ပါသည်။ နာမ်ပိုင်းဆိုင်ရာသက်သေတွင် စာပေအထောက်အထားသည်လိုအပ်ပါသည်။ ထိုစာပေအထောက်အထားထဲတွင် ဗုဒ္ဓစာပေ အထောက်အထားသည် ထည့်သွင်းစဉ်းစားရမည့် မှန်ကန်မှု အရှိဆုံး သက်သေတစ်ခုဖြစ်ပါသည်။

ရုပ်ဝတ္ထုတွေ့ရှိမှု စာပေမှတ်တမ်းတင်တွေ့ရှိမှုတို့ကို လက်တွေ့ ဖြစ်စဉ်များနှင့် ညှိနှိုင်းသုံးသပ်ရပါမည်။ ဓလေ့ထုံးစံ စာပေယဉ်ကျေးမှု စသည်တို့ကို ဖော်ထုတ်ရာ၌ အကြောင်းအကျိုး ဆက်စပ်သုံးသပ်မှုကိုလည်း ထည့်သွင်း စဉ်းစားရပါမည်။ ထို့ကြောင့် ဆက်စပ်မှုရှိသော ကြောင်းကျိုးဆက်သွယ်မှုကိုပါ ထည့်သွင်းထားသဖြင့် ပညာရပ် မဆန်ဘူးဟု ဆိုလိုက ဆိုနိုင်သော်လည်း အမှန်တရားဖော်ထုတ်ရာ၌ ဆန္ဒစွဲ ဒေသစွဲ ပုဂ္ဂိုလ်စွဲ လူမျိုးစွဲ ဘာသာစွဲ ကင်းကင်းနှင့် သဘာဝကျကျ သုံးသပ်မှုသည် အမှန်တရား ဖြစ်စဉ်ဖြစ်နိုင်၍ တွဲဘက်သုံးသပ်တင်ပြထားပါသည်။ ပုံပြင်မဟုတ်ပါ။ ဒဏ္ဍာရီ မဟုတ်ပါ။ ဖြစ်စဉ်မှန်သာပါ။

သက္ကတိုင်းကို မည်သည့်အချိန်လောက်တည်ခဲ့ပါသနည်း။

တကောင်းပြူလူမျိုးတို့မှ သာကီဝင်လူမျိုးတို့သည် ဟိမဝန္တာတောင်ခြေတွင် ကပိလဝတ္ထု ကောလိယ ဒေဝဒဟ သုံးပြည်ထောင်သော သာကီဝင်တို့၏နိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ သာကီဝင်နိုင်ငံ သက္ကတိုင်းကို မည်သည့်အချိန်လောက်က တည်ထောင်ခဲ့ပါသနည်း ဟု တွက်ဆရန် လိုအပ်လာ၏။ ထိုအခါ သာကီဝင်တို့၏ ဖြစ်စဉ်ကို လေ့လာသောအခါ နောက်ကြောင်းပြန်လေ့လာရမည်ဖြစ်သည်။

ပထမအချက်မှာ သာကီဝင်တို့သက္ကတိုင်းမှ ထွက်ခွာလာချိန်ဖြစ်၏။ ဘုရားရှင်လက်ထက် နောက်ဆုံးဝါသည် ဝါတော် ၄၅ သက်တော် ရှစ်ဆယ်ဖြစ်သည်။ ထိုနှစ်မှာပင် ဘုရားရှင်နှင့် ကောသလမင်းကြီးတို့ မေဒါဠုပ သာကီဝင်တို့၏ နိဂုံးရွာတွင် နောက်ဆုံးတွေ့ဆုံခဲ့၏။ ထိုနောက်ဆုံးပွဲတွင် ကောသလမင်းကြီးက ဘုရားရှင်ကို လျှောက်ထားရာ၌ ဘဂဝါပိအသီတိကော၊ အဟမ္ပိ အာသီတိကော ဘုရားရှင်လည်း သက်တော်ရှစ်ဆယ်ပါဘုရား၊ တပည့်တော်လည်း အသက်ရှစ်ဆယ်ပါဘုရား၊ တပည့်တော်နှင့် ဘုရားရှင်ဟာ သက်တူရွယ်တူတွေပါဘုရားဟု လျှောက်ထားခဲ့ကြောင်း။ မဇ္ဈိမပဏ္ဏာသ ဓမ္မစေတိယ သုတ် နှာ – ၃၆ တွင်လာပါသည်။ နောက်တစ်နေ့တွင် ကောသလမင်းကြီး နတ်ရွာစံခဲ့ပါသည်။ ဝိဋ္ဋူဘမင်းဖြစ်လာပါသည်။ ဝိဋ္ဋူဘသည် သာကီဝင်တို့ကို သတ်ရန် ကပိလဝတ္ထုသို့ ချီလာပါသည်။ နောက်ဆုံးအကြိမ်တွင် ဘုရားရှင်တားမြစ်ရန် ကြွတော်မမူသဖြင့် သာကီဝင်တို့ကို သတ်ခဲ့ပါသည်။ သာကီဝင်တို့ကလည်း ကြိုတင်သိသဖြင့် ဓဇရာဇာခေါင်းဆောင်၍ အပြီးတိုင် ကပိလဝတ္ထုမှ ပြောင်းရွှေ့ခဲ့ပြီး တကောင်းသို့ ပြန်ခဲ့ပါသည်။ ထိုနှစ်မှာပင် ဘုရားရှင်ပရိနိဗ္ဗာန်ဝင်ခဲ့တော်မူသဖြင့် ထိုနှစ်မှာ ဘီစီ ၅၄၄ ဖြစ်ပါသည်။ သာကီဝင်တို့၏ နောက်ဆုံးနေ့ ဖြစ်ပါသည်။

ဒုတိယအချက်မှာ သာကီဝင်မင်းကြီး အဘိရာဇာသည် ဘုရားမပွင့်မီ အနှစ် ၃၀၀ တွင် သမီးကညာ တောင်းခံလာသဖြင့် တကောင်းသို့ ပြန်လာသည်။ ပထမတကောင်းမင်းဆက်ကို တည်ထောင်ခဲ့ပါသည်။ ဘုရားရှင်မှာ ဘီစီ ၆၂၄

တွင် ဖွားမြင်ပြီး ၃၅ နှစ်အကြာ ဘီစီ ၅၈၉ တွင် ဘုရားဖြစ်တော်မူခဲ့သည်။ ဘုရားရှင် မပွင့်ခင် အနှစ် ၃၀၀ ဆိုသဖြင့် ဘီစီ ၅၈၉ တွင် အနှစ် ၃၀၀ ပေါင်းထည့်သော် ဘီစီ ၉၈၉ဖြစ်သည်။ ပထမအကြိမ် သကျ အိန္ဒိယလူမျိုးရေး စစ်ပွဲဖြစ်သည်ဟု ဆိုနိုင်သည်။ ဘီစီ ၁၀၀၀ အထိ သာကီဝင်တို့ ရှိသေးသည်။ နောက်ဆုံးအချက်မှာ ဘုရားအလောင်းသည် တုသိတာနတ်ပြည်တွင် သေတကေတုနတ်မင်းကြီးဖြစ်နေချိန်တွင် စကြဝဠာပေါင်း တိုက်တစ်သောင်းမှ နတ်ပြဟ္မာတို့ စုရုံးစည်းဝေးရောက်လာကြပြီး ဘုရားအလောင်း သေတကေတုနတ်မင်းကြီးထံ ဘုရားအဖြစ် ပွင့်တော်မူရေးအတွက် လူ့ပြည်၌ ပဋိသန္ဓေ စံရန် တောင်းပန်သည်။ ဘုရားအလောင်း သေတကေတုနတ်မင်းကြီးသည် ချက်ချင်း ဝန်ခံတော်မမူသေးဘဲ လူ့ပြည်သို့ နတ်တို့၏ ထက်မြက်သော နတ်မျက်စိ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသုံးသပ်တော်မူသည်။ ပဥ္စမဟာဝိလောကဏခေါ် ကြည့်ခြင်းကြီး ငါးပါး ဖြစ်၏။ ထိုအထဲတွင် ကုလ၊ မာတုအာယု ပရိစ္ဆေဒ ၂ ချက်ပါသည်။ ကုလအရ သာကီဝင်မင်းမျိုးကို ရွေးချယ်ခဲ့သည်။ မာတုအာယု ပရိစ္ဆေဒအရ မွေးမယ်တော်၏ အသက်တန်းကို စိစစ်သတ်မှတ်ခဲ့သည်။

"ကမ္ဘာမှာ သိန်း၊ ဘုရားမှာ ထောင်၊ စကြာမှာ ရာ" ဟု စာပေတွင် သတ်မှတ်ခဲ့သဖြင့် ဘုရားပွင့်တော်မူတော့မည်ဆိုလျှင် အနှစ် ၁၀၀၀ကပင်စတင်၍ လောကဗျူဟာနတ်တို့ ကြွေးကြော်ကြသည်ဟု ဆိုသည်။ ထို့ကြောင့် သာကီဝင်လူမျိုးမှ သိဒ္ဓတ္ထမင်းသားဘုရား ဖြစ်ရန် အချိန်မှာ သန္ဓေယူတော် မမူမီ နှစ်ပေါင်း ၁၀၀၀ ဖြစ်သည်။

အထက်ပါစာပေများကို ထောက်ထားကြည့်လျှင် ဂေါတမဘုရားရှင် ပဋိသန္ဓေယူသောအချိန်မှာ ဘီစီ၆၂၄ဖြစ်သည်။ ပဋိသန္ဓေမယူခင် နှစ်ပေါင်း ၁၀၀၀ ဟုဆိုသဖြင့် ဘီစီ ၁၆၂၄ ဖြစ်သည်။ နတ်တို့သက်တမ်းမှာ စက္ကန့်ပိုင်းသည်ပင် လူ့သက်တန်းအရ နှစ်ရာနှင့်ချီ၍ကြာတတ်သည်။ နတ်သက်ချွေရန် ပြင်ဆင်နေချိန်စသည့် အချိန်တိုလေးများသည် လူ့သက်တန်းအရ များစွာ ကွာခြားနိုင်သဖြင့် လူ့ပြည်တွင် သာကီဝင်မင်းမျိုးတို့ နိုင်ငံတော်တည်ဆောက်ချိန်မှာ ဘီစီ ၂၀၀၀ထက် နောက်မကျနိုင်ချေ။ ထို့ကြောင့် ဟိမဝန္တာတောင်ခြေတွင် သာကီဝင်တို့ အခြေစိုက်ချိန်မှာ လွန်ခဲ့သော

နှစ်ပေါင်း ၄၀၀၀ ထက်မက ရှေးကျလေသည်ဟု သတ်မှတ်နိုင်သည်။

နှစ်ပေါင်း ၄၀၀၀ကျော်လောက်မှစ၍ သက္ကလူမျိုးတို့သည် ဟိမဝန္တာတောင်ခြေတွင် မြို့ပြပြည်ရွာကို တည်ထောင်ခဲ့သည်။ သာကီဝင်လူမျိုးတိုင်း ၅ ပါးသီလ ပြည့်စုံအောင် စောင့်ထိန်းရသည့် မြင့်မြတ်သော လူမျိုးဖြစ်၍ ဘုရားရှင်က သာကီဝင်လူမျိုးတို့ကို "ပရမသေဋ္ဌကုလ" "အမြင့်မြတ်ဆုံး လူသား"ဟု ချီးမွမ်းခဲ့သည်။ သီလရှိသော လူမျိုး သီလရှိသော နိုင်ငံဖြစ်၍ ဘုရားအဖြစ် ပဋိသန္ဓေယူ၍ ဆွေတော်မျိုးတော်များဖြစ်ရန် ရွေးချယ်တော်မူခဲ့သည်။ စကြာဝဠာပေါင်း တိုက်တစ်သောင်းမှ ကုဋေကုဋာ နတ်ဗြဟ္မာ အပေါင်း ကလည်း တညီတညွတ်တည်း ကုလအရ မြင့်မြတ်သော ပရမသေဋ္ဌကုလ ဟု သတ်မှတ်ခဲ့သည်။ သာကီဝင်လူမျိုးတို့ကား ဘုရားအမျိုး အမြတ်ဆုံးအမျိုးဖြစ်ကြောင်း လူသားမက နတ်ဗြဟ္မာများကပါ အသိအမှတ် ပြုရသော လူသား ဖြစ်သည်။ ပြုလူမျိုးတို့ကိုလည်း ဗြဟ္မာလူမျိုးဟု လူတို့က ခေါ်ခဲ့သည်မှာ မြင့်မြတ်သူများ ဖြစ်၍တည်း။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကပင် ဒီပင်္ကရာဘုရားရှင် ဗျာဒိတ်ပေးခဲ့သည့် သမိုင်းဝင်လူမျိုးဖြစ်လေသည်။

## ပိဋကစာပေလာ သာကီဝင်နယ်မြေဧရိယာ

ဧကံသမယံ ဘဂဝါ သက္ကေသု ဝိဟရတိ ဒေဝဒဟံ နာမ သကျာနံ နိဂမော–ခန္ဓဝဂ္ဂသံယုတ် ဒေဝဒဟသုတ် စာ ၅၃ သက္ကတိုင်း၌ ဒေဝဒဟမြို့ ပါဝင်၏။ သံယုတ္တနိကာယ် မဟာဝဂ္ဂသံယုတ် အဝိဇ္ဇာဝဂ် ဥပဍ္ဎသုတ် စာ ၂၃ သက္ကရသည် သာကီဝင်တို့၏ နိဂုံးဟုလာ၏။ သံ ယုတ္တနိကာယ် သဂါထာဝဂ် မာရသံယုတ် သမ္ဗဟုလသုတ် စာ ၁၁၈ ၌ သောဏ္ဍနယ် သီလာဝတီနယ်သည် သက္ကတိုင်းဟုလာ၏။ မဇ္ဈိမ နိကာယ် အတွဲ ၂ စာတုမသုတ် နှာ–၁၂၀ ၌ စာတုမမြို့၌ သန္ဓာဂါရ သကျလွှတ်တော်သည် သက္ကတိုင်း၌ ရှိ၏ ဟုလာ၏။ မေဒါဠုပသည် သာကီဝင်တို့၏ နိဂုံးမြို့ဟု လာ၏။ နဂရကမြို့မှ မေဒါဠုပ သကျ နိဂုံးရွာသည် ၃ ယူဇနာသာဝေး၏။ တနေ့ခရီးဖြစ်၏ ဟု ဓမ္မစေတိယ သုတ်မှာလာသည်။ နှစ်မြို့စလုံး သာကီဝင်နယ်မြေဖြစ်၏။ သံယုတ္တနိကာယ်

သဂါထာဝဂ် ဗြာဟ္မဏသံယုတ်၊ ဂဟာပတိ (ဥပါသကဝဂ် ခေါမဒုဿသုတ် စာ ၁၈၅ ၌ ခေါမဒုဿနိဂုံးမြို့၌ သန္ဒာဂါရခေါ် လွှတ်တော်ရှိ၏။ သာကီဝင်တို့၏ နိဂုံးဟု ဆိုသည်။

သာမဂါမရွာ၌ ပေါက္ခရဏီကျောင်းတိုက်ရှိ၏။ သာကီဝင်နယ်မြေတည်းဟု အံ၊၂၊ဆက္ကနိပါတ်၊ အနုတ္တရိယဝဂ် သာမကသုတ် နှာ ၂၇၂ ၌ လာ၏။

ဝေဓညမြို့သည် သက္ကတိုင်း၌ ပါဝင်၏။ သရက်ဥယျာဉ်ထဲ၌ မင်းကွန်းစံနန်းရှိ၏ဟု ဒီဃနိကာယ်ပါထိကဝဂ်ပါသာ ဒီကသုတ် စာ–၉၇ ၌ လာ၏။

ဇာတိဘူမိသည် သက္ကတိုင်း၌ပါဝင်၏။ အရှင်ဓမ္မိကသည် ကျောင်းထိုင်ဖြစ်၏ဟု ဆက္ကအင်္ဂုတ္တိုရ် ဓမ္မိကဝဂ် ဓမ္မိကသုတ် အံ၊၂၊၃၂၁၌ လာ၏။

သုမ္ဘတိုင်း သေဒကမြို့သည် သာကီဝင်နယ်မြေဖြစ်၏ ဟု သံ၊၁၊ မဟာဝဂ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ မေတ္တာသဟဂတသုတ်၊ စာ–၁၀၁၊ ဥဒါယီဝဂ်၊ ဥဒါယီသုတ် စာ–၇၉ မဟာဝဂ် သတိပဋ္ဌာနသံယုတ်၊ နာလန္ဒဝဂ်၊ သောကသုတ် စာ–၁၄၆ တို့၌ လာ၏။

သက္ကတိုင်း ကပိလဝတ္ထု နေပြည်တော်အောက်တွင် သာကီဝင်တို့၏ ထင်ရှားသော မြို့အဖြစ် စာပေတွင် အတိအကျလာသော ဒေဝဒဟနိဂမမြို့၊ သက္ကရနိဂမသက္ကရမြို့၊ သီလာဝတီနဂရ သီလာဝတီမြို့၊ စာတုမနဂရ စာတုမမြို့၊ မေဒါဠုပ နဂရ မေဒါဠုပမြို့၊ နဂရကနိဂမ နဂရမြို့၊ သာမဂါမ နိဂမ၊ သာမဂါမမြို့၊ ဝေဓညနဂရ ဝေဓညမြို့၊ ခေါမဒုဿနဂရ၊ ခေါမဒုဿမြို့စသည့်မြို့များနှင့် ရွာများပါဝင်၏။ အခြားမြို့ရွာများလည်း ရှိသေးသော်လည်း ပိဋကတ်စာပေတွင် သက်ဆိုင်ရာအဖြစ်အပျက်တို့မရှိ၍ ဖော်ပြမထားခြင်းဖြစ်သည်။

ကောလိယနိုင်ငံတွင် ကုဏ္ဍိကာနဂရ ကုဏ္ဍိကာမြို့၊ ဟလိဒ္ဒဝသနနိဂမ၊ ဟလိဒ္ဒဝသနမြို့၊ ဥတ္တရနိဂမ ဥတ္တရမြို့၊ ပဇ္ဇနိကနိဂမ၊ ပဇ္ဇနိကမြို့၊ သာပုဂီယ နိဂမ၊ သာပုဂီယမြို့၊ ကက္ကရသတ္တနိဂမ၊ ကက္ကရသတ္တမြို့၊ ကုဏ္ဍိကနဂရ ကုဏ္ဍိကာမြို့ ကုဏ္ဍဓာနတောအုပ်ရှိ၏။ သာကီဝင်မင်းသမီးသုပ္ပဝါသာ သီဝလိမယ်တော်နေ၏ ဟု ဥဒါန်းပါဠိမုစလိန္ဒဝဂ်၌ လာ၏။ သာကီဝင်တို့

နယ်မြေကား ကျယ်ဝန်းလှသည်။ မြို့ရွာများစွာရှိ၍ လူသူများပြားလေသည်။ ကပိလဝတ္ထု ဒေဝဒဟ ကောလိယအပါအဝင် မြို့ရွာများဖြင့် စည်ကား၏။

## သာကီဝင်လူမျိုးတို့၏ ရုပ်ရည်သဏ္ဌာန်သွင်ပြင်

သကျသာကီဝင်တို့သည် ဇာတိမာန်အမျိုးမာန် ဆွေမာန်မျိုးမာန် ပြင်းထန်လှသည်။ မိမိတို့ လေ့လာမိသမျှ မွန်ဂိုလွိုက်အနွယ်ဝင်တို့က လူမျိုးစုအလိုက်သာ တန်ဖိုးထားကာ အခြားလူမျိုးကို တန်ဖိုးမထားကြပေ။ အာရီယန်အိန္ဒိယလူမျိုးတို့ကလည်း ဇာတ်စနစ်သုံးကာ လူချင်းမတူ ခွဲခြားကြပြန်သည်။ **ထိုသို့သော အခြေအနေမျိုးတွင် သာကီဝင်လူမျိုးတို့ကလည်း ဇာတ်စနစ်သုံးကာ လူချင်းမတူ ခွဲခြားကြပြန်သည်။** ထိုသို့သော အခြေအနေမျိုးတွင် သာကီဝင်လူမျိုးတို့ကလည်း မိမိတို့လူမျိုးကို လူမျိုးကြီးတို့ ဝါးမြိုမှုမပြုနိုင်ရန် လူမျိုးစည်းကမ်းရှိရန်လိုအပ်သည်။ ထို့ကြောင့် အသမ္ဘိန္န မူချ၍ လူမျိုးခြားတို့နှင့် ဆက်ဆံရေး စည်းကမ်းရေးဆွဲခဲ့သည်။ မိမိတို့ လူမျိုးအတွက် အဓိကအရေးအကြီးဆုံးမှာ အိန္ဒိယလူမျိုးများနှင့် ဆက်ဆံရေးဖြစ် သည်။ ဒရာဗီဒီယန်တို့၏ ရုပ်ရည်သွင်ပြင်မှာ မဲမဲကြမ်းကြမ်း ပုံသဏ္ဌာန်မကျ ကြသဖြင့် လူငယ်သဘာဝဆက်ဆံရောနှောရန် လိုလားကြမည်မဟုတ်ပေ။ အာရီယန်တို့မှာ ဖြူဖြူချောချော ပညာတတ် အာဏာရှိသူများဖြစ်၍ ရင်းနှီးလိုကြပေမည်။ လူချင်းရင်းနှီးရာမှ အနေနီးစပ်လာကြမည်။ အနေနီးစပ်လာရာမှ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းညှိ ဖြစ်လာနိုင်သည်။ နယ်မြေချင်းကလည်း ထိစပ်လာသဖြင့် လူမျိုးစည်းကမ်းရှိရန် လိုအပ်သည်။ သတိထားမှတော်ကာကျမည်။ သတိတရားကို အသိတရားဖြင့် ထိန်းပေးနေရမည်။ အသိတရားကို ထိန်းရန်အတွက် ဥပဒေစည်းကမ်းသည် အကောင်းဆုံးဖြစ်သည်။ ဖောဒ္ဓဗ္ဗာရုံခေါ် ထိတွေ့ရင်းနှီးမှုသည် နေရာကျယ်ပြန့်လှသည်။ မြင်အာရုံသည် မျက်စေ့ရှေ့ရောက်မှ ဖြစ်နိုင်သည်။ စက္ကန့်ပိုင်းနှင့် ကွယ်သွားသည်။ အကြားအာရုံလည်း ခေတ္တသာပါ။ အနံ့အရသာတို့လည်း ခဏပင်ကြာသည်။ ခန္ဓာကိုယ်အတွေ့ကား ကျယ်ပြန့်လှသည့် တစ်ဦးနှင့်တစ်ဦး ကိုယ်ခန္ဓာချင်း တွေ့မိလျှင် ဖြတ်ရန်မလွယ်ပေ။ သို့ဖြစ်၍ ထိတွေ့ရင်းနှီးမှုကို ဝေးဝေးမှရှောင်နိုင်ရန် အထူးလို

အပ်သည်။

ထို့ကြောင့် သန္ဓာဂါရဓော် သာကီဝင်တို့၏ လွှတ်တော်မှ နိုင်ငံတော် မှုကြီးတစ်ရပ်အဖြစ် ချမှတ်တားမြစ်ခဲ့သည်။ အမျိုးသမီး တစ်ဦး၏ သွေးသား သောင်းကြမ်းမှု စည်းကမ်းမဲ့မှု အမျိုးဂုဏ် ဇာတိမာန် မထိန်းသိမ်းမှုကြောင့် သာကီဝင်မျိုး မစင်ကြယ်မှု ဖြစ်လာနိုင်သည်။ အမျိုးမစင်ကြယ်လျှင် အမျိုး ကို ထိန်းသိမ်းကာကွယ်လိုမှု နည်းသွားနိုင်သည်။ ကပြားလူမျိုးဖြစ်လာပြီး စိတ် ဓာတ်လည်း အားနည်း ထွေပြားအမျိုးကို လေးစားမှု မြတ်နိုးမှု တန်ဖိုးထားမှု ထိန်းသိမ်းကာကွယ်လိုမှု လျော့ပါးသွားနိုင်သည်။ ဤသို့ဖြင့် ကြာလာလျှင် လူမျိုးပါ ပျောက်သွားနိုင်သည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံ ဘာသာ သာသနာ ပျောက်နိုင်သည်။ နောက်ဆုံးတွင် မိမိတို့ အမြတ်တနိုး မှီခိုအားထားရသည့် မြေ နိုင်ငံတော်ပါ ပျောက်သွားနိုင်သည်။ အမျိုးသမီးတစ်ယောက်သည် ဘာ သာခြားလူမျိုးခြားတစ်ယောက်နှင့် လက်ထပ်လိုက်လျှင် သားသမီးကပြားတွေ မွေးမည်။ ထိုကပြားတွေက ကကတစ်တွေ မွေးလာမည်။ နောက်ဆုံး မိမိတို့ လူမျိုး မိမိတို့မိသားစု မိမိတို့နိုင်ငံပါ ပျောက်ကွယ်မည့်အရေးဖြစ်၍ အလေး ထားရမည်။ နိုင်ငံတော်ကို ချစ်မြတ်နိုး ကာကွယ်နေသူများအတွက် နိုင်ငံကို အန္တရာယ်ပြုမှုသည် အကြီးဆုံး အန္တရာယ်ပြုမှုဖြစ်သည်။ အန္တရာယ်ပြုမှုသည် ရန်လိုမှု ဖြစ်သည်။ ရန်လိုသူသည် ရန်သူဖြစ်သည်။ ရန်သူကို ကြို၍ ကာကွယ် ခြင်း တိုက်ခိုက်ခြင်း တားမြစ်ခြင်းသည် အမိမြေကို ချစ်ကြသည့် မျိုးချစ်နိုင်ငံချစ် ဘာသာ ချစ်သူတို့၏ အဓိကတာဝန်ဖြစ်သည်။

အင်အားရှိသော နိုင်ငံကြီးများ လူမျိုးကြီးများသည် မိမိနှင့် ကပ်စပ် နေသော နိုင်ငံငယ်များ လူမျိုးငယ်များကို ရင်းနှီးမှုမှုစ၍ အခွင့်အရေးယူလာ တတ်ကြသည်။ သူတို့၏ နယ်ချဲ့လိုသောစိတ် အတ္တစိတ် လောဘစိတ် ဝိသမ လောဘစိတ်တို့မှာ ကြောက်စရာကောင်းလှသည်။ ပုထုဇဉ်ဟူသမျှ ယုတ်ညံ့ သေးသိမ်သောစိတ်၊ မိမိသာ ပိုင်ဆိုင်စိုးမိုးလိုသော စိတ်ရှိမြဲဖြစ်သည်။ အင်အား ကြီးသူတို့၏ သဘာဝ အပိုင် သိမ်းလိုစိတ် ချဲ့ထွင်သိမ်းပိုက်လိုသော စိတ်ယုတ် တို့ပါ ပို၍ ကြီးမားကြသည်။ မိမိကို မယှဉ်နိုင်စေရန် အားမရှိစေရန် အမြဲကြံ၍

နေကြသည်။

တချို့က သမီးကညာ ပဏ္ဏာဆက်ပြီး ရင်းနှီးအောင်ပြုကြသည်။ တချို့က စာပေ ဓလေ့ထုံးစံအနုပညာများဖြင့် စိတ်ဝင်စားအောင်ပြုပြီး တဖြည်းဖြည်း လွှမ်းမိုးလိုကြသည်။ တချို့က လူအားဖြင့် ဖိ၍ နေရာလု နယ်ချဲ့ကြသည်။ တချို့က နိုင်ငံရေး ဘာသာရေး လူမှုရေး စီးပွားရေးဖြင့် ဖိ၍ နယ်ချဲ့ကြသည်။ နိုင်ငံချင်းရင်းနှီးအောင်ပြုပြီး သားပေး သမီးယူလူကိုလူဖြင့် ဖောက်၍ မျိုးပျောက် နယ်မြေပျောက် နိုင်ငံတော်ပျောက်အောင် ကြံဆောင်ကြသည်။ ထို့ကြောင့် ထိုသို့သော အခြေအနေတို့ကို သုံးသပ်၍ လူဦးရေး အမိဘက်မှ ၈ သောင်း အဖဘက်မှ ၈ သောင်း စုစုပေါင်း ၁ သိန်းခြောက်သောင်းလောက်ရှိသော သာကီဝင်တို့သည် လူဦးရေ ကုဋေကုဋာပြည့်ကြပ်ပွတ်သိပ်နေသည့် အိမ်နီးချင်းနိုင်ငံကြီးတို့၏ အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် သာကီဝင်တို့သည် လူမျိုးခြား ဘာသာခြား ယဉ်ကျေးမှုကွဲပြားသည့် စိတ်ထားသေးသိမ်းသည့် လူများကို ဝေးဝေးကရှောင်နိုင်ရန် လုံးဝအဆက်အသွယ်မလုပ်ရဟု မူချခဲ့သည်။ ဆက်သွယ်ရေး တံခါးကို အသေပိတ်လိုက်သည်။ နေရာပေးခြင်း ခရီးဦးကြိုဆိုခြင်း ရှိခိုးနှုတ်ဆက်ခြင်း ဖြတ်လိုက်သည်။ မရှောင်သာသူတို့သာ မလွှဲသာ၍ တာဝန်အရ ဆက်သွယ်ရသည်။

ဤမူချမှတ်ရန်မှာ သာကီဝင်တို့အတွက် သိသာပါသည်။ သာကီဝင်တို့သည် မွန်ဂိုလွိုက်ကို တွေ့ခဲ့ရသည်။ အာရီယန်တို့ကို တွေ့ခဲ့ရသည်။ သူတို့၏ ရုပ်ရည်သွင်ပြင်မှာ အသားက ဖြူဆွတ်နေသည်။ အာရီယန်တို့မှာ နှာခေါင်းကောက်ကြီးများ ဖြစ်သည်။ အရှင်မဟာ ကပ္ပိနသည် အာရီယန် ဘုရင်ကြီးဖြစ်သည်။ ရဟန်းဝတ်လာပြီး ဘုရား တရားဟောနေစဉ်အနီးမှ ဖြတ်သွားရာ တရားပွဲခေတ္တရပ်ပြီး ဘုရားရှင်က ရဟန်းတော်တို့ကို မိန့်သည်။

ပဿဃဘိက္ခဝေ ကပ္ပိနံ၊ သေတဝဏ္ဏော၊ တုဏ္ဍ နာသိကော ရဟန်းတို့ ကပ္ပိနကို ကြည့်ကြစမ်း အသားက ဆွတ်ဆွတ်ဖြူနေတယ်။ နှာခေါင်းကလည်း နှာခေါင်းကောက်ကြီးနဲ့ ဟု မိန့်တော်မူသည်။ အာရီယန်တို့မှာ ဖြူဆွတ်နေသည်။ နှာခေါင်းကောက်ကြီးနှင့် ဖြစ်သည်။ ဒရာဗီဒီယန်တို့ ရုပ်ရည်မှာ မဲပြောင်နေသည်။ ကုလားနှာခေါင်း နှာခေါင်းကောက်ကြီးများ ဖြစ်၍

သာကီဝင်တို့နှင့် ပုံသဏ္ဍာန် လုံးဝမတူပေ။

သာကီဝင်တို့၏ အသားအရောင်မှာ သုဝဏ္ဏ ဝဏ္ဏ သတ္တု ဝဏ္ဏ ရွှေအိုရောင် အသားအရေရှိသည်။ အသားအရေ ဝင်းပနေသည်။ မျက်လုံးမှာ သမင်မမျက်လုံး မိဂက္ခိနှင့် တူသည်။ မျက်နက်ဝန်းမှာ အပြာရောင် ဖြစ်ပြီး အနက်ရောင် မဟုတ်ပေ။ မျက်ခုံးမှာ သုံးရက်လ ခုံးမျက်စ ပမာ ခုံးနေသည်။ နှာတံ နှာခေါင်းမှာ နာသာပေဟမကုံသ ချွန်းသဏ္ဍာန်ဖြောင့်စင်းနေသည့် ရွှေချွန်းသဏ္ဍာန်ရှိသည်။ နှုတ်ခမ်းမှာ ပွင့်သစ်စ နှင်းဆီ ခေါင်ရမ်းပမာ နီထွေးလှပနေသည်။ နှုတ်ခမ်း ပုံသဏ္ဍာန်မှာ သိကြားမင်း၏ လေးသဏ္ဍာန်ကွေးကွေးလေးညွတ်နေသည်။ နဖူးပြင်မှာ ရွှေပြားဖြင့် အလှပြင်ထားသည့် နဖူးသင်းကျစ်သဏ္ဍာန်လှပပြေပြစ် ရှုမငြီးဖွယ် တင့်တယ်သည်။ ဆံပင်မှာ ပိတုန်းရောင်ပမာ နက်မှောင်နေသည်။ ခြေသည်း လက်သည်းတို့မှာ ပုလဲနှစ်ရောင် ဖြူစင်ဝင်းလက်နေသည်။ သွား တော်များမှာ စိပ်ကျဲမရှိ ညီညာလှပဘော်ငွေသားပမာ အရောင်ထွက်နေသည်။ လက်ချောင်းခြေချောင်းများမှာ ဖရောင်းတိုင်များ သွယ်တန်းထားသကဲ့သို့ သွယ်လျားရှည်လား ညီညာစွာ တည်ရှိနေသည်။

သာကီဝင်ထိပ်ခေါင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ နှမတော်ကြင်ယာတော် မိဖုရားခေါင် အဂ္ဂမဟေသီတောင်ညာစံ ဒေဝီမဟေသီမှာ ယသောဓရာဖြစ်သည်။ အားလုံးက ချစ်စနိုးဖြင့် ဘဒ္ဒ ကစ္စနာ ဗိမ္ဗာရွှေလျော်ယသော်ဓရာ မင်းသမီးလေးဟု ခေါ်ဝေါ်ကြသည်။ ဘဒ္ဒကစ္စနာမှာ အကောင်းဆုံး ရွှေ ဗိမ္ဗာရွှေစင်ကို လျော်ပြီးထားသည့် လျော်ပြီးစပြုလုပ်ပြီး အလှပဆုံးရွှေရည်ရွှေသားပမာ ဝင်းပစိုပြေနေသည့် ယသောဓရာ မင်းသမီးလေးဟု ခေါ်ကြသဖြင့် သာကီဝင်အမျိုးသမီးတို့၏ ရုပ်ရည်သွင်ပြင်ကို သိနိုင်သည်။

ဇနပဒကလျာဏီဟု သုဒ္ဓေါဒနမင်းကြီးနှင့် မဟာပဇာပတိ ဂေါတမီတို့မှ ဖွားမြင်သည့် နန္ဒာမင်းသမီးကို ချစ်စနိုးခေါ်ကြသည်။ ဇနပဒ ကလျာဏီ ဇနပုဒ်တစ်ခုလုံး တစ်နိုင်ငံလုံး အချောဆုံး အလှဆုံး မင်းသမီးလေးဟု ဖော့ဖရောင်းပမာ သွယ်ပြောင်းသူလေးကိုခေါ်ခဲ့သည်။

ယောက်ျားမိန်းမတို့၏ ရုပ်ရည်သွင်ပြင် ကြန်အင်လက္ခဏာ ငါးရပ်အဖြစ် သာကီဝင်တို့၏ ရုပ်ရည်ကို စာပေတွင် ဖော်ပြကြသည်။ ဆဝိကလျာဏ

အသားအရေသည် မဖြူလွန်း မမဲလွန်း ရွှေအိုရောင် အသားအရည်ရှိသည်။ **မံသကလျာဏ** အသားဖွဲ့စည်းပုံမှာ တချို့အသားမှာ လျော့လျော့ရဲရဲပြဲပြဲစိစိ ဖြစ်သည်။ တချို့မှာ မာမာကြောကြော အသားကြမ်းကြီးဖြစ်သည်။ သာကီဝင်တို့၏ အသားဖွဲ့စည်းပုံမှာ ကြမ်းတမ်းမှုမရှိ၊ ကျစ်ကျစ်လစ်လစ် ပြေပြစ်နူးညံ့နိုင်ခံ့သည်။ **နှာရုကလျာဏ အကြောအချင်တို့မှာလည်း** ဖုထစ်ကွေ့ကောက်မှုမရှိ၊ အကြောရှိန်းရှိန်း စိမ်းစိမ်းစိုစို နုပျိုလှပနေသည်။ **အဋ္ဌိကလျာဏ** အရ သာကီဝင်တို့၏ အရိုးတည်ဆောက်မှုကလည်း ကောင်းမွန်လှသည်။ အရိုးအဆစ် ငေါ်၍မနေ၊ ပြေပြစ်ဖြောင့်စင်းတောင့်တင်းသည်။ မာဆတ်ခြင်း မရှိ။ အရိုးကောက်ခြင်း အရိုးပွခြင်း အရိုးကျိုးခြင်းကင်းဝေးသည်။ **ဝယကလျာဏ** အရ ဆံပင်ကောင်းခြင်းနှင့် ပြည့်စုံသည်။ ပိတုန်းရောင် **ကေသာ** ဖြန့်၍ချလျှင် နှစ်တောင့်ထွာလောက်ရှည်လျား၍ ခြေဖမိုးထက် ကော့ပျံတက်နေသည်။ ဆံပင်ကွဲခြင်း ဆံပင်ပြတ်ခြင်း ဆံပင်နှစ်ခွဖြစ်ခြင်း ဆံပင်အရွယ်မတိုင်ခင် ဖြူခြင်းမရှိ၊ ဖြောင့်စင်းနက်မှောင်ရှည်လျား တောက်ပနေကြသည်။

အမျိုးသမီးများ၏ ကိုယ်ခန္ဓာ အသားအရေတည်ဆောက်မှုမှာ ဝါဂွမ်းပမာ နူးညံ့ချောမွတ်သည့် သုခ သမ္ဖဿအတွေ့၊ ကိုယ်ငွေ့ရှိသည်။ အသက်ရှည် ပြင်းထန်မှုမရှိ၊ တိုးတိုးငြင်သာရှိသည်။ မည်းလွန်းခြင်း ဖြူလွန်းခြင်း ဆူလွန်းခြင်း ဝလွန်းခြင်း ကြုံလွန်းခြင်း ပိန်လွန်းခြင်း နိမ့်လွန်းခြင်း မြင့်လွန်းခြင်း ဟူသော ပြစ်မျိုးမဲ့မထင် ကြည်လင်စိုပြေကိုယ်နေ ဖြောင့်စင်းတောင့်တင်းကြသည်။ မိမိလူမျိုးနှင့် အခြားလူမျိုးရောရှက်လျှင် ထိုသို့သော ကောင်းခြင်းမျိုးများ ပျောက်ကွယ်သွားနိုင်သဖြင့် အခြားလူမျိုးနှင့် မရောနှောရန် ဤအတွက်ပင် တားမြစ်ခြင်းဖြစ်လေသည်။

# ဒသမပိုင်း

## သကျထွတ်ဖျား မင်းတြားမှ
## လောကထွတ်ထားဘုရားဖြစ်တော်မူလာခြင်း

သကျသာကီဝင်လူမျိုးတို့သည် ဗြဟ္မာလူမျိုးမှ ခွဲခဲ့ကြပြီး ရှေးခြား မြေခြား တိုင်းတစ်ပါးသား လူမျိုးခြားတို့နှင့် နယ်ချင်းထိစပ် ဟိမဝန္တာတောင်ခြေ အရပ်ဝယ် သကျနိုင်ငံတော် တည်ဆောက်ခဲ့သည်။ သီးသီးသန့်သန့် ခန့်ခန့် သိုက်မြိုက် အောင်လံစိုက်လျှက် ထီးဖြူစိုက်ထောင် လူ့ဘောင်တည်ဆောက်ခဲ့ကြသည်။ တဘက်တွင်ရှိသော အိန္ဒိယနိုင်ငံနှင့် လူမျိုးရေး ကွဲပြားခြားနားကြသဖြင့် အုပ်ချုပ်ရေးစနစ် ဘာသာရေး လူမှုရေး လူနေမှု စနစ်ချင်း ကွဲပြားအောင် တစ်သီးတစ်သန့်နေထိုင်ခဲ့ကြသည်။ လူတိုင်းကိုယ်စီ ပဉ္စသီ သီလ ဆောက်တည်ကြသဖြင့်လွန်စွာ ငြိမ်းချမ်းသာယာအေးမြသော နိုင်ငံ ဖြစ်သည်။ အမျိုးဂုဏ် ဇာတိဂုဏ်ကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြပြီး မိမိတို့နိုင်ငံကို တစ်လက်မမှ အကျူးကျော်မခံ ကာကွယ်ကြသလို သူတစ်ပါးနိုင်ငံကိုလည်း တစ်လက်မမှ မကျူးကျော်ကြသဖြင့် ငြိမ်းချမ်းလှသည်။

### အဘိရာဇာ သာကီဝင်မင်းကြီး

တစ်နေ့တွင် လွန်ခဲ့သော ဘီစီ ၁၀၀၀ လောက်ရောက်သောအခါ အဘိရာဇာသာကီဝင်မင်းကြီးလက်ထက်ရောက်သောအခါ အိန္ဒိယမှ ကောသ လတိုင်းနှင့် ပဉ္စာလတိုင်းကို အုပ်ချုပ်ရသော ပဉ္စာလရာဇ်မင်းကြီးက သူ၏သားတော်အတွက် မိဖုရားမြှောက်လိုပါသဖြင့် သာကီဝင်မင်းသမီးတစ်ဦးပေးပါရန် တောင်းပန်လာသည်။ ထိုသို့တောင်းပန်လာ

သောအခါ သာကီဝင်တို့၏ မူအရ အသမ္ဘိန္နမှာ လူမျိုးခြားတို့ကို သားပေးသမီးယူ မပြုလုပ်ရဟု လွှတ်တော်က ပညတ်ထားသဖြင့် အိန္ဒိယမင်းသားလူမျိုးခြား အတွက် သာကီဝင်မင်းသမီးပေး၍ မဖြစ်နိုင်ပေ။ မပေးနိုင်ကြောင်း ပြန်ပြောင်း ပြောလျှင် စစ်ပွဲပြင်ရမည်ဖြစ်၍ မိဖုရားမြှောက်ရန် တောင်းပန်ခြင်းဖြစ်၍ သာမန် အားဖြင့် ပေးသင့်သော်လည်း အမျိုးပျက်မခံနိုင်သဖြင့် တိုင်းပြည်၏ အဘိုးတန် ရွှေငွေ ရတနာ ဆင် မြင်း လူသူစုရုံး၍ သာကီဝင်မင်းကြီး အဘိရာဇာသည် ဗြဟ္မာ လူမျိုးတို့ရှိရာ ဆွေတော် မျိုးတော်များနေထိုင်သည့် တကောင်းဒေသသို့ အလုံး အရင်းများစွာနှင့် ပြန်လာခဲ့လေသည်။ အဘိရာဇာမှာ အိန္ဒိယပြည်နှင့် စစ် မခင်းသေးသဖြင့် စစ်ရှုံး၍ ပြေးလာခဲ့သည် ဆိုသော အိန္ဒိယပညာ ရှင်တို့၏ စကားမှာ လွန်စွာလွဲမှားသည်။

တကောင်းဒေသသည် ပြူခေါ် ဗြဟ္မာလူမျိုးတို့၏ နေရာဖြစ်၍ ဗြဟ္မာလူမျိုးတို့မှာ သာကီဝင်တို့၏ ဆွေမျိုးများဖြစ်ကြသည်။ အကယ် ၍သာ သာကီဝင်တို့မှာ အိန္ဒိယတိုင်းရင်းသားတို့ဖြစ်ပါက သာဝတ္ထိထိ သိမ်းပိုက်အုပ်ချုပ်ခဲ့သည့် ပြူဗြဟ္မာတို့က အသာတကြည် လက်မခံဘဲ တွန်းလှန်တိုက်ထုတ် လိုက်ကြမည်မှာ သေချာပါသည်။ ပြူတို့ အင်အား ကား ကြီးမားနေချိန်ဖြစ်ပါသည်။ ယခု အဘိရာဇာမင်းကြီး စစ်မဆင်ဘဲ ရှောင်လွှဲ၍ တကောင်းသို့ ပြန်ခဲ့ခြင်းမှာလည်း တိုင်းသားပြည်သူတို့၏ စစ်ဆင်နွှဲရာတွင် သေပွဲမဝင် စေလိုသောကြောင့် စစ်ပွဲရှောင်ခဲ့ခြင်းသာ ဖြစ်သည်။ သေပျောက်မှုမရှိ အေးချမ်းစွာ ဆွေတော်မျိုးတော်တို့ရှိရာ တကောင်းသို့ ပြန်ခဲ့ခြင်းသာ ဖြစ်ပါသည်။

တကောင်းသို့ရောက်သောအခါ အင်အားကြီးလှသော ပြူဗြဟ္မာ လူမျိုးတို့က အဘိရာဇာမင်းကြီးကို တကောင်းမင်းကြီးအဖြစ် ခန်းနားစွာ ကြိုဆို၍ မင်းမြှောက်ခဲ့ကြသည်။ အဘိရာဇာသာကီဝင်မင်းကြီးနှင့် မဇ္ဈိမ ဒေသ စာပေ အနုသုခုမ ကဗျာဂီတ ဗိသုကာ စသော ယဉ်ကျေးမှု လူမှုရေး ဗဟုသုတ တို့ပါလာကြသဖြင့် ပြူ ဗြဟ္မာနိုင်ငံတွင် ခေတ်ဦး အိန္ဒိယလက်ရာတို့ကို တွေ့ ရှိခြင်းဖြစ်နိုင်သည်။ ဘုရားမပွင့်ခင် အနှစ် ၃၀၀ လောက်က အဘိရာဇာ မင်းကြီး ပထမတကောင်းသို့ ပြန်ရောက်ခါ

တကောင်းမင်းဆက်ကို တည်ထောင်ခဲ့သည်။

တစ်ကောင်းမင်းဆက်များသည် တကောင်းနေပြည်တော်ကြီးကို ပိုမိုပြည့်စုံအောင် တည်ထောင်ခဲ့ကြသဖြင့် တကောင်းမင်းကြီး အဘိရာဇာ၏ သားတော် အစဉ်အဆက် ကံရာဇာကြီး ကံရာဇာငယ် မင်းဆက်ပေါင်း ၃၃ ဆက် အုပ်ချုပ်ခဲ့ကြသည်။

## ဒုတိယသကျနိုင်ငံတော်

အဘိရာဇာမင်းကြီးသည် သာကီဝင်နိုင်ငံတော်ကို မြေလှန်၍ ဖျက်သိမ်းကာ ဗြဟ္မာနိုင်ငံတော် တကောင်းသို့ ပြန်ရောက်ပြီး နောက်သကျနိုင်ငံတော်သည် မင်းမရှိဖြစ်သွားသည်။ ကျန်ရစ်သူ ပြည်သူများ၏ စုရုံး တောင်းပန်မှုကြောင့် သာကီဝင်တို့ သကျနိုင်ငံတော်သို့ တစ်စတစ်စ ပြန်လာခဲ့ကြပြီး မြို့ပြ ပြည်ရွာတည်ထောင်လာကြပြန်သည်။ သကျနိုင်ငံတော်သည် တဖန်ပြန်လည် စည်ကားလာသည်။ ဘုရားဘိုးတော် သီဟဟနူမင်း၊ ဘိုးတော် အဥ္စနမင်းတို့လက်ထက်တွင် သာကီဝင်နိုင်ငံတော်ကြီးသည် ယခင်ကထက်ပင် ကျယ်ပြန့် စည်ကားနေပြန်သည်။ သို့သော် အဥ္စနမင်းကြီးသည် ရောက်ဆဲ သက္ကရာဇ်ကို ဖြိုခဲ့သည်။ ၂ နှစ်မှ စ၍ ရေတွက်ခဲ့ရသည်။ ထိုဖြိုပြီး ရေတွက်သော သက္ကရာဇ်ကို **မဟာသက္ကရာဇ်**ဟု ခေါ်ခဲ့သည်။ ရောက်ဆဲ သက္ကရာဇ် ၈၆၄၅ ကို ဖြိုခဲ့သည်။ ၂ နှစ်မှ စတင်ရေတွက်ခဲ့သည်။

## သုဒ္ဓေါဓနမင်းကြီးလက်ထက် ဘုရားလောင်း သန္ဓေယူခဲ့သည်

အဘိရာဇာမင်းကြီးလက်ထက် သာကီဝင်တို့နှင့် အိန္ဒိယသားတို့ သမီးပေးရန် တောင်းမှုကြောင့် ပဋိပက္ခ ဖြစ်ရသည်ဆိုသော်လည်း အဘိရာဇာ ၏ အတွေးအခေါ် မှန်ကန်မှုကြောင့် စစ်ပွဲ မဖြစ်ခဲ့ပေ။ စစ်ပွဲ မဖြစ်ဘဲ အဘိုးတန် လိုရာရာကို ယူ၍ တကောင်းသို့ ပြန်လာခဲ့သည်။ အိန္ဒိယသမိုင်းဆရာတို့၏ ရေးဦးဆုံး လွဲမှားသော မှတ်တမ်းကြောင့် စစ်ပွဲဖြစ်သည်ဟု ဆိုခဲ့သည်။ တကယ်တော့ စစ်ပွဲမဖြစ်ခဲ့ပေ။ မြေလှန်စနစ်ကျင့်သုံးပြီး ပြန်လာခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့်ပင် အခြေအနေ ပုံမှန်ဖြစ်သောအခါ ဒုတိယအကြိမ်

သကျ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ အိန္ဒိယ ဆရာတို့၏ အယူအဆများကို ယုံစားပြီး အဋ္ဌကထာ ဋီကာအချို့နှင့် မြန်မာ့ သမိုင်းအချို့ကပင် စစ်ရှုံးသည် စစ်ဖြစ်သည် သာကီဝင်တို့ ပျက်စီးသည်ဟု ရေးသားခဲ့ကြသည်။ အဘိရာဇာမင်းကြီး၏ စီမံခန့်ခွဲမှု ကျွမ်းကျင်မှုကြောင့် နိုင်ငံတော်ကျေသည့်အဖြစ်မျိုးကို ရှောင်လွှဲနိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယ သကျ နိုင်ငံတော်အဖြစ် နှစ်ပေါင်း ၃၀၀ လောက် ပြန်လည်တည်ဆောက်လိုက်သော အခါ ဘုန်းကံထူးသည့် ဘုရားရှင် ပွင့်ပေါ်တော်မူသည်အထိ သကျတို့ ဘုန်း မီးနေလ တောက်ပခဲ့ခြင်း ဖြစ်သည်။

## သာကီဝင်အဘိရာဇာသည် ပြူမြန်မာအစစ်ဖြစ်သည်

အဘိရာဇာမင်းကြီးသည် အိန္ဒိယလူမျိုးမဟုတ်ပေ။ အိန္ဒိယလူမျိုး မဟုတ်သဖြင့်သာ သမီးကညာကို မိဖုရားမြှောက်ရန် အိန္ဒိယ အာရိယန် ကော သလမင်းက တောင်းပန်သောအခါ အသမ္ဘိန္နမှုအရ ငြင်းပယ်ခဲ့သည်။ စစ် ဖြစ်ရန် အခြေအနေပေါ်လာသောအခါ၌လည်း မိမိတို့ ဆွေမျိုးများရှိရာ တကောင်း သို့ပြန်ခဲ့သည်။ စစ်ဖြစ်၍ စစ်ရှုံး၍ စစ်ပြေးအနေဖြင့် လာခဲ့ခြင်း မဟုတ်ပေ။ ထိုစဉ်အခါက သာဝတ္ထိတစ်ပိုက် ဟိမဝန္တာတောင်ခြေသည် ပြူ လူမျိုးတို့၏ ဩဇာလွှမ်းမိုးရာ နယ်မြေဖြစ်ကြောင်း ပါဠိ အာဖဂန်နစ္စတန် တရုတ် မှတ်တမ်းများက အတိအလင်းဖော်ပြနေသည်။ **ပြူလူမျိုးတို့၏ အင်အားက လည်း ကြီးထွားလှသည်။ ပြူလူမျိုးသာမဟုတ်ခဲ့လျှင် အဘိရာဇာ တကောင်းသို့ မရောက်နိုင်ပေ။ လမ်းမှာပင် ပျောက်ပျက်သွားနိုင်လေ သည်။** အဘိရာဇာတကောင်းသို့ ပြန်သောခရီးတွင် အခက်အခဲမရှိ ဆင်မြင်း ဗိုလ်ပါ အလုံးအရင်းနှင့် ပြန်နိုင်သည်မှာ မိမိလူမျိုးများနေရာသာဖြစ်၍ အန္တရာယ် မကြုံရခြင်း ဖြစ်နိုင်သည်။ တကောင်းရောက်သောအခါ၌လည်း ရန်သတ္တုရှုပြု ခြင်းမခံရဘဲ တကောင်းဘုရင်အဖြစ် ဆက်လက်တင်မြှောက်ခံရသည်မှာ မလွဲ ကေန် ပြူ မြန်မာစစ်မှန်ကြောင်း ငြင်းစရာမလိုတော့ပေ။

## သိဒ္ဓတ္ထမင်းသားလေး ဖွားမြင်တော်မူခြင်း

သကျသာကီဝင်မင်းမျိုးတို့သည် အမျိုးကောင်း အမျိုးသန့် စည်းကမ်းရှိသော ရဲစွမ်းသတ္တိရှိသော စည်းလုံးညီညွတ်သော အစဥ်တိုးတက်နေသော လူမျိုးအဖြစ် အိန္ဒိယမင်းမျိုးတို့က အသိအမှတ်ပြုထားကြသဖြင့် အဘိရာဇာလက်ထက်က တစ်ကြိမ် သမီးတောင်းဖူးသည်။ အသက်သာ အသေခံမည် သို့မဟုတ် နယ်မြေကိုသာ စွန့်လွှတ်မည်။ မိမိအမျိုးသား အမျိုးသမီးတို့ လူမျိုးခြားနှင့် မယူရဟူသော မူကြီးကို ကာကွယ်ခဲ့ကြသည်။ လွန်စွာ သန့်စင်သော အမျိုးဖြစ်ပြီး ၅ ပါးသီလ လူ့ကျင့်ဝတ် ကိုယ်ကျင့် စာရိတ္တအရောင်ထာဝရတောက်ပြောင်နေသဖြင့် တုသိတာနတ်ပြည်မှပင် သိမှတ်ပြု ဂုဏ်ပြုရလေသည်။

## သက္ကရာဇ်အရ သကျနှင့် မြန်မာတစ်မျိုးတည်းပါ

ဘိုးတော် အဥ္ဇနမင်းကြီးသည် သက္ကရာဇ် ၈၆၄၅ ကိုဖြိုပြီး ၂ နှစ်မှ စတင်ရေတွက်ခဲ့သော မဟာသက္ကရာဇ်ကို ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူချိန်အထိ အိန္ဒိယနိုင်ငံတဝှမ်းအသုံးပြုခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသော နှစ်မှစ၍ မဟာသက္ကရာဇ် ၁၄၈ ကို ဖြိုၡ၍ ၁ နှစ်မှစ၍ ရေတွက်ခါ သာသနာသက္ကရာဇ်ဟုခေါ်ခဲ့သည်။ အိန္ဒိယသားတို့သည် သာသနာ သက္ကရာဇ်ကို နောင်အခါ ဆက်မသုံးကြသော်လည်း မြန်မာတို့မှာမူ သာကီဝင်ပြူတို့မှ ဆင်းသောမင်းများဖြစ်၍ သာသနာသက္ကရာဇ်ကိုပင် ဆက်လက်အသုံးပြုခဲ့သည်။ သကျနှင့် မြန်မာမှာ တစ်မျိုးတည်း ပြူလူမျိုးဖြစ်သော သက်သေပင် ဖြစ်လေသည်။

မြန်မာသုမုန္ဒရီမင်းကြီး လွန်သော နှစ်သည် သာသနာသက္ကရာဇ် နှစ် ၆၂၄ ဖြစ်၏။ ဒေါ်ဒေါ်ရသ ကိန်းအရ ၆၂၂ သက္ကရာဇ်ကို ဖြိုပြီး ၂ မှ စတင်ရေတွက်ခဲ့၏။ ပုပ္ပါးစောရဟန်းမင်းလက်ထက် နန်းတက်၍ ၂၇ နှစ်ရှိသောအခါ ခ ဆ ပဥ္စ ကိန်း ကြုံလတ်၍ ၅၆၂ ကိုဖြိုၡ၍ ၂ ခုမှ စ၍ ရေတွက်ပြန်၏။ ထိုသက္ကရာဇ်မှစ၍ ရေတွက်ခဲ့ရာ ယခုပိုင်ဖြစ်၏။ ဖြိုသော သက္ကရာဇ် ၂ ခုကိုပေါင်းလျှင် ၆၂၂+၅၆၀=၁၁၈၂ ရ၏။ ထို ၁၁၈၂ နှင့်

ရောက်ဆဲ မြန်မာသက္ကရာဇ် ၁၃၇၉ ကို ပေါင်းလျှင် သာသနာသက္ကရာဇ် ၂၅၆၁ရ၏။ ထို့ကြောင့် မြန်မာတို့၏ သက္ကရာဇ်သည် ဘိုးတော် အဥ္စနသာကီဝင်မင်းကြီး၏ သက္ကရာဇ်ဖြစ်၍ မြန်မာသည်သာကီဝင် ဖြစ်ကြောင်း မြန်မာသက္ကရာဇ်က အဖြေထုတ်ပေး၏။ အဖြေမှန်ဖြစ်လေသည်။ အဘိရာဇာ ပြန်လာ၍ တကောင်းသို့ ရောက်ကြောင်း တကောင်းတွင် မင်းပြုကြောင်း ပြုမြန်မာတမျိုးတည်းဖြစ်၍ သက္ကရာဇ်တူ သုံးသလို ဘုရင်အဖြစ်လည်း အသိအမှတ်ပြုခဲ့ကြောင်း သမိုင်းဟောင်း ဆွေရင်းမျိုးခြာဖြစ်ကြောင်း သက်သေဖြစ်လေသည်။

## မယ်တော်မာယာနတ်ရွာစံ၍ နတ်သားဖြစ်တော်မူခြင်း

သာကီဝင်တို့၏ မဟာသမ္မတအာဒိစ္စဝံသ အသမ္ဘိန္န ခတ္တိယ မဟာရာဇာ သုဒ္ဓေါဒနမင်းကြီးနှင့် သီရိမဟာမာယာဒေဝီအဂ္ဂ မဟေသီ မိဖုရားခေါင်းကြီး တို့က ကပိလဝတ္ထုထီးနန်းစံမြန်းတော်မူစဉ် မဟာသက္ကရာဇ် ၆၈ ခု ကဆုန်လပြည့် သောကြာနေ့ဝယ် လုမ္ဗိနီသာမော အင်ကြင်းတော၌ အလောင်းတော်မြတ် ဗောဓိသတ်ကို ဖွားမြင်တော်မူသည်။ ကောဏ္ဍည ခေါင်းဆောင်သော ဗေဒင်လက္ခဏာပညာရှင်တို့က လက္ခဏာများကို စစ်ဆေးကြည့်ရှုပြီး လူ့လောကတွင်နေထိုင်ပါက ဘုန်းသမ္ဘာရှင်စကြဝတေးမင်း ဘုရင်မင်းမြတ် ဖြစ်ပါလိမ့်မည်။ လူ့ဘောင်ခွာ ရဟန်းဘောင်သို့ဝင်ရောက်ပါလျှင် သုံးလောကထွဋ်ထား ဘုရားစင်စစ်ကေန်ဖြစ်ပါလိမ့်မည်ဟု ဟောကြ၏။ ပစ္ဆိမဘဝိက ဝေဒထိပ်တင်ပညာရှင် ကောဏ္ဍညကမူ ဘုရားစင်စစ် ကေန်ဖြစ်မည်မုချပါဟု လက်ညှိုးတစ်ချောင်းကိုသာ ထောင်ပြီး အပြီးအပြတ်ဆုံးဖြတ်ချက်ချကာ ဟောကြားခဲ့သည်။ ကောဏ္ဍညသည် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလေး၏ ဘဝဖြစ်စဉ်ကို သက်တော်နှင့်ယှဉ်၍ တွက်ချက်ကာ တွက်ချက်ပြီး တောထွက်လာလျှင် ပြုစုရန် ပဉ္စဝဂ္ဂီအဖြစ်ရသေ့ဝတ်၍ စောင့်စားနေခဲ့သည်။ မယ်တော်မဟာမာယာဒေဝီသည် အလောင်းတော်မီးဖွားပြီး ၇ ရက်မြောက်သောနေ့တွင် မာတုအာယုပရိစ္ဆေဒအရ လူ့ဘဝကံဟောင်း ကုန်ပြီဖြစ်၍ စုတေ ကွယ်လွန်ကာ သန္တုသိတနတ်သားအဖြစ် နတ်စည်းစိမ်ခံစားခဲ့ရသည်။ သား

တော် ဘုရားဖြစ်ပြီးနောက် သတ္တမဝါမြောက်ဝယ် တာဝတိံသာနတ်ပြည် ပဏ္ဍု ကမ္ဗလာမြကျောက်ဖျာထက်ဝယ် ဝါတွင်းသုံးလ ရက်ပေါင်း ၉၀ သီတင်းသုံး တော်မူပြီး မယ်တော် မိနတ်သားအမှူးထား၍ စကြာဝဠာအပေါင်း တိုက် တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း အသင်္ချေ အနန္တတို့အား တရားတော်အဖြစ် အဘိဓမ္မာဒေသနာတော်ကို အကျယ်ဆုံး ဟောပြခဲ့ရာ စကြာဝဠာတောင် ကမ္ဘား ထိ ပြည့်ကြပ်နေသော နတ်ဗြဟ္မာပရိသတ်များထဲမှ နတ်ဗြဟ္မာပေါင်း ကုဋေ ၈၀၀၀၀ ရဟန္တာဖြစ်ပြီး အသင်္ချေ အနန္တဓမ္မာဘိသမယ အရိယာဖြစ်ကြသည်။ သန္တုသိတနတ်သားလည်း သောတာပန်တည်ခဲ့သည်။

## လေးတော်တင်ပွဲကျင်းပခြင်း

သိဒ္ဓတ္ထမင်းသားလေးကို ဖွားမြင်ပြီးနောက် မာယာဒေဝီ နတ်ရွာစံပြီး နောက် မိထွေးတော် မဟာပဇာပတိ ဂေါတမီဒေဝီသည် အဂ္ဂမဟေသီ မိဖုရား ခေါင်ကြီးဖြစ်လာသည်။ သမီးတော် နန္ဒာခေါ် ဇနပဒကလျာဏီ ဖွားမြင်ပြီး နောက် သားတော်နန္ဒမင်းသားကို မွေးဖွားခဲ့ပြီးသည့် ၅ ရက်သားသာရှိသည့် အချိန်တွင် သိဒ္ဓတ္ထဖွားမြင်ပြီးချိန်မှ နန္ဒမင်းသားကို မွေးဖွားသဖြင့် နန္ဒသည် သိဒ္ဓတ္ထမင်း သားလေးထက်ငယ်သည်။ အမတော် မဟာမာယာသည် သိဒ္ဓတ္ထ မင်းသားလေးကို ဖွားမြင်ပြီးနောက် နတ်ရွာစံခဲ့သည်။ မိထွေးတော်သည် မွေးဖွား ပြီးစ နန္ဒမင်းသားကို နို့ထိမ်းတို့နှင့် လွှဲအပ်ထားပြီး တူတော် သိဒ္ဓတ္ထမင်းသားကို ကိုယ်တိုင်ကိုယ်ကျ နို့ချိုတိုက်ကျွေး မွေးမြူခဲ့သည်။ လက္ခဏာဖတ်ဗေဒင် ပညာ ရှင်တို့က စကြာဝတေးမင်းဖြစ်လိမ့်မည်ဟု ဟောထားသဖြင့် နန်းတော်တစ်ခု လုံး သကျလူမျိုးတစ်မျိုးလုံးက ယုယုယယပိုးမွေးသလို မွေးမြူနေကြသည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ သားတော်သိဒ္ဓတ္ထကို အယုယဆုံး ဂရု အစိုက်ဆုံး အလေးထားဆုံးဖြစ်သည်။ နိုင်ငံကြီးတွေကြားတွင် သာကီဝင် နိုင်ငံငယ်လေးတွင်သာ အုပ်ချုပ်ရသဖြင့် နိုင်ငံအားလုံးကို အုပ်ချုပ်ရသော စ ကြာဝတေးမင်းဘဝတောင့်တနေခဲ့သည်။ ထို့ကြောင့် သားတော် သိဒ္ဓတ္ထကို ပင်ပန်းမည်ကို စိုးရိမ်သဖြင့်စာပေကိုပင် မသင်စေခဲ့ပေ။ ထူးခြားသည်မှာ သား တော် သိဒ္ဓတ္ထမင်းသားလေးသည်ပင် ကိုယ်ဉာဏ်အရည်အသွေးမှာ မကြို

ဘူးအောင် ထူးချွန်လှသည်။ မည်သည့်ပညာကိုမဆို မင်းသားလေး စိတ်ဝင်စားလျှင် အားလုံးတတ်သိပြီဖြစ်သည်။ မင်းသားလေးဆန္ဒရှိလျှင် အားလုံးသောအရာတို့မှာ အောင်မြင်စွာ ဖြစ်ထွန်းလာသည်ကို အားလုံးတွေ့လာရသည်။ မင်းသားလေး၏ လိုအင်ဆန္ဒဟူသမျှ မပြည့်ဝသည်မှာ မရှိပေ။ လွန်စွာထူးခြားသော မင်းသားလေးဖြစ်သည်။ သို့ဖြစ်၍ သိဒ္ဓတ္ထဟု အမည်မှည့်ခဲ့ကြသည်။ ရုပ်ရည်ကလည်း မည်သူမျှမယှဉ်နိုင်အောင် အဘက်ဘက်က သာလွန်လှသည်။ အသားအရေကလည်း ရွှေအဆင်းလို ဝါဝင်းနေပြီး အရိုးအဆစ် ပြေပြစ်လွန်းလှသည်။ မျက်လုံးမျက်ခုံးတို့ ထူးခြားလှပသည့်အပြင် ညီညာသော ခြေချောင်းလက်ချောင်း၊ ၄၀ တိတိ ပြည့်နေသောသွား၊ ယောက်ျားတကာတို့နှင့် မတူသော အအိမ်နှင့် ဖုံးနေသော ယောက်ျားမြတ်အင်္ဂါက ထူးခြားလှသည်။

သာကီဝင်တို့ ထုံးစံအရ အသက် ၁၆ နှစ်ထဲရောက်သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သာကီဝင် အကြီးအကဲတို့နှင့် တိုင်ပင်ကာ သန္ထာဂါရလွှတ်တော်သို့ မဟာသမ္မတ ခတ္တိယ ရာဇာအဖြစ် တင်မြှောက်ရန် ဆွေးနွေးသည်။ ကောလိယနှင့် ကပိလဝတ္ထု သာကီဝင်ကိုယ်စားလှယ်တို့က ချွင်းချက်မရှိ ထောက်ခံကြသော်လည်း ဒေဝဒဟ မှ သုပ္ပဗုဒ္ဓ ကိုယ်စားလှယ်တို့က သိဒ္ဓတ္ထသည် အဆင်းရှိသော် အချင်းနည်းပါးသည်။ ရုပ်ရေမှာ ပြိုင်ဘက်ကင်းအောင် လှပသော်လည်း ပညာအရ အဋ္ဌာရသ သိပ္ပနည်းပါးသည်။ ဘုရင်ဟူသည် အဋ္ဌာရသ ဓားရေး လှံရေး မြားရေး ဆင် စီး မြင်းစီး စသည့် ၁၈ ရပ်တတ်မြောက်ရန် လိုအပ်သည်။ တိုင်းကားပြည်သူ လူသူအားလုံး လက်ခံစေရန် ပညာပြသင့်သည်ဟု ဆိုလာကြသည်။ သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ဘဒ္ဒကစ္စနာယသော်ဓရာမှာလည်း ဗိမ္ဗာရွှေလှော်ဟု တင်စားခေါ်ရလောက်အောင် ရွှေရုပ်ကို သွန်းထားသည့်ပမာ ရွှေမင်းသမီးလေး ဖြစ်သည်။ ရုပ်ရည်သွင်ပြင်အရ သိဒ္ဓတ္ထမင်းသားလေးနှင့်သာ ထိုက်တန်သည်။ သို့သော်လည်း ခမည်းတော် သုပ္ပဗုဒ္ဓက သဘောမကျဟန်ထင်သဖြင့် စိတ်တွင်သာ ကျေနပ်နေခဲ့ရသည်။

သာကီဝင်တို့၏ သန္ထာဂါရလွှတ်တော်သို့တင်ပြမဆွေးနွေးခင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော် သိဒ္ဓတ္ထကို ပညာသင်ရန် ဆွေးနွေး

လာသည်။ သားတော်သိဒ္ဓတ္ထက ခမည်းတော်ဘုရား သားတော်မှာ ပညာသင်စရာမလိုပါ။ စိတ်ထဲတွင် လိုချင်သော ဘာသာရပ်ဟူသမျှ ကြံတိုင်းအောင် ဆောင်တိုင်းမြောက် တတ်မြောက်ပြီးပါကြောင်းဘုရား။ ဘဝပေါင်း အသင်္ချေအနန္တတဘက်သားကို ပညာရစေမည့် ကုသိုလ်မျိုးစုံဖြည့်ကျင့်ခဲ့သဖြင့် စိတ်တွင်တောင့်တတိုင်း ပြည့်စုံအောင်မြင်ရသော စွမ်းရည်သတ္တိ ပါရမီမျိုးစေ့ အပြည့်ရှိပါသည်။ မည်သည့်ဘာသာရပ်မှ အခက်အခဲမရှိပါ။ ခမည်းတော် ရှုစားတော်မူလိုသည့် ပညာကို မိန့်ဟတော်မူပါ။ သားတော် ပြသပါမည်ဟု လျှောက်ထားကာ လေးပညာခက်ခဲသမျှ အားပါးတရ ပြတော်မူသည်။ မြင်မြင်သူမှန်သမျှ အံ့သြဝမ်းသာလှသဖြင့် ဂုဏ်ပြုပူဇော် ချီးမွမ်းကြသည်။

## မဟာသမ္မတခတ္တိယမဟာရာဇာအဖြစ် စိုးစံတော်မူခြင်း

သာကီဝင်မင်းသားသိဒ္ဓတ္ထသည် ထိုခေတ်ထိုအခါက အဝေးပစ်လက်နက်အဖြစ် စစ်ဘုရင်တို့သတ်မှတ်ထားသော လေးအတတ်ပညာကို ကြိုးဘူးဖို့ဝေး ကြားဖူးပင် မကြားဘူးသော အခက်တကာ့ အခက်ဆုံး လေးပညာမျိုးစုံကို လေးတော်တင်ပွဲကျင်းပ၍ ပြတော်မူခဲ့သည်။ အာရိယန်လူမျိုးတို့သည် အိန္ဒိယနိုင်ငံသို့ မရောက်မီ အီဂျစ်မက်ဆိုပိုတေမီး အဆီးရီးယားတို့ သို့ ရောက်စဉ်ကပင် လေးပညာရပ်ကို အပတ်တကုတ်သင်ယူခဲ့သည်။ ထူထဲသော လှည်းဘီးတပ်ထားသည့် စစ်ရထားကြီးများကို အိမ်ဖွဲ့ကာ သံချပ်ကာဝတ်၍ စစ်မြင်းများဆွဲပြီး စစ်ပွဲဝင်ခဲ့ကြသည်။ ဆင်စီး မြင်းစီး ဒါးခုတ်လှံထိုးအမျိုးမျိုးနှင့် ဂဏန်းသင်္ချာ ဗေဒင်ယတြာ နက္ခတ်မျိုးစုံကိုပါ သင်ခဲ့ကြသည်။ အဌာရသသိပ္ပခေါ် အတတ်ပညာများကို တတ်မြောက်ပြီးသောအခါ အိန္ဒိယမြေသို့ ဝင်ရောက်လာကြသည်။ ထိုစဉ်က အိန္ဒိယတွင် ရှိနှင့်သော တိုင်းရင်းသားတို့မှာ ဒရာဗီဒီယန်များသာဖြစ်၍ ကျောက်လက်နက်လောက်သာ သုံးတတ်ကြသေးသည်။ အာရိယန်တို့၏ လေးလက်နက်ကို မယှဉ်သာသဖြင့် ဒရာဗီဒီယန်တို့စစ်ရှုံး၍ နယ်မြေကို ထိုးအပ်ခဲ့ရသည်။ ထို့ကြောင့်လေးအတတ်ပညာသည် အာရိယန်တို့၏ လျှို့ဝှက်ပညာဖြစ်သည်။ တက္ကသိုလ်ကြီးများ တည်ထောင်နိုင်ကြသောအခါ ထိုတက္ကသိုလ်ကြီးများသို့ အာရိယန်မျိုးဆက်တို့သာ

သကျမုနိဗုဒ္ဓရှင်တော်၏ ဘဝဖြစ်စဉ် ဗုဒ္ဓဝင်အကျဉ်း
(နက္ခတ္တ ဗေဒပညာရှင် ဒေါက်တာဗိုလ်လေး)

| စဉ် | အကြောင်းအရာ | မဟာသက္ကရာဇ် | ခရစ်နှစ် |
|---|---|---|---|
| ၁။ | ပဋိသန္ဓေတည် | ၆၇ ဝါဆိုလပြည့် ကြာသပတေးနေ့ | ဘီစီ ၆၂၅ ဇူလိုင် ၅ရက် |
| ၂။ | ဖွားတော်မူ | ၆၈ခု ကဆုန်လပြည့် သောကြာနေ့ | ဘီစီ ၆၂၄ ဧပြီ ၂၆ ရက် |
| ၃။ | မင်းဖြစ်ချိန် | ၈၄ ခု၊ ကဆုန်လ ၁၆ နှစ် | ဘီစီ ၆၀၈ ဧပြီလ |
| ၄။ | တောထွက်ချိန် | ၉၇ ခု ဝါဆိုလပြည့် တနင်္လာနေ့ | ဘီစီ ၅၉၅ ဩဂုတ်၄ ရက် |
| ၅။ | ဘုရားဖြစ်တော်မူ | ၁၀၃၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ | ဘီစီ ၅၈၉၊ ဧပြီ ၃၀ ရက် |
| ၆။ | ဓမ္မစကြာ တရားဦးဟော | ၁၀၃ ခု၊ ဝါဆိုလပြည့် စနေနေ့ | ဘီစီ ၅၈၉၊ ဇွန် ၂၅ ရက် |
| ၇။ | အနတ္တလက္ခဏာ သုတ်ဟော | ၁၀၃၊ဝါဆိုလပြည့်ကျော် ၅၊ ကြာသပတေး | ဘီစီ၅၈၉ ဇူလိုင် ၂ |
| ၈။ | ပရိနိဗ္ဗာန်ပြု | ၁၄၈၊ ကဆုန်လပြည့် အင်္ဂါနေ့ | ဘီစီ ၅၄၄၊ မေလ ၁၃ ရက် |
| ၉။ | တေဇောတော် လောင် | ၁၄၈၊ကဆုန်လပြည့် ကျော် ၁၂ရက်၊တနင်္ဂနွေ | ဘီစီ ၅၄၄ မေလ ၂၄ |

တက်ရောက်ခွင့်ရကြပြီး အထူးလှို့ဝှက်ထားကြသည်။ သာကီဝင်တို့ ဝဇ္ဇီတို့ မလ္လတို့ စသောလူမျိုးခြားများကို လုံးဝသင်ခွင့်မပေးကြပေ။ ဗန္ဓုလမှာ ထူးခြား ခြားခြား မလ္လလူမျိုးခြား တက္ကသိုလ်တက်ခွင့်ရသူတစ်ဦးဖြစ်သည်။ မဟာလိလိစ္ဆ ဝီလည်း ထူးထူးခြားခြား တက်ခွင့်ရခဲ့သည်။ သကျသာကီဝင်လူမျိုးများကိုမူ လုံးဝတက်ခွင့်မပြုပေ။ အထူးတားမြစ်ခဲ့သည်။ သာကီဝင်တို့မှာ ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်ကြသဖြင့် အာရိယန်တို့အတွက် ပြိုင်ဘက်ဖြစ်လာနိုင် သည်။ ထို့ကြောင့် သိဒ္ဓတ္ထ အာနန္ဒာ ဘဂု ကိမိလ အနုရုဒ္ဓါ စသော သာကီ ဝင်မျိုးဆက်တို့ တက္ကသိုလ်မတက်ခဲ့ရပေ။ သို့သော် သာကီဝင်တို့မှာ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ကြသည့် ဘုန်းရှင် ကံရှင် သမ္ဘာရှင်များဖြစ်၍ ထူးချွန် ထက်မြက်ကြသည်။ တဆင့်စကား တဆင့်ကြားဖြင့် သင်ယူသင်ကြား တတ် မြောက်ကြသည်။ သိဒ္ဓတ္ထကမူ အထူးသင်နေစရာ မလိုပေ။

## စကြဝတေးမင်းအာဏာကို ပယ်ချတော်မူခဲ့ခြင်း

လေးတော်တင်ပွဲတွင် သိဒ္ဓတ္ထမင်းသားလေးက အသက်အရွယ် ငယ် ရွယ်နုပျိုစဉ် ၁၆ နှစ်မှာပင် ကပိလဝတ္ထုမင်းရင်ပြင်၌ ၁၀၁ပါးသော မင်းတို့ ၏ မင်းညီမင်းသား မင်းဆွေမင်းမျိုး စစ်သူကြီး အမတ်ကြီး မြို့ဝန် မြို့စား စစ်သည်တော်ပေါင်းများစွာတို့ ကြိတ်ကြိတ်တိုးမျှ ပြည့်ကြပ်နေသော ဗိုလ်ပုံ အလယ်တွင် မကြုံဘူး မကြားဘူး မတွေ့ဘူး အံ့သြစရာလေးပညာရပ် အထူး ထူးတို့ကို ပြတော်မူခဲ့သည်။ လေးတော်တင်ပွဲကို လာရောက်ကြည့်ရှုသူတို့ အားလုံးက တခဲနက် ဂုဏ်ပြုပူဇော်ကြသည်။ တရာ့တစ်ပါးသော မင်းတို့က **စကြဝတေး မင်းအဖြစ် အလိုတော်ရှိပါလျှင် ကျွန်တော်မျိုးတို့က အပ်နှင်း** ရန် အဆင်သင့်ပါဟု လျှောက်တင်ကြကုန်၏။ သာကီဝင်လူမျိုးကို ရန်သူ အာရိယန်တို့ နယ်ချဲ့စစ်ပွဲ မဆင်နွှဲစေရန် ကြိုတင်၍ အစွမ်းပြကာကွယ်ခဲ့ခြင်း ဖြစ်သည်။ ဉာတတ္ထ စရိယာပင်တည်း။

သို့သော် ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် တစ်ရာ့ တစ်ပါးသော မင်းအပေါင်းတို့က စကြဝတေး မင်းအဖြစ် အပ်နှင်းခဲ့သော် လည်း အလောင်းတော်မြတ် ဗောဓိသတ်က လက်မခံခဲ့ပေ။ **စကြဝတေးမင်း**

ဘဝဟူသည် ကုသိုလ်ပါရမီ အလျှောက် ဖြစ်ပေါ်ရသော မင်းအာဏာမျိုး ဖြစ်၍ အချက်အလက်အင်္ဂါလက္ခဏာများနှင့် ပြည့်စုံမှ ဖြစ်ရသော အကျိုး ပေး မြင့်မားလှသည့် မင်းအာဏာဖြစ်သည်။ လက်နက်ဖြင့် တိုက်ခိုက်ယူ ၍ မရ။ ဘုန်းကံသမ္ဘာအလျှောက် ရရှိသော စည်းစိမ်းမျိုးဖြစ်သည်။ စကြဝတေးမင်း ဖြစ်ရန် အင်္ဂါရစ်တန်ပြည့်စုံရသည်။ သူဌေး ရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာစသည် ပြည့်စုံသော်လည်း မိဖုရားကြီးရတနာ သားကြီးရတနာ တို့နှင့် မပြည့်စုံသေးပေ။ အချက် အလက် မပြည့်စုံ အင်္ဂါမပြည့်သေးသဖြင့် စကြဝတေးမင်းအာဏာကို လက်ခံမရသေးပေ။

၂၉ နှစ်အရွယ်တောထွက်သောအခါ သားတော်ရာဟုလာဖွား မြင်ပြီ ဖြစ်၍ သားကြီးရတနာအင်္ဂါလည်း ပြည့်စုံလာပြီဖြစ်၍ စကြဝတေး မင်းဖြစ်ရန် အချိန်ရောက်ပေပြီ။ ထို့ကြောင့်ပင် မာရ်နတ်မင်းက တောထွက် လာသော ဘုရား အလောင်းတော်အား တောမထွက်ရန် နောင် ၇ ရက်ကြာ လျှင် စကြာရတနာ ရောက်လာပါလိမ့်မည်ဟု လျှောက်တင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဘုရား အလောင်းက မင်းစည်းစိမ်ကို ယမ်းမီးရှိန်အလား အောင်မေ့ပြီး စကြာဝတေး မင်းဘဝ မလိုလားခဲ့ပေ။ ဘုရားဖြစ်ရန်လိုလားခဲ့သဖြင့် စကြဝတေး မင်းဘဝ ငြင်းပယ်ခဲ့ရလေသည်။

## ရွှေနန်းစည်းစိမ်ကို စံတော်မူခြင်း

လေးတော်တင်ပွဲကျင်းပပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် သမီးတော် ဘဒ္ဒကစ္စာနာယသောဓရာ ဗိမ္ဗာရွှေလှော်ကို ရွှေလက်ဆွဲ၍ သိဒ္ဓတ္ထမင်းသား အလောင်းဘုရားထံ အပ်နှံလာ၏။ သာကီဝင်မင်းသမီးပေါင်း ၄၀၀၀၀ တို့ ကိုလည်း ဆက်သလာ၏။ သန္ဒာဂါရလွှတ်တော်မှလည်း သာကီဝင် မင်းသား လွှတ်တော်ကိုယ်စားလှယ်များက တခဲနက် ရွေးချယ်၍ သိဒ္ဓတ္ထမင်းသားလေး ကို မဟာသမ္မတခတ္တိယမဟာရာဇာအဖြစ် တင်မြှောက်လေသည်။ ယသော ဓရာဘဒ္ဒကစ္စာနာဗိမ္ဗာရွှေလှော် သမီးတော်ကို အဂ္ဂမဟေသီ မိဖုရားကြီးအဖြစ် တင်မြှောက်လေသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုပင် ဘုရင်အဖြစ် တင်ပြသော်လည်း သုဒ္ဓေါဒနမင်းကြီးသည် အုပ်ချုပ်ရေးအာဏာကိုသာ ရယူ၍ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ပေးခဲ့သည်။ သားတော် သိဒ္ဓတ္ထမင်းသားကို ဘုရင်အဖြစ်တင်မြှောက်ပြီး ရမ္မ သုဘ သုရမ္မ နန်းမသုံးဆောင် ဆောက်လုပ်ပေးပြီး ယသောဓရာခေါင်းဆောင်သော မိဖုရားပေါင်း ၄ သောင်းကျော်ဖြင့် ကာမဂုဏ် စည်းစိမ်ကို အပြည့်အဝ ခံစားတော်မူလေသည်။ တောထွက်ပြီး ဘုရားဖြစ်ရန်ထက် စကြဝတေးမင်းဖြစ်လိုသော ဆန္ဒအားကြီးလှသဖြင့် ခမည်းတော်ကြီးသည် ကာမဂုဏ်နှင့် ဆွဲဆောင်ထားလေသည်။

သက်တော် ၂၉ နှစ် အရွယ်တွင် ယသောဓရာဒေဝီမှ သားတော် ရာဟုလာကို ဖွားမြင်ခဲ့သည်။ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ဝယ် သားတော် မွေးဖွားပြီးဖြစ်၍ သားကြီးရတနာ အင်္ဂါနှင့် ပြည့်စုံချိန် တွင် စကြဝတေးမင်းဖြစ်မည်ဟု မာန်နတ်လျှောက်တင်ချက်ကို ငြင်းပယ်၍ တောထွက်ခဲ့သည်။ ဆန္ဒအမတ်အဖော်နှင့် ဖွားဖက်တော် ကဏ္ဍက မြင်းစီး၍ မဟာဘိနိက္ခမနမြတ်သော တောထွက်တော်မူခြင်းကို လုပ်ခဲ့လေသည်။

## သိဒ္ဓတ္ထမင်းသားသည် ဘုရင်ဖြစ်ခဲ့ကြောင်း ခိုင်လုံသောသက်သေ

နိုင်ငံခြား ဗုဒ္ဓဘာသာလေ့လာသူတို့နှင့် ခေတ်ပညာတတ်များ ဘာသာခြားများက သိဒ္ဓတ္ထမင်းသားသည် ဘုရင်ဖြစ်ခဲ့သည်မှာ ခိုင်လုံသော သက်သေ မရှိဟု ဆိုကြသည်။ သုံးသွယ်ရွှေနန်း သိမ်းမြန်းပြီလစ် ဆယ်သုံးနှစ်လျှင် ဘုန်းသစ်လျှံလူစံတော်မူ၍ ရွယ်မူနုဖြိုး ၂၉ ဝယ်ဟူသော စကားကို လက်မခံလိုကြပေ။

ထိုသူများသည် ဘုရားဟော ပါဠိတော်ကို မနှံ့စပ် မကျွမ်းကျင်အပြစ် သာရှာနေသော လူညံ့များဖြစ်သည်။ စာပေမနှံ့စပ်ဘဲ ပညာရှိယောင်ဆောင်နေကြသည့် မကျက်တကျက်ပေါင်မုန့် အပုပ်အသိုးများဖြစ်၏။ မဇ္ဈိမ ပဏ္ဏာသ ဓမ္မ စေတိယသုတ် စာ ၃၆ ၌ ကောသလမင်းကြီးကိုယ်တော်တိုင်ကပင် ဘုရားရှင်ကို ခတ္တိယ ရေမြေပိုင်သ အစိုးရသူ ရေမြေ့သနင်း ပြည့်ရှင်မင်းပါ ဟု လျှောက်ထားခဲ့သဖြင့် သည်ထက်ပို၍ ခိုင်လုံသော

သက်သေဘာရှိပါ အုံးမည်နည်း။

ကောသလမင်းကြီးသည် တိုင်းခန်းလှည့်လည်စဉ် သာကီဝင်တို့၏ မေဒါဠုပနိဂုံးရွာကြီးသို့ ရောက်၏။ ဘုရားရှင်လည်း မေဒါဠုပတောအုပ်ကြီး ထဲ၌ သီတင်းသုံးနေသဖြင့် မင်းကြီးသည် ဘုရားရှင်ထံသွားရောက် ဖူး မြော်ပြီး စကားကြီး ၃ ခွန်းလျှောက်၏။

အဟမ္ပိကောသလော ဘဂဝါပိကောသလော

တပည့်တော်လည်း ကောသလနယ်မြေသားပါ။ အရှင်ဘုရားလည်း ကောသလနယ်မြေသားပါ။ တပည့်တော်တို့ ၂ ဦးဟာ တနယ်ထဲသားတွေ ပါဘုရား။ အဟမ္ပိအသီတိကော ဘဂဝါပိအာသီတိကော တပည့်တော်လည်း အသက် ၈၀ ထဲရောက်နေပါပြီ။ အရှင်ဘုရားလည်း သက်တော် ရှစ်ဆယ်ပါ။ သက်တူရွယ်တူတွေပါဘုရား။

အဟမ္ပိခတ္တိယော ဘဂဝါပိခတ္တိယော တပည့်တော်ဟာ ရေမြေ အစိုး ရတဲ့ ဘုရင်ပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလည်း ရေမြေပိုင်သ အစိုးရ တဲ့ ခတ္တိယအစစ် မဟာသမ္မတမင်းမြတ်အစစ်ပါဘုရား။ ဒီစကားကို လျှောက် ထားသူကတော့ ကောသလမင်းကြီးပါပဲ။ ထို့ကြောင့် သူများယောင်လို့ လိုက် မယောင်ကြပါနှင့်။ **ဂေါတမဗုဒ္ဓဟာ ဘုရင်စစ်စစ်ဖြစ်ပါတယ်။ စာပေမှာ အတိအကျ လာပါတယ်။ မမှားကြ မမိုက်ကြပါနှင့်။**

**သုဒ္ဓေါဒနမင်းကြီးဟာ ဘုရင်မဟုတ်၍ ရာဇာမသုံးဘဲ သက္ကျာဟူ၍ သာ သုံးခဲ့သည်ဟု တမျိုးပြောပြန်သည်။** ကပိလဝတ္ထု ဒေဝဒဟ ကောလိယ သာကီဝင် ၃ နိုင်ငံသည် ကျယ်ပြန့်သောနိုင်ငံကြီးဖြစ်ကြောင်း မြို့ရွာနိဂုံးတို့ ကို ထုတ်နှုတ်ဖော်ပြခဲ့ပါပြီ။ **သာကီဝင် ဧရိယာသည် စတုရန်းမိုင်သောင်း သိန်းကျယ်ပြန့်သော ဧရိယာရှိပါသည်။** နာဂရကမြို့နှင့် မေဒါဠုပသည်ပင် ၃ ယုဇနာကွာဝေးပါသည်။ တစ်နေ့ခရီးဖြစ်ပါသည်။ မိုင်အားဖြင့် မိုင် ၄၀ လောက် ဝေးကွာပါသည်။ မြို့ပေါင်း ဆယ်နှင့် ရာနှင့် ချီပြီးရှိသဖြင့် မိုင် များစွာ ကျယ်ပြန့်ပါသည်။ သာဝတ္ထိနယ်မြေထဲထိ ကျယ်ပြန့်ခဲ့ပါသည်။ **ပြု လူမျိုးတို့၏ အင်အားကို လျှော့တွက်၍ မရပါ။ မှားသွားပါလိမ့်မည်။ သမိုင်း မှတ်တမ်းက သက်သေခံနေပါသည်။**

မလ္လ ဝဇ္ဇီ နယ်မြေလေးများနှင့် အချို့နယ်မြေကို အုပ်စိုးသူများကို ပင် ရာဇာဟု သုံးကြပါသည်။ ပါယာသိရာဇည ပါယာသိဘုရင်ဟု သုံးတတ် ကြပါလျက် သုဒ္ဓေါဒနမင်းကြီးကို ရာဇာဟု မခေါ်ခြင်းမှာ သုဒ္ဓေါဒနသည် သကျ လူမျိုးဖြစ်၍ ဖြစ်ပါသည်။ **သုဒ္ဓေါဒန စသော သာကီဝင်တို့အတွက် ဂုဏ်ယူစရာ ကောင်းလှသော ဝေါဟာရမှာ ရာဇာ မဟာရာဇာ မဟုတ် သကျသက္က သာကိယသာဖြစ်ပါသည်။** ဦးသန့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဖြစ်စဉ်က သူ့တာပည့်ကို ပြောထားပါသည်။

အကယ်၍ မစ္စတာသန့်လို့ မေးပြီးလာလျှင် အခြေအနေအရ တွေ့ ခွင့်ပေးသင့်မှ ပေးပါ။ ဦးသန့်လို မေးပြီးလာလျှင်တော့ ငါ့ထံ ချက်ချင်းခေါ် လာခဲ့ဟော့ဟု အမိန့်ပေးထားသည်။ **မြန်မာတစ်ယောက်အတွက် မောင် ကို ဦး သည် မြန်မာ့ကိုယ်ပိုင် ဂုဏ်ယူစရာ အခေါ်အဝေါ် ဝေါဟာရဖြစ်၍ မြတ် နိုးရသလို သာကီဝင်တို့အတွက် သကျ သက္က ဝေါဟာရသည် အမြတ်နိုးဆုံး ဝေါဟာရဖြစ်၍** ရာဇာဟု မသုံးခြင်းဖြစ်ကြောင်း မျိုးချစ်စိတ် ရှိသူတိုင်း နားလည် ပါစေ။

သာကီဝင်တို့ စနစ်မှာ သမ္မတစနစ်ဖြစ်၍ ပြောင်းခဲ့ရ

သာကီဝင်တို့၏ အုပ်ချုပ်ရေးစနစ်မှာ မဟာသမ္မတစနစ်ဖြစ် သည်။ သက်ဦးဆံပိုင်ဘုရင်စနစ်မဟုတ်ချေ။ ဘုရင်စနစ်အရ ဘုရင် သည် ရာသက်ပန် အာဏာရှင်ဖြစ်၍ အပြောင်းအလဲမရှိကြပါ။ ဘုရင် မရှိလျှင် သားတော်တစ်ပါးပါး ဘုရင်ဖြစ်လာပါမည်။ သာကီဝင်တို့ စနစ်မှာ သန္ထာဂါရလွှတ်တော်မှ ရွေးချယ်ရသော စနစ်ဖြစ်၍ မင်းတစ်ပါး အုပ်ချုပ်သူ မရှိလျှင် သန္ထာဂါရလွှတ်တော်က သမ္မတတစ်ဦး ဘုရင်တစ်ဦး ကို ရွေးချယ်ရပါသည်။ ထို့ကြောင့် အိန္ဒိယနှင့် သာကီဝင်တို့ လူမျိုး ကွဲပြားကြောင်း တထစ်ချသိမှတ်ထားရပါမည်။ စနစ်ချင်း မတူသည်မှာ လူမျိုးချင်း မတူ ကွဲပြား၍ဖြစ်ပါသည်။ သကျနှင့် အိန္ဒိယ လူမျိုးချင်း မတူ ကွဲပြားပါသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အုပ်ချုပ်သူအကြီးအကဲအဖြစ်

ဆောင်ရွက်နေရာမှ သိဒ္ဓတ္ထမင်းသား ၁၆ နှစ်ပြည့်သောအခါ သိဒ္ဓတ္ထမင်းသားကို အုပ်ချုပ်သူအကြီးအကဲ သမ္မတ ရာဇာအဖြစ် ရွေးစေလိုပါသည်။ သန္ဓာဂါရလွှတ်တော်သို့ တင်ရသည်။ အများဆန္ဒအရ လေးတော်တင်ပွဲတွင် အစွမ်းပြသဖြင့် သန္ဓာဂါရ လွှတ်တော်က သိဒ္ဓတ္ထကို အုပ်ချုပ်သူအဖြစ် တင်မြှောက်ခဲ့သည်။

သက်တော် ၂၉ နှစ်တွင် သိဒ္ဓတ္ထဘုရင် တောထွက်တော်မူသွားသောအခါ ဘုရင်လစ်လပ်သွားသည်။ ထိုအခါ သန္ဓာဂါရလွှတ်တော်က ဘဒ္ဒိယမင်းသားကို အုပ်ချုပ်သူဘုရင်အဖြစ် ရွေးချယ်ခဲ့သည်။ ဘုရားရှင်သည် ဘုရား ဖြစ်ပြီးနောက် ကပိလဝတ္ထုသို့ ကြွတော်မူသောအခါ သာကီဝင်မင်းသားတို့ ရဟန်းပြုကြရသည်။ ဘဒ္ဒိယမင်းလည်း ရဟန်းပြုသွားသဖြင့် ဘုရင်လစ်လပ် သွားပြန်သည်။ သန္ဓာဂါရလွှတ်တော်က မဟာနာမ်မင်းသားကို ဘုရင်အဖြစ် ရွေးချယ်ခဲ့သည်။ ထို့ကြောင့် မဟာနာမ်မင်းကြီးဖြစ်လာသည်။ သုဒ္ဓေါဒန သိဒ္ဓတ္ထ ဘဒ္ဒိယ မဟာနာမ်မင်းကြီးများကို သန္ဓာဂါရလွှတ်တော်က ရွေးချယ်ခန့်အပ်ခဲ့ခြင်းဖြစ်လေသည်။ အိန္ဒိယလူမျိုးတို့ကဲ့သို့ အမွေဆက်ခံရခြင်းမဟုတ်ပါ။ လွှတ်တော်က ရွေးခဲ့ခြင်းသာပါ။

## ဘုရားဖြစ်တော်မူပြီ

သိဒ္ဓတ္ထမင်းသားသည် ၂၉ နှစ်တွင် တောထွက်ခဲ့သည်။ ၆ နှစ်လုံးလုံး ဒုက္ကရစရိယာကျင့်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ သက်တော် ၃၅ နှစ်ပြည့်သောနေ့တွင် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာရှိ မဟာဗောဓိပင်အောက် အပရာဇိတပလ္လင်တော်ဝယ် ထက်ဝယ်ဖွဲ့ခွေထိုင်နေ သီတင်းသုံးတော်မူရင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ် သံသရာတစ်လျှောက် ဖြစ်ခဲ့သော ဘဝပေါင်းအသင်္ချေအနန္တကို ပြန်လည် အောက်မေ့နိုင်သော ဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်နတ်မျက်စိအလား အဝေးရှိအရာများ သေးငယ်မှုန်မွှားသောအရာများ ဖုံးကွယ်နေသောအရာများကို ထင်ထင်ရှားရှား ပြတ်ပြတ်သားသား

မြင်နိုင်သော ဉာဏ်တော်နှင့် အာသဝက္ခယဉာဏ် ကိလေသာ အာသဝ တရားဆိုး တရားညစ် သံသရာလည်စေတတ်သော ကိလေသာတို့ကို ဝါသနာ အထုံအငွေ့မလေ့ပါ အကြွင်းအကျန်မရှိ ပယ်သတ်နိုင်သော ဉာဏ်တော်မြတ်တို့ကို ရရှိပြီး သဗ္ဗညုတဉာဏ်တော် သိစရာ မှန်သမျှကို စဆုံး တွင်းပြင် အကုန်အစင်သိမြင်တော်မူနိုင်သည့် စွမ်းအားနှင့် ပြည့်စုံသော ဉာဏ်တော်မြတ်ကို ရရှိတော်မူသည်။

သာကီဝင်မင်းတို့၏ ထွတ်ခေါင် ဘုန်းခေါင် ဘုန်းဖျားရှင်တော်မြတ် ဘုရားသည် ဂေါတမဗုဒ္ဓ သာကီဝင်မင်းသား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ လူ နတ် ဗြဟ္မာ သတ္တဝါ အသင်္ချေ အနန္တတို့၏ ကိုးကွယ်ရာ ဘုန်းတော် အနန္တ ကံတော် အနန္တ တန်ခိုးတော် အနန္တနှင့် ပြည့် စုံတော်မူလေသည်။

## မဇ္ဈိမဒေသကို ဘုရားအလောင်း ပဋိသန္ဓေယူရန် ဘာ့ကြောင့် မရွေးခဲ့သနည်း။

သာကီဝင်မင်းသားဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စရိယာသုံးပါး၊ စွန့်ခြင်းကြီးငါးပါးကို အပြည့် အဝဖြည့်ကျင့်ပြီးနောက် တုသိတာနတ်ပြည်ဝယ် သေတကေတု နတ်မင်းကြီး အဖြစ် နတ်စည်းစိမ်စံနေတော်မူသည်။ လူ့လောကတွင် ကမ္ဘာအစဉ်အလာ တစ်ရပ်ရှိခဲ့သည်။ ကမ္ဘာပျက်ချိန် အနှစ်တစ်သိန်းလောက် အလိုတွင် လောကဗျူဟာနတ်တို့သည် ကမ္ဘာကြီးပျက်စီးတော့မည်ဖြစ်ကြောင်း၊ မီးကြောင့် ရေကြောင့် လေကြောင့် ပျက်တော့မည်ဖြစ်ကြောင်း၊ ဒုတိယဈာန်ဘုံ ဗြဟ္မာ့ ပြည်ထိ ငရဲဘုံ လူ့ဘုံ နတ်ဘုံ ခြောက်ထပ် အပါအဝင် လောကဓာတ်ကြီး တစ်ခုလုံး မီးလောင်၍ ပျက်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အကုသိုလ် မပြုကြဘဲ ကုသိုလ်သာပြုကြရန် လိုအပ်ကြောင်း လှည့်လည် ကြွေးကြော် နိုးဆော်ကြသည်။ သတ္တဝါတို့အကုသိုလ် မပြု ကုသိုလ်ပြုကြသဖြင့် လက်ရှိ ဘဝအဆင့်ဆင့်မှ လွတ်ကာ အထက်အထက် ဘုံဘဝများသို့ ရောက်ကြရ သည်။ နောက်ဆုံး မီးလွတ်ရာ အထက် ဗြဟ္မာ့ဘုံများသို့ ရောက်ကြ၏။

ကမ္ဘာမှာ သိန်း ဟု ကမ္ဘာပျက်ချိန်မတိုင်မီ ကမ္ဘာသားတို့ နှစ်တစ်သိန်းက ကြိုတင် သိကြ ကုသိုလ်ပြုကြသည်ဟု ဆိုခဲ့ကြ၏။

## ဗုဒ္ဓကောလာဟလ

ဘုရားမှာ ထောင်အရ ဘုရားမပွင့်မီ အနှစ်၁၀၀၀ကစ၍ လူ့လောကတွင် ဘုရားပွင့်တော့မည်ဟု ကောလာဟလပြောဆိုနေကြမြဲဖြစ်၏။ စကြာမှာရာ ဟူသောစကားအရ စကြဝတေးမင်းပေါ်တော့မည် ဆိုလျှင် အနှစ် ၁၀၀ ကပင် ကောလဟလပေါ်မြဲဖြစ်၏။ ယခုလည်း လူ့လောကတွင် အနှစ်၁၀၀၀ လောက်ကစ၍ ဘီစီ ၂၀၀၀ လောက်ကစ၍ လူ့လောကတွင် ဘုရားပွင့်တော့ မည်ဟူသော ကောလဟလပေါ်နေ၏။ လူတို့ ပါးစပ်များတွင် ပြောနေကြ၏။ ထိုစကားကို လူပြော သူပြောများသဖြင့် ရုက္ခစိုး နတ်တို့က ဆက်၍ပြောကြပြန်သဖြင့် စတုမဟာရာဇ် တာဝတိံသာ နတ်တို့ ကြားသိကြကုန်၏။

တာဝတိံသာနတ်ပြည်တွင် လပြည့်လကွယ်နေ့တို့၌ သုဓမ္မာဇရပ်ရှိ ဓမ္မသဘင်သို့ သနင်္ကုမာရဗြဟ္မာ၊ သဟမ္ပတိ ဗြဟ္မာစသော ဓမ္မကထိက ဗြဟ္မာကြီးတို့ လာရောက် တရားဟောလေ့ရှိ၏။ ထိုဗြဟ္မာကြီးတို့ကို နတ်တို့က ဗုဒ္ဓကောလာဟလအကြောင်း မေးကြ ဆွေးနွေးကြ၏။ ထိုဗြဟ္မာကြီးတို့က ထိုသတင်းကို ဗြဟ္မာပြည်သို့ သယ်ဆောင်သွားပြီး အထက်ဗြဟ္မာကြီးများထံ ဆက်လက်မေးမြန်းကြရာ နောက်ဆုံးတွင် သုဒ္ဓါဝါသ အကနိဋ္ဌ ဗြဟ္မာကြီးတို့ထံ ရောက်သွားသည်။ အကနိဋ္ဌ ဗြဟ္မာကြီးများမှာ သက်တန်းကမ္ဘာ ၁၆၀၀၀လောက် အသက်ရှည်ကြသဖြင့် မိမိတို့ ဗြဟ္မာသက်တန်း အတွင်းမှာပင် ဘုရား ၆ဆူ ၇ဆူလောက် ပွင့်သည်ကို တွေ့မှီဖူးလိုက်ရသော ဗြဟ္မာကြီးတို့ ရှိနေကြ၏။ ထိုအကနိဋ္ဌဗြဟ္မာသက်ရှည်ကြီးတို့က ဗုဒ္ဓဘုရားရှင် ဟူသည်မှာ သဗ္ဗညုတဉာဏ်တော်ရှင်များဖြစ်သည်။ ရုပ်ရေ ရူပ ကာယက မည်သို့မည်ပုံရှိသည် စသည်ဖြင့် မိမိတို့ဖူးတွေ့ခဲ့ရသော ဝိပဿီ, သိခီ, ဝေဿဘူ, ကောဏာဂုံ, ကကုသန်, ကဿပ စသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကို မိန့်ဆိုကြကုန်၏။ ထိုဗြဟ္မာကြီးတို့၏ မိန့်ဆိုချက်ကို အောက်ဗြဟ္မာ

လေးတို့က မှတ်သားခဲ့ကြပြီး တာဝတိံသာနတ်ဗိမ္မာသဘင်ဝယ် တဆင့်ပြန် ပြောကြကုန်၏။ ဘုရားရှင်တို့၏ ၃၂ ပါးသော လက္ခဏာတော်များဖြစ်၍ ဒွတ္တိံသ မဟာပုရိသလက္ခဏာကျမ်းဟု ခေါ်ဝေါ်ကြကုန်၏။ နတ်တို့သည် ဘုရား ရှင်တို့၏ အကြောင်းအရာများကို တာဝတိံသာနတ်ပြည်သို့ နေ့သန့်စင်ရန် ကြွလာကြကုန်သော ဈာန် အဘိညာဉ်ရ ရသေ့တို့အား ပြန်ပြောကြကုန်၏။ ထိုရသေ့တို့က လူ့လောကသို့ ပြန်ရောက်သောအခါ မင်း ပုဏ္ဏား သူဌေး သူကြွယ် ပညာတတ် ပရိသတ်တို့အား တဆင့် ပြန်ဟောကြားကြ၏။ ထို့ကြောင့် ပညာတတ် လူသားတို့သည် ပွင့် တော်မူမည့် ဘုရားရှင်အကြောင်း လက္ခဏာ ကြီးငယ်တို့ကို ကြိုတင် သိနေကြကုန်၏။ လွန်ခဲ့သော ဘီစီ ၂၀၀၀ လောက် ဂေါတမဗုဒ္ဓမပွင့်မီ ၁၀၀၀ လောက်က ဖြစ်၏။ ဗုဒ္ဓကောလာဟက ခေါ်၏။

ထိုဗုဒ္ဓကောလာဟလကြောင့် စကြဝဠာပေါင်း တစ်သောင်း တွင်းရှိ နတ် ဗြဟ္မာတို့သည် တုသိတာနတ်ပြည်ရှိ သေတကေတု နတ်မင်းကြီးထံ စုဝေး ရောက်လာကြပြီး လူ့လောကတွင် ပဋိသန္ဓေ ယူတော်မူပြီး သဗ္ဗညုဗုဒ္ဓအဖြစ် ပွင့်တော်မူရန် တောင်းပန်ကြကုန်၏။ ထိုသို့ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာတို့ ညီညာရုံးစု တောင်းပန်မှုကြောင့် အလောင်းတော် သေတ ကေတုနတ်မင်းကြီးသည် လူ့လောကကို နတ်တို့၏ အစွမ်းထက်လှသော နတ် မျက်စိဒိဗ္ဗစက္ခုဖြင့် စနစ်တကျ လေ့လာသုံးသပ်ကြည့်ရှုတော်မူ၏။ ထို သို့ ကြည့်ရှုမှုကို ပဉ္စမဟာ ဝိလောကဏ ကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်ရှုခြင်းဟု ခေါ်၏။ နတ်မင်း ကြီးသည် ကြည့်ခြင်းကြီးဖြင့် ကြည့်ရှု သုံးသပ်ပြီး အောက်ပါအတိုင်းဆုံးဖြတ် ခဲ့လေသည်။

## ကာလကိုကြည့်ရှုခြင်း

ဘုရားပွင့်ရန် အချိန်အခါသည် အရေးကြီးသည်။ နှစ် ၁၀၀ တန်း နှင့် တစ်သိန်းတန်အတွင်း၌သာ ပွင့်တော်မူကြ၏။ ၁၀၀ တန်းအောက် ရောက် သောအခါ လူတို့ ကာမရာဂ လောဘ ဒေါသ မောဟ ကိလေသာ

စရိုက်ဆိုးတို့ လွှမ်းမိုးနေချိန်ဖြစ်၍ တရားဓမ္မကို မလိုက်နာ မကျင့်ကြပေ။ တစ်သိန်းတန်း အထက်ရောက်သောအခါ အနိစ္စ ဒုက္ခ အနတ္တ ဟောပြသော်လည်း လူတို့သည် အသက်ရှည်ကြ ချမ်းသာကြသဖြင့် တရားတော်ကို လွယ်လင့်တကူ မမြင်နိုင်ကြပေ။ ၁၀၀ တန်းနှင့် တစ်သိန်းတန်းကြားကာလ သည် ဓမ္မနှင့် ဖြစ်ပျက်နေမှု သဘာဝတို့ ကိုက်ညီသဖြင့် လက်ခံကြသည်။ လက်ရှိအချိန် သက်တမ်းကို ကြည့်ရှုသည် ရှိသော် ၁၀၀ တန်းဖြစ်၍ ဘုရားပွင့်ရန်ကာလဟု သတ်မှတ်တော်မူသည်။

## ဒီပ ကျွန်းမြေ

ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ စကြဝတေး မန္တာတ်မင်း စသော သူတော် သူမြတ်တို့သည် ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌သာ ပွင့်မြဲ ဖြစ်မြဲဖြစ်၍ ဘုရား အလောင်း နတ်သားကြီးကလည်း ဘုရားဖြစ်ရာ ကျွန်းမြေအဖြစ် မဇ္ဈိမဒေသ တောင်ကျွန်းကို ရွေးချယ်လိုက်သည်။

## ဒေသ ဘုရားဖြစ်ဖို့ရန် နယ်မြေ

ဘုရားအဖြစ် သာသနာတော်သုံးရပ်ကို အခြေချ သာသနာပြုရန် အတွက် မဇ္ဈိမဒေသကြီးတစ်ပိုက်ကို ရွေးချယ်တော်မူသည်။ သာသနာတစ် ရပ် တည်ထောင်ရန်အတွက် လူသည်အဓိကဖြစ်သည်။ ဤဒေသ တဝိုက် ၌ လူဦးရေသည် ထူးထူခြားခြား များပြား ပြည့်ကြပ်စည်ကားနေသည်။ ဒီပင်္ကရာ ဘုရားရှင်သည်ဘုရားအလောင်း သုမေဓာရှင်ရသေ့ကို နိယတဗျာဒိတ် ပေးတော်မူချိန်က ကောင်းကင်မြေပြင်အနှံ့ လူနတ်တို့ဖြင့် ပြည့်နှက်နေသည်။ ဂေါတမဘုရားအဖြစ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် ပွင့်လိမ့်မည် ဟူသော ဗျာဒိတ်သံကို ကြားရသောအခါ ဒီပင်္ကရာဘုရား သာသနာနှင့် လွဲချော်ခဲ့လျှင် သုမေဓာရှင်ရသေ့လေး၏ ဂေါတမဘုရား သာသနာတွင် ကျွတ်တန်းဝင်ရန် ဒါန သီလ စသော ကုသိုလ်တရား ပါရမီတရားတို့ကို ဖြည့်ကျင့်ခဲ့ကြသဖြင့် ဘုရားမပွင့်မီနှစ်အနည်းငယ်အချိန်၌ မဇ္ဈိမဒေသနယ်မြေတစ်ခွင်တွင် လူများ ဖြစ်လာကြသည်။ ဂေါတမဘုရားရှင်ဘုရားဖြစ်၍ ဒေသစာရီခရီးစဉ်အဖြစ် အဝန်း

ယူဇနာ ၉၀၀ အတွင်း ဝါကျွတ်ချိန်မှစ၍ လှည့်လည်ဟောပြဆိုဆုံးမတော်မူမြဲဖြစ်သည်။

ရှေးပါရမီဖြည့်ကျင့်ခဲ့ကြသူတို့သည် ထိုရပ်ဝန်းကြီးအတွင်းဝယ် ကုသိုလ်ကံအလျှောက် မင်းစိုးရာဇာ သူဌေးသူကြွယ်ကုန်သည် လယ်လုပ် ဆင်းရဲသား မှစ၍ လူဖြစ်နေကြကုန်၏။ လူဦးရေရမှာ ရာဇဂြိုဟ်မြို့တွင် အိမ်ထောင်စု ၁၈ ကုဋေ နေကြ၏။ တစ်အိမ်ထောင် ၄၊ ၅ ယောက်နှင့် တွက်လျှင်ပင် လူ သန်း ၁၀၀ နီးပါးနေကြ၏။ သာဝတ္ထိမှာ ၉ ကုဋေနေကြ၏။

မြို့နယ်ပေါင်း ထောင်သောင်းချီ၍ ရှိသဖြင့် လူဦးရေးပေါင်း သန်းထောင်သောင်းနှင့် ချီ၍ နေကြကုန်၏။ ယူဇနာ ၉၀၀ ခရီးစဉ်အတိုင်း ၁ ယူဇနာ ၈ မိုင် အနည်းဆုံးထား၍ တွက်လျှင်ပင် မိုင်းပေါင်း ၉၀၀ X ၈=၇၂၀၀ မိုင် ကျယ်ဝန်း၏။ ဘုရားရှင် ကြွ၍ တရားဟောလျှင် လူပေါင်း ၈၄၀၀၀ ကျွတ် တန်းဝင်ကြ၏။ အနည်းဆုံးဖြစ်၏။ ထို့ကြောင့် ဘုရားဝါတော် ၄၅ ဝါဆို လျှင် ကျွတ်တန်းဝင်သူပေါင်း မည်မျှများပြားပါမည်နည်း။ ကုသိုလ်ရှင် ပါရမီ ရှင်တို့ အားလုံး ကျွတ်တမ်းဝင်ခဲ့လေသည်။ ကျန်သူတို့ကား ကုသိုလ်နည်းပါး ပါရမီရှားပါးလှသူများသာ ဖြစ်ပေသည်။ ထို့ကြောင့် နတ်မင်းကြီးသည် ဒေသ အဖြစ် မဇ္ဈိမဒေသကို ရွေးလိုက်သည်။

မာတု အာယု ပရိစ္ဆေဒအရ ဘုရားအလောင်း သန္ဓေကိန်းအောင်သည့် ဝမ်းတိုက်တွင် ဘုန်းတူ ကံတူ ဉာဏ်တူ သမ္ဘာတူ မရှိနိုင်သဖြင့် အလောင်းတော်မွေးဖွားပြီးနောက် ရရက်အကြာတွင် မယ်တော် နတ်ရွာစံ ရမြဲဖြစ်သည်။ ဤသည့်အချက်ကိုလည်း တွေ့မြင်တော်မူလေသည်။

## ဘယ်လူမျိုးမှာ ဘုရားအလောင်း ပဋိသန္ဓေယူရပါမည်နည်း။

သေတကေတုနတ်မင်းကြီးသည် နတ်ဗြဟ္မာအပေါင်းတို့အား ဝန်ခံကတိ မပေးမီ မိမိပဋိသန္ဓေယူရမည့် လူမျိုးကို ကြည့်တော်မူသည်။ မဇ္ဈိမဒေသကို ကာလ၊ ဒီပ၊ ဒေသတို့အတွက် ရွေးချယ်ခဲ့သဖြင့် ကုလအရ သန္ဓေယူတော်မူရန် လူမျိုးအဖြစ် မဇ္ဈိမဒေသကို ဦးစားပေးရွေးချယ်သုံးသပ်ကြည့်ပါသည်။ **အောက်ပါအချက် ၃ ချက်အရ ဘုရားအဖြစ် ဘုရားဘဝနှင့်**

မကိုက်ညီ မဟာပ်စပ်သဖြင့် ပယ်တော်မူခဲ့ရသည်။ မဇ္ဈိမဒေသ ကုလားလူမျိုးတို့ သည် ဘုရားအလောင်း၏ ဆွေတော် မျိုးတော် ခမည်းတော် မယ်တော် ကြင်ယာတော် သားတော် ညီတော် ညီမတော် ဖွားဖက်တော်များ ဖြစ်ရန် ပါရမီ ကုသိုလ်ကံ နည်းပါးလှသည်။ ကုသိုလ်ပါရမီ လုံးဝမပါရှိခဲ့ပေ။ ဘုရားဆွေတော် မျိုးတော်ဟူသည် ကမ္ဘာပေါင်း တစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရသူ ပါရမီ ရှင်များဖြစ်ရသည်။ ပါရမီ မပါရှိလျှင်ပေး၍ မရနိုင်ပေ။ ပါရမီ မဖြည့်ခဲ့ကြသဖြင့် ဘုရားအမျိုး ဖြစ်ခွင့် မရခဲ့ပေ။

## အတ္တဝါဒစွဲ ပြင်းထန်လှသဖြင့် ငြင်းဆန်ခဲ့ရသည်

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသား ကုလားလူမျိုးတို့သည် နတ် ဗြဟ္မာကို ကိုးကွယ်ကြသည်။ မဟာဗြဟ္မာကြီးသည် လူ့လောကနှင့် လူသားတို့ကို ဖန်ဆင်းခဲ့သည်။ ဗြဟ္မာကြီးသည် အတ္တ အတ္တမံခေါ် အသက်လိပ်ပြာ ဝိညာဉ် အတ္တကောင်လေးကို ဖန်ဆင်းပြီး သတ္တဝါတို့ ခန္ဓာကိုယ်ထဲ ထည့်ပေးလိုက်သည်။ ထိုအတ္တကောင်သည် မအို မနာ မသေ အမြဲရှင်သန်နေသည်။ ရုပ်ခန္ဓာအိုလျှင် ခန္ဓာသစ်ဘဝသစ်သို့ ပြောင်းသွားသည်။ လူသေသော်လည်း အတ္တမသေ၊ အတ္တသည် မြဲသည်ဟု အတ္တဝါဒစွဲပြင်းထန်လှသည်။

ဗုဒ္ဓဝါဒမှာ အတ္တမရှိ။ အသက်လိပ်ပြာ ဝိညာဉ်ကောင်မရှိ။ ရုပ်နာမ်သာရှိသည်။ ထိုရုပ်သည်လည်း လက်ဖြစ်တတွက်အတွင်း ကုဋေ ၅၀၀၀ချုပ်ပြီး ပျက်သွားတော့သည်။ နာမ်တရား ကုဋေတစ်သိန်းဖြစ်ချုပ်သည်။ မြဲသည်မရှိ။ အနိစ္စသာတည်း။ သုခမဟုတ်။ ဒုက္ခသာတည်း။ အတ္တမဟုတ်။ အတ္တမရှိ။ အနတ္တသာတည်း ဖြစ်သည်။ အနတ္တသည် ဘုရားပွင့်မှသာရှိသည်။ အနတ္တ ရှိမှသာ ဝိပဿနာပွား၍ နိဗ္ဗာန်ရမည်။ အတ္တသာရှိလျှင် ဝိပဿနာပွား၍ မရ။ နိဗ္ဗာန်မရောက်နိုင်။ သံသရာမှ မလွတ်နိုင်။ သို့ဖြစ်၍ အတ္တစွဲ ပြင်းထန်လှသည့် ကုလားလူမျိုးများသည် ဗုဒ္ဓသာသနာနှင့် လုံးဝမစပ်ဆိုင် မပတ်သက်သဖြင့် ဗုဒ္ဓသည် ကုလား

အမျိုးတွင် လုံးဝ ပဋိသန္ဓေမနေပေ။ ပြဒါးတစ်လမ်း သံတစ် လမ်း ဘုရားတစ်လမ်း ကုလားတစ်လမ်း လမ်းချင်း လုံးဝမတူ။ လမ်းကွာခြား လမ်းလွဲသဖြင့် ဘုရားအလောင်းတော်သည် ကုလားလူမျိုးတွင် လုံးဝ ပဋိသန္ဓေမယူခဲ့ပေ။ သို့ဖြစ်၍ အလောင်းတော် နတ်သားကြီးသည် မဇ္ဈိမဒေသ ကုလားလူမျိုးတွင် ပဋိသန္ဓေယူရန် ငြင်းဆန်ခဲ့သည်။ ပယ်ချခဲ့သည်။ အတွေးစွဲ ပြင်းထန်လှသဖြင့် ဘုရားမျိုးဖြစ်ခွင့်မရခဲ့ပေ။

## ဇာတ်ခွဲခြားမှုစနစ်ပြင်းထန်လှသဖြင့် ငြင်းဆန်ခဲ့ရသည်

လူသည် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံအရလူ ဖြစ်ရသည်။ လူ နတ် ဗြဟ္မာ သတ္တဝါ အဖြစ် ဘဝရရှိပြီး သံသရာ လည်ရသည်။ ဤသည်မှာ လောကတံထွာ ဓမ္မတာ အဖြစ်မှန်ဖြစ်သည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အယူမှန် အမြင်မှန်ဖြစ်သည်။ ကုလားများမှာ ဗြဟ္မာကြီးက ဖန်ဆင်း၍ လူဖြစ်လာရသည်။ ဗြဟ္မာကြီးက ဗြာဟ္မဏ ခတ္တိယ ဝဿ သုဒ္ဒလေးမျိုး ခွဲခြားဖန်ဆင်းခဲ့သဖြင့် လူတန်းစားလေးမျိုးကွဲ သည်။ ဗြဟ္မာကြီးက ပါးစပ်မှ ရင်ဘက်မှ ဖန်ဆင်းခဲ့၍ ဗြာဟ္မဏ ခတ္တိယတို့မှာ ဇာတ်မြင့်ဖြစ်၍ ဇာတ်နိမ့်တို့က ကိုးကွယ်ရမည်။ လုပ်ကျွေးရမည်။ ဇာတ်မြင့်တို့က သက် ပစ်သည်အထိ ပြုလုပ်နိုင်သည်ဟု အစွဲပြင်းထန်လှသည်။

အကုသိုလ်ကံပြုလျှင် ဒုဂ္ဂတိဘဝရောက်မည်။ ကုသိုလ်ကံပြုလျှင် သုဂတိဘုံရောက်မည်။ ဒါန ပြုလျှင် ချမ်းသာမည်။ သီလပြုလျှင် သုဂတိဘဝ၌ အသက်ရှည် အနာကင်း ချမ်းသာမည်။ သမထ ပြုလျှင် ဈာန်ရ၍ ဗြဟ္မာ ဖြစ်မည်။ ဝိပဿနာပွားလျှင် သံသရာလည်မှုမှ လွတ်မြောက်မည်။ ဘဝချုပ် ငြိမ်းမည်။ ဗုဒ္ဓပွင့်တော်မူလာခြင်းသည် ဘဝသံသရာမှ လွတ်မြောက်ရေးဖြစ်မည်။ ဇာတ်ခွဲစနစ် လိုက်နာနေလျှင်သံသရာလည်မည်။ ထို့ကြောင့် **ဇာတ်စနစ်သည် ဒုက္ခဘုံမှ လွတ်လမ်းမဟုတ်၍ ဘုရားပွင့်သော်လည်း အကျိုးမရှိ။** ထို့ကြောင့် ဘုရားအလောင်းသည် ကုလားလူမျိုးတွင် ပဋိသန္ဓေ မယူခဲ့ပေ။ **ဇာတ်စွဲ ပြင်းထန်လှသည့် အမျိုးတွေကို မည်သို့ ချွတ်ရ ပါမည်နည်း။**

### ယဇ်ပူဇော်မှုပြင်းထန်သဖြင့် ပဋိသန္ဓေမယူခဲ့ပေ

ဟိန္ဒူဝါဒအရ ဗြဟ္မာကြီးပူဇော်ရန် အကောင်းဆုံးမှာ ယဇ်ပူဇော်မှုဖြစ်သည်။ ယဇ်ပူဇော်သည်ဆိုသည်မှာ လူ ကျွဲ နွား ဆိတ် စသော သတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် သတ်၍ ပူဇော်ကြရသည်။ ထိုသို့ ပူဇော်ခြင်းသည် တကယ့်သဘာဝတွင် လွန်စွာ မှားယွင်းနေသည်။ သတ္တဝါတို့၏ အသက်ကို သတ်လျှင် ပါဏာတိပါတအသက်သတ်မှုဖြစ်သည်။ အသက်ရှိသူတိုင်း အသတ်ခံရမှာ ကြောက်ကြသည်။ ကိုယ်ချင်းစာကြည့်လျှင်ပင် ကောင်း မကောင်း မှန်မမှန် သိနိုင်သည်။ သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရန် ဗုဒ္ဓက ဟောပြောဆုံးမသည်။ ကိုယ်ကျင့်သီလဟု သတ်မှတ်သည်။ ကိုယ်ကျင့်သီလ အကျင့်စာရိတ္တ လုံးဝမရှိသောလူမျိုးတွင် ဗုဒ္ဓလောင်းလျာသည် မည်သို့လျှင် ပဋိသန္ဓေ ယူပါမည်နည်း။ သီလမရှိသည့် ယုတ်မာလှသည့်လူမျိုးတွင် ဘုရားအလောင်းတော်သည် မည်သူ့ကို ခမည်းတော် မယ်တော် ဆွေတော် မျိုးတော်တော်စပ်ရပါမည်နည်း။ ဤအကြောင်း သုံးခုကို ပမာနထား၍ ဗုဒ္ဓသည် မဇ္ဈိမဒေသလူမျိုးတွင် လုံးဝမဖြစ်ခဲ့ပေ။

### အိန္ဒိယတွင် သန္ဓေယူတော် မယူဘဲ ဘာ့ကြောင့် သာသနာဖြန့်ခဲ့ပါသနည်း။

#### အိန္ဒိယသည် မြေမြတ်ပါ

သာကီဝင်မင်းသား ဂေါတမမြတ်စွာဘုရားသည် သာကီဝင်လူမျိုးတို့၏ သက္ကတိုင်းတွင် မွေးဖွားတော်မူခဲ့ပါသည်။ တချို့အထင်က သက္ကတိုင်းသည် အိန္ဒိယနိုင်ငံပင်ဖြစ်သည်ဟု ထင်ခဲ့ကြသည်။ တကယ်တော့မူ သက္ကတိုင်းသည် အိန္ဒိယနိုင်ငံရှိ တိုင်းကြီးသော ဋ္ဌသထဲတွင် မပါဝင်သဖြင့် အိန္ဒိယနိုင်ငံမဟုတ်ပေ။ သက္ကတိုင်းသည် ဟိုတုန်းကလည်း အိန္ဒိယနိုင်ငံမဟုတ်။ ယခု

လည်း အိန္ဒိယနိုင်ငံထဲ မပါ၍ အိန္ဒိယမဟုတ်ပေ။ အမှန်အတိုင်း သိထားရမည်ဖြစ်ပါသည်။ ဘုရားအလောင်းသည် နတ်မင်းဘ၀ကပင် ဇာတ်ခွဲမှု၊ အတ္တဝါဒစွဲ ပြင်းထန်မှု ယဇ်ပူဇော်မှုပြင်းထန်သောကြောင့် အိန္ဒိယလူမျိုး မဖြစ်ရန် တမင်ရှောင်လွှဲခဲ့ခြင်းဖြစ်သည်။ အိန္ဒိယကို အပုပ်ချနေခြင်း ဖြစ်သည်ဟုထင်ရန် မလိုပေ။ အိန္ဒိယမြေသည် ပုထုဇိပုဂ္ဂလ မြေမြတ်ဖြစ်ပါသည်။ ယခုအချိန်ထိ ဗုဒ္ဓနှင့်ပတ်သတ်သော အထိမ်းအမှတ်နေရာမြတ်တို့ ကိန်းအောင်းတည်ရှိရာ ပရိဘောဂစေတီထိုက်သည့် မြေမြတ်မဟာ ဖြစ်ပါသည်။

အိန္ဒိယမြေတွင် ဗုဒ္ဓရှင်တော်သည် ဘုရားရှင်ဘ၀တစ်လျှောက်လုံး သီတင်းသုံးတော်မူခဲ့ပြီး သစ္စာလေးပါး အမြိုက်တရားကို လှည့်လည်ဟောပြတော်မူကာ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သာသနာဖြန့်ခဲ့ရာ မြေမြတ်မဟာဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် အိန္ဒိယနိုင်ငံသည် ဗုဒ္ဓဘာသာဝင်တို့၏ ဘုရားဖူး လှည့်လည်ရာ မြေမြတ်နေရာဖြစ်ခဲ့ပါသည်။ ဗုဒ္ဓ သာသနာတော်မြတ်ကြီး တည်နေခဲ့ရ ကိန်းဝပ်ခဲ့ရာ သာသနာ့နယ်မြေဖြစ်ခဲ့ရာ သာသနာ့ မူလဘူတ တည်နေခဲ့သောကြောင့်ပင် သာသနာကျေးဇူးကြောင့် အိန္ဒိယမြေ အိန္ဒိယနိုင်ငံသည် ထိုက်ထိုက်တန်တန် ဘုရားဖူးဝင်ငွေရ၍ အကျိုးခံစားနေရပါသည်။ ကျေးဇူးတင်စရာကောင်းလှပါသည်။

## ဇာတိနှင့် ပဝတ္တိခွဲခြားသိရမည်

ရှင်တော်ဗုဒ္ဓသည် သကျလူမျိုးဖြစ်သည်။ သကျလူမျိုးသည် အိန္ဒိယ လူမျိုးမဟုတ်။ သီးသန့်လူမျိုးဖြစ်သည်။ အိန္ဒိယသည် သာသနာစတင်ဖြန့်ဖြူးရာသာဖြစ်သည်ဟု ခွဲခြား၍ အမှန်အတိုင်း သိထားရပါမည်။ သို့မှသာ အိန္ဒိယတွင် သာသနာအမြစ်မစွဲ သာသနာ့ရေသောက်မြစ် အရှည်မတည် တန့်ခြင်း၏အကြောင်းမှန်ကို သိနိုင်ပါလိမ့်မည်။ ဘုရားရှင်၏ ဇာတိဒေသနှင့် ပဝတ္တိဒေသကို ခွဲခြားသိရန် လိုအပ်ပါသည်။ ဘုရားရှင်၏ ဇာတ်မြစ်အမှန် လူမျိုးအမှန် ဒေသအမှန်ကို သိထားမှသာ

သကျလူမျိုးတို့၏ ဖြစ်စဉ်အမှန် မြင့်မြတ်ပုံကို အမှန်အတိုင်းပူဇော်နိုင်ပါသည်။ အမှန်အတိုင်းသိ အမှန်အတိုင်း ဂုဏ်ပြုချီးကျူးပူဇော်ခြင်းသည် ဘုရားရှင်၏ အလိုဆန္ဒတော်မှန်ဖြစ်ပါသည်။ ဗုဒ္ဓသည် သူ့လူမျိုး သူ့နိုင်ငံ သူ့လူမျိုးနွယ်တို့ကို ဂုဏ်ယူပါသည်။ သူ့လူမျိုးဖြစ်သော သာကီဝင်လူမျိုးတို့သည် ကမ္ဘာအရပ်ရပ်ရှိ အခြားလူမျိုးများနှင့်မတူ မြင့်မြတ်အထက်တန်းကျသည့် လူမျိုးဖြစ်၍ ပရမသေဋ္ဌကုလ အမြတ်ဆုံး လူမျိုးဟု ဂုဏ်ယူတော်မူပါသည်။ သကျလူမျိုးသည် ဘာ့ကြောင့် ပရမသေဋ္ဌကုလ အမြတ်ဆုံးလူမျိုးဖြစ်သနည်း။ ဟူသော မေးခွန်း၏အဖြေကို သိမှ ဘာကြောင့် ဗုဒ္ဓသည် သာကီဝင်မင်းမျိုးတွင် ပဋိသန္ဓေယူခဲ့ပါသနည်း ဟူသော မေးခွန်း၏ အဖြစ်မှန် အဖြေမှန်ကို သိနိုင်ပါမည်။

## ကြောင်းကျိုးရှိမှ သဗ္ဗညုဗုဒ္ဓ

ဗုဒ္ဓနှင့် ပတ်သက်လာလျှင် ဖြစ်စဉ် ဗုဒ္ဓဝင်ဟူသမျှသည် အတိတ်သံသရာ တစ်လျှောက်ဖြည့်ကျင့်ခဲ့သော ပါရမီကုသိုလ်တို့ကြောင့် အမြတ်ဆုံး ဘုရား ဖြစ်လာရခြင်းဖြစ်ပါသည်။ အကြောင်း ပါရမီ အနန္တ ကံတော်အနန္တတို့ကြောင့် အကျိုးစွမ်းအားအရှိဆုံး သဗ္ဗညုတဉာဏ်တော် အပါအဝင် ဉာဏ်တော်အနန္တ ဘုန်းတော်အနန္တ စကြဝဠာ ကမ္ဘာမိုးမြေ ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်အနန္တတို့ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဗုဒ္ဓနှင့် ပတ်သက်သော ဒေသ ဘဝ ပယောဂ ဟူသမျှသည် အကျိုးတရားများသာ ဖြစ်၍ မဟုတ်မမှန် လုပ်ကြံ ဖန်တီးစိတ်ကူးယဉ်ချက်များ လုံးဝမဟုတ်ကြောင်း အထူးသိစေလို၍ ဤစာအုပ် ကို ရေးထုတ်ရခြင်းဖြစ်ပါသည်။

ဗုဒ္ဓဝံသဘုရားဖြစ်စဉ်ကို ဂုဏ်ပြုပူဇော် ပွားများနေခြင်းသည် အကျိုးအနန္တရရှိနိုင်ပါသည်။ ဗုဒ္ဓဝိသယော အစိန္တိယော ဗုဒ္ဓကြောင်းရာ မှန်သမျှ မစဉ်းစားနိုင်လောက်အောင် အံ့ဖွယ်ပြည့်နေပါသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကိုယ်နှုတ်စိတ်ကံသုံးပါးလုံး အဆက်မပြတ် ဖြည့်ကျင့်ခဲ့သော ပါရမီမျိုးစေ့၏ အကျိုးကြောင့် ပြိုင်ဘက်ကင်းသည့် ရုပ် ရည် အတုမရှိသည့် ဉာဏ်တော်၊ အမြင့်မြတ်ဆုံး အမျိုး, အဆွေ,

နိုင်ငံ, ရေ, မြေ တို့ကို ရရှိခဲ့ပါသည်။ ထိုဂုဏ်တော်အမှန်ကို လူတိုင်း သိရှိပူဇော်နိုင်စေရန် ရေးသားရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓသည် အိန္ဒိယ နိုင်ငံသားမဟုတ်။ သာကီဝင် လူမျိုးအမှန်ဖြစ်ကြောင်း ထိုသာကီဝင် လူမျိုး သည်လည်း ပရမသေဌကုလ အမြတ်ဆုံးလူမျိုးဖြစ်ကြောင်း ထိုသာကီဝင် လူမျိုးတို့မှာလည်း နောင်အစဉ်အဆက် သာသနာ့ဝန် ထမ်းရွက်ကြမည့် ဗြဟ္မာလူမျိုး ပြူလူမျိုး ဗမာလူမျိုးဖြစ်ကြောင်း ကွင်းဆက်မပြတ် ဆက်စပ်ရေးသားရပါသည်။ သို့မှသာ ဗုဒ္ဓဝင်နှင့် ပတ်သက် သော မရှင်းလင်းသည့် အဖြေအချို့ကို အမှန်အတိုင်း ဖြေ နိုင်ပါလိမ့်မည်။ အချို့စာအုပ်များ အိန္ဒိယသမိုင်းများ ဗုဒ္ဓနှင့် ပတ်သက်သော အယူအဆအချို့ တို့သည် သဘာဝနှင့် လွဲနေပါသည်။ စာအုပ်နှင့် ကိုင် ပေါက်၍ လမ်းလွဲနေလျှင် အမှန်တကယ် တရားကွယ်ပါလိမ့်မည်။ သဘာဝကျကျ ကြောင်းကျိုးသုံးသပ် မှ အမှန်ရပါလိမ့်မည်။

## သာသနာပြုရန် ဘာ့ကြောင့် အိန္ဒိယကို ရွေးချယ်ခဲ့ပါသနည်း

ဗုဒ္ဓ၏ ဇာတိမှာ သက္ကတိုင်းဖြစ်သည်။ သက္ကတိုင်းသား သာကီဝင် တို့သည် ဘုရားမပွင့်ခင် ရှေးရှေးတုန်းကပင် ရသေ့ကြီးများ ကိုးကွယ်ကြ သည်။ ထိုရသေ့တို့၏ အယူဝါဒမှာ ကမ္မဝါဒဖြစ်သည်။ သတ္တဝါတို့ ဆူကြွ နိမ့် မြင့် ဖြစ်ရသည်မှာ ကံကြောင့်ဖြစ်သည်။ ထိုကံ၏ အကျိုးကြောင့် ချမ်းသာ ဆင်းရဲကံအကျိုးကို ခံစားရသည်ဟု ယုံကြည်သော ကမ္မ ကြိယဝါဒီရသေ့တို့ ဖြစ်ကြသည်။ ဟိန္ဒူဘာသာကိုးကွယ်သော အိန္ဒိယ ရသေ့တို့မှာ ကမ္မကြိယဝါဒီတို့ မဟုတ်ကြပေ။ ဗြဟ္မာကို ကိုးကွယ် ကြသည်။ လူတွေကို ဗြဟ္မာကြီးက ဖန်ဆင်းထားသည်။ ဇာတ်စနစ်အရ လူတန်းစားလေးမျိုးခွဲ၍ ဖန်ဆင်းထားသည်။ ဇာတ်မြင့်တို့ကို ရှိသေ ရမည်စသည်ဖြင့် ဖန်ဆင်းရှင်ဝါဒကို ယုံကြည်ကိုးကွယ်ကြသည်။ ဓမ္မ သဘာဝအရ ကိုယ်ပြုကိုယ်ခံ ကိုယ်စံရမည်ကို လက် မခံဘဲ တန်ခိုးရှင် ဖန်ဆင်း၍ ခံရစံရသည်ဟု လွဲမှားသော မိစ္ဆာအယူရှိကြ သည်။ ထို့ကြောင့်

ဟိန္ဒူရသေ့ကြီးတို့သည် မိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကြသည်။ မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြ၍ ဒါန သီလ ကုသိုလ်ကံ အကုသိုလ်ကံ မရှိကြပေ။ ကံကို ပယ်ကြသဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ မဟုတ်ကြပေ။ ထို့ကြောင့် ဟိန္ဒူ ဘာသာဝင် ရသေ့ရဟန်းလူတို့သည် အကိရိယဒိဋ္ဌိ ကုသိုလ်ပြုမှုကို ပယ် ထားသောသူများဖြစ်ကြသည်။ အဟေတုကဒိဋ္ဌိ လူ့ဘဝ၏ ချမ်းသာ ဆင်းရဲ မှုအကြောင်းရင်းမှန်မှာ ကိုယ်လုပ်သောကံသာဖြစ်သည်ကို လက် မခံဘဲ အကြောင်းမမှန်သည့် ဖန်ဆင်းရှင်ကြောင့် ဖြစ်ရသည်ဟု မှား သောမိစ္ဆာအယူ ရှိကြသည်။ နတ္ထိကဒိဋ္ဌိ ကုသိုလ်ကံလုပ်၍ ကောင်းကျိုး စံရသည်။ အကုသိုလ် ကံလုပ်လျှင် ဆိုးကျိုးခံရသည်ဟု မယူဆ ကံကံ အကျိုးမရှိ၊ ဖန်ဆင်းရှင် ကိုယဇ် ပူဇော်မှ အကျိုးရှိသည်ဟု မှားသော အယူရှိကြသည်။ ထို့ကြောင့် မိစ္ဆာ ဒိဋ္ဌိရသေ့တို့သည် ဗြဟ္မာနတ်တို့ကိုသာ ကိုးကွယ်ယဇ်ပူဇော်ကြသည်။ သံသရာမှ လွတ်မြောက်ရန် လုံးဝ မကျင့် ကြံနိုင်ကြပေ။ ဓမ္မသဘာဝမှ လွဲမှားကြသည့် မိစ္ဆာဝါဒများသာ ဖြစ်သည်။ ထိုအယူမှားကြောင့် ဘုရားအလောင်း သေတကေတုနတ်မင်းကြီးသည် မိစ္ဆာဒိဋ္ဌိ ဟိန္ဒူဝါဒီ အိန္ဒိယလူမျိုးများတွင် ပဋိသန္ဓေ မယူခဲ့ဘဲ သမ္မာဒိဋ္ဌိ သကျ သာကီဝင် ကမ္မဝါဒီ သုဒ္ဓေါဒန ဘုရင်ကြီးနှင့် မယ်တော် မဟာ မာယာဒေဝီဝမ်းတွင် ပဋိသန္ဓေယူခဲ့သည်။ မယ်တော်ကြီးမှာ ဥပုသ်သီလ စောင့်ထိန်းနေသည့် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် သန္ဓေခဲ့သည်။ မိုးသောက်ယံအချိန်ဖြစ်သည်။ သေတကေတုနတ်မင်းကြီးမှာ တန်ခိုးရှိ သော နတ်မင်းကြီးဖြစ်၍ ဒိဗ္ဗစက္ခုနတ်မျက်စိဖြင့် သုံးသပ်ကာ ငါးပါး သီလကို တစ်တိုင်းပြည်လုံး ထိန်းသိမ်းကြသဖြင့် သီလရှိကြသော ကိုယ် ကျင့်သီလ စာရိတ္တမြင့်မားသည့် ပရမသေဋ္ဌကုလ အမြတ်ဆုံး လူမျိုးတို့၏ ဘုရင် မိသားစုတွင် သန္ဓေတော်ယူခဲ့လေသည်။

## လူဦးရေ များပြားလွန်းသဖြင့် သာသနာပြုရန် ရွေးချယ်ခဲ့သည်

သာသနာတော်တစ်ရပ် ဝါဒအယူအဆတစ်ရပ်ကို ဖြန့်ဖြူးတော့မည် ဆိုလျှင် ပဓာနအကျဆုံးအချက်အလက်မှာ လူဦးရေများပြားမှုဖြစ်သည်။ လူများ

လေလေ လူဦးရေများလေလေ ဟောပြောစည်းရုံး သာသနာဖြန့်ဖြူးရန် အကောင်းဆုံးဖြစ်သည်။ ဘုရားရှင်သည် သာကီဝင်မင်းမျိုးဖြစ်သော်လည်း သာကီဝင်လူမျိုးမှာ လူဦးရေ နည်းပါးလှသည်။ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းဟူသော မှတ်တမ်းအရ အမိဘက်မှ အမျိုးအဆွေ ရှစ်သောင်း အဘဘက်မှ ရှစ်သောင်း ဆွေမျိုးနှစ်ဘက်ပေါင်းမှ ၁၆၀၀၀၀ သာရှိသည်။ ဘုရားပွင့်တော်မူချိန်က အိန္ဒိယနိုင်ငံတွင် မြို့ပေါင်း ၈၄၀၀၀ရှိသည်ဟု ဆိုပါသည်။ ရာဇဂြိုဟ်မြို့တွင် အိမ်ထောင်စုပေါင်း ၁၈ ကုဋေကျော် ပျမ်းမျှ လူဦးရေ သန်း ၁၀၀၀ နီးပါး။ သာဝတ္ထိမြို့တွင် အိမ်ထောင်စုပေါင်း ၉ ကုဋေ ပျမ်းမျှ လူဦးရေ သန်း ၅၀၀ နီးပါးရှိသည်။ ဂေါတမဗုဒ္ဓလက်ထက်တွင် ကျွတ်တမ်းဝင်ရန် ဒါန သီလ စသော ပါရမီကုသိုလ်ဖြည့်ကျင့်ခဲ့ကြသည့် ပါရမီရှင် ပစ္ဆိမဘဝိက တိဟိတ် ဥက္ကဋ္ဌများဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ တဝှမ်းလုံး မြို့ပေါင်း ၈၄၀၀၀ တွင် နေထိုင်ကြသူများမှာ သန်းထောင်ပေါင်းများစွာ ရှိပေလိမ့်မည်။ ထိုမျှ များပြားလှသော လူဦးရေကို ကမ္ဘာကြီး၏ အခြား မည်သည့် အရပ်ဒေသမှာမှ မရနိုင်ပေ။ လက်ရှိ တစ်ကမ္ဘာလုံးရှိ လူဦးရေသည်ပင် သန်း ၇၀၀၀ ကျော်သာရှိသည်ဟု ဖော်ပြကြသဖြင့် စာပေထဲတွင် ပါရှိသော အိန္ဒိယ လူဦးရေမှာ ယုံဖွယ်မရှိအောင် များလွန်းလှသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံရှိ ထိုစဉ်အခါတုန်းက ရှိနေသော လူဦးရေမှာ သံသရာ ဝဋ်က ကျွတ်ကြမည့် နောက်ဆုံးဘဝရရှိကြသူများ ဖြစ်၍ မယုံနိုင်လောက်အောင် များပြားပေမည်။ စစ်ပွဲအကြီးအကျယ်ဖြစ်၍ သေရန် ကြောက်ရွံ့ကြသော စစ်ပြေး ဒုက္ခသည်များသည် နောက်ဆုံးထွက်သည့် လူ ၁၀၀၀ စီးရုံသာ ပုံမှန်နေရာရှိသော ရထားကို အလုအယက် အတင်းတက်ကြရာ စီးကြရာ လူဦးရေသည် ပြည့်ကြပ်ပြီး သိန်းနှင့်မကများသကဲ့ သို့ဖြစ်ပုံနှင့် တူနေသည်။ ထို့ကြောင့် သာသနာဖြန့်ဖြူးလိုသော ရှင်တော်ဗုဒ္ဓသည် ဘုရားဖြစ်သောအခါ လူဦးရေ ပြွတ်သိပ်ပြည့်ကြပ်နေသည့် အိန္ဒိယမြေကို ဗုဒ္ဓ သာသနာတော်ကြီး ထွန်းကားရေးအတွက် ရွေးချယ်တော်မူခဲ့သည်။

## အသိဉာဏ်ရှိသူ များပြားလွန်းလှသဖြင့် အိန္ဒိယမြေတွင် ဗုဒ္ဓပွင့်တော်မူခဲ့သည်

ဘုရားရှင်သည် ဇာတိအားဖြင့် သာကီဝင်မင်းမျိုးဖြစ်၍ သက္ကတိုင်း ကပိလဝတ္ထုသည် ဇာတိဒေသဖြစ်သော်လည်း ဘုရားဖြစ်သောအခါ သက္က တိုင်းကို ကျော်၍ မဇ္ဈိမဒေသ အိန္ဒိယမြေ၌ ၄၅ ဝါ အချိန်ပြည့်နီးပါး သာသနာ ပြု၍ သီတင်းသုံးနေတော်မူခဲ့သည်။ ဇာတိမှာ သက္ကနယ်မြေဖြစ်သော်လည်း ပဝတ္တိမှာ အိန္ဒိယကို ရွေးချယ်ခဲ့သည်မှာ အကြောင်းမဲ့မဟုတ်ပေ။ အကြောင်းမှန်ရှိပါသည်။ သံသရာ၏ သဘောမှာ ကံခေါ် မိမိဥစ္စာ ကိုယ်ပိုင် ရတနာသည် အဓိက အခရာဖြစ်သည်။ သတ္တဝါဟူသမျှ ကံပစ်ချရာ မြေ လူမျိုး မိသားစု ရှိရာသို့ သွားရောက်ရစမြဲ ဖြစ်ပါသည်။ ကံနှင့်ကင်း၍ ဘာတစ်ခုမှမဖြစ်ပေါ်။ အသေးအဖွဲကိစ္စလေး အရာဝတ္ထုအကြောင်း အရာ လေးသည်ပင် အတိတ် ကံ ပစ္စုပ္ပန်ကံနှင့် ကင်းကွာ၍ မရကောင်းပေ။ ကမ္မဿကတာ သမ္မာဒိဋ္ဌိကံဟူသော ကိုယ်ပိုင်ဥစ္စာရှိကြသည်။ ကံသည် အကောင်းဆုံး ဆွေမျိုးမိတ်ဆွေဖြစ်သည်။ မိဘများ ဖြစ်ကြသည်။ ကံ သည်သာ အကောင်းဆုံး ဘဝယောနိ ရှိကြ၏၊ ကံတည်းဟူသော အားကိုးရာ ကိုးကွယ်ရာ ဆည်းကပ်ရာ လဲလျောင်းရာ မှီခိုရာရှိကြကုန်၏။

ထို့ကြောင့် ဘုရားရှင်သည် အများဆုံး အကောင်းဆုံး အစွမ်း အထက်ဆုံးသော ပါရမီကုသိုလ်များကို စုဆောင်းဖြည့်ကျင့်ခဲ့သူဖြစ်၍ ဘုရားရှင် နှင့် ပတ်သက်သော နိုင်ငံ၊ မိသားစု၊ အပေါင်းအသင်း၊ တွေ့ဆုံမှု မှန်သမျှ သည် ကံစွမ်းသတ္တိအရ အကောင်းဆုံးသာဖြစ်လာရသည်။ ဘုရားဟူသည်ကား ၃၁ ဘုံတွင် အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ သံသရာတစ်လျှောက် မိမိပြုလုပ် ခဲ့သော ကံအကျိုးကို ခံစားရခြင်းဖြစ်၍ ကမ္မဝိသယော အစိန္တိယော ကံအကျိုး ကို မယုံမရှိရာ။ ဖြစ်လိုရာ အကုန်ဖြစ်ရသည်သာ။ စိတ်ကူးယဉ် ဝါဒမဟုတ်ပါ။ ၁ဝဝိရင်းနှီးသူသည် ၁ဝဝိ၏ အကျိုးအမြတ်ကိုသာ ခံစားရပါမည်။ ၁ဝဝဝဝဝဝဝိ ရင်းနှီးသူနှင့် တိုင်းတာ၍ မမှန်နိုင်ပါ။ အကျိုးအမြတ်ခြင်း ကွာရမည်မှာ ဓမ္မ တာဖြစ်ပါသည်။ အရင်းအနှီး ကွာသဖြင့် အကျိုးအမြတ် ကွာခြင်းသာ ဖြစ်ပါ

သည်။ မည်သူဖန်ဆင်း၍မှ ဖြစ်ရသည်မဟုတ်။ ကံကလွဲ၍ ဖန်ဆင်းရှင် စသည်တို့မရှိပါ။ မမှန်ပါ။ မရှိသည့် မမှန်သည်ကို ကိုးကွယ်နေလျှင် မည်သို့လျှင် အကျိုးပေးပါမည်နည်း။ ဘုရားစစ် တရားစစ် သံဃာစစ်ကို ကိုးကွယ်မှ သာ စစ်မှန်ထက်သန်အားရှိသောကံအကျိုးကို ရရှိပါမည်။

ဒီပင်္ကရာဘုရားရှင်၏ နိယတဗျာဒိတ်ပေးသံကို ကြားနာရသော လူ နတ် ဗြဟ္မာ သတ္တဝါ ဟူသမျှတို့သည် ထိုအချိန်မှစ၍ ဒါန သီလ စသော ပါရမီ ကုသိုလ်တို့ကို ဖြည့်ကျင့်ခဲ့ကြသည်။ ပါရမီပြည့်၍ ကျွတ်တန်း ဝင်ထိုက်သောသူတို့ ကျွတ်တန်းဝင်ခဲ့ကြသော်လည်း ကျန်ရစ်သော သူတို့သည် ဗုဒ္ဓဂေါတမလက်ထက်တွင် ကျွတ်တန်းဝင်ရန်အတွက် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံရှိ မြို့ရွာဒေသအသီးသီးတွင် လူလာဖြစ်နေကြသည်။ ဘုရားရှင်သည် နှစ်စဥ် သီတင်းဝါလကျွတ်၍ ဒေသစာရီ လှည့်လည်တော်မူသောအခါ ယူဇနာ ၉၀၀ မိုင် ၇၂၀၀ ရှိသော ရပ်ဝန်းကြီးအတွင်းရှိနေကြသော ထိုလူတို့သည် တရားနာကြ ရှင်သာမဏေပြုကြ ရဟန်းပြုကြ ရဟန်းမပြုကြ ဥပါသကာ ဥပါသိကာမ ဖြစ်ကြ ကျောင်းလှူ ဆွမ်းလှူ ဆေးလှူ သင်္ကန်းလှူကြ အလှူအတန်း မျိုးစုံပြုကြရသဖြင့် ကျွတ်တန်းဝင်ကြလေသည်။ တရားတစ်ပွဲတွင် လူဦးရေ ၈၄၀၀၀ ကျွတ်တန်းဝင်ကြ၏။ ထိုမျှမက ကျွတ်တန်းဝင်ကြ၏။ ထို့ကြောင့် အိန္ဒိယသား မဇ္ဈိမဒေသသား ပါရမီရှင်တို့သည် ဘုရားရှင်နှင့် ဘုရားတပည့်သား ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသကာမ စသည်တို့၏ ဓမ္မဒေသနာကြောင့် ဗုဒ္ဓသာသနာတော်ကြီး ကြက်ပျံမကျ စည်ကားလှသည်။ ဘုရားသာသနာတော်သည် အိန္ဒိယမြေကို ရတနာမြေဖြစ်အောင် ချီးမြှောက်ခဲ့သည်။ အိန္ဒိယမြေ အိန္ဒိယနိုင်ငံသားတို့သည် ဘုရားသာသနာကြောင့် ကမ္ဘာတစ်ရပ်လုံး၏ ဦးညွှတ်ပူဇော်မှုကို ခံရခဲ့လေသည်။ သို့သော် အိန္ဒိယသားတို့သည် ဗုဒ္ဓဝါဒကို ဘုရားလက်ထက်မှ သီရိဓမ္မာသောကမင်းတရားကြီးလက်ထက်လောက် အထိသာ ကိုးကွယ်အားထားနေရာပေးခဲ့သဖြင့် သာသနာသည် ထိုအချိန်ထိသာ တောက်ပခဲ့ပြီး ဟိန္ဒူ ဗြာဟ္မဏတို့၏ ရန်ညှိုးဖွဲ့မှု လက်စားချေမှု ရက်စက်မှုကြောင့် အိန္ဒိယမြေမှ ဗုဒ္ဓဘာသာကွယ်ပခဲ့ရသည်။ ရတနာစစ်ပျောက်၍ ရတနာအတုတို့ကိုသာ ဆင်မြန်းရတော့သည်။ ကံကောင်းသူတို့ ကျွတ်

တန်းဝင် နိဗ္ဗာန်ရောက်ခဲ့ကြပြီးဖြစ်၍ ကျွတ်တန်း မဝင်ခဲ့သူ ကျန်ရစ်သူတို့ကား ဘုန်းကံနည်းပါးကြသူများဖြစ်နိုင်၏။

ပဒုမ္မာကြာသည် နေအရုဏ်ရောင်ကို ငံ့လင့်နေသကဲ့သို့ အိန္ဒိယသားသူတော်ကောင်းဘုန်းရှင်ကံရှင် သမ္မာရှင်တို့သည် ဘုရားပွင့်တော်မူပြီး မိမိတို့ဒေသ၌ တရားနာယူရန် စောင့်မျှော်နေသည်။ အိန္ဒိယသား ဘုန်းရှင် ကံရှင်သမ္မာရှင်တို့သည် မိမိတို့ ပြုခဲ့သောကံစွမ်းသတ္တိကြောင့် ဝိပဿနာဉာဏ် ထက်သန်ကြသည်။ အခြားဒေသ အခြားလူများထက် ထူးခြားသော ဉာဏ်ရှိကြ၏။ ဉာဏ်စွမ်းသတ္တိများမှာ လွန်စွာထူးဆန်းကြသည်။ ဥပမာဆိုရလျှင် ဥပတိဿပရိဗိုဇ်သည် တရားထူးကို ရှာဖွေရန် လှည့်လှည်နေစဉ် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံဝင်လာသော အရှင်အဿဇိရဟန္တာမထေရ်ငယ်ကို ဖူးတွေ့ရသည်။ ပုထုဇဉ်တို့နှင့်မတူ အလွန်ထူးခြားကြည်လင်တောက်ပ ကြက်သရေရှိလှသည့် မျက်နှာတော်ကို ဖူးတွေ့ရပြီး ခန္ဓာကိုယ်တစ်ခုလုံး သွားလာလှုပ်ရှား ပုံသွင်ပြင်ကလည်း တည်ငြိမ်အေးချမ်းလှသဖြင့် နောက်တော်ပါးက လိုက်ကာ ဆွမ်းစားပြီးချိန်ထိစောင့်ပြီး တရားဟောရန် တောင်းပန်ခဲ့သည်။ အရှင် အဿဇိကယေဓမ္မာ ဟေတုပ္ပဘာဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ ဟု ၂ ပါဒမျှသာ ဟောရသေးသည်။ ဥပတိဿ ပရိဗိုဇ် သောတာပန်တည်ပြီဖြစ်၍ ရပ်တော်မူပါဟုလျှောက်သည်။ ဓမ္မာဘိသမယတရားထူးရရှိရေး အနတ္တဒေသနာတော်နားလည်ရေး ဝိပဿနာဉာဏ်မင်္ဂဖိုလ်ရရှိရေးအတွက် ဝိပဿနာဉာဏ်ပါရမီကုသိုလ်လိုအပ်သဖြင့် ထိုဉာဏ်ရှိသူတို့ရှိမှ ဖြစ်ပေမည်။

၄ ပါဒ ဂါထာတစ်ပုဒ်ကို ဟောရာ ၂ပါဒ ဂါထာထက်ဝက်မျှဖြင့် အရိယာ ဖြစ်ခဲ့သည်။ အသိဉာဏ်စွမ်းအားထက်လှကောင်းလှ စူးရှလှသည်။ ပရိသတ်ပေါင်း များစွာကို တရားဟောရာ၌လည်း လူ ၈၄၀၀၀ အကျွတ်တရားရခဲ့သည်။ ထိုသို့သော အိန္ဒိယသား ပညာရှိတို့၏ ဉာဏ်ကား အဘိုးတန်လှသည်။ ဤသို့သော တိဟိတ် ပဋိသန္ဓေဉာဏ်ရင့်သန် ထက်မြက်လှသူတို့ စုဝေးရောက်ရှိနေထိုင်ရာဖြစ်၍ ဘုရားရှင်သည် အိန္ဒိယမြေ၌ ပွင့်တော်မူ၍ အိန္ဒိယသားတို့ကို ချွတ်တော်မူခဲ့သည်။ ထိုအချိန်က မည်သည့်ဒေသ မျှ အိန္ဒိယနိုင်ငံကဲ့သို့ ဉာဏ်ရှိသူမပေါ်များခဲ့ပေ။ ဉာဏ်ရှိသူများပြားလွန်းလှသဖြင့်

အိန္ဒိယကို သာသနာပြုရန် ရွေးချယ်ခဲ့သည်။

## ဥစ္စာဓနပြည့်ဝသူ ပေါများ၍ အိန္ဒိယ၌ ဘုရားပွင့်ခဲ့သည်

ဥစ္စာကံစောင့်အသက်ကို ဉာဏ်စောင့်သည်ဟု ဆိုရိုးရှိသည်။ ဒါန သည် ချမ်းသာကြွယ်ဝရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ကြိုးစားမှု ဝီရိယ ဉာဏ်ပညာ ဖြန့်ကျက် လုပ်ဆောင်မှု ဉာဏ်တို့သည် ကံကောင်းရှိသူ ကောင်းမှုကံရှိသူတို့အတွက် ပြည့်စုံရမည့်လက္ခဏာများဖြစ်သည်။ ကံဉာဏ်ဝီရိယရှိသူမှသာ ချမ်းသာကြွယ်ဝဥစ္စာဓနပြည့်ဝကြမည်။ ထိုအခြေအနေကောင်းနှင့် ပြည့်စုံစေရန်အတွက် ဒါန ပေးကမ်းစွန့်ကြဲလှူဒါန်းမှုရှိရမည်။ ဒါနမျိုးစေ့ကောင်းရှိမှ ချမ်းသာကြွယ်ဝမှု အသီးအပွင့်ကို ခံစားရမည်။ ဒါနရှိ၍ ချမ်းသာသော်လည်း သီလနည်းပါးလျှင် အသက်တိုမည်။ အဆင်းရုပ်ရေ မလှမပဖြစ်မည်။ ရောဂါဘယဖြင့် ပြည့်နှက်၍ ကျန်းမာရေး ပျက်မည်။ ထိုအခါ ချမ်းသာကြွယ်ဝမှုအရသာကို အပြည့်အဝမခံစားနိုင်တော့ပေ။ ထို့ကြောင့် ဒါနနှင့်လည်း ပြည့်စုံရမည်။ သီလနှင့်လည်း ပြည့်စုံရမည်။ ဒါန သီလ စုံလင်မှသာ ချမ်းသာမှု အရသာကို ခံစားရမည်။

ချမ်းသာမှု စည်းစိမ်သည် အမျိုးမျိုးရှိသည်။ ဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာ အရိယာ သူတော်စင် သီလရှိသူတို့အား စေတနာ သုံးတန် ပြည့်ဝစွာ ဓမ္မိယလဒ္ဓပစ္စည်းများကို များများမြတ်မြတ် လှူဒါန်းမှု ဒါနကို လိုက်၍ အကျိုးပေးမှု ကွဲပြားကြသည်။ ဒီပင်္ကရာ ဘုရားရှင်လက်ထက်တော်မှစ၍ ပြုခဲ့သော ဒါန သီလ ကုသိုလ်များ၏ အစွမ်းသတ္တိကြောင့် အိန္ဒိယနိုင်ငံ ဒေသစာရီ ခရီးတစ်ပိုက်တွင် ချမ်းသာကြွယ်ဝလူဖြစ်နေကြသည်။ တချို့မှာ မြေအောက်မှ ရွှေအိုးကြီးများ တည်ရှိနေသည်။ တချို့မှာ လယ်ထွန်မြေမှ ထွန်စာဖတ်တိုင်း ရွှေဖြစ်နေသည်။ တချို့မှာ အိမ်ခြံထဲ ရွှေတောင်ကြီး ပေါက်နေသည်။ တချို့မှာ မင်းပရိသတ်တို့ ပူဇော်ကြသဖြင့် ယူ၍ မကုန်။ တချို့မှာ နတ်တို့ကပါ လှူကြသဖြင့် ကုန်သည်မရှိ။ ထိုသို့သော အခြေအနေမျိုးစုံတို့မှာ ဒီဘဝ မိမိလုပ်အားဖြင့် ရှာ၍မရနိုင်။ အတိတ်ဒါနစွမ်းသာဖြစ်သည်။

ကြွယ်ဝသူ ချမ်းသာသူ အလှူဒါနပြု၍ ထက်သန်သူတို့ ပေါများမှ

သာသနာတော်ကြီးကို လှူဒါန်းနိုင်မည်။ ကျောင်းဆောက်နိုင်မည်။ ဆွမ်းကျွေးနိုင်မည်။ သင်္ကန်းပရိက္ခရာလှူဒါန်းနိုင်မည်။ ပစ္စည်းလေးပါး လှူဒါန်းနိုင်မည်။ အရေအတွက်များစွာသော သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့ကို ထောက်ပံ့နိုင်မည်။ ယခုခေတ် သာသနာပြုသွားကြရာ၌ လူမရှိသော နေရာသွား၍ သာသနာပြုလျှင် အကျိုးမရှိ။ မိမိတရားကို မည်သူတွေကို ဟောရမည်နည်း။ လူလည်းပေါများမှ တရားနာလည်း စိတ်ဝင်စားမှ အလှူအတန်းလည်း ဝါသနာပါ ရက်ရောမှ ဖြစ်မည်။

အနာထပိဏ် ဝိသာခါ ဃောသက စိတ္တ နန္ဒိယ စသော ချမ်းသာကြွယ်ဝသည့် အိန္ဒိယသား ဗုဒ္ဓဘာသာကြီးများ၏ လှူဒါန်းမှု အစုစု ကြောင့် ဘုရားအမှူးရှိသော သံဃာတော်တို့ အေးအေးလူလူနေထိုင်နိုင်ကြပြီး တရားဟောနိုင် တရားအားထုတ်နိုင် သာသနာပြုနိုင်ခဲ့ကြသည်။ အလွန်ကျယ်ပြန့်လှသော အိန္ဒိယနိုင်ငံတဝှမ်းကျောင်းကန် ဘုရား စေတီ ပရိဝုဏ် သာသနိက အဆောက်အဦးများနှင့် ပြည့်နှက်နေသည်မှာ ရှေးခေတ်ဘုရားလက်ထက် အိန္ဒိယသားတို့ ချမ်းသာကြွယ်ဝကြသောကြောင့်ဖြစ်သည်။ အိန္ဒိယသား သူဌေးသူကြွယ်ကုန်သည် လယ်လုပ် ဓားမခုတ်မှ စ၍ မင်းများ အမတ်ကြီးများထိ ချမ်းသာခဲ့ကြသည်မှာ ဒါန သီလစွမ်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်သည် ဒါန သီလ စွမ်းအား သတ္တိ ကြီးမားရာ အိန္ဒိယမြေတွင် ပွင့်တော်မူခဲ့သည်။ အိန္ဒိယသား ဗုဒ္ဓဘာသာဝင် သူတော်စင် သူဌေးသူကြွယ်တို့ကြောင့် ဗုဒ္ဓသာသနာတော်သည် ဘက်စုံဖွံ့ဖြိုးခဲ့သည်။ ထို့ကြောင့် ဘုရားပွင့် သာသနာပြုတော်မူရန်အတွက် ရှင်တော် ဗုဒ္ဓသည် ချမ်းသာကြွယ်ဝလှသည့် အိန္ဒိယမြေကို ရွေးချယ်ခဲ့သည်။ သာသနိက အဆောက်အဦးတို့ ပြည့်စုံခဲ့သည်။ အသိဉာဏ်နည်းပါးသော ဟိန္ဒူမွတ်စလင်ဘုရင်တို့ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည်မှာ ဝမ်းနည်းစရာကောင်းလှသည်။

## အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာပြန်လည်ထွန်းကားပါစေ

မြတ်စွာဘုရားရှင်၏ ဘဝတစ်လျှောက်လုံးတွင် သက်တော် ၈ဝ အနက် မွေးသည်မှ တောထွက်တော်မူသည်အထိ နှစ်ပေါင်း ၂၉ နှစ်တို့လုံးလုံး

သာကီဝင်တို့၏ ကပိလဝတ္ထုပြည်သာ နေတော်မူခဲ့သည်။ ခမည်းတော်မယ်တော် မယ်တော် မိထွေးတော် ဇနီး ကြင်ယာတော် သားတော် ညီတော် နှမတော် ဆွေတော်မျိုးတော်တို့အားလုံးသည် သကျသာကီဝင်လူမျိုးများသာဖြစ်သည်။ သကျနိုင်ငံနှင့်ခြေတစ်ဘဝါးမှ မခွာခဲ့၊ အိန္ဒိယနိုင်ငံတွင် ခြေမချခဲ့ဘူးပေ။ ဤအပိုင်းသည် ဗုဒ္ဓရှင်တော်၏ ဘဝရှေ့ပိုင်း ဖြစ်သည်။ ဇာတိနှင့် ပဝတ္တိနှစ်မျိုးတွင် ဇာတိဖြစ်စဉ်ဖြစ်သည်။ ဤအပိုင်းကို မြှုပ်ထား၍ မရပေ။ ဤအပိုင်းကို မြှုပ်ထားလျှင် ရှင်တော်ဘုရား၏ဘဝဖြစ်စဉ် ပျောက်ကွယ်သွားမည်။ နိုင်ငံတော်နှင့် လူမျိုးဖြစ်စဉ် ပျောက်ကွယ်သွားမည်။ လူမျိုးအရည်အသွေးဂုဏ်ပျောက်ကွယ်သွားမည်။ ဇာတိကို ပဝတ္တိလုပ်၍ မရဟု ဆိုရိုးရှိသည်။ ဘုရားရှင်၏ သာကီဝင်မင်းတို့၏ဘဝဖြစ်စဉ်သည် သာသနာတော်တွင် ပုံရိပ်လာထင်နေသည်။ ဘုရားရှင်၏ သာသနာတော်တွင် ရဟန်းတော်တို့သည် သိက္ခာ ဝါ အရ အလေးပေးရသည့် အစဉ်အလာမှာ သာကီဝင်တို့၏ ဓလေ့ ထုံးစံမှ လာသည်။ သာကီဝင်တို့၏ အသက်မှာ ကိုယ်ကျင့်သီလဖြစ်သလို သာသနာတော်၏ အသက်မျှာ ဝိနည်းသီလဖြစ်သည်။ သာကီဝင်တို့၏ ပဓာနမှုကြီးမှာ စုပေါင်းအုပ်ချုပ်မှု စုပေါင်းပိုင်ဆိုင်မှု ဖြစ်သလို သံဃာတော်တို့၏ ပိုင်ဆိုင်မှုမှာ သံဃိက ပိုင်ဆိုင်မှုဖြစ်သည်။ သံဃာ့ကိစ္စများတွင် အများဆန္ဒအများမဲဖြင့် ရွေးချယ်ဆုံးဖြတ်မှုများမှာ သန္ထာဂါရမှ အများဆန္ဒဖြင့် ဆုံးဖြတ်မှုများမှ လာခဲ့သည်။ သကျတို့၏ ဓလေ့ထုံးတမ်းစဉ်လာကို နားလည်ပါမှ သာသနာတော်၏ ထုံးစံဓလေ့များကို သိနိုင်ပေမည်။

သို့ဖြစ်၍ သာကီဝင်တို့၏ ဘဝဖြစ်စဉ် ဘုရားရှင်၏ ဇာတိအခြေအနေမှန်ကို သိရန်အတွက် သာကီဝင်တို့၏ အကြောင်းအရာမှန်ကို သိထားရန် အထူး လိုအပ်သည်။

## အိန္ဒိယသည် ဗုဒ္ဓ၏ ပဝတ္တိကာလ

ဘုရားရှင်သည် ၂၉ နှစ်အရွယ် တော်ထွက်တော်မူချိန်မှစ၍ အိန္ဒိယ သကျနယ်ခြားမြစ်ဖြစ်သော အနော်မာမြစ်သောင်ခြေကို ဖြတ်ကူး၍ အိန္ဒိယ

နိုင်ငံထဲသို့ ရောက်ရှိခဲ့သည်။ ၂၉ နှစ်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူချိန်သက်တော် ၈၀ ပြည့်သည်အထိ အိန္ဒိယနိုင်ငံတွင်သာ နှစ်ပေါင်း ၅၁ နှစ်လုံးလုံး အိန္ဒိယနိုင်ငံတော်ထဲ၌သာ သာသနာပြု လှည့်လည်တော်မူခဲ့သည်။ ထိုအချိန်မှစ၍ ဘုရားရှင်၏ ဘဝတစ်လျှောက်လုံး အိန္ဒိယသားဖြစ်ခဲ့လေသည်။ အိန္ဒိယမြေကား ဗုဒ္ဓသာသနာတော်အတွက် အဘိုးတန်လှလေသည်။ ထိုတန်ဘိုးကို ယနေ့အထိ အိန္ဒိယနိုင်ငံကား အကျိုးကျေးဇူးများစွာ ခံစားနေရသည်။ ရှင်တော် ဗုဒ္ဓပွင့်တော်မူခဲ့သဖြင့် အိန္ဒိယပြည်သည် လောကီ လောကုတ္တရာအကျိုးစီပွား အမြတ်များစွာရရှိခဲ့သည်။

ဘုရားရှင်၏ ကျေးဇူးတော်ကား အိန္ဒိယနိုင်ငံအတွက် ဆပ်၍ မကုန်ရှိတော့သည်။ ထိုကျေးဇူးဂုဏ်ကို သီရိဓမ္မာသောကမင်းကြီးသည် အသိဆုံးဖြစ်၍ အစွမ်းကုန်ပူဇော်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်သည် မင်းကြီး၏ အားထုတ်မှုကြောင့် ကိုးတိုင်း ကိုးဌာနသို့ သာသနာတော်ရောက်ရှိကာ ကမ္ဘာသူ ကမ္ဘာသားတို့အား ကောင်းကျိုး အနန္တပေးခဲ့သည်။ မင်းကြီး ကွယ်လွန်ပြီးနောက် နှစ်ပေါင်း ၂၀၀ ကျော် တိမ်မြုပ်ပျောက်ကွယ် ငုပ်လျှိုးနေခဲ့သော အနာဆွေးကြီးနှင့်တူသော ဗြာဟ္မဏဝါဒ ခေါင်းထောင်လာတော့သည်။

ဗြာဟ္မဏာတို့သည် ဗုဒ္ဓရှင်တော်ကို မနာလိုမုန်းထားကြသည်။ နိုင်ငံ ပေါက်စလေး အိန္ဒိယနိုင်ငံကြီး၏ နံကပ်နိုင်ငံဖြစ်ပြီး ကျွန်သားပေါက် နိုင်ငံလေးမှ လူတွေကများ မဟာနိုင်ငံကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံကြီးထဲမှ မဟာပညာရှိ ဗြာဟ္မဏပဏ္ဍိတ်ကြီးတွေရဲ့ အတ္တဝါဒ၊ ဇာတ်ဝါဒ၊ ယဇ်ဝါဒကို တိုက်ဖျက် ပြီး အဖျက်လုပ်ငန်းဖြစ်တဲ့ အနတ္တဝါဒ လက်တွေ့မပြနိုင်တဲ့ နိဗ္ဗာန်ဝါဒကြီးကို တီထွင်ကာ ဇာတ်နိမ့်တွေကို လူရာသွင်းနေရာပေး၍ ဗြာဟ္မဏဝါဒကို ဖြိုလှဲနေသူဟု သတ်မှတ်ကာ ဗြာဟ္မဏအရိုးစွဲ အမုန်းကြ စွပ်စွဲခဲ့သည်။ ကဏ္ဍာဟု ရင့်သီးစွာ သုံးစွဲခဲ့သည်။ ဗုဒ္ဓဝါဒသည် အိန္ဒိယနိုင်ငံတဝှမ်းကျယ်ပြန့်သွားသဖြင့် ဗြာဟ္မဏတို့သည် ငုံ့လျှိုးနေခဲ့ကြရသည်။ အသောကမင်းကြီးကွယ်လွန်သောအခါ ဗြာဟ္မဏဝါဒီဘုရင် မိဖုရားအမတ်ကြီးများ ဦးဆောင်ပြီး ဗြာဟ္မဏဝါဒီကို ပြန်လည်အသက်သွင်းခဲ့ကြသည်။ တဖြည်းဖြည်း ဗြာဟ္မဏဝါဒအား ပြန်ကောင်းလာသောအခါ ဝါဒပြိုင်ပွဲကြီးများ

ကျင်းပကာ လူပုံအလယ် အရှုံးပေးပြီး ဗုဒ္ဓဘာသာခေါင်းဆောင်ဘုန်းကြီးများကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ နှစ်ပေါင်း ၅၀၀ လောက်အတွင်း ဗုဒ္ဓဘာသာ ဘုန်းကြီး သန်း ၂၀ကျော် သုတ်သင်ခဲ့ပြီး ကျောင်းပေါင်းသောင်းနှင့်ချီ၍ မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထို့နောက် မွတ်စလင်လူရမ်းကားတို့ အိန္ဒိယကို အုပ်ချုပ်လာကြသည်။ ဘုန်း ကြီးများနှင့် ကျောင်းများကို ပိုက်စိပ်တိုက် ဖျက်ခဲ့ကြ သတ်ခဲ့ကြပြန်သည်။ မွတ်စလင်ခေတ်ကုန်ခါနီးရောက်သောအခါ အိန္ဒိယမြေတွင် ဗုဒ္ဓဘာသာ ကွယ်ခဲ့လေပြီ။

အင်္ဂလိပ်ရောက်လာမှ ရှေးဟောင်းပစ္စည်းလက်ရာများကို မဖျက်ဆီး ရန် တားလိုက်မှ ဗုဒ္ဓသာသနိက အဆောက်အဦးများနှင့် ဘုရားစေတီ ရုပ် ပွားတော် ကျောက်စာ ကျောက်တိုင်များ သက်သာရာရခဲ့ပြီး ပြတိုက်ထဲ ရောက်လာကြသည်။ ရှေးဟောင်းအထိမ်းအမှတ်အဖြစ် သတ်မှတ်ခဲ့ရသည်။ ယခု အိန္ဒိယနိုင်ငံသို့ ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးများ လာရောက်ကြပြီး ဘုရား ဖူးကြသဖြင့် အိန္ဒိယနိုင်ငံ၏ ဝင်ငွေသည် သပိတ်ဝင်အိပ်ဝင် ဝင်လာကြသည်။ ယနေ့အချိန်ထိ အိန္ဒိယအစိုးရ ဟိန္ဒူဝါဒီတို့သည် အဆောက်အဦးများကို လှ ပခိုင်ခန့်အောင် ပြုပြင်မှု နည်းပါးသေးသည်။ ဝင်ငွေက ထွက်ငွေထက် များ စွာ ရရှိသော်လည်း သုံးစွဲမှု နည်းပါးသေးသည်။

ယခုအခါ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာရဟန်းတော်များ၏ အားထုတ် ကြိုးစားမှု မစ္စတာအမ်ဘေဒကာ ဗုဒ္ဓဘာသာသို့ ပြောင်းရွှေ့ကိုးကွယ်မှု တိဘက် နီပေါ ဂျပန် ထိုင်း ဗီယက်နမ် စသော ဗုဒ္ဓဘာသာဝင်များ၏ အဆက်မပြတ် ဘုရားဖူးလာမှု လှူဒါန်းမှုတို့ကြောင့် အိန္ဒိယနိုင်ငံရှိ သာသနိက အဆောက် အဦးတို့ တိုးတက်လာသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လာသူတို့ မှာလည်း ယခင် သိန်းလောက်ရှိရာမှ ယခု သန်း ၃၀ ကျော်ထိ တိုးတက် လာသည်။ နှစ်စဉ် ဗုဒ္ဓဘာသာခံယူပွဲများရှိနေသဖြင့် ဗုဒ္ဓဘာသာဦးရေ ခုန်ပျံ တိုးတက်နေသည်။

အိန္ဒိယဇာတ်နိမ့်တို့သည် အိန္ဒိယဇာတ်မြင့်တို့ကို အားမရကြပေ။ ဇာတ် မြင့်တို့သည် ဇာတ်နိမ့်တို့ကို အမြဲတန်း လွှမ်းမိုးနေကြသည်။ မစ္စတာအမ် ဘေဒကာမှာ အိန္ဒိယတရားရေး ဝန်ကြီးဖြစ်ပြီး အခြေခံဥပဒေ ရေးဆွဲခဲ့သော

ဥပဒေပညာရှင်တစ်ဦးဖြစ်သည်။ သူသည် ဘာသာဝါဒများကို လေ့လာပြီး လူဦးရေ ၅ သိန်းကို ဦးဆောင်ကာ ဗုဒ္ဓဘာသာအဖြစ်ခံယူခဲ့သည်။ သူ့ လူများ၏ စည်းရုံးမှုကြောင့် ဇာတ်နိမ့်တို့သည် ဟိန္ဒူမှ ဗုဒ္ဓဘာသာခံယူရန် အရှိန်ယူနေကြသည်။ သံဃာတော်တို့ကလည်း ဘုန်းကြီးကျောင်းများ တည်ဆောက် ကာ ဘုရားဖူးအဖွဲ့များနှင့် ပေါင်းပြီး တည်းခိုရန်နေရာပေးကြသဖြင့် ယခုအခါ ကျောင်းများ စာသင်သားသံဃာများ၊ ဘုရားဖူးဧည့်သည်များ လွန်စွာ များပြားလာ ပြီဖြစ်သည်။ ထို့ကြောင့် ယနေ့အတွက် အိန္ဒိယသည် ဗုဒ္ဓဘာသာ တိုးတက်ကျယ်ပြန့်လာရန် အရှိန်ကောင်းနေသည့်အချိန်ဖြစ်သည်။

အိန္ဒိယမြေသည် ဗုဒ္ဓဘာသာကြောင့် ကမ္ဘာကျော်ခဲ့သည်။ ဗုဒ္ဓဘာသာကြောင့် ဝင်ငွေရခဲ့သည်။ လေးစားမှုကို ခံယူရရှိခဲ့သည်။ ဗုဒ္ဓဘာသာသည် ကမ္ဘာ့အကောင်းဆုံးဘာသာဖြစ်ကြောင်း ကမ္ဘာ့ဘာသာအသီးသီးမှ ဆုံးဖြတ်ထားသဖြင့် အိန္ဒိယနိုင်ငံမှ ဗြာဟ္မဏဘာသာဝင်တို့သည် ဗုဒ္ဓဘာသာကို တလေးတစားလေးစားဆက်ဆံကြပါလျှင် အိန္ဒိယမြေသည် ဗုဒ္ဓဘာသာအတွက် နေရာမှန် လူမှန် ဘာသာမှန် ဖြစ်လာနိုင်ပါစေဟု ဆန္ဒပြုရပါသည်။

## မင်းပုဏ္ဏားတို့ထဲတွင် သာကီဝင်မင်းများသည် အမြတ်ဆုံး

စာပေတွင် ဘုရားရှင်တို့သည် လူနတ် ဗြဟ္မာတို့တွင် အမြတ်ဆုံးဖြစ်သည်။ ဒွိပဒုတ္တမ ဒွိပဒဥတ္တမ ခြေနှစ်ချောင်းရှိသော သူတို့တွင် အမြတ်ဆုံးဟု ဂုဏ်ပြုပူဇော်ကြသည်။ လူတို့တွင် ခတ္တိယမင်းမျိုးနှင့် ဗြာဟ္မဏပုဏ္ဏားမျိုးတို့သည် အမြတ်ဆုံးဖြစ်သည်ဟုဆိုကြသည်။ ယခုအခါ ဂေါတမအမည်ရှိသော ဘုရားရှင်သည် လူ့လောကတွင် ပွင့်တော်မူလာသည်။ ထိုဘုရားရှင်သည် သကျ သာကီဝင်မင်းမျိုးတွင် ပဋိသန္ဓေယူတော်မူခဲ့သည်။ ဘုရားရှင်တို့ သဘာဝ ကံတော် အနန္တတို့ကြောင့် အကောင်းဆုံး ကံစွမ်းအရ အမြတ်ဆုံးအမျိုးတွင် ပဋိသန္ဓေယူရမည်မှာ ကေန်ဖြစ်သည်။ ယခုတော့ သာကီဝင်မင်းမျိုးမှာ ပဋိသန္ဓေယူခဲ့ပြီဖြစ်သဖြင့် သာကီဝင်မင်းမျိုးသည် ဤကမ္ဘာတွင် အမြတ်ဆုံးဖြစ်သည်ဟု ဆိုရပါတော့မည်။ ထို့ကြောင့် အမြတ်ဆုံး ဘုရားရှင် ပဋိသန္ဓေယူခဲ့သော သာကီဝင်မင်းမျိုးသည် ကမ္ဘာပေါ်ရှိ လူမျိုးအားလုံးထဲ

တွင် အမြတ်ဆုံးလူမျိုးဖြစ်သည်ဟု ဆုံးဖြတ်မှတ်ယူနိုင်ပါသည်။

အိန္ဒိယနိုင်ငံတွင် ကောသလမင်း, ဗိမ္ဗိသာရမင်း, ပက္ကုသာတိမင်း, စန္ဒပဇ္ဇောတမင်း, ဥတေနမင်း, မဟာကပ္ပိနမင်း စသော မင်းတို့များစွာ အုပ်ချုပ်နေကြပါသည်။ ကောသလမင်းကြီးမိသားစုတွင် ဘုရာအလောင်း ပဋိသန္ဓေယူခဲ့ပါက ဘုရားအလောင်း မင်းသားသည် ကောသလမင်းသားဖြစ်၍ မွေးကထဲကပင် ကောသလတိုင်းပြည်သူများစွာ၏ ချစ်မြတ်နိုးမှုခံရပြီးဖြစ်မည်။ ဘုရားဖြစ်လာသောအခါ၌လည်း ပရိသတ်အထူးမလို ကောသလတစ်တိုင်းလုံး ကိုးကွယ်ကြမည် ကေန်ဖြစ်သည်။ ဗိမ္ဗိသာရမင်းနှင့် ကောသလမင်းမှာ သမီးယောက်ဖ တော်စပ်ကြသည်။ ကောသလမင်း၏ နှမတော် ဝေဒေဟီ မိဖုရားကို ဗိမ္ဗိသာရမင်းအား ပေးအပ်လိုက်သဖြင့် နှစ်ပြည်ထောင် ချစ်ကြည်ကြသည်။ အဇာတသတ်သည် ဝေဒေဟီ၏ သားဖြစ်သဖြင့် ကောသလမင်းကြီး၏ တူတော်သည်။ ထိုအခါ နှစ်ပြည်ထောင်တို့ တစ်ဆက်တည်း ဖြစ်နေမည်။ ဗိမ္ဗိသာရမင်းမှာ ကာသိတိုင်း အင်္ဂတိုင်းတို့ကို အစိုးရသော မဂဓ ဘုရင်ဖြစ်သည်။ ကောသလမင်းသားသာ ဘုရားဖြစ်လာလျှင် ကောသလ မဂဓတိုင်း ဒေသရပ်ဝန်းကြီးမှာ ကိုယ့်မင်းသား ကိုယ့်ဘုရားဖြစ်၍ ဗုဒ္ဓကို ပို၍ ကြည်ညို ကိုးကွယ်နိုင်သည်။ ပို၍ အဆင်ပြေနိုင်ပါလိမ့်မည်။ ပို၍ သဘာဝကျနိုင်သည် မဟုတ်ပါလော့။

တကယ့်လက်တွေ့မှာမူ ဂေါတမဗုဒ္ဓသည် ကောသမင်း စသော မဇ္ဈိမ ဒေသမင်းများထံ ပဋိသန္ဓေ မယူခဲ့ပါ။ သာကီဝင်မင်းကြီး သုဒ္ဓေါဒနထံ ပဋိသန္ဓေယူခဲ့ပါသည်။ သဘာဝအရဆိုရလျှင် သာကီဝင်မင်းမျိုးသည် မင်း တကာ မင်း လူမျိုးတကာ လူမျိုး မင်းပုဏ္ဏား ဇာတ်မြင့်တို့ထက် မြင့်မြတ်ကြောင်း သိရမည်ဖြစ်ပါသည်။

## သကျသာကီဝင်မျိုးသည် ဥစ္စာကုလ အမြတ်ဆုံးလူမျိုး

ဘုရားရှင်သည် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာတို့အား တေဒဂ် ဘွဲ့ထူးချီးမြှင့်တော်မူသည်။ ဘုရားမှတစ်ပါး အမြတ်ဆုံးပုဂ္ဂိုလ်များကို ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးဖြစ်သည်။ ကမ္ဘာပေါင်း သိန်းနှင့်ချီ၍ ပါရမီဖြည့်ခဲ့သော ဘုန်း

ရှင် ကံရှင် သမ္ဘာရှင် ပါရမီရှင်တို့သာ ရရှိသောဘွဲ့ထူး ဂုဏ်ထူးဖြစ်သည်။ တေဒဂ်ရရဟန်း (၄၁)ပါးတွင် သာကီဝင်လူမျိုးထဲမှ (၇)ပါး ပါဝင်ခဲ့သည်။ **ထိုတေဒဂ်ရ ရဟန်းတော်များထဲတွင် သာကီဝင်မင်း ဘုရင်ဘဒ္ဒိယလည်း တစ်ပါး ပါဝင်သည်။** သုဒ္ဓေါဒနမင်း သိဒ္ဓတ္ထမင်းတို့နောက် ဘဒ္ဒိယသည် ဘုရင် ဖြစ်လာသည်။ ဘုရားရှင် တောထွက်သည်မှစ၍ ၇ နှစ်ကျော်ကျော် သာကီဝင်မင်း ဖြစ်လာခဲ့သည်။ ဘုရားရှင် ဘုရားဖြစ်ပြီးနောက် ဒုတိယဝါ မြောက်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ မိမိဖွား မြင်ရာ ဇာတိဒေသ ကပိလဝတ္ထုသို့ ကြွတော်မူခဲ့သည်။ ထိုနှစ်တွင် သာကီဝင် မင်းမျိုးတို့၏ ဆုံးဖြတ်ချက်အရ သာကီဝင်မင်းမျိုးမှ မင်းသားတို့ ရဟန်းပြုရန် စီစဉ်ကြသည်။

အနုရုဒ္ဓါမင်းသားလည်း ရဟန်းပြုလိုသည်။ သူ၏ မယ်တော်ကြီးကို ခွင့်တောင်းသောအခါ အနုရုဒ္ဓါ၏ သူငယ်ချင်း ဘဒ္ဒိယဘုရင် ရဟန်းပြုမှ သားတော်ကိုလည်း ခွင့်ပြုမည်ဟု ဆိုသဖြင့် ဘုရင် ဘဒ္ဒိယထံ သွား၍ ဆွေး နွေးရသည်။ နောက်ဆုံးတွင် ဘုရင်ဘဒ္ဒိယကလည်း သူငယ်ချင်းအနုရုဒ္ဓါနှင့် အတူ ရဟန်းပြုရန် သဘောတူခဲ့သည်။ ထို့ကြောင့် သာကီဝင်မင်းသား အာနန္ဒာ အနုရုဒ္ဓါ ဘဒ္ဒိယ ဘဂု ကိမိလ ဒေဝဒတ္တတို့နှင့်အတူ ဆတ္တာသည် ဥပါလိပါ ရဟန်းဝတ်သည်။ ရဟန်းဖြစ်လာသော ဘုရင်ဘဒ္ဒိယသည် မကြာခင်မှာပင် ရဟန္တာဖြစ်လေသည်။ ဘုရားရှင်သည် သံဃာ့စည်းဝေးပွဲကြီးတွင် တေဒဂ် ဘွဲ့ပေးရာ၌ အရှင်ဘဒ္ဒိယမထေရ်မြတ်အား ဉစ္စာကုလိက တေဒဂ်ဘွဲ့ ပေးတော်မူသည်။

ဉစ္စာကုလိကဘွဲ့မှာ အမြင့်မြတ်ဆုံးမင်းမျိုးမှ ရဟန်းပြုလာသူ အား ပေး သောဘွဲ့ဖြစ်သည်။ မဟာကပ္ပိနမင်း ပက္ကုသာတိမင်းတို့မှာ ရဟန္တာဖြစ်လာ ကြသော်လည်း ဉစ္စာကုလိကတေဒဂ်ဘွဲ့မရခဲ့ပေ။ ဘုရင်မှ ရဟန္တာဖြစ်လာသော ဘဒ္ဒိယမထေရ် တေဒဂ်ရသည်မှာ သာကီဝင် မင်းမျိုးသည် မင်းတကာ့မင်းတို့တွင် အမြတ်ဆုံး လူမျိုးဖြစ်ကြောင်း ဉစ္စာကုလိက အမြတ်ဆုံးလူမျိုး ဟူသော တေဒဂ်ဘွဲ့က ဖော်ပြနေပေ သည်။

## တောဒသဇပိုင်း

### သာကီဝင်တို့ ဘဝဆည်းဆာအောင်ပွဲများ

### မဇ္ဈိမဒေသဆိုဒါ အမြတ်ဆုံးဟု အယူစွဲပြင်းထန်

မြတ်ဗုဒ္ဓကို ကိုးကွယ်ရာမှ မြတ်ဗုဒ္ဓ၏ သာကီဝင်လူမျိုးတို့အကြောင်း လေ့လာမိသည်။ သာကီဝင်လူမျိုးတို့နှင့် ပတ်သက်၍ အိန္ဒိယပညာရှင် တို့က အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်ခဲ့ကြပေ။ သူတို့၏ ရင်ထဲတွင် အိန္ဒိယနိုင်ငံကြီးသည် အကောင်းဆုံး အမှန်ဆုံး တန်ဘိုး အရှိဆုံးတို့ ထွက်ရှိရာ စုဝေးရာ ပေါ်ထွန်းရာ ကမ္ဘာ့ဗဟိုချက် ဗဟို မဏ္ဍိုင်ဖြစ်သည်။ **သူတို့ဒေသကို မဇ္ဈိမဒေသ ဗဟိုချက်ချာဟု သတ်မှတ်ကြသည်။** မဇ္ဈိမဒေသဖြစ်၍ တန်ဘိုးအရှိဆုံး ကျောက်မျက်ရတနာတို့ထွက်ရှိရာ ခံယူခဲ့သည်။ ဇမ္ဗူဒီပ ဇမ္ဗုသပြေပင်ပေါက်ရာ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဟု ကြွေးကြော်ခဲ့သည်။ ဇမ္ဗုသပြေပင်သည် ကုန်းမြေနှင့် ရေအစပ်တွင် ပေါက် ရောက်သည်။ သူတို့လူမျိုးသည် ကုန်းနှင့်ရေကို အစိုးရသော လူမျိုးဟု အထင် ရောက်ခဲ့ကြသည်။ လူတို့တွင် သူတို့လူမျိုးကို အရိယာ ဖြူစင်သည့် လူမျိုး ဟု သမုတ်ခဲ့ကြသည်။ စင်ကြယ်သည့်လူမျိုးဖြစ်၍ ဆွေ ၇ ဆက်၊ မျိုး ၇ ဆက် အမျိုးတစ်ပါး မရောနှောစင်ကြယ်သည်။ မြင့်မြတ်သည်ဟု သတ်မှတ် ခဲ့ကြသည်။ ထို့ကြောင့် စကြဝတေးမန္ဓာတ်မင်းတို့လို ဘုန်းရှင် ကံရှင် သမ္မာ ရှင် ပါရမီရှင် ရသေ့ ရဟန်း သူတော်စင်တို့သည် သူတို့ ဟိန္ဒူဘာသာ ဗြာ ဟ္မဏ ဘာသာဝင်များသာ ဖြစ်ရမည်။ လူတို့ ကိုးကွယ်သော ဘာသာဝါဒ များထဲတွင် သူတို့ ကိုးကွယ်သော ဗြာဟ္မဏဘာသာသည်သာ အကောင်းဆုံး ဖြစ်သည်ဟု ဟောပြောကြသည်။ သူတို့ ကိုးကွယ်ရာဘုရားဖြစ်သည့် မဟာ ဗြဟ္မာကြီးသည် အမြတ်ဆုံးဖြစ်သည်။ လောကကို ဖန်ဆင်းသည့် ဖန်ဆင်းရှင် ဖြစ်သည်။ အနန္တတန်ခိုးရှင်ဟု ချီးမွမ်းခဲ့သည်။

သူတို့ကိုးကွယ်ရာ မဟာဗြဟ္မာကြီးသည် လူသားတို့ကို ဖန်ဆင်းခဲ့သည်။ ဗြဟ္မာကြီး၏ ပါးစပ်မှ ဗြာဟ္မဏတို့ကို ပေါက်ဖွားစေခဲ့သည်။ ဗြဟ္မာကြီး၏ ရင်ဘတ်မှ ခတ္တိယ၊ ဗြဟ္မာကြီး၏ ချက်မှ ဝေသ(ကုန်သည်)၊ ဗြဟ္မာကြီး၏ ဒူးဆစ်မှ သုဒ္ဒ သူဆင်းရဲတို့ကို မွေးဖွားပေးခဲ့သည်။ ထို့ကြောင့် ခတ္တိယ ဗြာဟ္မဏ တို့က ဇာတ်မြင့်ကြသည်။ ဝေသသုဒ္ဒတို့က ဇာတ်နိမ့်ကြသည်။ လူချင်း မတူဟု သတ်မှတ်ခဲ့ကြသည်။ ဗြာဟ္မဏ ဘာသာဝင် ဟိန္ဒူဘာသာဝင်မဟုတ်သည့် သူများသည် ဗြဟ္မာကြီး၏ ခြေဖမိုးမှ မွေးဖွားသူများဖြစ်သည်ဟု သမဏာ ပိဋကပါဒတော့ဟု ဆိုခဲ့ကြသည်။

ဤသို့ မိမိလူမျိုး မိမိဘာသာ မိမိဒေသကို အမြတ်ဆုံးဟု ထင်မှတ်ခဲ့ကြသော မဇ္ဈိမဒေသသားတို့သည် သက္ကတစာပေကို တီထွင်ခဲ့ကြသည်။ ဝေဒကျမ်း ဥပနိသျှဒ်ကျမ်း အာရညကကျမ်း တီထွင်ခဲ့ကြသည်။ ဝေဒကျမ်း ဥပနိသျှဒ်ကျမ်း အာရညကကျမ်း စသော ကမ္ဘာဦးစာပေများကို တီထွင်ခဲ့ကြပြီး သူတို့အကြောင်းအရာများကို ရေးသားကြသည်။ အဌာရသ သိပ္ပများကို သင်ယူကြပြီး တက္ကသိုလ်ကြီးများ ထောင်ကာ အာရီယန်လူမျိုး ဇာတ်မြင့်တို့ကို ပညာသင်ပေးခဲ့ကြသည်။ ဗြာဟ္မဏပဏ္ဍိတ်ကြီးများသည် နေ့စဉ်အမျှ တီထွင်ခဲ့ကြသဖြင့် စာပေ ဂီတ အနုသုခမပညာရပ်များ စစ်ရေး စစ်ရာ ပညာရပ်များ တိုးတက်ခဲ့ကြသည်။

အာရီယန်တို့သည် လေးမြားဆင်စီး မြင်းစီး စစ်ပညာရပ်များကြောင့် မဇ္ဈိမဒေသတခွင်လုံး ပြိုင်ဘက်မရှိ လွှမ်းမိုးနိုင်ခဲ့သည်။ စစ်ရေး အောင်မြင်မှုမှ ဇာတ်ခွဲခြားမှုကို ဘာသာရေးဝါဒ ကိုးကွယ်ရာဟု စီစဉ်လိုက်သဖြင့် လူတန်းစားအစွဲသည် မဇ္ဈိမဒေသတစ်ခုလုံး ဖုံးလွှမ်းသွားသည်။ မဇ္ဈိမဒေသကြီး တစ်ခုလုံးသည် ပြိုင်ဘက်မရှိ အရိယာဝတ္တ အရိယာနိုင်ငံကြီး ဖြစ်သွားလေသည်။

ဒရာဗီဒီယန် စသော တိုင်းရင်းသား လူမျိုးစုတို့ မော်၍ မကြည့်ရဲလောက်အောင် ဘုန်းမီးနေလ တောက်ပနေချိန်တွင် ဟိမဝန္တာတောင်ခြေမှ သကျသာကီဝင်တို့ပေါ်ထွက်လာသည်။ သကျ သာကီဝင်တို့သည် အရှေ့တောင်အာရှတလွှာ တန်ခိုးထွားနေသော ပြူလူမျိုးနွယ်ဖြစ်သည်။ ပြူလူမျိုးတို့ကို

အိမ်နီးချင်းနိုင်ငံများမှ ဖြဟ္မာလူမျိုးဟု ခေါ်ခဲ့ကြသည်။ ထိုလူမျိုးသည် အင်အားကြီးထွားလာပြီး ယခုအခါဝယ် ဟိမဝန္တာတောင်ခြေအထိ ရောက်ရှိလာပြီ ဖြစ်သည်။

## သကျသည် အာရီယန်တို့၏ ရန်သူမဟုတ်။ မိတ်ဆွေပါ။

သကျတို့သည် ဒရာဗီဒီယန်တို့လိုမဟုတ်။ ရုပ်ရည်သွင်ပြင်ရဲစွမ်း သတ္တိရှိကြသည်။ မိမိတို့၏ အုပ်ချုပ်ရေးစနစ်က သက်ဦးဆံပိုင် ဘုရင်စနစ်။ သကျတို့က မဟာသမ္မတရွေးချယ်ရေးစနစ်၊ သန္ဓာဂါရလွှတ်တော်စနစ်၊ အုပ်ချုပ်ရေးစနစ်ချင်းလည်း ကွဲပြားသည်။ အခြားလူမျိုးတို့နှင့်လက်မထပ်ရဟု ပညတ်ထားသဖြင့် လူလူချင်း ယူ၍ လူမြိုပစ်ရန်လည်း မဖြစ်နိုင်။ မြေယာများကို ငွေကြေးဖြင့်ဝယ်၍ အပိုင်သိမ်းရန်ကလည်း ခတ္တိယစနစ်အရ ပုဂ္ဂလိကမပိုင် နိုင်ငံပိုင်သာဖြစ်သည်။ အသပြာနှင့်လည်း လွှမ်းမိုးမရ။ ငွေကို ယူသည်။ မြေ ကိုယူသည်။ လူကိုယူသည်ဆိုသည့် နိုင်ငံကြီး လူမျိုးကြီးတို့၏ စပါးကြီးမွေ စနစ်ကိုလည်း သုံး၍မရ။ မြေပထဗျာ၊ မေကညာ၊ ပြေအာထာကို ယူ၍ မရမှန်းသိကြသည်။ သကျတို့သည် သူတို့နှင့် လုံးဝမဆက်သွယ်ရန် တားမြစ် ထားသည်။ သကျနိုင်ငံတော်ကား လုံခြုံလှသည်။ အဘိရာဇာလက်ထက် သမီး ပေးရန်စီစဉ်ခဲ့သည်။ သမီးတောင်း၍ မရလျှင် စစ်တိုက်မည်။ နိုင်ငံသိမ်း မည့် အစီအစဉ်လည်း ပျက်ခဲ့ရသည်။ မြေလှန်စနစ်ဖြင့် မြေလှန်သွားသဖြင့် စစ် ရေးပြင်လာသော အာရီယန်တို့ လက်မှိုင်ချခဲ့ရသည်။ ဇေရာဇာလက်ထက် လည်း မြေလှန်စနစ်ဖြင့် မြေလှန် ပြန်သွားပြန်သဖြင့် အာရီယန် တို့အတွက် တိုက်ကွက် ပျက်ခဲ့ အကြံပျက်ခဲ့ရပြန်သည်။

ယခုတခါ သာကီဝင်မင်းသား သိဒ္ဓတ္ထသည် တောထွက်တရား ကျင့်ခဲ့ရာ သဗ္ဗညုဗုဒ္ဓဖြစ်လာပြန်ပြီ။ ၎င်းမင်းသားမှာ မွေးစကပင် စကြဝတေးမင်း အဖြစ် ကျော်ကြားခဲ့သည်။ အသက် ၁၆နှစ်တွင် လေးအတတ်ပြခဲ့ပြီး မိမိတို့ ကြားပင် မကြားဘူးသော လေးစွမ်းကို ပြသဖြင့် မိမိတို့ ဖိန့်ဖိန့်တုန်ခဲ့ရသည်။ တော်သေးသည်။ စကြဝတေးမင်းစည်းစိမ်ကို ပယ်ချခဲ့သည်။ ယခုတော့ ဘုရားရှင်အဖြစ် မဇ္ဈိမဒေသသို့ ဝင်ကြွလာပြန်ပြီ။ သာကီဝင်တို့ကား အာရီယန်တို့

၏ ရန်သူမဟုတ်။ လူတိုင်းနှင့် ချစ်ကြည်လိုသည့် မိတ်ဆွေများသာ ဖြစ်သည်။

မိမိတို့က အတ္တ ဗုဒ္ဓက အနတ္တ ဟု စတင်ဟောပြခဲ့သည်။ ဇာတ်စနစ်ကိုလည်း ရှုံ့ချခဲ့သည်။ လူတိုင်းကံအရ ဖြစ်ရသည် ဟု ကမ္မဝါဒ ဟောပြခဲ့သည်။ မိမိတို့က ယဇ်ပူဇော်ရမည် ဆိုသည်ကို ဗုဒ္ဓက ကုသိုလ်ပြုရမည်။ ဒါန သီလ သမထ ဝိပဿနာ ပြုရမည်ဟု ဟောခဲ့သည်။ မိမိတို့၏ ဝါဒနှင့် ပြဒါး တစ်လမ်း သံတစ်လမ်း အားလုံး ဆန့်ကျင်ဘက်ဖြစ်သည်။ ဗုဒ္ဓသည် မဇ္ဈိမဒေသထဲကြွ၍ တရားဟောသဖြင့် ယခုအခါ လူအများစုဖြစ်သည့် ခတ္တိယ ဝေဿ သုဒ္ဒတို့ အားလုံး ဗုဒ္ဓဘာသာဖြစ်သွားကြပြီ။ ဗြာဟ္မဏပဏ္ဍိတ်ကြီးတွေတောင်မှ ယိုင်လာကြပြီး ဗုဒ္ဓ၏ တပည့်သာဝကဖြစ်လာပြီး မိမိတို့ ဗြာဟ္မဏဝါဒပျောက်ကွယ်တော့မည် တွေးတောကြောက်ရွံ့ကာ အမ္ဗဋ္ဌသည် ဗုဒ္ဓကို အပုပ်ချလေသည်။ ဗုဒ္ဓ သာကီဝင်လူမျိုးတွေကို ဣဗ္ဘဟု နှိမ်ချခဲ့သည်။ အမျိုးညံ့ ဇာတ်နိမ့်များ သူဆင်းရဲသား ဗြဟ္မဏတို့ စကားကို မြေဝယ်မကျနာခံရသော အောက်တန်းစား ဓားမနောက်ပိတ်ခွေးများ ဆင်ထိန်း ဆင်ကျောင်းရသည့် တောသားများ၊ ဆင်းရဲလွန်းသဖြင့် အိမ်ထောင်မပြုနိုင် တကိုယ် တည်း ဆင်းရဲစွာ အသက်မွေးရသည်။ လူညံ့များ ဟု နှိမ်ချဆက်ဆံခဲ့သည်။ ဇာတ်ဝါဒစွဲ ပြင်းထန်လှသည့် ဗြာဟ္မဏအမ္ဗဋ္ဌသည် ဗုဒ္ဓရှေ့တွင် ခါးထောက် လမ်းလျှောက်ပြီး ဝေဖန်ပြသည်။

## သကျဆိုဒါ ဣဗ္ဘ ဇာတ်နိမ့်ဟု ဟိန္ဒူတို့က ယူဆခဲ့

အမ္ဗဋ္ဌသည် ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိဗြာဟ္မဏ ပဏ္ဍိတ်ကြီး၏ လက်ရုံးသဘွယ် အားကိုးရသည့် တပည့်ကြီးဖြစ်သည်။ ဝေဒကျမ်းတတ်ဖြစ်၏။ နိဃဏ္ဍုအဘိဓာန်ကျမ်း၊ ကေဋုဘအလင်္ကာကျမ်း၊ အက္ခရပ္ပဘေဒ သဒ္ဒါကျမ်း၊ သမိုင်းရာဇဝင်ဖြစ်သော ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံ ပါရဂူဖြစ်၏။ ဝေဒကျမ်းပုဒ်ရင်း ဇာတ်မြစ်တို့ကို ပြဆိုရာ ပဒကျမ်းလည်း ကျွမ်းကျင်၏။ သက္ကတပုဒ် ဓာတ်ပစ္စည်းဝိဘတ်တို့ဖြင့် ပုဒ်တို့ပြီးစီးမှုကိုပြသော ဗျာကရဏ်းကျမ်းဓာတ်ပစ္စည်း ဝိဘတ်တို့ဖြင့် ပုဒ်တို့ ပြီးစီးမှုကိုပြသော ဗျာကရဏ်းကျမ်းလည်း ကျွမ်းကျင်၏။ စာရ ဗာကဆရာ၏ ရုပ်ဝါဒ စသည့် မျက်မှောက်

လောကအကြောင်းကိုသာပြသော ရုပ်ဝါဒကျမ်းဖြစ်သည့် လောကာယတကျမ်း၊ မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။

ပေါက္ခရသာတိ ပုဏ္ဏားကြီးမှာ စမ္ပာမြို့ကို အပိုင်စားရသည့် သောဏဒဏ္ဍပုဏ္ဏား၊ ခါဏုတမကို အပိုင်စားရသည့် ကူဋဒန္တပုဏ္ဏားစသည်တို့ကဲ့သို့ ပင် မဇ္ဈိမဒေသ အာရိယန်ပြာဟ္မဏ လောက၏ ထိပ်တန်းပညာရှင်ဖြစ်၏။ ပေါက္ခရသာတိမြို့စားကြီးသည် မိမိနယ်မြေ ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးနေတော်မူသော ဂေါတမဗုဒ္ဓနှင့် တွေ့လိုသဖြင့် တပည့်ကျော် အမ္ဗဋ္ဌကို ကြိုတင်စေလွှတ်လိုက်သည်။ ဆရာကြီးတော်သလောက် တပည့်ကြီး အမ္ဗဋ္ဌ ရော်လေသည်။ ဘုရားရှင်ကို ဘုရားရှင်ဟု မမြင်။ သူတို့ပြဟ္မာကြီး၏ ခြေဖမိုးမှ ဖန်ဆင်းမွေးဖွားလိုက်သည့် ဗန္ဓုပါဒါမစ္စာ ခြေဖမိုးဖွား အညံ့စားလူမျိုးဖြစ်သည့် သကျလူမျိုးတစ်ဦးသာဟု ယူဆထား၏။ ဇာတ်စနစ်သည် တကယ့်လူ့သဘာဝနှင့် ဆန့်ကျင်သည့် စိတ်ကူးယဉ်ဝါဒဟု အမ္ဗဋ္ဌလုံးဝမတွေးမိ။ လူ့သဘာဝအရ ဆူကြို နိမ့်မြင့်မည်သူမဆို အမိဝမ်း၌ ကိန်းအောင်းပြီး မိခင်ယောနိပေါက်မှ မွေးရမြဲဖြစ်သည်ကို သူမြင်နေရပါလျက် သူတို့ ပြာဟ္မဏမျိုးများသည် ပြဟ္မာကြီး၏ ပါးစပ်ပေါက်မှ မွေးဖွားထွက်ကျလာသူ လူမြတ်မျိုးဖြစ်သည်ဟု မျက်ကဏ်းယုံ ယုံသူဖြစ်သည်။ သူသည် ဗုဒ္ဓထံမှောက် ရောက်သောအခါ ဗုဒ္ဓက ပလ္လင်ပေါ်တွင် ထိုင်နေပါလျက် သူက လက်ပိုက်လိုက် ခါးထောက်လိုက် မလေးမစား လမ်းလျှောက်ရင်း စကားပြောနေ၏။ သူ၏ အမူအရာ အပြောအဆိုကပင် တစ်လောကလုံး သူတို့ ခြေဖဝါးအောက်က လူတွေဟု သွေးနားထင်ရောက်နေ၏။ ဘုရားရှင်နှင့် ပြောသည့် စကား ကို ကြည့်ပါဦး။ ဘုရားရှင်နှင့် မလေးမစားပြောသည်ကို ဘုရားရှင်က အမ္ဗဋ္ဌအား ပြာဟ္မဏကြီးများနှင့်လည်း ဒီလိုအမူအရနှင့် ပြောသလားဟု မေးရာ “ အရှင် ဂေါတမ ဣဗ္ဘ(ဇာတ်နိမ့်)ဖြစ်ကုန်သော ၊ ကဏှာ ညစ်ကုန်သော၊ ဗန္ဓု ပါဒါပစ္စာ ပြဟ္မာကြီး၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော မုဏ္ဍကာ ဦးပြည် ခေါင်းတုံး ရဟန်းညံ့တို့နှင့်မူကား အရှင်ဂေါတမနှင့် ယခု ပြောဆိုနေသကဲ့သို့ ပြောလေ့ ရှိပါ၏ ဟု ပြော၏။

ဣဗ္ဘဟု သာကီဝင်တို့ကို ခေါ်ဝေါ်သုံးစွဲခဲ့၏။ ဘုရားရှင်က အမ္ဗဋ္ဌကို

ဤသို့ မိန့်တော်မူ၏။ အမ္ဗဋ္ဌ သင်သည် မသိ မလိမ္မာ မကျွမ်းကျင်သေးဘဲလျက် လိမ္မာပြီဟု မှတ်ထင်၏။ ဤစကားမျိုးသုံးသည်မှာ မလိမ္မာသေးသည်မှ လွဲ၍ မည်သည့်အကြောင်းမျှ မရှိချေ ဟု မိန့်၏။ အဝုသိတဝါယေဝါ ခေါပန စသည် ဖြင့် သုံးတော်မူ၏။ ဆရာကောင်းထံ နည်းနာခံ၍ အကျင့် စာရိတ္တများကို ကောင်းစွာ မကျင့်သုံးခဲ့ပါလျက် အကျင့်ကောင်းကို ကျင့်သုံးပြီးသူ၊ အတတ် ပညာကို ကောင်းစွာ နာခံသင်ယူလေ့လာသူ မဟုတ်ပါဘဲလျက် တတ်မြောက် ပြီးသူ၊ ပညာ ဗဟုသုတ အလွန်နည်းပါး ဗဟုသုတ ခေါင်းပါးသူ ဖြစ်ပါလျက် ဗဟုသုတရှင်ကြီးဟု မှတ်ထင်နေသူ ဖြစ်၏ ဟု မိန့်တော်မူ၏။

အမ္ဗဋ္ဌသည် ဘုရားရှင်၏ အထက်ပါ မိန့်ဆိုချက်ကို ကြားရသောအခါ အမ္ဗဋ္ဌသည် ဘုရားရှင်ကို ရှုတ်ချထိပါးစော်ကားလိုသဖြင့် ဤသို့ ပြောဆို ပြန်၏။ အရှင်ဂေါတမ သာကီဝင်တို့သည် ခက်ထန်ကုန်၏။ (စဏ္ဍာ) ကြမ်း တမ်းကုန်၏။ (ဖရုသာ) စိတ်သဘောထားနု သေးသိမ်ကုန်၏။ (လဟုသာ) အရမ်း စကားများကုန်၏။ (ဘဿာ) ဣဗ္ဘာ ဇာတ်နိမ့်ဖြစ်ကုန်၏။ ထိုသို့ ဇာတ်နိမ့်ဖြစ်ပါလျက် ပုဏ္ဏားတို့ကို မရိုသေကုန်၊ မလေးစားကုန်၊ အလေးမပြုကုန်၊ မမြတ်နိုးကုန်၊ မပူဇော်ကုန်၊ မတုပ်ဝပ်ကုန်၊ သာကီဝင်တို့သည် ဣဗ္ဘဇာတ် နိမ့်ဖြစ်ပါလျက် ဗြာဟ္မဏာတို့ကို မရိုသေ မလေးစား မမြတ်နိုး မပူဇော် မတုပ် ဝပ်ခြင်းသည် မသင့်လျော်ပါ။ မလျောက်ပတ်ပါ ဟု ဆို၏။

သာကီဝင်တို့သည် သင့်အားအဘယ်သို့ပြစ်မှားခဲ့ပါသနည်းဟုမေး၏။ အမ္ဗဋ္ဌသည် ကပိလဝတ္ထုသို့ ကိစ္စရှိ၍ သွားခဲ့သည်။ သာကီဝင်တို့သည် သန္ထာဂါ ရ လွှတ်တော်စည်းဝေးပွဲတက်နေကြ၏။ သာကီဝင်မင်းသားတို့သည် အချင်း ချင်းရယ်မောပြောဆိုနေကြကုန်၏။ လွှတ်တော်ရှိနေရာမြင့်များ၌ ထိုင်နေကြ ကုန်၏။ အမ္ဗဋ္ဌကို စောင်း၍ ရယ်သည်ဟု ထင်ရ၏။ အမ္ဗဋ္ဌကို နေရာမပေးခဲ့ပေ။ သာကီဝင်တို့ကို အမ္ဗဋ္ဌသည် မကျေနပ်ခဲ့ပေ။ ဘုရားရှင်က ထိုစကားကို ဤ သို့ မိန့်၏။ အမ္ဗဋ္ဌ ဘီလုံးငှက်မလေးသည်ပင် မိမိအသိုက်ထဲ၌ အလိုရှိတိုင်း နေနိုင် တွန်မြည်းနိုင်သေး၏။ ကပိလဝတ္ထုသည်ကား သာကီဝင်တို့၏ ကိုယ် ပိုင်မြေဖြစ်၏။ ဒါ့ကြောင့် သာကီဝင်မင်းသားတို့ လွတ်လွတ်လပ်လပ်နေကြ

ခြင်းဖြစ်၏။ အသေးအဖွဲ့အမှုလေးကို အခဲမကြေမဖြစ်ထိုက်ပါဟုမိန့်၏။

အရှင်ဂေါတမ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော အမျိုးလေးပါးတို့ ရှိပါကုန်၏။ အမျိုးလေးပါးတို့ထဲတွင် မင်း ကုန်သည် ဆင်းရဲအမျိုးသုံးပါးတို့သည် ပုဏ္ဏားမျိုး၏ အလုပ်အကျွေးသာ စင်စစ် ဖြစ်ကုန်၏။ အရှင်ဂေါတမ သာကီဝင်တို့သည် ကြမ္မာ ဇာတ်နိမ့်ဖြစ်ကုန်လျက် ပုဏ္ဏား ဗြာဟ္မဏတို့ကို မရိုသေခြင်း အလေးမပြုခြင်း မပူဇော်ခြင်းသည် မသင့်လျော်မလျောက်ပတ်ပါဟု သာကီဝင်တို့ကို ကြမ္မာဟူသော စကားဖြင့် သုံးကြိမ်တိုင်တိုင် ရှုံ့ချခဲ့လေသည်။ အမျိုးမာန် တက်လှသည့် အမ္ဗဋ္ဌကို ဗုဒ္ဓက အမ္ဗဋ္ဌ၏အမျိုး မှာ ကဏှာယနဖြစ်သည်။ ကဏှာယနသည် သာကီဝင်တို့၏ ကျွန်ဖြစ်သည် စသည် မိန့်တော်မူမှ အမ္ဗဋ္ဌ ခေါင်းငုံ့ကျသွားသည်။

## သာကီဝင်ဗုဒ္ဓသည် မဇ္ဈိမဒေသကို သစ္စာ မေတ္တာဖြင့် အနိုင်ယူခဲ့

ဗုဒ္ဓမြတ်စွာသည် ဘဝပေါင်းအသင်္ချေ အနန္တ ဒါန သီလ စသော ပါရမီ ကုသိုလ်တို့ကို အပြည့်အဝ ဖြည့်ကျင့်ခဲ့သဖြင့် ပါရမီကုသိုလ်အစွမ်း သတ္တိကြောင့် သဗ္ဗညုတဉာဏ်တော်ပိုင်ရှင် ဘုရားသခင်ဖြစ်ခဲ့သည်။ ကုသိုလ်မျိုးစေ့များကို အပြည့်အစုံ စိုက်ပျိုး ကြဲချခဲ့သဖြင့် ကုသိုလ်မျိုးစေ့အစွမ်းသတ္တိ မျိုးစုံကို ရရှိတော်မူခြင်းဖြစ်သည်။ ကြဲချခဲ့သော ကုသိုလ်မျိုးစေ့အင်အားမှာ ကြီးမားများပြားစုံလင်ပြည့်ဝလှသဖြင့် လူတွင်မက နတ် ဗြဟ္မာတို့၏ ဆရာ တစ်ဆူ ဖြစ်တော်မူခြင်းဖြစ်သည်။ ရှင်တော်ဗုဒ္ဓသည် လိုတရသည့် ဘဂဝါ ပိုင်ရှင်ဖြစ်သည်။ ဒဏ္ဍာရီမဟုတ်ပေ။ ပုံပြင်မဟုတ်ပေ။ အခြားဘာသာများ၏ တန်ခိုးရှင်မျိုး ဖန်ဆင်းရှင်မျိုး မဟုတ်ပေ။ ကုသိုလ်လုံးဝမလုပ်ဘဲ ဖြစ်လာရသည့် ဘုရားမျိုးမဟုတ်ပေ။ ကံအရာဝယ် မကြံသာပါ။ အရင်းအနှီးမြှုပ်နှံမှုအလျောက် ဘုရားအစစ်ပွင့်လာရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပုဂ္ဂိုလ်စွဲ ဒေသစွဲ လူမျိုးစွဲဖြင့် ဆုံးဖြတ်လျှင် မမှန်နိုင်ပေ။ ကံသဘာဝအရ ကံတော် အနန္တကို ဖြည့်ကျင့်ခဲ့သူဖြစ်၍ ကံအကောင်းဆုံးဒေသ နိုင်ငံလူမျိုး မိသားစု ပတ်ဝန်းကျင် ရှိရသည်မှာ

ဓမ္မတာသာပါတည်း။

သာကီဝင်မင်းသား ဂေါတမမြတ်စွာဘုရားသည် အတိတ်က ပြုခဲ့ဘူးသော ပါရမီရှင်တို့ စုဝေးဖြစ်နေရာ အိန္ဒိယမြေမဟာတွင် သာသနာတော်ဖြန့်ဝေခဲ့သည်။ စကြဝတေးမင်း ဘုန်းအာဏာတို့အပြည့်အဝ ပါရှိပြီးသော ကံတော် အနန္တပိုင်ရှင်ဖြစ်၍ လေးတော်တင်ပွဲတွင် မည်သည့် လူနတ် ဗြဟ္မာမျှ မစွမ်းသာသည့် ပါရမီရှင်တို့သာ လိုသလိုပြုနိုင်သည့် လေးအတတ်မျိုးစုံကို ပြခဲ့သည်။ အာရီယန်တို့သည် လေးအတတ်ဖြင့် ဒရာဗီဒီယန် အိန္ဒိယပင်မတိုင်းရင်းသားတို့ကို အမြစ်ပြတ်ချေမှုန်းပြီး အိန္ဒိယမြေတစ်ခုလုံးကို တစ်လက်မမှ မချန် အကုန်လုံးသိမ်းယူခဲ့သည်။ ဘုရားအလောင်းတော် သာကီဝင်သိဒ္ဓတ္ထမင်းသားလေး၏ လေးအတတ်ပြပွဲကို လာရောက်ကြည့်ရှုခဲ့သော အာရီယန် မင်းပရိသတ်သည် အမှန်ပင်ကြောက်ဒူးတုန်ခဲ့သည်။ ပေါက္ခရဝဿမြားရေးမှာ မိုးကြီးရွာချသလိုပစ်ရသော မြားရေးဖြစ်သဖြင့် ပို၍ လန့်ခဲ့ရသည်။ လျှပ်တပြက် မြားချက်ပေါင်း ထောင်သောင်းပစ်ပြသဖြင့် လူသာမန် မဟုတ်မှန်း လက်ခံခဲ့ကြကာ မိမိတို့သည် ဒရာဗီဒီယန်တို့အပေါ်အနိုင်ယူခဲ့သမျှ ဝင့်ကြွားစရာမဟုတ်ဟု တွေးကာ စကြဝတေးအာဏာကိုပင် တောင်းခံလာပါကပေးအပ်ရန် အဆင်သင့်ဖြစ်ခဲ့ကြသည်။ အလောင်းတော်ကမူ ကံအရာဖြစ်၍ အချက်အလက်စုံလင်ပြည့်ဝမှသာ စကြဝတေးမင်းအာဏာ စကြာယာဉ်ပျံကျရောက် မည်ဖြစ်ကြောင်း သိပြီးဖြစ်သည့်အပြင် ပင်ကိုယ်ဆန္ဒတော်ကပင် တောထွက်ကာ အကျင့်မြတ်ရှာဖွေရန် ဆန္ဒပြင်းပြလျက်ရှိသည်။ လောကီစည်းစိမ်ကို မီးရှို့ ပမာတွေးထင်ထားပြီးဖြစ်၍ စိတ်ဆန္ဒတော် မညွတ်ခဲ့ပေ။

ဘုရားဖြစ်သောအခါ၌လည်း ၄၅ ဝါ ကာလပတ်လုံး ကျွတ်ထိုက်သည့် ဝေနေယျသတ္တဝါများကို တရားဟောပြချွေချွတ်တော်မူခဲ့သည်။ မည်သည့်ဇာတ် မည်သည့်အနွယ် မည်သည့်လူမျိုးဖြစ်ပါစေ မဂ္ဂင်ရှစ်ဖြာ ကျင့်စရာကို ကျင့်ကြပါက သစ္စာလေးပါး၊ တရားသိမြင် နိဗ္ဗာန်ဝင်ရေးအတွက် ချွေချွတ်ဆုံးမတော်မူခဲ့သည်။ လူသာမက တိရစ္ဆာန်များကိုလည်း ဆုံးမတော်မူသည်။ နတ် ဗြဟ္မာများကိုလည်း ဆုံးမတော်မူသည်။ လူသားတစ်ရပ်လုံးအတွက် မဖြိုမ

ဒေသကို အခြေချ၍ သီတင်းသုံးကာ သာသနာဖြန့်ဝေခဲ့သည်။ ထိုစဉ်အခါက လူ့လောက ကမ္ဘာမြေပြင်ဝယ် မဇ္ဈိမဒေသတစ်ခုတည်းသာ လူဦးရေ အဆမတန် များပြားပြီး ကျန်ဒေသများတွင်လူမရှိသလောက် ဖြစ်ဟန်တူသည်။ ထို့ကြောင့် ဘုရားရှင်သည် မဇ္ဈိမဒေသကိုသာ ရွေးချယ် သီတင်းသုံးခဲ့သည်။ မဇ္ဈိမဒေသ လူဦးရေသည် ကမ္ဘာ့လူဦးရေဖြစ်သည်ဟုဆိုနိုင်၏။ ကမ္ဘာ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းထက် မနည်းကိုးကွယ်ကြသည်ဟု ခန့်မှန်းကြ၏။

အာရီယန်လူမျိုးတို့က ဟိန္ဒူဘာသာကို ကိုးကွယ်ကြပြီး အတ္တဝါဒ ဇာတ်ဝါဒ ယဇ်ဝါဒတို့ကို စစ်ဆင်နွှဲ၍ ဖြစ်စေ ပညာသင်ကြား၍ ဖြစ်စေ ဘာသာရေးအသွင်ဖြင့်ဖြစ်စေ အတင်းအဓမ္မ ဖွတ်အတင်း သွတ်သွင်းနေကြသော်လည်း သာကီဝင်မြတ်ဘုရား၏ သစ္စာလေးပါးတရားကြောင့် မဇ္ဈိမဒေသသားတို့ အလုံးအရင်းနှင့် ဝင်လာကြသည်။ ဗိမ္ဗိသာရမင်းကြီးမြို့တော် ရာဇဂြိုဟ်သို့ ကြွရောက်တော်မူသော တရားပွဲတွင် မင်းနှင့်တကွ မင်းပရိသတ် တစ်သိန်းကျော် တပြိုင်နက် ဗုဒ္ဓသာဝကဖြစ်လာကြသည်။ မကြာခင်မှာပင် ရာဇဂြိုဟ်မြို့သား ၁၈ ကုဋေ တို့ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ ဝါတွင်း ၃ လ အတွင်းမှာပင် အမာခံတပည့်ရဟန္တာ ၆ ကျိပ် ရှိလာပြီး ဝါကျွတ်သောအခါ နိုင်ငံအနှံ့ သာသနာပြုကြွခဲ့ကြသည်။ ဗုဒ္ဓကိုယ်တော်တိုင်ပင် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ် ဥရုဝေလတောရှိ ဥရုဝေလ ကဿပ စသော ရသေ့ညီနောင်ရှင်တစ်ထောင် ဟိန္ဒူဘာသာခေါင်းဆောင်တို့ဝင်လာကြသည်။ အရှင်အဿဇိမထေရ်ကြောင့် ဥပတိဿ ကောလိတဦးဆောင်သော သိဉ္စည်းတပည့် ၂၅၀ တို့ ဝင်လာကြသဖြင့် တိတ္ထိဂိုဏ်းကြီးများ စတင်ပြိုကွဲပြီး ဗုဒ္ဓဘာသာဖြစ်လာကြသည်။ မွေးရပ်မြေ ကပိလဝတ္ထုသို့ ကြွတော်မူရာ အားလုံးသော သာကီဝင်တို့ ဗုဒ္ဓသာဝကဖြစ်လာကြသည်။ ထို့နောက်တော့မူ မဇ္ဈိမဒေသကြီးတစ်ခုလုံး ဗုဒ္ဓ၏ သစ္စာလေးပါး တရားရောင်ခြည်လင်းထိန်ကာ သာသနာရောင်ဝါ နေသို့လင်းခဲ့သည်။ ကောသလမင်း အနာထပိဏ် ဝိသာခါ စသော အင်အားကြီးသော ဒါယကာတို့ပေါ်ထွက်လာသဖြင့် မဇ္ဈိမဒေသတစ်ခုလုံး အာရီယန်တို့၏ ဗြာဟ္မဏဝါဒမှိန်ကာ ဗုဒ္ဓဘာသာ သာသနာလင်းထိန်ခဲ့သည်။

## မေတ္တာစွမ်းအားကြောင့် နတ်နဂါးဘီလူးများကိုပင် အောင်မြင်ခဲ့ခြင်း

ဗုဒ္ဓဘာသာဝင် ထူးခြားချက်မှာ သစ္စာလေးပါး တရားမြတ်များကို ဖြန့်ဝေပေးနိုင်ရုံမက မေတ္တာစွမ်းအားဖြင့် လူ နတ် ပြဟ္မာများကိုလည်း အောင်မြင်ခဲ့ပြန်သည်။ ဘုရားရှင်သည် ညသန်ကောင်ယမ်အထိ ရဟန်းလူများကို တရားဟောတော်မူပြီးနောက် ညသန်ကောင်ယမ်ဝယ် နတ်ပြဟ္မာတို့ တရားနာရန်ရောက်လာကြသည်။ အထခေါ် အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလ ကပ္ပံ ဇေတဝနံ သြဘာသေတွာ နတ်သားတစ်ယောက်သည် ညဦးယာမ်လွန်ပြီးနောက် သန်ခေါင်ယမ်အခါ၌ အလွန် နှစ်သက်ဖွယ်အဆင်းဖြင့် ဝင်းထိန်တောက်ပလျှက် ဇေတဝန်တကျောင်းလုံး လင်းထိန်စေကာ ဘုရားရှင်ထံတော် တရားနာရောက်လာသည်။ လူတို့သည် နတ်တို့ကို ပြဟ္မာတို့ကို မြင်တွေ့ရသဖြင့် ဘုရား တရား သံဃာအပေါ် ပို၍ ကြည်ညိုကြသည်။ နတ်ပြဟ္မာတို့ကပင် ဘုရားရှင်ကို ရှိခိုးပူဇော်ရသဖြင့် ပို၍ ဘုရားသာသနာတော်ကို ကိုးကွယ်လာကြကုန်၏။ ဘုရားရှင်ကိုယ်တော်မြတ် ကို သူတို့ ကိုးကွယ်သော နတ်ပြဟ္မာများကပါ ကိုးကွယ်နေကြရသည်ကို တွေ့ ရသဖြင့် ဘုရားအပေါ် ပို၍ ကြည်ညိုလာကြ၏။

ထိုခေတ်က ဘီလူးများ နဂါးများ ဂဠုန်များ ဆင်ကြမ်း မြင်းကြမ်း မြွေကြမ်းကြီးများ သောင်းကြမ်းချိန်ဖြစ်၏။ လူသူ အရောက်အပေါက်နည်း ပါးပြီး အဟိတ်တိရစ္ဆာန်တို့ လွှမ်းမိုးနေချိန်ဖြစ်၏။ ကိုယ်ထင်ပြ၍ ဖြစ်စေ လူ့လောကတွင် ထင်ထင်ရှားရှားနေကြ၏။ တောကြီးများ တောင်ကြီးများ သစ်ပင်ကြီးများတွင် နေထိုင်ကြပြီး အပိုင်စားရယူခါ လူတို့ကို ဖမ်းစားနှောင့် ယှက်ကြ၏။ လူတို့သည် ထိုအကောင်ကြီးများကို ပူဇော်ပသနေကြရ၏။ လူတို့ ထက် စွမ်းအင်ထက်ကြသဖြင့် အမြဲတန်းကြောက်နေကြရ၏။ သူတို့ကို နှိမ် နင်းနိုင်သူကို စောင့်မျှော်နေကြချိန်ဖြစ်၏။ ဘုရင်များကိုယ်တိုင်ကပင် ဗလိနတ်စာကျွေးပူဇော်နေကြရ၏။ အချိန်မှန် အစာရေစာ ပေးဆက်နေရ၏။ ဟိန္ဒူဘာသာအရ ထိုသတ္တဝါကြီးများကို ဂါထာမန္တန် ဆေးဝါး မန္တယားဖြင့် တီထွင်

ထိန်းချုပ်ကြသော်လည်း မနိုင်ကြပေ။ အစွမ်းမပြနိုင်ကြပေ။ အဟိတ် တိရစ္ဆာန်ကြီးများကို ကြောက်ရွံ့ထိတ်လန့် အရှုံးပေးကြရ၏။ တစ်ခါတစ်ရံ မြို့ရွာများပျက်စီး၍ လူအသေပျောက်များကြ၏။ ရောဂါဘယထူပြောကြ၏။

ဘုရားရှင် ပွင့်တော်မူလာသောအခါ ပါရမီကံစွမ်းအရ ဘုန်းသမ္ဘာစွမ်းအင် ကြီးမားတော်မူ၏။ နတ်ပြဟ္မာကြီးများကိုပင် ဆုံးမတော်မူနိုင်၏။ နတ်ပြဟ္မာများ နတ်မင်းကြီးများ သိကြားမင်းတို့ပါ ပူဇော်ကြရသဖြင့် အောက်နတ်လေးများ ဘီလူး သဘက် တစ္ဆေသရဲ ဖုတ် ပြိတ္တာ နဂါး ဂဠုန် တို့သည် ဘုရား တရား သံဃာများကို ကိုးကွယ်လာကြပြီး အကူအညီပေးလာကြ၏။ ဘုရားရှင်၏ မေတ္တာစွမ်းကြောင့် နတ်ပြဟ္မာတို့ အပါအဝင် လူနတ် ပြဟ္မာတလောကလုံးကို အောင်မြင်တော်မူခဲ့လေသည်။

## ဗုဒ္ဓဘုရားဖြစ်၍ ဘီလူး နဂါး နတ် ပြဟ္မာများကို အောင်ပွဲအလီလီရခဲ့

သာကီဝင်မင်းသား ဂေါတမဘုရားရှင်သည် ဘုရားအလောင်းဘဝပဋိသန္ဓေယူကာစကပင် နတ်မင်းကြီးတို့ သန်လျက်စွဲ စောင့်ရှောက်ရ၏။ တောထွက်သောအခါ နတ်တို့ကပင် တံခါးမကြီးကို ဖွင့်ပေးရ၏။ နတ်ပြဟ္မာကြီးများသည် အလောင်းတော်မြတ်တောထွက်သောအခါ မီးရှူးထွန်းငြိ လိုက်ပါပူဇော်ကြရ၏။ မြို့တံခါးဝတွင် မာရ်နတ်ကြီးလာ၍ စကြာယာဉ်ပျံရောက်ပါတော့မည်ဟု သတင်းပေးရ၏။ ဗောဓိပင်မြတ်အောက်ဝယ် ထက်ဝက်ဖွဲ့ ခွေသီတင်း သုံးနေတော်မူသောအခါ မာရ်နတ်သည် နတ်စစ်သည်ပေါင်း သိန်းသန်းကုဋေတို့ကို အမိန့်ပေးခေါ်ဆောင်လာပြီး ပလ္လင်လု စစ်ပွဲ ဆင်နွှဲခဲ့သည်။ ဘုရားအလောင်း၏ မေတ္တာစွမ်း သစ္စာစွမ်း ပါရမီစွမ်း အဓိဋ္ဌာန်စွမ်းကြောင့် ဖရို ဖရဲ ပြိုကွဲ ထွက်ပြေး၍ အလောင်းတော်က အနိုင်ရခဲ့သည်။ ဘုရားဖြစ်သည့်နေ့တွင် သိကြားမင်း ပြဟ္မာမင်း နတ်မင်း နဂါးမင်း ကုဋေကုဋာတို့ ပူဇော်ခဲ့ရသည်။ သဟမ္ပတိ ပြဟ္မာမင်းက တရားဟောရန် တောင်းပန်ခဲ့ရသည်။

မိစ္ဆာအယူရှိသူ ဗကပြဟ္မာကို အနိုင်ယူ အယူမှား ဖျောက်ပေးခဲ့သည်။

အဘိဓမ္မာတရားတော်ကိုဟောကြားခဲ့ပြီး နတ်ဗြဟ္မာ ကုဋေ ၈၀၀၀၀ ရဟန္တာဖြစ်စေခဲ့သည်။ နတ်ဗြဟ္မာ အသင်္ချေ အနန္တ ဝမ္မာ ဘိသမယအရိယာ ဖြစ်စေခဲ့သည်။ ဗုဒ္ဓရှင်တော်မြတ်သည် နတ်ဗြဟ္မာလောကကို အသင်္ချေ အနန္တ ချွတ်တော်မူပြီးနောက် အာဠာဝကဘီလူး၊ နန္ဒောပနန္ဒ နဂါးမင်း၊ လူဆိုး လူမိုက်ကြီး၊ အင်္ဂုလိမာလ၊ လူ နတ် ဗြဟ္မာတို့ကို ချေချွတ်အောင်မြင်တော်မူခဲ့သော သတင်းတို့ကား ၃၁ ဘုံ ပျံ့နှံ့နေသည်။

အဇာတသတ်နှင့် ဒေဝဒတ်ပေါင်း၍ နာဠာဂီရိဆင်ကြမ်းကြီးကို အရက်ကိုးမောင်းတိုက်၍ ဘုရားရှင်ကို တိုက်ခိုက်ခဲ့သည်။ ဘုရားရှင်သည် မေတ္တာစွမ်းဖြင့် ဆုံးမနိုင်ခဲ့သည်။ ရာဇဂြိုဟ်တစ်မြို့လုံး ရှေ့မှောက်တွင် ဆင်မိုက်ကြီး ခေါင်းငိုက်စိုက်ချကာ ဘုရားရှင်ကို ဦးတိုက်ခဲ့ရသည်။

ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိကသာဟိစ၊

အဒဏ္ဍေန အသတ္ထေန၊ နာဂေါဒန္တော မဟေသိနာ

တချို့လူတွေက ဒုတ်တွေ ဒါးတွေ လှံတွေနဲ့ကြိမ်လုံးတွေနှင့် ဆင်ကြမ်းတွေကို ဆုံးမကြတယ်။ မြတ်စွာဘုရား ကတော့ ဒုတ်လဲမပါ၊ ချွန်းလဲမပါ၊ လက်နက်မပါဘဲ ဆုံးမနိုင်တယ်ဟု ဂုဏ်ပြု ကြ၏။ အာရိယန်ဗြာဟ္မဏတို့၏ စိတ်ကူးယဉ် ဘာသာဝါဒတို့ ပျောက်ကွယ်ပြီး ဗုဒ္ဓရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် တပည့် သံဃာတို့ ဆက်လက် သာသနာပြု နေပြန်သည်။ ကံအခြေခံထားသော ဗုဒ္ဓဝါဒသည် ဘဝဆည်းဆာနေဝင်ချိန် ရောက်သော်လည်း လူနတ် ဗြဟ္မာတို့အတွက် ကံစွမ်း ဉာဏ်စွမ်း ဝီရိယစွမ်း တို့ကြောင့် လှမ်းလှမ်း တောက်အောင်ပွဲရခဲ့လေသည်။

## အောင်ပွဲမှူး အနန္တဇိန မြတ် ဗုဒ္ဓ

သာကီဝင်မင်းသားဂေါတမရှင်တော် မြတ်ဘုရားသည် ဘဝသံတရာ တစ်လျှောက် ဖြစ်ပျက်ကြုံတွေ့ရမည့် ကိလေသာ အာသဝေါ အညစ်တရားတို့ အပါအဝင် ရန်ဟူသမျှ အောင်မြင်တော်မူ၍ အနန္တဇိန အောင်ပွဲမှူးကြီး ဖြစ်တော်မူ၏။ မာရ်ငါးပါးအယုတ်တရားတို့ကို အကြွင်းမရှိ အောင်မြင်သူ ဖြစ်တော်မူ၏။ ဘုရားဖြစ်မည့်နေ့ နေမဝင်မီညဦး အချိန် မဟာသက္ကရာဇ်

၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ဘီစီ ၅၈၉နေ့တွင် ပလ္လင်လုရန် နတ်စစ်သည် သိန်း သန်း ကုဋေ လက်နက်မျိုးစုံကိုင်စွဲ၍ တိုက်ခိုက်လာသော ပရနိမ္မိတဝသဝတ္တိ နတ်ပြည်မှ မာရ်နတ်နှင့် စစ်သည်တော်တို့ကို ပါရမီ လက် နက်မေတ္တာစက်ဖြင့် အပြီးသတ် အနိုင်ယူခဲ့သည်။ ဒေဝပုတ္တမာန်ခေါ် နတ်တို့ ၏ ဆန့်ကျင်မှုကို အနိုင်ယူခဲ့သည်။ ဗောဓိပင်အောက်၌ ပု-ဒိ-အာဝိဇ္ဇာ ဉာဏ်တို့နှင့် ပြည့်စုံလာပြီး အာသဝက္ခယဉာဏ်ခေါ် ကိလေသမာရ်ကို အောင်မြင်ကာ ကိလေသာကုန်ခမ်း ဘုရားဖြစ်တော်မူ၏။ ကိလေသာမာရ်အောင် မြင်သည်နှင့် တစ်ပြိုင်နက် အဘိသင်္ခါရမာရ်ခေါ် သံသရာတစ်ခွင် ပြုစီရင်တတ်သည့် ကုသိုလ်ကံ အကုသိုလ်ကံ ဟူသမျှ ကုန်ခမ်း၍ အောင်ပန်းရတော်မူ၏။ ဘုရားဖြစ်တော်မူသည်နှင့် တစ်ပြိုင်နက် သံသရာဝယ် ခန္ဓာရရှိမှု အားလုံးကို အောင်ပွဲရတော်မူသည့် ခန္ဓာမာရ်ကိုလည်း အောင်တော်မူ၏။ ပရိနိဗ္ဗာန် စံတော်မူသည့်နေ့တွင် မစ္စုမာရ်ခေါ် စုတေသေဆုံးခြင်းကိုအဆုံးသတ်အောင် ပွဲတော်ရရှိခဲ့လေသည်။ မာရ်ငါးပါးကို အကြွင်းမဲ့အောင်တော်မူသဖြင့် ရှင်တော်ဗုဒ္ဓသည် အောင်ပွဲအလီလီရခဲ့သည့် အောင်ပွဲမှူးကြီး အနန္တဇိနဖြစ်တော်မူသည်။ အောင်ပွဲရသူတို့၏ အထွဋ်အထိပ် အနန္တဇိနဘွဲ့တော်ရခဲ့သည်။

သတ္တဝါတို့၏ ဘဝသည် ရေတွက်မနိုင်သည့် အတိတ်သံသရာကစခဲ့သည်။ သတ္တဝါဖြစ်လာသည့်အချိန်မှစ၍ ရုပ်နှင့်နာမ်တရား ၂ ပါး ထာဝရတွဲခဲ့လာသည်။ ရုပ်နာမ်ရလာသည့်သတ္တဝါဖြစ်လာသဖြင့် ကိုယ် နှုတ် စိတ်ကံ ၃ ပါးဖြင့် ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်မှုကို ပြုလုပ်လာကြသည်။ အကုသိုလ် သဘာဝ မကောင်းကျိုးကိုရကြသည်။ ကုသိုလ် သဘာဝကောင်းကျိုးကို ရကြသည်။ မိမိတို့ လုပ်ခဲ့သော ကံစွမ်းအရ သုဂတိဘဝ ဒုဂ္ဂတိဘဝ ရောက်ကြရသည်။ အပါယ်လေးဘုံဖြစ်သည့် ဒုက္ခခံရသည့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဘုံဘဝများ၌ အပါယ်လေးဘုံသား ဖြစ်ကြရ၏။ မည်သူမျှ မဖန်ဆင်းခဲ့ပေ။ မိမိ၏ ပြုလုပ်မှုသာ ဖြစ်သည်။ ဖန်ဆင်းရှင်မရှိပေ။ မိမိဘဝ မိမိသာ ဖန်ဆင်းခဲ့သည်။ ကုသိုလ်ကံအရ ကာမဂုဏ်ကိုလိုလားသူအတွက် နတ်ပြည် ၆ ဘုံ၊ ကာမဂုဏ်ကို မလိုလားပြီး ကသိုဏ်း

ပွားသူအတွက် ဗြဟ္မာဘုံများ၌ ဗြဟ္မာမျိုးစုံ ဖြစ်ကြရ၏။ ရုပ်မရှိသော ဗြဟ္မာ နာမ်မရှိသော ဗြဟ္မာ ရုပ်နာမ်စုံ ဗြဟ္မာကြီးများ ဖြစ်၍ သက်တန်းကပ် ကမ္ဘာ ထောင်သောင်းရှည်ကြသော်လည်း သံသရာသဘာဝအရ ရုပ်နာမ်များသည် အပြီးသတ်ချုပ်၍မရသေးပေ။ ကံစွမ်း ဉာဏ်စွမ်းအရ အစွမ်းထက်ကြသော်လည်း သတ္တဝါတို့ သန္တာန်ဝယ် အနုသယအဖြစ် ကိန်းအောင်နေသော ကိလေသာ အာသဝတို့ရှိနေသမျှ သံသရာလည်ကြရဦးမည်။ မည်သူမျှ တားမရ။ ဖန်ဆင်းမရပေ။ မိမိဘဝအတွက် မိမိပြုလုပ်မှုကံသာ အမိကဖြစ်သည်။ ကံကြောင့် ဉာဏ်တော်အနန္တတန်ခိုးတော် အနန္တပိုင်ကြသည့် ဘုရားရှင်အထိ ဖြစ်နိုင်ကြသည်။ သံသရာခရီးသွားကြရာဝယ် ကံသာအဓိက ဖြစ်သဖြင့် အခြားသူကို အားကိုးမမှားကြဘဲ ကိုယ့်အားကိုသာ ကိုယ်ကိုး ကြပါဟု တိုက်တွန်းအပ်ပါသည်။

## သာကီဝင်တို့ သကျနိုင်ငံကို အပြီးတိုင် စွန့်လွှတ်ခဲ့ခြင်း

သာကီဝင်တို့သည် ဗြဟ္မာလူမျိုး ပြုလူမျိုးမှ ခွဲထွက်၍ ဟိမဝန္တာ တောင် ခြေဝယ် နိုင်ငံတော် တည်ဆောက်ခဲ့သည်။ လူမျိုးခြင်းမတူ။ ယဉ်ကျေးမှု ဓလေ့ ထုံးစံခြင်း ကွဲပြားသဖြင့် အုပ်ချုပ်ရေးစနစ် အသစ် တီထွင်ကာ မဇ္ဈိမဒေသ နှင့် မရောယှက်ဘဲ သီးခြားနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ မဇ္ဈိမဒေသ နှင့် အားလုံးမတူ ကွဲပြားခြားနားသဖြင့် မိမိတို့ နိုင်ငံတော်ကို စည်းကမ်း ပြည့်ဝ ကိုယ်ကျင့် စာရိတ္တစံပြနိုင်ငံတော်အဖြစ် တည်ဆောက်ခဲ့ကြသည်။ သန္ဓာဂါရ လွှတ်တော်ဖြင့် နိုင်ငံတော် ခေါင်းဆောင်အဖြစ် မဟာသမ္မတကို ရွေးချယ်ခဲ့ သည်။ သာကီဝင်လူမျိုးများမှာ စည်းကမ်းရှိပြီး အမျိုးဂုဏ် ဇာတိဂုဏ် မာန်မာနပြည့်ဝကြသည်။ နယ်ချဲ့ထိစပ်နေသော မဇ္ဈိမဒေသ ကောသလ မင်းက သမီးကညာ မိဖုရားမြှောက်ရန် တောင်းဆိုလာသဖြင့် အသမ္ဘိန္န အမျိုးတစ်ပါး သွေးမရောနှောရမှုအရ ငြင်းပယ်ခဲ့သည်။ စစ်ရေးကို ရှောင်လွှဲ လိုသဖြင့် အဘိရာဇာမင်းခေါင်းဆောင်သော သာကီဝင်တို့ ဆွေမျိုးတို့ရှိရာ တကောင်းသို့ ပြန်လာကြပြီးပဌမ တကောင်းနိုင်ငံတော်ကြီးကို တည်ထောင် ခဲ့ကြသည်။

ထို့နောက် သကျနိုင်ငံတော်ကို ပြန်လည်တည် ဆောက်ပြီး သုဒ္ဓေါဒန မင်းကြီးလက်ထက်ဝယ် သိဒ္ဓတ္ထမင်းသားကို ဘုရင်တင်မြှောက်ခဲ့သည်။ သိဒ္ဓတ္ထ မင်းသည် ၂၉ နှစ်အရွယ်တွင် တောထွက်ပြီး ၃၅ နှစ်ဝယ်ဘုရားဖြစ်တော် မူခဲ့သည်။

ဘုရားရှင်သည် ကောသလတိုင်း သာဝတ္ထိနေပြည်တော်ဝယ် နှစ် ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့သဖြင့် ကောသလမင်းကြီးသည် ဘုရားရှင်နှင့် ရင်းနှီးလိုသည်။ ထို့ကြောင့် သာကီဝင်မင်းသမီးတစ်ဦးကို တောင်းရာ သာကီဝင် တို့မူအရ လူမျိုးခြားနှင့် သွေးမရောရဟု ပြဋ္ဌာန်းခဲ့သဖြင့် သာကီဝင်အစစ် မဟုတ်သော ဝါသဘခတ္တိယ ကျွန်မ သမီးငယ်ကို သာကီဝင်ဟု လိမ်ကာ ပေးဆက်ခဲ့သည်။ ကောသလမင်းကြီးကလည်း မိဖုရားကြီး မြှောက်ခဲ့သည်။ သားတော်မွေးသောအခါ ဝိဋူဍဘဟု အမည်မှည့်ခဲ့သည်။ ၁၆နှစ် အရွယ် ရောက်သောအခါ သာကီဝင်တို့ နိုင်ငံကပိလဝတ္ထုမြို့သို့ အလည်အပတ်သွား ရောက်ခဲ့သည်။ ဝိဋူဍဘမင်းသားကို ခမ်းနားစွာ မဏ္ဍပ်ထိုး ပလ္လင်ခင်းကာ ကြိုဆိုခဲ့သည်။ စစ်သားများကိုလည်း အိမ်များမှ ညှော်ခံကျွေးမွေး အရက် သေစာတိုက်ကျွေး ညှော်ခံကြသည်။ ၇ ရက်စေ့၍ ဝိဋူဍဘ ပြန်သောအခါ စစ်သားတစ်ယောက်သည် အရက်မူး အိပ်ပျော်နေသည်ကို နှိုး၍ လွှတ်လိုက် ကြ၏။ ကမန်းကတန်းထ၍ မင်းသားနောက် လိုက်ခဲ့ရာ အတော်လှမ်းမှ လက် နက်ကျန်ရစ်ခဲ့သဖြင့် ပြန်ယူရသည်။ ဝိဋူဍဘ ထိုင်ခဲ့သော ညှော်ခံပလ္လင်ကို နွားနို့နှင့် ဆေးကြောနေသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ဝါသဘခတ္တိယာ သည် သာကီဝင်မင်းသမီးမဟုတ်။ ကျွန်မဖြစ်သည်။ ဝိဋူဍဘသည်လည်း မင်းသားမဟုတ်။ ကျွန်မသားသာဖြစ်သည်။ ယုတ်ညံ့သူ ဖြစ်၍ ထိုင်သော နေရာကို ရှိုးရိုးရေဖြင့် မဆေးဘဲ နွားနို့ဖြင့် ဆေးရခြင်း ဖြစ်သည်ဟု ပြောလိုက်ကြသည်။ ထိုအကြောင်းကို ကောသလမင်းကြီးသိသောအခါ မိဖုရားအရာမှ ချခဲ့သည်။ ဝိဋူဍဘကိုလည်း မင်းသားအရာမှ ချခဲ့သည်။ ဘုရားရှင်၏ ဟောပြောမှုကြောင့် နောင်အခါမှ နေရာပြန်ရခဲ့သည်။ ထိုအချိန် မှစ၍ ဝိဋူဍဘက သာကီဝင်တို့ကို အမြစ်ပြတ်သုတ်သင်ရန် ကြုံးဝါးခဲ့ သည်။

ကောသလနန်းတော်ထဲတွင်လည်း ပြိုင်ဘက်အမတ်တို့၏ ဂုံးတိုက်မှုကို ယုံကြည်ပြီး ကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့် သားတော် ၃၂ ယောက် တို့ကို ဥပါယ်တမျဉ်ဖြင့် တောသို့စေလွှတ်ကာ ချောင်းမြောင်း သတ်ဖြတ်ခဲ့သည်။ ဗန္ဓုလမရှိလျှင် လက်အောက်ခံတို့ လေးစားမှု နည်းပါးလာသဖြင့် **ဗန္ဓုလ၏ တူ ဒီဃကာရာယနကို စစ်သူကြီးရာထူး ခန့်အပ်ခဲ့ရသည်။** စစ်သူကြီးဖြစ်လာသော် ဒီဃကာရာယနသည် သူ့ဦးများကို မတရားသတ်ဖြတ်သည်ဟု အထင်ရောက်ပြီး ကောသလမင်းကြီးကို ရန်ညှိုးဖွဲ့ခဲ့သည်။

မေဒါဠုပနိဂုံးရွာကြီးသို့ တိုင်းခန်းလှည့်လည်သောအခါ ဘုရားရှင်လည်း မေဒါဠုပ တောကြီးထဲ သီတင်းသုံးနေသည် ကြားသိရ၍ ကောသလမင်းကြီး တစ်ဦးတည်း ဘုရားရှင်ထံ သွားရောက်ခဲ့သည်။ ရန်ညှိုးဖွဲ့ထားသော ဒီဃကာရာယနစစ်သူကြီးသည် ကောသလမင်းကြီး ဘုရားထံ သွားခါနီး ချွတ်၍ မိမိထံ အပ်နှင်းထားသော မင်းမြောက်တန်ဆာ ငါးပါးကို ဝိဋူဍဘအား ဝတ်ဆင်စေပြီး ဘုရင်တင်မြှောက်ခါ ကောသလတိုင်းသို့ စစ်တပ်ကြီးနှင့် ပြန်ခဲ့သည်။ **ဝိဋူဍဘသည် ကောသလဘုရင်ဖြစ်လာသည်။** ထိုအကြောင်း ကောသလမင်းကြီး သိသောအခါ ရာဇဂြိုဟ်မြို့သို့ မြင်းစီး၍ တညလုံးလာခဲ့ရာ မိုးလင်းမှရောက်ပြီး ရာဇဂြိုဟ်မှာပင် နတ်ရွာစံခဲ့လေသည်။

ဝိဋူဍဘသည် သာကီဝင်တို့ကို လက်စားချေရန် အမြဲစဉ်းစားနေခဲ့သည်။ ကောသလမင်းကြီး နတ်ရွာစံသောအခါ ဒီဃကာရာယနနှင့် ဝိဋူဍဘတို့ ပေါင်းပြီး သာကီဝင်တို့ကို စစ်တိုက်ရန် စစ်အင်အား အပြည့်ဖြင့် ကပိလဝတ္ထုသို့ ထွက်လာသည်။ ကပိလဝတ္ထုနှင့် ကောသလနယ်မြေခြား နယ်စပ်သို့ ရောက်လာသည်။ အရိပ်ကောင်းသော ညောင်ပင်ကြီးအောက်တွင် စခန်းချနေ၏။ ထိုနေ့တွင် ဘုရားရှင်သည် မဟာကရုဏာသမာပတ်ဖြင့် ကြည့်ရှုတော်မူသောအခါ သာကီဝင်တို့အကြောင်း တွေ့သဖြင့် ကပိလဝတ္ထုနယ်စပ်သို့ တန်ခိုးတော်ဖြင့်ကြွရောက်ပြီး သာကီဝင်တို့နယ်မြေဘက်ရှိ ဇီးပင်အောက်တွင် သီတင်းသုံးနေတော်မူသည်။ အရိပ်ကျိုးတိုးကျဲတဲဖြင့် ဇီးပင်အောက်ရှိ ဘုရားသခင်ကို ဖူးတွေ့ရသဖြင့် ဝိဋူဍဘသည် ဘုရားထံရောက်လာပြီး အရိပ်ကောင်းသည့် ညောင်ပင်အောက်တွင် သီတင်းသုံးရန် ပင့်သည်။ ဘုရား

ရှင်က ဇီးပင်သည် အရိပ်မကောင်းသော်လည်း ဆွေတော်မျိုးတော်တို့၏ နယ် မြေဖြစ်၍ သစ်ရိပ်ဝါးရိပ်ထက် ဆွေရိပ်မျိုးရိပ်က ပို၍ အေးမြသည်ဟု မိန့်တော်မူကား ငြင်းပယ်လိုက်သည်။

ဝိဋူဍဘသည် ဘုရားရှင်၏ စကားတော်ကို ကြားရသောအခါ သဘောပေါက်သွားသည်။ ဘုရားရှင်သည် သူ၏ ဆွေတော် မျိုးတော် သာကီဝင်တို့ကိုစောင့်ရှောက်ရန် ကြွလာတော်မူခြင်းဖြစ်သည်ဟု တိုင်ပင်ပြီး စစ်မဖြစ်ဘဲ ပြန်သွားခဲ့သည်။ ၃ကြိမ်အထိ သွားလိုက် ဘုရားနှင့် တွေ့လိုက် ပြန်လိုက်နေခဲ့ရာမှ စတုတ္ထအကြိမ်တွင် စစ်ပြင်၍ ထွက်လာခဲ့သည်။ သာကီဝင်တို့၏ အကုသိုလ်ကံကို သိတော်မူသဖြင့် ဘုရားရှင် ထွက်တော်မူမလာတော့ပေ။ ဝိဋူဍဘသည် နန်းတော်ကို ဝိုင်းခဲ့သည်။ ဘိုးတော် မဟာနာမ်မင်းကြီးနှင့် ကိုယ်ရံတော် အနည်းငယ်ကိုသာတွေ့ရှိပြီး ဖမ်းဆီးနိုင်ခဲ့သည်။ ဝိဋူဍဘ၏ လာလိုက် သွားလိုက် စစ်ရေး ပြင်ဆင်မှုကို သိရှိပြီဖြစ်၍ သာကီဝင်တို့သည် တကောင်းသို့ ပြန်ရန် ပြင်ဆင်ခဲ့ကြသည်။

သာကီဝင်မျိုးမှာ လူဦးရေ ၁၈၀၀၀၀ သာရှိသည်။ စတုရာသီတိပါဏ သဟဿနီ ၈၄၀၀၀ သော သာကီဝင်ယောကျ်ားတို့ ရဟန်းဝတ်ခဲ့ကြသည်။ မဟာ ပဇာပတိဂေါတမီ ဦးဆောင်သော အမျိုးသမီးတို့လည်း ဘိက္ခုနီဝတ်ခဲ့ကြသည်။ ဝိဋူဍဘနှင့် စစ်ခင်းချိန်တွင် သာကီဝင်လူမျိုးတို့ ထောင် ဂဏန်းလောက်သာ ကျန်ရှိတော့သည်။ ရာဂဏန်းမျှသာ အဖမ်းခံရနိုင်သည်။ ကျန် သာကီဝင်တို့ တကောင်းပြန်ခဲ့နိုင်သည်။ သာကီဝင်တို့ ပန်းတိုင်မှာ နိဗ္ဗာန် ဝင်စံရေးသာဖြစ်လေသည်။ သိဒ္ဓတ္ထမင်းသားသည် လေးပညာစွမ်းပြပွဲ၌ လေးစွမ်းကိုပြခဲ့သဖြင့် အာရီယန်တို့ ဖိန့်ဖိန့်တုန် ကြောက်ရွံ့ခဲ့သည်။ စကြဝတေးမင်းအဖြစ် တင်မြှောက်ရန်ကိုပင် လျှောက်တင်ခဲ့ဖူးသည်။ စကြဝတေးမင်းအဖြစ်ကို ပယ်ချ၍တောထွက်ကာ ဘုရားဖြစ်တော်မူလာသောအခါ လောကီအမြင်ကိုသာ ရှေ့တန်းတင်ထားသည့် အာရီယန်လူမျိုးတို့အတွက် အခွင့်ကောင်းဖြစ်လာသည်။ ဗိမ္ဗိသာရမင်းကိုသတ်၍ အဇာတသတ်နန်းတက်လာသောအခါ အာရီယန်ဗြာဟ္မဏတို့သည် အကြီးအကျယ် စစ်ပြင်ဆင်လာကြသည်။ ဗြာဟ္မဏတို့သည် သာကီဝင်ဗုဒ္ဓကို အားမတန်၍ မာန်

လျော့နေရသော်လည်း အတွင်းကြိတ် အမြဲကြီးလျက်ရှိသည်။ ဝဇ္ဇီလူမျိုးတို့ကိုလည်း သကျလူမျိုးတို့လိုပင် ချေမှုန်းခဲ့သည်။

**မလ္လတိုင်း ဝဇ္ဇီတိုင်း သက္ကတိုင်းတို့သည် အာရီယန်လူမျိုး မဟုတ်ကြပေ။ မလ္လနှင့် ဝဇ္ဇီမှာ အင်အားနည်းပါးကြသော လူမျိုးများဖြစ်ကြသည်။ သကျလူမျိုးတို့မှာ ဖြဟ္မာနိုင်ငံ ဖြဟ္မာလူမျိုးများမှ ဆင်းသက်လာသူများဖြစ်ကြသည်။** ဖြဟ္မာလူမျိုးမှာ တရုတ် ကုလားနိုင်ငံကြီးများရှိ တရုတ်ကုလားမျိုးတို့နှင့် အင်အား ကွာခြားမှု မကွာလှဘဲ **အာရှတွင် ထင်ရှားသော နိုင်ငံကြီး ၃ နိုင်ငံအဖြစ် ထင်ရှားသည်။** နိုင်ငံအကျယ်အဝန်းမှာလည်း ဇရိယာ စတုရန်းမိုင်ပေါင်း ၂၆၀၀၀ကျော်ကျယ်ဝန်းသဖြင့် Great Crountry ကြီးအဖြစ် အသိအမှတ်ပြုခံရသည့် နိုင်ငံဖြစ်သည်။ ထိုဖြဟ္မာ နိုင်ငံကြီးမှ ဖြဟ္မာလူမျိုးတို့မှ ဆင်းသက်လာသဖြင့် အာရီယန်တို့ကို မကြောက်ရွံ့ပေ။ မလ္လတို့ ဝဇ္ဇီတို့က အာရီယန်တို့ကို ကြောက်ရွံ့ပြီး အရေးအကြောင်းကြုံလာလျှင် ပြန်စရာနိုင်ငံမရှိကြပေ။ သကျတို့နှင့် ကွာခြားမှု ဖြစ်သည်။

ထို့ကြောင့် သကျတို့သည် ဟိမဝန္တာတောင်ခြေတွင် နိုင်ငံ တိုင်း ပြည် တည်ဆောက်၍ အင်အားပြည့်နေထိုင်ကြပြီး ရင်ဘောင်တန်းကာ အာရီယန်တို့ကို ရင်ဆိုင်ရဲကြသည်။ သိဒ္ဓတ္ထမင်းသားလေးတော်တင်ပွဲ ကျင်းပချိန် ရောက်သောအခါ အာရီယန်တို့၏ လေးအတတ်ပညာသည် ကလေးကစားစရာဖြစ်သွားသည်။ အာရီယန်တို့ကို ကြောက်ရွံ့မှုမှာ ယခင်ကကဲ့သို့ စကြဝဠာမင်းအဖြစ် ကြောက်ရွံ့မှု ပျက်ပြယ်ကာ သူလို ကိုယ်လို ဖြစ်သွားသည်။ အရေးအကြောင်းကြုံလာလျှင် အာရီယန်တို့ကို ရင်ဆိုင်ရန် သကျတို့နှင့် လက်တွဲရန် အဆင်သင့်ဖြစ်နေသည်။ သကျတို့သည် အာရီယန်တို့ထက် ပို၍ လေးအတတ်ပညာ အားကောင်းကြသဖြင့် အားကိုးထိုက်သူများဟု လေးစားလာကြသည်။ ထို့ ကြောင့် အာရီယန်တို့သည် မဇ္ဈိမဒေသတဝိုက်ကို စိတ်ကြိုက် မချေမှုန်းနိုင်ကြပေ။ ထို့ကြောင်ပင် အာရီယန်တို့ကလည်း သကျလူမျိုးတို့အားနည်းချိန်ကို စောင့်နေကြသည်။ သိဒ္ဓတ္ထမင်းသား တောထွက်၍ ဘုရားဖြစ်သောအခါ အာရီယန်တို့အတွက် အကွက်ကောင်းဖြစ်လာသည်။ အာရီယန်တို့ အင်အား စုကာ အားငယ်သော မလ္လ ဝဇ္ဇီတို့ကို သုတ်သင်ရန် စီမံခဲ့ကြသည်။

အဇာ တသတ်က ဝဇ္ဇီနိုင်ငံကို သိမ်းယူသလို ကောသလဘုရင် ဝိဋ္ဋူဘက အား မရှိတော့သည့်သကျနိုင်ငံကို သိမ်းယူရန် ပြင်ဆင်၍ ယခု စစ်ဆင်လာခြင်း ဖြစ်သည်။

သံသရာတလျှောက် ပါရမီဖြည့်ခဲ့သည့်သကျလူမျိုးတို့အတွက် နောက် ဆုံးပန်းတိုင်မှာ နိဗ္ဗာန်ရရေးဖြစ်သည်။ သိဒ္ဓတ္ထမင်းကြီးဘုရားဖြစ်ပြီးနောက် သာကီဝင်မင်းမျိုးတို့အားလုံးနီးပါး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြသည်။ အင်အား ကောင်းသော သာကီဝင်မင်းသားမင်းသမီးတို့ ဘိက္ခု ဘိက္ခုနီတို့ ဖြစ်သွားကြသဖြင့် သာကီဝင်မင်းမျိုးတို့မှာ လွန်စွာ နည်းပါးသွားကြသည်။ ထိုအချိန်တွင် မဟာနာမ်မင်းကြီး အုပ်ချုပ်ချိန်ဖြစ်သည်။ မဟာနာမ်မင်းကြီး မှာ အရိယာဖြစ်သည်။ လောကီရေး နိုင်ငံအရေးကို ဦးစားပေးသည်ထက် သာသနာရေးကို ပို၍ အားသန်သည်။ ဝတ္တရားမပျက်ရုံသာ မင်းအဖြစ် ဆောင် ရွက်သည်။ ရှေးတုန်းက သာကီဝင်တို့ကဲ့သို့ ပုံမှန် အင်အားမရှိတော့ပေ။ လူ ဦးရေကလည်း နည်းပါးလွန်းလေသည်။ ဖြစ်ရုံလေးသာ တိုင်းပြည် တည် ဆောက်နိုင်တော့သည်။ ထိုအချိန်မျိုးမှာပင် ဝိဋ္ဋူဘ ပြဿနာပေါ်ထွက်လာ သည်။ ဝိဋ္ဋူဘ ပြဿနာသည် မပြောပလောက်ပါ။ ထိုပြဿနာကို ပုံကြီးချဲ့ ၍ သာကီဝင်တို့ကို စစ်ဆင်ခြင်းဖြစ်သည်။ သာကီဝင်တို့ကလည်း နိုင်ငံရေး ကို စိတ်မဝင်စားတော့ပါ။

မဟာနာမ်မင်းကြီးသည် သာကီဝင်လူမျိုးတို့ကို စုစည်းပြီး သာသနာ့ ဘောင်သို့ မဝင်ဘဲနေကြသည့် လွန်စွာနည်းပါးသော လူဝတ်ကြောင် တို့ကို စိစစ်သည်။ ဆင်ကောင်း မြင်းကောင်း အဝတ်ကောင်း အစားကောင်း ရတနာ ကောင်း ပစ္စည်းကောင်း အတတ်ပညာသည်ကောင်း တတ်ကျွမ်းသူတို့ကို စုဆောင်းသည်။ အသက်ကြီးသူ ငယ်ရွယ်သူ မိန်းမပျို ကလေးသူငယ်တို့ ကို ဆင်မြင်းများပေါ်တင်၍ **ဓဇရာဇာ သာကီဝင်မင်းကို ခေါင်းဆောင်စေပြီး မြန်မာနိုင်ငံတကောင်းသို့ စေလွှတ်လိုက်လေသည်။** မဟာနာမ်မင်းကြီးနှင့် သက်ကြီးရွယ်အို ကိုယ်ရံတော် အနည်းငယ်သာ နန်းတော်တွင် ရှိတော့သည်။ ကပိလဝတ္ထုမြို့တော်ကိုလည်း ရန်သူတို့ ခိုးဝင်နားနေ စားသောက်မှု မပြုနိုင် ရန် မြေလှန်စနစ်ဖြင့် စီစဉ်ပြီး ခုခံမှု လုံးဝမပြုဘဲ အဖမ်းခံလေသည်။ ဓဇ

ရာဇာတို့သည် တမူး အင်ဖာလမ်းကြောင်းအတိုင်း ဟိမဝန္တာကိုပတ်၍ တကောင်းသို့ ပြန်ခဲ့သည်။ ဤလမ်းတစ်လမ်းတည်းသာရှိ၍ သာကီဝင်တို့ အသွားအပြန်သုံးခဲ့လေသည်။ တခြားလမ်းမရှိပေ။

မဟာနာမ်မင်းကြီးနှင့် ကိုယ်ရံတော် စစ်သည် အနည်းငယ်ကို ဖမ်းဆီး၍ ဝိဋူဍဘတို့ ကောသလတိုင်းသို့ ပြန်ခဲ့ကြသည်။ အစီရဝတီမြစ်ကမ်းနားတွင် တပ်စခန်းချ အိပ်စက်ရန် ပြင်ဆင်ကြသည်။ မဟာနာမ်နှင့်အဖွဲ့က မြစ်ပြင်နီးတွင် နေရာယူကြသည်။ အိပ်စက်ရန် ပြင်ဆင်ချိန်တွင် ပိုးရွခြပုန်းကမြင်းနီပုရွက်ဆိတ်တို့ အများအပြားပေါ်ထွက်လာပြီး ကိုက်ကြသဖြင့် သာကီဝင်စစ်သားတို့ တောင်ပေါ်သို့တက်ကြသည်။ ထိုညမှာပင် မိုးသားတိမ်လိပ်တို့ ကောင်းကင်ပြည့်တက်လာပြီး မိုးကြီးသည်းထန်စွာ ရွာချလေရာ ချောင်းမြောင်းလျှံပြီး ဝိဋူဍကစစ်သည်တို့အားလုံး ရေယဉ်နှင့်မျောပါပြီး သမုဒ္ဒရာထဲရောက် သေဆုံးကြသည်။ သာကီဝင်စစ်သားတို့လည်း အိန္ဒိယဝေဒိသကမြို့ စသော နေရာများသို့ ခြေဦးတည်ရာ ပြေးကြလေသည်။ ဝိဋူဍဘသည် ကောသလတိုင်း၏ နောက်ဆုံးမင်းဖြစ်၍ မင်းဆက်ပြတ်ပြီဖြစ်သည်။

## သာကီဝင်လူမျိုးတို့ တာဝန်ပြီးဆုံးပြီ

မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့လေးဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဘုရားဖြစ်ရေးအတွက် ပါရမီဖြည့်ခဲ့သည်။ ဒီပင်္ကရာ ဘုရားရှင်၏ နိယတဗျာဒိတ်ခံယူပွဲတွင် ဂေါတမမည်တွင် ဘုရားရှင်ဖြစ်လိမ့်မည်။ ခမည်းတော် မယ်တော်တို့မှာ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာတို့ ဖြစ်လိမ့်မည်။ ကြင်ယာတော်မှာ ယသောဓရာ သားတော်မှာ ရာဟုလာ မြို့တော်မှာ ကပိလဝတ္ထု လူမျိုးမှာ သကျသာကီဝင်မျိုး စသည်ဖြင့် အဂ္ဂသာဝက မဟာသာဝကအပြည့်အစုံဗျာဒိတ်ပေးတော်မူခဲ့သည်။ ထိုဗျာဒိတ်ပေးပွဲတွင် ကြာပန်းခိုင်ရှစ်ခိုင်ကို ကိုင်ဆောင်၍ ရောက်လာသော သုမိတ္တာအမျိုးသမီးလေးသည် ပါရမီဖြည့်ဘက်ဖြစ်ရန် ဆုပန်ဆင်ခဲ့သည်။ ထို့အတူပင် ဘုရားရှင်၏ ဆွေတော်မျိုးတော် တပည့်သာဝက စသည်ဖြစ်ရန် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသည်။ သကျသာကီဝင်လူမျိုးအဖြစ်ပေါ်ထွက်လာရန် ကမ္ဘာ

ဦး ပရိုင်းမိတ်မှစ၍ ဖြစ်တည်လာခဲ့သည်။ ထိုမှတဆင့် ပြူလူမျိုး ဗြဟ္မာ လူမျိုး သက္က လူမျိုးတို့အဖြစ် တဆင့်ပြီး တဆင့် ပြောင်းလဲလာခဲ့ရသည်။ လူတို့အမြင်အားဖြင့် သမိုင်းဖြစ်စဉ်ဟု ထင်ကြရသော်လည်း ရှေးရှေးဘဝ များစွာကပြုလုပ်ခဲ့သော အတိတ်ကံကြောင့် နိုင်ငံတော်တရပ် အဖြစ်ပေါ် ထွန်းလာခဲ့ရသည်။ သဘာဝဓမ္မအရာဝယ် မည်သူမျှ မည်သည့်အရာဝတ္ထု မှ မည်သည့်နိုင်ငံနယ်မြေမှ ပရမ်းပတာ ဖြစ်ရိုးမရှိချေ။ ကုသိုလ်ကံရှိသူ တို့ နေနိုင်ရန်ကောင်းမြတ်ပြည့်စုံသော နိုင်ငံရေ မြေ မြစ် ချောင်း တော တောင် ရတနာမြေတို့ပေါ်ထွန်းပေးခဲ့ရသည်။ ပြည့်စုံသော လူမျိုးတို့ ဖြစ်ပေါ်ပေးရသည်။

အကြောင်းအကျိုးတို့ ပေါင်းဆုံမှုကြောင့် အခြေအနေကောင်းနိုင်ငံ ကောင်း လူမျိုးကောင်းတို့ ဖြစ်ပေါ်လာရသည်။ အားလုံး အဆင်သင့်ဖြစ် သောအခါမှ ပါရမီရှင် ဘုန်းရှင် သမ္ဘာရှင် ကံထူးရှင် ဉာဏ်ထူးရှင်တို့ ဖြစ်ပေါ်ရသည်။ အနောမသတ္တပရိဘောဂ မြင့်မြတ်သူတို့ သုံးစွဲရန် ဖြစ် လာသော မြို့ပြပြည်ရွာ ရတနာ အထွေထွေတို့သည် ဘုန်းရှင်တို့လက်ထက် တွင် ထွန်းတောက်ကြသော်လည်း ဘုန်းရှင်တို့ သုံးစွဲပြီးလျှင် ပျောက်ကွယ် မြဲဖြစ်သည်။ ထို့ကြောင့် သကျသာကီဝင်ဘုန်းရှင်တို့လက်ထက်ကတည်ရှိခဲ့သော အရာဝတ္ထု တို့သည် တာဝန်ပြီးဆုံးသောအခါ ပျောက်ကွယ်ရလေသည်။ ကျန်ရစ်သည့် သာကီဝင်တို့မှာလည်း သမိုင်းသဘောအရ ပါရမီသဘောအရ ပွင့်တော်မူပြီးသည်ဖြစ်၍ အနာဂတ်ကာလတွင် သာသနာ့တာဝန်ဆက်၍ ယူ ကြမည့် မြန်မာတို့နှင့် ပေါင်းသွားလေသည်။

## သာကီဝင်ဗုဒ္ဓချုတ်တော်မူ၍ ကျွတ်တန်းဝင်သမျှ

သာကီဝင်လူမျိုးတို့၏ တာဝန်မှာ အောင်မြင်စွာ ပြည့်စုံပြီးဆုံးခဲ့သည်။ သကျနိုင်ငံတော်စတင်ဖြစ်တည်ရန်အတွက် ဤလောကတွင် ရှေးဦး လူသား လူတူ ပရိုင်းမိတ်ဘဝမှ စတင်ခဲ့ရသည်။ အကုသိုလ်ကံ နည်းပါး သော ဗြဟ္မာလူမျိုး ပြူလူမျိုးတို့ ဖြစ်ခဲ့ရသည်။ ဗြဟ္မာလူမျိုးတို့မှ ပြူ လူမျိုးတို့ဘဝပြောင်းလဲခါ လက်ရှိမြန်မာနိုင်ငံတမျှ ကျယ်ဝန်းသော

သဘာဝ သယံဇာတပေါကြွယ်ဝပြီး တောတောင်ရေမြေ မြစ်ချောင်းအင်းအိုင် အပူအအေးသင့်တော်မျှတသည့် မြန်မာ့မြေကို နေထိုင်အခြေချနိုင်ခဲ့ကြသည်။ ထို့နောက် လူဦးရေ အဆမတတန် များပြားပြီး ကုသိုလ်ရှင်ဒါနရှင် သီလရှင်တို့ နေထိုင်ရာ အနီးကပ် သာသနာ ပြုနိုင်ရန် လှည့်လည်သွားလာရန် အတွက် မဇ္ဈိမဒေသနှင့် နီးစပ်သည့် ဟိမဝန္တာ တောင်ခြေအရပ်၌ သကျနိုင်ငံတော်တည်ဆောက်နိုင်ခဲ့သည်။ သကျနိုင်ငံတော်ကို မင်းတကာမင်းတို့ လေးစားစေရန် အလောင်းတော်ဘဝ သိဒ္ဓတ္ထမင်းသား လေးဘဝမှစ၍ အံ့မခန်းဘွယ် လေးအတတ်ပြကာ လူတိုင်းဦးညွတ်စေခဲ့သည်။ ထို့နောက် တောထွက် ဘုရားဖြစ်တော်မူကာ မဇ္ဈိမဒေသရပ်ဝန်းကြီးရှိ လူသူများစွာနှင့် နတ် ဗြဟ္မာ လောကသားကျွတ်ထိုက်သူများကို ဟောဖော်ညွှန်ပြ ဆုမွန်ချေချွတ်တော်မူခဲ့သည်။

စာပေတွင် မှတ်တမ်းတင်ထားချက်အရ

စတုဝီသတာသင်္ချေယျေ၊ တထာ သဋ္ဌိစ ကောဋိယော။

ပါဏာ သတာသဟာသနိ၊ ဧကော ဗုဒ္ဓေါ ပမော စယိ

ဂါထာဖြင့် မှတ်တမ်းတင်ခဲ့သည်။

၂၄ အသင်္ချေ ကုဋေ ၆၀ ဗိုလ်ခြေတစ်သိန်း ဘုရားရှင် တရားဟောပြ၍ ချေချွတ်တော်မူနိုင်ခဲ့သည်။ ၁ အသင်္ချေသည် ၁ နောက်သုည အလုံးပေါင်း ၁၄ဝရှိသော ကိန်းတန်းတစ်ခုဖြစ်သည်ဟု သင်္ချာပညာရှင်တို့ သတ် မှတ်ကြသည်။ ထိုမျှ ကိန်းတန်းကို ဖတ်ရှုရန်မလွယ်ကူပေ။ စာပေတွင် ကောဋိ– ပကောဋိ–အဗ္ဗုဒ–နိရဗ္ဗုဒ–ပဒုမ စသည်ဖြင့် နာမည်ပေးခဲ့သည်။ လူသားမှာ ရေတွက်၍ ရနိုင်သော်လည်း နတ် ဗြဟ္မာတို့မှ ရေတွက် မရနိုင်ပေ။ ဗုဒ္ဓရှင်တော် တရားဟောတော်မူလျှင် စကြာဝဠာပေါင်း တိုက်တစ်သောင်းမှ နတ် ဗြဟ္မာတို့ တရားနာလာကြသည်။ အရေအတွက်များလှစွာ၏။ ကျွတ်တန်းဝင်ရန် ပါရမီဖြည့်ခဲ့ကြသော ထိုထိုလူနတ် ဗြဟ္မာတို့ ရဟန္တာအဖြစ်ဖြင့် ဘဝဇာတ်သိမ်း စေခဲ့သည်။ အနာဂါမ်တို့ကို ဗြဟ္မာလောက၌သာဖြစ်စေခဲ့သည်။ သောတာပန် တို့ကို အလွန်ဆုံး ကာမဘုံ၌ ရှာဝဖြစ်စေခဲ့သည်။ သကျ သာကီဝင် ဂေါတမ ဗုဒ္ဓပွင့်တော်မူသဖြင့် မရေမတွက်နိုင်သော သူတို့ ဒုက္ခချုပ်ငြိမ်းခဲ့သဖြင့် သာကီဝင်လူမျိုးတို့၏ တာဝန်ကြီးကား ကြီးမား မြင့်မြတ်

သလောက် ချမ်းသာရောက်အောင် ကယ်တင်နိုင်ခဲ့ တာဝန်ကျေခဲ့လေသည်။

## သာကီဝင်မြတ်ဗုဒ္ဓ၏ သာသနာ့တာဝန်ကို သာကီဝင်မြန်မာတို့ ဆက်ထမ်းရမည်

သက္ကလူမျိုး၊ ဗြဟ္မာလူမျိုး ပြူလူမျိုးတို့ ယခုအခါ မြန်မာလူမျိုး ဗမာလူမျိုးတို့ ဖြစ်နေပေပြီ။ ရှေးဟောင်း မြန်မာကျောက်စာအများတွင် ဗြဟ္မာ ဟူသော ဝေါဟာရ မှ ဆင့်ပွားကာ ဗြဟ္မာ–မြုဟ္မာ– ပြုမ်မှာ–ဗြုမှာ–ပြုမ်မာ– ပြုမှာ–ပြူ–ပျူ–ပု– ဗြဟ္မာ–မြဟ္မာ–မြမ္မာ–မြမ်မာ–မြံမာ–မြန်မာ ဟူ၍ ဗြဟ္မာ၏ ဆင့်ပွားအမည် အမျိုးမျိုး ခေါ်ဝေါ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် မြန်မာလူမျိုးမှာ ဗြဟ္မာ–ဗရမ္မာ–ဖရုပ်မာ –ဗြုမ်မာ–ပြုမ်မာ–ပြုမာ–ပြု လူမျိုးဖြစ်ကြောင်း ထင်ရှားသည် ဟု ပျူစစ်လျှင် မြန်မာ စာ ၃၃–၃၄ တွင် ပြထား၏။

သမိုင်းသုတေသီ ဆရာပုရိသက

ပျူဝတ်သည် ပျူဒေသဖြစ်၏။ ဗြဟ္မာဝတ်သည် ဗမာဒေသ ဖြစ်၏။ မြန်မာဒေသဖြစ်၏။ ပျူအမည်ကို ကွမ်တုံဒေရှိ တရုတ်တို့က ခေါ်၏။ ဗြဟ္မာ ဟူသောအမည်ကို ဘင်္ဂလား နယ်သားတို့က ခေါ်၏။ အိန္ဒိယမြောက်ပိုင်း သားတို့ကလည်း ဗြဟ္မာဟု ဗမာကိုခေါ်၏။

အားလုံးကိုခြုံလိုက်လျှင် ဗြဟ္မာလူမျိုး ပြူလူမျိုးတို့သည် အတူတူပင် ဖြစ်သည်။ ခေတ်ကာလအလျောက် အခေါ်အဝေါ်သာဖြစ်၏။ ယနေ့ခေတ် အရဆိုလျှင် ဗမာလူမျိုးသည် လက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝန်း တွင် နေထိုင်ကြသော ၁၃၅ သော လူမျိုးအားလုံး၏ စုပေါင်း ပိုင်ဆိုင်သော နာမည်အစစ်အမှန်ဖြစ်၍ ဤစာအုပ်တွင် ဗမာဟု သုံးစွဲခဲ့ပါသည်။

ဗြဟ္မာလူမျိုးမှ သက္ကလူမျိုးတို့သည် နယ်သစ် နိုင်ငံသစ်တည်ဆောက် ရန် မဇ္ဈိမဒေသကို ဗဟိုပြု၍ ဟိမဝန္တာဒေသ၌ အခြေချခဲ့ကြသည်။ သိဒ္ဓတ္ထ မင်းဘဝမှ တောထွက်တရားကျင့်ခဲ့ရာ ဘုရားအဖြစ်သို့ရောက်ခဲ့သည်။ ဘုရား ဖြစ်တော်မူသော အချိန်မှ ပရိနိဗ္ဗာန်ဝင်တော်မူချိန်အထိ အိန္ဒိယနိုင်ငံ မဇ္ဈိမ ဒေသကို ဗဟိုပြု၍ သာသနာပြုတော်မူခဲ့သည်။ လူဦးရေ အများဆုံးမှာ မဇ္ဈိမ ဒေသတွင်သာ နေကြချိန်ဖြစ်၍ လူဦးရေ အများဆုံးကို သာသနာပြုနိုင်ခဲ့သည်။

## ဘုရားရှင်၌ လူမျိုးစွဲ ဒေသစွဲ ကင်းတော်မူသည်

ရှင်တော် ဗုဒ္ဓသည် သကျသာကီဝင်လူမျိုးဖြစ်သော်လည်း ဘုရားဖြစ်တော်မူသောအခါ လူမျိုးစွဲ ဒေသစွဲ ဂိုဏ်းဂဏစွဲမရှိ၊ နောက်ဆုံးတွင် မိမိခန္ဓာ ကိုယ်ကြီးကိုပင်စွဲလမ်းသည့် သက္ကာယ ဒိဋ္ဌိစွဲကိုဖြုတ်နိုင်ရန် ဟောပြတော်မူသည်။ သက္ကာယဒိဋ္ဌိစွဲ အတ္တစွဲပြုတ်မှ ဝိပဿနာပွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်တွင် အစွဲအလမ်း မှားယွင်းမှု လုံးဝရှိတော်မမူပေ။ ထိုသို့ အတ္တစွဲကင်းစင်တော်မူသဖြင့် ရှင်တော်ဗုဒ္ဓသည် မဇ္ဈိမဒေသကို လူမျိုးစွဲမရှိဘဲ သာသနာတော်ပြုနိုင်ခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်တွင် လူမျိုးစုံပါဝင်လာသည်။ လူမျိုးစုံ သာသနာ့ဘောင်သို့ ဝင်ရောက်လာသောအခါ တစ်ပါးနှင့် တစ်ပါး လူမျိုးစွဲ ဒေသစွဲလုံးဝကင်းစင်ပြီး ဝါအရသိက္ခာအရ အရိုအသေပေးကြရသည်။ သာကီဝင်မင်းမျိုးတို့မှာ အမျိုးမာန်ကြီးကြသဖြင့် မိမိ တို့ လူမျိုးချင်းမှ တစ်ပါး အခြားလူမျိုးများကို လုံးဝရှိမခိုးကြပေ။ အာနန္ဒာ ဘဂု ကိမိလ ဒေဝဒတ္တ အနုရုဒ္ဓါ ဘဒ္ဒိယ သာကီဝင် မင်းသား ၆ယောက် တို့ ရဟန်းပြုကြသောအခါ သာကီဝင်မဟုတ်သော ဆတ္တာသည် ဥပါလိကို ပထမဆုံး ရဟန်းပြုနိုင်းကြသည်။ မိမိတို့ထက် ဝါကြီးသော ဥပါလိကို ကျန်သာကီဝင်မင်းသားတို့က ရှိခိုးကြရသည်။ ဗုဒ္ဓသာသနာတော်တွင် ဇာတ်စနစ်မရှိပေ။ ခတ္တိယဘုရင်၊ ဗြာဟ္မဏ ပုဏ္ဏားဝေဿကုန်သည် သုဒ္ဒသူဆင်းရဲ အမျိုးခွဲမှု မရှိ။ အသက်ထက် သာသနာတော် အသက်ဖြစ်သည့် သိက္ခာဝါရှိသူကိုသာ ဦးစားပေးရသည်။ လူမျိုးစွဲ ဇာတ်စွဲ ဒေသစွဲ လုံးဝကင်းစင်လေသည်။ ထို့ကြောင့် သာသနာတော်သည် အတ္တစွဲ ကင်းစင်လေသည်။ လူကို ပဓာနအားဖြင့် သာသနာပြုခဲ့သော်လည်း လောကဓာတ် စကြဝဠာကြီးထဲတွင် လူသာမက နတ် ဗြဟ္မာ တိရစ္ဆာန် စသော သက်ရှိသတ္တဝါများလည်း ရှိကြသေးသည်။ သာမန်လူတို့၏ မျက်စိဖြင့် မမြင်နိုင်။ သာမန် လူတို့၏ အာရုံခံ အင်္ဂါရပ်များနှင့် မသိနိုင်ကြသော်လည်း အရှိကို အရှိအတိုင်း လက်ခံရပေမည်။ အရှိတရားသဘာဝအရ အပါယ်ဘုံသားများ လူများ နတ် ဗြဟ္မာ

များကိုပါ တရားဟောပြရန် ဘုရားအမည်ခံ သူတော်ကောင်းတို့သည် သက်ရှိ သတ္တဝါများကိုလည်း ဟောပြတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် သက်ရှိ သတ္တဝါအားလုံးတို့၏ အားကိုးရာ အားထားရာ ကိုးကွယ်ရာဖြစ်လေသည်။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ။

သာကီဝင်မြတ်စွာဘုရား၏ သာသနာတော်ကြီးသည် သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာဖြစ်သဖြင့် ဘုရားရှင်၏ တပည့်သာဝက ရဟန်း သီလရှင် ဒါယကာ ဒါယကာမဟူသမျှ တို့သည် ဘုရားရှင်၏ထုံး နှလုံးမူကာ လူမျိုးမခွဲ ဒေသမခွဲ ကျောသား ရင်သား မခွဲခြားဘဲ သာသနာတော်မြတ်ကြီး တိုးတက်တည်တံ့ကျယ်ပြန့်ထွန်းကား လူတိုင်း ကိုးကွယ်ရာဖြစ်စေရန် သာသနာပြုဘို့ တာဝန်ရှိပေသည်။ သာသနာတော်၏ အဆုံးအမများကို ခြုံငုံလေ့လာကြည့်လျှင် ဒါန သီလ သမထ ဝိပဿနာ တို့ကို တွေ့ရသည်။

## ဗုဒ္ဓဘာသာ၏ အဓိကတရားလေးပါး

### ဒါန

ဒါနသည် ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုဖြစ်၍ ဖြစ်လေရာရာဘဝ သံသရာဝယ် မိမိပြုခဲ့သည့် ဒါနထက် အဆ ကုဋေမက ပိုမိုပြည့်စုံများမြတ် ကောင်းမွန်သည့်အကျိုးကို တုန့်ပြန်ပေးမည်ဖြစ်သည်။ ညောင်စေ့တစ်စေ့စိုက်၍ ညောင်ပင်ပေါက်လာလျှင် သီးချိန်ရောက်က အဆများစွာ အသီးများကို နှစ်စဉ်ရရှိပေမည်။ ဤသည်မှာ လောကသဘာဝသာပါ။ ကံခေါ် ကမ္မ မိမိပြုလုပ်မှု အကျိုးသာဖြစ်ပါသည်။ ဖန်ဆင်းရှင် မရှိပါ။ စဉ်းစားကြပါ။

### သီလ

သီလမှာ မိမိ၏ ကိုယ်နှင့် နှုတ်ကို သူတစ်ပါး မထိခိုက်စေရန် ကိုယ်ချင်းစာတရားဖြင့် စောင့်ထိန်းရမှုဖြစ်ပါသည်။ သူတစ်ပါး အသက်မသတ်ဘဲ ရှောင်ကြဉ်လျှင် ဖြစ်လေရာရာဘဝများ၌ အသက်ရှည်မည်။ အဆင်းလှမည်။ အနာရောဂါကင်းမည်။ ကျန်းမာမည်ဖြစ်ပါသည်။ သဘာဝဓမ္မသာဖြစ်ပါသည်။ မည်သူဖန်ဆင်း၍မှ မဟုတ်ပါ။ ကိုယ်ပြုခဲ့၍ ကိုယ်ရရှိခြင်းသာဖြစ်ပါသည်။

ကမ္မအရ ကံသဘာဝသာပါ။ အားကိုးမလွဲပါစေနှင့်။ ကိုးကွယ်ရာ မလွဲပါစေနှင့်။ သဘာဝကျကျစဉ်းစားပြီးမှ ကိုးကွယ်ကြပါ။ ကိုးကွယ်ရာမှားလျှင် အဆပေါင်းအနန္တ လွဲမှားမှု ဒဏ်ခံရပါမည်။

အဒိန္နမှာ ပိုင်ရှင်မပေးဘဲယူမှု ဖြစ်ပါသည်။ လောကသဘာဝအရ ပိုင်ရှင်သည် ကြည်ဖြူစွာမပေးလျှင် မတရားယူခြင်းဖြစ်ပါသည်။ လူတိုင်းသည် မိမိပိုင် ပစ္စည်းကို နှစ်သက်ကြပါသည်။ နှစ်သက်သော ပစ္စည်းမတရား ဆုံးရှုံးလျှင် ခံစားရပါသည်။ ထိုဒဏ်ကို သံသရာဝယ် ပြန်လည်ခံစားရမြဲဖြစ်ပါသည်။ ခိုးမှုကြောင့် ဆင်းရဲပါမည်။ ဘယ်တော့မှ ချမ်းသာကို မရနိုင်ပါ။ ထို့ကြောင့် ရှောင်ကြဉ်ရပါမည်။ ကာမေသုမိစ္ဆာစာရမှာ မိမိမပိုင်ဆိုင်သည့် ကာမဆန္ဒအလိုပြည့်ဝစေရန်အတွက် မတရားစော်ကားမှုဖြစ်ပါသည်။ ထိုကံအရ ပြစ်ဒဏ်ခံရပါသည်။ သုရာမေရယမှာ ပုံမှန်စိတ်ကို ဖျက်ဆီးမည့် မူးယစ်မေ့မျော ရူးသွပ်စေမည့် အရက်သေစာ ဘိန်းကင်း ကဖော် ဆေးခြောက် ဆေးဝါး သုံးစွဲမှုဖြစ်ပါသည်။ သွေးလေဖောက်ပြီး စိတ်ဓာတ်မူမမှန်ဖြစ်ကာ မဟုတ်သည့် ကိစ္စများကို ပြုရန် လွယ်ကူပါသည်။ များလျှင် လူသာမန်စိတ်ပျောက်၍ အရူးဘဝရောက်ရပါသည်။ လူသတ်မှု မုဒိမ်းမှု ခိုးမှု ရာဇဝတ်မှု အားလုံးပြုလုပ်ရန် စိတ်ကြွစိတ်ထ စိတ်ဖောက်ပြန်ရူးသွပ် အကုသိုလ်အားလုံး အဆိုးဝါးဆုံးကိစ္စဖြစ်၍ အဆိုးဝါးဆုံးအပြစ်ကို ခံရပါသည်။ မုသာဝါဒမှာ လိမ်ပြောခြင်း မမှန်ပြောခြင်း ဆဲဆိုကြမ်းတမ်းစွာ ပြောဆိုခြင်း ဂုံးတိုက်ပြောဆိုခြင်း အကျိုးမရှိ ပေါက်ကရစကားများ ပြောဆိုခြင်းတို့သည် ဓမ္မစကား သစ္စာစကား ချစ်ဖွယ်စကား အကျိုးရှိသောစကားမျိုးများမဟုတ်၍ လောကတွင် အကျိုးမရှိပါ။ အကျိုးမရှိသော ဝစီကံသည် ကံကြီးတစ်မျိုးဖြစ်ပါသည်။ ကာယကံ ဝစီကံ မနောကံ ကိုယ်နှုတ်စိတ်သည် အရေးပါဆုံး အလုပ်ဖြစ်ပါသည်။ ကာယကံသည် အဆ တစ်ကုဋေ တုန့်ပြန်အကျိုးပေးလျှင် ဝစီကံသည် အနဲဆုံး ကာယကံထက် အဆတစ်ရာ အကျိုးပေးပါမည်။ မနောကံသည် ဝစီကံထက် အဆတစ်ရာမက အကျိုးပေးပါမည်။ နှုတ်ကြောင့် ဒုက္ခခံရသည်မှာ အရည်မရ၊ အဖတ်မရ၊ ဆိုးဝါးလှပါသည်။ လက်ကြောင့်သေ၊ နှုတ်ကြောင့်ကျေ ဖြစ်ရပါသည်။ ကံထဲတွင် မနောကံမှာ အပြစ်အကြီးဆုံး ဖြစ်ပါသည်။ စိတ်ထဲစွဲလာ

လျှင် အမြစ်တွယ်တတ်သဖြင့် အမြစ်မစွဲရန် မနောကံ အရေးကြီးပါသည်။ မိစ္ဆာဒိဋ္ဌိ အမှားဝါဒများကို ယုံကြည်လျှင် မနောကံဖြစ်ပါသည်။ မနောကံစွဲလေလေ အမြစ်တွယ်လေလေ ယုံကြည်မှု ပြင်းထန်လေလေ အပြစ်ကြီးလေလေ ဖြစ်ပါသည်။ ချစ်ခြင်း မုန်းခြင်း မနာလိုခြင်း ယုံကြည်ခြင်းတို့သည် မနောကံအရာများသာ ဖြစ်၍ အပြစ်အကြီးဆုံး မနောကံကို အထူးရှောင်ကြဉ်ရပေမည်။ ငါးပါးသီလသည် လူတိုင်းစောင့်ထိန်းရမည့် သီလဖြစ်ပါသည်။ ဗုဒ္ဓဘာသာအတွက်သာ မဟုတ်ပါ။ မည်သူမဆို မည်သည့်ဘာသာဝင်မဆို ရှောင်ရပါမည်။ မရှောင်လျှင် အပြစ်ခံရပါမည်။ ရှောင်ကြဉ်လျှင် အကျိုးခံစားရပါမည်။ မိမိပြုလုပ်မှု ကံအရကံ၏အကျိုးပေး ကမ္မဝိပါကကို ရရှိခြင်းသာ ဖြစ်ပါသည်။ သုဂတိဘဝ ဒုဂ္ဂတိဘဝနှစ်မျိုးအနက် ဒုဂ္ဂတိမရောက်ရေး သုဂတိရောက်ရေးအတွက် အရေးကြီးပါသည်။ မည်သည့် ဖန်ဆင်းရှင်မှ ဖန်ဆင်းမပေးနိုင်ပါ။ ကိုယ့်အရေးဖြစ်၍ ကိုယ်ပိုင် မှန်မှန်ကန်ကန် တွေးပြီး အစစ်ကို ကိုးကွယ်နိုင်ပါစေ။

သမထ

သမထမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာဖြစ်ပါသည် ကိုယ်နှုတ်ကို သီလက ထိန်းခဲ့သဖြင့် စိတ်ပိုင်းအတွက် သမထက ထိန်းရပါမည်။ လူသည် ကိုယ်ခေါ် ရုပ်ခန္ဓာနှင့် စိတ်ခေါ် နာမ်ခန္ဓာဖြင့် ဖွဲ့ထားပါသည်။ ရုပ်အတွက် ဒါန သီလ လိုအပ်ပါသည်။ စိတ်အတွက် စိတ်ကောင်း စိတ်ညံ့ ၂ မျိုးရှိပါသည်။ စိတ်ကောင်းစိတ်မြတ်တို့သည် အရေးတကြီး လိုအပ်ပါသည်။ စိတ်သည် ရုပ်နှင့် မတူပါ။ ပျံ့လွင့်နေတတ်ပါသည်။ ပျံ့လွင့်နေသော စိတ်သည် အားမရှိပါ။ အားမရှိလျှင် စိတ်ဓာတ်နိမ့်ကျပါသည်။ စိတ်တည်ငြိမ်နေမှ စိတ်အားရှိပါ သည်။ ထို့ကြောင့် စိတ်တည်ငြိမ်နေစေရန် စိတ်ကောင်းများ ဝင်နေစေရန်၊ မေတ္တာပို့ ဘုရားရှိခိုး တရားနာ ပုတီးစိပ် စာဖတ် ကမ္မဋ္ဌာန်းထိုင် ဝိပဿနာရှုပွား၍ စိတ်ထိန်းရပါသည်။ စိတ်သည် ပျံ့လွင့်မနေတော့ပါ။ အာရုံတစ်ခုထဲ ငြိမ်လာပါသည်။ ကသိုဏ်းရှုလျှင်လည်း ကသိုဏ်းအာရုံတစ်ခုထဲမှာသာ ငြိမ်ဝပ်လာပါသည်။ နှာသီးဖျားမှာ စိတ်ကို မှတ်ထားလျှင်လည်း စိတ်ငြိမ်လာပါသည်။ စိတ်ငြိမ်စိတ်တည် စိတ်မြဲလာလျှင် အာရုံအမျိုးမျိုးသို့ စိတ်မသွားတော့ဘဲ

စူးစိုက်မှတ်သားရာ အာရုံတစ်ခုထဲမှာသာ ငြိမ်လာဝပ်လာပါတော့သည်။ စိတ်တည်ငြိမ်လာလျှင် ထိုစိတ်သည် စိတ်ပူ စိတ်ပုပ် စိတ်ယုတ် စိတ်နာ စိတ်မကောင်း မဖြစ်တော့ဘဲ အေးမြကြည်လင် တည်ငြိမ်သော သမာဓိစိတ်ဖြစ်လာပါသည်။ စိတ်ထဲတွင် အနာမဆာမပါတော့ပါ။ ကြာလာလျှင် ဈာန်စိတ်တို့ ဖြစ်လာပါသည်။ ထိုတည်ငြိမ်သောစိတ်ကြောင့် စိတ်အား Will Power ပြည့်လာပါသည်။ စိတ်အားပြည့်နေလျှင် လျှပ်စစ်အားပြည့်နေသော ကိရိယာကဲ့သို့ လိုရာကိစ္စပြီးစီးတော့သည်။ ထိုသမာဓိစိတ် သမထစိတ်နှင့်နေလျှင် ဈာန်ရ၍ မြေလျှိုးမိုးပျံနိုင်သည်။ မိမိစိတ်ထဲရှိသမျှ ပြင်ပတွင် ပေါ်ထင်လာစေရန် ဖန်ဆင်းနိုင်သည်။ စိတ်စွမ်းအားပြည့်သဖြင့် မိမိဖြစ်စေချင်ရာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်တော့သည်။ မယုံမရှိရာ မယုံလျှင် သမာဓိထူထောင်ကြည့်ပါ။ နည်းစနစ်အမှန်တို့ ဗုဒ္ဓဘာသာတွင် အပြည့်အဝရှိပါသည်။ လက်တွေ့ စမ်းချင်သူများကို စောင့်နေပါသည်။

## ဝိပဿနာ

ဝိပဿနာမှာ ခန္ဓာကိုယ်ရှိ ရုပ် နာမ်တို့ကို မျက်စိမှိတ်၍ သမာဓိစိတ်ဖြင့် ရှုကြည့်မှု ဖြစ်ပါသည်။ ဝိပဿနာပွား၍ အင်အားကောင်းလာလျှင် ရုပ်နာမ်တို့၏ သဘာဝအမှန်ဖြစ်သည့် မမြဲမှု အနိစ္စ ဆင်းရဲမှုဒုက္ခ၊ သူ့သဘာဝအတိုင်းဖြစ် သဘာဝအမှန်ဖြစ်နေမှု အနတ္တ ရွံရှာဘွယ် အသုဘတို့ကို မြင်လာပါလိမ့်မည်။ ထိုအခါခန္ဓာကိုယ်ကြီးကို ငြီးငွေ့ရွံရှားပြီး ခန္ဓာဘဝချုပ်ရာကို တောင့်တပါလိမ့်မည်။ ထိုအခါ ဘဝချုပ်ရာနိဗ္ဗာန်ကိုရရှိနိုင်ပါတော့သည်။ ဘဝဇာတ်ငြိမ်းလေပြီ။

ဗုဒ္ဓရှင်တော်သည် သတ္တဝါအားလုံးတို့အတွက် ပွင့်တော်မူခဲ့သည်။ ဗုဒ္ဓပွင့်တော်မူသဖြင့် မည်သည့်ဘာသာ မည်သည့်အယူဝါဒ မည်သည့်နိုင်ငံ မည်သည့်လူမျိုး မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် တစ်စုံတစ်ရာမျှ မနစ်နာခဲ့ပေ။ ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာ ဗုဒ္ဓ အဆုံးအမ ဗုဒ္ဓဓမ္မကြောင့် မည်သူမျှ မည်သည့်သတ္တဝါတစ်ဦးတစ်ယောက်မျှ သွေးတစ်စက်မှ မြေမကျခဲ့ပေ။ ဗုဒ္ဓသာသနာသည် ယထာဓမ္မသာသနာဖြစ်သည်။ ဓမ္မသဘာဝသည်

ဗုဒ္ဓဓမ္မအစစ်ဖြစ်သည်။ ဗုဒ္ဓဓမ္မတွင် သဘာဝတရားနှင့် မလျော်ညီသော သဘာဝ မကျသော သဘာဝနှင့် ဆန့်ကျင်သော သဘာဝကို ကျော်လွန်သော ဒေသနာ တော်ဟူ၍ တစ်လုံးတစ်ပါဒမျှ မပါရှိပေ။ သဘာဝဓမ္မသည် ဆန်းကြယ်လှ သည်။ လေးနက်လှသည်။ နက်နဲလှသည်။ ရှုပ်ထွေးလှသည်။ လောကတံ ထွာ ဓမ္မတာကို စိတ်ကူးဖြင့် တွေး၍မရ၊ ဓမ္မသဘာဝကို တိတိကျကျဟောပြ နိုင်သော ဗုဒ္ဓ၏ ဓမ္မကျင့်စဉ်မှန်ဖြင့် ကျင့်ကြံပွားများကြည့်လျှင် အမှန်တွေ့ ရမည်ဖြစ်သည်။

ထို့ကြောင့် သဗ္ဗညုဘုရားရှင်၏ တရားဓမ္မဟူသမျှ သွာက္ခာတ သဗ္ဗညုတဉာဏ်ဖြင့် သုံးသပ်၍ ကောင်းစွာဟောထားသော တရားများ ဖြစ်ကြ၏။ သန္ဒိဋ္ဌိက ချက်ချင်းအကျိုးပေး၏။ အကာလိက နောင်အခါမှ အကျိုးခံ စားရမည်မဟုတ်။ အချိန်ပြည့်အကျိုးပေး၏။ ဧဟိပဿိက ကိုယ်တိုင်ကိုယ်ကျ လာ၍ ရှုကြည့်လေ့လာပွားများကြည့်ပါ။ ဩပနေယျိက ဘဝချုပ်ရာ နိဗ္ဗာန်တာ သို့ ပို့ဆောင်နိုင်၏။ ပစ္စတ္တံဝေဒိတဗ္ဗ ပညာရှိ အကျင့်မှန်နည်းစနစ်မှန်လျှင် ပါရမီအလိုက် တစ်ဦးချင်း သိမြင်နိုင်၏ ဟု ရဲဝံ့စွာ အာမခံထား၏။

သတ္တဝါတို့အစသည် ရှေပေးလှ၏။ သံသေဒဇသတ္တဝါမှစခဲ့ပြီး ကျင် လည်ခဲ့ရ၏။ ယခုခေတ်ပြောသလို ပရိုင်းမိတ်က စသည်ဟု ဆိုသလိုပင် သို့ သော် ဗုဒ္ဓ၏ သံသရာအစ လူ့ဘဝ၏ အစကား နှစ်ပရိစ္ဆေဒ ပိုင်းခြား မဆို နိုင်။ ထိုသို့ သတ္တဝါတို့သန္တာန်တွင် ကိလေသာ အနုသယတို့ ကိန်းအောင်း နေ၏။ ကိလေသာရှိသမျှ ဘဝရှိနေမည်၊ ဝိပဿနာပွားပြီး ဘဝခန္ဓာကိုပြီးငွေ့အား ထုတ်မှ ရဟန္တာဖြစ်ပြီး သံသရာချုပ်ကာ ဒုက္ခအားလုံးကုန်ဆုံးမည်။ ဗုဒ္ဓရှင် တော်မြတ်၏ အဆုံးအမ သာသနာတော်သည် လူတိုင်းအတွက် အရေး အကြီးဆုံး တန်ဘိုးအရှိဆုံးဖြစ်၏။ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကား တည်တံ့ရေးအတွက် လူတိုင်းတွင်တာဝန်ရှိ၏။ အထူးသဖြင့် ဗုဒ္ဓကို ကိုးကွယ်ကြသည့် သကျလူမျိုး ဘုရားသာသနာတော်ကြီးကို သကျ လူမျိုးမှ ဖြစ်လာသည့် သာကီဝင်မြန်မာလူမျိုးတို့က ဆက်လက်တာဝန်ယူ ထမ်းဆောင်ရန် တာဝန်ရှိပေသည်။

ယခုအခါ ဗုဒ္ဓသာသနာတော်မြတ်သည် ကိုးကွယ်သူ မများသော

ဘာသာ တစ်ရပ်ဖြစ်လာ၏။ ဘုရားရှင်သည် ဘုရားဖြစ်တော်မူစကပင် လူတို့ကို တရားဟောရန် စိတ်ညွတ်တော်မမူခဲ့ပေ။ သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် လူ့လောကကို ကြည့်ရှုတော်မူလတ်သော် တရားဟောတော်မူရန်ထက်

ကိစ္ဆေနမေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊

ရာဂ ဒေါသပရေတေဟိ၊ နာယံဓမ္မောသုသမ္ဗုဒေါ

ဟု စဉ်းစားတော်မူ ၏။ ငါ ရရှိထားတဲ့ တရားတော်ကို ငါကိုယ်တော်မြတ်ကတော့ ပင်ပင်ပန်းပန်း အားထုတ်ကြိုးပန်းခဲ့ရတယ်။ ယခု ဒီတရားတော်မြတ်ကို လူတွေကို ဟောပြဖို့ရန် သင့်တော်ပါ့မလား။ သတ္တဝါတွေကို ရာဂတွေ ဒေါသတွေ ဖုံးလွှမ်းနေတယ်။ လူတွေ တဏှာရာဂ ဒေါသတရားဆိုးတွေ ထူပြောနေတယ်။ ငါသိ ထားတဲ့ တရားတော်တွေကို ကောင်းကောင်းသိဘို့ရန် ခက်ခဲကြလိမ့်မယ်ဟု စဉ်းစားတော်မူပြီး ဖလသမာပတ်ချမ်းသာဖြင့် အေးအေးနေရန် စိတ်ညွတ် တော်မူခဲ့တယ်။ သဟမ္ပတိ ဗြဟ္မာကြီးက တောင်းပန်မှ တရားဟောတော်မူခဲ့တယ်။ သာမန်အားဖြင့် ကြည့်လျှင်တော့ ပုထုဇဉ်လောကရှိ လူသားတွေဟာ တရားထက် အမှားဘက်နေတာကများလို့ ဗုဒ္ဓဘာသာဝင်တွေ ကမ္ဘာမှာ နည်းပါးခြင်းဖြစ်တယ်။

သို့သော် ကမ္ဘာ့ပြည်သူတွေဟာ ဘဝငြိမ်းချမ်းရေးကို ရှာကြတဲ့အခါမှာ ဖန်ဆင်းရှင်ဝါဒတွေကို အားမရနိုင်ဖြစ်လာပြီး စစ်မှန်တဲ့ ဓမ္မသဘာဝတွေကို ပိုမိုနှစ်သက်လက်ခံလာကြတယ်။ ဗုဒ္ဓအဘိဓမ္မာနှင့် ဗုဒ္ဓဝိပဿနာဟာ ယခုအခါ ကမ္ဘာကြိုက်ဓမ္မတွေ ဖြစ်လာတယ်။

ဒါ့ကြောင့် ဗုဒ္ဓဓမ္မတွေကို တက္ကသိုလ်ကြီးတွေ ပညာရှင်တွေ လူငယ်တွေ ဘာသာရေးခေါင်းဆောင်တွေ လေ့လာကြသည်ကို တွေ့လာရသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဗြဟ္မာလူမျိုးတွေ ဖြစ်ကြတယ်။ သကျလူတွေနှင့် မြန်မာတွေဟာ တမျိုးထဲဖြစ်တယ်။ သာကီဝင်လူမျိုးမြတ်ဗုဒ္ဓရဲ့ တရားတော်တွေဟာ သာကီဝင်မြန်မာတို့နိုင်ငံမှာ အပြည့်အစုံတည်ရှိနေသဖြင့် သာသနာ ကျယ်ပြန့်ရေးအတွက် သာသနာပြုကြရန် သကျမြန်မာ တပေါင်းတည်း ဖြစ်နေပြီဖြစ်တဲ့ မြန်မာတို့ရဲ့ အဓိကတာဝန်ဖြစ်လာတယ်။

## ဘုရားရှင်သည် ဘာ့ကြောင့် သာကီဝင်မင်းမျိုး၌ ဖြစ်ခဲ့ရပါသနည်း

ဘုရားရှင်အဖြစ်သည် အမြတ်ဆုံးဘဝဖြစ်သည်။ ဘုရားရှင်၏ သာသနာတော်ဟူသည် အမြတ်ဆုံးပုဂ္ဂိုလ်မြတ်တို့ပါဝင်သောအဖွဲ့အစည်းကြီး တစ်ခုဖြစ်သည်။ ဤမျှ မြင့်မြတ်သောသူတို့ကို ဘယ်လို ဖွဲ့စည်းမည်နည်း။ သဘာဝဓမ္မအရ ဖန်ဆင်းရှင် ဖန်ဆင်း၍ ဖြစ်ပေါ်လာရပါသည်ဟူသော အဖြေသည် အဖြေမှန် မဖြစ်နိုင်ပေ။ အဖြေမှန်မဟုတ်လျှင်လည်း အကျိုးမရှိနိုင်ပေ။ ဖန်ဆင်းရှင် ဆိုသည်မှာပင် သဘာဝလောကတွင် မရှိပေ၊ သဘာဝတရားအရ တစ်ဦးတစ်ယောက်ကို အနန္တတန်ခိုးများ ပေးအပ်မထားပေ။ လောကတွင် စွမ်းအားဟူသမျှကို ဣဒ္ဓိပါဒ်ဟု သမုတ်ကြသည်။ ဣဒ္ဓိပါဒ ဟူသည်မှာ တန်ခိုး အင်အားရရှိရေးအတွက် အခြေခံအချက်အလက်ဟု ဆိုကြသည်။ အခြေခံများကို ပြုလုပ်ဖြည့်ဆည်းမှ တန်ခိုးအာဏာ ပါဝါ ဩဇာ အင်းအားတို့ကို ရရှိမည်။

ဆန္ဒိဒ္ဓိပါဒ်အရ မိမိလိုလားချက်ကို ရယူလိုသော ဆန္ဒပြင်းပြရမည်။ စိတ္တိဒ္ဓိ ပါဒ်အရ မိမိစိတ်ဓာတ်ခိုင်မာခိုင်မြဲ မလှုပ်မရှား မပြောင်းမလဲ ဖြစ်ရမည်။ စိတ်ဓာတ်ခိုင်မာခိုင်မြဲ မလှုပ်မရှား မပြောင်းမလဲ ဖြစ်ရမည်။ စိတ်ဓာတ် ခိုင်မာရမည်။ ဝီရိယိဒ္ဓိပါဒ်အရ ကြိုးစားပြီး ဖြစ်အောင်လုပ်ရသည့် ဇွဲ ဝီရိယရှိရမည်။ ဝိမံ သိဒ္ဓိပါဒ်အရ စဉ်းစားတွေးခေါ်သုံးသပ် ဆုံးဖြတ်နိုင်းယှဉ်တတ်သည့် ပညာဗဟုသုတရှိရမည်။ ဤအချက်လေးချက်ကို ဦးထိပ်ထား၍ ဆောင်ရွက်ရမည်။ အချိန်ကြာကြာပြုလုပ်ရမည်။ အချိန်ပြည့်ပြုလုပ်ရမည်။ အဆက်မပြတ် အမြဲတမ်းပြုလုပ်ရမည်။ ထိုအခါမှသာ ဣဒ္ဓိပါဒ် တန်ခိုးအမျိုးမျိုး တိုးတက်လာမည်။ အချိန်ကြာလေ အချိန်များလေ အချိန်ပြည့်လေ စွမ်းအားကောင်းလာလေဖြစ်မည်။ ရုပ်ကိုလည်း ဤသို့ ပြုစုရမည်။ နာမ်တရားကိုလည်း ဤသို့ ပြုစု ဖြည့်ဆည်းရမည်။ ဤသို့ ကြာကြာများများ အချိန်ပြည့် အဆက်မပြတ် ပြုမှုကို ပါရမီဖြည့်သည်ဟုခေါ်၏။ နောက်ဆုံးတွင် အမြင့်ဆုံး အမြတ်ဆုံး အကောင်းဆုံး ပုဂ္ဂိုလ်အဖွဲ့အစည်းနိုင်ငံ လူ့ဘောင်ဖြစ်လာမည်။ ယခု ဘုရား

ရှင်နှင့် သာသနာဝင်တို့သည် ထိုကုသိုလ်အစုစု ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ကြသူများဖြစ်၍ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာပုဂ္ဂိုလ်မြတ်တို့ ဖြစ်လာသည်။ မည်သူပေး၍မှ မည်သူမစ၍မှ မည်သည့်တန်ခိုးရှင်၏ ဖန်ဆင်းမှုကြောင့်မှ ဖြစ်ရသည်မဟုတ်ပါ။

ဘုရားရှင်အဖြစ် ပွင့်တော်မူပါရန် နတ် ဗြဟ္မာတို့ တောင်းပန်သောကြောင့် ဘုရားအလောင်းတော်သေတ ကေတုနတ်မင်းကြီးသည် ကြည့်ခြင်းငါးပါးဖြင့် လူ့လောကကို ကြည့်ခါရွေးချယ်ခဲ့သည်။ နောက်ဆုံးအချက် အရေးပါဆုံး ကုလဆွေတော် မျိုးတော်ကို သုံးသပ်သောအခါ ဘုရားအလောင်းတော်သည် မဇ္ဈိမဒေသရှိ လူမျိုးတို့ကို အသေးစိတ်သုံးသပ်ပြီး ပယ်ချခဲ့သည်။ ဘုရားဟူသည် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ရမည်ဖြစ်ပြီး ဘုရား၏ဆွေတော် မျိုးတော် နိုင်ငံတော်လူမျိုးတို့မှာလည်း အမြင့်မြတ်ဆုံးဖြစ်ရပေမည်။

အမြင့်မြတ်ဆုံးဟူသော စကားရပ်ကို မည်သို့ အဓိပ္ပါယ်ဖွင့်၍ သုံးသပ်မည်နည်း။ နိုင်ငံကျယ်ဝန်းမှု လူဦးရေ များပြားမှု ပညာတတ်ပေါ်များမှု စီးပွားရေးကောင်းမွန်မှု၊ ကျန်းမာရေးပြည့်စုံမှု၊ နိုင်ငံရေးဩဇာကြီးမားကျယ်ပြန့်လွှမ်းမိုးနိုင်မှု၊ သယံဇာတကြွယ်ဝမှု၊ ရာသီဥတုကောင်းမွန်မှု စသည့် လောကီရေး လူမှုရေးကောင်းမွန်မှုကို ကြည့်၍ ဆုံးဖြတ်မည်လော။ သို့မဟုတ် မဇ္ဈိမဒေသသားတို့သတ်မှတ်သလို ဇာတ်မြင့်သူတို့သည် မြင့်မြတ်သူလော ဘုရင်မျိုးသည် မြင့်မြတ်သလော၊ ပုဏ္ဏားမျိုးသည် မြင့်မြတ်သလော စသည်တို့ကိုလေ့လာသုံးသပ်ကြည့်လျှင် ထိုခေတ်လူများက ခတ္တိယမင်းမျိုးသည် အာဏာရှိသူဖြစ်၍ မြင့်မြတ်သည်ဟု တွေးကြ၏။ တချို့က ဗြာဟ္မဏခေါ် ပုဏ္ဏားမျိုးသည် ပညာတတ်သဖြင့် မြင့်မြတ်သူဟု သတ်မှတ်ကြ၏။

အမျိုးမြင့်သူ ဇာတ်မြင့်သူဖြစ်သော်လည်း လူသတ် ဥစ္စာခိုး မုဒိမ်းတန္တကျင့် လူလိမ် အရက်သမားဖြစ်နေပါမူ လူတို့က လေးစားနိုင်မည်မဟုတ်။ လူ့လောကတွင် ချုပ်နှောင်ခံရ ထောင်ဒဏ်ခံရပေဦးမည်။ သေလျှင်မူ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဆင်းရဲနုံချာသူ ဧကန်ဖြစ်ပေမည်။ မည်သို့လျှင် မြင့်မြတ်သူဟု ခေါ်၍ ရပါမည်နည်း။ လူယုတ်မာသာဖြစ်၍ လူတော်

လူကောင်း သူတော်ကောင်းမဖြစ်နိုင်ပေ။ ဘုရားအဖြစ်ဟူသည် ကိုယ်ကျင့်စာရိတ္တသီလနှင့် ရာနှုန်းပြည့် ပြည့်ဝရမည်။ သီလရှိသူသာ အမြတ်ဆုံးဖြစ်သည်။ သီလနှင့် ရာနှုန်းပြည့် မပြည့်ဝလျှင် လူနတ် ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာ အားထားရာ အလေးဂရုပြုရာ ပုဂ္ဂိုလ်နှင့် လူမျိုးမဖြစ်နိုင်ပေ။ မဇ္ဈိမဒေသသည် အတ္တစွဲ ပြင်းထန်လှသည်။ အတ္တသမားသည် အမှန်သစ္စာနှင့် လွဲမည်သာတည်း။ လူတန်းစားခွဲမှုမှာ လူနှင့်လူချင်းခွဲခြား ဆက်ဆံမှုသာဖြစ်သည်။ မင်းတိုင်း ပုဏ္ဏားတိုင်း စာရိတ္တကောင်းလျှင် လူတန်းစား ခွဲခြားပြီး ဇာတ်မြင့်ဟု သတ်မှတ်မှုသည် သဘာဝမကျပေ။ ယဇ်ပူဇော်နည်း သည် သူတစ်ပါး အသက်သတ်၍ ကိုယ်ချမ်းသာရှာမှုသာဖြစ်၍ မမှန်ပေ။ ထို့ကြောင့် မဇ္ဈိမဒေသလူမျိုးကို ပယ်ချလိုက်သည်။

ဟိမဝန္တာတောင်ခြေရှိ သကျသာကီဝင်လူမျိုးတို့သည် ဗြဟ္မာလူမျိုးနွယ်ဖြစ်ကြသည်။ မွန်ဂိုနွယ်တို့မှာ ဆွေမျိုးအုပ်စုကိုသာ အလေးထားကြပြီး အခြားဆွေမျိုးအုပ်စုအနွယ်များကို ရန်သူဟု သဘောထားကာ ရန်လိုကြသည်။ မေတ္တာမညီမျှကြပေ။ အိမ်ထောင်တစ်ခုတွင် သားသမီးချင်းအတူ သားကြီးတစ်ဦးတည်းကိုသာ ဦးစားပေးပြီး အမွေဆက်ခံခွင့်အားလုံး သားကြီး တစ်ဦးတည်းသာ ဆက်ခံခွင့်ရှိကြသည်။ အခြားသားသမီးတို့ ဆက်ခံခွင့်မရှိပေ။ မေတ္တာ ညီမျှမှုမရှိသဖြင့် မေတ္တာပြည့်ဝသူများဟု ဆိုရန် ခက်ခဲသည်။ သမီးကို ယုတ်ညံ့သည်ဟု သဘောထားပြီး လင်ရသောအခါ လင်နောက်ထည့်လိုက်ပြီး မိသားစုစာရင်းမှ ပယ်ချလိုက်သည်။ သမီး၏ယောက္ခမအိမ်၌ ကျွန်ကဲ့သို့နေထိုင်ရမှု ဒုက္ခကိုပင် မစဉ်းစား၊ သားသမီးမေတ္တာ မမျှတပေ။ မဇ္ဈိမဒေသသားတို့မှာလည်း ဇာတ်စနစ်ဖြင့် လူချင်းခွဲခဲ့သည်။ အိမ်ထောင်စုတွင် သားကြီးကိုသာ ဆက်ခံခွင့်ပေးသည်။ သမီးသည် လင်ရလျှင် မိသားစုနှင့် ဆက်သွယ်ခွင့်မရ၊ အမွေမရတော့ပေ။ သို့ဖြစ်၍ လူ့အရည်အသွေးပြည့်ဝမှု အားနည်းကြသည်။

ရှေးဦး မြန်မာလူမျိုးအုပ်စုမှာ ဆွေမျိုးခွဲခြားမှု မရှိပေ။ အိမ်ထောင်စုတွင် မိဘနှစ်ဦးသည် တန်းတူပိုင်ဆိုင်သည်။ အမွေဆက်ခံရာတွင် သားသမီးရင်ခြားတို့သည် မိဘပစ္စည်းကို အညီအမျှ ခွဲဝေ

ယူကြရသည်။ လင်ရ မယားရကြသော်လည်း မိသားစုစာရင်းမှ ပယ်ဖျောက်မှု မရှိကြပေ။ သမီးသည် လင်ရ၍ အဆင်မပြေလျှင် မိသားစုများထံ အချိန်မရွေး ပြန်လာနိုင်ခွင့် ရှိသည်။ ပိတ်ပင်ထားမှု မရှိပေ။ ထို့ကြောင့် ရှေးဦးမြန်မာလူမျိုးအုပ်စုသည် မေတ္တာစေတနာ လူ့အရည်အသွေး ပြည့်ဝကြသည်။ ထို့ကြောင့် လူတို့က ဗြဟ္မာနှင့် တူသဖြင့် ဗြဟ္မာလူမျိုးဟု ခေါ်ခဲ့သည်။ထိုလူမျိုးမှ ဆင်းသက် လာသော ပျူလူမျိုးများသည် ဗြဟ္မာလူမျိုး သက္ကလူမျိုးဖြစ်၍ သက္ကလူမျိုးတို့သည် ဟိမဝန္တာတောင်ခြေသို့ရောက်လာကြပြီး နိုင်ငံတော်တည်ထောင်ခဲ့ကြသည်။

သကျလူမျိုးတို့သည် သက်ဦးဆံပိုင် ဘုရင်စနစ်ကိုပယ်ချ၍ သမ္မတစနစ်ဖြင့် ရွေးချယ်ခဲ့သည်။ အာဏာဆက်ခံရေးအတွက် သတ်ဖြတ်ညှင်းဆဲမှုကင်းကြသည်။ မြေယာပိုင်ဆိုင်မှုမှာလည်း စုပေါင်းပိုင်ဆိုင်ကြသဖြင့် မြေယာ ပြဿနာ လောဘ ဒေါသတို့ ကင်းဝေးကြသည်။

အထူးသဖြင့် သာကီဝင်တို့သည် ကမ္ဘဝါဒီကြိယဝါဒီ ရသေ့တို့ကို ကိုးကွယ်ကြသဖြင့် ကံကံ၏ အကျိုးကိုယုံကြည်ကြသည်။ ကမ္မသာကတာ သမ္မာဒိဋ္ဌိ လူမျိုးများဖြစ်ကြသည်။ ကံကိုယုံကြည်ကြသဖြင့် သာကီဝင်တိုင်း ငါးပါးသီလပြည့်ဝကြသည်။ လူသတ်မှု ခိုးမှု မုဒိမ်းမှု ကာမဂုဏ်ဖောက်ပြန်မှု လိမ်ညာပြောဆိုမှု ကြမ်းတမ်းစွာ ဆဲဆိုပြောဆိုမှု ဂုံးတိုက်၍ချစ်ကြည်ရေး ပျက်ပြားအောင် ပြောဆိုမှု အကျိုးမရှိ စကားပြောဆိုမှု မရှိကြပေ။ သမ္မာအာဇီဝကျကျ အသက်မွေးကြသဖြင့် မိစ္ဆာဇီဝအလုပ်ဖြစ်သော သတ္တဝါဏိဇ္ဇ လူကုန်ကူးမှု ကျွန် တိရစ္ဆာန်ရောင်းဝယ်မှု မပြုပေ။

မံသဝါဏိဇ္ဇ – တိရစ္ဆာန်မွေး၍ သတ်ဖြတ်ရောင်းချမှု မပြုကြပေ။
သတ္တဝါဏိဇ္ဇ – လက်နက်ကုန်သွယ်မှု မပြုကြပေ။
မဇ္ဇဝါဏိဇ္ဇ – အရက်သေစာရောင်းဝယ်မှုမပြုကြပေ။
ဝိသဝါဏိဇ္ဇ – အဆိပ်ရောင်းဝယ်ခြင်းမပြုကြပေ။

ကာမေသု မိစ္ဆာစာရ ပြစ်မှု မဖြစ်စေရန် လက်ထပ်ကြသောအခါ မောင်နှ မချင်းသာ လက်ဆက်ကြသည်။ လင်မယားနှစ်ဦးစလုံး၏

မိဘများမှာ ဆွေမျိုးရင်းခြားဖြစ်ကြသဖြင့် သူ့ဘက်ကိုယ့်ဘက် ဘက်ဆွဲမှု ကင်းဝေးကြသည်။ လင်မယားနှစ်ဦးစလုံးမှာ ဆွေမျိုးများဖြစ်ကြသဖြင့် နှစ်ဘက်မိဘများက ဆုံးမနိုင်ကြသည်။ ဤသို့ဖြင့် အိမ်ထောင်ရေး ပြဿနာ ကင်းဝေးကြသည်။

တစ်ဦးချင်း ငါးပါးသီလမြဲသဖြင့် လူကောင်းများဖြစ်ကြသည်။ တပြည်လုံး လူမျိုး တစ်မျိုးလုံး အားလုံး ငါးပါးသီလမြဲကြသဖြင့် စာရိတ္တ သီလ ပြည့်စုံကြသည်။ လူတော်လူကောင်း သူတော်ကောင်းတို့ဖြစ်ကြ သည်။ သာကီဝင်တို့သည် ကြီးစဉ်ငယ်လိုက်ရှိခိုးကြရသည်။ အလေး အမြတ်ပြုကြရသည်။ အကြီးစကားကို အငယ်က မြေဝယ်မကျ နား ထောင်ကြရသည်။ ထို့ကြောင့် သာကီဝင်လူမျိုးသည် <u>ပရမသေဋ္ဌကုလ</u> အမြတ်ဆုံးလူမျိုးဖြစ်သည်။ အမြတ်ဆုံးလူမျိုး ကိုယ်ကျင့်သီလ စာရိတ္တ နှင့်ပြည့်စုံသော မြင့်မြတ်စင်ကြယ်သော လူမျိုးဖြစ်၍ သီလထိပ်ခေါင် တင် ဘုရားအလောင်းသည် ကုလအရ ရွေးချယ်လိုက်ခြင်းဖြစ်ပေသည်။

[illegible]

[illegible]

[illegible]

[illegible] [illegible]

[illegible] [illegible]

[illegible] [illegible]

[illegible] [illegible]

[illegible]

# ဒွိဒသမပိုင်း

## ဘာမထိ မဟာအာဇာနည် သာကီမျိုးဟော့ ဒို့ဗမာ

ဗုဒ္ဓဘာသာတရားတော်အရ လူ့အပါအဝင် သက်ရှိဟူသမျှသည် မိမိပြုခဲ့သော အတိတ်ကံ ပစ္စုပ္ပန်ကံကြောင့် အစမထင်သော သံသရာဝယ် ကျင်လည်ခဲ့ရသည်။ ဗုဒ္ဓမပေါ်မီအချိန်က သတ္တဝါမှန်သမျှကို မြင်နေရသဖြင့် သတ္တလောကရှိသည်ကို လက်ခံကြသည်။ ထိုသတ္တဝါတို့အတွက် နေထိုင်စရာ တောတောင်ရေမြေ နေလ နက္ခတ်တာရာ စကြဝဠာတို့ကို တွေ့ရသဖြင့် ဩကာသလောကရှိသည်ကိုလည်း လက်ခံကြသည်။ သတ္တဝါမျိုးစုံတို့ ဘုံဘဝ မျိုးစုံသို့ ကျင်လည်ပြောင်းရွှေ့နေရသည်ကို တွေ့လာကြပြန်သဖြင့် မည်သို့ ပြောင်းရွှေ့ကျင်လည်သံသရာလည်နေရသည်ကို သိလိုကြသည်။ ထိုအခါ လူတို့သည် သတ္တဝါတွေရဲ့အစ စကြဝဠာကမ္ဘာမြေရဲ့အစ သံသရာကြီးရဲ့အစ ကို သိလိုလာကြသဖြင့် မေးမြန်းစူးစမ်းကြသည်။ မိမိတို့ ထင်ရာ မြင်ရာ အယူအဆဝါဒမျိုးစုံကို ပြောကြသော်လည်း လူအားလုံး လက်ခံနိုင်သော ဝါဒဟူ၍ မရှိခဲ့ပေ။ ထို့နောက်တွင်မူ သတ္တဝါတို့တွင် နတ်တွေက ပို၍ တန်ခိုးရှိသည်ဟု အထင်ရောက်ကာ နတ်တို့ကို ကိုးကွယ်လာကြသည်။ နတ်တွေကို ကိုးကွယ်ရာမှ နတ်တို့ထက် တန်ခိုးကြီးသည်ဟု အထင်ရောက်ကာ ဗြဟ္မာကိုးကွယ်မှု စတင်လာတော့သည်။

ထို့နောက်တွင်မူ ဗြဟ္မာသည် အနန္တတန်ခိုးရှင်ဖြစ်သည်။ ထိုဗြဟ္မာတွင် ဖန်ဆင်းနိုင်သောစွမ်းအားအပြည့်ရှိသည်ဟု ယုံကြည်လာကြသည်။ ထို့နောက်တွင်မူ ဤသတ္တဝါတွေ တိရစ္ဆာန်တွေ လူနတ်တွေကို မဟာဗြဟ္မာကြီးကပင် ဖန်ဆင်းသည်ဟု ဣဿရနိမ္မာနဝါဒခေါ် ဖန်ဆင်းရေးဝါဒပေါ်လာ သည်။ ဗြဟ္မာကြီးသည် သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာထဲသို့ အတ္တခေါ် အသက် လိပ်ပြာဝိညာဉ် ဇီဝကောင်လေးကို ထည့်သွင်း ဖန်ဆင်းပေးလိုက်သည်။ ထိုအတ္တ

ကောင်လေးသည် ထာဝရမြဲသည်။ ရုပ်ခန္ဓာကြီး အိုဆွေးသောအခါ သေသွားပြီး ဘဝသစ်တစ်ခုသို့ ပြောင်းသွားသည်။ အတ္တမှာ မသေ၊ ထာဝရမြဲသည်။ ဘဝတစ်ခုမှ ဘဝတစ်ခုပြောင်းပြီး သံသရာလည်နေသည်။ ဗြဟ္မာထံရောက်စေရန် ယဇ်ပူဇော်ရမည်ဟု ယုံကြည်ကြသဖြင့် အတ္တဝါဒ ဇာတ်ခွဲခြား ဖန်ဆင်းမှု ဇာတ်ဝါဒ၊ ယဇ်ဝါဒတို့ ပေါ်ပေါက်လာသည်။

ဗြဟ္မာကို ကိုးကွယ်သော ဗြာဟ္မဏဝါဒပေါ်ပေါက်လာသည်။ ဗြဟ္မာကြီးသည် ကမ္ဘာမြေကြီးကိုလည်း ဖန်ဆင်းသည် ဆက်လက်ဟောပြောလာကြသည်။ ထို့ကြောင့် မဟာဗြဟ္မာကြီးသည် သတ္တလောက ဩကာသလောက သံသရာကျင်လည်မှုတို့ကို ဖန်ဆင်းသည်ဟူသော အယူဝါဒကြီးထွားလာ သည်။ ယနေ့အချိန်ထိ ဘာသာဝါဒအမျိုးမျိုးတွင်၍ ဖန်ဆင်းရှင်အမျိုးမျိုး ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ တကယ့်အဖြေမှန်ကို သိလိုသော သူတို့ကမူ လက်မခံကြပေ။ သို့သော်လည်း မည်သူမျှ အဖြေမှန်မရသေးချိန်ကမူ မှန်သယောင်ယောင် လက်ခံခဲ့ကြသည်။

ဂေါတမဗုဒ္ဓသည် မဇ္ဈိမဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ လောက်က ပွင့်တော်မူလာသည်။ ဗုဒ္ဓပွင့်တော်မူလာသောအခါ လောကကြီးအကြောင်းကို တိတိကျကျ ခိုင်ခိုင်မာမာ မှန်မှန်ကန်ကန် ဟောပြတော်မူခဲ့ပါသည်။ မည်သည့်ဖန်ဆင်းရှင်မရှိ၊ ဤလောကကြီးကိုလည်း မည်သည့် ဖန်ဆင်းရှင် ဖန်ဆင်းသည်မှ မဟုတ်။ အမှန်စင်စစ်မူ သတ္တဝါတို့ သန္တာန်တွင်ရှိသော ရုပ်နာမ်တရား နှစ်ပါးတို့ဖြင့် ကိုယ် နှုတ် စိတ်ကို အသုံးပြုကာ ကောင်းမှု မကောင်းမှုကို ပြုလုပ်ခဲ့သဖြင့် ထိုအကျိုးကို ရရှိကာ သံသရာလည်ရခြင်း ဖြစ်သည်။ ကံကိုပြုလုပ်ခဲ့သဖြင့် ကံအကျိုးကို ခံစားရခြင်းဖြစ်သည်။ မိမိတို့ ပြုလုပ်သော ကံအရ သံသရာလည်ရသည်ဟူသော ကမ္မဿကတာ သမ္မာဒိဋ္ဌိအမြင်မှန်ကို ဟောတော်မူခဲ့သည်။ ဗုဒ္ဓဝါဒကို မဇ္ဈိမဒေသအပါအဝင် လူတို့က လက်ခံကြသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒသည် ထိုအချိန်က ကမ္ဘာ့လူဦးရေ၏ ၈၀ရာခိုင်နှုန်းကျော် ယုံကြည်ကိုးကွယ်သော ဝါဒဖြစ်လာသည်။ သဘာဝတရားကို အလေးထားလက်ခံကြသော ပညာရှင်နှင့် ပုံမှန် အသိဉာဏ်ရှိသူတို့က အဆက်မပြတ် ကိုးကွယ်မှုကြောင့် ဗုဒ္ဓဘာသာသည်

ကမ္ဘာ့ကိုးကွယ်ရာ ဘာသာကြီးဖြစ်ခဲ့သည်။

ဂေါတမဗုဒ္ဓသည် မဇ္ဈိမဒေသသား မဟုတ်သည့် သာကီဝင်လူမျိုး ဖြစ်သည်။ မဇ္ဈိမဒေသကို ကြီးစိုးနေသော ဟိန္ဒူ ဗြာဟ္မဏ အာရီယန်တို့သည် သူတို့ကိုယ်သူတို့ ဇာတ်မြင့် အထက်တန်းစား လူမြတ်များဖြစ်သည်ဟု ယုံကြည်နေကြသည်။ ဂေါတမဗုဒ္ဓ၏ လူမျိုးမှာ သကျလူမျိုးဖြစ်သည်။ သကျလူမျိုးသည် ဇာတ်နိမ့်ဖြစ်သည်။ သကျနိုင်ငံမှာလည်း မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကြီး၏ နံရံတွင် ကပ်နေရသော သေးငယ်သည့် နိုင်ငံပေါက်စလေး ဖြစ်သည်။ ဆင်းကျောင်းစားရသည့် အိုးအိမ်မဲ့သူများ ဖြစ်သည်။ လူကြမ်း လူညံ့ ပညာမဲ့ လူဆင်းရဲ မွဲတေပြာကျနေသော လူမျိုးဖြစ်သည်။ ဣတ္ထလူတန်းစား သကျတွေက မဇ္ဈိမဒေသ၏ မဟာပဏ္ဍိတ်ဗြာဟ္မဏ ပညာရှိတို့ကို ပခုံးချင်း ပြိုင် အနိုင်ယူနေသည်မှာ မခံချင်စရာ ဖြစ်နေသည်။

မဟာဗြဟ္မာကြီး၏ အတ္တဝါဒကို အနတ္တဝါဒဟု ပြောင်းပြန်ပြောနေသည်။ ဗြဟ္မာကြီး၏ လူတန်းစား ဇာတ်ဝါဒကိုလည်း ဒဏ္ဍာရီပုံပြင် ယုံချင်စရာ မရှိသော လူနှင့် လူမတူမတန် အဆင့်ခွဲပြီး နေရာကောင်းကိုယူထားသည့် လူလိမ်ဝါဒဟု အပုပ်ချခဲ့သည်။ ဗြဟ္မာကိုပူဇော်ရသည့် ယဇ်ဝါဒကိုလည်း အဝီစိ ကျိုးကပ် မည့် အလဇ္ဇီ ဒုသီလငရဲသို့ ပို့ဆောင်ရေးဝါဒဟု ရှုံ့ချတားမြစ်နေသည်။ ဂေါတမဗုဒ္ဓသည် မဇ္ဈိမဒေသကို ဖြိုခွဲရန် လှည့်လည်ဟောပြောနေသူဖြစ် သည်။ ယခုဘဲကြည့်ပါ။ မဇ္ဈိမဒေသ၏ လူအများဆုံး ဗြာဟ္မဏဝါဒကို စွန့်၍ ဗုဒ္ဓဝါဒ နောက်လိုက်ကုန်ကြပြီ၊ ထို့ကြောင့် ဗြာဟ္မဏဝါဒီတွေ မှတ်ထားကြပါ။ သမဏာ ဗြဟ္မနော ပိဋိပါဒတော နိကန္တာ ဂေါတမရဲ့တပည့် ရဟန်းတော်တွေဟာ မဟာဗြဟ္မာကြီးရဲ့ ခြေဖမိုးက ဖန်ဆင်းထားတဲ့ အညံ့တကာ့ အညံ့ဆုံးဦးပြည်း ကတုံးတွေဟု စွပ်စွဲကြသည်။ ဝါဒစွဲ ပြင်းထန်လှသည့် ဗြာဟ္မဏအရိုးစွဲတို့က ဗုဒ္ဓ ကို ပယ်ရှားလိုကြသည်။ ရှေးတုန်းက ဗြာဟ္မဏတို့သည် သူတို့နှင့် ဆန့်ကျင် သူကို ယဇ်ပွဲကျင်းပကာ မပါပါအောင် ဆွဲသွင်းပြီး သုတ်သင်ခဲ့ကြသည်။ စန္ဒကုမာရဇာတ်တော်ကို ကြည့်ပါက ပုဏ္ဏားတို့သည် ယဇ်ပူဇော်မှုဖြင့် စည်းရုံးကာ နတ်ပြည်သို့ ချက်ချင်းရောက်လိုသော ဘုရင်ကြီးအား စည်းရုံးပြီး မိမိတို့ ပုဏ္ဏားများက ယဇ်ပုရောဟိတ်ရာထူးကိုရယူကာ မိမိတို့ ရန်သူ အိမ်ရှေ့မင်းသား

စန္ဒကုမာရအပါအဝင် သားတော် သမီးတော်ကို သုတ်သင်ရန် ယဇ်ပွဲ ဖန်တီးခဲ့သည်။ ယခုမူ ဂေါတမဗုဒ္ဓနောက်သို့ ခတ္တိယဘုရင်များ သူဌေးသူကြွယ်များ ပြည်သူတပြည်လုံးတို့ပါဝင်နေပြီဖြစ်၍ ဂေါတမဗုဒ္ဓနှင့် တပည့်သာဝကများကို ယဇ်ပွဲဖြင့် နှိပ်စက်ရန်လည်း မဖြစ်နိုင်တော့။ ထို့ကြောင့် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ကို အားမတန်၍ မာန်လျော့ခဲ့ရသော်လည်း ဗြာဟ္မဏတို့မှာ အမြဲတန်း ဆင်ကြံကြံနေခဲ့သည်။ ဗုဒ္ဓမရှိသည့်နောက် အသောကမင်းကြီး လက်ထက်ထိ ဗြာဟ္မဏတို့ နောက်ဆုတ်နေခဲ့ကြရသည်။ အသောကမင်းကြီး နတ်ရွာစံပြီးချိန်မှစ၍ ဗြာဟ္မဏတို့ တစ်စခန်းထကြတော့သည်။ နည်းမျိုးစုံ အကောက်ဉာဏ်သုံးကာ ဗုဒ္ဓဘာသာခေါင်းဆောင် ရဟန်းတော်တို့ကို စတင်ဖြုန်ခွဲတော့သည်။ ဝါဒပြိုင်ပွဲတွေကျင်းပပြီး အရှုံးပေးကာ ဇာက်ဖြတ်သတ်ခဲ့သည်မှာ ဘာသာရေးသမိုင်းတွင် အရိုင်းဆုံးကုဋ္ဌေနှင့်ချီ၍ သတ်ခံခဲ့ရသည်။ နှစ်ပေါင်းများစွာ အသတ်ခံခဲ့ရသဖြင့် ဗုဒ္ဓဝါဒသည် စတင်ပေါက်ဖွားရာ ဇာတိမြေ မဇ္ဈိမဒေသမှ ပျောက်ကွယ်ခဲ့ရသည်။ ဗြာဟ္မဏတို့၏ အာဃာတကြွေးကား ကြောက်မက်စရာကောင်းလှသည်။ မိစ္ဆာဝါဒလက်ကိုင်ထားသူများပီပီ မိမိတို့၏ မိစ္ဆာဝါဒကျယ်ပြန့်ရေးအတွက် သစ္စာဝါဒီများကို ရက်ရက်စက်စက် လူအားအာဏာအား လူတန်းစားညင်ဖြင့် အပြတ်ရှင်းခဲ့ကြသည်။

ဗုဒ္ဓသည် သက်တော်ထင်ရှားရှိစဉ်မှစ၍ နောက်ထပ် နှစ်ပေါင်းများစွာ ဘာသာခြားလူမျိုးခြားတို့၏ မလိုမုန်းတီးမှုကို ကြံ့ကြံ့ခံကာ စစ်မှန်သောဘာသာ သာသနာ ပြန့်ပွားရေးအတွက် ရန်သူဝိုင်းဝိုင်းလည်နေသော မဇ္ဈိမကို အာဇာနည် မဟာလူသားများ ပီပီ ဘာမထီကြောက်ရွံ့နောက်တွန့်မနေဘဲ ရဲရဲဝံ့ဝံ့ သာသနာပြုခဲ့သည်။ သကျလူမျိုးတို့သည် အမှန်တရားကို ဖြန့်ဝေရာ၌ မေတ္တာတရားကို ရှေ့တန်းတင်ကာ သစ္စာတရားကို ဖြန့်ဖြူးခဲ့သည်။ သာကီဝင်လူမျိုးဂေါတမဗုဒ္ဓနှင့် သာဝကများစွာတပည့် ရဟန်းများ၊ သီလရှင်များ၊ ဒါယကာ ဒါယိကာမများသည် တကမ္ဘာလုံးရှိ ကမ္ဘာသူ ကမ္ဘာသားများ၏ ဘဝတစ်လျှောက် ငြိမ်းချမ်းသာယာရေး သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်၍ ထာဝရချမ်းသာရရှိရေးအတွက် ဘာမထီစိတ်ဓာတ် မဟာအာဇာနည်စိတ်ဓာတ် သာကီဝင်စိတ်ဓာတ်ဖြင့် ဆက်လက်သာသနာပြုနေကြမည်သာ ဖြစ်သည်။

သာကီဝင် ဗုဒ္ဓသည် ကျွတ်ထိုက်သသူ နတ် လူ ဗြဟ္မာ သတ္တဝါတို့အတွက် နေ့ည မရှောင် နေပူမိုးရွာမရှောင် တနပ်ဆွမ်းကိုသာ ဘုဉ်းပေးပြီး လူတို့ စွန့်ပစ်သော ပံ့သကူသင်္ကန်းကို ဝတ်ကာ သစ်တစ်ပင် ဝါးတပင် အောက်တွင် သီတင်းသုံးနေတော်မူပြီး ၂၄ နာရီ တစ်နေ့တာအတွက် ၁ နာရီ မိနစ် ၂၀လောက်သာ ခန္ဓာကိုယ်အတွက် ခေတ္တအနားယူပြီး လူနတ် ဗြဟ္မာတို့အတွက် အပင်ပန်းခံခဲ့သည်။ ခန္ဓာကိုယ်ကြီးသက်သာမှု ဖိမ်ရှိမှု အရသာရှိမှု ဘုန်းတန်ခိုးကြီးမှု အာဏာရှိမှုကို ပယ်စွန့်တော်မူပြီး အတိုက်အခံများ၊ သတ်ရန်ကြိုးစားသူများ ဆန့်ကျင်တိုက်ခိုက်လိုသော တိရစ္ဆာန်များ နတ် နဂါး ဘီလူးရန်များ ဝါဒချင်းပြိုင် အနိုင်ယူလိုသော ဗြာဟ္မဏဝါဒီ မိစ္ဆာဒိဋ္ဌိများကို မေတ္တာစိတ်ဓာတ်ဖြင့် အနိုင်ယူခဲ့သည်။ ဘာမထီသည့် မဟာအာဇာနည်စိတ်ဓာတ်ပိုင်ရှင် သာကီဝင်တို့၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ တပည့်အဆက်ဆက်ကိုလည်း မေတ္တာစိတ်ဓာတ်ဖြင့် ဘာမထီ မဟာအာဇာနည် လမ်းစဉ်ကို လိုက်စေပြီး သာသနာတော်ကြီးကို ဆထက်ထမ်းပိုး တိုး၍ သာသနာတော်ပြုနိုင်ကြရန် မိမိ၏ သာသနာ့တာဝန်ကို မိမိ၏ အမျိုးတော်များဖြစ်ပြီး သာသနာ့အမွေဆက်ခံကြမည့် မြန်မာပြည်သူတို့ထံအရောက် သာကီဝင်လူမျိုးတို့အရောက် ပြန်ခဲ့လေသည်။

## ဘာမထီ

သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာဘုရားရှင်ထံတော်ပါးဝယ် ပန်ဆင်ခဲ့သော ဘုရားဆု သမ္မာသမ္ဗောဓိဆုပြည့်ဝစေရန်အတွက် ဒါန သီလ ခန္တီ နေက္ခမ္မ, ပညာ, ဝီရိယ, သစ္စာ, အဓိဋ္ဌာန, မေတ္တာ, ဥပေက္ခာ, ပါရမီ ဆယ်ပါးကို စရိယာ ၃ ပါး စွန့်ခြင်းကြီးငါးပါး ပါရမီအပြားသုံးဆယ်အပြည့်အဝထား၍ ဖြည့်ကျင့်ခဲ့သည်။ ခန္တီပါရမီအရ လောကဓံတရားများကို သည်းခံ၍ မည်သည့်အနစ်နာခံမှုကိုမျှ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ပါရမီဖြည့်ခဲ့သည်။ ဘုရားဖြစ်ရေး အမျိုးများကောင်းစားရေး လောကတစ်ခုလုံးကောင်းစားရေးအတွက် နိုင်ငံစွန့် သားသမီးစွန့် မယားစွန့် ကိုယ်အင်္ဂါစွန့် အသက်ကိုပင်နောက်မတွန့်ဘဲ ရှေ့သို့သာ တိုးတက်ဖြည့်ကျင့်ခဲ့သဖြင့် ဘုရားဖြစ်လာသောအခါ မည်သည့်

အန္တရာယ်မှ မဖြစ်ပွားခဲ့ပေ။

**မဟာအာဇာနည်**

ဂေါတမဗုဒ္ဓသည် ဘုရားဆုကို စိတ်ဖြင့် ၇ အသင်္ချေ ဆုပန်ခဲ့သည်။ ထိုကာလအတွင်း ပွင့်တော်မူခဲ့သော ဘုရားဆူပေါင်း ၁၂၅၀၀၀ ထံ ဆုပန်ခဲ့သည်။ နှုတ်ဖြင့် ဖွင့်ဟ၍ ၉ အသင်္ချေကြာ ဆုပန်ခဲ့သည်။ ဘုရားဆူပေါင်း ၃၈၇၀၀၀ ထံ ဆုပန်ခဲ့သည်။ ၁၆ အသင်္ချေ ကာလအတွင်း ပွင့်တော်မူခဲ့သော ဘုရားရှင်ပေါင်း ၅၁၂၀၀၀တို့ထံ ဆုပန်ခဲ့သည်။ ဒီပင်္ကရာဘုရားရှင်ထံတော်ပါးမှ ကိုယ် နှုတ်စိတ်ဖြင့် ဘုရားဆုပန်ခဲ့ရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာခဲ့ပြီး ပါရမီဖြည့်ခဲ့သည်။ ဘုရားဖြစ်ရေးအတွက် အသင်္ချေ ၂၀ ကြာမြင့်ခဲ့ပြီး ဘုရားအဆူပေါင်း ၅၁၂၀၂၈ဆူတို့ထံ ဆုယူဆုတောင်း ပါရမီဖြည့်ခဲ့သည့်အတွက် သာကီဝင်မင်းသား ဂေါတမဘုရားအဖြစ် ပွင့်တော်မူခဲ့သည်။

ဘုရားတစ်ဆူ ပွင့်တော်မူရေးသည် လွန်စွာခဲရင်းသောအလုပ်ဖြစ်သည်။ ဗုဒ္ဓုပ္ပါဒေါဒုလ္လဘောဟု ဟောတော်မူသည်။ ထိုမျှ အချိန်ကြာကြာ ဘုရားအဆူပေါင်း များစွာထံ ဆုပန်ပါရမီဖြည့်ခဲ့သဖြင့် ဘုရားဖြစ်သောအခါ ဝယ် ဂုဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တ ဉာဏ်တော်အနန္တ ရရှိတော်မူသည်မှာ သဘာဝကျပေသည်။ မိမိ၏ လုပ်ဆောင်ချက်အရ အကျိုးတရား ပြန်လည်ရရှိခြင်းဖြစ်သည်။ ဖန်ဆင်းရှင်ကြောင့် ဘုရားဖြစ်လာရခြင်းမဟုတ်ပေ။ ဘုရားဖြစ်သောအခါ ကိလေသာ အာသဝေါတရားအားလုံးတို့ အထုံအငွေ့ ဓလေ့စရိုက် အနုသယလုံးဝကင်းစင် ကုန်ခမ်းခဲ့သည်။

ဘုရားအလောင်းဘဝ ပါရမီဖြည့်ခဲ့ပြီး ဆုတောင်းဆုယူပြုခဲ့သဖြင့် ဘုရားနှင့် ဆက်စပ်နေသော ဘုရားအမျိုး ဘုရားအလောင်းဖွားရာမြေ၊ ဘုရားအလောင်းနိုင်ငံ စသည်တို့သည်လည်း ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသဖြင့် အခြားနိုင်ငံ အခြားလူမျိုးတို့ထက် အလွန်မြင့်မြတ်အထက်တန်းကျသည်မှာ သဘာဝဖြစ်သည်။ ကံတရား၏ အကျိုးပေးဖြစ်သည်။ ထို့ကြောင့် ဘုရာအမျိုး အဆွေနိုင်ငံ, ရေမြေ, ဟူသမျှသည် ကောင်းမွန်မြင့်မြတ်ရသည်မှာ ကံ၏

အကျိုးပေးသာဖြစ်သည်။

သတ္တဝါတစ်ဦးအတွက် ကိလေသာသည် အဆိုးဆုံးဖြစ်သည်။ ကိလေသာရှိနေသမျှ ယုတ်ညံ့သူသာဖြစ်သည်။ ထိုကိလေသာအညံ့တရားများကို ပယ်သတ်နိုင်သူသည် အာဇာနည်ဖြစ်သည်။ ခေမာမိဖုရားကြီးသည် တရားထူး ရ၍ အာဇာနည် ရဟန္တာထေရီဖြစ်သောအခါ မြတ်စွာဘုရားကို ဂုဏ်ပြုပူဇော်သည်။

နမော တေ ပုရိသာဇည၊ နမောတေပုရိသုတ္တ မ

ယဿတေ အာသဝါခီဏာ၊ ဒက္ခိဏေယျာသိ မာရိသ

အို အရှင်မြတ်ဘုရား၊ အရှင်ဘုရား၏သန္တာန်တော်တွင် ကိလေသာ အာသဝအယုတ်တရား အပုပ်တရားတို့ ကင်းစင်ကုန်ခမ်းခဲ့ပါပြီဘုရား။ ကိလေသာ အာသဝကုန်စင်အထုံအငွေ့ပါမကျန် ပျောက်ကွယ်ခဲ့ပြီဖြစ်သ ဖြင့် အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်ပါပြီဘုရား။ ယောကျ်ားတကာ တို့တွင် အမြတ်ဆုံးဖြစ်သော ရှင်တော်ဘုရားကို လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။ အို ယောကျ်ား၊ အာဇာနည်ဖြစ်တော်မူသော မြတ်စွာဘုရား အရှင်မြတ်ဘုရား သည် မိမိကိုယ်တော်တိုင် ကိလေသာအညစ်အကြေး ကင်းဝေးရုံသာမက အခြားသူပေါင်းများစွာကိုလည်း ကိလေသာ အပူအညစ်အကြေးကင်းဝေး အောင် ဟောပြတော်မူသဖြင့် အာဇာနည် ထိပ်တင် ရဟန္တာ အာဇာနည်တို့ အခေါင် အမျိုး မဟာအာဇာနည်ကြီးဖြစ်တော်မူပါပေ၏ ဘုရား။

ထို့ကြောင့် အာသဝေါတရားဆိုး တရားညံ့ တရားယုတ်တို့ကို ဝါသနာ ဓလေ့ အထုံအငွေ့ပါမကျန် ကိုယ်တော်တိုင် ပယ်သတ်တော်မူနိုင်ပြီး အခြား ဝေနေတို့ကိုလည်း အာသဝကင်းကွာ အာဇာနည်ရဟန္တာများဖြစ်အောင် ဟော ပြတော်မူနိုင်သဖြင့် **မဟာအာဇာနည်အစစ်ဖြစ်တော်မူပါပေသည်။**

**သာကီမျိုးဟော့**

ဂေါတမဘုရားရှင်သည် သကျသာကီဝင်လူမျိုးဖြစ်သည်။ သာကီဝင် မင်းမျိုးသည် ကမ္ဗဝါဒီ ကိရိယဝါဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိများ ဖြစ်ကြ သည်။ ကံကံ့အကျိုးကို ယုံကြည်ကြသဖြင့် ငါးပါးသီလကို ကိုယ်ဝတ်ပမာ မြဲ

မြဲမြံလုံခြုံစွာ စောင့်ထိန်းကြသည်။ သာကီဝင်လူမျိုး တစ်မျိုးလုံး သီလနှင့် ပြည့်စုံကြသဖြင့် ပရမသေဋ္ဌ ကုလ အမြတ်ဆုံးလူမျိုးဟု လူတိုင်းက အသိအမှတ်ပြုထားကြသည်။ အမျိုးပျက်မည်စိုးသဖြင့် အချင်းချင်းသာ လက်ထပ်ကြသည်။ ကြီးစဉ်ငယ်လိုက် ရှိခိုးကြရသည်။ ကြီးသူ စကားကို ငယ်သူက နားထောင်ကြရသည့် ဘဝပေါင်းများစွာ ပါရမီကုသိုလ်ပြုခဲ့ကြသဖြင့် မြင့်မြတ်ကြသည်။ ထို့ကြောင့် **သာကီမျိုးဟေ့** ဟု ရဲရဲဝံ့ဝံ့ကြွားဂုဏ်ယူမြွက်ဆိုကြသည်။ ဘုရားရှင်က သာကီဝင်မျိုးကို ဂုဏ်ပြုလေ့ရှိသည်။ သကျကုလာပဗ္ဗဇိတော သာကီဝင်မင်းမျိုးမှ ရဟန်းဝတ်လာသည်ဟု သကျမျိုးကို ဣဿဇာတ်နိမ့်ဟု အထင်ရောက်နေကြသော အာရီယန်ဘုရင်တို့ကို မိန့်တော်မူခဲ့သည်။

သကျပုတ္တ


ဘုရားရှင်၏ သာသနာ့ဝန်ထမ်းရှင်ရဟန်းဟူသမျှတို့ကို သကျပုတ္တဟု သမုတ်ခဲ့သည်။ သာကီဝင်မင်းသားမြတ်ဘုရား၏ ရင်မှဖြစ်သည့် တပည့်သား ရဟန်းတော်များဟု ခေါ်ဝေါ်ခဲ့သည်။ ဘုရားရှင်က မိမိကို ကိုးကွယ်ကြသူ ရဟန်းရှင်လူ ဟူသမျှကို သကျပုတ္တဟုခေါ်လိုသော်လည်း ရဟန်းတော်များမှာ မိမိသာသနာ၏ ခေါင်းဆောင်များဖြစ်၍ သာသနာ့ခေါင်းဆောင်များကို သီးသန့်ဘွဲ့ထူးဂုဏ်ထူးအဖြစ် မိမိလူမျိုးနှင့် တန်းတူထားကာ သကျပုတ္တဟု ဘွဲ့ထူးအပ်ခဲ့သည်။ ရှင်တော် ဗုဒ္ဓသည် သကျဟူသော ဝေါဟာရကို လွန်စွာမြတ်နိုးတော်မူသည်။

မိမိကိုယ်တော်ကိုလည်း သကျကုလာ ပဗ္ဗဇိတော ဟု ဂုဏ်ယူ၍ သကျလူမျိုးဟု အမွှမ်းတင်ခဲ့သည်။ ရဟန်းသံဃာတော်များကိုလည်း သကျပုတ္တဟု ဘွဲ့အပ်ခဲ့သည်။ သကျလူမျိုးမှာ ပါရမီရှင်လူမျိုးဖြစ်၍ ဂုဏ်တင်ကာ သကျ သက္က သာကိယဟု ဘုရားရှင် ကိုယ်တော်တိုင် ဂုဏ်ပြု အလေးထားခဲ့ရသည့် လူမျိုးဖြစ်၍ လူသားအားလုံး ပူဇော်ရ ဂုဏ်ပြုရ အလေးထားမမေ့ ပျောက်ရမည့် လူမျိုးဖြစ်ပေသည်။

## သာကီဝင်တို့တကောင်းမင်းဆက်ကို တည်ထောင်ကြခြင်း


ဝိဋ္ဋူဘဘေးကြောင့် သက္ကျသာကီဝင်လူမျိုးတို့သည် ကပိလဝတ္ထုနေပြည်တော်မှ အပြီးတိုင် စွန့်လွှတ်ဆုတ်ခွာခဲ့သည်။ ကောသလမင်းကြီးက ဘုရားရှင်နှင့် သာဝတ္ထိမြို့တွင် နှစ်ပေါင်းများစွာ အတူတကွနေထိုင်ခဲ့ရာမှ သက္ကျလူမျိုးတို့ကို ဆွေမျိုးတော်စပ်လိုလာသည်။ ထို့ကြောင့် သာကီဝင်မင်းကြီးမဟာနာမ်ထံ သာကီဝင်မင်းသမီးတစ်ဦးပေးရန် တောင်းပန်သည်။ မိဖုရားကြီးအဖြစ် တင်မြှောက်ပါမည်ဟု ကတိပြုခဲ့သည်။ သာကီဝင်လူမျိုးတို့၏ သန္ဓာဂါရလွှတ်တော်မှ အသမ္ဘိန္နမှုအရ လူမျိုးကွဲ လူမျိုးခြားနှင့် သာကီဝင်လူမျိုးတို့ မပေးစားရဟု ပြဋ္ဌာန်းထားသဖြင့် ကောသလမင်းထံ သာကီဝင်လူမျိုး သမီးကညာ ပေးရန် အခက်တွေ့နေသည်။ နောက်ဆုံးတွင် မဟာနာမ်မင်းကြီးနှင့် ကိုယ်လုပ်တော်တစ်ဦးမှ မွေးဖွားလာသည့် ဝါသဘခတ္တိယာသည် သာကီဝင်မင်းသမီးတစ်ဦးအတိုင်းပင် ချောမောလှပသည့်အတွက် သာကီဝင် မင်းသမီးဟု လိမ်ကာ ပေးစားလိုက်သည်။ ဝါသဘခတ္တိယာသည် ကောသလမင်းကြီး၏ မိဖုရားကြီးဖြစ်သွားပြီး မကြာမီမှာပင် ဝိဋ္ဋူဘကို မွေးဖွားခဲ့သည်။

ဝိဋ္ဋူဘမင်းသား ၁၆ နှစ်သားအရွယ်ရောက်သောအခါ ကပိလဝတ္ထုရှိ သာကီဝင်ဆွေတော်မျိုးတော်တို့ထံ အလည်ရောက်ခဲ့သည်။ သာကီဝင်ထုံးစံအရ သာကီဝင်အချင်းချင်း ဖြစ်ပါမူ အငယ်က အကြီးကို ရှိခိုးရမြဲဖြစ်သည်။ ယခု ဝိဋ္ဋူဘမှာ သာကီဝင်မင်းသားမဟုတ်သဖြင့် ရှိမခိုးရစေရန် ငယ်သူတို့ကို တောသို့ ပို့ထားပြီး ကြီးသူတို့ကသာ ကြိုဆိုသည်။ ကြိုဆိုသူကြီးသူတို့ကို ဝိဋ္ဋူဘက ရှိခိုးရသော်လည်း သူ့ကို ရှိခိုးသူ မတွေ့ရသဖြင့် မေးကြည့်ရာ လူငယ်တို့ တောအရပ်သို့ သွားနေကြသည်။ သူတို့သာရှိလျှင် ရှိခိုးမှာ အမှန်ဖြစ်သည်ဟု နှစ်သိမ့်ပြီးမဏ္ဍပ်ထိုးကာ ပလ္လင်ခင်း၍ ကြိုဆိုခဲ့သည်။ ၇ ရက်လုံးလုံး ပျော်ပျော်ပါးပါး ဧည့်ခံခဲ့သည်။ စစ်သားများကိုလည်း အိမ်များက ခေါ်ပြီး ဧည့်ခံကြ အရက်တိုက်ကြသည်။ ၇ ရက်စေ့၍ ဝိဋ္ဋူဘပြန်သောအခါ အရက်မူးနေသော စစ်သားက နောက်ကျမှ ပြေးလိုက်ရသည်။ အရေးထဲ လက်နက်ကျန်ရစ်ခဲ့သဖြင့် ပြန်ယူရန်သွားသောအခါ ဧည့်ခံမဏ္ဍပ်ရှိ ဝိဋ္ဋူဘထိုင်သော ပလ္လင်ကို နွားနို့ဖြင့်ဆေးနေသည်ကို မြင်သဖြင့်မေးရာမှ




တကောင်းနှင့် အညာပုဂံမြို့ဟောင်းမြေပုံ

Old Tagaung Captial




မြန်မာရှေးဟောင်းတကောင်းမြေပုံ

ဝိဋ္ဋူဘ၏မယ်တော်မှာ ကျွန်မဖြစ်ကြောင်း ပြောလိုက်သည်။ ထိုသတင်းကို ကောသလမင်းကြီးသိသောအခါ ဝါသဘခတ္တိယာကို မိဖုရားကြီးအရာမှချကာ ကျွန်တန်းလျားသို့ ပို့သည်။ ဝိဋ္ဋူဘကိုလည်း အရာကချကာ ကျွန်မသား ဆိုပြီး ကျွန်တန်လျားပို့သည်။ ဝိဋ္ဋူဘကား သာကီဝင်တို့ကို သုတ်သင်ရန် အာဃာတထားလေသည်။ နောက်မှ ဘုရားရှင်ဟောပြသဖြင့် ရာထူးပြန်ပေး သည်။ ဝိဋ္ဋူဘကား အာဃာတမပြေတော့ပေ။

ဘုရားရှင်သည် သာကီဝင်နယ်မြေမေဒါဠုပရွာတောအုပ်ထဲတွင် တစ် ပါးတည်း သီတင်းသုံးနေချိန် တိုင်းခန်းလှည့်လည်လာသော ကောသလမင်းကြီး သိပြီး သာမန်အရပ်သားအဖြစ် အဖူးအမြော်သွားခဲ့သည်။ မင်းမြောက်တန်ဆာ ငါးပါးကို စစ်သူကြီး ဒီဃကာရာယနထံအပ်ခဲ့သည်။ ဒီဃကာရာယနမှာ ဗန္ဓုလ စစ်သူကြီး၏ တူဖြစ်ပြီး သူ့ဦးကြီးနှင့် ညီတို့ကို မတရားသတ်ခဲ့သည်ကို မကျေ နပ်ဖြစ်နေသည်။ ယခုအခါ မင်းမြောက်တန်ဆာတို့ကို ဝိဋ္ဋူဘအား ဝတ်ဆင် စေပြီး ကောသလတိုင်း၏ ဘုရင်အဖြစ်တင်မြောက်ခါ နေပြည်တော်သို့ တပ် ခေါက်ပြန်ခဲ့သည်။ ကောသလမင်းကြီးမှာ ဘုရားရှင်နှင့်တွေ့ပြီး စစ်ကူတောင်း ရန် တူတော်မောင်ရှိသည့် ရာဇဂြိုဟ်မြို့သို့ သွားခဲ့သည်။ တညလုံး ခရီးပန်း သဖြင့် သက်တော် ၈၀ ရှိသော ကောသလမင်းကြီး ရာဇဂြိုဟ်မြို့အဝင် ဇရပ်တွင် နတ်ရွာစံခဲ့သည်။ ဝိဋ္ဋူဘကလည်း ကောသလဘုရင်ဖြစ်သွားသည်။

ဝိဋ္ဋူဘသည် ဘုရင်ဖြစ်သောအခါ သာကီဝင်တို့ကို သုတ်သင်ရန် ကပိလဝတ္ထုသို့ချီတက်သည်။ ဘုရားရှင်ကလည်း ဉာဏ်တော်ဖြင့် သိ၍ သာ ကီဝင်တို့ကို ကယ်တင်ရန် သာကီဝင်နယ်မြေသို့ ကြွခဲ့သည်။ ဝိဋ္ဋူဘသည် ဘုရားရှင်ကို တွေ့သဖြင့် ပြန်လှည့်ခဲ့သည်။ စတုတ္ထအကြိမ်တွင် ဘုရားရှင် ကြွတော်မမူတော့သဖြင့် ဝိဋ္ဋူဘသည် မဟာနာမ်မင်းကြီးကို ဖမ်းဆီးသည်။ ကိုယ်ရံတော် အနည်းငယ်နှင့် အဖမ်းခံရသည်။ ထိုညတွင်ပင် အစိရဝတီမြစ် ရေနှင့်မျောပါပြီး ဝိဋ္ဋူဘနှင့် သူ့လူများ ရေနစ်သေဆုံးကြသည်။ ကောသလ တိုင်း မင်းဆက်ပြတ်လေသည်။ ဓေရာဇာခေါင်းဆောင်သော သာကီဝင်တို့သည် ဆင်ကောင်း မြင်းကောင်းတို့ကိုစီး၍ ဖြဟ္မာလူမျိုးတို့ရှိရာ တကောင်းသို့ အပြီး တိုင် ပြန်လာခဲ့လေသည်။

## မြန်မာအစ တကောင်းက

ပြူလူမျိုး ဗြဟ္မာလူမျိုးတို့သည် တကောင်းမြို့ကို စတင်တည်ဆောက်ကြသည်။ တကောင်းသည် မြန်မာတို့၏ နှလုံးသားအတွင်းမှ မြို့ဟောင်းဖြစ်သည်။ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ်အတွင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ တရုတ်ထန်မင်းဆက်သမိုင်းသစ်တွင် စင်ကျီးယား Sang K a ဟု ဆို၏။ သက်သကို အသံဖလှယ်ထားသည်။ သက်သ၏ ရှေး ဟောင်းအမည်မှာ သက်သဖြစ်၏။

ရခိုင်ရာဇဝင်သစ်အရ မြတ်စွာဘုရားမပွင့်မီနှစ်ပေါင်း ၉၃၄ နှစ်ခန့်က စတင်ခဲ့သည်။ ထိုသက္ကရာဇ်မှာ အဘိရာဇာမင်းကြီး၏ သားတော်ကြီး ကံရာဇာကြီးမင်း ရခိုင်တွင် မြို့တည်ချိန်ဖြစ်သည်။ အဘိရာဇာမင်းကြီး ကပိလဝတ္ထုတွင် နန်းစံနေစဉ် ကောသလနှင့် ပဉ္စာလတိုင်း ၂ တိုင်းကို အစိုးရသော ကောသလမင်းက သူ၏ သားတော်အတွက် မိဖုရားမြှောက်နိုင်ရန် သာကီဝင် အမျိုးသမီးတစ်ဦးကို တောင်းဆိုသည်။ အသမ္ဘိန္နမှုအရ လူမျိုးခြား ကောသလမင်း၏ သားတော်ကို သာကီဝင်မင်းသမီးကို မပေးလိုသဖြင့် စစ်ပြင်ဆင်သည်။ အဘိရာဇာသည် တိုင်းပြည်မကျေ လူတို့ မသေစေရန် မြေလှန်စနစ်ကိုသုံး၍ ကပိလဝတ္ထုမှ ပြောင်းရွှေ့ရန် စီမံသည်။ ဆင်ကောင်း မြင်းကောင်း အတတ်ပညာကောင်းများကို စုရုံးသိမ်းဆည်းပြီး ဆင်ပေါ် မြင်းပေါ်တင်ကာ သာကီဝင်တို့သည် မိမိတို့ဆွေတော်မျိုးတော် ဗြဟ္မာလူမျိုးတို့နေထိုင်ရာ တကောင်းသို့ ပြန်ခဲ့ကြသည်။ (မဟာရာဇဝင်ကြီး စသော မြန်မာရာဇဝင်အမျိုးမျိုးတို့နှင့် ရခိုင်ရာ ဇဝင်သစ် ရာဇက္ကမသခင်ပကျမ်းပူရာဏ်ကျမ်းတို့တွင် အတိအကျပါရှိသည်။)

အဘိရာဇာမင်းကြီးမှာ သာကီဝင်မင်းမျိုးဖြစ်သည်။ သာကီဝင်မင်းမျိုးမှာ တကောင်းနေပြည်တော်မှ ထွက်ခွာသွားကြသော ပြူလူမျိုးခေါ် ဗြဟ္မာလူမျိုးတို့ပင်ဖြစ်ကြသည်။ ထိုစဉ်အခါက ဟိမဝန္တာတောင်ခြေမှ သာဝတ္ထိနယ်မြေအထိ ပြူလူမျိုးတို့ ပိုင်ဆိုင်ကြောင်း ပြည်တွင်း မှတ်တမ်းများနှင့် တရုတ် အာဖဂနစ္စတန် ပါရှား မှတ်တမ်းများတွင် ပါရှိသည်။ သို့ဖြစ်၍ တကောင်းဒေသနေ ဗြဟ္မာလူမျိုး သကျလူမျိုးတို့သည် မိမိတို့ပိုင်သည့် ဟိမဝန္တာတောင်ခြေ

သို့ သွားရောက် အခြေချခဲ့ကြသည်။

ယခုအခါ သာကီဝင်မင်းကြီး အဘိရာဇာသည် ဆက်လက်နေထိုင်လျှင် စစ်ဖြစ်ရန်ရှိ၍ စစ်ပွဲကို ရှောင်လွှဲရန် ဆွေမျိုးများရှိရာ တကောင်းသို့ ပြန်ခဲ့ခြင်းဖြစ်သည်။ **စစ်ဖြစ်၍ စစ်ရှုံး၍ စစ်ပြေးအဖြစ်** ပြေးလာခဲ့သည် ဆိုသည်မှာ သဘာဝမကျပါ။ ပြူတို့၏ အင်အားသည် ကြီးမားလှသဖြင့် စစ်ပြေးလာသည့် အဘိရာဇာကိုလက်ခံမည်မဟုတ်ပေ။ တိုက်ထုတ်မည်သာ ဖြစ်ပါသည်။ ယခုမှာမူ အဘိရာဇာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပြီး တကောင်းမင်းဆက်ကိုပင် စတင်တည်ဆောက်ခွင့်ပေးခဲ့ပါသည်။ ကိုယ့်လူမျိုးဖြစ်၍သာ အဘိရာဇာ သာကီဝင်မင်းကြီးကို ဘုရင်တင်မြှောက်ခြင်းဖြစ်ပါသည်။ သာကီဝင်နှင့် တကောင်း ပြဟ္မာသည် လူတစ်မျိုးတည်းသာပါ။

အဘိရာဇာသည် သက်သေရှေ့မည်သော တကောင်းသင်းတွဲပြည်ကြီးကို တည်ထောင်တော်မူသည်။ အဘိရာဇာမင်းကြီး နတ်ရွာစံလျှင် သားတော်ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ ကုသိုလ်စစ်ဘုရား တစ်ဆူစီတည်ကြရာ ညီတော်နိုင်၍ ညီတော်အား တကောင်းထီးနန်းကို အပ်နှင်းကြသည်။ ကံရာဇာကြီးသည် အလုံးအရင်းနှင့် ဧရာဝတီမြစ်ကို စုံဆင်းခဲ့ပြီး ချင်းတွင်းမြစ်ကို ဆန်၍ ကလေးတောင်ညိုကို ရာဇဂြိုဟ်သမုတ်၍ ခြောက်လဗိုလ်ဝင်ခံတော်မူသည်။ ယင်းမှ ဖိုးခေါင်တောင်ကိုကျော်၍ ကျောက်ပန်းတောင်မြို့ကို တည်တော်မူသည်။ တောင်ကျောင်းဆရာတော်ရေးသည့် ရာဇက္ကမသခေ်ပကျမ်း စာမျက်နှာ ၈ တွင် ရေးသားခဲ့သည်။

ဘုရားရှင်၏ ဘိုးတော် အဥ္စနမင်းကြီးသည် ဏာဝစန္ဒေကိန်းအရ ရောက်ဆဲခုနှစ် ၈၆၄၅ကို ဖြို၍ ၂ ခုကြွင်းထား၍ ရေတွက်ခဲ့သည်။ ဘိုးတော် အဥ္စနသက္ကရာဇ်အဖြစ် ၂ မှ စတင်ရေတွက်ခဲ့ရာ ၇၈၁၃ ခု (၈၆၄၅–၂= ၈၆၄၃–၇၈၁၃=၈၃၀+၆၉၃ ဘီစီ (မဟာသက္ကရာဇ် ၁ ခု) = ၁၅၂၃ ဘီစီ တွင် ကျောက်ပန်းတောင်မြို့ကို တည်တော်မူခဲ့သည်။ ဘုရားရှင်သည် ဘီစီ ၅၈၉တွင် ပွင့်တော်မူသည်။ ဘုရားမပွင့်မီနှစ် ၉၃၄ နှစ် ဟု ဆိုသဖြင့် ၅၈၉+၉၃၄=၁၅၂၃ ဘီစီတွင် သားတော် ကံရာဇာကြီး ကျောက်

ပန်းတောင်းမြို့ကို တည်သည်။ ခမည်းတော် အဘိရာဇာသည် တကောင်းကို တည်သည် မှာ ထို့ထက် စောပေမည်။

ထို့ကြောင့် တကောင်းသို့ သာကီဝင်မင်းကြီးအဘိရာဇာ ရောက်ရှိပြီး နေပြည်တော် တည်ဆောက်သည်မှာ ခရစ်မပေါ်မီ ဘီစီ ၁၆ ရာစုလောက်တွင် စတင်ခဲ့သည်။

(၁) အဘိရာဇာ၊ (၂) သားတော် ကံရာဇာငယ် (၃) သားတော် ဇမ္ဗူဒီပရာဇာ၊ (၄) သားတော် သဃ်သသရာဇာ (၅) သားတော် ဝိပ္ပန္နရာဇာ (၆) သားတော် ဒေဝတရာဇာ (၇) သားတော် မုနိကရာဇာ (၈) ဘထွေးတော် နာဂရာဇာ (၉) ညီတော် ဣန္ဒရာဇာ (၁၀) သားတော် သမုတိရာဇာ (၁၁)သားတော် ဒေဝရာဇာ (၁၂) သားတော် မဟိန္ဒရာဇာ (၁၃) သားတော် ဝိမလရာဇာ (၁၄) သားတော် သီမာန္နရာဇာ (၁၅) သားတော်မင်္ဂနရာဇာ (၁၆) သားတော် ကံသရာဇာ (၁၇) သားတော် ကလိင်္ဂရာဇာ (၁၈) သားတော် သင်းတွဲရာဇာ (၁၉) သားတော် သီဟဥရာဇာ (၂၀) ညီတော် ဟံသရာဇာ (၂၁) သားတော် ဝရရာဇာ (၂၂) သားတော် အလောင်းရာဇာ (၂၃) သားတော် ကောလကရာဇာ (၂၄) သားတော်သူရိယရာဇာ (၂၅) သားတော် သင်ကြီးရာဇာ (၂၆) သားတော် တိုင်းချစ်ရာဇာ (၂၇) သားတော် မဓုရာဇာ (၂၈) သားတော် မင်းလှကြီးရာဇာ (၂၉) သားတော် သံသုသီဟရာဇာ (၃၀) သားတော် ဓနဂ်ရာဇာ (၃၁) သားတော်ဟိန္ဒရာဇာ (၃၂) သားတော် မောရိယရာဇာ (၃၃) သားတော် ဘိန္နကရာဇာ ဟူ၍ သုံးကျိပ်သုံးဆက်သော မင်းတို့ မင်းပြုခဲ့သည်။

## ဒုတိယတကောင်းမင်းဆက်

ဘုရားပွင့်တော်မူစဉ် ဘီစီ ၆ ရာစုတွင် ဝိဋူဍဘ၏ ဘေးကြောင့် ဓဇရာဇာ သာကီဝင်မင်းခေါင်းဆောင်သော သာကီဝင်တို့သည် ကပိလဝတ္ထုမှ အပြီးတိုင် စွန့်ခွာခဲ့ကြသည်။ ရှေးဦးစွာ မောရိယမြို့ကို တည်သည်။ ထိုမှ တစ်ဆင့် သင်းတွဲပြည် အညာပုဂံပြည်၊ သဃ်သသရဋ္ဌမည်သော တကောင်းပြည်တို့ကို ပဉ္စာလရာဇ်ပြည်သမုတ်၍ ပဥ္စတကောင်းခေါ်ခဲ့၏။ မလည်ချောင်တွင်

ရှိနေသော တကောင်းမိဖုရားနှင့် တွေ့၍ အမျိုးတူသဖြင့် ထိမ်းမြားခဲ့ကြသည်။ ကြီးကျယ်သော မင်းတို့အစီအရင်ဖြင့် နန်းသိမ်းပွဲခံယူ၏။ မင်းဆက်တစ်ကျိပ် ခုနှစ်ယောက်တို့ ဖြစ်၏။ တောင်ခြေသို့ သာကီဝင်တို့ ဟိမဝန္တာမထွက်ခွာမီကပင် တကောင်းမြို့ဟောင်းတည်ရှိခဲ့ကြောင်း ထပ်မံတွေ့ရှိရပြန်ပါသည်။

## နှစ်ပေါင်း ၆၀၀၀ လောက်က မြန်မာ့မြို့ဟောင်း တကောင်းသက်သေ

<u>တကောင်းမြို့ဟောင်းမှာ တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင်တို့အရ ဧရာဝတီမြစ်အနောက်ဘက်တွင် တည်ရှိသည်ဟု ဖော်ပြထား၏။ ယခု တကောင်းမှာ ဧရာဝတီမြစ်အရှေ့ဘက်တွင် တည်ရှိ၏။</u> ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာပညာရှင်တို့ကွင်းဆင်းသုတေသနပြုရာ လက်ရှိတကောင်းအရှေ့ဘက်တွင် ရှေ့ကစီးဆင်းခဲ့သော ဧရာဝတီမြစ်ကြောင်းဟောင်းရှိခဲ့ကြောင်း အတည်ပြုနိုင်ခဲ့၏။ မြစ်ကြောင်းပြောင်းခဲ့သည့်အချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ မှ ၆၀၀၀ အကြားဖြစ်မည်ဟု ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းကြသည်။

ထို့ကြောင့် မြန်မာ့ရှေးဟောင်းမြို့ဖြစ်ခဲ့သော မူလတကောင်းသည် ဧရာဝတီမြစ်ကြောင်း မပြောင်းလဲမီကပင် လူနေစည်ကားထင်ရှားလျက်တည်ရှိကြောင်း လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်ကပင် ဧရာဝတီမြစ်အနောက်ဘက်တွင် တည်ရှိခဲ့ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။ အမှန်မှာ ပျူမြန်မာမျိုးနွယ်စုများသည် မြန်မာမြေပေါ်တွင်ပင် လက်မွန်အဦး ပေါက်ဖွားအခြေချနေထိုင်ခဲ့ကြသူများဖြစ်ပြီး နောက်မှ အဘိရာဇာတို့ ရောက်လာကြောင်း အဘိရာဇာတို့ မရောက်မီကပင် သမိုင်းမတင်မီခေတ်ကာလကတည်းကပင် တကောင်း၊ ကြည့်ပ်မလည်ဒေသတို့၌ ပျူတို့နေထိုင်လျက် ရှိပြီဖြစ်ကြောင်း သိရလေသည်။

ဧရာဝတီမြစ်ကြောင်းပြောင်းလဲမှုကို ဖော်ထုတ်အတည်ပြုနိုင်ခဲ့သဖြင့် မြန်မာ့မြို့ဟောင်း မူလတကောင်း၏ ရှေးကျမှု မြန်မာ့ရှေးဟောင်းမြို့ပြ

ယဉ်ကျေးမှု၏ အဆင့်အတန်းမြင့်မားမှုကို မြန်မာတို့ ဂုဏ်ယူဝင့်ကြွားနိုင်ပြီ ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းများ၏ ဖော်ပြရေးသားချက်များကို ဒဏ္ဍာရီသဖွယ် ယုံတမ်းစကားသဖွယ် နှိမ်ချပြက်ပျက်ပြုခဲ့သည်များကိုလည်း အထောက်အထားဖြင့် ပြန်လည်ချေဖျက်နိုင်မည်ဖြစ်ပေသည် ဟု သတင်းစဉ်၊ မူလတကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အနောက် ဘက်တွင် တည်ရှိခဲ့ကြောင်း မြစ်ကြောင်းဟောင်းက သက်သေခံ မြန်မာ့ အလင်းသတင်းစာ ၉-၃-၂၀၀၄ စာ- ၁၃ တွင် ပြထား၏။

## တကောင်းအဘိရာဇာကို ကြောက်သောနယ်ချဲ့

၁၈၈၆ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းယူသည်။ ၁၅နှစ်ကြာ မရပ်မနား ပြည်သူတို့က ပုန်ကန်ကြသည်။ ၁၉၀၀ ပြည့်လောက်ရောက်မှ ဗြိတိသျှအုပ်ချုပ်ရေးအတန်ငယ် တည်ငြိမ်လာသည်။ ၁၉၀၇ တွင် ဗုဒ္ဓဘာသာအဖွဲ့အစည်းများပေါ်လာသည်။ ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ ၁၉၂၀ ပြည့်နှစ်တွင် ဂျီစီဘီအေ ၁၉၃၀ တွင် တို့ဗမာအစည်းအရုံးတို့ပေါ်လာသည်။ယင်းအဖွဲ့အစည်းများက သခင်မျိုးဟော့ ဒို့ဗမာ၊ သာကီဝင်မျိုးဟော့ ဒို့ဗမာ၊ မြန်မာတွေဟာ ဘုရားမျိုး ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့ဟာ မိစ္ဆာ များဖြစ်သည်။ မိစ္ဆာများကို ကြောက်ရန်မလိုဟု ကြွေးကြော်ခဲ့ကြပြီး မျိုးချစ်စိတ် ဇာတိသွေး ဇာတိမာန် တက်လာကြသည်။

ထို့ကြောင့် နယ်ချဲ့တို့သည် တကောင်းဟူသော စကား သာကီမျိုးဟော့ဟူသော စကားတို့ကို ကြောက်ရွံ့လာကြသည်။ တကောင်းကို မြန်မာ့သမိုင်းထဲမှ ပယ်ထုတ်ရန် ကြိုးစားလာကြသည်။ ကိုလိုနီသမိုင်း ဆရာတို့က ၁၅၂၀ တွင်ရေးသော ရာဇဝင်ကျော်နှင့် ဦးကုလားရာဇဝင်တို့တွင် တကောင်း မပါ။ မှန်နန်းရာဇဝင်သာစစ်ရှုး၍ ဇာတိမာန်ကျဆင်းနေသည့်ကို ပြန်တက်စေ ရန်လီဆယ်ရေးထည့်ထားသည်ဟု တကောင်းကို မြန်မာရာဇဝင်ထဲမှ ပယ်ထုတ်ခဲ့ကြသည်။ မြန်မာရာဇဝင်မှာ အနော်ရထာ မင်းလက်ထက်မှသာ စခဲ့သည်ဟု ရေးလာကြသည်။ နယ်ချဲ့သမိုင်းဆရာတို့သည် တကောင်းကို ပယ်ရုံမက မြန်မာရာဇဝင်ကိုလည်း အဆိုးမြင်ဝါဒဖြင့်

ရေးခဲ့ကြသည်။

၁၈၈၃ ခုတွင် ဆာအာသာဖယ်ရာသည် မြန်မာ့သမိုင်းကို အင်္ဂလိပ် လို ရေး၍ သွေးခွဲခဲ့သည်။ ရန်ကုန်ကောလိပ်မှ ပါဠိပါမောက္ခ ဂျိမ်းစ်ဂရေး အလောင်းဘုရားမှစ၍ ကုန်းဘောင်မင်းဆက် ၁၁ ဆက်လုံး ကို စက်ဆုပ်စရာ အဖြစ်ရေးခဲ့သည်။ ပညာမင်းကြီးကုတ်ကမူ မြန်မာ ရာဇဝင်တစ်ခုလုံးကို အဆိုးမြင်ဝါဒဖြင့် ရှုချခဲ့သည်။ မြန်မာပြန်၍ ကျောင်းသုံးပြဋ္ဌာန်းရန်ကြံခဲ့သော်လည်း မြန်မာတို့ကန့်ကွက်၍ နောက် ဆုတ်ခဲ့ရသည်။ စတီးဝပ်ကလည်း ထို့အတူ အပုပ်ချခဲ့သည်။ ဟာဗေးက လည်း ရာဇဝင်တစောင်ရေးခဲ့၏။ သူ့ရာဇဝင်တွင် မြန်မာ့သမိုင်း ရာဇဝင် ကျမ်း အလီလီက မည်သို့ပင်ဆိုစေ တရုတ် ယိုးဒယား ဥရောပတိုက်သား တို့၏ အမှတ်အသားနှင့် မကိုက်လျှင်ပယ်သည်ဟု ရေးထားကြ၏။ ဥရောပ တိုက်သားများကို အထင်ကြီးလေးစားစေရန် ရည်သန်ရေးချက်ချက်များပင်ဖြစ် သည်။

## မြန်မာနှင့် တကောင်းကို အစဖျောက်ခဲ့ခြင်း

၁၉၃၁–၃၂ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အရှေ့ဖျားရာဇဝင် ပါမောက္ခလုစ်က ဤသို့ဆိုသည်။ မြန်မာများ မြန်မာနိုင်ငံတွင်း ဝင်ရောက် လာမှုနှင့်ပတ်သက်၍ သူ၏ထင်မြင်ချက်ကိုပြောရာတွင် ''မြန်မာတို့ ဖြစ်ကောင်း ဖြစ်မည့် အရင်းအမြစ်၊ သူတို့ နန်းစောပြည်နှင့် အဆက်အသွယ်၊ သူတို့ မြောက်ပိုင်းရှမ်းပြည်မှ မြန်မာပြည် မြေလွတ်လွင်ပြင်များအတွင်း ဝင်ရောက် လာဟန်ရှိသည်ကို စဉ်းစားသော်လည်း မြစ်သား၊ ဝါ ကျောက်ဆည်နယ်သည် မြန်မာတို့ရှေးဦးခြေချရာဖြစ်သည်'' ဟု ဆိုလိုက်သဖြင့် မြန်မာအစ ကျောက် ဆည်က အယူအဆပေါ်လာ၏။

''မြန်မာအစ တကောင်းက'' ဟု မြန်မာတို့ ရှေးအစဉ်အလာကို လက် ခံလိုက်ပါက မြန်မာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်မှစ၍ မြန် မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများဖြစ်၍ မြန်မာအစ ကျောက်ဆည်က ဆိုပါက မြန်မာတို့သည် လွန်ခဲ့သော နှစ် ၈၀၀ (ခရစ်နှစ် ၈၃၂) နောက်ပိုင်း

တွင် လောက်ကမှ နတ်ထိပ်တောင်ကြားမှ မြင်းများနှင့် ဆင်းလာကြသူများ ဟူ၍ အဓိပ္ပာယ်သက်ရောက်၏။

ပါမောက္ခလုစ်၏ အဆိုသည် တကောင်းသာမက မြန်မာတို့၏ မြန်မာ့ သမိုင်းတစ်ခုလုံး မြန်မာရာဇဝင်ထဲက ဆွဲထုတ်ခံလိုက်ရခြင်း ဖြစ်၏။ ဒဏ္ဍာရီ ပုံပြင်အမှိုက်စုတ်အဖြစ် ပို့ပေးလိုက်၏။

## မိုင်းမောမြို့ဟောင်းကြောင့် သူတို့အဆိုပျက်ခဲ့ပြီ

မြန်မာအစ ကျောက်ဆည်က အယူအဆသည် မြန်မာ့ဇာတိသွေး ဇာတိမာန်ကို အပြီးတိုင် နှိပ်ကွပ်ရုံသာမက တိုင်းရင်းသားများအတွင်း သွေးကွဲစေရန် သပ်လျှိုမှုလည်း ဖြစ်၏။ အခြားလူမျိုး ပညာရှင်တို့၏ စေတနာကိုလည်း နားလည်ရသည်။ ထိုသူတို့၏ အယူအဆသည် လက်တွေ့ရှာဖွေ တွေ့ရှိမှုနှင့် ကွဲလွဲနေသဖြင့် သူတို့အဆိုကို ပယ်ချရမည်သာ ဖြစ်၏။ တကောင်းတွင် ရှေးပဝေသဏီကပင် ပြူ သို့မဟုတ် မြန်မာတို့ နေထိုင်ခဲ့ရာဒေသကြီး ဖြစ်ကြောင်း ပြသနိုင်လျှင် မြန်မာအစ တကောင်းက အယူအဆကို အသေအချာ အခိုင်အမာ ပြောနိုင်မည်ဖြစ်၏။ ကံကောင်းထောက်မ၍ ၁၉၇၆ ခုနှစ် တွင် ဒေါက်တာသန်းထွန်း ဦးမောင်မောင်တင် တမ္ပဝတီဦးဝင်းမောင် စသော မြန်မာပညာရှင်တို့သည် မြစ်သားခရိုင်အတွင်း မိုင်းမောဒေသကို တွေ့ရှိပြီး တူးဖော်ခဲ့ရာ မိုင်းမော (ပင်လယ်)သည် အေဒီ ၃ရာစုနှင့် ၈ရာစုအကြား တည်ရှိခဲ့သော မြို့ဟောင်းကြီး ဖြစ်နေသည်ကို တွေ့ရသဖြင့် မြန်မာအစ ကျောက်ဆည်ကအဆိုသည် လုံးဝ ညှိုးနွမ်းမှေးမှိန်ပျောက်ကွယ်ခဲ့တော့သည်။ ပညာရှင်တို့၏ အယူအဆ အားလုံးကို စမ်းသပ်ပြီးမှ လက်ခံသင့်သည်ဟူသော သဘောဖြစ်၏။

## မြစေတီကျောက်စာ

မြစေတီကျောက်စာကို ရာဇကုမာရ်မင်းသား မိဘကျေးဇူးကို အထူး သိလျက် အေဒီ ၁၁၁၃ ခုနှစ်က ပါဠိ ပြူ မွန် မြန်မာလေးဘာသာဖြင့် ရေးထိုးခဲ့၏။ ထို့ကြောင့် မြန်မာစာသည် လွန်ခဲ့သော နှစ်ပေါင်း ၈၉၀ တွင် မြန်

မာနိုင်ငံ၌ ချောမွေ့သော ဝါကျများနှင့် တည်ရှိနေပြီဖြစ်၏။ ဝါကျမဖြစ်မီ အက္ခရာ အက္ခရာမဖြစ်မီစကားတို့ရှိရဦးမည်ဖြစ်ရာ စကားမှ ဝါကျအဖြစ်သို့ ပြောင်းလဲရန် အနှစ် ၂၀၀-၃၀၀ ကြာနိုင်မည်ဖြစ်ရာ မြစေတီ ကျောက်စာ မတိုင်မီ အနှစ် ၃၀၀ လောက်ကပင် မြန်မာတို့ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း သေသေချာချာ မှတ်ယူနိုင်၏။ ထို့ကြောင့် လွန်ခဲ့သော နှစ် ၈၀၀ လောက်ကမှ နတ်ထိပ်တောင်ကြားမှ ဆင်းလာသည်ဆိုသော စကားသည် မှန်းတုတ် ရမ်းတုတ်သည်မှလွဲ၍ မဖြစ်နိုင်တော့ပေ။

## ကိုလိုနီတို့ တကောင်းပျောက်အောင်လုပ်ခဲ့

တကောင်း အဘိရာဇာ တို့ဗမာ သာကီဝင်မျိုးဟာမို့ ဟု ဆိုလိုက်လျှင် မြန်မာတို့ ဇာတိသွေး ဇာတိမာန်တို့ ပိုမိုတက်ကြွလာပြီး အမျိုးချစ်စိတ်တို့ တဖွားဖွား ပေါ်လာခဲ့၏။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့တို့သည် နည်းမျိုးစုံ သုံးပြီး တကောင်းကို သေးသိမ်ပျောက်ကွယ်အောင် လုပ်ခဲ့၏။ တကောင်းကြံညှပ် မြတောင်ဒေသတို့သည် မင်းသား မင်းသမီးမြို့ဝန်စော်ဘွားတို့ အုပ်ချုပ်ရသော မြို့များဖြစ်၏။ နယ်ချဲ့ခေတ်ရောက်သောအခါ တကောင်းကို ကျေးရွာအဆင့်မှ ရွာသိမ်ရွာငယ် တံငါရွာသို့ ရောက်အောင် လျှော့ချခဲ့၏။ ၁၈၈၅ တွင် တကောင်းမြို့သူကြီး ဦးလူကြီးက နယ်ချဲ့ကို တော်လှန်၏။ ဝန်းသိုစော်ဘွားကြီးကလည်း ဤဒေသများကို အခြေခံ၍ တော်လှန်ပြန်၏။ ကြံညှပ်သူကြီး ဦးဖိုးရသည် အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်ဗွန်း Vaugham အား အသေရအောင်တိုက်ခဲ့၏။ ထိုဒေသ၌ လူမနေနိုင်အောင် လုပ်ခဲ့သဖြင့် ကြက်ပျံ မကျ စည်ကားသောတကောင်း ကြံညှပ်ဒေသမှ လူတို့ကို အခြားဒေသသို့ ပြောင်းရွှေ့စေခဲ့ကြရာ တကောင်းသည် နယ်ချဲ့ခေတ်က အိမ်ခြေ၂၀ သာရှိသော ရွာသိမ် လေး ဖြစ်ခဲ့ရသည်။ ပညာတတ်ကလည်း ပညာသုံးကာ အာဏာရှိသူကလည်း အာဏာသုံး၍ မြန်မာ့ဇာတိမာန်ကို နည်းမျိုးစုံဖြင့် ကမောက်ကမကဖြစ်အောင် စီစဉ်ခဲ့ကြသည်။ ပညာတတ်ပညာရှင် ရာထူးရှင်ဆိုသူတို့၏ စကားတိုင်းကို ယုံရပါမည်လား သွေးရိုးသားရိုးမဟုတ်က ကြောက်စရာပင်။

လူမျိုးတစ်မျိုး၏ သမိုင်းကို အမှန်အတိုင်း သိရှိအောင် ဖော်ထုတ်နိုင်ရေးသည် မြန်မာတို့အတွက် အလွန်အရေးပါလှသည်။ မြန်မာတို့၏ သမိုင်းကို ဖုံးကွယ်လိုသော သူတို့သည် နည်းမျိုးစုံသုံး တတ်ကြသည်။ တိုင်းရင်းသားတို့ သွေးကွဲစေရန် ချင်း ဖဝေး ဇာတ်လမ်းလို ဇာတ်လမ်းများ ထွင်၍ လူတိုင်းထံရောက်ရန် သဘင် ဂီတ စာပေ အနုပညာများဖြင့် ပို့ဆောင်တတ်၏။ စာပေစာအုပ်ကို ပါဠိလို သတ္တာခေါ်၏။ သတ္တာသည် စာပေအပြင် လက်နက်ဟူ၍လည်း အဓိပ္ပါယ်ရ၏။ လူမျိုးတစ်မျိုးကို တိုက်ခိုက်ရန်အတွက် အကောင်းဆုံးလက်နက်ဟု အဓိပ္ပာယ်ထွက်၏။ စာပေလက်နက် သတိပြု။

## သာကီဝင်တို့ဘာကြောင့် မြန်မာပြည်သို့ အပြီးတိုင်ပြန်ခဲ့သနည်း။

လူမျိုးတစ်မျိုး၏ သမိုင်းမှန်ကို ဖော်ထုတ်နိုင်ရန်မြေပေါ် မြေအောက် ရုပ်ကြွင်းများ စနစ်တကျ စုဆောင်းတူးဖော်သုံးသပ် ဆုံးဖြတ်ခြင်းဖြင့် အဖြေမှန်ရှာကြရ၏။ ရှေးကျလှသော ကျောက်စာမှင်စာတို့ကို ဆက်စပ် သုံးသပ်၍လည်း အဖြေထုတ်ရ၏။ ကမ္ဘာ့ရှေးဦးကျလှသော စာပေကျမ်းဂန်အဆို အမိန့်များနှင့်လည်း တိုက်ဆိုင်ဖော်ထုတ်ရ၏။ ထိုသည့်အရာများမှာ ရုပ်ပစ္စည်း ရုပ်ဝတ္ထုများသာဖြစ်၍ ရုပ်သဘာဝအရ နှစ် ပရိစ္ဆေဒ တွက်ချက်မှုမှာ ရာသီဥတု, အပူအအေး, မိုးလုံလေလုံရှိမှု မရှိမှု, အနှောက်အရှက် အဖျက်အဆီးခံရမှု စသောအခြေအနေအရပ်ရပ်တို့ကို ထည့်သွင်းတွက်ချက်ရသည်။ မည်မျှပင်ပြည့်စုံလုံလောက်မှုရှိသော်လည်း ရုပ်ပစ္စည်းဖြစ်၍ အရှိကို အရှိအတိုင်းသာ တွက်ချက်ရမည်ဖြစ်သည်။

လောကသဘာဝမှာ ရုပ်အပြင် နာမ်ပိုင်းဆိုင်ရာလည်း ပါရှိနေသေး၏။ နာမ်ပိုင်းဆိုင်ရာသည် ရုပ်ပိုင်းထက် ပို၍ ကျယ်ပြန့်၏။ ရှုပ်ထွေး၏။ လေးနက်၏။ လူချင်းတူသော်လည်း ထိုသူပြုလုပ်ခဲ့သော ကံအရ စိတ်စေတသိက် ရုပ်တရားတို့သည် ကွဲပြားကြပြန်၏။ ကံဟူသည်မှာ ထိုသူပြုခဲ့သော လုပ်ငန်းဖြစ်၍ အချိန်ကာလအမျိုးမျိုးကွဲပြန်၏။ အတိတ်ကံ ပစ္စုပ္ပန်ကံ ကွဲပြန်၏။ ခြုံ၍ဆိုရသော် လူသားကိုတွက်ချက်ရာ၌ ရုပ်တရား၊ နာမ်တရားတို့ကိုပါ တွက်

ချက်ရသဖြင့် လွန်စွာသိမ်မွေ့သည်။

ဘုရား, ဘုရားလူမျိုး, ဘုရားတပည့်သာဝက, ဘုရားသာသနာတော် စသည်တို့သည် ကြီးကျယ်မြင့်မြတ်လှသဖြင့် တစ်ဘဝနှင့် ဆုံးဖြတ်၍ မရပေ။ အတိတ်ဘဝပေါင်းများစွာ အတိတ်သံသရာတစ်လျှောက် တွေ့ဆုံခဲ့ရသည့် လူများနှင့် ဆက်စပ်၍ သုံးသပ်ရ၏။ ထို့ကြောင့် ဂေါတမဗုဒ္ဓအကြောင်း လေ့လာရာ၌ ထိုဘုရားရှင်၏ မိဘဆွေမျိုး မိသားစု ဇာတိဒေသ ပဝတ္တိဒေသ မိတ်ဆွေ ရန်သူအားလုံးကို ဆက်စပ်လေ့လာမှ အမှန်တရားကို တွေ့ရမည် ဖြစ်သည်။ သာကီဝင်တို့နှင့် မြန်မာတို့သည် ယခုဘဝ၌သာ ဆုံတွေ့ရသည် မဟုတ်။ သံသရာအဆက်ဆက်ကလည်း လက်တွဲခဲ့ရသည်။ ဆွေမျိုး တော်စပ်ခဲ့ရသည်။ နိပါတ်တော်များကို ကြည့်ပါက ထိုထိုကာလ မိသားစုတို့သည် ယခုကာလ၌ ခမည်းတော် မယ်တော် ကြင်ယာတော် သားတော် ဆွေတော် မျိုးတော်တို့ ဖြစ်ကြရကြောင်း တွေ့ရသည်။ ဇာတ်တော်များထဲတွင် ဘုရား အလောင်းသည် ဝက် ကြက် ငှက် ကျွဲ စသည် ဘဝများစွာ ကျင်လည်ရာ ဝယ် မြန်မာ့ရေမြေတောတောင်တို့၌ ပျော်ပါးကျက်စားခဲ့သည်။ မြန်မာ့မြေ တွင် ဘုရားအလောင်းတော်မည်မျှ ပျော်မွေ့ခဲ့ကြောင်း တွေ့ရသည်။ မြန်မာ ပြည် မြန်မာ့မြေ မြန်မာ့ရေသည်ကား ဂေါတမဗုဒ္ဓနှင့် ဆက်စပ်မှုများစွာရှိ ကြောင်း တွေ့ရသည်။ ဤသည့်အဓိပ္ပါယ်မှာ အတိတ်ဘဝပေါင်းများစွာကပင် မြန်မာနှင့် သကျတို့သည် သွေးသားရင်းခြာဆွေတော်မျိုးတော်များ ဖြစ်ခဲ့ ကြကြောင်း။ ပုဗ္ဗေဝသန္နိဝါသေန ရှေးဘဝပေါင်းများစွာ ဆွေမျိုးတော်စပ်အတူ တကွနေခဲ့ပြီး ချဖူးသော ရေစက် ပန္နက်ဖူးသော သစ္စာ၊ ဖြည့်ကျင့်ခဲ့သည့် ပါရမီ အဟုန်ကြောင့် သာကီဝင်နှင့် မြန်မာသည် လက်တွဲမပျက် သာသနာပြု လျက်ရှိခဲ့ကြသည်။

ယခု သာကီဝင်တို့သည် ပါရမီအဟုန်ကြောင့် ဘုရားဖြစ်ခဲ့ပြီး ရဟန္တာ မထေရ်ကြီးများဖြစ်ခဲ့ပြီး အရိယာပုဂ္ဂိုလ်များဖြစ်ခဲ့ကြပြီး အနည်းဆုံး နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ခဲ့ကြပြီး သာကီဝင်လူမျိုးများမှ ပါရမီရှင်များ ဖြစ်ခဲ့ကြသဖြင့် လူကုန်နည်းပါး ကျွတ်တန်းဝင်ခဲ့ကြပြီဖြစ်၍ လက်ကျန်ပါရမီမပြည့်ကြသေးသည့် သာကီဝင်ဆို၍ လက်ချိုးရေတွက်၍ ရလောက်အောင် နည်းပါးခဲ့ကြပြီ။ ထို

သာကီဝင်လက်ကျန်တို့သည် ဖြဟ္မာလူမျိုး ပြူလူမျိုးမှ ပြောင်းလဲလာသော မြန်မာလူမျိုးတို့နှင့် လက်တွဲ၍ သာကီဝင်လူမျိုး ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ကြီးကို လက်တွဲ သာသနာပြုရန်တာဝန်ရှိသည်။ ကမ္ဘာဦး ပရိုင်းမိတ်ဘဝမှ စတင်ခဲ့သော ရှေးဦးမြန်မာ အညာသားတို့သည် ခေတ်ကာလအလျောက် အညာသား ဝေါဟာရမှ ပြူ– ဖြဟ္မာ– သကျ– ဗမာ– မြန်မာ အခေါ်အဝေါ် အဆင့်ဆင့်ပြောင်းလဲခေါ်တွင်ခဲ့ကြပြီး ယခုအခါ မြန်မာလူမျိုးတို့ ဖြစ်နေကြပေပြီ။ ဤကမ္ဘာကြီးတွင် တိုင်းပြည်နိုင်ငံလူမျိုးတို့သည် နှစ်ကာလများ အရှည်နေကြသော်လည်း အခေါ်အဝေါ် ဝေါဟာရမှာမူ ပြောင်းလဲကြသည်။ ဥပမာပြရလျှင် လက်ရှိ အစ္စရေးလူမျိုးတို့ကို ရှေးဦးအချိန်က ဟီးဘရူးခေါ်ခဲ့ကြသည်။ ထိုမှတဆင့် ဣသရေလ လူမျိုး ရေဝတီလူမျိုး အစ္စရေးလူမျိုးအခေါ်အဝေါ် ပြောင်းခဲ့ကြသည်။ မည်သို့ပင် လူမျိုးအမည် ပြောင်းလဲပါစေ အစ္စရေးသည် အစ္စရေးလူမျိုးသာ ဖြစ်ပါသည်။

ထို့အတူပင် ကမ္ဘာဦးကာလ လူတူပရိုင်းမိတ်ဘဝမှ **နွယ်ခွဲလူသား ရှေးဦးမြန်မာလူသား အညာသားကြီးများ ပြူလူမျိုးများ ဖြဟ္မာလူမျိုးများ သကျ လူမျိုးများသည် ဗမာလူမျိုးဖြစ်လာသည်။ ယခုအခါ မြန်မာလူမျိုး ဖြစ်လာသည်။ အားလုံးအတူတူပင်ဖြစ်သည်။**

သကျလူမျိုးများသည် ဟိမဝန္တာတောင်ခြေတွင် သကျနိုင်ငံ တည်ထောင်ခဲ့ကြသည်။ သကျလူမျိုးမှ ဂေါတမ ဗုဒ္ဓပွင့်တော်မူသော် သာသနာဖြန့်ခဲ့သဖြင့် သကျလူမျိုးအားလုံးနီးပါးနှင့် လူနတ် ဖြဟ္မာ သတ္တဝါအားလုံးတို့ ဘဝဇာတ်သိမ်းခဲ့သည်။ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင်လည်း ပါရမီရှင် ကံရှင် သမ္မာရှင် ဘုန်းရှင်တို့ ကုန်စင်အောင် ကျွတ်တန်းဝင်ခဲ့ကြပြီဖြစ်သည်။ ကျန်ရစ်သူများကား ပါရမီနည်းပါး ဘုန်းကံရှားပါးသည့်သူများသာ ကျန်တော့ခဲ့သည်။

ဗုဒ္ဓချွတ်မှ ကျွတ်တန်းဝင်မည့် ဝေနေယျတို့ ကုန်သွားပြီဖြစ်သော် လည်း သာဝကချွတ်ရမည့် ဝေနေယျများစွာ ကျန်နေသေးသည်။ ကမ္ဘာတဝန်းလုံးရှိ ထိုဝေနေယျတို့ကို ဆက်လက်ချွေချွတ်ရန်အတွက် **ဆက်လက်တာဝန်ယူရန် အကောင်းဆုံးလူမျိုးမှာ ဖြဟ္မာလူမျိုးသာဖြစ်သဖြင့် လူမျိုးတူ အနွယ်တူ**

ဖြဟ္မာလူမျိုးတို့သည် လူမျိုးတူ အနွယ်တူ သာကီဝန်လူမျိုး ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကို ဆက်လက်ထိန်းသိမ်း သာသနာပြုနိုင်ရန် အတွက် လက်ကျန် သာကီဝင်တို့သည် အဖိုးတန် ရတနာများနှင့် ဓမ္မရတနာကို သယ်ဆောင်ကာ မြန်မာပြည်သို့ အပြီးပြန်ခဲ့လေသည်။

**ဗုဒ္ဓသာသနာအတွက် မြန်မာပြည်သည် ပင်မကျောရိုးမဏ္ဍိုင်**

သာကီဝင်မြတ်စွာဘုရားသည် ပရိယတ္တိသာသနာ ပဋိပတ္တိ သာသနာ ပဋိဝေဓ သာသနာတော်သုံးရပ်ကို ထားတော်မူခဲ့သည်။ ထိုသာသနာတော် သုံးရပ်၏ အဓိကအင်အားမှာ ပရိယတ္တိ သာသနာတော်ဖြစ်သည်။ ဘုရားရှင် ဟောတော်မူထားသည့် တရားဒေသနာတော်အားလုံးကို ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည့် နှစ်မှာပင် မဟာသာဝကကြီးများဖြစ်ကြသော အရှင်မဟာ ကဿပ အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာ အရှင်ဥပါလိ စသော သံဃာတော် တို့သည် စုဝေးကြပြီး ပိဋကတ်စာပေအဖြစ် သတ်မှတ်၍ သင်္ဂါယနာတင် တော်မူခဲ့ကြသည်။ ထိုပိဋကတ်စာပေများကို ဝိနယပိဋက သုတ္တန္တပိဋက အဘိဓမ္မ ပိဋကဟူ၍ ပိဋကအားဖြင့် သုံးပုံ၊ ဒီဃနိကာယ် မဇ္ဈိမနိကာယ် သံယုတ္တနိကာယ် အင်္ဂုတ္တရနိကာယ် ခုဒ္ဒက နိကာယ်ဟူ၍ နိကာယ်ငါးရပ် သတ်မှတ်စုစည်းခဲ့သည်။ ဒေသနာတော်များ စနစ်တကျ တသုတ်ချင်း တပုဒ် ချင်းအလိုက် မေးဖြေပြုလုပ်ကာ စုပေါင်း ညီညာရွတ်ဆို၍ သင်္ဂါယနာတင်ခဲ့ ကြသည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသွားပြီဖြစ်သော်လည်း ဘုရားရှင်၏ အဆုံးအမ ဓမ္မဝိနယတို့ တည်ရှိနေသမျှ သာသနာတော် တည်ရှိနေမည်ဟု ဆုံးဖြတ်တော်မူကာ နိကာယ်အလိုက် အာဂုံကျက်မှတ် ရွတ်ဖတ် ဆောင်ရွက် ခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသည့် အချိန်မှစ၍ ဗုဒ္ဓ သာသနာ တော်သည် အိန္ဒိယနိုင်ငံ၌ ထွန်းတောက်ခဲ့သော်လည်း အယူဝါဒ များ ကွဲပြားပြီး ဂိုဏ်းများလည်း ကွဲပြားခဲ့သည်။ သာသနာတော်နှစ် ၁ နှစ် တွင် အိန္ဒိယနိုင်ငံ၌ ပထမသင်္ဂါယနာတင်ခဲ့သည်။ သာသနာနှစ် ၁၀၀ တွင် အိန္ဒိယနိုင်ငံ ဝေသာလီ၌ ဒုတိယသင်္ဂါယနာတင်ခဲ့သည်။ သာသနာနှစ် ၂၃၅ တွင် အိန္ဒိယနိုင်ငံ

ပါဋ္ဌလိပုတ်၌ တတိယသင်္ဂါယနာတင်ခဲ့သည်။

တတိယသင်္ဂါယနာထိ သာသနာတော်သည် အိန္ဒိယနိုင်ငံ၌ တည်ရှိခဲ့သော်လည်း အိန္ဒိယသားတို့၏ အရိုးစွဲဘာသာဖြစ်သော ဟိန္ဒူဝါဒ ဗြာဟ္မဏဘာသာ၏ နှောက်ယှက်တိုက်ခိုက်မှု ဗုဒ္ဓဘာသာ ရဟန်းတော်တို့၏ အယူဝါဒကွဲပြားမှုကြောင့် ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာ ၂ ဂိုဏ်းကွဲခဲ့ပြီး ရဟန်းတော်တို့ ဝိနည်းကျင့်ဆောင်မှု လျော့နည်းလာခဲ့သည်။

သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကို အကြီးအကျယ်ထောက်ပန့်ခဲ့သော်လည်း မင်းကြီးမရှိသည့်နောက် ဟိန္ဒူဘာသာအားကောင်းခဲ့သည်။ ဟိန္ဒူတို့သည် အာဏာရလာသောအခါ သာသနာတော်ကို ဖျက်, ကျောင်းကန်များကို မီးရှို့ဖျက်ဆီးကြသဖြင့် သာသနာတော်သည် သာသနာနှစ် ၁၀၀၀ လောက်ရောက်သောအခါ အိန္ဒိယမြေ၌ သာသနာကွယ်ပျောက်ခဲ့ သည်။ သံဃာတော်ပေါင်း ကုဋေနှင့်ချီ၍ အသတ်ခံခဲ့ရသည်။ နောင်အခါ အိန္ဒိယမြေကို မွတ်စလင်တို့ အုပ်ချုပ်ကြသဖြင့် သာသနာတော်ကို အငုတ်ပါမကျန်ဖျက်ဆီးလိုက်သည်။ အိန္ဒိယမြေသည် သာသနာမူလပင်ရင်းဒေသကြီး ဖြစ်သော်လည်း သွေးကစကားမပြော ဆွေ့ဘာသာ မျိုးဘာသာ သွေးသားချင်းကွာခြား သွေးသားဘာသာမဟုတ်သဖြင့် ဗုဒ္ဓသာသနာတော်ကြီးကွယ်ပျောက်ခဲ့တော့သည်။ လူမျိုးမတူ လူမျိုးကွဲ သွေးကွဲ သွေးကျဲခြင်းသည် သာသနာတော်ကွယ်ခြင်း၏ အဓိကအချက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။

တတိယသင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးပြီးနောက် ရဟန္တာမထေရ်ကြီးအရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးသည် အနာဂတံသဉာဏ်တော်မြတ်ဖြင့် ဆင်ခြင်တော်မူသောအခါ ဗုဒ္ဓသာသနာတော်သည် အိန္ဒိယမြေမှ ခွာတော့မည်ကို မြင်တော်မူ၍ အသောကမင်းကြီးနှင့် တိုင်ပင်ကာ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူသည်။ သီဟိုဠ်ကျွန်းသို့ အရှင်မဟာမဟိန္ဒကိုယ်တိုင်ကြွရောက်သာသနာပြုခဲ့သဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်သည် သီဟိုဠ်တွင် တောက်ပခဲ့သည်။ သို့သော် နိုင်ငံငယ်လေးကငယ်၊ လူဦးရေကနည်း သဘာဝသယံဇာတက မများ၍ အင်အားနည်းခဲ့သည်။ အိန္ဒိယနိုင်ငံ

မှ ကျေးကုလားများ၏ တိုက်ခိုက်မှုကြောင့် သာသနာအားနည်းသည်ကို မြန်မာဘုရင်တို့က မကြာခဏ ကူညီပေးခဲ့ရသည်။ အင်္ဂလိပ်, ဒတ်ချ်, ပေါ်တူဂီ, ဘာသာခြားလူမျိုးခြားတို့ လက်အောက်ရောက်ခဲ့သဖြင့် သီဟိုဠ်၏ အင်အားသည် သာသနာတော်အတွက် ရှေ့သို့တိုးတက်ရန် အတော်အားယူနေရသည်။ သို့သော် သာသနာခရီးတစ်ထောက်အတွက် သီရိလင်္ကာ၏ ဆောင်ရွက်ချက်များသည် သာသနာတော်အတွက် အလွန်အရေးပါသဖြင့် ဝမ်းသာရပါသည်။

## သာသနာ့တာဝန်ကြီးကို မြန်မာသာ ထမ်းရွက်နိုင်သည်

သာကီဝင်ရှင်တော်ဗုဒ္ဓသည် ၄၅ ဝါပတ်လုံး အချိန်ပြည့် တရားဟောတော်မူခဲ့သည်။ ဘုရားရှင်၏ တပည့်သားသံဃာများ ဥပါသကာ ဥပါသိကာများကပါ ဆက်လက်ဟောပြတော်မူခဲ့သဖြင့် သာသနာတော်သည် ဘက်စုံဖွံ့ဖြိုး တိုးတက်ကျယ်ပြန့်ခဲ့သည်။ တရားတော်များမှာလည်း လေးနက် သိမ်မွေ့သဖြင့် အကျယ်တဝင့်ရှင်းလင်းရသည်။ ပိဋကစာပေထဲတွင် ဘာသာရေး လူမှုရေး စစ်ရေး ဗဟုသုတစုံလင်လှသဖြင့် ပိဋကစာပေသည် အဆင်မြင့်ဆုံး ကမ္ဘာ့ စာပေကြီးဖြစ်ခဲ့သည်။ ပိဋကတတ်ကျွမ်းသူသည်သာ ပညာရှင်ကြီးအဖြစ် ဝင့် ကြွားနိုင်သည်။

ဘုရားရှင်ပွင့်တော်မူစ ရာဇာယတနသတ္တာဟကုန်ဆုံးချိန်မှာပင် မြန်မာပြည်သား ဆန်ကုန်သည် တပုဿနှင့် ဘလ္လိကတို့ အိန္ဒိယသို့ ဆန်ရောင်းသွားရာမှ ဘုရားရှင်နှင့် တွေ့၍ ဥပါသကာများဖြစ်လာခဲ့သည်။ ဤကမ္ဘာတွင် **ပထမဦးဆုံး ဗုဒ္ဓဘာသာဝင်ဥပါသကာဖြစ်လာသူများမှာ မြန်မာပြည်သားများ ဖြစ်သည်။ ဆွမ်းဦးလှူရသူ ကမ္ဘာတွင် သရဏဂုံခံယူ၍ ပထမဆုံး ဥပါသကာ ဗုဒ္ဓဘာသာဝင်ဖြစ်သူ ဘုရားသခင်သက်တော် ထင်ရှားချီးမြှင့် အပ်သောဆံတော်များကို ကိုးကွယ်ရသူ, ဆံတော်များကို ဌာပနာ၍ ကမ္ဘာပထမဆုံး ရွှေတိဂုံစေတီကြီး တည်ထားကိုးကွယ်သူများမှာ မြန်မာလူမျိုးတို့ပင်ဖြစ်ကြသည်။** ထိုအချိန်မှစ၍ မြန်မာတို့သည် သာသနာတော်နှင့် အဆက်အသွယ်ရခဲ့ကြသည်။ ထို့နောက်တွင်မှ အရှင်ဂဝံပတိမထေရ်၏ ပင့်လျှောက်မှုကြောင့် ဘုရားရှင်ကြွတော်မူလာပြီး ဆံတော်များကို ချီးမြှင့်

ခဲ့ရာမှ ကျိုက်ထီးရိုးစေတီတော်ပေါ် ထွက်ခဲ့သည်။ သုနာပရန္တတိုင်းသို့ အရှ
ပုဏ္ဏမထေရ်ကိုအကြောင်းပြု ကြွ တော်မူခဲ့သဖြင့် စက်တော်ရာ ကျောင်းတော်ရ
စေတီတော်တို့ကို ပူဇော်ခွင့်ရခဲ့ကြသည်။ ဘုရားရှင်၏ သာသနာနှင့် ရှေးမြန်မာဝ
မစိမ်းခဲ့ပေ။ **သွေးကပါ စကားပြောသဖြင့် မြင်မြင်ခြင်း စေတနာရှိခဲ့သည်၊**
**ကိုးကွယ်ခဲ့ကြသည်။**

ဘုရားမပွင့်မီ အဘိရာဇာသာကီဝင်မင်းလက်ထက်တွင် မြန်မာနိုင်ငံ
သို့ သာကီဝင်တို့ ပထမအကြိမ် တကောင်း အရောက် ပြန်ခဲ့ကြသည်။ ထိုစဉ်
က အိန္ဒိယသည် များစွာမတိုးတက်သေးပေ။ အဘိရာဇာတို့သည် အိန္ဒိယတွင်
တိုးတက်နေသော စာပေ လက်မှုပညာ စီမံခန့်ခွဲမှုပညာ စသည်တို့ကို သယ်
ဆောင်နိုင်သမျှ သယ်ဆောင်ခဲ့ကြသော်လည်း အိန္ဒိယ၏ ဟိန္ဒူဘာသာအရ
ကိုးကွယ်မှုများ လူမှုရေး စနစ်များကို ပုံတူကူးချ လက်မခံခဲ့ပေ။ ထို့ကြောင့်
ဗြာဟ္မဏဝါဒနှင့် အမွေဆက်ခံမှုတို့ မြန်မာ၌ မထွန်းကားခဲ့ပေ။ စာရေး အတတ်
ပညာစသော လိုအပ်ရာများကိုသာ ယူခဲ့ကြသည်။

ဝိဋူဍဘဘေးကြောင့် ဓဇရာဇာခေါင်းဆောင်သော သာကီဝင်တို့
တကောင်းသို့ ဒုတိယအကြိမ်ပြန်ခဲ့ကြသောအခါ **အိန္ဒိယတွင် ဗုဒ္ဓဘာသာ**
**လွန်စွာ တိုးတက်နေပြီဖြစ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုတို့ကို စိတ်တိုင်းကျ**
**သယ်ယူခဲ့ကြသည်။** မြန်မာနိုင်ငံအနှံ့ တွေ့ရသော မြို့တော်ဟောင်းများ
၌ ဗုဒ္ဓယဉ်ကျေးမှုလက်ရာများမှာ လူတို့ထင်သကဲ့သို့ ခဏတဖြုတ်
ဝင်ရောက်ခဲ့သော ကုလား၊ ကုန်သည်တို့ကြောင့်ထက် သာကီဝင်တို့
အပြန် သယ်လာသည်တို့ကြောင့် ဖြစ်စရများပါသည်။ မြန်မာနိုင်ငံ၏
ရှေးဟောင်းမြို့တော်များကို တူးဖော်လေ့လာ သောအခါ ဗုဒ္ဓမတိုင်မီက ရရှိသော
အိန္ဒိယလက်ရာများထက် ဗုဒ္ဓပွင့်ပြီးနောက် ပိုင်းမှ ရရှိသော အိန္ဒိယလက်ရာ
အငွေ့အသက်များကို များစွာတွေ့ရခြင်း ဖြစ်သည်။ အိန္ဒိယ၌လည်း ဗုဒ္ဓပွင့်ပြီး
နောက်ပိုင်းမှရရှိသော အိန္ဒိယလက်ရာ အငွေ့အသက်များကိုများစွာ တွေ့ရခြင်း
ဖြစ်သည်။ အိန္ဒိယ၌လည်း ဗုဒ္ဓ ပွင့်တော်မူပြီးနောက်မှသာ တိုးတက်လာခြင်း
ဖြစ်ကြောင်း သိရသည်။ တိုးတက်ခဲ့လေသည်။ **အိန္ဒိယယဉ်ကျေးမှုသည်**
**ဗုဒ္ဓဘာသာကို မှီ၍ ကမ္ဘာ့ယဉ်ကျေးမှု ဖြစ်လာလေသည်။** ဗုဒ္ဓဝါဒကား

အိန္ဒိယ၏ မဟာကျေးဇူးရှင်ကြီး ဖြစ်လေသည်။

ဖျက်ဆီးသူ ဟိန္ဒူ မွတ်စလင် အစွန်းရောက်များကြောင့် ဗုဒ္ဓဝါဒလည်း နစ်နာခဲ့သလို အိန္ဒိယနိုင်ငံလည်း ဆုံးရှုံးမှု အနန္တကို ရရှိခဲ့လေသည်။ ဘာသာရေး အစွန်းရောက် လူမိုက်များကြောင့် အိန္ဒိယယဉ်ကျေးမှု အနုပညာလက်ရာများသာ ပကတိအတိုင်း တည်ရှိခဲ့လျှင် အိန္ဒိယ၏ စီးပွားရေးသည် ယခုထက် အဆ များစွာ တိုးတက်ဝင်ငွေရရှိမည်မှာ ဧကန်ဖြစ်သည်။ ယခုလည်း မြန်မာပြည် ဘွား သံဃာတော်များ၏ ကြိုးစားမှုကြောင့် ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓယဉ်ကျေး မှုတို့ အိန္ဒိယမှာ တကြော့ပြန်တောက်ပလာတော့မည် ဧကန်ဖြစ်သည်။ ဆယ် စုနှစ် ၂စု ၃စုအတွင်းမှာပင် ဗုဒ္ဓဘာသာအင်အားသည် ၄, ၅သောင်းမှ သန်း ၃၀ သန်း ၄၀ ကျော် တိုးတက်လာသည်ကို တွေ့ရသဖြင့် သာကီဝင် မြတ် ဘုရား၏ သာသနာတော်သည် သာကီဝင်မြန်မာတို့ကြောင့် သာသနာ့မူလ အခြေချစတင်ခဲ့ရာ အိန္ဒိယမြေနှင့် ကမ္ဘာမြေကို ငြိမ်းချမ်းစေတော့မည် ဖြစ်သည်။

မြန်မာတို့သည် ဗုဒ္ဓသာသနာတော်ကြီးကို လွန်စွာ ချီးမြှောက်ခဲ့သည်။ ရှေးဟောင်းမြို့တော်များကို လေ့လာပါမှ ပို၍ သိသာသည်။ ဘီစီ ၃ ရာစု လောက်မှစ၍ မြန်မာပြည်အနှံ့ ပျူမြို့ပြနိုင်ငံများ တည်ထောင်ကြသည်။ ယနေ့ မြန်မာနိုင်ငံတမျှ ကျယ်ဝန်းသော ပျူမြို့ပြနိုင်ငံနေရာ ၂၉၈ နေရာ၌ ဗုဒ္ဓဘာသာ နှင့် စပ်ဆိုင်သော အဆောက်အဦးများကို တွေ့ရသဖြင့် ဗုဒ္ဓဘာသာသည် မြန်မာပြည်အနှံ့ ဖြန့်ကျက်ထွန်းကားခဲ့ကြောင်း မည်သူမျှ မငြင်းနိုင်ပေ။ ထိုအချိန် မှစတင် ထွန်းကားခဲ့သော ဗုဒ္ဓဘာသာသည် ဆုတ်ယုတ်သွားသည်မရှိ၊ ကျယ် သထက် ကျယ်၊ ပြန့်သထက် ပြန့်၊ နှံ့သထက် နှံ့၊ ခိုင်သထက် ခိုင်ခဲ့သည် ကို တွေ့ရသည်။ အိန္ဒိယတွင် သံဃာဂိုဏ်းကွဲများသည် မြန်မာနိုင်ငံသို့ပါ ရောက်ရှိခဲ့သဖြင့် မဟာယာနသာသနာနှင့် သဗ္ဗတ္ထိကဂိုဏ်းကွဲတို့ကြောင်း အရည်းကြီးသာသနာ တစ်ခါတစ်ရံ ထွန်းတောက်ခဲ့သည်ဟု ဆိုနိုင်သော် လည်း အိန္ဒိယလို ဗုဒ္ဓသာသနာကွယ်သည်အထိ မဖြစ်ခဲ့ပေ။

မြန်မာဘုရင်မင်းတို့သည် သာကီဝင်မြန်မာပီသကြသည်။ သာသနာ့ ဒါယကာမင်းတရားကြီးများအဖြစ် ခံယူကာ မိမိအရေးထက် သာသနာအရေး ကို ဦးစားပေးခဲ့ကြသည်။ အနော်ရထာမင်းမတိုင်မီ အရည်းကြီးသာသနာသည်

အတော်အတန်လွှမ်းမိုးခဲ့သော်လည်း ရှင်အရဟံမထေရ်နှင့် အနော်ရထာမင်းကြီးတို့ လက်တွဲ ဖြိုခွဲမှုကြောင့် အရည်းကြီးတို့ ပျောက်ကွယ်သွားရသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို အင်တိုက် အားတိုက် မင်းရောပြည်သူပါ ဆရာဒကာ လက်တွဲသာသနာပြုခဲ့သည်။ ငယ်စဉ်ကာလ သာသနာ ဗဟုသုတရရှိစေရန် ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်တီထွင်ခဲ့သည်။ လူငယ်တိုင်း ဗုဒ္ဓဘာသာ ဗဟုသုတပြည့်ဝခဲ့သည်။ ၁၀ နှစ်ကျော်လာလျှင် ရှင်သာမဏေဝတ်ပေးကြပြီး ဗုဒ္ဓပိဋကစာပေအခြေခံ သဒ္ဒါ သင်္ဂြိုဟ် ဗုဒ္ဓဝင် မင်္ဂလသုတ်စသည်တို့ကို သင်ပေးခဲ့သည်။ အသက် ၂၀ ရောက်သောအခါ ရဟန်းခံပေးကြပြီး ပိဋကသုံးပုံကို သင်ပေးကြသည်။ ယောကျ်ားလေးတိုင်း ကိုရင်ဝတ်ကြရသည်။ ကိုရင်မဝတ်သော မြန်မာယောကျ်ားလေးဟူ၍ မရှိပေ။ မြန်မာသာကီဝင်တို့ကား သာကီဝင်မြတ်ဘုရား၏ သာသနာ့အမွေကို အမျိုးသားယဉ်ကျေးမှုအဖြစ် ကျင့်သုံးခဲ့သည်။

ပုဂံခေတ်မှ စတင်ခဲ့သော ပရိယတ္တိသာသနာတော်သည် ယနေ့ခေတ်ထိ တိုးသထက်သာ တိုးခဲ့သည်။ ဘုရင်အဆက်ဆက် တာဝန် မပျက်ခဲ့ပေ။ ရဟန်းတော်များကလည်း လွန်စွာ တာဝန်ကျေကြသည်။ သာသနာ့ဝန်ကိုထမ်း ဝိနည်း သီလကို အသက်နှင့်လဲ၍ ရဟန်းကောင်း သာသနာ့သူရဲကောင်းပီသခဲ့ကြသည်။ ငယ်စဉ်အခါ စာသင်စာချ ပရိယတ္တိတာဝန်ကို အပြည့်အဝယူခဲ့ကြသည်။ ရဟန်းတော်ဘဝ သီလနှင့် ပြည့်စုံအောင် လုံခြုံစွာ စောင့်ထိန်းခဲ့ကြသည်။ အရွယ်တော်ရလာသောအခါ တောထွက်၍ ပဋိပတ္တိ သာသနာ့အရသာ အပြည့်အဝကျင့်ဆောင်ကြသည်။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများဖြစ် အောင်ကျင့်နိုင်ခဲ့ကြသဖြင့် သာသနာ့အရသာ ခံစားနိုင်ခဲ့ကြသည်။ မြန်မာတို့သည်ကား မြင့်မြတ်လှသည်။ မြန်မာလူဘောင်ကို မြင့်မြတ်သော ဘုရားတရားတော်ဖြင့် တည်ဆောက်နိုင်ခဲ့ကြသဖြင့် မြန်မာပြည်သည် အန္တရာယ်ဆိုးများမကျရောက်ဘဲ အေးငြိမ်းခဲ့သည်။ သဘာဝတရားကလည်း ကူညီခဲ့သဖြင့် စားဝတ်နေရေး အဆင်ပြေဆုံးနိုင်ငံဖြစ်ခဲ့သည်။

# သင်္ဂါယနာတင်၍ သာသနာကို အစွမ်းကုန် ကိုးကွယ်ခဲ့

ပဉ္စမသင်္ဂါယနာ

သင်္ဂါယနာတင်သည် ဆိုသည်မှာ ဘုရားရှင်၏ တရားတော်များ မပျောက်စေရန် မပျက်စေရန် ရှင်းလင်းသုတ်သင်၍ စုပေါင်းရွတ်ဆို မှတ်တမ်းတင်ခြင်း ဖြစ်သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးလေးလအကြာတွင် ဘီစီ ၅၄၅ တွင် အရှင်မဟာကဿပဦးဆောင်သော သံဃာတော် ရဟန္တာ မထေရ်ကြီးအပါး ၅၀၀ က စနစ်တကျ မေးဖြေပြုလုပ်ပြီး စုပေါင်းရွတ်ဆိုခဲ့ သည်။ ဘီစီ ၄၄၅ တွင် ဒုတိယအကြိမ်၊ ဘီစီ ၂၃၅ တွင် တတိယအကြိမ် အိန္ဒိယတွင် သင်္ဂါယနာတင်ခဲ့သည်။ ဘီစီ ၉၅ တွင် သီရိလင်္ကာနိုင်ငံ၌ စတုတ္ထသင်္ဂါယနာတင်ခဲ့သည်။

ထို့နောက် သင်္ဂါယနာတင်မှု ကျဲသွားသည်။ **အေဒီ ၁၈၇၁ တွင်မှာ** မင်းတုန်းမင်းကြီးလက်ထက် မြန်မာပြည်၌ သင်္ဂါယနာ ပဉ္စမအကြိမ်တင်ခဲ့သည်။ မင်းတုန်းမင်းကြီးသည် စကျင်ကျောက်တောင်မှ အကောင်းဆုံး ကျောက်ပြား များကို အလွှာလိုက်သယ်ယူသံရွှေဘော်ထိုး ညီနေချောနေ မွတ်နေအောင်ပြု ပြီး ဘုရားဟော ပိဋကတော်များကို အထပ်ထပ် စိစစ်ပြီး ကျောက်စာရေးထိုး စေခဲ့သည်။ အမှားအယွင်းလုံးဝမရှိအောင် ရှေးဦးစွာ ပေရွက်များပေါ်တွင် သုတ် သင်စေပြီး သာသနာနှစ် ၂၄၁၅ ခုနှစ် ခရစ်နှစ် ၁၈၇၁ ခုနှစ် မြန်မာ သက္ကရာဇ် ၁၂၂၂ မှစ၍ ပေထက် အက္ခရာတင်ခဲ့သည်။ ထို့နောက် စကျင်ကျောက်ကို ဆရာတော်ကြီးများ ကြီးကြပ်ကာ ကျောက်ဆစ်ပညာရှင်များ ထွင်းထုစေပြီး ကျောက်ထက်အက္ခရာတင်ခဲ့ရာ ၁၂၃၀ ခုနှစ်တွင်မှ ပြီးခဲ့ သည်။ ဝိနယ ပိဋက ကျောက်ချပ်ရေး ၁၁၁ချပ်၊ အဘိဓမ္မပိဋက ၂၀၈ချပ်၊ သုတ္တန် ၄၁၀ချပ်၊ စုစုပေါင်း ၇၂၉ချပ် ကျောက်ထက်အက္ခရာတင် ပူဇော်သည်။ သာသနာ သက္ကရာဇ် ၂၄၁၆ ဖြစ်၍ သံဃာတော် ၂၄၀၀ ပါးတို့နှင့် တင်ခဲ့သည်။ နှုတ်တက် သင်္ဂါယနာကို မြန်မာသက္ကရာဇ် ၁၂၃၃ တွင် ရွတ်ဆိုတင်ခဲ့ရာ ၅ လ နှင့် ၃ ရက်ကြာမှ ပြီးစီးသည်။

မင်းတုန်းမင်းကြီးသည် သာသနာတော်တိုးတက်ရေးအတွက် ပဋ္ဌမပြန် စာမေးပွဲများ ဘွဲ့တံဆိပ်ကပ်လှူမှုများ နည်းမျိုးစုံသုံး၍ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၈၈၆ တွင် မြန်မာလွတ်လပ်ရေး ဆုံးရှုံးခဲ့သည်။ နိုင်ငံခြားသား ဘာသာခြားတို့သည် ဗုဒ္ဓဘာသာကို အားမပေးဘဲ သူတို့ ခရစ်ယာန်ဘာသာကိုသာ အားပေးသည်။ ကုလားများ တရုတ်များကို နိုင်ငံတွင်း သွတ်သင်းခဲ့ပြီး မွတ်စလင်ဘာသာ မဟာယာနဘာသာ ဟိန္ဒူဘာသာတို့ကို လွတ်လပ်စွာ သာသနာပြုခွင့်ပေးခဲ့သည်။ ဗုဒ္ဓဘာသာများစွာ အင်အားနည်းပြီး ဘာသာခြားတို့များစွာ အားကောင်းလာခဲ့သည်။ သူ့ကျွန်ဘဝမှ လွတ်ရန် ကြိုးပမ်းကြပြီးဗုဒ္ဓသာသနာတော်ကြီးကို အစွမ်းကုန် မြှင့်တင်ရန် မြန်မာတို့ သန္နိဋ္ဌာန်ချခဲ့ကြသည်။

## ဆဋ္ဌသံဂါယနာ

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရသောအခါ မြန်မာတို့ လိုလားတောင်းတခဲ့သော သာသနာပြုလုပ်ငန်းများနှင့် သင်္ဂါယနာတင်ရေးကို စိုင်းပြင်ခဲ့ကြသည်။ ဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်သော နိုင်ငံတော်အစိုးရ၏ အားထုတ်မှုကြောင့် ၁၇.၅.၁၉၅၄ ခုနှစ် ကဆုန်လပြည့်နေ့ မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ် စက္ကန့် ၃၀ အချိန်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာ အခမ်းအနားကြီးကို စတင်ကျင်းပသည်။ ထေရဝါဒ ၅ နိုင်ငံမှ သံဃာတော် ၂၅၀၀ တို့က သင်္ဂါ ယနာတင်ခဲ့ကြသည်။ ၁၉၅၆ ခုနှစ် မေလ ၂၄ ရက် မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ ပိဋကစာပေ များကို စနစ်တကျ သုတ်သင်ပြီး သန့်ရှင်းသော စာမူများ စီစဉ်ကာ စာအုပ် ရိုက်ထုတ်နိုင်သဖြင့် လွန်စွာအကျိုးရှိသည်။ မြန်မာအစိုးရသည် ဗုဒ္ဓသာသနာတော်ကြီးအတွက် ကြီးမားကျယ်ပြန့်သော သာသနာပြုလုပ်ငန်းများကို လုပ် ကိုင်ဆောင်ရွက်ခဲ့သည်။

## တိပိဋကရွေးချယ်ရေး စာမေးပွဲကြီး

မြန်မာလူမျိုးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် သာကီဝင်လူမျိုးဟု ခံယူထားခဲ့ကြ၏။ ဤခံယူမှုမှာ ယခုမှ မဟုတ်။ ပုဂံခေတ်ကထဲက ဖြစ်၏။ သာကီမျိုးဟော့ ဒို့ဗမာဟု ရဲဝံ့စွာ ကြွေးကြော်ကြ၏။ သာကီဝင်လူမျိုးမှ ဗုဒ္ဓရှင်တော် ပွင့်ပေါ်တော်မူခဲ့သဖြင့် သာကီမျိုး မြန်မာတို့သည် ဗုဒ္ဓသာသနာတော်ကို အားပေးရမည်မှုချဖြစ်၏။ ထို့ကြောင့်ပင် မြန်မာလူမျိုးတို့သည် သမိုင်းမတင်မီခေတ်မှ မျက်မှောက်ကာလထိ ဗုဒ္ဓဘာသာတစ်ခုတည်းကိုသာ ကိုးကွယ်ခဲ့ကြ၏။ ဗုဒ္ဓဘာသာမှ တခြားဘာသာကိုးကွယ်သူဆို၍ မြန်မာစစ်စစ်ရှားပါသည်။ ဗုဒ္ဓသာသနာတော် တည်တံ့ရေးအတွက် ဗုဒ္ဓတရားတော် ပိဋကစာပေများတည်တန့်ရန်လိုသည်ဟု ခံယူထားကြ၏ ခေတ်အဆက်ဆက်သာသနာ့ယဉ်ကျေးမှု အမွေ ပိဋကစာပေတို့ကို ရဟန်း သံဃာများ လူ သာဝကများ စဉ်ဆက်မပြတ် ကြိုးပမ်းခဲ့ပြီး ပျို့ကဗျာလင်္ကာအရကောက် စကားပြေဝတ္ထုမျိုးစုံရေးကာ ကျယ်ပြန့်အောင် ဆောင်ရွက်ခဲ့သဖြင့် ဗုဒ္ဓစာပေ ဘဏ္ဍာတိုက်ကြီးသည် သုံးမကုန် ပြည့်စုံနေ၏။

လွတ်လပ်ရေးရပြီးနောက် အားပါးတရ အားပေးခဲ့ကြ၏။ နိကာယ်စာမေးပွဲ မျိုးစုံကျင်းပခဲ့ကြပြီး ဆဋ္ဌသင်္ဂါယနာတင်သောအခါ ပိဋ္ဋကသုံးပုံအာဂုံဆောင်နိုင်သောသူ လိုအပ်သဖြင့် တိပိဋကရွေးချယ်ရေး စာမေးပွဲကြီးကျင်းပခဲ့၏။ ထိုစာမေးပွဲမှာ ပိဋကသုံးပုံပါဠိတော်များကို အာဂုံပြန်ဆိုရ၏။ အာဂုံအောင်သောအခါ အဋ္ဌကထာ ဋီကာ မူလဋီကာ အနုဋီကာ ယောဇနာဂဏ္ဌိစာရှိသမျှထဲမှ မေးခွန်းများကိုဖြေဆိုနိုင်ရန် ကြည့်ရပြန်၏။ ထိုစာမေးပွဲကြီးသည် အချိန်အကြာဆုံး အခက်ဆုံး အောင်မှတ်မှာ ၅၅မှတ်ဖြစ်သဖြင့် အမြင့်ဆုံး စာအုပ်အများဆုံး ကျက်မှတ်ဖြေမှ အောင်ပွဲရမည့် စာမေးပွဲဖြစ်၏။ ကမ္ဘာပေါ်ရှိ နိုင်ငံ အသီးသီးတွင် မြန်မာမှလွဲ၍မည်သည့်နိုင်ငံက မည်သည့်ပုဂ္ဂိုလ်မှ မဖြေဆိုနိုင်ပေ။ ဤစာမေးပွဲကြီးအောင်မြင်ရန်မှာ သတိလည်းကောင်း မှတ်ဉာဏ်လည်းကောင်း စာကျက်အားလည်းကောင်း ဇွဲ ဝီရိယလည်းရှိ စေတနာလည်း လွန်စွာထက်သန်မှ ဖြေရမည်ဖြစ်၏။ မြန်မာတစ်နိုင်ငံထဲမှသာ ဝင်ရောက်ဖြေနိုင်သည်ဆိုသဖြင့်

သာကီဝင်မြတ်ဘုရား၏ ပိဋကသုံးပုံတရားတော်များကို တကယ်တန်း စွမ်းဆောင်နိုင်သူမှာ မြန်မာတစ်ဦးထဲသာရှိသဖြင့် မြန်မာသည် သာကီဝင် ဗုဒ္ဓ၏ သာကီဝင်လူမျိုးကေန်ဖြစ်ကြောင်း ငြင်းစရာ မလိုတော့ပေ။ မြတ်ဗုဒ္ဓ၏ ပိဋကစာပေကျယ်ဝန်းမှုကို သိသာရန် အနည်းငယ် တင်ပြလိုပါသည်။ အနည်းငယ်သာဖြစ်၍ အပြည့်အစုံမှာ မည်မျှ ကျယ်ပြန့်မည်ကို သိနိုင်ရန် ဖြစ်ပါသည်။

## ပိဋကသုံးပုံ

ပိဋကသုံးပုံကို ဖော်ပြရာ၌ ပထမသင်္ဂါယနာတင်ပွဲတွင် ရဟန္တာမထေရ်ကြီးတို့ အသုံးအနှုန်းအတိုင်း ဖော်ပြထားပါသည်။ လူတစ်ယောက် ပုံမှန်အသံဖြင့် အနားမယူဘဲ တစ်မော တစ်ခါနား ရွတ်နိုင်သော စာပမာဏကို တစ်ဘာဏ ဝါရဟု ခေါ်ကြ၏။ ပါဠိတော် ၅၂ အုပ်၊ ဆဋ္ဌမူ အုပ်ရေ ၄၀၊ အဋ္ဌကထာဋီကာများလှပေသည်။

ဒီဃနိကာယ်တွင် ဝဂ်အားဖြင့် ၃ ဝဂ်၊ သုတ် ၄၃ သုတ်၊ ဘာဏဝါရ ၆၄ ရှိ၏။ ဂါထာဖွဲ့လျှင် ၁၆၀၀၀ ပမာဏရှိ၏။ အရှင်အာနန္ဒာ၏ တပည့် တို့ ဆောင်ခဲ့ကြ၏။

မဇ္ဈိမနိကာယ်တွင် ဘာဏဝါရ ၈၀ ရှိ၏။ မူလပဏ္ဏာသသုတ် ၅၀၊ မဇ္ဈိမပဏ္ဏာသသုတ် ၅၀၊ ဥပရိပဏ္ဏာသသုတ် ၅၂ ၊ ပေါင်း ၁၅၂ သုတ်ရှိ၏။ ဂါထာဖွဲ့လျှင် ၂၀၀၀၀ ပမာဏရှိ၏။ အရှင်သာရိပုတ္တရာ၏ တပည့်အဆက် ဆက်တို့ ဆောင်ကြ၏။

သံယုတ္တနိကာယ်တွင် ဘာဏဝါရ ၁၀၀ ရှိ၏။ သုတ်ပေါင်း ၇၇၆၂ သုတ်ရှိ၏။ အရှင်မဟာကဿပ တပည့်အဆက်ဆက်တို့ ဆောင်ခဲ့ကြ၏။ ဝဂ် အားဖြင့် သဂါထာဝဂ်, နိဒါနဝဂ်, ခန္ဓဝဂ်, သဠာယတနဝဂ်, မဟာဝဂ် ဟု ၅ ဝဂ်ရှိ၏။ ဂါထာ ၂၅၀၀၀ ပမာဏရှိ၏။

အင်္ဂုတ္တရနိကာယ်တွင် ဘာဏဝါရ ၁၂၀ ရှိ၏။ ၉၅၅၇ သုတ်ရှိ၏။ ဂါထာပမာဏ ၃၀၀၀၀ ရှိ၏။ အရှင်အနုရုဒ္ဓါ၏ တပည့်အဆက်ဆက်တို့ ဆောင်ခဲ့ကြ၏။

ခုဒ္ဒကနိကာယ် အဘိဓမ္မာပိဋကကို မထေရ်အားလုံး ဆောင်ကြ၏။ ဓမ္မသင်္ဂဏီ၊ ဝိဘင်္ဂ၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း အဘိဓမ္မာ ၇ ကျမ်း ဆဋ္ဌမူစာအုပ် ၁၂ အုပ်ရှိ၏။ ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀ ထိ များလှ၏။

ခုဒ္ဒကနိကာယ် သုတ္တန္တပိဋကအဖြစ် ၁၅ မျိုးရှိ၏။ မထေရ် အဆက်ဆက် ဆောင်ကြ၏။ ဂါထာပမာဏ ၄၄၂၅၀ ရှိ၏။ ပိဋကသုံးပုံဟူသည်မှာ ပေရွက်အာဖြင့် ၆၃၄၅ ရွက်၊ ကျောက်ချက်ရေ ၇၂၉ ချပ်၊ ဆဋ္ဌမူ စာအုပ် ၄၀ အုပ်၊ စာရွက်ရေ ၆၅၄၇ ရွက်၊ စာမျက်နှာ ၁၃၀၉၄ မျက်နှာ၊ စာကြောင်းရေ ၄၀၄၀၇၀ကြောင်း။ အက္ခရာစာလုံး ၁၁၀၂၁၇၅၀လုံး ရှိလေသည်။ ဤမျှ များလှ၏။

သာသနာတော်နှစ် ၂၄၉၂ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ်မှ စ၍ ကျင်းပခဲ့၏။ ပိဋကသုံးပုံအားလုံးကို အာဂုံအလွတ်လည်း ပြန်နိုင် ရေးဖြေလည်း အောင်မြင်သော ပုဂ္ဂိုလ်မြတ်တို့ကို တိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့အပ်နှင်းပူဇော်၏။ ယခုအခါအကြိမ် ၇၀ ထိ ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်သည့် ပုဂ္ဂိုလ်များမှာ

၁။ အရှင်ဝိစိတ္တသာရာဘိဝံသ
၂။ အရှင်နေမိန္ဒ
၃။ အရှင်ကောသလ္လ
၄။ အရှင်သုမင်္ဂလာလင်္ကာရ
၅။ အရှင် သိရိန္ဒာဘိဝံသ
၆။ အရှင်ဝါယာမိန္ဒာဘိဝံသ
၇။ အရှင်သီလက္ခန္ဓာဘိဝံသ
၈။ အရှင်ဝံသပါလာလင်္ကာရ
၉။ အရှင်ဂန္ဓမာလာလင်္ကာရ
၁၀။ အရှင်သုန္ဒရ
၁၁။ အရှင်ကုန္ဒပါလ
၁၂။ အရှင်အဘိဇာတာဘိဝံသ
၁၃။ အရှင်ကုန္ဒာစရိယ
၁၄။ အရှင်ဝီရိယာနန္ဒ တို့

ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရခဲ့သည့်အပြင် ပိဋကအာဂုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့သည်။ ပိဋက ၂ ပုံဆောင် ပိဋက ၁ ပုံဆောင် ပုဂ္ဂိုလ်တို့ကား ၂၀၀ ကျော်ရှိလေသည်။ ပထမဆုံး တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသကို ကမ္ဘာကျော်ဂင်းနစ်မှတ်တမ်းကြီးက ဉာဏ်ပညာ ထူးချွန်ထက်မြက်ဆုံး ပုဂ္ဂိုလ်ဟု မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းအတိုင်းဆိုရလျှင်

ကမ္ဘာ့ဉာဏ် အထက်ဆုံးပုဂ္ဂိုလ်ပေါင်းများစွာ ထွက်ပေါ်ခဲ့ပြီး ထိုမှတ်တမ်းအတိုင်း ဆိုရလျှင် မြန်မာကား ဉာဏ်အထက်ဆုံးပုဂ္ဂိုလ်များထွက်ရာ နိုင်ငံဖြစ်သည်။

ကမ္ဘာတွင် အခက်ဆုံး ဘုရားသာသနာစောင့် ပိဋကသုံးပုံကို အာဂုံဆောင်နိုင်သူမှာ မြန်မာမှလွဲ၍ တကမ္ဘာလုံးတွင် တစ်ဦးတစ်ယောက်မှ မရှိပေ။ ဉာဏ်ကောင်းရုံနှင့် မလုံလောက်သေးပေ။ ကံ ဉာဏ် ဝီရိယ သတိ စေတနာ သဒ္ဓါတရား တို့လည်း ရှိရဦးမည်။ ပို၍ ထူးသည်မှာ အနာဂတ်သာသနာတော် တည်တံ့ထွန်းကားရေးအတွက် ဦးဆောင်မည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး ဦးဆောင်မည့်သူများမှာ မြန်မာလူမျိုးများဖြစ်မည်ကို ဘုရားရှင်သည် အနာဂတံသ ဉာဏ်တော်မြတ်ဖြင့် သိမြင်တော်မူပြီးဖြစ်သည်။ သကျဘုရား သာသနာကော်ကို အဆက်မပြတ် သာသနာပြုပြီး ကမ္ဘာအထိ ပို့ဆောင်နိုင်မည့်သူများမှာ သာကီဝင်အနွယ် မြန်မာတို့သာ ဖြစ်၏။

သာသနံ ပုညံ ဝန္တသာ ပုညဝန္တာဝ လဗ္ဘရေ
အပ္ပပုညာကရဟာစိ ပဂ္ဂဏှိတုမဝိသယာ

ဟူသော ဒေသနာတော်အရ ဘုန်းရှင်ကံရှင် ဘုရားသခင်၏ သာသနာတော်မြတ်ကြီးကို ဘုန်းရှင်ကံရှင် လူမျိုး ပုဂ္ဂိုလ်တို့သာ ကိုးကွယ်နိုင်သည်ဟူသော မိန့်တော်မူချက်အရ သာကီဝင် ဘုရားရှင်၏ သာသနာတော်ကို သာကီဝင် မြန်မာတို့သာ ဦးဆောင်နိုင်မည်ဖြစ်၍ သာကီဝင်လူမျိုးတို့သည် သာကီဝင်မြန်မာနိုင်ငံသို့ ပူးပေါင်းရန် ပြန်လာခဲ့သည်ဟု တထစ်ချယုံကြည်ရပေမည်။ သာကီဝင်တို့ကား ပါရမီရှင်များ ဖြစ်၍ ကျွတ်တန်းဝင်သွားပြီဖြစ်၍ သာကီဝင်တို့၏ သာသနာပြုတာဝန်ကို ဆက်လက်ထမ်းရန်မှာ မြန်မာတို့ပင်တည်း။

## မြန်မာပြည်တိုင်းကြီး ဆယ်တိုင်း

မဇ္ဈိမဒေသ၌ တိုင်းကြီးသောဠသခေါ် တိုင်းပြည်ကြီး ၁၆ ပြည်ကို သတ်မှတ်လေ့ရှိသလို မြန်မာပြည်ကိုလည်း မြန်မာဘုရင်မင်းမြတ်တို့က တိုင်းကြီး ဆယ်တိုင်း ခွဲထားခဲ့သည်။

(၁) **သုနာပရန္တတိုင်း** မှာ လယ်ကိုင်း ဖောင်းလင်း၊ ကလော၊ သောင် သွပ် စသော ပြည်တို့၏ တည်ရာဒေဖြစ်၏။

(၂) **တမ္ဗဒီပတိုင်း** မှာ ပုဂံ ပင်းယ အင်းဝ မြင်စိုင်း စသော ပြည်တို့၏ တည်ရာဒေသကို ခေါ်ခြင်းဖြစ်၏။

(၃) **ကမ္ဘောဇတိုင်း** မှာ သီပေါ ညောင်ရွှေ မိုးနဲ စသော ပြည်တို့၏ တည်ရာဖြစ်၏။

(၄) **ဇိန်တိုင်း** မှာ ဗမ်၊ ခွေးလုံး၊ စန္ဒား စသော ပြည်တို့၏ တည်ရာဖြစ်၏။

(၅) **သီရိခေတ္တရာမတိုင်း** မှာ သရေခေတ္တရာ(ပြည်) ဥဒေတရစ် ပန်းတောင်း စသော ပြည်တို့၏ တည်ရာဖြစ်၏။

(၆) **ဧယျ ဝဓ္မာနတိုင်း (ဇယဂဒ္ဒနတိုင်း)** မှာ ကေတုမတီ ဇေယျ ဝတီစသော ပြည်တို့၏ တည်ရာဖြစ်၏။

(၇) **ရာမညတိုင်း** မှာ ဟံသာဝတီ ဒဂုံ ဒလ ကုသိမ်(ပုသိမ်) ရောင်ပြ (ဧမြာင်မြ) မုတ္တမ စသော ပြည်တို့ တည်ရာဖြစ်၏။

(၈)**ဟရိ ဘုဥ္စတိုင်း** မှာ ဇင်းမယ် ကျိုးသည် စသော ပြည်တို့တည်ရာဖြစ်၏။

(၉) **ခေမဝရတိုင်း** မှာ ကျိုင်းတုံ စသော ပြည်တို့ တည်ရာဖြစ်၏။

(၁၀) **မဟာနဂရတိုင်း** မှာ ကျိုင်းရုံး၊ မိုင်းစည် စသော ပြည်တို့ တည်ရာဖြစ်၏။

မြန်မာပြည်ဘုရင်မင်းမြတ်များသည် တိုင်းကြီးဆယ်တိုင်းခွဲကာ ဗုဒ္ဓ မြတ်စွာ၏ သာသနာတော်ကို အကွက်ချ သာသနာဝန်ကို ထမ်းဆောင်ခဲ့ကြ သည်။ ရှမ်း ကရင် မွန် ရခိုင် ဓနုပလောင် ထားဝယ် ဒေသများ၌လည်း သာသနာတော် ထွန်းကားသဖြင့် ဘုရားစေတီ ကျောင်းကန် ဇရပ် ဓမ္မာရုံ စသော သာသနိက အဆောက်အဦးတို့ ပြည့်နှက်နေခဲ့သည်။ မြို့ဟောင်းရာ များကို တူးဖော်ရာ၌ သာသနာနှင့် စပ်ဆိုင်သော ကျောင်းကန်နေရာများကို ခရစ်မပေါ်မီ ဘီစီလောက်ကပင် တွေ့ရသဖြင့် ဗုဒ္ဓသာသနာသည် လွန်စွာ စောသော ကာလကပင် ထွန်းကားနေပြီဖြစ်ကြောင်း သိနိုင်သည်။

တကောင်း ခေတ်ကထဲကပင် ဓာတ်တော်များကိုပင် ဖူးတွေ့ရသဖြင့် ပဋိပတ္တိကျင့်စဉ်လည်း အောင်မြင်ခဲ့သည်ဟု သိရသည်။ ယခုအခါမှာမူ ကမ္ဘာက တောင့်တနေသော ပဋိပတ္တိကျင့်စဉ်များနှင့် အဘိဓမ္မာ ဝိပဿနာ ဗုဒ္ဓဒဿနများကို ဖြန့်ဝေရန်အတွက် ဗုဒ္ဓဘာသာ စာသင်တိုက်များ တက္ကသိုလ်ကြီးများ ရိပ်သာကြီးများဖြင့် သာသနာ့ရောင်ဝါလင်းလျှက်ရှိလေသည်။

## သာကီဝင်နှင့် မြန်မာတို့လူမျိုးတူဖြစ်သည်ဟူသော ခိုင်လုံသောသက်သေများ

သာကီဝင်တို့၏ အတိတ်သမိုင်းကို စာပေကွင်းဆက်များ ဖော်ထုတ်၍ တင်ပြပြီးပါပြီ။ သမိုင်းဟူသည် သမိုင်းကွင်းဆက်ဖော်ထုတ်လေ့လာရသော ဘာသာရပ်ဖြစ်ပါသည်။ သမိုင်းကွင်းဆက်မရှိဘဲ သို့မဟုတ် သမိုင်းကွင်းဆက်ပြတ်နေလျှင် ဖော်ထုတ်ရန် မရနိုင်ပေ။ လူမျိုးတစ်မျိုး၏ သမိုင်းဆိုလာလျှင် ကွင်းဆက်မပြတ်အောင် ပို၍ ရှာရသည်။ နှစ်ပရိစ္ဆေဒ ၅၀၀၀ ၁၀၀၀၀ ဆိုလာလျှင် သမိုင်းကွင်းဆက် သမိုင်းခြေရာလွန်စွာ သတိထား၍ ဆက်စပ်သုံးသပ်ရသည်။ ထိုသမိုင်းသည် ဘုရားရှင်တို့လို တန်ဘိုးရှိသော ပုဂ္ဂိုလ်ကြီးများ ပါဝင်နေလျှင် အခက်အခဲများစွာ တွေ့ရသည်။ ထိုဘုရားရှင်သည် သူ့လူမျိုးမှ ဖြစ်သည်။ ငါ့လူမျိုးမှ ဖြစ်သည်ဟု ကိုယ့်ဘက်ဆွဲ၍ ရေးသားမှု မှတ်သားမှု ပြောဆိုမှု လီဆည်ပြောဆိုမှု လိမ်လည်ပြောဆိုမှုတို့ ရှိလာမည်ဖြစ်၍ ပို၍ ရှုပ်ထွေးခက်ခဲလာတတ်ပါသည်။ သို့သော် မည်သည့်အရာမဆို သဲလွန်စ သမိုင်းခြေရာလက်ရာ အကြွင်းအကျန်များ ကျန်ရစ်ခဲ့မြဲဖြစ်သဖြင့် ဘက်လိုက်မှု ကင်းကင်း စိတ်စေတနာရင်းမှန်မှန်နှင့် ဖြစ်ရပ်မှန်ဖော်ထုတ်သုံးသပ် ဆုံးဖြတ်ရမည်သာ ဖြစ်သည်။

ယခု သာကီဝင်မင်းသားဘုရားရှင်၏ သမိုင်းမှန်ကို ဖော်ထုတ်ရန် လိုအပ်လာပါသည်။ မြန်မာတို့သည် ဘုရားရှင် ပွင့်တော်မူချိန်မှစ၍ ယနေ့ထိ အားပါးတရကိုးကွယ်ကြသူများဖြစ်၍ ဗုဒ္ဓအဖြစ်မှန် ဗုဒ္ဓဝင်ကို အခြားသူများထက် ပို၍ သိလိုကြသည်။ ဗုဒ္ဓရှင်တော်မြတ်ကို ကိုးကွယ်ရာ၌ ပညာဖြင့်မှားမှန် စိစစ်ရွေးချယ်ဆုံးဖြတ်ပြီး သမ္မာဒိဋ္ဌိအမြင်မှန်ဖြင့် ကိုးကွယ်ခြင်း

ဖြစ်၍ ဗုဒ္ဓသည် မြန်မာလူမျိုးမဟုတ်ဘူးဆိုလျှင်လည်း ကျေနပ်စွာလက်ခံပါသည်။ ဘုရားရှင်အပေါ် အကြည်ညိုမပျက်ပါ။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓရှင်တော်ကို ကိုးကွယ်ရာ၌ ပုဂ္ဂိုလ်စွဲ ဒေသစွဲ လူမျိုးစွဲဖြင့် ကိုးကွယ်ခြင်းမဟုတ်ဘဲ ဖြည့်ကျင့်ခဲ့သော ပါရမီများ ကျင့်စဉ်များ ဂုဏ်တော်များကို ကြည်ညို၍ ကိုးကွယ်ခြင်းဖြစ်၍ အားရပါးရရှိကြပါသည်။

သို့သော်လည်း တိုးတက်လာသော သိပ္ပံပညာ၏ အစွမ်းသတ္တိကြောင့် လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို ရှာဖွေဖေါ်ထုတ်နိုင်ရန် သက်တန်း တွက်ချက်နိုင်လာပါသည်။ ပုံတောင်ပုံညာဒေသမှရရှိသော ပရိုင်းမိတ်သက်တန်းအရ လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀ ဟူသော ရုပ်ကြွင်း၏ သမိုင်းခြေရာကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ တဆင့်ပြီးတဆင့် **နွယ်ခွေလူသား** မြန်မာလူသား အညာသား ပြူလူမျိုးများ ဗြဟ္မာလူမျိုးများ သက္ကလူမျိုးများ ဗမာများ မြန်မာအထိ ကွင်းဆက်မိမိ ဖော်ထုတ်နိုင်ခဲ့ကြပြီဖြစ်ပါသည်။ ကျောက်ဖြစ်ရုပ်ကြွင်း လူနေလိုဏ် ဂူပန်းချီဆေးရေး မြို့ပြလက္ခဏာ စသည်များ ဆက်လက်ရှာဖွေသုံးသပ်ရာမှ ဗုဒ္ဓ ဘဝဇာတ်ကြောင်း သမိုင်း ပန်းချီကားချပ်ကြီးသည် ထင်ရှားပေါ်လွင်လာ၏။ ထိုအခါဝယ် မြန်မာလူမျိုးတို့အတွက် **တန်ဖိုး မဖြတ်နိုင်သော ရွှေတွင်း ငွေတွင်း စိန်တွင်း ပတ္တမြားတွင်းတို့ကို** ရရှိသည်ထက် အဘိုးအနဂ္ဃထိုက်သော ဘုရားရတနာမြတ်ကြီးကို အားပါးတရ ကြည်ညိုရလေတော့သည်။ **မြန်မာတို့ကား ကံကောင်းလွန်းစွတကား။** ဤဖြစ်စဉ်သည် ကံကောင်းထောက်မ၍ ဖြစ်ပေါ်လာရသော ဖြစ်စဉ်ပေတကား။ မည်သူမျှလုပ်ကြံ၍မရ။ သဘာဝ ဖြစ်စဉ်မြတ်ကြီးဖြစ်လေသည်။ သာကီမျိုးဖော့ဒ္ဒိမြန်မာဟု အားပါးတရ ကြွေးကြော်လိုက်ရပါတော့သည်။

## ရုပ်ရည်အသွင်အပြင်အသံတူညီကြသည်။

ရှင်တော်ဗုဒ္ဓ၏ သာကီဝင်လူမျိုးနှင့် မြန်မာလူမျိုးတို့သည် လူမျိုးတူများဖြစ်ကြသည်ဟူသော ဖြစ်စဉ်သမိုင်းကို ရှေးအပိုင်များတွင် တင်ပြပြီးဖြစ်ပါသည်။ သာကီဝင်တို့နှင့် မြန်မာတို့သည် ရုပ်ရည်ချင်းတူကြပါသည်။

ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရမထေရ်သည် ဆဋ္ဌသင်္ဂါယနာကိစ္စကို မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ဆောင်ရွက်နေစဉ် တစ်နေ့သောအခါ နိုင်ငံခြားသား ဧည့်သည်ရဟန်းတော်များအတွက် ခင်းထားသောနေရာ၌ ရဟန်းတော်တစ်ပါး နေရာယူထား၏။ ရုပ်ရည်မှာ မြန်မာလူမျိုးရုပ်ရည်ဖြစ်၏။ နေရာမှားပြီး လာထိုင်နေသည်ဟု စဉ်းစားနေစဉ်မှာ အခန်းအနားမှူးဆရာတော်၏ အသံထွက်လာ၏။ **နီပေါနိုင်ငံသံဃာ့ကိုယ်စားလည်း ဦးပညာလောကမှ သဝဏ် လွှာဖတ်ကြားပေးပါရန်ပင့်၏။** ထိုအခါ ထိုဦးပဉ္ဇင်းလေးသည် နေရာမှထ၍ သဝဏ်လွှာဖတ်ရန်သွား၏။ ဆရာတော်အရှင်ဝိစိတ္တသာရအံ့သြနေ၏။ **မြန်မာတို့နှင့် ရုပ်ရည်မှာ တထေရတည်းပဲ။ ခွဲ၍မရ** ဟု တွေးနေ၏။ ထိုအချိန်မှာပင် ဦးပဉ္ဇင်းလေးက သဝဏ်လွှာကို ဖတ်၏။ **ပါဠိအသံထွက်တို့သည် မြန်မာအသံ ထွက်အတိုင်းဖြစ်၏။ နိုင်ငံခြားသားတို့မှာ သ မရှိပေ။ သကို စသံ ဖတ်ကြ၏။ ယခု ဦးပဉ္ဇင်းလေးမှာမူ သ သံကို သ သံ ပီပီသသ ဖတ်၏။ စ–သံ မထွက်ပေ။** ထိုနေ့ညနေတွင် ဦးပဉ္ဇင်းလေးကို ပင့်၍ စကားစမြီပြောကြည့်၏။ နီပေါနိုင်ငံ နေ ဝါရီလူမျိုးဖြစ်ကြောင်း **နေဝါရီလူမျိုးမှာ သကျလူမျိုးဖြစ်ကြောင်း ပါဠိ သံများကို ယခုလိုပင် အသံ** ထွက်၍ ဖတ်ကြောင်းပြောပြ၏။ ဆရာတော်ကား လွန်စွာ အံ့သြသွားလေသည်။ **ဒို့မြန်မာတို့ကား ဘုရားနိုင်ငံမှ လူများနှင့် ရုပ်ရည်ရော အသံရောတူ လှပေသည်ဟု ဂုဏ်ယူလေသည်။**

တစ်နေ့တွင် ပညာရေး တက္ကသိုလ် အလိမ္မာဝတ်အသင်းမှ ကျောင်းသားကျောင်းသူတို့ ပဋ္ဌာန်းပူဇော်ပွဲကျင်းပ၏။ ကုလားဆရာထံ သင်ယူထားသဖြင့် ကုလားသံပေါက်နေ၏။ ဟေတုပတ်ကျယော၊ အာရမ္မဏ ပတ်ကျယော၊ စသည်ရွတ်၏။ ရွတ်ဖတ်ပြီး၍ ဆရာတော်ကြီး ဩဝါဒပေးလှည့်တွင် ဆရာတော် ဆဋ္ဌသင်္ဂါယနာတွင် နီပေါသံဃကိုယ်စားလှယ်၏ ရုပ်ရည် ပါဠိရွတ်သံတို့ကို မိန့်တော်မူပြီး မြန်မာတို့၏ မြန်မာအသံသည် ဘုရားရှင်၏ အသံတော်အတိုင်း ဖြစ်သဖြင့် ပိဋကစာပေတို့ကို ဖတ်သည့်အခါ မြန်မာသံစစ်စစ်ဖြင့် ဖတ်ရမည်။ မင်းတို့ရဲ့ ကုလားသံ ပတ်ကျယောကြီးကို လွှင့်ပစ်လိုက်ပါဟု မိန့်တော်မူလေသည်။

သာကီဝင်တို့နှင့် မြန်မာတို့ကား ရုပ်ရည်ရော အသွင်အပြင်ရော အသံရော ဗွာန်း ကရိုဏ်း ပယတ်ရော ဘုရားသံနှင့်တူကြလေသည်။ မြန်မာနှင့် သကျကား လူမျိုးတစ်မျိုးတည်းဖြစ်ကြောင်း ခိုင်လုံသော သက်သေဖြစ်လေသည်။

## အထူးအခွင့်အရေးပေးအပ်ခဲ့သည်။

ဝိနည်းမဟာဝါအဋ္ဌကထာတွင် ဘုရားရှင် ဤသို့ မိန့်တော်မူ၏။ ရဟန်းတို့ မီးလုပ်ကျွေးသော ရသေ့တို့လာကြသည်ရှိသော် ရဟန်းခံပေးရမည်။ ထိုရသေ့တို့အား ပရိဝါသ်မပေးရ။ ထိုသို့မပေးရခြင်းသည် အဘယ်ကြောင့်နည်းဟူမူ ရဟန်းတို့ ထိုရသေ့တို့သည် ကမ္မဝါဒီကြိယဝါဒီတို့ ဖြစ်ကြကုန်၏။

If the fire worshiping ascetics of matted hairs come, they should be given full Admission: withour giving them Probation. And why should it be so Bhikkhu, these accetics have faith in Kamma and its results (Kammava di) they have faith in performance of deeds which would bring good results (kiriya va di)

ရဟန်းတို့ အကယ်၍ အမျိုးအားဖြင့် သာကီဝင်မျိုးဖြစ်သော တတ္ထိဖြစ်ဘူးသူသည်လာငြားအံ့ ထိုသူကို ပဥ္စင်းခံပေးရမည်။ ထိုသာကီဝင်မင်းမျိုးဖြစ်သောသူအား ပရိဝါသ်မပေးရ၊ ရဟန်းတို့ ငါသည် အဆွေအမျိုးတို့အား သီးခြားဖြစ်သော ဤအခွင့်အရေးကိုပေး၏ ဟု မိန့်တော်မူ၏။

သာကီဝင်တို့အား ဤသို့အထူးအခွင့်အရေးပေးသည်မှာ သာကီဝင်လူမျိုးတို့သည် အိန္ဒိယရှိလူမျိုးတို့နှင့် အမျိုးဇာတ်အားဖြင့် တူညီမှု မရှိကြောင်း အိန္ဒိယနိုင်ငံသားများ မဟုတ်ကြောင်း သိစေလို၍ သီးခြားမိန့်တော် မူခြင်းဖြစ်၏။ သာကီဝင်တို့ကား ကုလားလူမျိုး အိန္ဒိယလူမျိုး မဟုတ်ကြောင်း သက်သေဖြစ်၏။ သာကီဝင်တို့ကား ဗြဟ္မာလူမျိုးများဖြစ်ကြောင်း ခိုင်လုံသော သက်သေဖြစ်၏။ အင်္ဂလိပ်ဘာသာပြန်ကျမ်းက ဤသို့ရေးခဲ့သည်။

If a member of another sect who is a Sakyan by birth comes, he should be given full Admission without giving him probation, Bhikkhus, I grant this special priviledge to my Relations.

ယေတေ ဘိက္ခဝေ အဂ္ဂိကာ ဇဋိလကာ၊ တေ အာဂတာ ဥပသမ္ပာဒေတဗ္ဗာ၊ နတေသံ ပရိဝါသော ဒါတဗ္ဗော

သစေ ဘိက္ခဝေ ဇာတိယာ သာကိယော အညတိတ္ထိယ ပုဗ္ဗော အာဂစ္ဆတိ သော အာဂတော ဥပသမ္ပာ ဒေတဗ္ဗော နတဿ ပရိ ဝါသော ဒါတဗ္ဗော၊ **ဣမာဟံ ဘိက္ခဝေ ဉာတီနံ အာဝေဏိကံ ပရိဟာရံ ဒမ္မိ**

ဝိ၊၃၊မဟာခန္ဓက ၁၁၁။

ဘိက္ခဝေ ရဟန်းတို့ အဟံ ငါဘုရားသည် ဉာတီနံ သာကီဝင် ငါ၏ လူမျိုး ဆွေတော် မျိုးတော်တို့အား အာဝေဏိကံ တခြားလူမျိုးတို့နှင့် မသက်ဆိုင်သော သီးသီးခြားခြား ကိုယ်ပိုင်ဖြစ်သော ဣမံပရိဟာရံ ဤစောင့်ရှောက်မှု ချီးမြှောက်မှု အထူးအခွင့်အရေးကို ဒမ္မိပေးအပ်၏။

ဘုရားရှင်သည် ဘုရားဖြစ်သည့်နေ့မှစ၍ ကျောသား ရင်သားခွဲခြားမှုမရှိ၊ တစိမ်းဘဲ ဆွေမျိုးဘဲ ငါ့လူမျိုးဘဲ တခြားလူမျိုးဘဲဟု အစိမ်းအကျက် ခွဲရိုး မရှိခဲ့ပေ။ သို့သော် တိတ္ထိဘောင်သို့ ရောက်သွားသူ တိတ္ထိဖြစ်ခဲ့ဘူးသူက သာသနာ့ဘောင်သို့ ဝင်ရောက်ရဟန်းပြုခွင့်တောင်းလာလျှင် ထုံးစံအတိုင်း လေးလ စမ်းသပ် ပရိဝါသ်ပေးထားရ၏။ ပြီးမှ ကျေနပ်မှ ရဟန်းပြုခွင့်ပေးရ၏။ **မီးပူဇော်သော ရသေ့နှင့်သာကီဝင်လူမျိုး တိတ္ထိဖြစ်ဖူးသူတို့ ရဟန်းပြုခွင့်ပေးပါရန် တောင်းပန်လျှင် ပရိဝါသ်မထားတော့ဘဲ တိုက်ရိုက် ရဟန်းခံခွင့်ပေးရသည်။** ရသေ့တို့မှာ ကမ္မဝါဒီကံကို ယုံကြည်သူ သမ္မာဒိဋ္ဌိ ဖြစ်၍ သာကီဝင် လူမျိုးမှာလည်း လူမျိုးစရိုက်ကပင် သီလလုံသူ၊ ကံကို ယုံသူ၊ ကမ္မဝါဒီ ကရိယ ဝါဒီ သမ္မာဒိဋ္ဌိ ဖြစ်သောကြောင့် တိုက်ရိုက် ရဟန်းခံခွင့်ပြုခြင်း ဖြစ်သည်။ သာကီဝင်လူမျိုးမှာ လူ့ဘဝစစဉ်ကပင် ၅ ပါးသီလမြဲကြရ၏။ ၅ပါးသီလ၏ အကျိုးအပြစ်ကို လက်ခံမှသာ သီလစောင့်နိုင်၏။ သီလမြဲသူသည် ကံကိုလက်ခံသူ ကမ္မဝါဒီဖြစ်၏။

ထို့ကြောင့် သာကီဝင်တို့ကို ပရိဝါသ် မပေးရတော့ပေ။ တခြား အိန္ဒိယ လူမျိုးများမှာ ဖန်ဆင်းရှင်ကို ယုံသူ နတ္ထိက အဟေတုက အကိရိယ မိစ္ဆာဒိဋ္ဌိများဖြစ်၍ ကမ္မဝါဒကိုလေ့လာနိုင်ရန် လေးလပရိဝါသ် ပေးရခြင်းဖြစ်သည်။ ဤသည်ကပင် သာကီဝင်လူမျိုးသည် အိန္ဒိယ ကုလား လူမျိုး မဟုတ်ကြောင်း သက်သေဖြစ်သည်။ မြန်မာလူမျိုးတို့သည် ကံအကြောင်း စေတနာအကြောင်းပြောလျှင် လွယ်ကူသော်လည်း နိုင်ငံခြားသားများမှာ ကံ နှင့် စေတနာ ခွဲခြားပြောလျှင် နားမလည်နိုင်အောင် ရှိတော့သည်။ မြန်မာနှင့် သာကီဝင်က လူမျိုးတစ်မျိုးတည်းဖြစ်ကြောင်း လက်တွေ့စမ်းသပ် နိုင်ခြင်းဖြစ်လေသည်။ ဗုဒ္ဓအဘိဓမ္မာနှင့် ဝိပဿနာကို ဟောသောအခါလည်း အခြားလူမျိုးများသည် မြန်မာလူမျိုးများလောက် အသိမမြန်ကြောင်း အသိမမှန်ကြောင်း ယခုထိ တွေ့နိုင်လေသည်။

## ရခိုင်သက္ကရာဇ်က ပြောသော သမိုင်းမှန်

သာကီဝင်မင်း အဘိရာဇာသည် အာရိယန်ဘုရင် ကောသလ ပဉ္စာလ ရာဇ်မင်းက သမီးကညာတောင်းလာသောအခါ မျိုးမပျက်စေရန် လူမျိုးတခြားနှင့် မျိုးမပွားစေရန် တကောင်းသို့ ပထမအကြိမ်ပြန်လာခဲ့သည်။ မြန်မာရာဇဝင်တို့မှာ အဘိရာဇာ မြန်မာပြည်သို့ ပြန်လာကြောင်း အတိအကျမှတ်တမ်းတင်ခဲ့သည်။ အိန္ဒိယသမိုင်းဆရာတို့ မှတ်တမ်းမတင်ခဲ့ပေ။ မည်သည့်ဒေသသို့ ထွက်ခွာသွားကြောင်း မရေးဘဲ ဝှေ့လည်ကြောင်ပတ်စစ်ရှုံး၍ ထွက်ပြေး ကြောင်း သမိုင်းလိမ်ခဲ့သည်။ ထိုအချိန်လောက်က ပြူလူမျိုးတို့သည် စစ်ရေး အစွမ်းထက်နေချိန်ဖြစ်သည်။ မြန်မာပြည်တွင်းမှာ မြို့ပြနိုင်ငံခပ်များများ ထူထောင်အောင်မြင်နေချိန်ဖြစ်သည်။ ထို့ကြောင့်ပင် ဟိမဝန္တာတောင်ခြေတဝိုက် သာဝတ္ထိအထိ ပြူတို့ ဩဇာခံဖြစ်ကြောင်းမှတ်တမ်းကို တရုတ် အာဖဂနစ္စတန်တို့က မှတ်တမ်းတင်သည်အထိ ထင်ရှားခဲ့သည်။ ထို့ကြောင့် အဘိရာဇာသည် စစ်ရှုံးစရာမရှိပေ။ စစ်ကူလို၍ ပြူတို့ထံ စစ်ကူတောင်းလျှင်လည်းပေးမည်မှာ သေချာပါသည်။ စစ်ရှုံး၍ တကောင်းဘက် ပြေးလာလျှင်လည်း ပြူတို့က တိုက်ထုတ်လိုက်မည်သာ ဖြစ်သည်။ အမှန်အစစ် သမိုင်းမှန်မှာ အဘိရာဇာသည် စစ်

မဖြစ်လို၍ စစ်ကိုရှောင်ကာ အမျိုးများရှိရာတကောင်းသို့ ပြန်ခဲ့ခြင်းသာ ဖြစ်သည်။

မြန်မာရာဇဝင်တို့က ရေးသော အဘိရာဇာသည် တကောင်းသို့ ရောက်သည်မှာ အမှန်ဖြစ်သည်။ **တကောင်းရောက်သောအခါ သာကီဝင် လူမျိုးမှာ မြန်မာလူမျိုးဖြစ်၍ လူမျိုးတူသဖြင့် ဝမ်းသာစွာ လက်ခံခဲ့သည်။** တကောင်းမင်းဆက်ကိုပင် တည်ထောင်ခဲ့သည်။ အဘိရာဇာ၏ သားနှစ် ယောက်တို့ ထီးနန်းလုကြရာ ကံရာဇာကြီးရှုံးသဖြင့် တောင်စဥ် ၇ ခိုင် ရခိုင် သို့ ထွက်သွားခဲ့သည်။ **ကံရာဇာကြီးမင်းသည် ဓညဝတီမင်းဆက်ကို တည် ထောင်ခဲ့သည်။**

R.L.somi က သူ၏ A cultural Study of Burmese Era စာအုပ်စာမျက်နှာ ၁ တွင် "တကောင်းဒေသတွင် ခတ္တိယ သကျသာကီဝင် တို့လာရောက်အခြေချ နေထိုင်မှုကို ခိုင်မာစေသောအချက် မှာ တကောင်းနှင့် တဆက်တည်းသာကီဝင်ကံရာဇာကြီးတို့ ရောက်ရှိမြို့ပြတည်ထောင်သော ရခိုင်တွင် ခုနှစ် သက္ကရာဇ် အသုံးအနှုန်းကို အိန္ဒိယပြည် မြန်မာပြည်မှာကဲ့ သို့ သာသနာသက္ကရာဇ်ကို မသုံးဘဲ **ဘုရားရှင်၏ ဘိုးတော် အဥ္စနမင်းကြီး၏ အဥ္စနသက္ကရာဇ်ကို ၁၃၃၂ ခုနှစ် အေဒီ ၆၄၀ အထိ ဆက်လက် သုံးစွဲနေ ခဲ့သော အချက်ပင် ဖြစ်သည်**ဟု ရေးသားခဲ့ကြောင်း မြန်မာနိုင်ငံရေး သမိုင်း ပထမတွဲ စာမျက်နှာ ၂၀၃ တွင် ထပ်ဆင့် ဖော်ပြထားသည်။

မြန်မာတို့ကလည်း ဘိုးတော် အဥ္စနသက္ကရာဇ်ကို မဟာသက္ကရာဇ်ဟု ခေါ်ဝေါ်၍ သုံးစွဲခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံချိန်တွင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကိုဖြို၍ ၁ မှစတင်ရေတွက်ပြီး **သာသနာသက္ကရာဇ် လုပ်ခဲ့၍သာ ကွာ နေခြင်းဖြစ်သည်။** အဘိရာဇာ တကောင်းသို့ ပြန်လာစဥ်အခါက သာကီဝင်တို့ သုံးစွဲနေသော ဘိုးတော် အဥ္စနဖြိုခဲ့သည့် သက္ကရာဇ်အတိုင်း တကောင်း ရောက်ချိန်မှာလည်း ဆက်လက်ရေတွက်ခဲ့ခြင်းသာဖြစ်သည်။

ရခိုင်သို့ ကံရာဇာကြီးထွက်သွားသောအခါ ဘိုးတော် အဥ္စန၏ သက္ကရာဇ်ကိုသာ မှတ်ယူသွားခဲ့သည်။ ဘိုးတော် သက္ကရာဇ် ၁၃၃၂ ခုနှစ်မှာ အေဒီ ၆၄၀ ဖြစ်သည်။ ယခု ခရစ်သက္ကရာဇ်မှာ ၂၀၁၈ ခုနှစ်ဖြစ်သည်။ ၂၀၁၈–၆၄၀=၁၃၇၈ နှစ်ဖြစ်သဖြင့် ထိုအချိန်ကရောက်နေသော ၁၃၃၂ နှင့်

ပေါင်းလျှင် ၁၃၇၈+၁၃၃၂=၂၇၁၀နှစ်ဖြစ်သည်။ ၎င်းသက္ကရာဇ်မှာ ကံရာဇာကြီး ဧည့ဝတီသို့ရောက်သော နှစ်ဖြစ်သည်။ ကံရာဇာကြီးသည် သာကီဝင် လူမျိုးဖြစ်သဖြင့် သာကီဝင်ဘိုးတော် အဥ္စနဧ၏ သက္ကရာဇ်ကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်၍ တကောင်းသို့ ပြန်ရောက်လာသော အဘိရာဇာမှာ သာကီဝင်ဖြစ်သည်။ ရှင်တော်ဗုဒ္ဓ၏ ဆွေတော်မျိုးတော် သာကီဝင်လူမျိုး ဖြစ်ကြောင်း သေချာပါသည်။ ဤသို့သော ရခိုင်သက္ကရာဇ်ကို လေ့လာပါက အဘိရာဇာသည် အာရိယန်လူမျိုး မဟုတ်ကြောင်း၊ သကျသာကီဝင်လူမျိုးဖြစ်ကြောင်း သကျလူမျိုးဖြစ်သောကြောင့်ပင် သကျလူမျိုး ဘိုးတော်အဥ္စန၏ သက္ကရာဇ်ကို ဆက်လက်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း အခိုင်လုံဆုံးသော သက်သေပင်ဖြစ်လေသည်။ မြန်မာတို့၏ မြန်မာရာဇဝင်အဆိုအမိန့်များသည် အမှန်အကန်ဖြစ်ကြောင်း လေးစားစွာ မှတ်တမ်းတင်ရပေသည်။

## အမည်မှည့်ပုံစနစ်ချင်းတူညီသည်

အမည်မှည့်ပုံသည် နှစ်မျိုးရှိသည်။ အဘအမည်ကိုထည့်၍ မှည့် သောစနစ်နှင့် လွတ်လွတ်လပ်လပ် စိတ်ကြိုက်မှည့်သောစနစ်ဟူ၍ ရှိကြသည်။ အိန္ဒိယဘုရင်စနစ်အရ ကောသလ၏ သားသည် မဟာကောသလ, ဒီဃီတိကောသလစသည်မှည့်ကြ၏။ ဇနက၏သားကို အရိဋ္ဌဇနက, ပေါလဇနက မဟာ ဇနက, စသည် မှည့်ကြသည်။ ကနေဒီ၏ သားကို အက်ဒဝပ်ကနေဒီ, ရောဘတ်ကနေဒီ, ဂျွန်အက်ဖ်ကနေဒီ, စသည် မှည့်ကြသည်။

သကျတို့၏ နာမည်မှည့်စနစ်မှာ လွတ်လပ်သည်၊ ကြိုက်ရာစိတ်ကြိုက် မှည့်ချင်ရာမှည့်နိုင်သည်။ သုဒ္ဓေါဒန၏ သားကို သိဒ္ဓတ္ထမှည့်သည်။ သိဒ္ဓတ္ထ၏သားကို ရာဟုလာ မှည့်သည်။ မိဘအမည်ထည့်၍ မှည့်စရာမလိုပေ။ မြန်မာတို့ကလည်း ဦးထွန်းဖေ၏ သားကို မောင်ကျော်ဖံ၊ မောင်ကျော်ဖံ၏သား မောင်ငွေရ စသည်ဖြင့် လွတ်လပ်စွာ မှည့်နိုင်သည်။ နာမည်မှည့်သည့် စနစ်ချင်း သာကီဝင်နှင့် မြန်မာသာ လွတ်လပ်ကြသည်။ အခြားလူမျိုးတို့ မလွတ်လပ်ကြပေ။ ဤသည်မှာလည်း သာကီဝင်နှင့် မြန်မာလူမျိုးတူဖြစ်ကြောင်း သက်သေပင်ဖြစ်သည်။

## ပါဠိသံထွက်အရသကျမြန်မာတူသည်

ပါဠိဖတ်ရာတွင် ဌာန်ကရိုဏ်းမှန်ဖို့ အရေးကြီးသည်။ ဘုရားဟော ပိဋကသုံးပုံတွင် အက္ခရာ ၃၃ လုံးရှိရာ သ–စ အက္ခရာတို့မှာ တစ်လုံးစီ ဌာန်းကရိုဏ်း သီးခြားရှိကြသည်။ သ–သည် ဌာန်အားဖြင့် သွားအခြေဒန္တဌာန်၊ ကရိုဏ်း အားဖြင့် လျှာဖျား၏ အနီး၊ ဇိဝှေါပဂ္ဂကရိုဏ်းဖြစ်သည်။ မြန်မာတို့ ရွတ်ဖတ်ပုံက ဌာန်ကရိုဏ်း မှန်ကန်ပီသ၏။ စ–သည် အခြားဌာန် ကရိုဏ်းဖြစ်သည်။ အိန္ဒိယသားတို့က သ သံနှင့် စ သံ မကွဲ။ သ သံကို စ သံဖတ်ကြ၏။ မြန်မာနှင့် သကျသည်သာ သ–စ ကွဲပြားမှန်ကန် လေသည်။ ထို့ကြောင့် မြန်မာနှင့် သကျလူမျိုးတူကြ၏။

## ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းပြု ဆရာတော်၏ အဆိုအမိန့်

ပိဋကစာပေအပြင် သက္ကတ ဟိန္ဒူ အူရ ဒူ စသော စာပေများ တတ် ကျွမ်းသည့် မော်လမြိုင်မြို့တောက်ပေါက်ကျောင်း ဆရာတော်ကြီးက "ငါတို့ မြန်မာများသည် သာကီဝင်အမျိုးအနွယ်အဆက်မှ ဆင်းသက်လာခဲ့သော လူမျိုး များ ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သော ရာဇဝင်ဆရာကြီးများ၏ ဣတိဟာသ စကားကို ယုံမှားမဖက် လေးနက်ခိုင်ခံ့စွာ ယုံကြည်မှတ်သားထိုက်ကြ ပေသည်။ မှတ်သားကြလေ ဟု ထိုကျမ်းတွင် မိန့်တော်မူခဲ့သည်။

## ဆရာတော်အရှင်ဇနကာဘိဝံသ

ရတနာ့ဂုဏ်ရည်ကျမ်းတွင် သကျလူမျိုးများမှာ ကမ္ဘာဦးက မင်းမျိုး အစဉ်အဆက်မှ ဆင်းသက်လာခဲ့သော သာကီဝင်မင်းမျိုးဖြစ်၍ အမျိုးအား ဖြင့် အမြတ်ဆုံးဟု ထင်ရှားကျော်စော၏။ မြန်မာများကလည်း ထိုသာကီဝင် မင်းမျိုးနှင့် အဆက်အနွယ်တူသည်ဟု ရာဇဝင်က ယူရုံသာမက လူပုံပန်းနှင့် အချို့စကားလုံးများ ခပ်ဆင်ဆင်ဖြစ်ပုံကို ထောက်၍ ယုံမှားမရှိသင့်။

## ဂေါတမပူရာဇာကျမ်း

ပဗောဓစန္ဒြောဒယ မည်သောဂေါတမပူရာဇာကျမ်း၌ အဘိရာဇာနှင့် ဓဇရာဇာတို့ သင်္ကာဿရဋ္ဌနှင့် ပဉ္စာလရာဇ်အမည်များဖြင့် ယခု တကောင်းတွင် မြို့ပြနိုင်ငံ တည်ထောင်ခဲ့ကြသည် ဟု ရေးထား၏။

## သီရိစတုရင်္ဂဗလဦးဘော၏ ရာဇဝံသင်္ဂဟကျိဳပဒတ္ထဘာဝနီကျမ်း

မြန်မာပြည်နှင့်စပ်သော အတ္ထုပ္ပတ္တိစာတမ်း၊ ကျမ်းဂန်များကို မိမိကိုယ်တိုင် သက်ဆိုင်ရာ ဘာသန္တရနှင့် မဖတ်ဘူးသောကြောင့် ရှေးဟောင်း မြန်မာရာဇဝင်များကို ဒဏ္ဍာရီယုံတမ်းစကားများဖြစ်သည် ဟူသော ယူဆမှုသည် အမျိုး၏ ဇာတိမာန်ကို အမြစ်က နှုတ်ပယ်လှန်ပစ်ခြင်းဖြစ်သည်ဟု မြန်မာပညာရှိ အချို့က အပြစ်ဆိုခဲ့ကြသည်။

## သာကီဝင်တို့သာ မဇ္ဈိမဒေသသားများဖြစ်လျှင်

အိန္ဒိယစာပေ သက္ကတစာပေနှင့် ရှေးဟောင်းအယူအဆဟောင်းတို့တွင် သာကီဝင်များကို အိန္ဒိယသားတို့ဟူ၍ အချက်အလက်များစွာ ကိုးကား၍ ရေးသားခဲ့ကြ၏။ ယခုတိုင် အိန္ဒိယ ပညာသင်တို့ကိုထိုအတိုင်း သင်ပေးကြ၏။ သာကီဝင်တို့သာ မဇ္ဈိမဒေသသားများဖြစ်ကြလျှင် ဝိဋူဍဘ ပြဿနာ ပေါ်စရာမရှိပေ။ အဘိရာဇာသည်ပင်လျှင် တကောင်းသို့ စစ်ရှုံး၍ ပြန်လာစရာမရှိပေ။ အသမ္ဘိန္နမှုအရ လူမျိုးကွဲဟုဆိုစရာမရှိပေ။ ဘုရားရှင်ကလည်း သီးခြားအခွင့်ထူး ပေးစရာမလိုပေ။ သဘာဝကျကျ ရှေ့နောက်ဆက်စပ်သုံးသပ်ပြီး ပရိုင်းမိတ်တွေ့ရှိမှုများနှင့် ဆက်စပ်တင်ပြထားသော ယခုအယူအဆသည်သာ ဘုရားအမျိုးနှင့် ပတ်သက်၍ အမှန်တရား ဖြစ်ပါသည်။

## ပါဠိစာပေနှင့် ဗုဒ္ဓယဉ်ကျေးမှုများ

ယနေ့ကာလထိ မြန်မာတို့သုံးနေသော မြန်မာစကားထဲတွင် သက္ကတစာပေ ရှားပါသည်။ ပါဠိသာများပါသည်။ ထိုပါဠိအသုံးများနှင့် ဗုဒ္ဓ

ဘာသာ ယဉ်ကျေးမှု ခလေ့ထုံးစံများသည် ယခုအခါ မြန်မာလူမျိုးတို့၏ အမျိုးသားယဉ်ကျေးမှု မဏ္ဍိုင်ကြီးဖြစ်နေပါသည်။ အကယ်၍ သာကီဝင် လူမျိုးသည် အိန္ဒိယလူမျိုးဖြစ်ပါက မြန်မာနိုင်ငံတွင် အိန္ဒိယယဉ်ကျေး မှုတို့ လွှမ်းမိုးနေမည် ဖြစ်ပါသည်။ အမွေဆက်ခံခွင့် အိမ်ထောင်ရေး ဓလေ့ထုံးစံ စသော အိန္ဒိယ၏ အဓိကလူမှုရေး ယဉ်ကျေးမှုများ မြန်မာ တွင် မရှိသဖြင့် သာကီဝင်တို့သည် မြန်မာလူမျိုးများဖြစ်ကြောင်း သေချာ စွာ ပြောနိုင်ပါသည်။ အိန္ဒိယလူမျိုးသာ ဖြစ် ပါက ပါဠိစကားလုံးများနည်း၍ သက္ကတ စကားလုံးများ လွှမ်းမိုးနေပါမည်။ ဗုဒ္ဓဘာသာရောက်မှ မြန်မာ့ ယဉ်ကျေးမှု ထွန်းတောက်လာခဲ့ခြင်းသာ ဖြစ်ပါသည်။

## လက်ရှိအချိန်ထိ နေဝါရီနှင့် မြန်မာတူညီကြသည်

သာကီဝင်တို့၏ သကျနိုင်ငံသည် သာကီဝင်တို့ စွန့်ခွာခဲ့ပြီးနောက် ယခု နီပေါနိုင်ငံဖြစ်နေသည်။ နေပါလီနှင့် နေဝါရီ၊ ဂေါရခါး၊ လားမား၊ တန်းမန်း၊ ဂုရုံး ရှာရပါး မဂေါ့ ရိုက်လင်းဘို့ စသည်ဖြင့် လူမျိုးစု များနေကြသည်။ နေဝါရီတို့မှာ သာကီဝင်လူမျိုးများဖြစ်၏။ နေဝါရီတို့ သည် မြန်မာတို့နှင့် ရုပ်ရည်တူကြ၏။ မဟာစည်ဆရာတော်ကဌမဏ္ဍူမြို့သို့ ကြွရောက်စဉ် ဒုလ္လဘရဟန်းခံ ပွဲပြုလုပ်သည်။ မြန်မာ ၄ ပါး ၊ နေဝါရီ ၄ ပါး သင်္ကန်းဝတ်ကြသည်။ နေဝါရီ အမျိုးသမီးတို့ မြန်မာဝတ်စုံ ဝတ်ဆင်လိုက်ရာ လုံးဝမြန်မာအမျိုးသမီးများ ဖြစ်သွားသည်။ နေဝါရီသကျတို့နှင့် ယခုအချိန်ထိ မြန်မာတို့နှင့် လုံးဝရုပ်ရည်တူကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ လောက်ကမှ မြန်မာသကျတို့ လုံးဝ ရုပ်ရည်တူကြမည်မှာ မုချဖြစ်သည်။

မြန်မာနှင့် သကျတို့ အသံလည်းတူသည်။ စကားပြောရာ၌ မေးခွန်း ကို မေးရာ၌ ရှိသလား ကို ဒုလား၊ သိသလားကို ရှုလား၊ ကောင်းသလားကို ဂျူလား စသည် မေးကြရာ မေးခွန်းအဆုံး၌ လား ထားပုံတူညီကြ၏။ ငြင်းဆိုပဋိသေဓစကားကို မြန်မာတို့က မ-ကို ရှေ့က ထားသုံးသလို မဟုတ်ဘူးကို မခု၊ မရှိဘူးကို မဒု၊ မသိဘူးကို မရှု၊ မကောင်းဘူးကို မဂျူ စသည်ဖြင့် သုံးစွဲပုံတူကြောင်း တွေ့ရသည်။ စကားလုံး

**တူညီမှု၊ ဝါကျတည်ဆောက်မှုတို့ ယခုချိန်ထိ တူညီနေသည်မှာ လွန်ခဲ့သော နှစ် ၃၀၀၀လောက်ကရောက်ခဲ့သော သကျတို့မှာ မြန်မာလူမျိုးတို့ဖြစ်ကြောင်း သက်သေဖြစ်သည်။**

မြန်မာ့အသံကို သကျနှင့် မြန်မာတို့သာ ပီသအောင် ဆိုနိုင်ကြသည်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် နိုင်ငံခြားသားများကို မြန်မာစာသင်ပေးရာ မြန်မာအက္ခရာ က ခ ဂ ဃ င ကို မြန်မာလို အတိုကောက် က ခ ဂ ဃ င ချပေးပြီးလိုက်ဆိုခိုင်းသည်။ နိုင်ငံခြားသားတို့လည်း လိုက်ဆိုနိုင်သည်။ စ ဆ ဇ ဈ ည ကို အတိုကောက်ချပေးရာ သူတို့က ဂျ ဂျ ဂျ န န ဟု ဆိုသည်။ မြန်မာသံ မထွက်နိုင်ပေ။ သ ကို စသံထွက်၍ စ ကို ဂျ သံ ဟု ထွက်သည်။ **မြန်မာသံစစ်စစ်ကိုသကျနှင့် မြန်မာသာ ရွတ်နိုင်သည်။** လျှာထား အာထား မတူညီကြပေ။ သို့ဖြစ်၍ မြန်မာသည် သကျ– သကျသည် မြန်မာသေချာလှပါသည်။ အခြားအချက်အလက်များစွာ သက်သေပြရန်ရှိသေးသော် လည်း ဤမျှဆိုလျှင် လုံလောက်လေပြီ။ သာကီဝင်တို့ကား မြန်မာတို့သာ ဖြစ်လေသည်။ သံသယရှိစရာ မလိုပေ။ ဆက်လက်လေ့လာလိုပါလျှင် ဗုဒ္ဓနှင့် မြန်မာလူမျိုး စာအုပ်တွင် ရှုပါ။ အခြားအကြောင်းအရာများကိုလည်း ထိုစာအုပ်တွင်ပါပြီးဖြစ်၍ ဤ၌ ထပ်မံ မရေးတော့ပါ။

## လူမှန် ပုဂ္ဂိုလ်မှန် ကိုးကွယ်တတ်ကြပါစေ

သာကီဝင်ဗုဒ္ဓနှင့် သာကီဝင်မင်းမျိုးတို့သည် ဒီပင်္ကရာမြတ်ဘုရား၏ ထံတော်ပါးမှ နိယတဗျာဒိတ်ရခဲ့သည့် ပရမသေဋ္ဌကုလ အမြတ်ဆုံးငါးပါးသီလနှင့် ပြည့်စုံသည့် ပါရမီရှင်လူမျိုးဖြစ်ပါသည်။ ဒွိပဒုတ္တမ လူနတ် ဗြဟ္မာအားလုံးတို့တွင် ဗုဒ္ဓသည် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။ သာကီဝင် မြတ်ဗုဒ္ဓ၏ လူမျိုးသမိုင်းသည် လွန်စွာ အလေးအမြတ်ထားရမည့်သမိုင်းဖြစ်ပါသည်။ မိစ္ဆာလူသား လူမျိုးခြားတို့၏ မဟုတ်မတရား လုပ်ကြံရေးသားမှုများကြောင့် အမှန်တရားနှင့် ဝေးကွာသွားပါသည်။ ကြောင်းကျိုးဆက်စပ် မှန်ကန်မှု မရှိသော ဘာသာခြား လူမျိုးခြားတို့၏ အမှားစာကြောင့် ဆက်လက်မှားနေကြလျှင် လူသားတို့၏ အသိလွဲ အမှတ်လွဲ အယူလွဲပြီး အပါယ်ငရဲသို့ ရောက်ကြရပါ

လိမ့်မည်။ ကြောင်းကျိုးဆက်စပ်သုံးသပ်၍ ဓမ္မသဘာဝနှင့် လျော်ညီအောင် စာပေစုံတို့ဖြင့် ညှိနှိုင်းယှဉ်စပ်၍ ဤစာအုပ်ကို ကြိုးစားတင်ပြထားပါသည်။ လေးလေးနက်နက် စဉ်းစား၍ ဘုရားစစ် ဘုရားမှန်ကို ကိုးကွယ်နိုင်ကြပါစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဆုတောင်းမင်္ဂလာနိဂုံး ပတ္ထနာ

၁။ ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော
ဝေမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ
၂။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ ပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ
၃။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု၊
၄။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏေ
၅။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓ သာသနေ
အရောဂါ သုခိတာဟောထ၊ သဟသဗ္ဗေဟိ ဉာတိဘိ၊
၆။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယောစာမနောပေါ သကုဏဿသဒ္ဒေါ
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါ (ဓမ္မာသံဃာ)၊
နုဘာဝေန ဝိနာသမေန္တု
၇။ ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပတ္တာစ နိဗ္ဘယာ
သောကပ္ပတ္တာစ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော

စိရံတိဋ္ဌတုသဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ
သဗ္ဗေပိ သတ္တာကာလေန၊ သမ္မာဒေဝေါ ပဝဿတု

# စာရေးသူ၏ ကိုယ်ရေးအကျဉ်းချုပ်

စာရေးသူကို ၁၃၀၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ နံနက် ၈ နာရီ၊ သောကြာနေ့၌ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၊ ဝက်ကြီးကျင်းရွာ၊ ခမည်းတော် ဦးလှတင်၊ မယ်တော် ဒေါ်စော ညွန့်တို့မှ မွေးဖွားခဲ့သည်။ မိသားစု ၅ ယောက်တွင် အငယ်ဆုံးသား ဖြစ်သည်။ ရွာဦးကျောင်း သိမ်ကုန်းဆရာတော် ဦးဝိဇယထံတွင် အငယ်ဆုံးသား ဖြစ်သည်။ ရွာဦးကျောင်း၊ သိမ်ကုန်းဆရာတော် ဦးဝိဇယထံတွင် အခြေခံ စာပေများ သင်ခဲ့သည်။ အသက် ၁၀ နှစ်တွင် ရှင်သာမဏေ ဝတ်ခဲ့သည်။ အသက် ၁၃ နှစ်တွင် မြောင်းမြမြို့ ပဏ္ဍောတာရုံ ပါဠိတက္ကသိုလ် ကျောင်း တိုက်သို့ စာသင်ရောက်ခဲ့သည်။ အစိုးရ ပါဠိ ပဌမပြန် ငယ် လတ် ကြီး စာမေးပွဲများကို ပါဠိဘာသာဖြင့် အောင်မြင်ခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ ကို ရရှိခဲ့သည်။

၁၉၇၃ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်မှ ပထဝီဝင် အဓိက ဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အထက်တန်း ရှေ့နေ စာမေးပွဲအောင်မြင်ခဲ့သည်။ ဧရာဝတီတိုင်းတွင် ဥပဒေ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ငရုတ်ကောင်းမြို့ အထကတွင် နဝမတန်း ဒသမတန်း ကျောင်းသားများအား အင်္ဂလိပ်စာ ပထဝီ သမိုင်း မြန်မာစာတို့ကို သင်ကြား ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် နိုင်ငံခြားများအား ထေရဝါဒ အထူးသင် တန်း သင်ကြားပို့ချခဲ့သည်။

ယခုအခါ သာသနာရေးဝန်ကြီးဌာန သာထွန်းပြန့်ဦးစီးဌာနတွင် သာသနာရေးရာ ပညာရှင် ပိဋကတော် အင်္ဂလိပ်ဘာသာပြန်ဆိုရေးအဖွဲ့ဝင် အယ်ဒီတာ အဖြစ် ဆောင်ရွက်လျက်ရှိသည်။

## မှီးငြမ်းကိုးကား စာအုပ်များစာရင်း


| | |
|---|---|
| ပါရာဇိက ပါဠိ အဋ္ဌကထာ | ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက် ၁၉၆၀ |
| မဟာဝဂ္ဂ ပါဠိ အဋ္ဌကထာ | ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက် ၁၉၆၀ |
| သီလက္ခန္ဓဝဂ္ဂ ပါဠိ အဋ္ဌကထာ | |
| မဟာဝဂ္ဂပါဠိ၊ ဒီဃနိကာယ အဋ္ဌကထာ | |
| ဇာတက အဋ္ဌကထာများ | |
| ဓမ္မပဒ အဋ္ဌကထာ ပ–ဒု | |
| သုတ္တနိပါတ အဋ္ဌကထာ | |
| ဥဒါနပါဠိ အဋ္ဌကထာ | |
| Nyi Nyi, Prof; | Bronze Age of Burma |
| Taw Sein Ko | Burmese Sketches |
| သန်းထွန်း ဒေါက်တာ | မြန်မာရာဇဝင်စာတမ်း အမှတ် ၁ |
| ကုလား၊ ဦး | မဟာရာဇဝင်တော်ကြီး |
| ဉာဏ၊ ဦး | ဧည့ဝတီရာဇဝင်သစ် |
| သံဝရာဘိဝံသ၊အရှင် | ဗုဒ္ဓနိုင်ငံတော် ပ–ဒု–တ |
| မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ | အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း ပ–ဒု |
| ချစ်စံဝင်း | ပျူ |
| ပန်းမျိုးတစ်ရာစာပေ ၂၀၁၁ | |
| မြန်မာ့စွယ်စုံကျမ်းအတွဲ ၇ | ရှေးခေတ်မြန်မာနိုင်ငံ၏ ကြီးကျယ် |
| ရန်ကုန် မြန်မာနိုင်ငံ ဘာသာပြန် | ကြီးကျယ်ထင်ရှားသောလူမျိုး |
| စာပေအသင်း ၁၉၆၃ | |

## စာအုပ်အလှူရှင်များစာရင်း

**ပထမအကြိမ်အလှူရှင်များ**

၁။ ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင်း၊ မှော်ဘီမြို့နယ်၊ လှော်ကားဥယျာဉ်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သက်လွတ်မေတ္တာရိပ်သာကြီး၏ ကျေးဇူးတော်ရှင် ဩဝါဒါစရိယခန္တီး ဆရာတော်ဘုရားကြီး "အရှင်ဂန္ဓသာရ" အားရည်စူး၍ ဦးအောင်ကြည်၊ ဒေါ်ခင်စန်း၊ သား၊ သမီး၊ မြေး မအိန္ဒြာမြတ်နိုးကို၊ မခင်မြတ်မြတ်စံ၊ မောင်မင်းစစ်ပိုင်၊ ဓနမြေကမ္ဗဏီ မိသားစု ကောင်းမှု။

ကျပ်(၃၅ )သိန်း